
http://www.cherrythitsar.org



http://www.cherrythitsar.org

# စာအုပ်အမှတ် ( ၁၄၅)

Quality Publishing House

အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၇၀၆၄၁၀၄၊ ၇၂၁၀၀၆၇၊ ၂၈၂၆၀၄။

**ဒို့တာဝန်အရေးသုံးပါး**

* ပြည်ထောင်စု မပြိုကွဲရေး — **ဒို့အရေး**
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — **ဒို့အရေး**
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — **ဒို့အရေး**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော
* နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

# လူသစ်ပင်

နှင့်

## ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုများ

ဆုန်ရှေမျှား

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် – ၈၇၇/၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်– ၉၅၂/၂၀၀၃ (၈)

## ပုံနှိပ်ခြင်း

ပထမအကြိမ် – (၂၀၀၃၊ စက်တင်ဘာလ)
အုပ်ရေ – (၅၀၀)

မျက်နှာဖုံး – ကိုဆန်း
ကွန်ပျူတာစာစီ – Quality
အတွင်းဖလင် – Quality

## ပုံနှိပ်သူ

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

## ထုတ်ဝေသူ

ဦးမြင့်ထွန်း၊ ယာယီ (၇၁၆)
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၉၀၀ ကျပ်

http://www.cherrythitsar.org

# မာတိကာ

| | | |
|---|---|---|
| ၁ ။ | လူသစ်ပင် | ၁ |
| ၂ ။ | ကျားသစ်မေတ္တာ | ၂၂ |
| ၃ ။ | မိကျောင်းသက်သေ | ၄၃ |
| ၄ ။ | ဗွီရောင်ခြည် | ၅၇ |
| ၅ ။ | ၁၂ နာရီ | ၈၃ |
| ၆ ။ | အနာဂတ်ယာဉ် ခရီးသည် | ၁၀၄ |
| ၇ ။ | ပုစွန်လုံးကို ရှုံမှုန်းသူ | ၁၁၈ |
| ၈ ။ | ဆင်သက်သေ | ၁၄၁ |
| ၉ ။ | ကြွက်ခေါင်းဖြူ | ၁၅၈ |
| ၁၀ ။ | ထန်းသီးကြွေခိုက် | ၁၇၁ |
| ၁၁ ။ | အတိတ်၏ပွဲတင်သံ | ၁၉၁ |

# လှသမိပင်

ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ ခြောက်နှစ်လောက်က ကျွန်ုပ်သည် ဝါးနက်ချောင်းဘူတာတွင် ခြံတစ်ခြံ ဝယ်၍ နှစ်ထပ်အိမ်တစ်လုံးဆောက်ကာ အောက်ထပ်ကို ကျွန်ုပ်၏ ဆေးခန်းဖွင့်လှစ်ထား၏။ အစိုးရအလုပ်မှ လုပ်သက်မစေ့မီ ငါးနှစ်ခန့်စော၍ အငြိမ်းစားယူခဲ့ပြီးနောက် ဇနီးဖြစ်သူ၏ မွေးဖွားရာဖြစ်သော နေရာသို့လာရောက်ပြီးလျှင် အလုပ်ရှိသည်ဆိုရုံမျှ ဆေးခန်း ဖွင့်လှစ်ထားခြင်း ဖြစ်၏။ ကျွန်ုပ်၏ ဆေးခန်းကလေးမှာ ဆေးဝါးမစုံလင်လှသော်လည်း ကျွန်ုပ်မှာ ရှာခံဆရာဝန်ဖြစ် သဖြင့် တစ်ကြောင်း၊ အခြားဆေးတိုက်ဟူ၍လည်း လူမျိုးခြားကုလားဆေးတိုက် တစ်တိုက်သာရှိသဖြင့် တစ်ကြောင်း အတော်အတန် ငွေဝင်လမ်းဖြောင့်ကာ အေးချမ်းစွာနေထိုင်နိုင်ခဲ့လေသည်။

ကျွန်ုပ်၏ခြံမှာ အလျားပေ ၁၅၀၊ အနံပေ ၁၀၀ ရှိသဖြင့် အတော်အတန်ကျယ်ဝန်းသော ခြံတစ်ခြံ ဖြစ်ရာ ကျွန်ုပ်၏ဇနီးသည်ကလည်း ပန်းမန်စိုက်ပျိုးရန် ဝါသနာပါသည့်အလျောက် ခြံအတွင်းတွင် တစ်ကြိမ်က ပန်းမျိုးစုံဖြင့် ပြည့်လျက် အလွန်သာယာလှပစွာ ရှိနေခဲ့၏။ သို့သော် ဇနီးဖြစ်သူ ကွယ်လွန်ခဲ့သည်မှာ နှစ်နှစ်ကျော်ကျော်မျှ ကြာရှိခဲ့ပြီဖြစ်၍ ခြံတစ်ခြံလုံးမှာ ပြုပြင်ခြင်းကင်းမဲ့လျက် သွေ့ခြောက်စွာ ရှိနေ၏။ သရက်၊ ဩဇာ၊ မာလကာ၊ ငှက်ပျော၊ ပိန္နဲ စသော သစ်ပင်တို့မှာလည်း အသီးသီးသည်ဆိုရုံမျှသာ သီးလျက် နှင်းဆီပင်များသည်လည်း ဆူးချုံ ဖြစ်၍နေတော့၏။ ဒေလီယာ၊ ပေါ်ပီ၊ ပန်စီ၊ ဇင်နီယာ၊ ဟောလီးတွတ်၊ စွိပီး စသော နှစ်စဉ်ရာသီလိုက် စိုက်ရသည့် ပန်းမျိုးများမှာမူ

http://www.cherrythitsar.org



ကား မျိုးပြုတ်လျက်ရှိနေချေပြီ။ ပန်းအိုးတို့မှာ ဖရိုဖရဲကွဲရှလျက် မြေကြီးပင် စိုပြည်ခြင်းမရှိတော့ဘဲ ခြောက်ကပ်လျက် ရှိနေတော့၏။ ဤသို့ဖြင့် ကျွန်ုပ်၏ ဇနီးရှိစဉ်က သီးပင်ပွင့်ပင်တို့ဖြင့် ဝေဝေဆာဆာ လှပစွာ ရှိနေခဲ့သော ခြံကြီးမှာ ယခုအခါ၌မူ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ပြည့်လျက်ရှိသော တောတစ်ခုကဲ့သို့ ရှိနေလေသည်။ ကျွန်ုပ်ကိုယ်တိုင်မှာ သစ်ပင်ပန်းပင်စိုက်ပျိုးရန် များစွာ ဝါသနာ မပါလှဘဲ ရှိခဲ့ရာ ဇနီးသည် သေဆုံးသွားသည့်အခါ၌မူ ယခင်ထက်ပို၍ ပျင်းရိပြီးလျှင် ခြံကိုပြန်စောင်းမှပင် လှည့်၍မကြည့်ဘဲ ရှိခဲ့လေသည်။

တစ်နေ့တွင် ဒေါ်သန့်ဇင်ဆိုသူ အဒေါ်ကြီးတစ်ယောက်သည် ငှက်ဖျားရောဂါစွဲကပ်နေသော သူ၏မြေးမကလေး တစ်ယောက်ကို ခေါ်၍ ကျွန်ုပ်၏ ဆေးတိုက်သို့ ရောက်လာပြီးလျှင် မြေးမကလေး၏ အဖျားရောဂါကို ကြည့်ရှုပေးပါမည့် အကြောင်းဖြင့်ပြောရာ ကျွန်ုပ်လည်း မိန်းကလေးအား ဆေးထိုးပြီးနောက် စားဆေးများကိုလည်း အညွှန်းနှင့်တကွ ပေးလေ၏။ ဒေါ်သန့်ဇင်မှာ ရန်ကုန်တွင် ကျွန်ုပ်အလုပ် လုပ်လျက်ရှိစဉ်က အင်းလျားလမ်းရှိ အင်္ဂလိပ်အရာရှိကြီးတစ်ဦး၏ အိမ်တွင် နှစ်ပေါင်းများစွာ ထမင်းချက်အလုပ်ကို လုပ်ခဲ့ဖူးသူဖြစ်၏။ ကျွန်ုပ်ဇနီးရှိစဉ်က တစ်ရွာတည်း နေထိုင်ခဲ့ဖူးသူများ ဖြစ်သည့်အတိုင်း အတော်ပင် ခင်မင်ရင်းနှီးပြီးလျှင် အိမ်သို့မကြာခဏ အလည်အပတ် လာရောက်တတ်၏။ ဒေါ်သန့်ဇင်သည် ဧည့်ခန်းတွင်ထိုင်ကာ ကျွန်ုပ်နှင့် စကားပြောလျက်ရှိရာမှ ပြတင်းပေါက်အပြင်သို့ လှမ်းကြည့်ကာ –

"ဩော် . . ဒါထက် ဦးပန်းမောင်၊ ခြံထဲမှာလည်း မခင်ရီ ရှိတုန်းကလို ပန်းတွေ မန်တွေ လှလှပပ မရှိတော့ဘူးနော် . . သိပ်ခြောက်သွေ့နေတာပဲ"

"ဟုတ်တယ် ဒေါ်သန့်ဇင် ... သူကတော့ အင်မတန် ပန်းကြိုက်တယ် မဟုတ်လား။ ဒီတော့ မာလီကုလားတွေ ဘာတွေငှား သူကိုယ်တိုင်တူးဆွပြီး တစ်နေ့တစ်နေ့ ဒါနဲ့ပဲ အချိန်ကုန်နေတာပဲ။ အခု သူ မရှိတော့ ကျွန်တော်ကလည်း နဂိုကတည်းက သိပ်ဝါသနာမပါတဲ့အထဲမှာ ခြံထဲဆင်းရင်း သူ့မျက်နှာမြင်ရင်း၊ ပန်းပင်တွေကြည့်ရင်း သူ့ကို သတိရရင်း ဖြစ်လေတော့ ကျွန်တော်လည်း ပြန်မကြည့်တော့ဘူး။ တစ်ခါတည်း ပစ်ထားလိုက်တော့တာပဲ"

"ဒီလိုနေလို့လည်း ဘယ်ဖြစ်ဦးမလဲ ဦးပန်းမောင် . . ခြံဆိုတာ အိမ်ရဲ့ ကျက်သရေပဲ မဟုတ်လား . . မာလီကောင်းကောင်း တစ်ယောက်ငှားထားပြီး နှင်းဆီတို့၊ စံပယ်တို့၊ ဒေလီယာတို့၊ သစ္စာပန်းတို့ အမျိုးစုံအောင် စိုက်ထားရင် အိမ်လည်း လှသေးတယ်။ ပိုက်ဆံလည်း ရသေးတယ်။ မာလီခတော့ အေးအေးဆေးဆေး ကျေတာပေါ့"

http://www.cherrythitsar.org



"ဟုတ်တော့ ဟုတ်ပါတယ် . . နို့ပေမဲ့ ကျွန်တော်လည်း ဒီဟာတွေ ဂရုမစိုက်နိုင်ပါဘူး ဒေါ်သန့်ဇင်ရယ်၊ အရင်တစ်ခါ ငှားဖူးတဲ့ မာလီလည်း ဘယ်ရောက်သွားလဲ မသိပါဘူး . . ဒီကုလားကြီး ဒီရွာမှာတောင် မမြင်တော့ဘူး"

"မာလီလိုချင်ရင် ကျွန်မရှာပေးပါ့မယ် ဦးပန်းမောင်၊ ကျွန်မနဲ့ အသိ မာလီလုပ်တတ်တဲ့ လူကြီးတစ်ယောက်ရှိပါတယ်။ ကျွန်မ ရန်ကုန်က ဘိုအိမ်မှာ နေတုန်းကတည်းက ဒီလူကြီးဟာ အဲဒီအိမ်မှာ မာလီလုပ်နေတယ်။ သဘော သကာယလည်း ကောင်းတယ်။ စိုက်တဲ့ပျိုးတဲ့နေရာမှာလည်း အင်မတန် လက်ဆိပ်ခြေဆိပ် ကောင်းတဲ့လူတစ်ယောက်၊ ဘယ်လို ပန်းပင်မျိုးမဆို၊ ဘယ်လို သစ်ပင်မျိုးမဆို သူစိုက်ရင် ရှင်တာချည်းပဲ၊ အသီးဆိုရင်လည်း ဒို့ပြင်ခြံထဲက အသီးထက်ကြီးတယ်။ အပွင့်ဆိုရင်လည်း သူများထက်လှတယ်။ သူများခြံက ၄ လက်မ နှင်းဆီကို သူက ၅ လက်မ ၆ လက်မ ဖြစ်အောင် စိုက်နိုင်တယ်။ ဒီလောက် လက်ဆိပ်ပြင်းတဲ့ လူတစ်ယောက်ပါပဲ၊ ဦးပန်းမောင်ရယ် . . ကျွန်မ ကြွား မပြောပါဘူး"

"သူက မြန်မာပေါ့ . . ဟုတ်လား"

"ဟုတ်တယ် ဦးပန်းမောင်၊ ဒီလူကြီးက ထားဝယ်သား၊ နာမည်က ဦးမှတ်ကြီးတဲ့"

"ဒါထက် ခင်ဗျားလူက ဘယ်မှာလဲ ဒေါ်သန့်ဇင်ရဲ့ . . ဘယ်မှာ သွားခေါ်ရမှာလဲ"

"ကျွန်မ သိပါတယ် ဦးပန်းမောင်၊ ကျွန်မ ခေါ်ပေးပါ့မယ်"

"လခကကော"

"ဘိုအိမ်မှာတုန်းကတော့ တစ်လ ၅၀ ကျပ် ရတာပဲ၊ အခုတော့ တောအနေအထားနဲ့ဆိုရင် တောအနေအထားနဲ့ ကြည့်ပေးပေါ့ ၃၀–၃၅ ကျပ် လောက်ဆိုရင် လုပ်ပါလိမ့်မယ်"

"ကဲ . . ဒါဖြင့် မှာလိုက်ပါလေ၊ ဒီလောက်နဲ့ဆိုရင် ကျွန်တော် ယူပါ့မယ်၊ ကျွန်တော့်စိတ်က ခြံကြီးကို ရှင်းရရင် တော်ပါပြီ"

"ရှင်းရုံတင်မကပါဘူး ဦးပန်းမောင်၊ တကယ်လှလာအောင် လုပ်တတ်တဲ့ လူကြီးပါ"

သို့နှင့် ကျွန်ုပ်သည် ဒေါ်သန့်ဇင်နှင့် စကားစပ်မိသည့်အတိုင်း ၎င်း၏တိုက်တွန်းချက်အရ မာလီတစ်ယောက် ငှားရမ်းရန် သဘောတူလိုက်လေသည်။

*

http://www.cherrythitsar.org



တစ်ပတ်ခန့်အကြာတွင် ဒေါ်သန့်ဇင်သည် မာလီလုပ်မည့်သူ ဦးမှတ်ကြီး ဆိုသူအား ကျွန်ုပ်ထံခေါ်လာ၏။ ဦးမှတ်ကြီးမှာ အသက် ၅၀ ကျော်ခန့်ရှိပြီဖြစ်၍ ကိုယ်လုံးကိုယ်ပေါက် ထွားကြိုင်းသန်မာပြီးလျှင် ဖျတ်လတ်သွက်လက်သော အမူအရာရှိ၏။ မြန်မာလူမျိုးပင် ဖြစ်သော်လည်း စကားနည်းငယ်ဝဲပြီးလျှင် ရိုးဖြောင့်တည်ကြည်ဟန်ရှိသော မျက်နှာလည်း ရှိလေသည်။ အိမ်ထောင်ရှိမရှိ မေးသောအခါ အိမ်ထောင်မရှိဘဲ တစ်ယောက်တည်း နေထိုင်သူဖြစ်ကြောင်း သိရ၏။ သို့နှင့် ကျွန်ုပ်လည်း ဒေါ်သန့်ဇင်၏ ထောက်ခံချက်အတိုင်း များစွာ ဈေးမဆစ်ဘဲ တစ်လလျှင် ၃၅ ကျပ်နှင့် ဈေးတည့်ကြလေသည်။

(ကျွန်ုပ်) "သြော် ... ဒါထက် ဦးမှတ်ကြီး၊ ဒီအလုပ်လုပ်တာ အတော်ကြာပြီ ပြောတယ်"

(မှတ်) "အနှစ်အစိတ်လောက်ရှိပါပြီ ဆရာ"

"ဇာတိက ဘယ်ကလဲ"

"ကျွန်တော် ထားဝယ်ကပါ ဆရာ . . ငယ်ငယ်ကတော့ လှေကြုံလိုက်တဲ့အလုပ်တွေ၊ ငါးဖမ်းတဲ့အလုပ်တွေ ကျွန်တော် လုပ်ခဲ့ပါတယ်။ ဒါနဲ့နောက်တော့ ငါးဖမ်းလှေတစ်စင်းနဲ့ ပြန်အလာမှာ လှေပျက်တဲ့ အချိန်ကစပြီး ဒီအလုပ်ဟာ ဘုရားလည်း မကြိုက်ဘူး၊ ဘေးအန္တရာယ်လည်း အင်မတန်များတယ်ဆိုပြီး ဒီကတည်းက သက်သက်သာသာနဲ့ စားဖို့ သောက်ဖို့လောက်ရတဲ့ အလုပ်တစ်ခုရရင် တော်ပြီဆိုပြီး ဆရာဘုန်းကြီးနဲ့ ရန်ကုန်လိုက်လာခဲ့တာ၊ ဘုန်းကြီးက သူနဲ့သိတဲ့ အစိုးရ လခစား အိမ်တစ်အိမ်မှာ တောက်တိုမည်ရလုပ်ဖို့ အလုပ်သွင်းပေးခဲ့ပါတယ် ဆရာ၊ အဲဒီလို နေရာကစပြီး ခြံထဲမှာ စိုက်ထားတဲ့ သစ်ပင်ပန်းပင်ကလေးတွေကို စိုက်ရပျိုးရာကစပြီး ဥယျာဉ်မှူးဖြစ်မှန်းမသိ ဖြစ်လာတော့တာပါပဲ"

"အေးလေ . . ဘာပဲဖြစ်ဖြစ် ကျုပ်ခြံကြီးရှုပ်နေတာသာ ရှင်းလင်းအောင်လုပ်ပြီး ပန်းပင်ကလေးဘာလေးစိုက်ပေါ့ဗျာ။ ကျုပ်က အလှအပတော့ သိပ်မကြိုက်လှပါဘူး၊ နို့ပေမဲ့ သပ်သပ်ရပ်ရပ် ရှိတာတော့ ကြိုက်တာပေါ့။ ဒါ့ထက် နေဖို့ထိုင်ဖို့ကော ဘယ်လိုစီမံမလဲ။ ကျုပ်က တစ်ယောက်တည်း နေတဲ့လူ၊ အိမ်မှာ တူမလေးတစ်ယောက်က ချက်ပြုတ်ကျွေးနေလို့သာ စားရတာ၊ ကျုပ် လက်ထောက်ဆရာမလေး တစ်ယောက်လည်း ရှိတယ်။ သူကတော့ မနက် ၉ နာရီလောက်လာ ဆေးရောင်းစရာရှိရောင်း၊ စပ်စရာရှိစပ်၊ တချို့လူနာတွေ ဆေးထိုးပေးတန် ထိုးပေး၊ ညနေ ၅ နာရီပြန် ကျုပ်ကိုကူရတာပေါ့"

"ကျွန်တော်နေဖို့ထိုင်ဖို့တော့ ဒေါ်သန့်ဇင်အိမ်မှာပဲနေပြီး ဆရာ့ ဆီမှာ အလုပ်ရရင် ဟိုမှာပဲ ချက်ပြုတ်စားသောက်ဖို့ ပြောထားပါတယ်"

"ကောင်းပါတယ်၊ ကောင်းပါတယ် . . အိမ်ချင်းလည်း သိပ်ဝေးတာမှ မဟုတ်တာဘဲ၊ ကဲ . . မနက်ဖြန်ကစပြီး အလုပ်ဝင်ပေတော့"

သို့နှင့် နောက်တစ်နေ့မှစ၍ ဦးမှတ်ကြီးသည် ကျွန်ုပ်၏ ခြံ၌ ဥယျာဉ်မှူး လုပ်ခဲ့လေသည်။

ပထမ သုံးလေးရက်အတွင်း၌ ဦးမှတ်ကြီးသည် ခြံအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်း၍ နောက်တစ်ပတ်အတွင်းတွင် စည်းရိုးများ ပြင်ခြင်း၊ မြောင်းများဖော်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ မြေဩဇာချခြင်းများကို ပြုလုပ်၏။ ထို့နောက် ရေတွင်းကို တွင်းချေးများဆယ်ပြီးလျှင် ရေကို ဝေးသော နေရာများသို့ ရေတံလျှောက်များ သွယ်ကာ ပက်ဖျန်းပေး၏။ ပန်းအိုးအသစ်များ ဝယ်ပြီးလျှင် နှင်းဆီနှင့် နိုင်ငံခြား ပန်းမျိုးများကို ပျိုးစပြု၏။ နှင်းပန်းနှင့် သစ္စာပန်းများကို ပေါင်ခတ်၍ စိုက်ပျိုး၏။ ပြင်သစ်ပန်း၊ တိုက်ပန်းအဖြူ အနီ၊ ခွာဝါ၊ ခွာပြာ စသော ပန်းများကို စင်များဖြင့် တင်ကာ သူ့နေရာနှင့်သူ စီမံထားရှိလေ၏။ သုံးလခန့်အကြာ၌ အတော်ပင် ကြည့်ရှုကောင်းလာပြီးလျှင် တစ်မိုးလွန်မြောက်၍ ဆောင်းဦးပေါက်သို့ ရောက်လာသောအခါ၌ကား မူလရှိခဲ့သော အခြေအနေကို အဆပေါင်းများစွာ ကျော်လွန်ကာ 'ဝါးနက်ချောင်း' ရွာကလေးတွင် ကျွန်ုပ်၏ခြံမှာ အလှပဆုံးသောပန်းခြံ ဖြစ်လာခဲ့လေ၏။ နှင်းဆီနှင့်ဒေလီယာများမှာ အခြားပန်းခြံမှ ပန်းများထက် ကြီးမားထွားကြိုင်းလျက် အရောင်အသွေးများလည်း ဆန်းပြားလှ၏။ တိုက်ပန်း အမျိုးမျိုးတို့မှာ စင်များပေါ်တွင် စွင့်စွင့်ကားကား ပွင့်လျက်ရှိကြကုန်၏။

ဦးမှတ်ကြီး၏ ထူးခြားချက်တစ်ခုမှာ အခြားသူများက "အကိုင်းကို စိုက်ပျိုး၍ မရှင်နိုင်" ဟု ဆိုသော သစ်ပင်ပန်းပင်များကိုပင် သူ့လက်ဖြင့် စိုက်ပျိုးသောအခါ နှစ်ရက် သုံးရက်အတွင်း အညှောက်အတက်များ ထွက်ကာ 'ရှင်' ရုံမျှမက တစ်လကိုးသတင်းအကြာ၌ အဖူးအပွင့်များဖြင့် ဝေဝေဆာဆာ ဖြစ်လာလေသည်။ ဦးမှတ်ကြီးသည် သာမန်စိုက်တတ်ပျိုး တတ်ရုံမျှမက ခြေဆိပ်လက်ဆိပ်လည်း အလွန်ပြင်းထန်သူ တစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်ကိုယ်တိုင် ကောင်းစွာသိရှိလာတော့၏။

ဤသို့ ဦးမှတ်ကြီး အစိုက်အပျိုး ကောင်းကြောင်း၊ ခြေဆိပ် လက်ဆိပ် ထက်မြက်သူတစ်ယောက်ဖြစ်ကြောင်းကို ကျွန်ုပ်နှင့် အိမ်သားများသာမက ခြံနီးနားချင်းများပင် တစ်စတစ်စ သိရှိလာရာ တစ်ခါတစ်ရံ ဧည့်သည်များပင်လာရောက်ကာ ဦးမှတ်ကြီးလက်ရာများကို ကြည့်ရှုလေ့ရှိ၏။ အချို့ဝါသနာပါသူများလည်း မိမိတို့နှစ်သက်ရာ ပန်းမျိုးများကို မည်သို့ မည်ပုံ စိုက်ရမည့်အကြောင်း မေးမြန်းကြ၏။

http://www.cherrythitsar.org



ထိုအခါ ဦးမှတ်ကြီးက "ဒါကတော့ ဒီလိုရှိပါတယ် ခင်ဗျာ၊ သစ်ပင်စိုက်တာကတော့ အတူတူလိုပါပဲ၊ ဘယ်အပင်မျိုးကို ဘယ်လို မြေမျိုးမှာ စိုက်ရမယ်၊ ဘယ်ပုံဘယ်နည်းစိုက်ရမယ် . . မြေဩဇာ ဘယ်လိုပေးပြီး ဘယ်လိုရာသီဥတုရှိတဲ့နေရာမျိုးမှာ ထားရမယ်ဆိုတာတွေတော့ မာလီလုပ်တဲ့ လူတိုင်းလို အနည်းနှင့်အများ တတ်ကြတာပဲ ခင်ဗျ၊ နို့ပေမဲ့ ကျွန်တော်ကတော့ ကလေးတစ်ယောက်ကို ကြီးပြင်းလာအောင် မွေးသလို သစ်ပင်ကလေးတွေကိုလည်း ယုယုယယ ပွတ်သပ်ပေးတယ် ခင်ဗျ၊ သူတို့လည်း အသက်နဲ့ကို ခင်ဗျ . . အသက်ရှိလို့သာ တစ်နေ့တခြား ကြီးပြင်းလာပြီး သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ကြတာပေါ့ခင်ဗျာ၊ စကားမပြောနိုင်လို့သာ အသက်မရှိဘူး ထင်နေကြတာကိုး၊ ဒါကြောင့် ပူပူလောင်လောင်နေရတဲ့အခါ ညှိုးနွမ်းတယ်၊ အေးအေးချမ်းချမ်းနေတဲ့အခါ လန်းဆန်းတယ်။ အဲဒီလို လုပ်တတ်တဲ့ အတတ်ပညာကတော့ သင်လို့ရမယ် မထင်ပါဘူး ခင်ဗျာ၊ နဂိုဗီဇကပါမှ ဖြစ်တာပါ။ ကျွန်တော်ကတော့ သူတို့ကို ကိုယ်ဖိရင်ဖို ပြုစုရလွန်းလို့ သစ်ပင်တစ်ပိုင်း ဖြစ်နေပြီ" ဟု ရယ်မောပြောဆိုသည်ကို ကျွန်ုပ်တွေ့ရ၏။

ခြံဝင်းအတွင်းရှိ ကျွန်ုပ် ဆေးတိုက်ကလေး ရှေ့ဥပစာတွင် ဦးမှတ်ကြီး ပြုပြင်ပေးထားသော မြက်ခင်းကလေးရှိ၏။ မြက်များမှာ ခြံထဲတွင် ယခင်က အလေ့ကျပေါက်သော မြက်မျိုးမဟုတ်ဘဲ ဦးမှတ်ကြီး ယူလာသော နိုင်ငံခြားပန်းမျိုးစေ့များ ရောင်းသည့်ကုမ္ပဏီမှထုတ်သော ကက်တလောက်အတိုင်း မြက်သီးများကို မှာ၍စိုက်သော မြက်များ ဖြစ်၏။ တလင်းကို ပထမဦးစွာ မြေညှိပြီးနောက် မြေဩဇာကို သဲနှင့် ရောစပ်ပက်ဖျန်းပြီးသော် ဆောင်းဦးပေါက်တွင် နှင်းခံ၍ စိုက်ပျိုးရ၏။ မြက်ပင်ကလေးများ အစို့ထွက်လာပြီးနောက် သုံးပတ်ခန့်အကြာ၌ တစ်ကြိမ်ဖြတ်ပေးရပြီးနောက်မှစ၍ အပင်ကလေးများမှာ အပ်ချစရာမရှိ လောက်အောင် ထူထပ်စွာပေါက်လာပြီးလျှင် အရောင်မှာလည်း ကတ္တီပါ အစိမ်းရင့်ရောင် စောင်တစ်ထည်ကို ဖြန့်ထားသကဲ့သို့ လှပစွာ ရှိနေလေသည်။

ကျွန်ုပ်သည် စနေနေ့များ၌ နံနက်ပိုင်းကိုသာ အလုပ်လုပ်ပြီးလျှင် ညနေပိုင်းများတွင် မြက်ခင်းပေါ်၌ ထိုင်ကာ အိမ်သားများနှင့်အတူ စကားပြောရင်း လက်ဖက်ရည်သောက်လေ့ရှိ၏။ ကျွန်ုပ်၏ အကျင့်မှာ အိမ်တွင် အတူနေသူများအား ကြီးငယ်မရွေး ဆင်းရဲချမ်းသာမရွေး လက်အောက်ငယ်သားဟူ၍ သဘောမထားဘဲ 'တန်းတူ' ပေါင်းသင်း ဆက်ဆံလေ့ရှိရာ ကျွန်ုပ်တို့ လက်ဖက်ရည်သောက်သည့်အချိန်၌ ဦးမှတ်ကြီးကိုလည်း ခေါ်၍ လက်ဖက်ရည် တိုက်လေ့ရှိ၏။ ကျွန်ုပ်က ရွက်ဖျင်ကုလား ထိုင်တစ်လုံးတွင် ထိုင်၍ လက်ဖက်ရည်သောက်လျက်ရှိရာ ကျွန်ုပ်၏တူမလေးနှင့် ကျွန်ုပ်၏လက်ထောက်ဆရာမ မနှင်း

http://www.cherrythitsar.org



ညွန့်တို့က စားပွဲဝိုင်းရှိ ကုလားထိုင်များပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်ကာ စကား တပြောပြောနှင့် လက်ဖက်ရည်သောက်လေ့ရှိ၏။ ထိုအခါ ပျိုး၍ ဦးမှတ်ကြီးသည် ကျွန်ုပ်က ကုလားထိုင်လွတ်ပေါ်သို့ လာထိုင်ရန် ဖိတ်ခေါ်သော်လည်း မလာဘဲ မနီးမဝေးရှိ ခုံတန်းလျားတစ်ခုပေါ်၌ ထိုင်ပြီးလျှင် နှိမ့်ချသော အမူအရာဖြင့် ခေါင်းငုံ့ကာ သောက်တတ်၏။ ကျွန်ုပ်ထံ ဦးမှတ်ကြီး အလုပ်လုပ်ခဲ့သည်မှာ နှစ်နှစ် နီးပါးမျှရှိပြီ ဖြစ်၍ ထိုအခါ၌ ကျွန်ုပ်မှာ ဦးမှတ်ကြီးနှင့် ညီရင်းအစ်ကိုတစ်မျှ အတော်ပင် ရင်းရင်းနှီးနှီးချစ်၍ နေခဲ့လေပြီ။

တစ်နေ့သော စနေနေ့ ညနေစောင်း၌ ကျွန်ုပ်တို့သည် ယခင်ကကဲ့သို့ လက်ဖက်ရည်များ သောက်လျက်ရှိရာ ဦးမှတ်ကြီး ထသွားပြီးနောက် တစ်ခဏအကြာတွင် ဆရာမ မနှင်းညွန့်သည် ကျွန်ုပ်အနီးသို့ ချဉ်းကပ်လာပြီးနောက်–

"ဩော် . . ဒေါ့ထက် ဦးမှတ်ကြီး လက်တွေကို ဒေါက်တာ သတိထားမိရဲ့လား"

ကျွန်ုပ်က နားစွန်နားဖျား ကြားလိုက်သဖြင့် –

"ဘာပြောတယ် ဆရာမ ... ဦးမှတ်ကြီး လက်တွေ ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"ဒေါက်တာ သတိမထားမိဘူးလား"

" မထားမိပါဘူး ဆရာမ၊ သူ့လက်တွေ ဘာဖြစ်လို့လဲ"

"သူ့လက်ဖျားကလေးတွေ အားလုံးစိမ်းနေတယ် ဒေါက်တာ"

"ဘယ်လို စိမ်းနေတာလဲ ဆရာမရဲ့"

"လက်ဆယ်ချောင်းစလုံး အဖျားမှာ လက်တစ်ဆစ်စီလောက် အစိမ်းရောင် ဖြစ်နေတယ်"

"ပန်းဆီတွေ ဘာတွေကိုင်လို့ စိမ်းတာဖြစ်မှာပေါ့"

"မဟုတ်ဘူး ဒေါက်တာ မဟုတ်ဘူး ... အသားကကို စိမ်းနေတယ်၊ တချို့လက်မဝက်လောက်၊ တချို့ လက်မသုံးပုံနှစ်ပုံလောက်၊ တချို့ တစ်လက်မလောက် အစိမ်းရောင် ဖြစ်နေတယ်။ ခင်ခင့်ကိုတောင် ဒီအကြောင်း ပြောမိသေးတယ်"

"ဟုတ်ရဲ့လား ဆရာမရဲ့"

"ဟုတ်တယ် ဒေါက်တာ၊ ကျွန်မတို့ သေသေချာချာ မြင်တယ်၊ တစ်ခါမကဘူး၊ နှစ်ခါသုံးခါ မြင်ရတယ်"

ကျွန်ုပ်လည်း အရေးကြီးသော ကိစ္စတစ်ခု မဟုတ်သဖြင့် များစွာ ဂရုမစိုက်ဘဲ ဆရာမ ပြောသော စကားလက်စကို ဖြတ်လိုက်ပြီးလျှင် သတင်းစာကို ဆက်လက် ဖတ်လျက်ရှိလေ၏။

http://www.cherrythitsar.org



ဦးမှတ်ကြီးသည် အလုပ်ကို ယခင်က အတိုင်း လုပ်ကိုင်လျက်ရှိရာ ကျွန်ုပ်ခြံအတွင်းရှိ သစ်ပင်ပန်းပင်တို့မှာလည်း အခြားခြံများထက် အသီးအပွင့်များ ထွားကြိုင်းကာ ဝေဆာစိမ်းလန်းလျက် ရှိသောကြောင့် ခြံနီးချင်းများပင် မနာလိုဝန်တို ရှိနေကြကုန်၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်ကမူ ဦးမှတ်ကြီး၏ လက်ရာနှင့်တကွ ၎င်း၏လုပ်ရည်ကိုင်ရည်များကို ဂုဏ်ယူလျက်ရှိခဲ့လေသည်။

ကျွန်ုပ်သည် ဦးမှတ်ကြီး၏ စိုက်ပုံပျိုးပုံများကို တစ်ခါတစ်ရံ အဝေးမှ နေ၍ အကဲခတ်ကြည့်မိ၏။ ဦးမှတ်ကြီးသည် သစ်ပင်တစ်ပင်ကို စိုက်ပြီးနောက် အပင်ရင်းကို လက်ဖြင့် ပွတ်၍ပေး၏။ အကိုင်းများကို သပ်ရပ်၏။ အဖူးအပွင့်များကို ပါးဖြင့်ကပ်ကာ နမ်းရှုပ်၏။ မိခင်သည် နို့စို့ကလေးအား ယုယစောင့်ရှောက်သကဲ့သို့ သစ်ပင်ကို ယုယစောင့် ရှောက်၏။ ဤမျှလောက် သစ်ပင်တစ်ပင်အား ချစ်ခင်ယုယသော သူ တစ်ယောက်ကို ကျွန်ုပ်တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးချေ။

ဦးမှတ်ကြီးသည် အလုပ်ချိန်ဟူ၍ မထားဘဲ နံနက်စောစော ရောက်လာတတ်ပြီးလျှင် ချိုင့်ဖြင့် ထည့်ယူခဲ့သောထမင်းကို နေ့လယ် ၁ နာရီလောက်တွင် စား၏။ ထို့နောက် ၂ နာရီခန့် ဆေးလိပ်သောက်၍ အမောအပန်း ဖြေပြီးသော် နေဝင်၍မှောင်သည့်တိုင်အောင် တကုပ်ကုပ် လုပ်ကိုင်တတ်၏။ သို့နှင့် ကျွန်ုပ်က ဦးမှတ်ကြီးအား အသက်အရွယ်ကို ထောက်ထားပြီးလျှင် ဤမျှလောက် ပင်ပင်ပန်းပန်း မလုပ်ရန်ပြောသော်လည်း ဦးမှတ်ကြီးက –

"ကိစ္စမရှိပါဘူး ဆရာ ... ကျွန်တော်က ဝါသနာဖြစ်နေပြီ၊ ပြီးတော့ ကျွန်တော့် ဗီဇကလည်း သစ်ပင်ကို စိုက်ရမှ၊ သစ်ပင်ကိုချစ်ရမှ၊ သစ်ပင်ကို ယုယရမှ၊ သစ်ပင်အနားမှာနေရမှ ကျွန်တော်က ကျေနပ်တယ် ဆရာရဲ့၊ ကျွန်တော်တော့ စားတဲ့နေရာမှာလည်း သစ်ပင်ပဲ၊ အိပ်တဲ့နေရာမှာလည်း သစ်ပင်ပဲ၊ တစ်ခါတစ်လေ အိပ်မက်ထဲမှာတောင် နတ်ပန်းတွေ ပွင့်နေတဲ့ နတ်ဥယျာဉ်ကြီး တစ်ခုထဲ ရောက်သွားပြီး ကျွန်တော်က အင်မတန်ထူးဆန်းတဲ့ ပန်းပင်တွေ စိုက်ပျိုးနေရတယ်လို့ အိပ်မက် မကြာမကြာ မက်တယ်ဆရာရဲ့၊ ကျွန်တော်ကတော့ ပိုက်ဆံရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ သစ်ပင်မစိုက်ရရင် မနေနိုင်တော့ဘူး။ ကျွန်တော် စိုက်လိုက်တဲ့ သစ်ပင်တွေဟာလည်း အားလုံးရှင်ရမယ်။ အသီးအပွင့်မှာလည်း သူများထက် သာရမယ်၊ အို ... ကျွန်တော်ဟာ ကျွန်တော်ကိုယ်တိုင် သစ်ပင်တစ်ပိုင်း ဖြစ်နေပြီ ဆရာရယ်"

ဟု မကြာခဏ ပြောလေ့ရှိသဖြင့် ကျွန်ုပ်မှာ အတော်ပင်အံ့သြ၍ နေမိ၏။ သို့သော် ဆရာမနှင့် ခင်ခင်တို့ ပြောသည့်အတိုင်း ၎င်း၏လက်ချောင်းများကိုကား နီးနီးကပ်ကပ် မကြည့်မိချေ။ အနီးသို့ ကျွန်ုပ် ချဉ်းကပ်သွားသည့်

http://www.cherrythitsar.org



အခါတိုင်း ဦးမှတ်ကြီးသည် ၎င်း၏ လက်များကို ကျွန်ုပ် မမြင်အောင် ဝှက်ထားသည်ကိုမူ ကျွန်ုပ် သတိပြုမိ၏။

ဤအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်၏တူမလေး ခင်ခင်ကလည်းကောင်း၊ ဆရာမ မနှင်းညွန့်က လည်းကောင်း တစ်ကြိမ်နှစ်ကြိမ်မျှ ထပ်မံပြောကြားပြန်ရာ ကျွန်ုပ်သည် ဦးမှတ်ကြီးအား ဤအကြောင်းကို ဖွင့်၍မေးမည်ဟု စိတ်ကူးမိ၏။ သို့သော် မမေးဖြစ်ခဲ့ချေ။

*

မကြာမီ တစ်နေ့သော စနေနေ့ညနေစောင်း၌ ကျွန်ုပ်တို့သည် စိမ်းလန်းသော မြက်ခင်းပေါ်တွင် ရက်သတ္တပတ် နောက်ဆုံးနေ့ဖြစ်သည့်အတွက် အလုပ်နားရင်း ခါတိုင်းကဲ့သို့ပင် သောက်နေကျအတိုင်း လက်ဖက်ရည်များ သောက်လျက် ရှိကြစဉ် ဦးမှတ်ကြီးကို မမြင်သည်နှင့် ကျွန်ုပ်က တူမလေးအား

"ဟဲ့ ... ခင်ခင် ... ဒီနေ့အဘိုးကြီး မမြင်ပါကလား"

"ဟုတ်ကဲ့ ... နေမကောင်းလို့မလာဘူး ဦးလေး၊ မနက်က ဒေါ်သန့်ဇင်သားကလေးလာပြီး ဒီနေ့ဦးမှတ်ကြီး နေမကောင်းလို့ အလုပ် မဆင်းနိုင်တဲ့အကြောင်း ပြောသွားတယ်။ ကျွန်မ ဦးလေးကို မပြောမိလို့"

"ဟော့ ... ဟုတ်လား ... ဘာများဖြစ်တာလဲကွယ်၊ မနေ့က ညနေတောင် နှင်းဆီအိုးတွေ မြေဩဇာထည့်နေတာ ငါမြင်သေးတယ်"

"ဟုတ်တယ် ဦးလေး ... မနေ့ကလာပါတယ်"

"ဒါဖြင့် နက်ဖြန်မနက် သွားကြည့်ဦးမှာပေါ့၊ မနက်ကျတော့ ငါ့ကို သတိပေးစမ်း"

"ဟုတ်ကဲ့ ... ဦးလေး"

နောက်တစ်နေ့ နံနက်၌ ကျွန်ုပ်သည် ဦးမှတ်ကြီးအား မေးမြန်းရန် ဒေါ်သန့်ဇင်အိမ်သို့ သွားရောက်လေ၏။ ဒေါ်သန့်ဇင်အိမ်မှာ ရွာ၏ အစွန်းတစ်ဘက်တွင်ရှိ၍ ကျွန်ုပ်ဆေးတိုက်မှ တစ်ဖာလုံခန့်မျှသာ ဝေး၏။ ဒေါ်သန့်ဇင်အိမ်သို့ ရောက်သောအခါ အခန့်သင့်ပင် ဒေါ်သန့်ဇင်နှင့် တွေ့ရ၍ ကျွန်ုပ်က ဦးမှတ်ကြီးအကြောင်း မေးမြန်းရာ ဒေါ်သန့်ဇင်က "နေမကောင်းဘူးလို့ ပြောတာပဲ ဦးပန်းမောင်၊ သူ့တဲကလေးထဲမှာ ရှိပါတယ် . . သွားသာသွားပါ" ဟု ပြောသဖြင့် ကျွန်ုပ်လည်း ဦးမှတ်ကြီး နေသော နောက်ဖေးဘက်မှ အိမ်ကလေး ရှိရာသို့ သွားရောက်လေ၏။

ဒေါ်သန့်ဇင်၏ ခင်ပွန်းမှာ ယခင်က ရထားမြင်းများ မွေးဖူးသဖြင့် နောက်ဖေးတွင် မြင်းတစ်ကောင် ထားသာရုံမျှ မြင်းဇောင်းကလေးတစ်ခု ဆောက်ထားရာ ယခုအချိန်တွင် မြင်းမရှိတော့သဖြင့် ဦးမှတ်ကြီးမှာ ထိုမြင်း

http://www.cherrythitsar.org


ဓောင်း၍ နေခြင်းဖြစ်လေသည်။ တံခါးကို စေ့ရုံသာစေ့ထားသဖြင့် ကျွန်ုပ်လည်း အတွင်းသို့ဝင်၍သွားရာ ဦးမှတ်ကြီးသည် တစ်ယောက်အိပ်ကြိုးခုတင် တစ်လုံး ပေါ်တွင် တစောင်းလှဲကာ ဆေးလိပ် သောက်လျက် ရှိနေသည်ကို တွေ့ရ၏။ ကျွန်ုပ်ကိုမြင်လျှင် ဦးမှတ်ကြီးသည် ကပျာကယာ ထိုင်လိုက်ကာ စိတ်ထဲတွင် တစ်စုံတစ်ရာ မလုံသကဲ့သို့သော မျက်နှာဖြင့် ကျွန်ုပ်အား ကြည့်ရှုနေသည်ကို မြင်ရ၏။ လက်နှစ်ဖက်၌ အညိုရောင် လက်အိတ်များ စွပ်ထားပြီးလျှင် မျက်နှာ တွင်လည်း သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော်ရှိနေသည်ကို တွေ့မြင်ရလေ၏။

(ကျွန်ုပ်) "ဘယ့်နှယ်လဲ ဦးမှတ်ကြီး . . ဘာဖြစ်တာလဲဗျာ၊ ခင်ဗျား အလုပ်မဆင်းတာ မနေ့ညနေကမှ ခင်ခင် ပြောလို့သိရတယ်။ ဖျားတာလား ဘယ်လိုဖြစ်တာလဲ"

(မှတ်) "နည်းနည်းနေမကောင်းတာပါ ဆရာ"

"ခင်ဗျာ့ လက်ကကော"

"ဒါက ရောဂါဟောင်း ပြန်ထတာနဲ့ တူပါတယ် ဆရာရယ်"

"ပြစမ်းပါဦး"

ဦးမှတ်ကြီးသည် လက်အိတ်များကို မချွတ်ချင်ချွတ်ချင်နှင့် ချွတ် လိုက်၏။ ဦးမှတ်ကြီး၏လက်ချောင်းများမှာ အဖျားဘက်၌ အချို့ တစ်လက်မ ခန့်၊ အချို့လက်မဝက်ခန့်၊ အချို့ တစ်လက်မ၏ လေးပုံတစ်ပုံခန့် သစ်ရွက် သစ်စိမ်းများကဲ့သို့ အစိမ်းရောင် ဖြစ်၍နေရာ အချို့နေရာများတွင် အဖျားချွန် နေသည့် ပန်းနုရောင် အဖုအပိမ့်ကလေးများပင် ထွက်နေသည်ကို အံ့ဩစွာ တွေ့မြင်ရ၏။ နီးကပ်စွာ ကြည့်ရှုသောအခါ ရှားစောင်းပင်တစ်ပင်မှ ဆူးများ ထွက်နေသကဲ့သို့ အစိမ်းရောင် ဖြစ်နေသည့် လက်ချောင်းအဖျားများမှ ပန်းနု ရောင် အဖုအပိမ့် အချွန်အတက်များ ထွက်နေခြင်း ဖြစ်လေသည်။ ဆရာဝန် တစ်ယောက် ဖြစ်သဖြင့် ပွေး၊ ညှင်း၊ တင်းတိပ်၊ သမင်နီ၊ သမင်နက်၊ ပွေး၊ နှင်းခူ၊ ဝဲနှင်းခူမှအစ အနာကြီးရောဂါအထိ အရေပြားရောဂါအမျိုးမျိုးကို တွေ့ခဲ့ ဖူးသော်လည်း ဤကဲ့သို့ လူ၏အသားမှာ အစိမ်းရောင်ဖြစ်လာလျက် ၎င်းမှ ဆူးများသဖွယ် တဖြည်းဖြည်း ထိုးထွက်လာသော ရောဂါမျိုးကိုမူ မတွေ့မမြင် ဖူးချေ။

ကျွန်ုပ်မှာ အရေပြားရောဂါဘက်တွင် 'ပါရဂူ'တစ်ယောက်ပင် မဟုတ် သော်လည်း ထိုရောဂါမျိုးကို မြင်ရုံမျှနှင့် အမျိုးအစားခွဲတတ်ပေရာ ဦးမှတ်ကြီး ၏ လက်ချောင်းများတွင် ဖြစ်နေသည့် ရောဂါမျိုးကိုမူ အမျိုးအစား မခွဲခြားနိုင် ချေ။ သို့နှင့် ဦးမှတ်ကြီး၏လက်များကို အရင်းမှ ကိုင်ကြည့်ကာ တွေဝေစဉ်းစား လျက်ရှိလေသည်။

“ရောဂါဟောင်း ပြန်ထတယ်ဆိုတာက အရင်ဘာရောဂါ ဖြစ်ဖူးလို့လဲ”

“ဒီဟာမျိုးပါပဲ ဆရာ၊ ကျွန်တော့်ရောဂါက တော်တော် ဆန်းတယ် ဆရာရဲ့၊ ကျွန်တော် ပထမဖြစ်တုန်းက ကုတဲ့ဆရာဝန်တောင် ဒီရောဂါမျိုး ကျုပ် မတွေ့ဖူးဘူး၊ ကျုပ်တို့နိုင်ငံမှာလည်း မရှိဘူးဆိုပြီး သူ လည်း ဘိလပ်က ဆေးတွေဘာတွေမှာ၊ အမျိုးမျိုး ဆေးစပ်၊ အမျိုးမျိုး ဆေးထိုးကုတာ သုံးလလောက် ကုယူရတယ် ဆရာရဲ့”

“ကျုပ်လည်း ဒါကြောင့်စဉ်းစားနေတယ်။ ကျုပ်ဆရာဝန် လုပ်လာတာ နှစ်ပေါင်း ၃၀ ကျော်ပြီ။ အရေပြားရောဂါနဲ့ သဏ္ဌာန်မှာ တူပေမယ့် အရေပြားရောဂါအစစ်ရယ်လို့ ကျုပ်မပြောဝံ့ဘူး။ ဒီလိုပုံသဏ္ဌာန်မျိုးလည်း တစ်ခါမှ မတွေ့ဖူးဘူး အတွင်းကကော ဘယ်လိုနေသလဲ”

“နည်းနည်း လက်ဆစ်ကလေးတွေရောင်ပြီး အတွင်းက နည်းနည်းပူတယ် ဆရာ၊ ယားလည်း ယားတယ်”

“ကဲ . .ဒီရောဂါ စဖြစ်ပုံ ပြောစမ်းပါဦး”

ဦးမှတ်ကြီးသည် ခုတင်ပေါ်တွင် အောက်သို့ခြေချ၍ ထိုင်လိုက်ပြီးနောက် ရောဂါရခဲ့ပုံကို အောက်ပါအတိုင်း ပြောပြလေသည်။

“ဒီလိုကိုးဆရာရဲ့ . . ကျွန်တော် ငယ်စဉ်တုန်းက မော်လမြိုင်ဘက်မှာ ရောက်တတ်ရာရာ အလုပ်လုပ်နေရာက တစ်နေ့တော့ မော်လမြိုင်နဲ့ ‘ရေး’ ကြား ကမ်းရိုးတန်းတစ်လျှောက်မှာ လိုက်ပြီး ငါးဖမ်းနေတဲ့ လှေတစ်စင်းနဲ့ ငါးဖမ်းလိုက်သွားတယ်။ အလုပ်ကတော့ နေ့စား အလုပ်ပဲ ဆရာရဲ့၊ တစ်နေ့ကို သုံးကျပ်လောက်ရတယ်။ ကျွန်တော် လိုက်သွားတဲ့နေ့ ညနေစောင်း၊ ကမ်းခြေနဲ့ အဝေးဆုံးရောက်နေတဲ့ အချိန်မှာ မုန်တိုင်းမိပါလေရော ဆရာ၊ မုန်တိုင်းက မြောက်ဘက်က လာပြီး မိုးသက်ပါပါလာလို့ ကျွန်တော်တို့ဟာ လှေကို ထိန်းမရဘဲ ပင်လယ်ဘက်ကို တစ်ခါတည်း မျောသွားတော့တာပဲ။ လှေပေါ်မှာ ပါလာတဲ့ သူငယ်က အသက် ၁၇ နှစ် ၁၈ နှစ်လောက်ပဲ ရှိဦးမယ်။ လှေကို ကောင်းကောင်း မထိန်းနိုင်တဲ့အထဲ တစ်ခါတစ်ခါ အဖျားက တက်နေလိုက်သေးတယ်။ ဒါနဲ့ ကျွန်တော်တို့ဟာ မုန်တိုင်းဒဏ်ကြောင့် လှေကို မနိုင်တော့ဘဲ ညနေ ၅ နာရီထိုးလောက်က မျောသွားလိုက်တာ တစ်ညလုံးပါသွားပြီးနောက် တစ်နေ့မနက် ဝေလီဝေလင်းလောက်မှ ရှေ့က မည်းမည်းတစ်ခုကို လှေဦးနဲ့ ဝင်တိုက်ပြီး လှေဟာ တစ်ခါတည်း အစိတ်စိတ်အမြွှာမြွှာ ကွဲသွားပါလေရော ဆရာ၊ အဲဒီ ကျွန်တော်တို့ တိုက်တာဟာ ကုန်းမြေတစ်ခုရဲ့ ကမ်းစပ်နဲ့ မနီးမဝေးမှာရှိတဲ့ ကျောက်ဆောင်ကို ဆရာရဲ့၊ ကျောက်ဆောင်တိုက်မိလို့ လှေကွဲသွား

ပေမယ့် ကျွန်တော်တို့ဟာ ကမ်းစပ်နဲ့ ပေ ၁၀၀ လောက်သာ ဝေးတဲ့နေရာ ရောက်လာလို့ တော်ပါသေးရဲ့၊ ဒါနဲ့ ကျွန်တော်နဲ့ ပွဲကိုင်တဲ့ ထွန်းဝ နှစ်ယောက် စလုံးပဲ ကမ်းခြေရောက်အောင် လွယ်လွယ်ကူကူနဲ့ပဲ ကူးလာနိုင်ခဲ့ကြတယ်။ ကျောက်ဆောင်နဲ့ တိုက်ပြီး လှေမြုပ်တဲ့နေရာဟာလည်း ရေက တယ်မနက်တော့ လှေပေါ်မှာ ပါတဲ့ ထမင်းထုပ်ကလေးနှစ်ထုပ်နဲ့ ရေဘူးတစ်ဘူးရယ်၊ စောင်တစ်ထည်ရယ်၊ ဆေးလိပ်နဲ့ မီးခြစ်ထည့်တဲ့ သေတ္တာဘူးကလေးရယ်တော့ ရလိုက်ပါသေးတယ်။ ကမ်းပေါ်ကို ရောက်သွားပြီး ကျွန်တော်တို့ ရောက်လာတဲ့နေရာ အခြေအနေကြည့်တော့မှ ကျွန်တော်တို့ဟာ လူမနေမရှိတဲ့ ကျွန်းကလေး တစ်ကျွန်းပေါ် ရောက်လာတယ်ဆိုတာ သိရတာကို ခင်ဗျ၊ ဒါနဲ့ ကျွန်တော်နဲ့ ထွန်းဝဟာ ကမ်းစပ်က ကျောက်တုံးတစ်တုံးပေါ်မှာ ထိုင်ပြီး ထမင်းထုပ်ကလေးကို ဖြေစား၊ ဘူးထဲက ရေသောက်၊ ကျွန်းရဲ့ အခြေအနေကို လျှောက်ကြည့်ကြတာကိုးဆရာရဲ့ . . အတွင်းဘက် တောစပ်ကလေးဝင်မိတော့ သစ်ပင်ကြီးကြီးမားမား ဆိုလို့ မမြင်ရဘူး၊ တခြား တောတွေ တောင်တွေလို ချုံနွယ်ပိတ်ပေါင်းလည်း တယ်မရှိဘူး၊ ဘာပင်တွေ ရှိသလဲဆိုရင် ရှားစောင်း(တဓောင်း)ပင်ကြီးတွေကဖြင့် လူတစ်ရပ်လောက်၊ လက်ခုပ်တစ်ဖောင်လောက်၊ ဝါးတစ်ပြန်လောက် ရှိနေတာ တွေ့ရတာကိုး ဆရာရဲ့၊ အောက်ကို ကြည့်လိုက်တဲ့အခါ ကျောက်စရစ်ခဲကလေးတွေရော၊ မြေမှုန့်တွေရော၊ သဲရော အားလုံး စိမ်းနေတယ်။ အနီးအနားမှာရှိတဲ့ ကျောက်တုံးကျောက်ခဲတွေ သဲမြေတွေဟာလည်း ရှားစောင်းပင်တွေ ထူလေလေ စိမ်းလေလေပဲ ဆရာရဲ့၊ သက်ရှိသတ္တဝါဆိုလို့ ဘာကောင်မှ မတွေ့ရဘူး၊ ဘာအသံမှလည်း မကြားရဘူး။ ဒါနဲ့ ကျွန်တော်တို့ဟာ တစ်ညလုံး အိပ်ပျက်လာပြီး မနက်စောစော ထမင်းသွတ်လိုက်ရတဲ့အခါ ဗိုက်တောင့်လာတော့ အင်မတန်အိပ်ချင်လာပြီး တဓောင်းပင်ကြီး တစ်ပင် ခြေရင်းမှာ ထိုးအိပ်လိုက်ကြတာ ညနေမှ နိုးတာကိုး ခင်ဗျ။ ကျွန်တော် အိပ်ရာက နိုးလာတော့ ထွန်းဝက မနိုးသေးဘူး၊ အိပ်တုန်းပဲ ရှိသေးတယ်။ အိပ်ရေးဝပြန်တော့လည်း ဗိုက်ထဲက ဆာလာ ပြန်ပါရော ဆရာ။ နို့ပေမဲ့ ဘာမှ စားစရာမရှိတော့ ပါတဲ့ရေကလေး သောက်ပြီး ဒီအတိုင်းနေရတယ်။ ထွန်းဝကို သွားနှိုးတဲ့အခါ ထွန်းဝဟာ အတော်ဖျားပြီး ကယောင်ကတမ်း ပြောနေတယ်။ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး၊ သူ့ပါးစပ်ထဲကို ရေကလေး တစ်စက် နှစ်စက် လောင်းထည့်ပြီး ဒီအတိုင်း ကြည့်နေရတာပါပဲ ဆရာ။ ဒီနောက် ဝမ်းဟာတာနဲ့ ကျွန်းအလယ်လောက်ရောက်အောင် လျှောက်ဝင်သွားတော့ ရှားစောင်းပင်ကြီး တစ်ပင် ခြေရင်းမှာ ကပ်ပေါက်နေတဲ့ နွယ်ပင်တစ်ပင်က သစ်သီးစိမ်းကြီးတွေ သွားတွေ့တယ် ဆရာရဲ့၊ ဖရဲသီးနဲ့ ခပ်ဆင်ဆင်ပဲ။ နို့ပေမဲ့ ဖရဲသီးလောက်

http://www.cherrythitsar.org



မကြီးဘူး၊ အကြီးဆုံး ဥသျှစ်သီးလောက်ပဲ ရှိတယ်။ အနံ့ကို နမ်းကြည့်တော့ မွှေးတေးတေးလိုလို၊ ချိုတိုတိုလိုလို အနံ့ရတာနဲ့ အဆိပ်သီးဖြစ်ရင်လည်း သေချင်သေပစေ။ မထူးတော့ဘူးဆိုပြီး ကျွန်တော်လည်း အသွားထက်တဲ့ ကျောက်ချပ်တစ်ခုနဲ့ ခွဲကြည့်တော့ အထဲမှာ ဖရဲသီးလို ပန်းနုရောင်အသားနဲ့ အရည်ရွှမ်းနေတာ တွေ့ရတာကို ဆရာရဲ့၊ ဒါနဲ့ ကျွန်တော် မြည်းကြည့်တော့ ဗာဒံသီးအနံ့မျိုး ထွက်ပြီး ခပ်ဖန်ဖန် နေတယ်။ နည်းနည်းလည်း ချိုတယ်၊ ဒီတော့ ဆာလည်း ဆာတာနဲ့ ဘာဖြစ်ဖြစ် သေရင်လည်း ပြီးရောဆိုပြီး တစ်လုံးလုံး ကုန်အောင် စားလိုက်မိတာပဲ ဆရာ၊ စားပြီးတော့ ဘာမှမဖြစ်ပါဘူး။ နို့ပေမဲ့ ကျွန်တော် သတိထားမိတာ တစ်ခုကတော့ ဝမ်းထဲက ပူသလိုလို ဖြစ်လာပြီး ခြေဖျားလက်ဖျားတွေ ယားချင်သလို ယံချင်သလို ဖြစ်လာတယ်။ နို့ပေမဲ့ ချက်ချင်းလိုပဲ ပျောက်သွားလေတော့ ကျွန်တော်လည်း ဂရုမစိုက်မိပါဘူး ဆရာ။ ဒါနဲ့ ရှေ့ကို တိုးပြီး ရေများတွေ့မလားလို့ ရှာတဲ့အခါ လှိုဏ်ကလေးလိုဖြစ်နေတဲ့ တောင်ပူစာနှစ်ခုကြား ရောက်သွားပြီး ရေစပ်စပ်ကလေးရှိတဲ့ နွံအိုင်တစ်ခု သွားတွေ့တယ်။ ဒီနေရာက အင်မတန် နိမ့်ပြီး မိုးတွင်းမှာ တောင်ပူစာတွေပေါ်က စီးလာတဲ့ရေတွေ အိုင်ဖြစ်ပြီးနေတဲ့ နေရာနဲ့ တူပါတယ်။ ဒီလို တစ်ထွာလောက် တစ်မိုက်လောက်နက်တဲ့ နေရာက ရေကိုပဲ ကြုံဖန်ပြီးသောက်ရတယ်။ ကျွန်တော် အဝသောက်ပြီး ထွန်းဝအတွက်လည်း ရေဘူးနဲ့အပြည့် ထည့်ယူခဲ့တယ်။ နို့ပေမဲ့ ရေက ရေချို ဆရာရဲ့။ ဒါနဲ့ ကျွန်တော်လည်း အဲဒီ အသီးစိမ်းကြီးတစ်လုံး ထွန်းဝအတွက် စားချင်စားရအောင် ခူးလာခဲ့တယ်။ ရောက်တော့ ထွန်းဝကိုလည်း ဖရဲသီးလို အသီးတစ်မျိုး တွေ့ခဲ့တဲ့အကြောင်း၊ သောက်ဖို့ ရေတွေလည်း တောင်ပူစာ နှစ်ခုကြားထဲမှာ ရေအိုင်ကလေးတစ်ခု တွေ့ခဲ့ရတဲ့အကြောင်း ဝမ်းသာအားရပြောပြမိတာကိုး ဆရာရဲ့။ ဒီတော့ ထွန်းဝလည်း သစ်သီးကို ငမ်းငမ်းတက် စားလိုက်ပါလေရော စားပြီးလို့ နာရီဝက်လောက်ရှိတော့ ထွန်းဝလည်း ဝမ်းထဲကပူတယ်၊ ပူတယ်ပြောပြီး ငန်းဖမ်းသလို ဖြစ်လာတာပါပဲ ဆရာ။ ဒါနဲ့ တစ်နေ့နဲ့တစ်ညလုံးလုံး ကယောင်ကတမ်းပြော အသည်းအသန်ဖြစ်လာပြီး 'အစ်ကိုရယ် ကျွန်တော်တော့ မနေရတော့ဘူး။ အိမ်ပြန်ရောက်ရင်သာ ဒီကျွန်းကလေးပေါ်မှာ သေရစ်ပြီဆိုတဲ့အကြောင်း အမေ့ကို ပြောပြလိုက်ပါတော့' လို့ မပီကလာ ပီကလာမှာပြီး ကျွန်တော့်လက်ပေါ်မှာပဲ အသက်ပျောက်သွားရှာတယ်"

(ကျွန်ုပ်) "အင်း . . ခင်ဗျား အဖြစ်အပျက်ကတော့ အတော် စိတ်ဝင်စားစရာ ကောင်းတာပဲဗျို့၊ ရှေ့ဆက် ပြောစမ်းပါဦး"

http://www.cherrythitsar.org


"အသီးဟာ အဆိပ်သီးလည်း ဟုတ်မယ် မထင်ပါဘူး ဆရာ။ ဘာဖြစ်လို့လဲဆိုတော့ အဆိပ်သီးဖြစ်ရင်လည်း ကျွန်တော်ပါ တစ်ခါတည်း သေရမယ် မဟုတ်လား"

"အင်းလေ . . ထားပါတော့ . . သူက အသက် ၁၇ နှစ် ၁၈ နှစ်ဆိုတော့ ကလေးသာသာ ရှိသေးတယ် မဟုတ်လား။ ပြီးတော့ နဂိုကလည်း ငှက်ဖျားရှိနေတဲ့လူတစ်ယောက်၊ ခင်ဗျားက ဘယ်လိုဖြစ်သလဲ ပြောစမ်းပါဦး"

"ထွန်းဝ ဆုံးသွားတာက ညသန်းခေါင်ကျော်ကျော်လောက်မှာ ဆုံးသွားတော့ ကျွန်တော်လည်း သူ့အလောင်းကို နောက်တစ်နေ့ မနက်မှပဲ တဖောင်းပင်ကြီးတွေ ခြေရင်းမှာမြှုပ်တော့မယ်ဆိုပြီး အဲဒီနေရာမှာပဲ အသာပွေ့ချထားခဲ့တာကိုးဆရာရဲ့၊ ကျွန်တော်ကတော့ အဲဒီနေ့ညမှာ ကမ်းစပ်နားလာပြီး အိပ်တယ်။ ဒါနဲ့ ကျွန်တော်လည်း နောက်တစ်နေ့ မနက် အတော်နေမြင့်မှ နိုးလာပြီး ထွန်းဝအလောင်းကို မြှုပ်မယ်လို့ ကမ်းစပ်က ကျောက်ခဲတွေထဲမှာ အသွားရှိတဲ့ ကျောက်ခဲခပ်ချွန်ချွန် တစ်ခုယူ ပြီး တဖောင်းပင်တွေ ပေါက်နေတဲ့ နေရာသွားတာကိုး ဆရာရဲ့။ ဒါနဲ့ ထွန်းဝ အလောင်းကို ကြည့်လိုက်တော့ လား ... လား လူ့အသားလို မဟုတ်တော့ဘဲ ခြေထောက်တွေ၊ လက်တွေဟာ တဖောင်းပင်အလက်တွေလို တစ်ခုနဲ့တစ်ခု ဖြတ်ဆက်ထားသလိုဖြစ်နေပြီး ခေါင်းမှာလည်း မျက်စိမျက်နှာတွေဟာ နေရာလောက်သာ ကျန်ရစ်ပြီး သစ်စိမ်းတုံးကြီးတစ်တုံးလို ဖြစ်နေတာ တွေ့ရတာကိုး ခင်ဗျ၊ တဖောင်းပင်လို အညှောင့်အတက်တွေဟာ အကျီလုံချည်ကိုဖောက်ပြီး ထွက်လာတယ်။ အဝေးကနေကြည့်ရင် လူကောင်လို့တောင် မထင်ရဘူး။ လူရုပ်နဲ့တူတဲ့ တဖောင်းပင်ကြီး တစ်ပင် လဲနေတဲ့ အတိုင်းပါပဲ ဆရာရယ် . . အပိုင်းအဆစ်တွေက အစို့တွေ ထွက်လို့"

"ထူးဆန်းလိုက်လေ ဦးမုတ်ကြီးရယ် . . ခင်ဗျား ပြောလို့သာ ကြားရ ကျုပ်ဖြင့် ယုံတောင်မယုံချင်ဘူး"

"ကျွန်တော့် ကိုယ်တွေ့ပါဆရာ။ ကျွန်တော် အခုဖြစ်တဲ့ ရောဂါလည်း ဒီဟာအဆက်ပါပဲ။ ဒီနောက် ကျွန်တော်လည်း ဒီကျွန်းကလေးမှာ ရှစ်ရက်လောက်နေခဲ့ပြီးမှ စက်လှေတစ်စင်းကကယ်လို့ နေရပ်ကို ပြန်ရောက်ခဲ့ပါတယ်။ ဒီရက်အတွင်း ကျွန်တော်လည်း ကမ်းစပ်ဆင်းပြီး ရသမျှ ငါးကလေး၊ ခရုကလေးတွေ၊ တစ်ခါတလေလည်း ကမာကောင်ကလေးတွေ စားသောက်ပြီး နေခဲ့ရပါတယ် ခင်ဗျာ။ ဒီနောက် မော်လမြိုင် ရောက်လာလို့ နှစ်ရက် သုံးရက် အကြာမှာ ကျွန်တော့် ခြေဖျားလက်ဖျား ကလေးတွေဟာ ယားလာပြီး သစ်ရွက်စိမ်းကလေးများလို အစိမ်းပြောက်ကလေးတွေ ဖြစ်လာတယ်ဆရာရဲ့၊

http://www.cherrythitsar.org


ဒါနဲ့ ကျွန်တော်လည်း မဖြစ်ချေဘူးဆိုပြီး အရေပြား ရောဂါကုတဲ့ အင်္ဂလိပ် ဆရာဝန်ကြီး တစ်ယောက်ဆီ ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကို ခေါ်သွားပြ တော့ ဆရာဝန်ကြီးဟာ ကျွန်တော့်လက်ဖျားတွေ ကြည့်ပြီး တစ်ရက် နှစ်ရက် လောက် စဉ်းစားနေတယ်။ ဘယ်လို စဖြစ်တာလဲ မေးတဲ့အခါ ကျွန်တော်က ဇာတ်ကြောင်း ပြန်ပြောတော့ ဆရာဝန်ကြီးဟာ ပါးစပ်အဟောင်းသားနဲ့ အကြာကြီး ငိုင်ပြီး နားထောင်နေတယ်။ မင်းဟာ တော်တော် ထူးထူးဆန်း ဆန်း တွေ့ရတဲ့ လူတစ်ယောက်မို့ ထူးထူးဆန်းဆန်း ရောဂါဖြစ်တာနဲ့ တူတယ် တဲ့။ ဒီရောဂါမျိုး ငါတစ်သက်နဲ့ တစ်ကိုယ် မတွေ့ဖူးဘူး။ ဒီရောဂါကုဖို့ နိုင်ငံ ခြားက ငါ့ မိတ်ဆွေ ဆရာဝန်တွေဆီကို သံကြိုးရိုက်တိုင်ပင်ပြီး သူတို့ဆီက ဆေးဝါးတွေလည်း မှာရလိမ့်မယ်လို့ ပြောတာကိုးဆရာရဲ့။ ဒီနောက် ကျွန်တော့် ကို တနင်္ဂနွေနှစ်ပတ်လောက် ဆေးရုံတက်ခိုင်းပြီး ဘိလပ်က ဆေးတွေရောက် လာမှ ကျွန်တော့်ကို စကုတာပါပဲ ဆရာ။ ကုတာကတော့ လိမ်းဆေးရော၊ စားဆေးရော၊ ထိုးဆေးရော၊ မီးကင်ပြီး ကုတာရော စုံသွားတာပဲ။ ဒီလိုနဲ့ နောက်ထပ် တစ်လကျော်ကျော်လောက်ကျမှ လုံးလုံးပျောက်သွားပါတယ်။ နို့ပေမဲ့ ဆရာဝန်ကြီးက မင်းရောဂါဟာ အမြစ်မပြတ်ဘူး။ ဘယ်ဆေးပညာ၊ ဘယ်ဆေးဝါးနဲ့မှ မင်းရောဂါကို အမြစ်ပြတ်အောင် မကုနိုင်ဘူး၊ မင်းအသက် ကြီးလာတဲ့အခါကျရင် တစ်နေ့နေ့ ဒီရောဂါ ပြန်ပေါ်လာလိမ့်မယ်။ ဒီအခါ အခု ငါကုတဲ့ဆေးတွေနဲ့ တွေ့ရင်တွေ့ မတွေ့ရင်တော့ သင်္ချိုင်းသွားဖို့ပဲ ရှိတော့ တယ်လို့ နောက်ဆုံး ပြောလိုက်ပါတယ် ဆရာ"

ကျွန်ုပ်သည် ဦးမှတ်ကြီးပြောပြသော ဇာတ်လမ်းကို နားထောင် ပြီးနောက် ၎င်း၏မျက်နှာကိုကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိ၏။

(ကျွန်ုပ်) "ကဲ . . ဒါဖြင့် ဦးမှတ်ကြီး ခင်ဗျားလက်တွေမှာ အခုဖြစ် လာတာဟာ ကျုပ်မှန်းဆရသလောက်တော့ အင်မတန် ထူးဆန်းတဲ့ အရေပြား ရောဂါတစ်မျိုးပဲလို့ ထင်တယ်။ နို့ပေမဲ့ ကျုပ်က ဒီရောဂါဘက်မှာ ပါရဂူတစ် ယောက် မဟုတ်တော့ အတိအကျတော့ မပြောနိုင်သေးဘူး။ ရန်ကုန်ဆေးရုံ ကြီးမှာ အလုပ်လုပ်နေတဲ့ ကျောင်းနေဖက် ဒေါက်တာဦးဘချိန်ဆိုတဲ့ ဆရာဝန် တစ်ယောက်ရှိတယ်။ သူကတော့ အရေပြားရောဂါအကြောင်း နိုင်ငံခြားမှာ နှစ်ပေါင်း အတော်ကြာသွားပြီး လေ့လာဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ။ ဒါကြောင့် သူ့ဆီကို စစ်ဆေးဖို့ ပို့ချင်တယ်။ အခုအချိန်မှာတော့ မြန်မာနိုင်ငံမှာ အရေပြား ရောဂါနဲ့ ပတ်သက်ပြီး သူ့ထက်ပိုကျွမ်းကျင်တဲ့လူ မရှိတော့ဘူး။ ဒီတော့ သူ့ အဆုံးအဖြတ်ကို ကျုပ်တို့ နာခံဖို့ပဲရှိတယ်။ ဘယ်နှယ့်လဲ . . ဦးမှတ်ကြီးက သဘောတူရဲ့လား။ ဒီပြင်နည်းလမ်းတော့ ကျုပ်စဉ်းစားမရတော့ဘူး"

http://www.cherrythitsar.org



ဦးမုတ်ကြီးက ဦးခေါင်းကို ငုံ့လျက် –

"ဆရာ့ သဘော အတိုင်းပါပဲဆရာ . . ဆရာစီမံသလို ကျွန်တော် လိုက်နာပါမယ်"

နောက်တစ်နေ့မှာ တနင်္လာနေ့ဖြစ်၍ ထိုနေ့နံနက်၌ပင် ကျွန်ုပ်လည်း ဦးဘချိန်ထံ အကျိုးအကြောင်း စာတစ်စောင်ရေးပြီးလျှင် ဦးမုတ်ကြီးအား ကျွန်ုပ်၏ တပည့်တစ်ယောက်နှင့်အတူ ရန်ကုန်သို့ လွှတ်လိုက် ၏။

နေ့လယ်ခင်း၌ ကျွန်ုပ်၏တပည့်ပြန်လာရာ ဆေးရုံကြီးတွင် ဦးဘချိန်နှင့်တွေ့ရကြောင်း၊ ဦးမုတ်ကြီးအား ဆေးရုံတွင် တင်ထားလိုက်ပြီဖြစ်ကြောင်း၊ ယခုအလုပ်များနေသဖြင့် နောက်မှ အကျိုးအကြောင်း စာတစ်စောင် ရေးလိုက် မည်ဟု ပြောလိုက်ကြောင်း ပြောပြလေသည်။

ကျွန်ုပ်သည် တစ်ရက် နှစ်ရက်မျှ ဦးမုတ်ကြီးအကြောင်းကို မစဉ်းစား မိဘဲ ခပ်ပေါ့ပေါ့ နေခဲ့မိရာ ကြာသတေးနေ့ နံနက် ၁၀ နာရီ အချိန်လောက်တွင် ဦးမုတ်ကြီး အသည်းအသန်ဖြစ်နေသဖြင့် အမြန် လိုက်လာရန်အကြောင်း ဦးဘချိန်ထံမှ လူတစ်ယောက်လွှတ်၍ ပြောလိုက်သဖြင့် ကျွန်ုပ်လည်း ရန်ကုန်သို့ ချက်ချင်းလိုက်သွားလေ၏။ ဆေးရုံကြီးသို့ရောက်၍ ဦးဘချိန်နှင့်တွေ့သော အခါ သူသည် ကျွန်ုပ်အား အလုပ်ခန်းသို့ ဖက်လဲတကင်း ခေါ်သွားပြီးလျှင် နေရာထိုင်ခင်းများ ပေးပြီးနောက် –

"အင်း . . ခင်ဗျားလူတော့ ဒီတောင်က ကျော်ဖို့ အတော်ခဲယဉ်းတယ် ဦးပန်းမောင်။ ခင်ဗျားဆီ အလုပ်လုပ်တာ ဘယ်လောက် ကြာပြီလဲ"

ကျွန်ုပ်က စိတ်မကောင်းလှဘဲ –

"နှစ်နှစ်လောက်ရှိပါပြီဗျာ၊ အင်မတန် အလုပ်အကိုင်ကောင်းတဲ့ လူ တစ်ယောက်၊ စိုက်တဲ့ပျိုးတဲ့နေရာမှာ လက်ဆိပ်ခြေဆိပ်ကလည်း ကောင်း လိုက်တာ မပြောပါနဲ့တော့ ... အခု ဘယ်လို နေသေးသလဲ"

"မျှော်လင့်စရာ မရှိပါဘူး ဦးပန်းမောင် ..."

"ရောဂါက ဘာရောဂါလဲဗျ . . အရေပြားနာမျိုးပဲလား"

"အင်း . . ဆိုပါတော့ ။ နို့ပေမဲ့ သေသေချာချာ အမည်တပ်ဖို့ကတော့ အခဲယဉ်းသားကလား၊ ကဲ . . လာ . .လာ သူ့အခြေအနေ ကြည့်ရအောင်"

ထို့နောက် ဦးဘချိန်သည် ကျွန်ုပ်အား အခန်းတစ်ခုသို့ ခေါ်သွားရာ ထိုအခန်းမှာ အခြားရောဂါသည်များ ထားသော ခုတင်များနှင့် ခပ်လှမ်းလှမ်း ရှိနေ၍ အလွန်ချောင်ကျပြီးလျှင် အပြင်လူနာများနှင့် ထူထပ်သော လိုက်ကာ ကြီးတစ်ချပ် ခြားနေလေသည်။ အခန်းတွင်းသို့ ရောက်သောအခါ တစ်ကိုယ် လုံးစောင်များ ဖုံးလျက် အသက်ခပ်ပြင်းပြင်း ရှူနေသော ဦးမုတ်ကြီးကို တွေ့ရ

http://www.cherrythitsar.org



သဖြင့် ကျွန်ုပ်မှာ မိမိ၏လက်အောက်ငယ်သားပင် ဖြစ်သော်လည်း နှစ်နှစ်ခန့်မျှ ရင်းရင်းနှီးနှီး နေခဲ့ပြီးလျှင် အိမ်သားတစ်ယောက်ကဲ့သို့ ဖြစ်နေပြီဖြစ်သောကြောင့် မကြာမီ သူ၏ ဘဝကို စွန့်လွှတ်ရမည့်အကြောင်းကို သိရသောအခါ နှမြောဝမ်းနည်းကာ စိတ်ကို အတော်ပင် ထိခိုက်မိ၏။

ကျွန်ုပ် ဝင်လာသောအခါ ဦးမှတ်ကြီးသည် မျက်လုံးများကို ခပ်မှေးမှေး ဖွင့်လျက် ကျွန်ုပ်လာရောက်သည်ကို ဝမ်းသာသည့်အထိမ်းအမှတ်ဖြင့် မသိမသာ ပြုံးလိုက်နိုင်သေး၏။ ကျွန်ုပ်က အားပေးစကားများ ပြောသောအခါ ဦးမှတ်ကြီးက ပို၍ပြုံးကာ မိမိသေရမည့်အကြောင်းကို သိသည့်လက္ခဏာဖြင့် ဦးခေါင်းကို မသိမသာရမ်း၍ပြပြန်၏။ ဦးဘချိန်သည် လူနာ၏ကိုယ်ပေါ်တွင် ခြုံထားသော စောင်ကို ခြေရင်းဘက်မှ အတန်ငယ် လှပ်၍ပြရာ ဦးမှတ်ကြီး၏ ခြေချောင်းကလေးများမှာ သူ၏လက်များကဲ့သို့ဖြစ်၍လာသည်ကို တွေ့ရ၏။

ကျွန်ုပ်တို့သည် အခန်းထဲတွင် တာရှည်စွာမနေဘဲ ထွက်ခဲ့ကြပြီးနောက် ဦးဘချိန်၏ အလုပ်ခန်းသို့ ရောက်သောအခါ ကျွန်ုပ်က –

"သူ့ ကြည့်ရတာ စိတ်မကောင်းပါဘူးဗျာ"

"ဟုတ်တာပေါ့လေ၊ ကိုယ်နဲ့အတူနေခဲ့တဲ့လူဆိုတော့ စိတ်ကိုထိခိုက်တာပေါ့။ လောကမှာ ခင်ဗျားတို့ ကျုပ်တို့ ဒီဒုက္ခမျိုးတွေကို တစ်နေ့မတွေ့ တစ်နေ့တွေ့ရမှာချည်းပဲ မဟုတ်လား ဦးပန်းမောင်"

"ဘယ့်လောက်လောက် ခံဦးမယ် ထင်သလဲ"

"ကျုပ်စိတ်ထင် အလွန်ဆုံး နာရီ ၄၀ ပဲ ထင်တယ်။ သြော် ဒါထက် ဦးပန်းမောင်ကို ကျုပ်တစ်ခုပြောရဦးမယ်၊ ဒီရောဂါရဲ့ ဇာစ်မြစ်ကို သိချင်တဲ့အတွက် သူသေတဲ့အခါ ခွဲကြည့်ဖို့ ကျုပ်အခွင့်တောင်းပြီးပြီ။ ပြီးတော့ သူ့ကို သင်္ဂြိုဟ်ဖို့ဟာလည်း ကျုပ်ပဲ တာဝန်ယူချင်တယ် ဦးပန်းမောင်၊ ဒီရောဂါကို ကျုပ်ကိုယ်တိုင် အစအဆုံးကြည့်ပြီး အသေးစိတ် လေ့လာချင်တယ်။ ဒါကြောင့် သူ့အသုဘကို ဆေးရုံက ချတဲ့အနေမျိုးနဲ့ ကျုပ်တာဝန်ယူလိုက်မယ်။ ဘယ်နှယ့်လဲ၊ ခင်ဗျား သဘောတူရဲ့လား"

"တူပါတယ်ဗျာ . . ခင်ဗျား သဘောအတိုင်းပါပဲ။ သေမှတော့ အလောင်းကို ပြန်ယူဖို့ မလိုတော့ပါဘူး။ ပြီးတော့ ဆေးပညာသုတေသနလုပ်ဖို့ ကိစ္စအတွက်ဆိုရင် ဘာမဆို ကျုပ်ခွင့်ပြုဖို့ပဲ၊ ဆရာဝန်တစ်ယောက်အနေနဲ့ ကျုပ်ကတော့ ကူညီအားပေးရမှာပဲ"

"ကျေးဇူးတင်ပါတယ်ဗျာ"

ထို့နောက် ကျွန်ုပ်လည်း ရင်ထဲတွင် တစ်ပိဿာခန့်ရှိသော ခဲလုံးကို ဆွဲထားဘိသကဲ့သို့ လေးလံသောစိတ်ဖြင့် အိမ်သို့ပြန်ခဲ့လေ၏။

http://www.cherrythitsar.org



စနေနေ့ညနေ၌ ဦးမှတ်ကြီး သေဆုံးသွား၏။ ကျွန်ုပ်နှင့်တကွ အိမ်သားများ၊ ဒေါ်သန့်ဇင်နှင့် မိသားတစ်စုပါ ဆေးရုံသို့ သွားရောက်ကြ၏။ သို့သော် ဦးမှတ်ကြီး၏အလောင်းမှာ ထိုအချိန်တွင် ရင်ခွဲရုံသို့ ရောက်နေပြီဖြစ်၍ မတွေ့ခဲ့ရတော့ချေ။ ဦးဘချိန်နှင့်သာ စကားပြော၍ ပြန်ခဲ့ကြရလေသည်။

အင်္ဂါနေ့သို့ ရောက်သောအခါ ဦးဘချိန်ထံမှ ဦးမှတ်ကြီး၏ အလောင်းကို ခွဲစိတ်ရာတွင် တွေ့ရှိချက် မှတ်တမ်းအစီရင်ခံစာ၏ မိတ္တူကော်ပီ တစ်စောင် လက်နှိပ်စက်ဖြင့် ရိုက်ပို့လိုက်ရာ ၎င်းမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

*ရန်ကုန်ဆေးရုံကြီး*
*ဦးမှတ်ကြီး – အသက် ၅၇ နှစ်။*
*အလုပ်အကိုင် – ဥယျာဉ်မှူး။*
*ဝါးနက်ချောင်းရွာ။*

၁၉ . . .ခု၊ နိုဝင်ဘာလ ၁၃ ရက်နေ့၊ ညနေ ၃ နာရီ ၁၀ မိနစ်တွင် သေဆုံး၍ အလောင်းကို ၅း၁၅ နာရီတွင် ခွဲစိတ်သည်။ အသည်းနှလုံး ကျောက်ကပ်တို့မှာ မာကျောရင့်ရော် ခြောက်ကပ်နေသည့် အခွံမာ သစ်သီးကဲ့သို့ ရှိနေသည်။ အူမနှင့်အူသိမ်တို့မှာ အတွင်း၌စိုသော်လည်း အပြင်တစ်လျှောက်တွင် နွယ်ကြိုးကဲ့သို့ တင်း၍အစိမ်းနုရောင် ထွက်နေသည်။ အစာအိမ်မှာ ဖရဲသီးကဲ့သို့အပြင်၌ စိမ်း၍ အတွင်းတွင် ပန်းနုရောင် ဖြစ်နေသည်။ သွေးအများအပြား တွေ့ရသော နေရာများတွင် သွေး၏အစား မှိုများတွင် တွေ့ရသည့် အဖြူရည်ပျစ်ပျစ်များ တွေ့ရသည်။ အချို့ သွေးကြောကြီးများအတွင်းတွင် သစ်ပင်မှ ထွက်သော အစေးများကဲ့သို့ အဖြူရောင်ရှိသည့် အစေးများကို တွေ့ရသည်။

အရေပြားရောဂါများထဲတွင် 'နူနာ' မှာ အဆိုးရွားဆုံး ဖြစ်သော်လည်း ယခုသေသူ၏ရောဂါမှာ နူနာထက်ပင် ဆိုးရွား၍ ကူးစက်တတ်သည်ဟုလည်း ယူဆရသည်။ ဤရောဂါမျိုးကို ကျွန်ုပ်၏ လုပ်သက်နှစ်ပေါင်း ၃၀ အတွင်း မတွေ့ခဲ့ဖူးပါ။ သေသူ၏ပြောပြချက်အရ သူငယ်စဉ်က လူမရှိသော ကျွန်းတစ်ကျွန်းပေါ်တွင် အစာပြတ်သဖြင့် ဖရဲသီး၊ သခွားသီးနှင့်တူသော အရည်ရွှမ်းသည့် သစ်သီးစိမ်းတစ်လုံးကို စားခဲ့ဖူးရာ ထိုအသီးတွင် အဆိပ်ပါဟန်တူ၍ ကိုယ်အင်္ဂါတွင်းသို့ အဆိပ်ပျံ့နှံ့ခဲ့ဟန် တူသည်ဟု ယူဆရသည်။

အားလုံးခြုံ၍ကြည့်သော် ဟင်းသီးဟင်းရွက်၊ သစ်သီး၊ သစ်ဥ၊ ပန်းမန်တို့မှ အငွေ့အသက်တို့သည် အဆိပ်ဓာတ်ခံရှိနေသည့် ကိုယ်အင်္ဂါ အတွင်း

http://www.cherrythitsar.org


သို့ ဝင်ရောက်သောကြောင့် လူတစ်ကိုယ်လုံးသည် သစ်ပင်အဖြစ်သို့ ပြောင်းသွားခြင်း ဖြစ်သည်ဟု ကျွန်ုပ်ဉာဏ်မီသလောက် ယူဆသည်။

## (ပုံ) ဘချိန်
## အရေပြားရောဂါကု ဆရာဝန်ကြီး

ဦးမှတ်ကြီး၏အကြောင်းကား ဤမျှနှင့်မပြီးသေးချေ။

နောက်ရက်များ မကြာမီ ကျွန်ုပ်သည် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် နိုင်ငံခြားသို့ သွားရောက်ရလေရာ၊ နိုင်ငံခြားတွင် တစ်နှစ်နှင့် ရှစ်လမျှ ကြာခဲ့ပြီးနောက် မြန်မာပြည်သို့ ရောက်ရှိလာ၏။ ထိုအချိန်များအတွင်း ကျွန်ုပ်နှင့် ဦးဘချိန်တို့မှာ တစ်ယောက်နှင့်တစ်ယောက် မတွေ့ခဲ့ကြချေ။

ကျွန်ုပ်ပြန်လည်ရောက်ရှိလာပြီးနောက် ၁၅ ရက်ခန့်ကြာသောအခါ တစ်နေ့သော နံနက်၌ ဦးဘချိန်သည် မမျှော်လင့်ဘဲ၊ ကျွန်ုပ်အိမ်သို့ ရောက်ရှိလာပြီးလျှင် ကျွန်ုပ်နိုင်ငံခြားသို့ သွားရောက်သည့်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းကာ စကားစမြည်ပြောဆိုလျက် ရှိကြ၏။ ကျွန်ုပ်က လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံရာ ဦးဘချိန်သည် လက်ဖက်ရည်သောက်အပြီးတွင် တစ်စုံတစ်ရာကို အမှတ်ရဟန်ဖြင့် –

"ဩော် . . ဒါ့ထက် ခင်ဗျားရဲ့ ဥယျာဉ်မှူးအကြောင်း ပြောရဦးမယ်"

"အင်း ပြောစမ်းပါဦး ဦးဘချိန်၊ အလောင်းကို ခင်ဗျားပဲ သင်္ဂြိုဟ်လိုက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် . . ရောဂါက တော်တော်ထူးဆန်းတဲ့ ရောဂါပေါ့ဗျာ၊ ကျုပ်ဟာ တစ္ဆေ သရဲလည်း မကြောက်ဘူး။ မိရိုးဖလာလည်း အယူဝါဒ မရှိဘူး။ နို့ပေမဲ့ ဒီလူကြီးကိစ္စကျတော့ ခွဲစိတ်ပြီးလို့ အလောင်းကို မြှုပ်ပြီးတဲ့အခါ ကျတောင် ခေါင်းနားပန်းကြီးပြီး ကြက်သီးမွေးညင်း ထမိတယ် ဦးပန်းမောင်ရေ။ အလောင်းကို မြှုပ်ပြီးတော့ ဘာဖြစ်သလဲ သိလား။ ကြို့ကုန်းမှာ ကျုပ်ဝယ်ထားတဲ့ ခြံတစ်ခြံရှိတယ် ဦးပန်းမောင်ရဲ့။ ခြံက လူမနေပါဘူး။ ခြံစောင့်အဘိုးကြီးတစ်ယောက်ပဲ ရှိတယ်။ ဦးမှတ်ကြီးရဲ့ အလောင်းကို အဲဒီခြံရဲ့ ထောင့်တစ်ထောင့်မှာ မြှုပ်ခိုင်းလိုက်တယ်။ မြှုပ်ပြီး အပေါ်ယံမှာတော့ နေရာကို မှတ်မိအောင် အပေါ်က တစ်ထွာသာသာလောက် ထုံးစံအတိုင်း မြေပုံကလေးတစ်ခု လုပ်ထားတယ်။ ဒီလို ကျုပ်ခြံထဲမှာ မြှုပ်တာ တခြား မဟုတ်ဘူး။ သေပြီးတဲ့နောက် သူရဲ့ ခန္ဓာကိုယ်ကြီးဟာ ရောဂါရဲ့တန်ခိုးသတ္တိကြောင့် တစ်မျိုးတစ်မည်များ ပြောင်းလာဦးမလား ထင်လို့ပဲ၊ ဒါနဲ့ မြှုပ်ပြီးလို့ တစ်လလောက်ကြာတဲ့အခါ ခြံစောင့်အဘိုးကြီးက အလောင်းမြှုပ်တဲ့နေရာ ခြေရင်းဘက်ကနေပြီး

ရှားစောင်း(တဓောင်း)ပင်လို အပင်တစ်ပင်ပေါက်လာတာ တစ်တောင်လောက် ရှိပြီလို့ လာပြောတယ်။ ကျုပ်က တဓောင်းပင်ဆိုတာ ဘယ်နေရာမျိုးမဆို ပေါက်တတ်တာမျိုးပဲဗျာ . . ဘာများ ထူးဆန်းလို့လဲလို့ ပြောလွှတ်လိုက်တယ်။ ဒါနဲ့ အမှတ်တမဲ့ နေခဲ့ပြီး နောက် သုံးလလောက်ကြာတော့ ခြံစောင့်အဘိုးကြီး တစ်ခါရောက်လာပြီး ဆရာရေ၊ ကျွန်တော် ပြောတဲ့ တဓောင်းပင်ကြီးဟာ လူ တစ်ရပ်လောက် ရှိနေပြီ။ ပြီးတော့ ဒီပြင့် တဓောင်းပင်တွေလို ဆူးတွေ ဘာတွေ မရှိဘူး။ ပုံကလည်း လူကြီးတစ်ယောက်က မတ်တတ်ရပ်နေသလိုပါပဲ ဆရာ ရယ်။ ခြေထောက်နေရာ လက်နေရာ ခေါင်းနေရာတွေဟာ လူအတိုင်းပါပဲ။ ဆရာ လိုက်ကြည့်စမ်းပါဦးလို့ ပြောတော့။ ကျုပ်လည်း သူပြောတာ ထူးဆန်း တာနဲ့ လိုက်ကြည့်မိတယ် ဦးပန်းမောင်ရဲ့။ သွားကြည့်တော့ သူပြောတဲ့အတိုင်း ဟုတ်တာပဲ ဦးပန်းမောင်ရေ။ ခေါင်းနဲ့ခြေနဲ့ လက်နဲ့ သူ့နေရာနဲ့သူ ပေါက်နေ လိုက်တာ အဝေးကနေများကြည့်ရင် လူစိမ်းကြီးတစ်ယောက် မတ်တတ်ရပ်နေ သလိုပဲဗျာ၊ ကြောက်စရာကောင်းလိုက်တာ မပြောပါနဲ့တော့၊ လုံးပတ်ကလည်း မနည်းဘူး၊ တစ်ဖက်လောက်ရှိတယ်။ ဒီတော့ ကျုပ်လည်း ဦးမှတ်ကြီး မသေ ခင်က ပြောသွားတဲ့စကားတွေ သတိရပြီး အင်း . . ငါထင်တဲ့အတိုင်း သူ့ကိုယ် ဟာ ရောဂါကြောင့် လူသားကနေပြီး သစ်ပင်ဘဝကို ပြောင်းသွားတာ ဖြစ်ရ မယ်လို့ တွေးလိုက်တယ်။ ခင်ဗျားတို့ ကျုပ်တို့ရဲ့ ကိုယ်ခန္ဓာကြီးတွေဟာ သေ ပြီးတဲ့နောက် ကာဘွန်ဆိုတဲ့ မီးသွေးဓာတ်အထိ ပြောင်းသွားရမယ် မဟုတ် လားဗျ"

(ကျွန်ုပ်) "ဟုတ်တာပေါ့ဗျာ"

(ချိန်) "သစ်ပင်ပန်းပင်တွေဟာလည်း နောက်ဆုံးကျတော့ ကာဘွန် ဖြစ်ရမှာပဲ မဟုတ်လား"

"ဟုတ်တာပေါ့"

"ဒါပေမဲ့လို့ ဒီကြားထဲမှာ တစ်မျိုးတစ်မည် ပြောင်းလွဲနိုင်သေးတယ် ဆိုတာ အခုကျုပ်တို့တွေ့ရတာပဲ"

"အင်း အတော်ဆန်းတာပဲ ဦးဘချိန်"

"တောထဲမှာ တစ်ခါတစ်လေ သစ်ပင်က မြွေဖြစ်နေတာ ကျုပ်တို့ တွေ့ဖူးကြတယ်။ အဖျားက မြွေဖြစ်နေပြီ အရင်းပိုင်းကတော့ သစ်ကိုင်းပဲ ရှိ သေးတယ်။ ဒါဟာ ဟင်းသီးဟင်းရွက်ကနေပြီး အသားအဖြစ် ပြောင်းလဲတာပဲ မဟုတ်လား။ အဲဒီလို သစ်ပင်ကနေပြီး သတ္တဝါတစ်ကောင်ဖြစ်အောင် ပြောင်း လဲနိုင်ရင် သတ္တဝါတစ်ကောင်ကောင်ကနေပြီး သစ်ပင်ဖြစ်အောင်ကော ပြောင်း လဲနိုင်ရမယ် မဟုတ်လားဗျ . . အပြန်အလှန်လေ"

http://www.cherrythitsar.org


ကျွန်ုပ်သည် ဦးဘချိန် ပြောသောစကားများကို စဉ်းစားရင်း သဘော ပေါက်လာမိတော့၏။

(ကျွန်ုပ်) "ဒီတော့ ခင်ဗျား ဒီတဓောင်းပင်ကြီးကို ဘယ်လိုလုပ်သလဲ"

"ပြောပါ့မယ်ဗျာ . . ဘာလုပ်သလဲဆိုတာ သစ်ပင်ကို ကျုပ် မျက်စိ အောက်တွင်ပဲ အမြစ်ကစပြီး တူးအကြည့်ခိုင်းတယ်။ တူးကြည့်တော့ ဦးမှတ် ကြီး ထည့်တဲ့ ခေါင်းပါပေါ်လာပြီး ခြေရင်းဘက်က ကပ်ပေါက်နေတာ တွေ့ရ တာကိုး။ ခေါင်းထဲမှာလည်း ဦးမှတ်ကြီး အလောင်း မရှိတော့ဘူး။ အရိုးစု တောင် မကျန်တော့ဘူး။ ဒီတော့ ကျုပ်လည်း ထင်တဲ့အတိုင်း ဟုတ်ပြီဆိုပြီး တဓောင်းပင်ကြီးကို ဓားနဲ့အပိုင်းပိုင်းဖြတ်၊ ရေနံဆီ လောင်း မီးရှို့လိုက်တယ်။ အထဲမှာ ဘာတွေ့သလဲ သိလား"

(ကျွန်ုပ်) "ဘာတွေ့သလဲ ဦးဘချိန်"

"အထဲမှာ လူရိုးတွေရော ခေါင်းခွံရော တွေ့ရတယ်။ အလောင်းဟာ အရိုးစုဖြစ်ပြီးတဲ့နောက် အခုပေါက်လာတဲ့ တဓောင်းပင်ကြီးထဲ တဖြည်းဖြည်း ဝင်သွားတဲ့ လက္ခဏာရှိတယ်။ ပြီးတော့ အထဲမှာ တွေ့ရတဲ့ သစ်စေးတွေဟာ လည်း ဦးမှတ်ကြီး သေပြီးစ အလောင်းကို ခွဲတုန်းက တွေ့ရတဲ့ အဖြူရည်တွေ အတိုင်းပဲ"

"ဆန်းလိုက်လေဗျာ"

"ကျုပ်တို့ရဲ့ ဆေးပညာလောကမှာ ကျုပ်တို့ မြန်မာပြည်အတွက် ဒါဟာ ပထမဆုံးတွေ့ရှိတဲ့ စမ်းသပ်ချက်လို့ ဆိုရမှာပဲဗျ"

"ဟုတ်တာပေါ့ဗျာ"

❖

မှတ်ချက် ။ ။ ဆရာဝန် ဦးပန်းမောင်နှင့် ဦးဘချိန်တို့ သုတေသန မှတ်တမ်းမှ ကောက်နုတ်ဖော်ပြသည်။ (စာရေးသူ)

# ကျားသစ်မေတ္တာ

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ တစ်နှစ်ခန့်က ကျွန်ုပ်သည် ပြည်မြို့သို့ ရောက်ရှိလာသော 'ဟင်မဆင်' ဆပ်ကပ်ပွဲသို့ အိမ်သူ အိမ်သားများမပါဘဲ တစ်ယောက်တည်း သွားရောက်ကြည့်ရှုမိ၏။ ထိုဆပ်ကပ်မှာ အနောက်တိုင်း ဆပ်ကပ်ဖြစ်သော်လည်း အာရှအရှေ့တောင်ပိုင်းရှိနိုင်ငံများတွင် အလွန်နာမည် ကျော်ကြား၍ ဘားကျွမ်းအမျိုးမျိုးသာမက တိရစ္ဆာန်ရိုင်းများကိုပင် ယဉ်ကျေး အောင် သင်ကြားပြသထားသည့်အခန်း သုံးလေးခန်း ပါဝင်လေသည်။

ညဉ့် ၉ နာရီတိတိတွင် ဆပ်ကပ်ပွဲစ၍ ဘားကျွမ်းများ၊ စက်ဘီးစီး ခြင်း၊ ကြိုးတန်းလျှောက်ခြင်း၊ ကောင်းကင်ဘားကစားခြင်း၊ ပေ ၃၀ ခန့် အမြင့် ရှိသည့် ကြိုးတန်းပေါ်တွင် ဆိုင်ကယ်စီးခြင်း စသည်တို့ကို ရှေ့ပိုင်းတွင် ပြသပြီး နောက် ၁၀ နာရီခွဲဘာသာလောက်တွင် တိရစ္ဆာန်ရိုင်းများကို ပြသသည့်အခန်း များ စတော့၏။ ဤအခန်းတွင် ပထမ မျောက်များ စားပွဲထိုင်ခြင်း၊ ကခြင်း ခုန်ခြင်းများ၊ ဒုတိယ မြင်းလိမ္မာများနှင့် ဆင်လိမ္မာများ၊ တတိယ အာဖရိက ခြင်္သေ့ကြီးတစ်ကောင်၏ ပါးစပ်အတွင်းသို့ သခင်ဖြစ်သူက ဦးခေါင်းလျှိုပြခြင်း အခန်းများ ပြီးသွားသောအခါ နောက်ဆုံးတွင် ဆပ်ကပ်မန်နေဂျာ ထွက်လာပြီး ပရိသတ်များအား နှုတ်ဆက်၏။ ၎င်းက "ယခု နောက်ဆုံးပြသမည့် အခန်းမှာ ကျားသစ်မတစ်ကောင်အား သခင်ဖြစ်သူက အမဲသားတုံးကို ပါးစပ်နှင့် ကိုက် ပြီးလျှင် နှုတ်ခမ်းချင်းကပ်၍ အစားကျွေးမည့်အခန်း ဖြစ်ကြောင်း၊ ထိုအခန်း မှာ မျက်မြင်အားဖြင့် မထူးဆန်းလှသော်လည်း အိန္ဒိယပြည်၊ ဘင်္ဂလားနယ်

http://www.cherrythitsar.org



တောနက်ထဲမှ ဖမ်းဆီးရမိခဲ့သည့် ဤမျှလောက် ရိုင်းစိုင်းသော ကျားသစ်မ တစ်ကောင်အား ယခုကဲ့သို့ ယဉ်ပါး၍ နားလည်လာအောင် တစ်နှစ်ကျော်မျှ စွန့်စွန့်စားစား လေ့ကျင့်ယူခဲ့ရကြောင်း၊ ကျားသစ်ဟူသော သတ္တဝါမှာ ယဉ်ပါးလာရန် အလွန်ခဲယဉ်းကြောင်း၊ ပထမတွင် ၎င်းက ပုတ်ခတ်မည့်ဘေးရန်ကို ကြောက်ရွံ့သဖြင့် အစာကျွေးမည့်လူသည် မိမိကိုယ်ကို မိမိကာကွယ်ရန် ခိုင်ခံသော ကြေးမျက်နှာဖုံးတစ်ခုကို မျက်နှာတွင် စွပ်၍ စမ်းသပ်ခဲ့ရပြီးနောက် မိမိအား မည်သို့မျှ ရန်မမူသည်ကို ကောင်းစွာ စိတ်ချရသောအခါမှ ယခုကဲ့သို့ ပြုလုပ်ဝံ့ကြောင်း” စသည်ဖြင့် ပြောကြားကာ ကျားသစ် ပြမည့် ဆရာအား ပရိသတ်နှင့် မိတ်ဆက်ပေး၏။

ထိုအခန်းကို စတင်ပြသရာ ရွှေရောင်ကြယ်သီးများနှင့် အနီရောင် ကတ္တီပါကုတ်အင်္ကျီကို ဝတ်ဆင်ထားသည့် ကျားသစ်ဆရာသည် လက်ထဲတွင် ကျာပွတ်တစ်ချောင်းကိုကိုင်ကာ လှောင်အိမ်အတွင်းမှ ကျားသစ်ကို ထုတ်ယူပြီးနောက် ခုံတစ်ခုံပေါ်တွင် ၎င်းအား ဆောင့်ကြောင့်ထိုင်စေ၏။ လှောင်အိမ်မှ ထုတ်၍ အပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ကျားသစ်သည် မာန်ဖီ၍ ဟိန်းလျက်ရှိရာ သခင်က ကျာပွတ်သံ ပေးလိုက်တိုင်း တွန့်၍တွန့်၍ သွားသည်ကို မြင်ရ၏။ ကျာပွတ်သံ ရပ်သွားသောအခါ ဆရာဖြစ်သူသည် ကျာပွတ်ကို လက်ဝဲဘက်လက်သို့ ပြောင်း၍ကိုင်လိုက်ပြီးနောက် ကျားသစ်၏ ရှေ့တည့်တည့် လေးပေခန့်အကွာသို့ လျှောက်လာကာ ကျားသစ်၏မျက်နှာကို စေ့စေ့ကြည့်ရင်း နှုတ်ကလည်း “သမီးသမီး” ဟု ရေရွတ်လျက်ရှိ၏။ ၎င်းနောက် လက်ယာဘက်လက်ဖြင့် ကျားသစ်၏ဦးခေါင်းနှင့် လည်ပင်းကို ယုယစွာ ပွတ်သပ်ပေးရာ ကျားသစ်မမှာ ဦးခေါင်းကို အတန်ငယ်မော့၍ တစ်ကြိမ်နှစ်ကြိမ်မျှ သမ်းဝေလိုက်၏။ ဆရာကလည်း “သမီးရေ သမီး၊ မင်းကို အဖေ အစာကျွေးမယ်နော်။ ကောင်းကောင်းစား” ဟု ဟိန္ဒူစတန်နီ ဘာသာဖြင့် ရေရွတ်ပြောဆိုလိုက်၏။ ထိုအခါ ကျားသစ်၏ မျက်နှာမှာ ခက်ထန်သည့် အမူအရာဟူ၍ တစ်စုံတစ်ရာမရှိတော့ဘဲ မျက်လုံးများကို ခပ်မှေးမှေးထားကာ ကြောင်ကြီးတစ်ကောင်ကဲ့သို့ပင် ငြိမ်သက်စွာရှိနေတော့၏။

ကျားသစ်ဆရာသည် တစ်ဖက်မှ စက္ကူဖြင့်ညှပ်ထားသည့် အမဲသားတုံးကို ပါးစပ်ဖြင့် ကိုက်ပြီးလျှင် ရှေ့သို့ တဖြည်းဖြည်း တိုးလာပြီးနောက် ကျားသစ်မ၏ နှုတ်ခမ်းဖျားနှင့် မထိတထိကပ်လိုက်၏။ သို့ရှိစဉ် ကျားသစ်မသည် မျက်လုံးများ မှေးလျက်ရှိရာမှ အတန်ငယ်ပွင့်လာပြီးလျှင် အသားတုံးကို သခင်၏ပါးစပ်မှ အသာအယာကိုက်၍ ဆွဲယူလိုက်လေသည်။ ထိုအခါ လက်ခုပ်သံများလည်း တစ်ရုံးလုံးဆူညံ၍ သွားတော့၏။

http://www.cherrythitsar.org



ကျားသစ်မ၏ ပါးစပ်တွင်းသို့ အသားတုံး ရောက်သွားသည်နှင့် တစ်ပြိုင်နက် ကျားသစ်ဆရာသည် လျင်မြန်စွာ နောက်သို့ဆုတ်လိုက်ပြီးနောက် ကျာပွတ်ကိုလေထဲတွင် တစ်ချက်ဖွေ့ယမ်းကာ ဖြန်းခနဲ အသံပေးလိုက်၏။ ဤသို့ အသံပေးလိုက်သည်နှင့် တစ်ပြိုင်နက် ကျားသစ်သည် ကျယ်လောင်စွာ တစ်ချက်ဟိန်းလိုက်ပြီးနောက် ထိုင်နေသောခုံပေါ်မှ လှောင်ချိုင့်အတွင်းသို့ လွှားခနဲ ခုန်၍ဝင်သွားလေသည်။

လက်ခုပ်သံများစဲသွားပြီးနောက် ကျွန်ုပ်၏ လက်ဝဲဘက်တွင် ထိုင်နေသော အမျိုးသမီးတစ်ယောက်က သူ၏အဖော်အား ပြောသလိုလိုနှင့် ကျွန်ုပ်ဘက်သို့ လှည့်၍ . . .

"သိပ်အံ့ဩစရာကောင်းတာပဲနော်၊ ကျားသစ်ကို သူတို့ ဘိန်းများ ကျွေးထားသလား မပြောတတ်ဘူး။ ကျွန်မ ကြားဖူးတာကတော့ ကျားသစ်ဆိုတဲ့ အကောင်မျိုးဟာ ဘယ်တော့မှ သင်လို့မရဘူးလို့ ကြားဖူးတယ်"

ကျွန်ုပ်မျက်နှာကို မရဲတရဲ ကြည့်ပြောနေသဖြင့် ကျွန်ုပ်ကလည်း စကားကို အထိုက်အလိုက် ပြန်၍ပြောရတော့၏။

"မဟုတ်ပါဘူးဗျာ၊ တတ်အောင်သင်ရင် ဘယ်သတ္တဝါမျိုးမဆို ရနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူလိုစကားမပြောတတ်ပေမယ့် တိရစ္ဆာန်များမှာ အသိဉာဏ်တော့ နည်းနည်းပါးပါး ရှိပါတယ်။ ဒါတွင် မကသေးဘူး။ သူတို့မှာ ဒေါသစိတ်ရှိသလို မေတ္တာစိတ်၊ ကရုဏာစိတ်လည်း ရှိပါတယ်"

"သူ့ကလေးတွေကို နို့တိုက်တဲ့ မေတ္တာစိတ်မျိုးလား၊ ဒါတော့ ဘယ်သတ္တဝါမျိုးမဆို ရှိကြမှာပေါ့ရှင်၊ သဘာဝပဲ"

"ဒါလည်း ဟုတ်ပါတယ်။ နို့ပေမဲ့ ကျွန်တော်ပြောတာက သူတို့ သတ္တဝါ အမျိုးတူ အချင်းချင်းသာ မဟုတ်ဘူး၊ လူသားများအပေါ်မှာတောင် လေ့ကျင့်ပေးထားရင် ရနိုင်တယ်လို့ ကျွန်တော်ကြားဖူးပါတယ်"

"ကျွန်မတော့ မယုံပေါင်ရှင်၊ ဘယ်လောက်ပဲ လေ့ကျင့်ပေးပေး ကျားတို့၊ ကျားသစ်တို့၊ ခြင်္သေ့တို့ဆိုတဲ့ အကောင်မျိုးတွေက လူသားတစ်ယောက်အပေါ်မှာ မေတ္တာစိတ်ထားနိုင်တယ်ဆိုတာ ကျွန်မတော့ ဘယ်နည်းနဲ့မှ မယုံဘူး"

"မယုံမရှိနဲ့ ညီမ၊ ကျုပ်က ကိုယ်တွေ့ကိုယ်တွေ့"ဟု ပြောသံကြားလိုက်ရသဖြင့် ကျွန်တော်တို့ နှစ်ယောက်စလုံးပင် အသံကြားရာဘက်သို့ လှည့်ကြည့်လိုက်ရာ ကျွန်ုပ်၏ လက်ယာဘက် ကပ်လျက်ရှိသော ကုလားထိုင်၌ ထိုင်နေသည့် အသက် ၅၀ ကျော်ခန့် ချိုင်းထောက်နှင့် လူကြီးတစ်ယောက်ကို တွေ့မြင်ရသဖြင့် ကျွန်ုပ်တို့နှစ်ယောက်စလုံးပင် အံ့အားသင့်၍ နေမိ၏။

လူကြီးမှာ ကာကီရောင် ရုပ်အင်္ကျီနှင့် ကက်ဦးထုပ်၊ ဘောင်းဘီရှည်၊ ရှူးဖိနပ် စသည်တို့ဖြင့် စစ်သားတစ်ယောက်ကဲ့သို့ ခံ့ညားသိုက်မြိုက်စွာ ဝတ်ဆင်ထားသည်ကိုတွေ့ရ၏။

လူကြီးသည် ကျွန်ုပ်နှင့် အမျိုးသမီးအား ကြည့်လျက် –

"ဒီဆရာကြီးပြောတာ မှန်တယ် ညီမရဲ့၊ ကျားသစ်ဟာ ဘယ်လောက်ရိုင်းတဲ့ သတ္တဝါပဲဆိုဆို သူတို့မှာ သူတို့သတ္တဝါအချင်းချင်းသာ မဟုတ်ဘူး၊ လူသားတစ်ယောက်အပေါ်မှာ မေတ္တာစိတ်ရှိနိုင်တယ်။ ကရုဏာစိတ်လည်း ရှိနိုင်တယ်။ မနာလိုစိတ်တို့ ဝန်တိုမစ္ဆရိယစိတ်တို့လည်း ရှိနိုင်တယ်။ ပြောရစေတော့ လိင်စိတ်တောင် ရှိနိုင်တယ်။ အခု ပြောနေတာ အစ်ကိုကြီးက စာတွေ့မဟုတ်ဘူး လက်တွေ့၊ ဒါကြောင့် ပြောနေတာ"

ထိုအခါ အမျိုးသမီးက မည်ကဲ့သို့ တွေ့ဖူးကြောင်း ပြောပြရန် တောင်းပန်ရာ ကျွန်ုပ်ကလည်း သူ၏အဖြစ်အပျက်ကို ပြောပြရန် တိုက်တွန်းမိလေသည်။ သို့သော် ထိုအချိန်တွင် ကျားနှစ်ကောင်ကို အမျိုးသမီး နှစ်ယောက်က နားရွက်ဆွဲ၍ စီးပြသော နောက်ဆုံးအခန်းသို့ ရောက်လာသဖြင့် ကျွန်ုပ်တို့လည်း ဉာဏ်နေရာတွင် စကားစပြတ်သွားလေသည်။

ဆပ်ကပ်ပွဲပြီးသည့်နောက် အပြင်သို့ ထွက်လာကြရာ ကျွန်ုပ်တို့ ကြည့်သောအတန်းမှာ ဒုတိယတန်းဖြစ်သဖြင့် အခြားအောက်တန်းများကဲ့သို့ လူများတိုးဝှေ့ခြင်း မရှိလှဘဲ သက်သောင့်သက်သာ ထွက်လာနိုင်ခဲ့၏။ ကျွန်ုပ်အား ပထမ စ၍ စကားပြောသော အမျိုးသမီးမှာ ရှေ့မှ ထွက်သွားနှင့်ပြီဖြစ်၍ ကျွန်ုပ်နှင့် ချိုင်းထောက်နှင့်ဆရာကြီး နှစ်ယောက်သာ နောက်ခပ်လှမ်းလှမ်းမှ စကားတပြောပြောနှင့် ရုံပြင်သို့ ထွက်လာခဲ့ကြ၏။ ဆပ်ကပ်ပွဲပြီးခါနီးတွင် စကားစပ်မိ၍ ဆွေးနွေးခဲ့ကြသော ကျားသစ်နှင့်လူသားတို့ တစ်ဦးနှင့်တစ်ဦး မေတ္တာဆက်သွယ် ဖလှယ်နိုင်ခြင်း ကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်မှာ အတော်ပင် စိတ်ဝင်စားလျက်ရှိရာ ချိုင်းထောက်ကြီး တွေ့ကြုံခဲ့ဖူးသည်ဆိုသော အဖြစ်အပျက်ကို အလွန်ပင် နားထောင်လိုစိတ်ရှိနေခဲ့၏။ သို့နှင့် ၎င်းအား အသိအကျွမ်းဖွဲ့ကာ အိမ်သို့မပြန်သေးဘဲ ပွဲစားလမ်းတစ်လျှောက် လမ်းမတော် ညဈေးတန်းဘက်သို့ အစားအသောက် တစ်စုံတစ်ရာ စားသောက်ရန် ၎င်းအား ခေါ်လာခဲ့၏။ ချိုင်းထောက်ကြီးမှာ ပထမ ကမ္ဘာစစ်ကြီးအတွင်းက စစ်ထဲသို့ လိုက်ပါခဲ့ပြီးလျှင် သာမန်စစ်သားဘဝမှ ဆူဗေဒါအဖြစ်သို့ ချီးမြှင့်ခြင်းခံရပြီးလျှင် နှစ်နှစ်ကျော်ကျော်မျှ အာရေဗျနိုင်ငံ 'မက်ဆိုပိုတေးမီးယား' စစ်မြေပြင်တွင် အင်္ဂလိပ်များဘက်မှနေ၍ နေရာအနှံ့အပြားတွင် ရှေ့တန်းမှပါဝင် တိုက်ခိုက်ခဲ့ဖူး၏။ သာယာဝတီနယ်သား တစ်ယောက်ဖြစ်ပြီး သူ၏ အမည်မှာ ကိုအံ့ကြီးဟု

http://www.cherrythitsar.org



ခေါ်၍ ၁၉၁၅ ခုနှစ်တွင် ပြည်မြို့အရေးပိုင်၏ အမိန့်ဖြင့် စစ်သားများ စုဆောင်းလျက်ရှိရာ ထိုအချိန်က ကိုအံ့ကြီးမှာ ပြည်မြို့၌ အလုပ်အကိုင်ရှာဖွေနေသည့် အခိုက်နှင့် ကြုံကြိုက်နေသဖြင့် စစ်ထဲသို့ လိုက်ပါသွားခဲ့သူဖြစ်လေသည်။

ကိုအံ့ကြီးမှာ အင်္ဂလိပ်စာ လေးတန်းမျှသာ အောင်မြင်ခဲ့သူဖြစ်၏။ ခေတ်ပညာပင်မတတ်လှဟု ဆိုရသော်လည်း ကာယဗလအားဖြင့် တောင့်တင်းခိုင်မာသူ တစ်ယောက်ဖြစ်၍ သာမန်ကျေးတောသား တစ်ယောက်ပင် ဖြစ်သော်လည်း အင်္ဂလိပ်လက်ဝှေ့၊ မြန်မာလက်ဝှေ့များကို နိုင်နင်း ကျွမ်းကျင်စွာ တတ်ပြီးလျှင် ဓားခုတ်လှံထိုးနှင့် သိုင်းအတတ်များကိုလည်း ကောင်းစွာတတ်မြောက်သူဖြစ်၏။ အရပ် ၅ ပေ၊ ၁၀ လက်မ မြင့်ပြီးလျှင် ကျစ်လျစ်တောင့်တင်းသော ကိုယ်လုံးကိုယ်ပေါက်နှင့်လည်း ပြည့်စုံသူတစ်ယောက် ဖြစ်လေသည်။ အထက်ပါ အရည်အချင်းများကြောင့်လည်း စစ်မြေပြင်သို့ရောက်၍ ခြောက်လခန့်အကြာတွင် ၎င်းတို့ စစ်တပ်ကို အုပ်ချုပ်သူ ဗိုလ်မှူး(မေဂျာ)၏ အသိအမှတ်ပြုခြင်းကိုခံရပြီးလျှင် ထိုအချိန်မှစ၍ တဖြည်းဖြည်း ရာထူးတိုးတက်လာကာ နောက်ဆုံး ဆူဗေဒါအဖြစ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်လေသည်။

ပွဲစားတန်းနှင့် လမ်းမတော်ထောင့်ရှိ တရုတ်ပျော်ပွဲစားရုံသို့ ရောက်သောအခါ ကျွန်ုပ်လည်း အခန်းတစ်ခုကိုယူပြီးလျှင် ဘီယာ နှစ်ပုလင်းနှင့် အကြော်နှစ်ခွက်ကိုမှာလိုက်၏။ ဆူဗေဒါ ကိုအံ့ကြီးမှာ ဘီယာ တစ်ဖန်ခွက်ကို ခပ်မြန်မြန်သောက်ချလိုက်ပြီးနောက် အကြော်များကို ခပ်သွက်သွက် စားလျက်ရှိလေရာ အတော်ပင် ဆာလောင်၍နေကြောင်း ထင်ရှားနေ၏။ ၎င်းမှာ အတန်ငယ် နှုတ်ဆိတ်သူတစ်ယောက် ဖြစ်ကြောင်းသိရ၍ ကျွန်ုပ်ကပင် စကားစပြီးနောက် –

"ဩော် . . ဒါထက် နောင်ကြီးမှာ ပင်စင်ကလေး ဘာလေးတော့ရရဲ့မဟုတ်လား"

"ရတော့ ရပါတယ် မိတ်ဆွေ၊ နို့ပေမဲ့ ငွေကလေး မဖြစ်စလောက် လေးငါးဆယ်နဲ့ ဘာလုပ်ရမှာလဲဗျ။ ထို . . ကန်တော့ပါရဲ့ဗျာ ရှေ့တန်းကဝင်ပြီး သုံးလေးခါတိုက်လို့ ခြေထောက်တစ်ဖက် ဖြတ်ပစ်ရ တဲ့လူကို မစွမ်းမသန် ပင်စင်ကလေးဒီလောက်နဲ့ ဘာလုပ်ဦးမှာလဲဗျ။ သူတို့ အင်္ဂလိပ်စစ်သားတစ်ယောက် ဒဏ်ရာရပြီး မတိုက်နိုင်လို့ စစ်တပ်က ထွက်တဲ့အခါ အနည်းဆုံး နှစ်ရာ လောက်ရတယ်။ ဆူဗေဒါဆိုရင် သုံးရာ သုံးရာ့ငါးဆယ်ထက် မနည်းဘူး။ လက်ဖတင်နင်ဆိုရင် လေးရာ လေးရာကျော်ရတယ်။ ကျုပ်တို့မြန်မာတွေကိုတော့ သူတို့က နွားလောက် ထင်သလား မပြောတတ်ပါဘူးဗျာ"

"ကဲလေ . . . သောက်စမ်းပါဦး"

http://www.cherrythitsar.org



ကျွန်ုပ်သည် ၎င်း၏ဖန်ခွက်ထဲသို့ ဘီယာများထပ်မံ ဖြည့်ပေးပြီးလျှင် အကြော်ပန်းကန်ကိုလည်း ၎င်း၏အနီးသို့ တိုးပေးလိုက်၏။

ကိုအံ့ကြီးသည် အကြော်များကို မြိန်ရှက်စွာစားသောက်ပြီးနောက်–

"ကျုပ်က သဲကန္တာရထဲမှာတောင် လိုက်ပြီးတိုက်ရတဲ့လူဗျ၊ တစ်ခါက လည်း အာရပ်တွေက မိသွားတာ ကံကောင်းလို့ မသေတာပေါ့ဗျာ၊ သြော် .. ဒါထက် ဆပ်ကပ်ကြည့်နေတုန်းက ကျားသစ်အကြောင်း ကျုပ်ကိုယ်တွေ့ ပြောမယ်ဆိုတာ အဲဒီတုန်းကပေါ့ မိတ်ဆွေ၊ ဒါထက် ခင်ဗျား နာမည်လည်း ကျုပ်မသိရသေးဘူး"

"ကျွန်တော့် နာမည်က ကိုတင်မောင်တဲ့ဗျ"

"ခင်ဗျားက ဘာအလုပ်လုပ်သလဲ"

"ကျွန်တော်က သတင်းထောက် လုပ်တယ်။ ဆောင်းပါးကလေး၊ ဝတ္ထုကလေးရေးတယ်။ ဒါကြောင့် နောင်ကြီး ပြောမယ်ဆိုတဲ့ ကိုယ်တွေ့ အဖြစ်အပျက်ကလေး ကျွန်တော် သိချင်တာပေါ့ဗျာ၊ ကျွန်တော်က ဒီလို ထူးထူးဆန်းဆန်း တွေ့ဖူးကြုံဖူးခဲ့တဲ့ လူတွေပြောတာ အင်မတန် နားထောင်ချင်တဲ့ ဝါသနာ ရှိတယ် နောင်ကြီးရဲ့"

"သြော် . . ဒီလိုလား၊ ဒါထက် ကျားတို့ ကျားသစ်တို့လို လူသား ကိုစားတဲ့ သတ္တဝါတွေဟာ လူသားတစ်ယောက်အပေါ်မှာ ချစ်ခင်တဲ့ မေတ္တာ စိတ်ရှိတယ်။ သက်ညှာတဲ့ ကရုဏာစိတ်ရှိတယ်။ ဖိုနဲ့မ တွေ့တဲ့အခါ လိင်စိတ် များတောင် ရှိတယ်ဆိုတာ ကိုတင်မောင် ယုံသလား"

"ယုံတယ်လို့တော့ မဟုတ်ပါဘူး နောင်ကြီးရယ်၊ နို့ပေမဲ့ စာအုပ်ထဲ ဘာထဲ ဖတ်ရတော့ တိရစ္ဆာန်များဟာ သူတို့အချင်းချင်းအပေါ်မှာသာ မဟုတ် ဘူး။ လူသားများ အပေါ်မှာတောင် ဒီလိုစိတ်မျိုးတွေ ထားတတ်တဲ့ သဘာဝ ရှိတယ်ဆိုတာ ကျွန်တော် ဖတ်ဖူးလို့ ပြောနေတာပါ"

"ဟုတ်တာပေါ့ ကိုတင်မောင်၊ ကျုပ်က ကိုယ်တွေ့ပဲ၊ ကျုပ်စစ်ထဲ လိုက်သွားတုန်းက တွေ့ခဲ့တဲ့ အဖြစ်အပျက်ပေါ့၊ မက်ဆိုပိုတေးမီးယားနယ် အနောက်မြောက်ပိုင်း အာရေဗျသဲကန္တာရတပ်စခန်း တစ်နေရာမှာ အာရပ်တွေနဲ့ တိုက်စဉ်က တွေ့ခဲ့တဲ့ အတွေ့အကြုံကလေးပဲ၊ ဖြစ်ပျက်ခဲ့တာက ၁၉၁၇ ခုနှစ် မှာ ဖြစ်ပျက်ခဲ့တယ်။ အခု ၁၉၄၁ ဆိုတော့ ၂၄ နှစ်ရှိပြီ၊ အင်း ... နှစ်ပေါင်း အစိတ်လောက်တောင်ကြာပြီဆိုတော့ မေ့မယ်ဆို မေ့လောက်ပြီပေါ့ဗျာ၊ ဒါပေမဲ့ ဒီကျားသစ်အကြောင်းကိုတော့ ကျုပ် ဘယ်တော့မှ မမေ့နိုင်ဘူး။ သေတဲ့နေ့ အထိ မမေ့နိုင်ဘူးဗျာ၊ ကျုပ်စိတ်ထဲမှာ တစ်ခါတည်း စွဲနေတော့တာပဲ"

"ကဲ . . ပြောစမ်းပါဦး နောင်ကြီး"

http://www.cherrythitsar.org



"ကျုပ်တို့စစ်တပ်ဟာ ဘက္ကဂဒက်နဲ့ ခြောက်မိုင်လောက်ဝေးတဲ့ ရွာကလေးတစ်ရွာမှာ စခန်းချနေရာက ကျုပ်ပါတဲ့တပ်စိတ်ကလေးဟာ သဲကန္တာရနဲ့ ရွာတွေကြားမှာ ရှိတဲ့တောစပ်မှာ ကင်းလှည့်ရတယ်။ ဒီနေရာမှာ အင်္ဂလိပ်တွေကို ခုခံပြီး တိုက်နေတဲ့ လူမျိုးတွေက 'မန်ဂရာဗင်'လို့ ခေါ် တယ်။ သူတို့ဟာ တိုင်းပြည်ကို ဒီလောက်ချစ်လှလို့ တိုက်ခိုက်နေတာ မဟုတ်ဘူးဗျ။ ရန်သူက ငွေနဲ့ လက်နက်ပေးလို့ မလွဲသာဘဲ တိုက်နေကြရတာ၊ အမှန်တော့ သဲကန္တာရထဲမှာ ဖြတ်သန်းလာတဲ့ ခရီးသည်တွေကို လုယက်တိုက်ခိုက်တဲ့ ဓားပြတွေပဲ။ အရပ်ထောင်ထောင် မောင်းမောင်းနဲ့ အမွေးအမှင်ထူထပ်ပြီး အင်မတန် ကြောက်စရာကောင်းတဲ့ လူမျိုးတွေပေါ့ဗျာ။ မြင်းစီးတဲ့နေရာ၊ ကုလားအုပ်စီးတဲ့ နေရာမှာ အင်မတန် ကျွမ်းကျင်ပြီး သဲကန္တာရထဲမှာရှိတဲ့ စစ်စခန်းတွေကိုလည်း အကုန်သိတယ်။ ဒါနဲ့ ကျုပ်နဲ့အတူ စစ်သား ၁၀ ယောက်ပါတဲ့ တပ်စိတ်ကလေးဟာ အခုတင်က တောထဲကင်းလှည့်နေရာမှာ ရုတ်တရက် အဖမ်းခံလိုက်ရတာပဲ။ ညဥ့်အချိန်လည်းဖြစ်ပြန် လမ်းဆိုလို့လည်း ဘယ်နေရာမှမရှိတဲ့ နေရာဖြစ်ပြန်ဆိုတော့ ကျုပ်တို့မှာ မြေပုံကိုသာ အားပြုပြီး ခရီးသွားရတော့ ဘယ်နေရာမဆို သူတို့က တပန်းသာနေတာပေါ့။ ကျုပ်တို့ဘက်က လူ ၁၀ ယောက်လောက်ရှိတယ်။ သူတို့ဘက်က လူ ၆၀ ထက် မနည်းဘူး။ လက်နက်ကလည်း ကျုပ်တို့မှာ ရိုင်ဖယ်တစ်လက်စီလောက်ပါတာ၊ သူတို့ဘက်က ကာဘိုင် ၁၀ လက်နဲ့ တော်မီဂန်း နှစ်လက်ပါတယ်။ ဒီတော့ ကျုပ်တို့ လက်နက်ချလိုက်ရတာပေါ့"

"အင်း ပြောပါဦး"

"ကျုပ်တို့ကိုဖမ်းပြီး မြစ်တစ်ဖက်ကမ်းကို ခေါ်သွားတယ်။ မြစ်ဆိုပေမဲ့ သဲကန္တာရထဲမှာဆိုတော့ ချောင်းကလေးတစ်ချောင်း သာသာလောက်ပဲရှိတာပေါ့ဗျာ။ ဒါနဲ့ သူတို့ဟာ ကျုပ်တို့ အင်္ဂလိပ်တပ်ရင်းကြီးနဲ့ ဝေးသည်ထက်ဝေးအောင် ခေါ်သွားတော့တာပဲ။ တစ်နေ့လုံး ကျုပ်တို့ သွားရပြီး ညကျမှပဲ နားရတော့တယ်။ စခန်းချတဲ့ နေရာကတော့ စွန်ပလွံပင်တွေ အတော်များများပေါက်ပြီး ရေတွင်းကလေးတစ်တွင်းလည်း ရှိတယ်ဗျ၊ ပြီးတော့ ဒီနေရာမှာ သူတို့အရင်က ကြိုတင်ပြီး ဝှက်ထားတဲ့ စားရေရိက္ခာတွေလည်း ရှိတယ်။ ဒါနဲ့ စခန်းချတဲ့အခါမှာ ကျုပ်တို့တစ်တွေကို အသာထားပြီး စွန်ပလွံသီးတွေ အလျှံပယ်စား၊ အရက်တွေကိုလည်း ဗိုက်ကားအောင် သောက်ပြီး မူးမူးနဲ့ အိပ်ပါလေရောဗျာ၊ ဒါနဲ့ ကျုပ်ကိုတော့ တခြားစစ်သားတွေနဲ့ ခွဲပြီး သစ်ပင်တစ်ပင်မှာ ကြိုးနဲ့ချည်ထားတယ်ဗျ၊ ညသန်းခေါင်ကျော်လောက်ကျတော့ အစောင့်ကျတဲ့ သူတို့ စန္ဒလီနှစ်ယောက်တောင် ကျုပ်နဲ့အတော် ခပ်လှမ်းလှမ်း တစ်

http://www.cherrythitsar.org



နေရာမှာ သစ်ပင်တစ်ပင်မှီပြီး အိပ်နေတာတွေ့ရတယ်။ ဒါနဲ့ ကျုပ်လည်း ကျုပ်နဲ့ အနီးဆုံးနေရာမှာ ချည်ထားတဲ့ မြင်းတစ်ကောင်ရဲ့ ဝမ်းဗိုက်ကြိုးမှာ ချိတ်ထားတဲ့ ဓားကောက်တစ်ခုကို ခြေမနဲ့ညှပ်ပြီး မရရအောင် ဖြုတ်တော့ရလာတာပဲဗျို့၊ လူဆိုတာ အသက်ဘေးနဲ့ ကျဉ်းထဲ ကျပ်ထဲ တွေ့ရတဲ့အခါမှာ ဉာဏ်လည်း ပိုရှင်တယ်။ ခွန်အားလည်း ပိုရှိလာတယ်ဆိုတာ အမှန်ပဲ ကိုတင်မောင်ရေ့"

"ဟုတ်တာပေါ့ ခင်ဗျာ"

"ဒါနဲ့ ကျုပ်လည်း အဲဒီဓားကောက်ကို ခြေမနဲ့ ညှပ်ယူ၊ အနားရောက်လာတော့ ဓားသွားကို အပေါ်ထောင်၊ အရိုးကိုခြေနဲ့ မရွေ့အောင် နင်းထားပြီး လက်နှစ်ဖက်မှာ ချည်ထားတဲ့ အုန်းဆံကြိုးကို ဖြတ်တော့တာပဲဗျို့၊ ၁၅ မိနစ်လောက်ကြာတော့ လက်ဝဲဘက်မှာရှိတဲ့ ကြိုးဟာ ပြတ်သွားပြီးနောက် နှစ်မိနစ်လောက်ကြာတဲ့အခါမှာ အားလုံးကြိုးတွေ ပြတ်သွားပြီး အနှောင်အဖွဲ့က လုံးလုံးလွတ်ပါလေရော၊ ဒီလိုလွတ်တယ်ဆိုရင်ပဲ ဓားကောက်ကို မြင်းရဲ့ ဝမ်းဗိုက်ကြိုးချိတ်မှာ ပြန်တပ်၊ ကျုပ်နဲ့ မလှမ်းမကမ်းမှာ အိပ်ပျော်နေတဲ့ အာရပ်တစ်ယောက်ရဲ့ ရိုင်ဖယ်နဲ့ ဓားမြှောင်တစ်လက်ကို ဆွဲယူပြီး အဲဒီမြင်းရဲ့ နံဘေးမှာပဲ အသာချိတ်ထားလိုက်တယ်။ သဲကန္တာရကို ဖြတ်ပြီးပြေးရမယ်ဆိုတော့ စားနပ်ရိက္ခာနဲ့ ရေဘူးမပါရင် မဖြစ်သေးဘူးဗျ၊ ဒါနဲ့ ကျုပ်လည်း မှောင်မိုက်ထဲမှာ အိပ်ပျော်နေတဲ့ စစ်သားတစ်ယောက်အနားမှာချထားတဲ့ စွံပလွန်သီးအိတ်ကလေး တစ်အိတ်နဲ့ ရေဘူးကို ခိုးယူခဲ့ပြီး မြင်းပေါ်ကို လွှားခနဲ ခုန်တက်လိုက်တာပဲဗျို့"

"လုပ်လည်း လုပ်ဝံ့ပေရဲ့ဗျာ"

"မြင်းပေါ်လည်း ရောက်ရော ကျုပ်တို့ အင်္ဂလိပ်စစ်တပ် ရှိလောက်မယ့် နေရာမှန်းပြီး တစ်ခါတည်း ဒုန်းစိုင်းခဲ့တာပဲဗျို့၊ အဲဒီလိုနဲ့ တစ်ညလုံးစိုင်းလာတာ မနက်နေထွက်ပြီးတဲ့နောက် ၉ နာရီလောက်အထိ စိုင်းတုန်းပဲ၊ နို့ပေမဲ့ ဘာစစ်တပ်ကိုမှ မမြင်ရဘူး။ ဘယ်မြို့ဘယ်ရွာနဲ့မှလည်း နီးမလာဘူး။ ရှေ့ကိုကြည့်လိုက်တိုင်း သဲပြင်ကြီးဟာ ဆုံးတယ် မရှိဘူး။ ဝဲယာ တစ်ဖက်တစ်ချက်ကလည်း ဒီအတိုင်းပဲ၊ နောက်ကို ပြန်ကြည့်လိုက်တော့လည်း သဲပြင်ကလွဲပြီး ဘာမှမမြင်ရတော့ဘူး။ ဒီအခါ ကျုပ်စီးလာတဲ့ မြင်းဟာ ခပ်သွက်သွက် ပြေးနေရာက ဗြုန်းခနဲ ရပ်လိုက်ပြီး တစ်ခါတည်း ရှေ့လက်နှစ်ဖက်သဲပေါ်ထောက်ပြီး လဲသွားပါလေရောဗျာ။ ဗြုန်းခနဲ ဆင်းကြည့်လိုက်တော့ ပါးစပ်ထဲက အမြှုပ်တစီစီ ပန်းထွက်လာပြီး ဒူးထောက် နေရာက ခွေခနဲ လဲကျသွားရှာတော့တာပဲ။ ညဦး ၁၂ နာရီလောက်က တစ်ညလုံး စိုင်းလာခဲ့ပြီး မနက်မှာလည်း တစ်မနက်လုံး ခပ်သုတ်သုတ် နှင်လာတော့ ဘယ်ခံနိုင်တော့မလဲ

http://www.cherrythitsar.org



ကိုတင်မောင်၊ ကျုပ်ကလည်း မြင်းသာ စီးလာရတယ် မြင်းအကြောင်းလည်း ကောင်းကောင်းမသိ၊ အရင်ကလည်း ကြုံဖူးတွေ့ဖူး မရှိတော့ အမောပြေအောင် တစ်ချက်ကလေးမှ မနားခဲ့ဘူး။ ရန်သူကို ကျောခိုင်းပြီး အတင်းဒုန်းစိုင်းလာခဲ့ တာကိုးဗျ။ ဒါကြောင့်လည်း ဒီလိုဖြစ်ရတာပေါ့ဗျာ။ မြင်းကြီးဟာ မျက်လုံး တစ်ဖက်ပွင့်လာရာက ကျုပ်ကို နှုတ်ဆက်သလို ကြည့်ပြီးတဲ့နောက် တစ်ခါ တည်း အသက်ထွက်သွားရှာတာပဲ"

ကျွန်ုပ်လည်း သက်ပြင်းတစ်ချက်ချလိုက်မိ၏။

ကိုအံ့ကြီးက ဆက်လက်၍ –

"ဒါနဲ့ ကျုပ်လည်း ကြံရာမရဖြစ်ပြီး စစ်လွယ်အိတ်ကို ပခုံးပေါ်လွယ်၊ သေနတ်ကိုလည်း ဆွဲယူခဲ့ပြီး ခြေဦးတည့်ရာဘက်ကို တဖြည်းဖြည်း လျှောက် လာခဲ့တာပဲ။ ဒါနဲ့ လေးဖာလုံလောက် လျှောက်လာမိတော့ ကံအားလျော်စွာ လက်ခုပ်တစ်ဖောင်သာသာလောက် မြင့်တဲ့ သဲသောင်ကုန်းကလေး တစ်ခုနှစ်ခု တွေ့ရတယ်။ နေကလည်း တဖြည်းဖြည်း မြင့်လာတော့ ရှေ့ကို ငါ ဆက်သွား လို့ မွန်းတည့်ချိန်ရောက်လာရင် ဒုက္ခရောက်ချည်ရဲ့ ဆိုပြီး ဒီတောင်ကုန်းကလေး ရဲ့အရိပ်မှာ တစ်နေ့လုံး နားနေခဲ့ရတယ်။ ဒီနောက် ညနေချမ်းရောက်လို့ နေကျ လာတဲ့အခါ ဆက်သွားခဲ့တာ ခရီးတစ်မိုင်လောက် အရောက်မှာ တဖြည်းဖြည်း နေဝင်သွားပြီး တစ်နာရီလောက်အကြာ လရောင်ကလေး ပေါ်လာလို့ ဆက် လျှောက်သွားတော့ ကျုပ်ရှေ့မလှမ်းမကမ်းမှာ တောင်ကုန်းကလေးတစ်ခု မြင်ရ ပြန်ပြီး အဲဒီတောင်ကုန်းကလေးရဲ့ထိပ်မှာ သစ်ပင်လေးငါးပင် ပေါက်နေတာ လရောင်အောက်မှာ ခပ်ရေးရေး မြင်ရတယ်။ ဒါနဲ့ ကျုပ်လည်း အားတက်လာပြီး ဆက်သွားတဲ့အခါ စွန်ပလွံပင် ၁၀ ပင်လောက်ပေါက်နေတဲ့တောင်ပူစာကလေး တစ်ခုကို နောက်ဆုံး ရောက်သွားတာကိုးဗျ။ သဲကန္တာရထဲမှာ မြင်ရတဲ့ အရာ ဝတ္ထုအနီး အဝေးဟာ စိတ်ထဲက ထင်သလို မဟုတ်ဘူး။ အဝေးကြီးထင်ရပေ မယ့် နီးနီးကလေးနဲ့ ရောက်ချင် ရောက်လာတယ်။ ဒါနဲ့ အဲဒီတောင်ကုန်း ကလေးပေါ်က စွန်ပလွံပင်တစ်ပင်အောက်လည်း ရောက်ရော ကျုပ်လည်း ခြေ ပစ်လက်ပစ် ဖြစ်သွားတော့တာပဲ။ ရှေ့ဆက်ပြီး တစ်မိုင်လောက်သာ သွားရ မယ်ဆိုရင် အသက်တောင် ပါချင်မှပါတော့မယ်။

"ဒါနဲ့ အသက်ရှူကလေး နည်းနည်းလောက်မှန်လာတော့ စွန်ပလွံ သီး သုံးလေးလုံးစားပြီး ရေတစ်ကျိုက်နှစ်ကျိုက်သောက် ကျောက်တုံးတစ်တုံး ကို ခေါင်းအုံးပြီး ဘယ်ဘေးအန္တရာယ်မှ မကြောက်နိုင်တော့ဘဲ လှဲချလိုက်တာ တစ်ခါတည်း အိပ်ပျော်သွားတော့တာပဲ။ တုံးထိုးထားသလို တစ်ခါတည်း အိပ်ပျော်သွားလိုက်တာ နေထွက်မှပဲ နိုးတော့တယ်။ နေထွက်လာတယ် ဆိုရင်

http://www.cherrythitsar.org



ပဲ သဲကန္တာရထဲမှာဆိုတော့ ပူတော့တာပဲ။ တောင်ကုန်းကလေးကလည်း သဲနဲ့နှမ်းဖတ်ကျောက်ရောက်စပ်ထားတဲ့ မြေဆိုတော့ နေရောင်ထိုးတာနဲ့ တစ်ပြိုင်နက် မခံမရပ်နိုင်အောင် ပူလာတာကိုးဗျ။ ဒါနဲ့ စွန်ပလွံရွက်အုပ်က အရိပ်ထိုးတဲ့နေရာမှာ တတ်နိုင်သလောက်ခိုပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ရှေ့ရောနောက်ရော ဘေးရောဘီရော အကုန်လုံး သဲချည်းပဲဗျ။ အစအဆုံး မမြင်ရတဲ့ကန္တာရရဲ့အလယ်၊ ကယ်ဆယ်မယ့် လူဆိုလို့ နတ္ထိဖြစ်နေတာပေါ့ ကိုတင်မောင်။ စိတ်ပျက်လိုက်တဲ့အမျိုးဆိုတာ ပြောစရာ မရှိဘူး။ ပင်လယ်မှာ ကမ်းကို မမြင်ရသလို သဲကန္တာရဆိုတာလည်း အဆုံးအစမမြင်နိုင်ဘူးဗျ။ သဲပြင်ပေါ်မှာ နေရောင်တောက်နေလိုက်တာ ကောင်းကင်ပြင်လောက်ရှိတဲ့ မှန်ကြီးတစ်ချပ်ကို မြေပေါ် ချခင်းထားသလိုပါပဲဗျာ။ တချို့နေရာမှာ အဆမတန် ပူလွန်းလို့ ကောင်းကင်ကို တန်းတက်နေတဲ့ အငွေ့ကလေးတွေလည်း မြင်ရတယ်။ ကောင်းကင်က နေရောင်ထိုးလို့ပူ၊ အောက်ကသဲပြင် ကြီးက အထက်က အငွေ့မှုတ်လို့ပူ၊ ကမ္ဘာကြီးတစ်ခုလုံး မီးလောင်နေ သလားလို့တောင် အောက်မေ့မိတယ်။

"ဆိတ်ငြိမ်လိုက်တဲ့အမျိုးလည်း ပြောစရာမရှိဘူး။ အပ်ကလေး တစ်ချောင်းကျတာတောင် အသံကြားရမလောက်ဘဲ။ ကမ္ဘာကြီးတစ်ခုလုံးအိပ်ပြီး ကျုပ်တစ်ယောက်တည်း အသက်ရှင်နေသလား အောက်မေ့ရတယ်။ ကောင်းကင် ကြည့်လိုက်ပြန်တော့လည်း မိုးတိမ်မိုးသားဆိုလို့ လက်တစ်ဆုပ်စာတောင် မရှိဘူး။ လေကလည်း ငြိမ်လိုက်တာ ကြက်မွေး တစ်ချောင်းတောင် လှုပ်အောင် မတိုက်ဘူး။ မိုးကုပ်စက်ဝိုင်းဟာ သဲပြင်နဲ့ ဆက်စပ်တဲ့နေရာမှာ ဓားနဲ့လှီးထားသလို ပြတ်သားနေတယ်။ ဒါနဲ့ ကျုပ်လည်း အားငယ်တဲ့စိတ်နဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ကိုယ်ကိုဖက်လိုက်သလို အနားမှာရှိတဲ့ စွန်ပလွံပင်ကြီးကို တအားဖက်လိုက်တယ်။ အင်မတန် စိတ်အားငယ်ပြီး တစ်ခါတည်း ရှိုးချငိုမိတယ်။ ကျုပ်ရဲ့ ကြောက်စရာကောင်းတဲ့ ပတ်ဝန်းကျင်ကို ကြည့်ပြီး အခုချက်ချင်း သေရတော့မလောက် အားငယ်စိတ်ပျက်မိတယ်။ ရန်သူ ၁၀ ယောက်ကို ဘယ်လိုမှမမှုဘဲ ရင်ဆိုင်ဝံ့တဲ့လူဟာ ကန္တာရကြီးအလယ်မှာ ဘယ်လောက်အားငယ်တယ်ဆိုတာ တကယ်ကိုယ်တွေ့ကြုံမှသိရတယ် ကိုတင်မောင်။ ကျုပ်ဟာ အသံထွက်အောင်ငိုမိတယ်။ နို့ပေမဲ့ အသံတော့ တကယ် ထွက်မလာပါဘူး။ ကျုပ်ဝမ်းထဲက အသည်းနှလုံးထဲမှာ တစ်ခါတည်း နစ်မြုပ်ပြီး ပျောက်သွားတာပါပဲ။ ဒီအခါတုန်းက ကျုပ်က အရွယ်ကောင်း၊ အသက် ၂၂ နှစ်ရှိသေးတယ်။ ဒါနဲ့ နောက်ဆုံး ကျုပ်လည်း စိတ်အားတင်းပြီး အနားမှာချထားတဲ့ သေနတ်ကို မောင်းတင်ပြီး ... 'ဟယ် ယောက်ျားပဲ ဘာကြောက်စရာလိုသလဲ၊ ဒီဝဋ်က

http://www.cherrythitsar.org



ကျွတ်အောင် ဟောဒါက တတ်နိုင်သားပဲ။ ခလုတ်ကိုတစ်ချက်ဆွဲလိုက်ရင် ဒီဒုက္ခထဲက လွတ်သွားရုံပဲ မဟုတ်လား' လို့ စိတ်ထဲက ရေရွတ်မိတယ်။

"ကျုပ်ဟာ ပူလောင်နေတဲ့ သဲပြင်ကြီးနဲ့ ပြာလဲ့လဲ့ အရောင်ရှိတဲ့ ကောင်းကင်ကြီးကိုကြည့်ပြီး ကျုပ်ရဲ့မွေးရာဇာတိဖြစ်တဲ့ သာယာဝတီနယ်က ဖားရွှေကျော် ရွာကလေးကို ပြန်ပြီး လွမ်းဆွတ်သတိရမိတယ်။ ကျုပ်နဲ့အတူ စစ်ထဲဝင်တဲ့အပေါင်းအဖော်တွေ၊ ရွာမှာကျန်ရစ်ခဲ့တဲ့ သူငယ်ချင်းတွေကို ပြန်ပြီး သတိရမိတယ်။ သဲကန္တာရထဲက ကျုပ်အခုရောက်နေတဲ့ ကျောက်တောင်ပူစာ ကလေးမှာရှိတဲ့ ကျောက်တုံးကျောက်ခဲတွေကြည့်ပြီး ကျုပ်တို့ရွာ စမ်းချောင်း ကလေးမှာရှိတဲ့ ကျောက်တုံးတွေကို ပြန်ပြီး သတိရမိတယ်။ ဒါနဲ့ ကျုပ်လည်း နေရာကထပြီး ဟိုနေ့က ကျုပ်တက်လာခဲ့တဲ့ တောင်ကုန်းရဲ့ တခြားဘက်ကို လျှောက်သွားမိတယ်။ အဲဒီကို သွားရင်းက စောင်စုတ်အပြတ် ကလေးတစ်ခု တွေ့ရလို့ တစ်ခါတုန်းက ဒီနေရာမှာ လူသူလေးပါးနေသွားတယ်ဆိုတာ သိရ တယ်ဗျ။ ဒါနဲ့ ဟိုဘက်ကိုမျှော်ကြည့်လိုက်တဲ့အခါ မလှမ်းမကမ်းမှာ စွန်ပလွံပင် အုပ်ကလေးတစ်အုပ် မြင်ရပြီး စွန်ပလွံသီးတွေ ပြွတ်သီးနေတာ မြင်ရတယ်။ ဒါနဲ့ ကျုပ်လည်း အတော်အတန် အားတက်လာပြီး အားငယ်တဲ့စိတ်တွေ၊ သေချင်တဲ့စိတ်တွေ ပျောက်သွားပြန်တယ်။ သေနတ်သံတွေ၊ အမြောက်သံတွေ ပြန်ကြားချင်တဲ့စိတ်တွေ ပေါ်လာပြီး ဒီအာရပ်ကောင်တွေကို တစ်ချီလောက် ရင်ဆိုင်ချင်သေးတဲ့ စိတ်တွေပေါ်ပြန်တယ်။

"အမှန်တော့ ကျုပ်ဟာ တစ်မျိုးတစ်ဖုံအားတက်လာတာပဲ။ စွန်ပလွံ ပင်အုပ်ကို ရောက်သွားတော့ စွန်ပလွံသီးတွေဟာ မှည့်နေလိုက်တာ ကိုတင် မောင်ရေ့၊ အပင်တွေဟာ သဲပြင်ပေါ်ညွတ်ကျပြီး အောက်ကို ထိလုမတတ်ပါပဲ။ ဒီတော့ ကျုပ်လည်း အကိုင်းတစ်ကိုင်းဆွဲနှိမ်ပြီး အဝ စားတော့တာပဲဗျို့၊ အရ သာရှိလိုက်တာမှ ငတ်နေလို့လား မပြောတတ်ဘူး လွန်ပါရော၊ အပင်ပေါက်ပုံ၊ အသီးအနှံကောင်းပုံ၊ မျိုးကောင်းပုံထောက်တော့ ဒီစွန်ပလွံပင်တွေဟာ အလေ့ ကျပေါက်တာ မဟုတ်ဘူး။ ဒီနေရာမှာ အရင်နေသွားဖူးတဲ့ လူတွေက စိုက်ခဲ့ တာဖြစ်ရမယ်လို့ ထင်မိတယ်။ စွန်ပလွံသီးတွေ အဝစားပြီးတဲ့အခါကျတော့ အရင်က စိတ်ပျက်လက်ပျက်ဖြစ်ပြီး သေချင်တဲ့စိတ်တွေ ပျောက်သွားရာက စိတ်ထဲမှာ အင်မတန် ရွှင်ရွှင်မြူးမြူး ဖြစ်လာတယ်ဗျ၊ ကျုပ်စိတ်ဟာ အတော် ကြည်လင်လာပြီး တောင်ကုန်းကလေးကို တစ်ခါပြန်တက်ခဲ့တယ်။ ဒီ့နောက် ညက အမိုးအကာ လုပ်ပြီးထားတဲ့ စွန်ပလွံရွက်အုပ်ကို အပျင်းပြေ ဓားနဲ့ခုတ်ပြီး စမ်းနေမိတယ်။ ညက အခုလို အကာအကွယ် လုပ်ထားတာက သဲကန္တာရထဲ မှာရှိတဲ့ တောရိုင်းတိရစ္ဆာန်ရဲ့ ဘေးရန်တွေကိုကြောက်လို့ပဲဗျ။ အဲဒီလို အပျင်းပြေ

http://www.cherrythitsar.org


လုပ်နေတဲ့အခါ ဒီကနေ့ညလည်း သူတို့ရုတ်တရက် မမြင်အောင် ညက ကျုပ်အိပ်တဲ့ ချိုင့်ထဲမှာ အပြင်ဘက်က အကာအကွယ် သဘောနဲ့ တဲကလေးလိုတတ်နိုင်သလောက် အမိုးအကာလုပ်ဦးမှာပဲလို့ အောက်မေ့မိတယ်။ ဒီနောက်အရွက်တွေကိုတစ်ခုနဲ့တစ်ခုရက်ပြီး ညအိပ်ဖို့ ဖျာကလေးတစ်ချပ်ဖြစ်အောင်လုပ်နေမိတယ်။ အမိုးရော၊ အကာရော ခင်းအိပ်ဖို့ ဖျာရော လုပ်ပြီးတဲ့အခါအတော်မောသွားပြီး နေကလည်း အင်မတန် ပူလာတော့ ကျုပ်လည်း ဖျာပေါ်မှာ အလိုက်သင့်လှဲလိုက်တာ တစ်ခါတည်း အိပ်ပျော်သွားတော့တာပဲဗျို့၊ ဒါနဲ့ညနေစောင်းပြီး ညအချိန်ရောက်တော့လည်း ကျုပ်မနိုးသေးဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း အင်မတန် တိတ်ဆိတ်နေတော့ အိပ်ကောင်းတိုင်း ဆက်အိပ်နေမိ တော့တာပေါ့ဗျာ။

“ဒါနဲ့ ညဥ့်သန်းခေါင်ကျော်ကျော်လောက်ကျတော့ နားထဲမှာ အသံတစ်သံကြားလိုက်ရတယ်လို့ အောက်မေ့ပြီး ဖျတ်ခနဲ အိပ်ရာက လန့်နိုးတယ်။ ကြားလိုက်ရတဲ့အသံက ဘယ်နည်းနဲ့မှ လူသံမဟုတ်နိုင်ဘူး။ ကျားတိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ အသံပဲဆိုတာ အလွယ်နဲ့ပဲ သိလိုက်ရတယ်။ မှောင်လိုက်တဲ့ အမျိုးကလည်း ပြောစရာမရှိဘူး။ ပတ်ဝန်းကျင် တစ်ခုလုံးကလည်း အင်မတန် ဆိတ်ငြိမ်နေတော့ ဒီလိုနေရာမျိုးမှာ ဘာသံများပါလိမ့်မလဲလို့ စိတ်ထဲမှာအတော်ကြောက်သွားမိတယ်။ ကျုပ် ကိုယ်ပေါ်မှာ ရှိတဲ့ မွေးညင်းတွေကလည်းတစ်ခါတည်း ထောင်ထလာတာပေါ့ဗျာ၊ ကျုပ်ရှေ့မှာ ဘာမြင်လိုက်ရသလဲဆိုတော့ အဝါရောင်မီးလုံးကလေးနှစ်လုံးလို အရောင်တောက်နေတဲ့ အလုံးနှစ်လုံး မြင်လိုက်ရတယ်ဗျ၊ ဒါနဲ့ ကျုပ်လည်း စိုက်ကြည့်နေတဲ့အခါ မျက်စိကမှောင်ထဲမှာအတော်ကျင့်သားရလာပြီး ကွဲကွဲပြားပြား မြင်လာရတော့ တိရစ္ဆာန်တစ်ကောင်ရဲ့ မျက်လုံးဆိုတာ သိရတော့တာပဲ၊ အကောင်ဟာ ကျုပ်နဲ့ သုံးပေလောက်ပဲ ဝေးမယ်။ ခြင်္သေ့ပဲလား၊ ကျားပဲလား ဆိုတာတော့ မပြောတတ်ဘူး။

“ဘာတိရစ္ဆာန်မျိုးရယ်လို့တော့ ကျုပ် မခွဲတတ်ဘူး။ စိတ်ထဲမှာလည်းကြောက်သထက် ကြောက်လာမိတော့တယ်။ ကျုပ်အရင်က မြင်ဖူးတဲ့ သတ္တဝါမျိုးကို စိတ်ထဲက ပြန်တွေးမိတယ်။ ဘာကောင်ရယ်လို့လည်း မပြောတတ်ဘူး။ ဘယ်လောက် ကြောက်လိုက်သလဲဆိုရင် အသက်တောင် တစ်ချက် ပြင်းပြင်းမရှူမိဘူး။ ကိုယ်ကိုလည်း နည်းနည်းကလေးမှ မလှုပ်မိဘူး။ ကျုပ်တဲထိုးပြီးအထဲဝင်နေတဲ့နေရာကလေးက တောင်ကမ်းပါးမှာ တွင်းလိုလို၊ ချိုင့်လိုလို ခွက်ဝင်နေတဲ့နေရာကိုးဗျ။ အကာအကွယ်ရအောင် ဒီအထဲဝင်နေမိတာ ဒီအကောင်ကြီးရဲ့နေရာ ဖြစ်နေသလားမှ မပြောတတ်ဘဲ။ ဒီအချိန်မှာ ခွေးတစ်ကောင်ရဲ့အနံ့လိုလို၊ မြေခွေးတစ်ကောင်ရဲ့အနံ့လိုလို ညှီဟောက်ဟောက် ပုပ်တုတ်တုတ်

http://www.cherrythitsar.org



အနံ့တစ်မျိုးကလည်း ကျုပ်နှာခေါင်းထဲ တိုးဝင်လာတယ်ဗျ။ အဲဒီလို ကျုပ်ကလည်း သူ့ကိုကြည့်၊ သူ့မျက်လုံးနှစ်လုံးကလည်း ကျုပ်ကိုကြည့်နေတုန်း ဖြုန်းဆို လကလေး ထွက်လာပြီး လရောင်က သူ့ကိုယ်ပေါ်ထိုးလိုက်တဲ့ အခါကျမှ မျက်လုံးဝါကြီး နှစ်လုံးရှိတဲ့ သတ္တဝါရဲ့ကိုယ်ပေါ်မှာ အပြောက်အပြောက်တွေ မြင်နေရပြီး ဒီတော့မှ ကျားသစ်ကြီးတစ်ကောင် ဖြစ်တဲ့အကြောင်း သိရတော့တာပဲ ကိုတင်မောင်ရေ့”

“အာရပ်လူမျိုးတွေကတော့ ဒီလိုကျားသစ်မျိုးကို ‘အာရပ် ခြင်္သေ့’လို့ ခေါ်တယ်ဗျ။ ကျုပ်ဝင်ပြီးနေမိတဲ့ လိုဏ်ခေါင်းကလေးက သူ ဝပ်နေကျကျင်းနဲ့ တူတယ်။ ကျုပ်ဘက်လှည့်ပြီး ခွေးတစ်ကောင်လို ခွေခွေကြီး ဝပ်နေလိုက်တာ ကျုပ်နဲ့နှစ်ပေသာသာ သုံးပေထက်ပိုမဝေးပါဘူးဗျာ။ ကပ်နေတာပါပဲ။ သူ့မျက်လုံး ဝါကြီးကို တစ်ခါနှစ်ခါ ဖွင့်လိုက်ပြီး ပြန်မှိတ်သွားတယ်ဗျ။ ဒီဟာကြီးကို ကျုပ်ဘယ်လိုလုပ်ရမလဲဆိုတာ စိတ်ထဲက နည်းအမျိုးမျိုး စဉ်းစားမိတယ်။ သေနတ်ကိုဆွဲပြီး သူ့ကို ချိန်ဖို့တောင် နေရာမရှိဘူး။ သေနတ်ကို ဆွဲပြီးချိန်ရင် ရုတ်တရက် လန့်ချင် လန့်သွားမယ်။ ခါးက ဓားမြှောင်နဲ့ တစ်ချက်တည်း ထိုးသတ်လိုက်ရရင် ကောင်းမလားလို့ စဉ်းစားမိတယ်။ နို့ပေမဲ့ ခေါင်းက အရိုးက အင်မတန် မာပြီး အရေပြားက ထူလေတော့ အနည်းဆုံး ခေါင်းဘက်ကို တစ်ခါတည်း ထိုးလို့ သေချင်မှသေမယ်။ ဒီဟာလည်း စိတ်မချဘူး။ အဲဒီလို အမျိုးမျိုး အကြံထုတ်ရင်းနဲ့ မကြာခင်ပဲ မိုးလင်းလာတော့တာပဲဗျာ။

“မိုးလင်းလို့ အလင်းရောင်ပေါ်တာနဲ့ တစ်ပြိုက်နက် ကြည့်လိုက်တော့ အင်မတန်လှတဲ့ အကောင်ကြီးဗျ။ ပြီးတော့ အထီး မဟုတ်ဘူးဗျ။ ကျားသစ်မ၊ သူ့နှာခေါင်းနဲ့ နှုတ်ခမ်းမှာ သွေးစသွေးနတွေ ပေကျံနေတာလည်း တွေ့ရတယ်။ ဒါနဲ့ ကျားသစ်မကြီးဟာ ညက တိရစ္ဆာန် တစ်ကောင်ကောင် စားလာလို့ ဗိုက်ကားလာပြီး ဒီနေရာမှာ လာဝပ်နေတာပဲလို့ ကျုပ်တွေးမိတယ်။ ဒီလောက်လှတဲ့ အကောင်မျိုး၊ ဒီလောက်ကြီးတဲ့ အကောင်မျိုး ကျုပ်တစ်သက်နဲ့ တစ်ကိုယ်တစ်ခါမှ မတွေ့ဖူးဘူး။ ဝမ်းဗိုက်နဲ့ ခြေလက်အတွင်းသားပေါ်မှာရှိတဲ့ အမွေးတွေဟာ ဖြူနုပြီး ခြေထောက်မှာရှိတဲ့ အဝါရောင်အမွေးထဲမှာ အနက်ပြောက်ကြီးတွေ ထနေတာ တကယ့် ကတ္တီပါသားကျနေတာပဲ။ အမြီးကအဖြူဗျ၊ အဖျားမှာ အနက်ရောင် အတန့်ကလေးတွေ ပတ်နေတယ်။ ခေါင်းအထက်ပိုင်းက နေပြီး ကျောရိုးတစ်လျှောက်မှာ အဝါရင့်ရောင်ဖြစ်ပြီး ရွှေရောင်တောက်တဲ့ ကတ္တီပါကို ခြုံထားသလိုပါပဲ။ အဲဒီရွှေရောင်ပေါ်မှာ နှင်းဆီပွင့်လို အဆုပ်အဆုပ်ထနေတာဟာ ကျားသစ်မျိုးမှပဲရှိတယ်ဗျ။ ကျားတို့၊ ခြင်္သေ့တို့၊ တောကြောင်တို့မှာ မရှိဘူး။

http://www.cherrythitsar.org


“ကျားသစ်မကြီးဟာ ကျုပ်ရှေ့မှာ ခွေလျက်သား မလှုပ်မယှက် အိပ်နေလိုက်တာ အိမ်က မွေ့ရာပေါ်မှာ ကြောင်တစ်ကောင် အိပ်နေတဲ့ အတိုင်းပါပဲ။ သူ့လက်သည်းတွေမှာလည်း သွေးစသွေးနတွေပေပြီး လက်နှစ်ဖက်ဟာ သူ့မျက်နှာရှေ့မှာ ဆန့်ဆန့်ကြီး ထွက်နေလိုက်တာ ကြောက်စရာလည်းကောင်း၊ ချစ်စရာလည်း ကောင်း၊ နှုတ်သီးရဲ့ တစ်ဖက်တစ်ချက်မှာ ထွက်နေတဲ့ နှုတ်ခမ်းမွေးတွေကလည်း ငွေရောင် တောက်ပြီး ပြောင်လက်နေတာပဲ။ ကျုပ်နဲ့ လက်တစ်ကမ်းစာလောက်မှာ အိပ်နေပြီး မျက်စိက မှိတ်ထားတယ်ဆိုပေမယ့် မြွေဟောက်ဟာ သစ်ကိုင်းပေါ်က ငှက်ကို ချောင်းနေတဲ့အတိုင်းပဲလို့ ကျုပ်ထင်မိတယ်။ ပထမတော့ ကျုပ်လည်း အတော်စိတ်ပျက်နေမိတယ်။ နို့ပေမဲ့ အတော်ကြာလို့ နေဝန်းကလည်း ထွက်လာတော့ မြန်မာပီပီ ရဲစိတ်ရဲမာန်တွေ ဝင်လာပြီး ဘာပဲ ဖြစ်ဖြစ်လုပ်တော့မယ်ဆိုတဲ့ စိတ်မျိုးဝင်လာတယ်။ လွန်ခဲ့တဲ့ တစ်ရက်လောက်က ကျုပ်ကို အာရပ်တွေဟာ သစ်ပစ်မယ်သာဆိုရင် အခုလောက်ရှိ ကျုပ်သေပြီးတာ ကြာလှပြီ။ ဒီတော့ ငါဟာ လူသေတစ်ပိုင်းဖြစ်ပြီးသား လူတစ်ယောက်အနေနဲ့ ဘာပဲဖြစ်ဖြစ် ဘယ်ရန်သူမျိုးနဲ့ပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ မကြောက်တော့ပါဘူးဆိုတဲ့ စိတ်ဓာတ်မျိုးပေါ်လာတယ်။ နေကလည်း အတော်ရင့်လာတော့ ကျားသစ်မကြီးလည်း မျက်လုံးကို တစ်ချက် ဖွင့်လိုက်ပြီး ရှေ့လက်နှစ်ဖက်ကို အညောင်းဆန့်တဲ့သဘောနဲ့ တအားဆန့်လိုက်ပြီး တစ်ချက်သမ်းလိုက်လို့ ပါးစပ်ကြီး ဟလိုက်တဲ့အခါ သွားတွေနဲ့ အစွယ်ကြီးတွေကို ဖွေးခနဲ မြင်လိုက်ရပြီး သူ့လျှာကြီးကလည်း ပန်းဆီလို နီရဲနေတာ မြင်လိုက်ရတယ်ဗျာ။

“ကျုပ် ပြောတဲ့အတိုင်း ကျားသစ်ထဲမှာတော့ အတော်ကြီးပြီး အတော်ချောတဲ့ အကောင်ကြီးပဲဗျို့၊ ဒါနဲ့ သူဟာ သူ့နှုတ်ခမ်းမှာ ပေနေတဲ့သွေးတွေနဲ့ သူ့လက်ဖျားနဲ့ လက်သည်းတွေမှာ ပေနေတဲ့သွေးတွေကို လျှာနဲ့ လျက်နေလိုက်တာ တကယ့်ကြောင်အတိုင်းပါပဲဗျာ။ သူ့လျှာကြီးနဲ့မီသမျှ နှာခေါင်းကို လျက်တယ်။ မျက်နှာကိုငုံ့ပြီး မျက်လုံးအထိ လျက်တယ်။ ပါးကို လျက်တယ်။ လည်တံကိုစောင်းပြီး လည်ပင်းကို လျက်တယ်။ လက်တစ်ဘက်ကို လျှာနဲ့ လျက်ပြီး အဲဒီလက်နဲ့ မျက်နှာကို သုတ်တယ်။ ကျားသစ်မမို့ အလှပြင်နေတာလား မပြောတတ်ဘူး။ ဒါနဲ့ ကျုပ်လည်း ဒီဟာ အခွင့်အရေးကောင်းပဲဆိုပြီး ကျုပ်လက်ဟာ ခါးမှာ ထိုးထားတဲ့ ဓားမြှောင်ဆီကို ရောက်သွားတယ်။ အဲဒီလိုလည်း ကျုပ်က ဟန်ပြင်လိုက်ရော ကျားသစ်မကြီးဟာ ကျုပ်ဆီကို ခေါင်းလှည့်ပြီး မတုန်မလှုပ်နဲ့ ကျုပ်မျက်စိနှစ်လုံးကို စေ့စေ့ကြီး စိုက်ကြည့်နေပါလေရောဗျာ။ ဒီလို အေးစက်စက် မျက်လုံးကြီးနဲ့ သူက ကြည့်နေတော့ ကျုပ်လည်း တစ်ကိုယ်လုံး တုန်လှုပ်သွားတယ်။ အဲဒီအချိန်မှာပဲ သူက ကျုပ်အနား

http://www.cherrythitsar.org



ကို ကပ်လာပါလေရော‌ဗျာ။ ဒါနဲ့ ကျုပ်လည်း ဒီလိုနေလို့တော့ မဖြစ်ဘူးဆိုပြီး ကျုပ်ကိုယ်ကိုရော ကျုပ်စိတ်ကိုရော တစ်ခါတည်း လျှော့ချလိုက်ပြီး သူ့မျက်လုံး အစုံကို ကျုပ်ညှို့ဓာတ်ပါတဲ့ မျက်စိနဲ့ စိုက်ပြီး ကြည့်လိုက်တယ်။ ပြီးတော့ ကျုပ်အနားကို သူရောက်လာလို့ လက်လှမ်းမီတာနဲ့ တစ်ပြိုင်နက် ကျုပ်လည်း အရဲစွန့်ပြီး သူ့ကျောရိုးတစ်လျှောက်ကို ဦးခေါင်းကနေပြီး အမြီးဖျားအထိ ပွတ်သပ်ပေးလိုက်တယ်။ ဦးခေါင်းနဲ့ ကျောရိုးစပ်ကြားကို ကျုပ် လက်နဲ့ အသာခြစ်ပေးပြီး သူ့ကျောပြင်က နူးညံ့တဲ့ အမွေးတွေကို ပွတ်သပ်ပေးနေမိတယ်။ ဒီတော့ ကျားသစ်မကြီးဟာ ကိုယ်ကို ခပ်ရွံ့ရွံ့ ခပ်တွန့်တွန့်နဲ့ အမြီးကို အသာအယာ ဝှေ့ယမ်းနေတယ်။ အိမ်မှာ ကျုပ်တို့ ကြောင်တွေဟာ သူတို့ ရွှင်မြူးတဲ့အခါ ပါးစပ်က ခပ်ဝါးဝါး အသံမျိုးနဲ့ အော်လိုက်သလို ခပ်ဝါးဝါး ခပ်တိုးတိုး အော်လိုက်တယ်။ ဒီအသံဟာ သူ့ဝမ်းထဲကကို လိုဏ်သံပါပြီး ထွက်လာတဲ့အသံမျိုးပဲ။ ကျုပ်ရဲ့အပြုအမူကို သဘောကျတယ်၊ သာယာတယ်ဆိုတဲ့ လက္ခဏာကို မျက်နှာသာ မကဘူး၊ အသံနဲ့ပါ ပြနေတယ်ဗျ။

"ဒီတော့ သူ့ဟာက ကျုပ်ကို ရန်မမူတော့ဘူးဆိုတာသိတာနဲ့ ကျုပ်လည်း လိုဏ်ခေါင်းထဲက ထွက်လာပြီး မနေ့က စွန်ပလွံသီးတွေ အဝစားခဲ့တဲ့ နေရာကို လာခဲ့တယ်။ ကျားသစ်မကြီးက ကျုပ်ကိုဘာမှ မလုပ်ဘူး။ ကျုပ်သွားတာကို ကြည့်နေတယ်။ နို့ပေမဲ့ တောင်ကုန်းထိပ်ကို ကျုပ်လည်း ရောက်သွားရော သူဟာ အပေါ်ရောက်အောင် တစ်ထစ်ပြီး တစ်ထစ်ခုန်တက်လာပြီး ခြေထောက်တစ်ဖက်နဲ့ လည်ပင်းကို အယားဖျောက်လိုက်၊ သူ့ကျောကို သစ်ကိုင်းနဲ့ ပွတ်လိုက် လုပ်နေလိုက်တာ အိမ်က ကြောင်ကလေး အတိုင်းပါပဲဗျာ။ ပြီးတော့ သူ့မျက်လုံးတွေဟာလည်း ကြောက်စရာ အမူအရာမျိုး မာန်ဖီတဲ့ အသွင်အပြင်မျိုး မရှိတော့ဘဲ မျက်လွှာကို အောက်ချပြီး အင်မတန် သိမ်မွေ့တဲ့ အမူအရာမျိုးရှိနေတာ တွေ့ရတယ်ဗျ။ ကျုပ်က သူ့ကျောကို ပွတ်သပ်ပေးတဲ့ အချိန်ကစပြီး သူဟာ စိတ်ထဲမှာ သာယာလာတဲ့ စိတ်မျိုးပေါ်ပေါက်လာပြီး အင်မတန်ရက်စက်ကြမ်းကြုတ်တဲ့ ကျားသစ်ဘဝက ကြောင်တစ်ကောင်ဘဝကို ပြောင်းသွားသလို ဖြစ်သွားတာနဲ့တူပါတယ်။ မျက်လုံးတွေဟာလည်း အင်မတန် သိမ်မွေ့ငြိမ်သက်ပြီး ကြမ်းကြုတ်တဲ့အမူအရာဆိုလို့ နည်းနည်းကလေးမှ မရှိတော့ဘူး။ ဒါနဲ့ ကျုပ်လည်း အင်မတန် အတင့်ရဲလာပြီးသူ့နားရွက်နှစ်ဖက်ကို ဆွဲလိုက်၊ သူ့ဝမ်းဗိုက်က အမွေးနုနုနေရာတွေ လက်နဲ့ လျှောက်ပြီးပွတ်လိုက်၊ သူ့ခေါင်းကို ခပ်နာနာကလေး ကုတ်ခြစ်လိုက်နဲ့ ကစားနေမိတယ်။

"ဒီလိုဖြစ်လာတော့ အရေးအကြောင်းရှိလို့ ဓားမြှောင်နဲ့ထိုးရင် ဘယ်နေရာဟာ အကောင်းဆုံးလဲ ဆိုတာသိရအောင် သူ့ခေါင်းခွံကို ဓားသွားနဲ့

http://www.cherrythitsar.org



ထောက်ထောက်ပြီး စမ်းကြည့်မိတယ်။ နို့ပေမဲ့ အရိုးတွေဟာ အင်မတန် မာကျောတဲ့အတွက် ဓားနဲ့ထိုးလို့ပေါက်ဖို့ဟာ မလွယ်ဘူး။ ကျုပ်က ဒီလို ယုယုယယ ပွတ်သပ်ပေးနေတာကို ကျားသစ်မဟာ နှစ်သက်သဘောကျသလို လည်ပင်းကို အသာစင်းပြီး ငြိမ်ခံနေတယ်။ နို့ပေမဲ့ တကယ်လို့ ကျုပ်ဟာ သူ့ဆီက လွတ်ရာ လွတ်ကြောင်း ပြေးမယ်ကြံလို့ ကျုပ်ကို ရန်မူရင် သူ့ကို တစ်ချက်တည်းနဲ့ အသေထိုးသတ်ဖို့နေရာ ရှာထားရသေးတာကိုဗျ။ အဲဒီနေရာက တစ်နေရာတည်းပဲရှိတယ်။ ဒါဟာ လည်ချောင်းပဲ၊ ဒီနေရာက အပျော့ဆုံးနေရာဖြစ်တဲ့အတွက် တစ်ချက်တည်းနဲ့ အသေထိုးသတ်နိုင်တဲ့နေရာပဲ။ ကျားသစ်မကတော့ ကျုပ်ခြေရင်းမှာ ကြောင်တစ်ကောင် လှဲအိပ်နေသလို အေးအေးဆေးဆေး အိပ်နေတော့တာပဲဗျို့။ ကြောက်စရာကောင်းတဲ့ အမူအရာဆိုလို့ သူ့မှာ နည်းနည်းကလေးမှ မရှိတော့ဘူး။ ကျုပ်ဟာ စွန်ပလွံပင်တစ်ပင် ခြေရင်းမှာ မှီထိုင်ပြီး စွန်ပလွံသီးတွေကို စားရင်း သဲကန္တာရဘက်ကိုတစ်လှည့်၊ သူ့ဘက်ကိုတစ်လှည့် ကြည့်နေမိတယ်။ သဲကန္တာရဘက်ကို ကြည့်တာက ကျုပ်တို့ စစ်တပ်ထဲက အကူအညီများ ရောက်လာကောင်းမလား။ ဒါမှမဟုတ် ကျုပ်နောက်ကို လိုက်လာတဲ့ ရန်သူတွေပဲ ရောက်လာမလားလို့ ကြည့်မိတာပဲ။ ကျုပ်စားလို့ ကျန်တဲ့ စွန်ပလွံစေ့တွေကို ကျုပ်လည်း ဟိုပစ်လိုက် ဒီပစ်လိုက်လုပ်တဲ့အခါ ကျားသစ်မဟာ ဒီစွန်ပလွံစေ့တွေ ကျတဲ့နေရာကို ကျတိုင်းကျတိုင်း လိုက်ကြည့်နေတယ်ဗျ။ စွန်ပလွံစေ့တွေ ကျတဲ့နေရာကို အဲဒီလို လိုက်ကြည့်လိုက်၊ ကျုပ်မျက်နှာကို တစ်ခါကြည့်လိုက်နဲ့ လုပ်နေတော့တာပဲဗျို့။ ဒီနောက် သူ့လည်ပင်းကြီး ရှေ့ကိုဆန့်ပြီး ကျုပ် စီးထားတဲ့ ဘွတ်ဖိနပ်ကို လျှာနဲ့လာပြီး လျက်နေတာ ဖိနပ်မှာကပ်နေတဲ့ ဖုန်တွေသဲတွေဟာ တစ်ခါတည်း ပြောင်သွားတော့တာပဲ။

"ဒါနဲ့ ကျုပ်လည်း သူ့အကြောင်း နည်းနည်းပါးပါး သိရအောင် နေရာကထပြီး ဟိုဟိုဒီဒီ လမ်းလျှောက်ကြည့်တယ်။ သူ့မျက်လုံးဟာ ကျုပ်ဟိုဘက်သွားရင် ဟိုဘက်ကြည့်လိုက်၊ ဒီဘက်ပြန်လာရင် ဒီဘက် ပြန်ကြည့်လိုက်နဲ့ ဒီအခါ သူ့ကို ကျားမျိုးကျားနွယ်တောင် မထင်ရဘူး။ သခင်ရဲ့ အရိပ်အကဲကို စောင့်ကြည့်နေတဲ့ တကယ့်ခွေးလိမ္မာကြီး တစ်ကောင်လို ထင်ရတယ်ဗျ။ ဒါနဲ့ အတော်ကလေး လျှောက်သွားမိလို့ စမ်းချောင်းကိုမြင်ရတဲ့ နေရာအရောက်မှာ စမ်းချောင်းကလေးရဲ့ ကမ်းနံဘေး တစ်နေရာမှာ ကျုပ်ရဲ့ မြင်းသေကောင်ကို မြင်လိုက်ရတာကိုးဗျ။ ကျုပ် မြင်းကို သေတဲ့နေရာက ဒီနေရာရောက်အောင် ဆွဲယူလာပြီး စားထားလိုက်တာ သုံးပုံ တစ်ပုံလောက်ပဲ ကျန်တော့တယ်။ သူနေတဲ့ တွင်းထဲက အတော်ကြာပျောက်နေတာ လက်စသတ်တော့

http://www.cherrythitsar.org



ကျုပ် မြင်းသေကောင်ကို ဆွဲလာပြီး စားနေတာကိုဗျ။ ကျုပ်လည်း သူနဲ့ အခု လောက်ထိအောင် အရောတဝင် ရှိလာတော့ တစ်ခါဖြင့်နေရာကျပြီလို့ အောက် မေ့မိတယ်။ နို့ပေမဲ့ နည်းနည်းကလေးမှ အလစ်တော့မပေးဝံ့ဘူး။ ပွတ်လိုက် သပ်လိုက်နဲ့ ယုယုယယလုပ်နေရတယ်။ ကျုပ်လမ်းလျှောက်ပြီး ပြန်လာတဲ့ အခါ သူ့အမြီးကြီးကိုလှုပ်ပြီး ကျုပ်ကိုတောင် ကြိုလိုက်သေးတယ်။ ဒါနဲ့ ကျုပ် လည်း နည်းနည်းကလေးမှ မကြောက်တော့ဘဲ နားရွက်ကြီး နှစ်ဖက်ဆွဲလိုက်၊ ကျောပြင်ကြီးသပ်လိုက်၊ ဝမ်းဗိုက်က အမွေးနုနုကလေးကို လက်နဲ့ ပွတ်ပေး လိုက်နဲ့ လုပ်နေတာပေါ့ဗျာ။ သူ့ခြေထောက်က အမွေးတွေကို ကျုပ်က ပွတ်ပေး တဲ့အခါ သူ့လက်သည်းတွေတောင် ပြန်ပြီး ရုပ်သွားလိုက်သေးတယ်။ နို့ပေမဲ့ တစ်သက်လုံး ဒီနေရာမှာချည်း သူနဲ့ ဒီလိုနေသွားလို့ မဖြစ်သေးဘူး မဟုတ် လား။ တစ်ချိန်ချိန်မှာ ကျုပ် ဒီနေရာက သွားရမယ်။ အဲဒီလိုသွားတဲ့အခါ သူက ကျုပ်ကို ရန်ရှာရင် ဘယ့်နှယ်လုပ်မလဲ။ ဒီဟာလည်း တွေးရသေးတယ်။ ဒါနဲ့ ကျုပ်လည်း ဓားမြှောင်ကိုတော့ လက်က မချဘဲ အသင့်ကိုင်ထားရတယ်။

"ဒါနဲ့ နေလုံးပျောက်သွားတဲ့အချိန် သူဟာ ပြေးလိုက် လွှားလိုက်၊ ဟိုဟိုဒီဒီ လျှောက်လိုက်နဲ့ တစ်ချက်သမ်းလာပြီး ကျုပ်အနားမှာ လှဲအိပ်လိုက် တာကိုးဗျ။ ကျုပ်ကလည်း သူမြန်မြန်အိပ်မောကျပါစေလို့ ဆုတောင်းနေတယ်။ သူအိပ်မောကျတာနဲ့ တစ်ပြိုင်နက် သူနဲ့လွတ်အောင် ထွက်ပြေးပြီး သင့်လျော် တဲ့ နေရာတစ်ခုမှာ ဒီညအဖို့သွားအိပ်မှပဲလို့ စိတ်ကူးထားတယ်။ ဒါနဲ့ ကျုပ် လည်း စမ်းချောင်းကလေးဘက်ကို ခပ် သွက်သွက်ကလေး လျှောက်လာခဲ့တာ ဘာမှမကြာပါဘူးဗျာ။ ဝါးခြောက်ပြန်လောက်လည်း ရောက်ရော ကျားသစ်မ ဟာ အသံထွက်အောင် နှစ်ခါသုံးခါ ဟိန်းလိုက်ပြီး ကျုပ်နောက်ကို လိုက်လာ တော့တာပဲ။ သူဟာ ကျုပ်ကို အထီးအမဆိုတဲ့ လိင်စိတ်မျိုးနဲ့ ချစ်များနေလေ ရော့လား မပြောတတ်ဘူး။ ကျုပ်ဟာ တစ်ခါတည်းလန့်သွားပြီး သူ့ကို ကြက် သေသေ ကြည့်နေတုန်း ဖြုန်းဆို ကျုပ်ရုပ်အင်္ကျီကော်လံကို ခုန်ကိုက်ပြီး ကျုပ် ကို နောက်ပြန် တရွတ်တိုက်ဆွဲသွားပါလေရောဗျာ။ အင်း . . ကျုပ်ကို ဒီနေရာ က ဘယ်မှထွက်မသွားစေချင်တဲ့ သဘောပေါ့ ကိုတင်မောင်ရယ်။ ကျုပ်ကို သူ့အနားက ဘယ်မှမခွာစေချင်တဲ့သဘောပဲ။ ဒီနောက် သူ အောင်းတဲ့ တွင်းနဲ့ ကျုပ်ရဲ့သစ်ခက်တဲရောက်လာတဲ့အခါ ကျုပ်လည်း စိတ်မော ကိုယ်မောရှိတာနဲ့ အနားမှာ သူရှိတဲ့အချိန် ဘယ်လိုရန်သူမျိုးမှ ဒီအနားကို မလာနိုင်ဘူးဆိုတာ သိတာနဲ့ စိတ်နှလုံးကို တုံးတုံးချပြီး တစ်ခါတည်း အိပ်တော့တာပဲ။

"အိပ်ရာက နိုးတော့ အနားမှာ သူမရှိတော့ဘူးဗျို့။ ဟိုဟိုဒီဒီ ကြည့် လည်း မတွေ့ရဘူး။ ဒါနဲ့ ကျုပ်လည်း တောင်ကုန်းကလေးထိပ် တက်ကြည့်

http://www.cherrythitsar.org



တော့ လားလား သူဟာ စမ်းချောင်းလေးဆီက ကျုပ်ရှိတဲ့နေရာ ရောက်အောင် ခုန်ပေါက်ပြေးလာတာမြင်တယ်။ သူ့ပါးစပ်နဲ့ နှုတ်သီးမှာလည်း သွေးတွေပေလို့ဗျ။ ကျန်နေတဲ့ မြင်းသေကောင်ကို သွားစားတာနဲ့ တူတယ်။ အစာဝလာလို့ အရင်ကထက်တောင် ကျုပ်ကို ပွတ်သီး ပွတ်သပ်လုပ်နေတယ်။ ဒါနဲ့ ကျုပ်က 'ဟဲ့ . . မိမယ်သစ်၊ နင် တကယ် ပဲ ငါ့ကို ချစ်နေပြီလားဟင်၊ သဲကန္တာရထဲက အာရပ်ကောင် တစ်ကောင် နှစ်ကောင် အရင်က နင်ကိုက်စားဖူးပေမဲ့ ငါ့လို မြန်မာစစ်သားတစ်ယောက်ကိုတော့ ချမ်းသာပေးပါကွယ်' လို့ လူတစ်ယောက်ကိုပြောသလို ပါးစပ်ကအသံထွက်အောင် သူ့ကို ကျုပ်ပြောမိသေးတယ်။ သူဟာ ကျုပ် ပြောတဲ့စကားကို နားလည်သလိုပါပဲဗျာ။ ကျုပ်ဘွတ်ဖိနပ်ကို လျှာနဲ့ လျက်လိုက်၊ ကျုပ်နံဘေးကို ခေါင်းနဲ့ပွတ်လိုက်၊ တစ်ခါတစ်ခါ သူ့ လက်ကြီးကို မြှောက်ပြီး ကျုပ်လက်ထဲကို ထည့်လိုက်၊ ကျုပ်ပေါင်ကို ပုတ်လိုက်နဲ့ လုပ်နေလိုက်တာ ခွေးလိမ္မာတစ်ကောင်က သူ့သခင်ကို လုပ်နေတဲ့အတိုင်းပါပဲ။ သူ့မျက်လုံးတွေမှာလည်း ရက်စက်ကြမ်းကြုတ်တဲ့ သားရဲတိရစ္ဆာန်တို့ရဲ့ အမူအရာဆိုလို့ လုံးဝမရှိတော့ဘူး။ တကယ့်မိန်းမ တစ်ယောက်ရဲ့ ယဉ်ကျေးသိမ်မွေ့တဲ့ အမူအရာမျိုးလို ဖြစ်နေတယ်။

"ဒီလိုနဲ့ သဲကန္တာရအလယ်မှာ လူသားတစ်ယောက်နဲ့ ကျားသစ်မဟာ လေးငါးရက်လောက် ဆက်ပြီးနေလာခဲ့တယ်။ စွန်ပလွံသီးတွေက ပေါတော့ စွန်ပလွံသီးအဝစား၊ စမ်းချောင်းကလေးက ရေသွားသောက်ပြီးနေခဲ့လို့ ကျုပ်အသက်ရှင်ခဲ့တာ။ ကျုပ်ဘဝဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲပြီး တစ်ခါတလေ ပျော်သလိုလို၊ တစ်ခါတလေလည်း ငြီးငွေ့သလိုလို ဖြစ်ပြီး တစ်ခါတလေတော့လည်း ဒီသတ္တဝါကြီးကို စိတ်ထဲက စိမ့်ပြီးကြောက်မိတယ်။ လူသူမရှိတဲ့ ကန္တာရအလယ်မှာ ကျုပ်နေရတာ အားငယ်သလိုလိုလည်း ဖြစ်လာမိတယ်။

"ဒီလိုနဲ့ ကျုပ်လည်း တစ်နေ့တစ်နေ့ အိပ်တာနဲ့ပဲ အချိန်ကုန်ရတော့တာပဲဗျာ။ နို့ပေမဲ့ မိုးကုပ်စက်ဝိုင်းဆီမှာ ဘယ်လိုလူရိပ်သူရိပ်ကလေးများ ပေါ်လာမယ်ဆိုတာ မျှော်နေမိတယ်။ ဒီလို အခွင့်အရေးမျိုးကို လက်လွတ်မခံနိုင်ဘူးဗျ။ ဒါ့ကြောင့် ကျုပ်လည်း ရှပ်အင်္ကျီတစ်ထည်ကို အမြင့်ဆုံး စွန်ပလွံပင်တစ်ပင်ပေါ်တက်ပြီး အလံထူထားလိုက်တယ်။ အဝေးက မမြင်မှာစိုးလို့ သစ်ရွက်အုပ်ကို ဖယ်ရှားထားပြီး လေလာရင် လွင့်နေအောင် လုပ်ထားရတယ်။ အချိန်နာရီတွေဟာ တရွေ့ရွေ့ကုန်သွားပြီး မျှော်လင့်ချက် မရှိသလောက် ဖြစ်နေတာပါပဲဗျာ။ ဒီလို စောင့် ဆိုင်းနေရတဲ့ အချိန်တွေအတွင်းမှာတော့ ကျားသစ်မနဲ့ပဲ ပွတ်လိုက် သပ်လိုက် ကစားလိုက်နဲ့ အချိန်ကုန်နေမိတာပါပဲ"

http://www.cherrythitsar.org



"အဲဒီလို သူနဲ့နီးနီးကပ်ကပ် နေရဖန်များတော့ သူ့မျက်နှာ အရိပ်အကဲ၊ သူ့ရဲ့ပြောင်းလဲသွားတဲ့ မျက်နှာထား၊ သူ့ရဲ့ညည်းညူလိုက်သံကလေးတွေဟာ ဘာကို ဆိုလိုတယ်ဆိုတာအထိ ကျုပ်ရိပ်စားမိလာတယ်။ သူ့မျက်လုံးကိုမြင်ရတာနဲ့ သူစိတ်ဆိုးနေတယ်၊ စိတ်ရွှင်နေတယ်၊ သာယာနေတယ်ဆိုတာ ကျုပ်ခွဲခြားပြီး နားလည်လာတယ်။ ဒါနဲ့ တစ်နေ့တော့ နေ့လယ်မွန်းတည့်ချိန်လောက်မှာ အတော်ကြီးတဲ့ ငှက်ကြီးတစ်ကောင်ဟာ ကျုပ်တို့ တောင်ကုန်းထိပ်နား ရုတ်တရက် ဖြတ်ပျံသွားတာ မြင်လိုက်ရတာ ကျုပ်လည်း ဖြုန်းခနဲ နေရာကထပြီး ငှက်ကြီးပျံသွားတဲ့ နေရာကို လိုက်ကြည့်မိတယ်။ ဒီတော့ ကျားသစ်မဟာ စိတ်ဆိုးတဲ့ အမူအရာမျိုးနဲ့ ကျုပ်ကိုကြည့်ပြီး တစ်ချက် ဟိန်းလိုက်တယ်။ 'အင်း ... ဘုရား ... ဘုရား သူ့ကို ပစ်ထားခဲ့ပြီး တခြားတိရစ္ဆာန်တစ်ကောင်ကောင်အပေါ် ငါစိတ်ဝင်စားတာကို သူမနာလိုဘူးထင်ပါရဲ့၊ ဒါကြောင့် ငါ့ကို မာန်ဖီပြီး တစ်ချက် ဟိန်းလိုက်တာပဲ' လို့ ကျုပ်အောက်မေ့လိုက်တယ်။ သူဟာ သုန်သုန်မှုန်မှုန် မျက်နှာကြီးနဲ့ ခပ်ခွေခွေ ဝပ်နေရာက ကျုပ်မျက်နှာကို မကြာခဏ လှမ်းကြည့်နေတယ်။ သူ့မျက်နှာ၊ သူ့ရဲ့အလှအပ၊ သူ့ရဲ့ကိုယ် လုံးကိုယ်ပေါက်၊ သူ့ရဲ့အချိုးအစား၊ သူ့ရဲ့ ဟန်ပန်လေသံ ကြည့်ရတာတွေဟာ တကယ့် လူသားမိန်းမချော မိန်းမလှတစ်ယောက်ကို ကြည့်ရသလိုပါပဲဗျာ။ ကျားသစ်ရေစောင်တစ်ထည်ခြုံပြီး နေစာလှုံနေတဲ့ မိန်းမတစ်ယောက်လိုပါပဲ။

"သူနဲ့ကျုပ်နဲ့ဟာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် ကြည့်နေကြတယ်။ တစ်ယောက်ကို တစ်ယောက် နားလည်သလိုပဲ၊ ကျုပ်က ခေါင်းကို သပ်လိုက်တော့ ငြိမ်ခံနေပြီး မျက်လုံးကြီးနှစ်လုံးကိုတောင် မှိတ်တုတ်မှိတ်တုတ် လုပ်နေလိုက်ချေသေးဗျာ။ 'အင်း ... မင်းဟာ လူလိုပဲ အသိဉာဏ် ရှိပါကလား။ ငါ့စိတ်ထဲမှာရှိတာ သိနေတဲ့ အတိုင်းပဲ' လို့တောင် အသံထွက်သွားအောင် ကျုပ်က ပြောလိုက်မိသေးတယ်။ သဲကန္တာရထဲမှာတော့ သူဟာ ဘယ်သတ္တဝါမျိုးကိုမှ မကြောက်ဘူး။ ဘုရင်မ တစ်ဆူပေါ့ဗျာ။ ဘုရင်မလို့ခေါ်လည်း ခေါ်လောက်ပါပေတယ်။ ဒီလောက်ကြီးမားပြီး ချောတဲ့လှတဲ့ ကျားသစ်မျိုးကို တစ်ခါမှ မတွေ့ဖူးဘူး ကိုတင်မောင်ရဲ့။ ဒီလို တစ်ဦးနဲ့တစ်ဦး နားလည်ကြတယ် ဆိုပေမဲ့ လူသားနဲ့ အပတိတ်တိရစ္ဆာန်ဆိုတော့ ခက်သားကလား ကိုတင်မောင်။ ကြာကြာကြီး နားလည်နိုင်ကြပ့ါမလား။ တစ်ခါတစ်ခါ တစ်ဦးကိုတစ်ဦး အထင်မှားအမြင်မှား ဖြစ်ချင်ဖြစ်မယ်။ စိတ်ထဲမှာ ထစ်ခနဲဆိုရင် ဖြုန်းခနဲ ဒေါသထွက်ချင်ထွက်လာကြမယ်။ လူနဲ့လူချင်းလို တစ်ယောက်နဲ့တစ်ယောက် ရှင်း

http://www.cherrythitsar.org


လင်းပြနိုင်တာလဲ မဟုတ်။ တစ်ဦးကိုတစ်ဦး ဘာမှ မဟုတ်တဲ့ အချက်ကလေးနဲ့ ဖြုန်းခနဲ အထင်မှားချင် မှားနိုင်တာပဲ ကိုတင်မောင်ရဲ့"

ကိုအံ့ကြီး၏ဇာတ်လမ်းကို ကျွန်ုပ်လည်း အတော်ပင် စိတ်ဝင်စား၍ နေမိ၏။

"အင်း ဟုတ်တာပေါ့ ကိုအံ့ကြီးရာ၊ ခင်ဗျားပြောတဲ့ ဇာတ်လမ်းက အတော်ရှည်လာလို့ အခုလောက်ရှိရင် အာခြောက်ရောပေါ့၊ လုပ်လိုက်ဦးဗျာ တစ်ခွက်လောက်"

ကျွန်ုပ်သည် ပုလင်းထဲမှဘီယာအကျန်ကို ဖန်ခွက်ထဲသို့ ထည့်ပြီးနောက် ဖန်ခွက်ကို သူ့ဘက်သို့တိုး၍ ပေးလိုက်၏။ ကိုအံ့ကြီးသည် ဖန်ခွက်ထဲမှ ဘီယာကို အကုန်ကျိုက်ချလိုက်ပြီးနောက် –

"ဒါနဲ့ပျံသွားတဲ့ ငှက်ကြီးကို စိတ်ဝင်စားမိတာ သူ့စိတ်ထဲမှာ ကျုပ်ကို မနာလိုဖြစ်နေသလား မပြောတတ်ပါဘူး။ တစ်ချက်ဟိန်းလိုက်ပြီး ကျုပ်ခြေသလုံးကို ဆတ်ခနဲ ထပြီး၊ ပါးစပ်နဲ့ ငုံလိုက်တယ်၊ အသာကလေးတော့ အသာကလေးပါပဲ၊ နို့ပေမဲ့ ကျုပ်က အမြဲသတိနဲ့ နေတဲ့လူ၊ သူ့အန္တရာယ်ကို အမြဲကြောက်နေတဲ့ လူဆိုတော့ ကျုပ်ကို ကိုက်စားတော့မယ်ထင်လို့ ဖြုန်းခနဲ လန့်သွားပြီး လက်ထဲမှာ အသင့်ကိုင်ထားတဲ့ ဓားမြှောင်နဲ့ သူ့ရင်ဝကို တအားစိုက်ချလိုက်မိတော့တာပဲ ကိုတင်မောင်ရေ့။ ကျားသစ်မဟာ နံဘေးကို တစ်ခါတည်း လဲသွားပြီး တစ်ချက်အော်လိုက်တာ ကျုပ်ရဲ့နှလုံးသွေးဟာ တစ်ခါတည်း ရပ်သွားသလား ထင်လိုက်မိတယ်။ သူအော်လိုက်တဲ့အသံကြောင့် 'အင်း ... ဖြစ်ရလေခြင်း၊ ငါတော့မှားပြီ' ဆိုပြီး ကနေ့ထိ စိတ်မကောင်းဖြစ်နေမိတယ်။ အဲဒီလို လဲကျသွားရင်း သူ့မျက် လုံးကလေး တစ်ချက်တစ်ချက်ဖွင့်ပြီး ကျုပ်မျက်နှာ ကြည့်နေလိုက်တာ ပြောလို့ ပြောတာမဟုတ်ပါဘူး . . . 'ရှင်ကျွန်မကို သတ်ရက်လေခြင်း' လို့ ပြောနေတဲ့ မိန်းမတစ်ယောက်ရဲ့ အမူအရာ အတိုင်းပါပဲဗျာ။

"အင်း . . အမှန်တော့ ကျုပ်လည်း အကြောက်လွန်ပြီး လက်လွန်သွားတာပါပဲ ကိုတင်မောင်ရယ်။ ဒီအခါတုန်းကများ ကျားသစ်မဟာ အသက်ပြန်ရှင်လာမယ်ဆိုရင် ကျုပ်အသက်တောင် ပေးဝံ့ပါရဲ့။ ဒီနောက် နှစ်ရက်အကြာမှာ ကျုပ်အလံထူထားတဲ့ ရှပ်အင်္ကျီကို ကျုပ်တို့ဘက်က ကင်းလှည့်တပ်က မြင်သွားလို့ အကူအညီရောက်လာပြီး အသက် ချမ်းသာရာရခဲ့တယ်။ ဒီနောက် တိုက်ပွဲနှစ်ပွဲဆက်တိုက်ရပြီး နောက်ဆုံးတိုက်ပွဲမှာ ကျုပ်ပေါင်တစ်ဖက်ကို ကျည်ဆန်ထိလို့ ဖြတ်ပစ်ရတာပဲ ကိုတင်မောင်ရေ့။ ဒီကျားသစ်မနဲ့ ကျုပ်ဘဝဇာတ်လမ်းကို သေသည့်အထိ ကျုပ် မမေ့တော့ဘူး။ ဒီကျားသစ်ရေကြီးကိုလည်း

မြန်မာပြည် ပြန်လည်ရောက်သည်အထိ ကျုပ်ယူလာပြီး အိမ်မှာ အမြတ်တနိုး ထားရတယ်။ ဘယ့်နှယ်လဲ ကျုပ်ဇာတ်လမ်းကတော့ ခပ်ဆန်းဆန်းပဲ မဟုတ်လား။ သူ့အကြောင်း အတော်ကြာကြာ မေ့နေလိုက်တာ ဒီနေ့ည ဆပ်ကပ်ပွဲကျားသစ်ပြခန်းမှာ ဟိုသူငယ်မက သတိပေးလိုက်လို့ ကျုပ်ပြန် အမှတ်ရလာတာဗျို့ ”

ထို့နောက် ၁၂ နာရီထိုးပြီဖြစ်၍ ကျုပ်တို့လည်း ခွဲခွာကြရတော့မည်ဖြစ်ရာ ကိုအံ့ကြီးသည် ယခုကဲ့သို့ ပြုစုသည်ကို ကျေးဇူးတင်ပါကြောင်းဖြင့် ပြောဆိုပြီးနောက် သူ၏လိပ်စာကိုပေးရာ ကျွန်ုပ်ကလည်း အပြန်အလှန် ကျွန်ုပ်၏လိပ်စာကို သူ့အား ပေးလိုက်၏။

ဤသို့ဖြင့် အထက်ပါ အတ္ထုပ္ပတ္တိကို ကိုအံ့ကြီးထံမှ ရရှိခဲ့ပြီးနောက် နှစ်ပေါင်းနှစ်ဆယ်ကျော်မျှ သူနှင့်မတွေ့ဘဲနေခဲ့ရာ လွန်ခဲ့သော မိုးဦးကျလောက်ကမှ သာယာဝတီနယ်တွင် အမှုထမ်းလျက်ရှိသော ဗိုလ်မှူးတစ်ယောက်က သူသည် ခြေတစ်ဖက်မရှိသော ကိုအံ့ကြီးဆိုသူကို သိကြောင်း၊ ထိုသူမှာ စစ်သားလူထွက် တစ်ယောက်ဖြစ်၍ ပထမ ကမ္ဘာစစ်ကြီးအတွင်းက အင်္ဂလိပ်များဘက်မှ တိုက်ခိုက်ခဲ့ဖူးသူဖြစ်ကြောင်း၊ ဆရာစံအရေးတော်ပုံ၌ပင် ဆရာစံဘက်မှ အကြံပေးဉာဏ်ပေး ပြုလုပ်ခဲ့ ဖူးသူဖြစ်ကြောင်း၊ ထိုသူမှာ လွန်ခဲ့သော နှစ်လသုံးလခန့်ကပင် ဖားရွှေ ကျော်ရွာကလေး၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း ပြောပြသိရှိရပေသည်။

❖

# မိကျောင်းသက်သေ

မြိတ်မြို့ရှိ အထူးအာဏာရ ရာဇဝတ်တရားသူကြီး ရုံးတော်တွင် တစ်နေ့သောနံနက် ရုံးတက်ချိန် ၁၀ နာရီခွဲလောက်၌ အမှုသည်များ၊ အမှုနားထောင်သူများ၊ လျှောက်လွှာစာရေးနှင့် ရုံးစာရေးများ၊ ဝတ်ကောင်းစားလှဖြင့် ဖြတ်သန်းသွားလာလျက်ရှိသော ရှေ့နေရှေ့ရပ်များ စသည့် ပရိသတ်များဖြင့် စည်ကားလျက်ရှိ၏။ အချိန်မှာ ဒုတိယ ကမ္ဘာစစ်ကြီး မဖြစ်မီ တစ်နှစ်ခန့် ဖြစ်၍ ငွေကြေးတန်ဖိုးနှင့်တကွ နယ်ချဲ့မျက်နှာဖြူတို့ တန်ခိုးအာဏာ အမြင့်ဆုံး အချိန် ဖြစ်လေသည်။

အထူးအာဏာရ ရာဇဝတ်တရားသူကြီး အမည်မှာ ဦးမြစိန် ဖြစ်၍ တည်ကြည်ဖြောင့်မတ်ခြင်း၊ သစ္စာရှိခြင်း၊ ဘက်မလိုက်ခြင်း၊ ဥပဒေကို ရိုသေလေးစားခြင်း စသည်တို့၌ အထူးနာမည်ကျော်ကြားသူ ဖြစ်၏။ တရားသူကြီးတို့မည်သည် ချိန်ခွင်လျှာကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် အနည်းငယ်မျှ တိမ်းစောင်းခြင်း မရှိစေရဘဲ မှန်ကန်တည့်မတ်စွာ ကျင့်သုံးရ၏။ အမှုသွားအမှုလာကို မိမိ၏သတိသမ္ပဇဉ်ဉာဏ်ပညာဖြင့် ကြည့်ရှုဝေဖန်ပြီးနောက် ထောင်ဒဏ်အပြစ်မှ သင့်လျော်သည့် ကိစ္စကို သနားသည်ဆိုကာ ငွေဒဏ်သို့ ပြောင်းလဲမပေးအပ်ချေ။ ငွေဒဏ်သက်သက်သာ ကျခံသင့်သည့်တရားခံကိုလည်း တစ်နည်းနည်းကြောင့် စိတ်ဆိုးသည်ဆိုကာ ရက်အနည်းငယ်မျှပင် ထောင်ဒဏ်မပေးသင့်ချေ။ ထို့ပြင် တစ်စုံတစ်ယောက်အပေါ်၌ အပြစ်ရှိလျှင် ထိုအပြစ်ကို ဖုံးအုပ်၍လည်း မထားအပ်။ ထို့အတူ တမင်သက်သက် မိမိဉာဏ်စွမ်းဖြင့်

http://www.cherrythitsar.org



မပေါ်လာအောင် ဖော်ထုတ်၍လည်း မပေးအပ်ပေ။ ယင်းကဲ့သို့ တည်ကြည်ခိုင်မြဲသော စိတ်ဓာတ်မှာ အလွန်သိမ်မွေ့သော စိတ်ဓာတ်တစ်မျိုး ဖြစ်၍ လာဘ်သပ်ပကာ ယူခြင်းထက် အရေးကြီးပြီးလျှင် တရားသူကြီးတိုင်း တိကျစွာ ကျင့်သုံးအပ်သည့် မှန်မြတ်သော စိတ်ဓာတ်ဖြစ်လေသည်။

ဦးမြစိန်မှာ ထိုကဲ့သို့ စိတ်ဓာတ်မျိုး ရှိသူဖြစ်၏။ ဦးမြစိန်မှာ အလွန်နူတ်ချို၍ ဝမ်းထဲသဘောထားကောင်းသော်လည်း အပြစ်တွေ့လျှင်မူ မည်သည့်အရာကိုမျှ ထောက်ထားခြင်းမပြုဘဲ ဥပဒေရှိသည့်အတိုင်း ပြုလုပ်တတ်သူ ဖြစ်လေသည်။

ထိုနေ့က ဦးမြစိန်၏ရုံးခန်းပတ်ဝန်းကျင်၌ နားထောင်နေသော ပရိသတ်မှာ အများအားဖြင့် ပသျှူးလူမျိုးများဖြစ်၏။ ဤသို့ ပသျှူးလူမျိုး အများအပြားလာရောက် နားထောင်ခြင်းမှာ ထိုနေ့ထိုအချိန်တွင် ပသျှူးလူမျိုးတရားခံ 'အဗ္ဗဒူလာ' ၏အမှုကို စီရင်ချက်ချမည့်နေ့ ဖြစ်သောကြောင့် ဖြစ်လေသည်။

တရားခံသည် စစ်တန်း၌ရပ်ကာ တရားသူကြီး၏အမိန့်ကို နာခံလျက်ရှိ၏။ အနီးတွင် လက်နက်ကိုင်ပုလိပ် နှစ်ယောက် ရပ်လျက် တရားခွင်ရှေ့စားပွဲတွင် အစိုးရရှေ့နေနှင့် အမှုလိုက် အင်စပိတ်တော် ရှိလေသည်။ တရားသူကြီးသည် စီရင်ချက်ကို မြန်မာဘာသာဖြင့် ဖတ်ပြပြီးနောက် နောက်ဆုံးတွင် တရားခံအပေါ်၌ တရားလိုသက်သေ ထွက်ချက်များ မခိုင်လုံသဖြင့် ယခု ရုံးတော်ရှေ့ရှိ တရားခံ အဗ္ဗဒူလာအား တရားရှင်လွှတ်လိုက်ကြောင်းဖြင့် အမိန့်ချမှတ်လေ၏။ စီရင်ချက်အကျဉ်းချုပ်ကို ရုံးစကားပြန်က တရားခံအား ပြန်ပြောရ၏။ အမှုနားထောင်သူများလည်း အသက်မရှူနိုင်လောက်အောင် ရှိနေရာ ထိုအခါမှ ဟင်းခနဲ သက်ပြင်းချနိုင်တော့၏။

ပုလိပ်များသည် စစ်တန်း တံခါးကလေးကို ဖွင့်၍ တရားခံအား လွှတ်လိုက်၏။ ရုံးအမှုလိုက်နှင့် တရားခံရှေ့နေတို့လည်း အပြင်သို့ ထွက်သွားကြရာ တရားသူကြီးနှင့် တရားခံသာ ရုံးထဲ၌ ကျန်ရစ်ခဲ့လေသည်။ တရားခံသည် တရားသူကြီးအား ဆလံပြုလိုက်၏။ ထို့နောက် ဦးခေါင်းကိုညွတ်ကာ လက်အုပ်ချီလိုက်သေး၏။ သို့သော် တရားသူကြီးသည် လှည့်၍မှ မကြည့်ဘဲ တရားခွင်မှ ဆင်းကာ သူ၏အခန်းထဲသို့ ဝင်သွားလေ၏။

လူသတ်မှုမှ လွတ်မြောက်လာသော 'အဗ္ဗဒူလာ' သည် ဆွေမျိုးဉာတိ မိတ်သင်္ဂဟများအား ဝမ်းမြောက်ဝမ်းသာနူတ်ဆက်လျက်ရှိ၏။

တရားသူကြီးသည် အခြားအမှုတစ်ခုကို စစ်ဆေးပြီးနောက် ၁ နာရီတွင် နေ့လယ်စာစားရန် ရုံးဆင်းလေသည်။ နေ့လယ်စာစားပြီးနောက် အခန်းတွင်းရှိ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်ကာ အပန်းဖြေလျက်ရှိစဉ်

http://www.cherrythitsar.org



ရုံးပြာတာကလေးသည် တရားသူကြီး အခန်းသို့ ဝင်ရောက်လာကာ နံနက်ခင်းက လွှတ်ပစ်လိုက်သော တရားခံအဗ္ဗဒူလာက ခေတ္တဝင်ရောက်ခွင့်ပြုရန် တောင်းဆိုလျက် ရှိပါကြောင်းဖြင့် အမိန့်တောင်းလာ၏။ တရားသူကြီးလည်း ဝင်ခွင့်ပြုလိုက်လေသည်။

အဗ္ဗဒူလာသည် ခါးကို ကြမ်းပြင်နှင့် ထိလုမတတ်ကုန်း၍ ဝင်လာပြီးလျှင် တရားသူကြီးရှေ့သို့ ရောက်သောအခါ ဒူးထောက်လျက် နဖူးကို ကြမ်းပြင်နှင့် တိုက်လေသည်။ ဦးမြစိန်သည် ပသျှူးစကား ကောင်းစွာတတ်သူဖြစ်၏။ သို့နှင့် ပသျှူးဘာသာဖြင့် –

(ကြီး) "ဘာလဲ အဗ္ဗဒူလာ၊ မင်းဘာပြောချင်လို့လဲ"

(လာ) "သခင်ဟာ ကျွန်တော်မျိုးကို လွှတ်ပစ်လိုက်တာ အင်မတန်ကျေးဇူးကြီးပါတယ် သခင်။ ကျွန်တော်မျိုး လူတွေက အီဗရာဟင်ကို ကျွန်တော် သတ်တယ် ထင်နေကြတာ သခင်တစ်ယောက်ပဲ ကျွန်တော်မျိုးကို ယုံကြည်ပါတယ်။ ဒါကြောင့်မို့ သခင့်ကို ကျွန်တော်မျိုး ကျေးဇူးဆပ်လိုပါတယ်"

အဗ္ဗဒူလာသည် တရားသူကြီး၏မျက်နှာကို မကြည့်ရဲသကဲ့သို့ ဦးခေါင်းကို ငုံ့ကာ အထက်ပါစကားများကို ပြောဆိုရေရွတ်လျက်ရှိ၏။

ဦးမြစိန်သည် ကုလားထိုင်ကိုပြင်၍ ထိုင်လိုက်၏။ ထို့နောက် အဗ္ဗဒူလာအား ပြုံးသည်ဆိုရုံမျှ မသိမသာ ပြုံးကာ နက်နဲသိမ်မွေ့သော ဥပဒေသဘောတရားများကို စဉ်းစားမိ၏။ အမှုလွတ်လျှင် တရားခံက တရားသူကြီးအား ကျေးဇူးတင်ခြင်း၊ အပြစ်ရလျှင် တရားသူကြီးအပေါ်တွင် စိတ်ဆိုးခြင်း၊ ရန်ငြိုးသိုတတ်ခြင်း စသည့် လူတို့သဘာဝ ဖြစ်ပျက်တတ်သည်များကို ယခုအမှုနှင့် ယှဉ်၍ဆင်ခြင်သုံးသပ်မိ၏။ ဥပဒေက မိမိအား လူတိုင်းက နားလည်သည်ဟု ယူဆထား၏။ သို့သော် လူများက ဥပဒေကို နားမလည်ချေ။ တရားခံတစ်ယောက်အား အဘယ်ကြောင့် အပြစ်ပေးလိုက်သည်ကိုလည်းကောင်း၊ အဘယ့်ကြောင့် လွှတ်ပစ်လိုက်သည်ကိုလည်းကောင်း စီရင်ချက်ကို သာမန်ဝတ္ထုရားအတိုင်း ဖတ်ပြတတ်သည်ထက် သူတို့သဘောပေါက်အောင် ပြောပေးရန် လိုအပ်သည်ဟု ယူဆ၏။ အများအားဖြင့် တရားလို တရားခံများသည် တရားသူကြီးအပေါ်တွင် အလွဲနားလည်တတ်၏။ အထင်အမြင်မှားတတ်၏။ ဤသို့ဖြင့် တရားသူကြီးအား လာဘ်ထိုးသောကိစ္စများ၊ အပြစ်ပေးသည့် တရားသူကြီးအား ချောင်းမြောင်းလုပ်ကြံမှုများ ဖြစ်ပေါ်လာတတ်၏။

"ငါတော့ ဒီအကောင် နားလည်အောင် ရှင်းပြဦးမှပဲ" ဟု အောက်မေ့မိ၏။

http://www.cherrythitsar.org


(ကြီး) "မဟုတ်ဘူးကွယ့် အဇ္ဇဒူလာ၊ မင်း အထင်မှားနေတာ။ မင်းကို ငါလွှတ်တာ မဟုတ်ဘူး။ ဥပဒေက လွှတ်တာကွယ့်။ မင်းရွာက လူတွေက အီဗရာဟင်ကို မင်းသတ်တယ်လို့ သံသယရှိကြတယ်။ နို့ပေမဲ့ အဲဒီလို သံသယ ရှိရုံလောက်နဲ့ အပြစ်မပေးနိုင်ဘူး။ လူတစ်ယောက် အပြစ်ရနိုင်လောက်အောင် လုံလောက်တဲ့ သက်သေခံချက်ရှိရမယ်။ မင်း အမှုမှာ သက်သေထွက်ချက် တချို့တော့ ရှိပါရဲ့။ ဒါပေမဲ့ ဒီလောက်နဲ့ မလုံလောက်သေးဘူး။ မင်းဟာ ပြစ်မှုကျူးလွန်တယ် ဆိုတဲ့အကြောင်း ထင်ရှားအောင် ထွက်ဆိုတဲ့ သက်သေ ထွက်ချက် မရှိသမျှကာလပတ်လုံး မင်းဟာ အပြစ်ကင်းစင်တဲ့ လူတစ်ယောက် လို့ ယူဆရမယ်။ အဲဒါဟာ ဥပဒေသဘောပဲ။ သက်သေထွက်ချက် မလုံ လောက်တဲ့အတွက် မင်းကို လွှတ်ရတယ်။ ဒါကြောင့် ငါက လွှတ်တာ မဟုတ် ဘူး၊ ဥပဒေက လွှတ်တာလို့ ငါပြောတယ် မဟုတ်လား"

(လာ) "အတူတူပါပဲ သခင်၊ ကျွန်တော်မျိုးကို လွှတ်လိုက်တာက တော့ သခင်ပါပဲ။ ဒါကြောင့် သခင့်ကို ကျွန်တော်မျိုး တစ်ခုခု ကျေးဇူးပြုပါရစေ"

အထက်ပါစကားလုံးများကို ဦးမြစိန်သည် အဇ္ဇဒူလာ နားလည် အောင် ပသျှူးဘာသာဖြင့် ဥပဒေအချက်အလက်များကို အသေးစိတ် ရှင်းလင်း ပြောပြလျက်ရှိလေသည်။ လမ်းမှန်ကို ကျင့်သုံးသည့် တရားဥပဒေထက် ပုဂ္ဂလိ က ခင်မင်မှု သနားညှာတာမှုကြောင့် လွတ်မြောက်ရသည်ဟူသော အဇ္ဇဒူလာ ၏ယုံကြည်ချက်ကို နားလည်အောင် ရှင်းလင်း ၍နေရလေသည်။

(ကြီး) "မင်းက အတူတူထင်နေတာ၊ မတူဘူးကွယ့် အဇ္ဇဒူလာ၊ ငါက ဥပဒေအတိုင်းလုပ်တယ်။ ဘာဖြစ်လို့လဲ၊ ဥပဒေသာ တရားမှန်ကန်မှု ကိုပေးနိုင်တယ်ကွယ့်။ တကယ်လို့သာ အခုလူသတ်မှုမှာ မင့်အပေါ် သက်သေ ထွက်ချက်ရှိရင် မင့်ကို ငါဖမ်းရမယ်။ အမှုဖွင့်ပြီး မင့်ကို စစ်မယ်။ အကယ်၍ မင့်အပေါ် သက်သေထွက်ချက် ထင်ရှားရင် မင့်ကို ကြိုးစင်တင်ကောင်း တင် မယ်။ အဲဒါ တရားဥပဒေပဲ။ ဒါကြောင့် ဥပဒေသာ တရားနည်းလမ်းမှန်ကန်မှု ကို ပေးနိုင်တယ်လို့ ငါပြောတယ် မဟုတ်လား"

"ဒါပေမဲ့ သူ့ကို ကျွန်တော်မျိုး မသတ်ပါဘူး သခင်"

"လူသတ်မှုအကြောင်း ဘယ်သူမှ ပြောနေတာ မဟုတ်ဘူး။ မင်း တစ်ယောက်တည်း ပြောနေတာ အဇ္ဇဒူလာ၊ ငါသိတာက အီဗရာဟင် အသတ် ခံရတယ်လို့ ပြောကြတယ်။ အလောင်းကိုတော့ ရှာမတွေ့ဘူး။ သက်သေက လည်း ဟုတ်တိပတ်တိ မရှိဘူး။ သက်သေရယ်လို့ ပြောလောက်အောင် တန်ဖိုး မရှိဘူး။ ယုံမှားသံသယ ဖြစ်စရာကောင်းတဲ့ အချက်တော့ရှိရဲ့။ ဒါပေမဲ့ ယုံမှား

http://www.cherrythitsar.org



သံသယကို သက်သေခံချက်လို့ မခေါ်နိုင်ဘူး။ ပြီးတော့ ငါတစ်ခုပြောမယ်နော် အဗ္ဗဒူလာ၊ မင်းအခု ငါ့ကို ပြောသလို တခြားလူတွေပြောရင် မင်းဟာ ပြစ်မှုရှိတဲ့ လူတစ်ယောက်ရဲ့ စိတ်ဓာတ်မျိုးရှိနေတယ်လို့ သူတို့က ထင်ပြီပဲ"

ဦးမြစိန်၏အသံမှာ တည်ငြိမ်လေးနက်၍ အဗ္ဗဒူလာအား စူးစိုက်ကြည့်ရှုလျက်ရှိလေသည်။ အဗ္ဗဒူလာကလည်း ဦးမြစိန်အား စိုက်၍ ကြည့်လိုက်၏။ သို့သော် အချိန်မကြာလှချေ။ အဗ္ဗဒူလာသည် မျက်လွှာကို အောက်သို့ချလိုက်လေသည်။ သူသည် ဦးထုပ်ဖြူကလေးကို ပြင်၍ ဆောင်းလိုက်၏။ ထို့နောက် လက်နှစ်ဖက်ကို အဓိပ္ပာယ်ကင်းမဲ့စွာ ပွတ်သပ်လျက်ရှိလေသည်။

"ဒါပေမဲ့ သခင် . . ဒီအခွင့်အရေးကိုတော့ ကျွန်တော်မျိုးကို ပေးပါ၊ အမှုလည်း ပြီးပါပြီ။ ကျွန်တော်မျိုး တောင်းပန်ပါတယ်"

အဗ္ဗဒူလာ၏တောင်းပန်ပုံမှာ တစ်စုံတစ်ရာကို ပြုလုပ်ရန် အလွန်အရေးကြီးပုံ လက္ခဏာရှိလေသည်။

"အဗ္ဗဒူလာ၊ မင်းတို့ ပသျှူးလူမျိုးတွေဟာ အင်မတန် ကြင်နာတတ်ပြီး လောကဝတ် ကျေပွန်တဲ့ လူတွေပဲကွယ်။ မင်း ငါ့ကို ကျေးဇူးပြုချင်တယ်ဆိုတာ အင်မတန် ကောင်းမွန်တဲ့ အရာတစ်ခုဖြစ်လိမ့်မယ်လို့ ငါယုံကြည်တယ်။ ဒီတော့ ငါ့အနေနဲ့ မင်းပြုတဲ့ ကျေးဇူးကို မငြင်းပယ် နိုင်တဲ့ အခြေရောက်နေတယ်။ နို့ပေမဲ့ မင်းပြုမယ့် ကျေးဇူးဟာ လာဘ်သပ်ပကာ ဖြစ်ရင်တော့ ငါလက်မခံနိုင်ဘူး။ တခြား တစ်ခုခု ဖြစ်ရင်တော့..."

ဦးမြစိန်၏ စကားမဆုံးမီ အဗ္ဗဒူလာက ကြားဖြတ်၍ . . .

"တခြားတစ်ခုခုပါ သခင်။ ကျွန်တော်မျိုး ပြုလုပ်ချင်တာက ကျွန်တော်မျိုးတို့ မိကျောင်းဖမ်းတာကို သခင်လိုက်ကြည့်ဖို့ ဖိတ်ကြားချင်တာပါပဲ"

ဦးမြစိန်၏ မျက်နှာတွင် အံ့ဩခြင်း၊ ပျော်ရွှင်ခြင်း အရိပ်အယောင်များ သန်း၍သွားလေ၏။ အဗ္ဗဒူလာတို့နေသော ရွာရှိချောင်းကြီးတွင် မိကျောင်းဖမ်းမည်ဟူသော သတင်းကို ကြားပြီးဖြစ်၏။ မိမိ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော အဆန်းတကြယ် အလုပ်တစ်ခု ဖြစ်၍လည်း သွားရောက်ကြည့်ရှုလိုသော ဆန္ဒ ဖြစ်ပေါ်လာ၏။ လူတို့၏အသက်ကို ရန်မူတတ်သည့် အလွန်ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါတစ်ကောင်အား သူတို့သည် မည်ကဲ့သို့ ဖမ်းဆီးကြမည်နည်း။ ဦးမြစိန်သည် လိုက်ပါကြည့်ရှုရန် လွန်စွာစိတ်အားထက်သန်လျက် ရှိလေသည်။

"အေးကွယ် . . ငါလိုက်ကြည့်မယ်"

အဗ္ဗဒူလာသည် ခေတ္တငြိမ်သက်လျက်ရှိ၏။ ဦးမြစိန်က ဆက်လက်၍ "ဘယ်တော့လဲကွယ့်၊ ပြီးတော့ ဘယ်မှာလဲ"

http://www.cherrythitsar.org



"ကျွန်တော်မျိုးတို့ရွာက ချောင်းကြီးမှာပါ သခင်၊ ဒီချောင်းကြီးဟာ အင်မတန် မိကျောင်းပေါတယ်လို့ ကျော်ကြားခဲ့ပါတယ်။ ကျွန်တော်မျိုးတို့ ရွာက လူများဟာလည်း မိကျောင်းဖမ်းတဲ့နေရာမှာ အင်မတန် ကျင်လည်ပါ တယ်။ မိကျောင်းရဲ့ အကျင့်စာရိတ္တတွေ ကျွန်တော်မျိုးတို့အား လုံးသိပါတယ်။ အခုအချိန်မှာ မိကျောင်းဖမ်းမယ့် ရွာသားတစ်စုဟာ တောင်ပေါ်ကို ကြိမ်ခုတ်ဖို့ တက်နေကြပါပြီ။ မကြာခင်ပဲ ဖမ်းကြပါလိမ့်မယ်"

"အင်း . . မင်းတို့ ဘယ်လိုဖမ်းတယ်ဆိုတာ ပြောစမ်းပါဦး အဗ္ဗဒူလာ ရဲ့"

"ဖမ်းနည်းကတော့ အစာနဲ့ မျှားဖမ်းတာပါပဲ သခင်။ ခွေးအရှင် ကလေးတစ်ကောင်ကို ရေပေါ်မှာပေါ်နိုင်တဲ့ သစ်တုံးကလေးတစ်တုံးနဲ့ တွဲချည် ထားပါတယ်။ ပြီးတော့ အင်မတန် သန်မာတဲ့ ငါးမျှားချိတ်လို ချိတ်တစ်ခု ခွေးကလေးနဲ့ ကပ်ချည်ထားရပါတယ်။ တုံးကလေးကို ရေထဲ မျှောလိုက်တဲ့ အခါ ခွေးကလေးဟာ ကြောက်လွန်းလို့ အော်တာပါပဲ။ အဲဒီလိုအော်တာဟာ မိကျောင်းကို ခေါ်တာနဲ့အတူတူပါပဲ သခင်၊ ဒီနောက် မိကျောင်းဟာ ခွေး ကလေးကို လာလည်း မျိုရော ချိတ်စူးပြီးအမိ ခံရတော့တာပါပဲ။ ဒီနောက် သံချိတ်မှာ တပ်ထားတဲ့ကြိုးဟာ ရေပေါ်မှာ ပေါလော ပေါ်နေပါတယ်။ ဒီနောက် တော့ အဲဒီကြိုးနဲ့ မိကျောင်းကို လှေပေါ် ဆွဲတင်ရုံပါပဲ"

"ခွေးနဲ့ပဲ မျှားရသလား အဗ္ဗဒူလာရဲ့"

"မှန်ပါတယ် သခင်၊ တစ်ခါတလေ ကြက်တို့၊ ဘဲတို့နဲ့လည်း မျှား ကြပါတယ်။ နို့ပေမဲ့ ခွေးကလေးနဲ့မျှားတာ အကောင်းဆုံးပါပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ ခွေးကကြာကြာ အော်နိုင်ပြီး မိကျောင်း လာအောင် ပိုပြီး ခေါ်နိုင်လို့ ပါပဲ"

"ဒါပဲလား အဗ္ဗဒူလာ၊ ပြီးရော့လား"

"မပြီးသေးပါဘူး သခင်၊ ဒါဟာ အစပဲရှိပါသေးတယ်"

"အစပဲ ရှိသေးတယ် ဟုတ်လား"

"မှန်ပါတယ်သခင်၊ ဒီနောက် သူ့ပါးစပ်ကြီးအပေါ်နှုတ်ခမ်းကို ကြိုး ကွင်းနဲ့ ပထမချည်ရပါတယ်။ ဒီနောက် အောက်နှုတ်ခမ်းကို ချည်ရပါတယ်။ သခင် ကိုယ်တိုင် လိုက်ကြည့်တဲ့အခါ မြင်ရပါလိမ့်မယ်"

"ဒါပဲလား"

"မဟုတ်သေးပါဘူး သခင်၊ မိကျောင်းဖမ်းမယ့် လှေပေါ်မှာ သတ္တိ ကောင်းတဲ့ လူနှစ်ယောက်နဲ့ ဂါထာမန္တရားရွတ်ဖတ်တတ်တဲ့ ဆေးဆရာတစ် ယောက် ပါရပါတယ်။ အဲဒီဆေးဆရာက မိကျောင်းကို ဖမ်းမိအောင် လှေပေါ်

http://www.cherrythitsar.org



က ကြိုးကွင်းချည်တဲ့ လူနှစ်ယောက်မှာလည်း ဘေးအန္တရာယ်ကင်းရှင်းအောင် ကျွန်တော်မျိုးတို့ ဘာသာနဲ့ ဂါထာမန္တန်များကို ရွတ်ဆိုရပါတယ်"

"အတော် စိတ်ဝင်စားစရာ ကောင်းတာပဲ"

"အချိန်နီးကပ်လာတဲ့အခါ ကျွန်တော်မျိုး ကိုယ်တိုင် လာခေါ်ပါ့မယ်။ ဒီတော့သာ သခင် လိုက်ခဲ့ပါ"

"ကောင်းပြီ အဗ္ဗဒူလာ၊ ငါ မမြင်ဖူးလို့ လိုက်ကြည့်မယ်"

ထိုနောက် အဗ္ဗဒူလာသည် သူ၏အမှုကို လွှတ်လိုက်သော တရားသူကြီး ဦးမြစိန်အား ကြမ်းပြင်နှင့် နဖူးထိလုမတတ် အရိုအသေပြုကာ အခန်းထဲမှ ထွက်သွားလေ၏။

*

ရက်သတ္တနှစ်ပတ်ခန့် ကြာလတ်သော် တစ်နေ့သော စနေနေ့ နံနက်ခင်း ၁၀ နာရီခန့်၌ အဗ္ဗဒူလာသည် အငှားမော်တော်ကား တစ်ပတ်ရစ်ကလေး တစ်စီးဖြင့် ဦးမြစိန်အား ခေါ်ရန်ရောက်လာ၏။ သို့နှင့် ဦးမြစိန်သည် ရုံးသို့ ခေတ္တသွားရောက်ပြီးလျှင် ထိုနေ့ချိန်းထားသော အမှုများကို စစ်ဆေးတန်သရွေ့ စစ်ဆေး၍ ကျန်အမှုများကို ရက်ချိန်းများ ပေးလိုက်၏။ ထို့နောက် အိမ်သို့ ပြန်၍ တောတက်သည့် အဝတ်အစားများကို လဲပြီးလျှင် အဗ္ဗဒူလာနှင့်အတူ လိုက်သွားလေ၏။

အဗ္ဗဒူလာ နေထိုင်သော ပသျှူးရွာကလေးမှာ မြိတ်မြို့မှ ၂၄ မိုင်ခန့်ဝေး၍ တနင်္သာရီ ပင်လယ်ကမ်းခြေမှ လေးမိုင်ခန့်သာဝေး၏။

မော်တော်ကားဖြင့် ၁၆ မိုင်မျှလည်းကောင်း၊ ထိုမှ တစ်ဖန် လှည်းဖြင့် လေးမိုင်ခန့်မျှလည်းကောင်း၊ လှေဖြင့် နှစ်မိုင်ခန့်မျှလည်းကောင်း၊ ခြေလျင်ခရီးဖြင့် နှစ်မိုင်ခန့်မျှလည်းကောင်း သွားရလေရာ နေဝင်ရီတရောအချိန်မှ ရွာသို့ ရောက်ကြ၏။ ရွာကလေးမှာ အိမ်ခြေ ၁၀၀ ခန့်ရှိ၍ ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်သော သစ်ပင်ကြီးများဖြင့် လည်းကောင်း၊ ပင်လယ်ကမ်းရိုးတန်းဘက်ဆီတွင် အုန်း၊ ထန်းစသော အပင်မျိုးများဖြင့် လည်းကောင်း စိမ်းလန်းဝေဆာစွာ ရှိနေ၏။

အဗ္ဗဒူလာသည် ဦးမြစိန်အား တည်းခိုရန် သီးခြားအိမ်တစ်ဆောင်ပေး၍ အခိုင်းအစေအဖြစ် ကလေးတစ်ယောက်ပေးထား၏။ ညစာအတွက် ဆန်ပြုတ်၊ နွားနို့၊ ဆိတ်နို့၊ ထောပတ်နှင့် အုန်းသီးမုန့်၊ ကြက်သားကင်၊ ခိုကင်နှင့် တောဝမ်းဘဲသားများဖြင့် ခမ်းနားစွာ ကျွေးမွေးပြုစု၏။

နောက်တစ်နေ့နံနက်၌ ကော်ဖီ၊ သကြား၊ ကြက်ဥ၊ ကျွဲနို့၊ ငှက်ပျောသီး၊ အုန်းသီးနှင့် လုပ်သောမုန့်များ ပါဝင်သည့် နံနက်စာကို ခပ်စောစောပင်

http://www.cherrythitsar.org



စား၍ ၉ နာရီလောက်တွင် အိမ်မှထွက်ကြ၏။ ယမန်နေ့က လှေဖြင့် လာခဲ့သော ကမ်းဆိပ်သို့ ရောက်သောအခါ ချောင်း၏အခြားဘက်သို့ ကူး၍တစ်မိုင်ခန့်မျှ ခြေကျင်လျှောက်သွားရလေရာ အခြားပသျှူးရွာကလေး တစ်ရွာသို့ ရောက်ကြလေသည်။ ထိုရွာကလေးမှာ ချောင်းကြီးတစ်ချောင်း၏ ကမ်းနဖူးတွင် တည်ရှိ၍ မိချောင်းဖမ်းမည့် ချောင်းမှာ ထိုချောင်းကြီးပင်ဖြစ်ကြောင်းနှင့် အဗ္ဗဒူလာက ပြောပြ၏။

ရွာကလေးမှာ အိမ်ခြေ ၂၀ ကျော် ၃၀ ခန့်သာ ရှိ၍ ရွာသူရွာသား အားလုံးပင် ပသျှူးလူမျိုးများဖြစ်ကြ၍ အဗ္ဗဒူလာနှင့် တရားသူကြီးပါ လာရောက်မည့်အကြောင်း ကြိုတင်သိထားကြသည့် လက္ခဏာဖြင့် မြစ်ဆိပ်တွင် လူများစုဝေးလျက်ရှိကြလေသည်။

အဗ္ဗဒူလာသည် ဦးမြစိန်အား ရွာသူကြီးနှင့်မိတ်ဆက်ပေးသဖြင့် သိရ၏။ တိုင်းရင်းသားပုံစံမျိုးဖြင့် ဆောက်လုပ်ထားသော ၁၈ ပေခန့်ရှိ လှေတစ်စင်းသည် လူများစုဝေးသော နေရာအနီး ကမ်းနားတွင် ဆိုက်ကပ်ထား၏။ လှေပေါ်သို့ ရှေးဦးစွာ တက်သောသူမှာ နဖူးတွင်ပြာများ လူးထားသည့် ဝတ်ဖြူစင်ကြယ်ဝတ်ထားသော ပသျှူးတစ်ယောက်ဖြစ်၍ လည်ပင်းတွင် ဆီးကင်းခန့်ရှိ အနီရောင်အလုံးကလေးများကို ကြိုးဖြင့် သီကုံးကာ ပုတီးကဲ့သို့ဆွဲထား၏။ သူကား ဆေးဆရာပေတည်း။ ထို့နောက် အဗ္ဗဒူလာသည် အဖော်နှစ်ယောက်နှင့်တက်လာရာ ၎င်းတို့မှာ မိကျောင်းဖမ်းမည့် သူရဲကောင်းများ ဖြစ်လေသည်။ နောက်ဆုံးတွင် ဦးမြစိန် တက်လာ၍ အဗ္ဗဒူလာသည် ဦးမြစိန်အား လှေအလယ်တွင်ထိုင်စေ၏။

သူတို့သည် လှေကိုကမ်းမှခွာ၍ လှော်ခတ်သွားရာ ဆေးဆရာသည် စိပ်ပုတီးကို လက်ကကိုင်ရင်း ဂါထာမန္တန်များကို တတွတ်တွတ် ရွတ်ဆိုလျက်ရှိ၏။ ထိုအခါ ရွာသူရွာသားများသည် သူရဲကောင်းများအား ဆူညံစွာ ဩဘာပေးကြလေသည်။

လှေသည် တစ်မိုင်လေးပုံတစ်ပုံခန့် ရောက်သောအခါ ရေပေါ်တွင် ပေါလောပေါ်၍နေသော သစ်တုံးကလေးကို တွေ့ရသဖြင့် ၎င်းနှင့် ပူးတွဲချည်ထားသော ခွေးကလေးမှာ မိကျောင်းဟပ်၍ သွားပြီဖြစ်ကြောင်းနှင့် အဗ္ဗဒူလာက ပြောပြ၏။ နှစ်ကြိမ်တိုင်တိုင် အဗ္ဗဒူလာနှင့် သူ၏အဖော်တစ်ယောက်သည် ကြိုးကလေးကို မြင်လိုက်ရသည်ထင်သဖြင့် ထိုနေရာသို့ လှော်ခတ်သွားသေး၏။ သို့သော် အနီးရောက်သောအခါ သစ်ကိုင်းခြောက်ကလေးတစ်ခု မျောပါနေသည်ကို တွေ့ရသဖြင့် စိတ်ပျက်ကာ ဆက်လက်ရှာဖွေကြပြန်၏။

http://www.cherrythitsar.org



နာရီဝက်ခန့် လျှော်ခတ်သွားမိသောအခါ အဗ္ဗဒူလာသည် မိကျောင်းဟပ်၍သွားသော ကြိုးကို အကယ်ပင်တွေ့ရှိ၍ အနီးသို့ ချဉ်းကပ်ပြီးနောက် ကြိုးကို ဆွဲယူလိုက်၏။ ထို့နောက် သူသည် ကြိုးကို စိတ်ရှည်လက်ရှည် ဆွဲယူလျက်ရှိရာ လှေပေါ်မှ လူများလည်း သူလုပ်ပုံကို ငြိမ်သက်စွာ ကြည့်ရှုလျက်ရှိကြလေသည်။ သူ၏အဖော်ပသျှုးမှာ ထိုကြိုးထက် အတန်ငယ်သေးငယ်သော ကြိုးဖြင့် အနီးမှ မတ်တတ်ရပ်ကာ စောင့်ဆိုင်းကြည့်ရှုလျက်ရှိ၏။ ထိုပသျှုးကိုင်ထားသော ကြိုးအဖျား၌ကား အသင့်ပြုလုပ်ထားသော 'ကွင်းလျှော' တစ်ခုပါရှိလေသည်။ ထိုအချိန်၌မူ ဆေးဆရာမှာ သူ၏ဂါထာမန္တန်များကို ယခင်ကထက် စိတ်အားထက်သန်စွာ ရွတ်ဆိုလျက်ရှိနေတော့၏။

နေသည် မွန်းတည့်လုနီးပါးရှိနေပြီဖြစ်၍ အစွမ်းကုန် ပူလောင်လျက်ရှိလေ၏။ သို့သော် ဦးမြစိန်မှတစ်ပါး လှေပေါ်မှလူများသည် အပူကို ပဓာနမထားကြချေ။ သူတို့သည် မိကျောင်းပေါ်လာမည်ကိုသာ စောင့်ဆိုင်းကြည့်ရှုလျက် ရှိကြလေသည်။ နှစ်နာရီခန့်မျှပင် အချိန်ကုန်လွန်သွားလေရာ ပသျှုးသူရဲကောင်းများ၏ နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များကိုပင် မြင်ရ၏။ မကြာမီ ရေမျက်နှာပြင်ပေါ်သို့ မိကျောင်း၏ကိုယ်လုံးကြီးသည် တဖြည်းဖြည်း ပေါ်လာတော့၏။ ထိုအခါ အဗ္ဗဒူလာသည် သူဆွဲနေသောကြိုးကို အခြားပသျှုးနှစ်ယောက်၏လက်သို့ ကမ်းလိုက်၏။ ဆေးဆရာ၏ရွတ်ဆိုသံသည် ယခင်ကထက် အတန်ငယ် ကျယ်၍လာ၏။ မြန်၍လည်းလာ၏။

မိကျောင်းကြီးကား ပါးစပ်ကြီးကို ဖြဲကာ တဖြည်းဖြည်း လှေနှင့်နီးကပ်လာတော့၏။ ဝါးတစ်ရိုက်မှသည် တစ်လံလောက်အထိ ရောက်လာ၏။ ထို့နောက် နှစ်တောင်ခန့်မျှသာ ဝေးသောနေရာသို့ရောက်လာရာ နီရဲသောပါးစောင်ကြီးများအတွင်း ဖြူဖွေးချွန်ထက်သော အစွယ်ကြီးများကိုပင် နီးကပ်စွာ မြင်ရလေ၏။ ခံတွင်းမှထွက်သော ပုပ်ဟောင်သောအနံ့ကြီးကိုလည်း ခံစားမိကြ၏။ ထိုအချိန်တွင် ဒုတိယ ပသျှုး၏လက်သည် ဖျတ်ခနဲ ကောက်ကွေ့လှုပ်ရှားသွားပြီးနောက် လက်ထဲမှ ကြိုးကွင်းသည် မိကျောင်း၏ အထက်နှုတ်ခမ်းကို သွား၍စွပ်ပြီး ဖြစ်သွားလေရာ နှာခေါင်းကို အနည်းငယ်မျှ အထိမခံလိုသော မိကျောင်းသည် ထိုခဏ၌ပင် ရေအောက်သို့ ငုပ်လျှိုးသွားလေတော့၏။ ထိုအခါ လှေပေါ်မှ ကြိုးများကို မိကျောင်းသွားလိုရာ သွားနိုင်ရန် လျှော့ပေးကြ၏။ အဗ္ဗဒူလာက ဦးမြစိန်ဘက်သို့ လှည့်၍ "ဒီအကောင်မျိုးက နှာခေါင်းကို နည်းနည်းမှ အထိခံချင်တဲ့အကောင် မဟုတ်ဘူး သခင်" ဟု ပြောလိုက်ရာ ဦးမြစိန်သည် ခေါင်းကို ညိတ်လိုက်၏။ ဆေးဆရာမှာ ဂါထာမန္တန်များကို ရွတ်ဖတ်လျက်ပင် ရှိလေသည်။

အချိန်အတန်ကြာလတ်သော် ကြိုးများကို ရေထဲမှ ပြန်၍ဆွဲယူကြပြန်၏။ ငါးစာတပ်ထားသော ကြိုးမှာ အလွန်အရေးကြီးသည့်အတိုင်း သတိကြီးစွာဖြင့် ဆွဲယူကြရ၏။

တစ်ဖန် မိကျောင်း၏ကြောက်ရွံ့ရွံ့ရာဖွယ်ကောင်းသော ကိုယ်လုံးကြီးသည် ရေထဲမှ ပေါ်လာပြန်လေသည်။ ထိုအခါ ဒုတိယ ပသျှူးသည် အဖျားတွင် ကွင်းလျှောပြုလုပ်ထားသော ကြိုးခွေကလေးကို ကိုင်ကာ မတ်တတ်ရပ်လိုက်ပြန်၏။

မိကျောင်းကြီးသည် ပါးစပ်ကြီးကို ဟကာ လှေနှင့် နီးကပ်စွာရောက်လာ၏။ ထိုခဏ၌ ပသျှူး၏ကျင်လည်စွာ ပစ်လိုက်သော ကြိုးကွင်းသည် အောက်မေးကိုသွား၍ စွပ်ပြန်လေသည်။ ကြိုးတင်းသည်နှင့် တစ်ပြိုင်နက် မိကျောင်းသည် ပါးစပ်ကို ပြန်၍ပိတ်ကာ ရေအောက်သို့ ငုပ်သွားပြန်၏။ အထက်မေး အောက်မေးကား ချည်နှောင်၍ပြီးပေပြီ။ ဤသို့ဖြင့် မိကျောင်း ငုပ်သွားသည့်အခါ၌ ကြိုးသုံးကြိုးသည် လှေနံဘေး၌ ပေါလောပေါ်ကာ မိကျောင်းသွားရာသို့ လိုက်ပါလျက်ရှိလေသည်။

သို့နှင့် လှေပေါ်မှ လူများသည် အချိန်ကိုစောင့်ဆိုင်းရင် အခြားကြိုးနှစ်ကြိုးကို ခပ်လျော့လျော့ထား၍ ကြိုးမကြီးကို ဆွဲယူလေရာ မိကျောင်းသည် ရေမျက်နှာပြင်ပေါ်သို့ တဖြည်းဖြည်း ပေါ်လာပြန်ပေ၏။ ထိုအခါ၌ ပါးစပ်ကြီးကို မဟနိုင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် လျော့ရဲစွာ ချည်လိုက်သော မေးသိုင်းကြိုးနှစ်ချောင်းသည် တွန့်လိမ်ကောက်ကွေး ပြေးလွှားသွားသည့် အရှိန်ဖြင့် ၎င်း၏အထက်မေး အောက်မေးနှစ်ခုစလုံးကို အထပ်ထပ်အခါခါ တုပ်နှောင်ရစ်ပတ်ပြီး ဖြစ်နေသောကြောင့်ပေတည်း။ မိကျောင်းကြီးကိုကား မိပေပြီ။ မိကျောင်းဖမ်းဆရာများကား ထိုအခါမှ သူတို့၏ အသက်ကို ကောင်းစွာ စိတ်ချရတော့၏။ အလုပ်ကား မလွယ်ကူချေ။ ရဲရင့်ခြင်းနှင့် ကျွမ်းကျင်လိမ္မာခြင်း ရှိရုံမျှမက သည်းခံ၍ အေးဆေးစွာ ပြုလုပ်ရမည့် အလေ့အကျင့်လည်း ရှိရပေမည်။

ထိုအခါ တစ်ယောက်က "ကိုင်း . . တော်လောက်ပြီဟေ့" ဟု အော်လိုက်ရာ သူတို့သည် အောက်ပိုင်းတွင် ဝတ်ဆင်ထားသည့် 'ဆာရွန်'ခေါ် နံငယ်ပိုင်းများကို ယခင်ကထက် မြဲမြံအောင် ပြင်၍ ဝတ် လိုက်ပြီးလျှင် ရေထဲသို့ ခုန်ဆင်းလိုက်ကြ၏။

ခေါင်းဘက်တွင် မိကျောင်း၏ပါးစပ်သည် လူတစ်ယောက်ကို ဝါးမျိုနိုင်ဘိသကဲ့သို့ အမြီးဘက်တွင်လည်း တစ်ချက်မျှ ပုတ်ခတ်လိုက်သော အမြီးဖျားသည် လူကိုမဆိုထားဘိဦး၊ သာမန် လှေငယ်တစ်စင်းကိုပင် ထက်ခြမ်းကွဲ၍

http://www.cherrythitsar.org



သွားအောင် ရိုက်ခတ်နိုင်၏။ သို့သော် ယခု အခြေအနေ၌မူ ပါးစပ်ကို ကောင်းစွာပိတ်မိထားပြီးဖြစ်၍ အမြီးမှာ မလှုပ်နိုင်တော့ချေ။ မျက်လုံးကြီးနှစ်လုံး ပုတ်ခတ်ပုတ်ခတ်ရှိနေသည်မှတစ်ပါး ထင်းတုံးတစ်တုံးသဖွယ်သာ ရှိနေတော့၏။

ထိုအခါ၌ကား ပသျှူးများသည် ရေပေါ်တွင် မျောပါလျက်ရှိသော မိကျောင်းကြီးကို လှေပေါ်သို့ ဆွဲတင်လျက်ရှိကြရာ ဦးမြစိန်မှာ မိကျောင်းကိုယ်ကြီးကို မကိုင်ဝံ့သော်လည်း ကြိုးများကို ဆွဲငင်ရာ၌ ကူညီလျက် ရှိလေသည်။ မိမိကိုယ်တိုင် ဂါထာမန္တန်များကို ယုံကြည်သူ မဟုတ်သော်လည်း မိကျောင်းကြီးကို ဖမ်းဆီးမိခြင်းမှာ ဆေးဆရာ၏ ဂါထာမန္တန်အစွမ်းကြောင့်ပေလော၊ သို့မဟုတ် ဖမ်းဆီးသူများ၏ ကျွမ်းကျင်မှုကြောင့်ပေလော ဟု သံသယဖြစ်မိ၏။ ပသျှူးများကား နေပူကျဲကျဲအောက်တွင် ကြီးမားကြောက်မက်ဖွယ်ကောင်းသော မိကျောင်းကြီးကို လှေပေါ်သို့ ရောက်အောင် ဆွဲတင်လျက် ရှိကြကုန်၏။ အပေါ်သို့ တစ်ကောင်လုံး ရောက်သွားသောအခါ၌ကား လှေငယ်မှာ မမှောက်ရုံတစ် မည်မျှယိမ်းယိုင်လှုပ်ရှားကာ သွက်သွက်ခါ၍ သွားလေတော့၏။ ကမ်းပေါ်မှကြည့်နေသော လူထုကြီးကား သူရဲကောင်းများ၏ အောင်မြင်မှုကို လက်ခုပ်လက်ဝါးတီးကာ ကောင်းချီးသြဘာပေးကြလေသည်။

*

ထိုနေ့အဖို့ ပသျှူးရွာကလေးမှ မိကျောင်းဖမ်းသည့် အခမ်းအနားကား ပြီးစီး၍သွားခဲ့လေပြီ။ မိကျောင်းဖမ်း သူရဲကောင်းတို့သည် တစ်ရွာလုံးအား ဒုက္ခပေးနေသည့် မိကျောင်းကြီးကို ရွာနေလူထုအား ပြသလျက် ရွာ၏ ဓလေ့ထုံးစံအတိုင်း မိကျောင်း၏ ရင်ကိုခွဲပြီးနောက် အကယ်၍ ဝမ်းထဲတွင် အဖိုးထိုက်တန်သော ပစ္စည်းတစ်စုံတစ်ရာ တွေ့ရှိက သူတို့ပိုင်ဆိုင်ရယူရန်သာ ရှိတော့၏။

သို့နှင့်လှေသည် ကမ်းစပ်သို့ ချဉ်းကပ်လာတော့၏။ ရွာသားများသည် မိကျောင်းသေကြီးကို ကမ်းပေါ်သို့ အလွယ်တကူဆွဲတင်နိုင်ရန် ထူထဲခိုင်ခံ့သော ပျဉ်ချပ်ကြီးများကို ကမ်းစပ်၌ ခင်းပေးကြ၏။ တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကာ မိန်းမနှင့်ကလေးများပါ မကျန် မိကျောင်းသား ဝေစုယူရန် ရောက်လာကြကုန်၏။

လှေဆိုက်သည်နှင့် တစ်ပြိုင်နက် လှေပေါ်မှ မိကျောင်းသေကြီးကို အမာခံခင်းထားသော ပျဉ်ချပ်ကြီးများပေါ်မှတစ်ဆင့် ကုန်းပေါ်သို့ရောက်အောင် ဝိုင်းဝန်းကူညီ၍ တင်ကြလေသည်။ ထို့နောက် သူရဲကောင်းများသည် မိမိတို့ အခွင့်အရေးကို ရယူရန် အလွန်ထက်သော ပသျှူးဓားများဖြင့် မိကျောင်း၏ ဝမ်းကိုခွဲရန် ပြင်ဆင်ကြလေ၏။

ဦးမြစိန်သည် မိကျောင်းဝမ်းခွဲသည်ကို မကြည့်လိုသည့်ပြင် နေက လည်း ပူပြင်းသဖြင့် ခပ်လှမ်းလှမ်းရှိ သစ်ပင်ရိပ်အောက်သို့ သွားရောက်ကာ အပန်းဖြေနေ၏။

တစ်ခဏမျှကြာလတ်သော် ဝမ်းခွဲသည်ကို ဝိုင်းအုံကြည့်ရှုနေသော လူအုပ်ထဲမှ လူတစ်ယောက်သည် လက်တစ်ဖက်ကို မြှောက်လျက် "သခင် . . သခင်" ဟု ဟစ်အော်ကာ မိမိထံသို့ အပြေးအလွှား လာနေသည်ကို တွေ့ရ၏။ မလှမ်းမကမ်းသို့ ရောက်သောအခါ ထိုသူမှာ အခြားသူ မဟုတ်၊ မိမိအား ဖိတ်ခေါ်လာသည့် တရားခံ အဗ္ဗဒူလာ ဖြစ်ကြောင်း သိရလေသည်။ သူ၏ခါးဝတ်နံငယ်မှာ အောက်ပိုင်းတွင် ရေများစိုလျက် ရှိပြီးလျှင် လက်တစ်ဘက်ကို မြှောက်ကာ လက်ထဲ၌ တစ်စုံတစ်ရာကို ဆုပ်ကိုင်ထားလေသည်။

ဦးမြစိန်အနီးသို့ ရောက်သောအခါ အဗ္ဗဒူလာက –

"သခင် ... ကျွန်တော်မျိုး အရေးကြီးတဲ့ ပစ္စည်းတစ်ခု ရလာပါတယ်"

(စိန်) "ဘာပစ္စည်းများ ရလာသလဲကွယ့်၊ ပြစမ်းပါဦး"

"ကျွန်တော်မျိုးတို့ ဓလေ့ထုံးစံက မိကျောင်းကို ဖမ်းနိုင်တဲ့ လူစွမ်းကောင်း နှစ်ယောက်ဟာ အဲဒီမိကျောင်းဝမ်းကို ခွဲတဲ့အခါ ဝမ်းထဲမှာ တွေ့သမျှ အဖိုးတန်ပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိပါတယ် သခင်"

(စိန်) "အေးလေ . . မင်းပြောလို့ ငါသိပြီးပါပြီ"

"အခုမိကျောင်းဝမ်းကို ခွဲပြီး ဝမ်းဗိုက်ထဲကို လက်နဲ့မွှေရှာလိုက်တဲ့ အခါ ဟောဒါကလေး တွေ့ရပါတယ် သခင်"

သို့ပြောရင်း အဗ္ဗဒူလာသည် လက်ဝါးကို ဖြန့်၍ပြလိုက်ရာ ယောကျ်ားပတ်ရွှေလက်ပတ် နာရီကလေးတစ်လုံးကို ဦးမြစိန် တွေ့မြင်ရလေ၏။ နာရီကလေးမှာ (Rolex Oyster) ရိုးလက် အွိုင်စတား ခေါ် အမျိုး ကောင်း ရွှေလက်ပတ်နာရီကလေး တစ်လုံးဖြစ်လေသည်။

(လာ) "ဒီနာရီကလေးဟာ အီဗရာဟင်ရဲ့ နာရီပါသခင် . . ကျွန်တော်မျိုး မှတ်မိပါတယ်။ တခြားလူတွေလည်း မှတ်မိကြလိမ့်မယ်။ ဒါဟာ အီဗရာဟင်ကို ကျွန်တော်မျိုးလည်း မသတ်ဘူး။ တခြား ဘယ်သူမှလည်း မသတ်ဘူးဆိုတာ ထင်ရှားတာပါပဲ သခင် . . သူ့ကို မိကျောင်းကြီး စားလို့ သေရှာတာပါပဲ"

ဦးမြစိန်သည် နာရီကလေးကို အဗ္ဗဒူလာလက်ထဲမှ ရွှေလက်ပတ် ကြိုးကလေးမှ ကိုင်ကာ လှမ်းယူလိုက်၏။ ယင်းအချက်သည် အမှုတွင် အရေး ကြီးသော သက်သေခံချက်ပင်ဖြစ်၏။ သို့နှင့်သူသည် အဗ္ဗဒူလာ၏မျက်နှာကို စူးရှသော မျက်လုံးများဖြင့် လှမ်း၍ကြည့်လိုက်လေသည်။

http://www.cherrythitsar.org



(စိန်) "အီဗရာဟင်ပျောက်သွားတာလည်း ရက်အတော်ကြာသွားပြီ မဟုတ်လား အဗ္ဗဒူလာရဲ့"

အဗ္ဗဒူလာက တရာသူကြီးအား နှစ်သိမ့်စေလိုဟန်ဖြင့် ရှင်ပျစွာ –

"ဒီလိုပါ သခင် . . မိကျောင်းများဟာ သူတို့အစာစားရင် လတ်လတ်ဆတ်ဆတ် မစားတတ်ပါဘူး။ လူသေကောင်ကိုပဲဖြစ်ဖြစ်၊ ရေအောက် ဆွဲသွားပြီး၊ ကျောက်ဆောင်တစ်ခု အောက်မှာဖြစ်ဖြစ်၊ ကမ်းပါးက ရေထဲကို အမြစ်တွေ ထိုးထွက်နေတဲ့ သစ်ပင်ခြေရင်းမှာဖြစ်ဖြစ် အပုပ်ခံထားလေ့ရှိပါတယ်။ လူများဟာ နွားနို့ကို လတ်လတ်ဆတ်ဆတ် မသောက်ဘဲ အသိုးခံပြီး ဒိန်ချဉ်လုပ်သောက်တာလိုပေါ့ သခင်"

တရားခံ အဗ္ဗဒူလာကား ဦးမြစိန်ထင်သည်ထက် ပို၍ပါးရည်နပ်ရည်ရှိပြီးလျှင် စကားတတ်လှပေသည်။

ဦးမြစိန်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပြီးလျှင် စိတ်နှလုံးမချမ်းမြေ့ဖွယ်ကောင်းသော ကိစ္စတစ်ခုကို ပြုလုပ်ရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။ မိမိစိတ်ကို ကြိုးစား၍ ပြောင်းကြည့်သေး၏။ သို့သော် မဖြစ်နိုင်တော့ပြီ။

(စိန်) "ဟေ့ အဗ္ဗဒူလာ . . ငါဟာ အခု မင့်ဧည့်သည်ဖြစ်နေလို့ အခုလိုလုပ်တော့ မလုပ်ချင်ဘူးပေါ့ကွယ်။ နို့ပေမဲ့ ဥပဒေကို ရိုသေတဲ့ တရားသူကြီးတစ်ယောက်အနေနဲ့ ငါ့အသိဉာဏ်ရှိတဲ့အတိုင်း ဆောင်ရွက်ရလိမ့်မယ်။ အီဗရာဟင်ကို သတ်တဲ့အမှုနဲ့ မင်းကို ငါဖမ်းတယ်"

ထို့နောက် ဦးမြစိန်သည် လူအုပ်ထဲတွင် ရောနှောကြည့်ရှုနေသော ရွာသူကြီးကို လှမ်း၍ခေါ်လိုက်လေ၏။ ရွာသူကြီး ရောက်လာသောအခါ ဦးမြစိန်က –

"ကိုင်း . . . သူကြီးမင်း . . ဟောဒီက အဗ္ဗဒူလာကို ကျုပ် အမိန့်နဲ့ ဖမ်းပေတော့၊ အမှုကတော့ အီဗရာဟင်ကို သတ်တဲ့အမှုပဲ"

အဗ္ဗဒူလာသည် မျက်လုံးပြူးကာ ကြက်သေ သေလျက်ရှိလေ၏။

(အဗ္ဗဒူလာ) "နေပါဦး သခင်ကြီး၊ အခု မိကျောင်းဝမ်းထဲက ရတဲ့ နာရီကလေးဟာ ကျွန်တော်မျိုး အပြစ်မရှိဘူးဆိုတာ ထင်ရှားအောင် ပြတဲ့ သက်သေခံချက်ပဲ မဟုတ်လား"

(စိန်) "ငါမြင်တာက ဒီလိုမဟုတ်ဘူး အဗ္ဗဒူလာ၊ ဒီနာရီကလေးဟာ သံပတ်နဲ့ သော့ပေးမှသွားတဲ့ နာရီအမျိုးအစားကွယ့်။ သာမန်လှုပ်ရုံ ခါရုံနဲ့ မသွားနိုင်ဘူး။ မင်း ငါ့လက်ထဲပေးတုန်းက နာရီလေးရဲ့ စက္ကန့်လက်တံ သွားနေတာတွေ့ရတယ်။ ကြည့်ပါလား အခုထက်ထိ သွားနေတုန်းပဲ။ ဒီတော့ သံပတ်ဆုံးအောင် သော့ပေးရင် ဘယ်နှစ်ပတ်လှည့်ရမလဲလို့သိရအောင် သော့

http://www.cherrythitsar.org



သီးကလေးကို ငါလှည့်ကြည့်တယ်။ ဒီတော့မှ နာရီကလေးကို ဒီကနေ့မနက်ပဲ မင်းသော့ပေးထားတယ်ဆိုတာ သိရ တယ်"

အဗ္ဗဒူလာ၏ မျက်နှာမှာ ချက်ချင်းပင် ညှိုးမှည်း၍သွားလေ၏။

(လာ) "အာ . . ဘုရားသခင် ကယ်တော်မူပါ"

ဦးမြစိန်က ဆက်လက်၍ "အဲဒီအချက်ဟာ ဘာကိုပြသလဲဆိုတာ လွန်ခဲ့တဲ့ မိနစ်အနည်းငယ်က မိကျောင်းရဲ့ ဝမ်းခေါင်းထဲကို မင်း ထိုးသွင်းတဲ့ အခါ နာရီလေးဟာ မင်းလက်ထဲရှိကြောင်း ထင်ရှားအောင် ပြတာပဲ။ ဒီပစ္စည်း ကလေးရပြီးထားပေမယ့် လူသူလေးပါးရှေ့မှာ မင်း မဝတ်ဝံ့ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီပစ္စည်းဟာ သေသွားတဲ့ အီဗရာဟင်ရဲ့ ပစ္စည်းဆိုတာ မှတ်မိကြမှာ ကိုး။ မင်းစိတ်ထဲမှာထင်တာက ဒီနာရီလေးကို မိကျောင်းဝမ်းဗိုက်ထဲက တွေ့ ဟန်ဆောင်လိုက်ရင် အီဗရာဟင် သတ်တဲ့အမှုအတွက် မင်းအပေါ် သံသယ ရှိတော့မယ် မဟုတ်ဘူး။ ဒီတော့မှ ဒီလက်ပတ်နာရီလေးဟာ မင်းကိုယ်တိုင် တရားသဖြင့်ရတဲ့ ပစ္စည်းဖြစ် ပြီး မင်း အေးအေးဆေးဆေး ပတ်နိုင်တော့မယ်၊ ဟန်ဆောင်တဲ့နေရာမှာ မင်းမှားတာတစ်ခုက နာရီကလေးရတဲ့အခါမှာ နာရီ သွားအောင်ဆိုပြီး သံပတ်ပေးလိုက်မိတဲ့ အချက်ပေါ့။ နာရီကို မင်းဘယ်လိုရ တယ်ဆိုတာတော့ ငါမသိဘူး။ ငါနဲ့လည်း မဆိုင်ဘူး၊ ငါသိသမျှသာ သက် သေခံရုံပဲ"

အဗ္ဗဒူလာ၏ မျက်နှာမှာ ဝမ်းနည်းခြင်း၊ ဝန်ခံခြင်း၊ ကြောက်ရွံ့ခြင်း တို့ဖြင့် ရောပြွမ်းလျက်ရှိတော့၏။

(လာ) "အလ္လာရဲ့ အလိုတော် အတိုင်းပါပဲ သခင်"

❖

http://www.cherrythitsar.org

# ပွဲရောင်မြည်

မောင်သန်းညွန့်၊ မောင်ထွန်းတင်နှင့် မောင်ဝင်းမြင့်တို့သည် မိမိတို့စရိတ်ကြေးငွေဖြင့် အင်္ဂလန်နိုင်ငံသို့ သွားရောက်ကာ ဆေးဆရာဝန်အတတ်များကို သင်ကြားနေကြသူများ ဖြစ်လေသည်။ အချိန်မှာ ၁၉၀၀ ခုနှစ်ဖြစ်သဖြင့် ပထမကမ္ဘာစစ်ကြီး မဖြစ်ပွားမီအချိန်ဖြစ်ရကား၊ ဇတန်း (Entrance) စာမေးပွဲအောင်သူများပင် မိဘများ ငွေကြေးတတ်နိုင်က နိုင်ငံခြားသို့ သွားရောက်သင်ကြားလေ့ရှိကြ၏။ ၎င်းတို့ သုံးယောက်မှာမူ 'F-A' အတန်းကို တစ်နှစ်တည်းအောင်မြင်ကြသည့်ပြင်၊ မိဘများမှာလည်း ပစ္စည်းဥစ္စာ တတ်နိုင်သူများ ဖြစ်ကြသည့်အတိုင်း စွန့်စွန့်စားစား ထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။ ထိုအခါက နိုင်ငံခြားသို့ သွားရောက်၍ ပညာသင်ကြားခြင်းမှာ ယခုမျက်မှောက်ခေတ်ကဲ့သို့ မဟုတ်ဘဲ စွန့်စားမှုတစ်ခုအနေနှင့်ပင် ယူဆရသော ခေတ်ဖြစ်၏။

ဤသို့ဖြင့် သုံးဦးသားတို့မှာ နိုင်ငံခြားသို့ ရောက်သောအခါ တစ်ယောက်ကို တစ်ယောက် ညီရင်းအစ်ကိုတစ်မျှ ချစ်ခင်လျက်ရှိကြရာ သုံးဦးသားတို့သည် စာသင်ခန်း၌လည်းကောင်း၊ လက်တွေ့ခွဲစိတ်ခန်းများ၌လည်းကောင်း၊ ကစားကွင်း၌လည်းကောင်း၊ ပျော်ပွဲရွှင်ပွဲတို့၌လည်းကောင်း တပူးတတွဲတွဲ ရှိနေကြကုန်၏။ မောင်သန်းညွန့်နှင့် မောင်ထွန်းတင်တို့မှာ ရုပ်ရည်အားဖြင့် သနားကမားရှိသူများဖြစ်ကြသော်လည်း အသက်အငယ်ဆုံး မောင်ဝင်းမြင့်မှာမူ ငယ်စဉ်ကပင် အားကစား လိုက်စားသူတစ်ယောက်ဖြစ်သဖြင့် ကြံ့ခိုင်တောင့်တင်းသော ကိုယ်လုံး ကိုယ်ပေါက်နှင့် အဆင်ပြေသော မျက်နှာကို

http://www.cherrythitsar.org



ပေါင်းစပ်လိုက်သောအခါ လူချောတစ်ယောက်ဖြစ်သည်ဟု ဆိုရပေမည်။ မောင်ဝင်းမြင့်မှာ ရုပ်ရည်ချောမောရုံမျှမက စကားပြောရာတွင်လည်း အာဝဇ္ဇန်းရွှင်ရွှင်နှင့် ခင်မင်ရင်းနှီးအောင် ပြောတတ်သူဖြစ်သည့်အတိုင်း အခြားလူနှစ်ယောက်ထက်ပင် ပို၍ မိတ်ဆွေများခဲ့လေသည်။

လန်ဒန်မြို့၌ ပညာသင်ကြားလျက်ရှိစဉ် ပထမ စာမေးပွဲများ ပြီးဆုံးပြီးနောက် 'စပရင်' ခေါ် နွေဦးပေါက်ရာသီသို့ ရောက်လာသဖြင့် ဂျာမနီပြည်တွင် ဆေးပညာနှင့် ပတ်သက်သည့် ပညာရပ်များကို လေ့လာ စုံစမ်းလိုသဖြင့် တစ်ကြောင်း၊ ထိုနိုင်ငံရှိ ဆေးပါရဂူ ပရော်ဖက်ဆာကြီးများနှင့် သိကျွမ်းမိတ်ဖွဲ့ရန်တစ်ကြောင်း သွားရောက်လည်ပတ်ကြလေ၏။ ဘာလင်မြို့ရှိ ဟိုတယ်တစ်ခု၌ တည်းခိုပြီးလျှင် သတင်းစုံစမ်းလျက် ရှိစဉ်၊ 'ဖီဆီဩလော်ဂျီနှင့် ခန္ဓာဗေဒ (အနာတော်မီ) ပါရဂူ ဗွန်ဘရူးဝါး' ဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦးနှင့် တစ်နေ့တွင် အမှတ်မထင် တွေ့ရှိရ၏။ သို့နှင့် ဆရာကြီးသည် သူ၏ဓာတ်ခွဲခန်းရှိရာသို့ သူငယ်ချင်းသုံးယောက်တို့အား ခေါ်ဆောင်သွားရာ၊ သူငယ်ချင်း သုံးယောက်တို့မှာ ဆရာကြီး၏ ကြီးကျယ်ခမ်းနား ဆန်းပြားထွေထူးသော ကိရိယာတန်ဆာပလာများကို တအံ့တသြ တွေ့မြင်ကြရလေ၏။ ဆရာကြီးမှာ အထက်တွင် ဖော်ပြခဲ့သည့် ပညာရပ်များတွင် သူမတူအောင် ထူးချွန်သူပုဂ္ဂိုလ်ကြီးတစ်ယောက်ဖြစ်သဖြင့် အခြားဘွဲ့ရ ဆရာဝန်များပင် ဆရာကြီး၏ နည်းနာနိဿယများကို ခံယူလျက်ရှိကြောင်းဖြင့် သိရှိရ၏။

ဆရာကြီးသည် မြန်မာလူရွယ်သုံးယောက်တို့အား ဧည့်ဝတ်ကျေပွန်စွာ လက်ခံကြိုဆိုလေရာ၊ မောင်သန်းညွန့်တို့ လူစုကလည်း မောင်သန်းညွန့်ခေါင်းဆောင်လျက် မိမိတို့တတ်သိပြီး ပညာရပ်များကို ဆရာကြီးထံ တင်ပြဆွေးနွေးကြ၏။ အတန်ကြာ ဆွေးနွေးမိသောအခါ ဆရာကြီးမှာ စကားကို ဘွင်းဘွင်း ပြောတတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း မြန်မာပြည်မှ နိုင်ငံခြားသို့ လာရောက်၍ ဆေးပညာသင်ကြားကြသော လူရွယ်ကျောင်းသားများကို ယခုအကြိမ်တွေ့ရခြင်းမှာ ပထမ ဖြစ်ကြောင်း၊ မြန်မာလူမျိုးများအကြောင်းကို စာအုပ်များထဲ၌သာ ယခင်က ဖတ်ခဲ့ဖူး၍ ယခု တွေ့ရသောအခါ မိမိယခင်က အထင်သေးခဲ့သည်များမှာ ပျောက်ကွယ်၍သွားကြောင်း၊ မိမိဖတ်ခဲ့ဖူးသော စာအုပ်မှာ အင်္ဂလိပ်လူမျိုး စာရေးဆရာတစ်ယောက် ရေးသားသည့် မြန်မာပြည်ရာဇဝင် စာအုပ်တစ်အုပ်ဖြစ်၍ ထိုအထဲတွင် မြန်မာလူမျိုးများအကြောင်းကို အချို့နေရာများတွင် ခပ်နှိမ်နှိမ်ရေးထားသည်ကို တွေ့ရကြောင်းဖြင့် ပြောပြလေသည်။

http://www.cherrythitsar.org



မောင်သန်းညွန့်တို့ လူစုမှာ မိမိတို့ လိုအပ်သည့်ပညာရပ်များနှင့် ပတ်သက်၍ ဆရာကြီးက နေ့စဉ်အချိန်သတ်မှတ်၍ ဖိတ်ခေါ်ထားသည့်အတိုင်း သွားရောက်ဆွေးနွေးလျက်ရှိကြရာ၊ ရက်သတ္တတစ်ပတ်ခန့် ကြာရှိသောအခါ ဆရာကြီးနှင့် သူငယ်ချင်းသုံးယောက်တို့မှာ တစ်ယောက်အကြောင်းကို တစ်ယောက် ကောင်းစွာ နားလည်လျက် အပေးအယူလည်း တစ်နေ့ထက်တစ်နေ့ အဆင်ပြေ၍ လာကြတော့၏။ သို့နှင့် နောက်ထပ် ရက်သတ္တတစ်ပတ် ကြာသောအခါတွင် မောင်သန်းညွန့်တို့ လူစုမှာ ဆရာကြီးနှင့် ယခင်ကထက် ပို၍ ရင်းနှီးလာပြီးလျှင် မိသားစု တစ်ခုကဲ့သို့ တစ်ဦးနှင့်တစ်ဦး ကောင်းစွာ နားလည်လာကြပြီးလျှင် အရောတဝင် ဆက်ဆံလာနိုင်ကြတော့၏။

ဆရာကြီးတွင် 'ဟယ်လင်' (Helen) ဆိုသူ သမီးကလေးတစ်ယောက်ရှိရာ၊ ထိုအခါက ဟယ်လင်မှာ ၁၆ နှစ်မျှသာရှိသေး၍ အနောက်တိုင်းသားများ၏ မျက်စိတွင် ကလေးငယ်တစ်ယောက်မျှသာ ဖြစ်၏။ ရွယ်တူယောကျ်ားကလေးများနှင့် ခုန်ပေါက်ပြေးလွှားကစား၍ နေတတ်၏။ ကလေးစိတ် မပျောက်တစ်ပျောက် အရွယ်ဖြစ်၍ သူစိမ်းယောကျ်ားကြီးများကိုပင် မိဘမောင်ဖွားသဖွယ် တစ်ခါတစ်ရံ ပွတ်သီးပွတ်သပ် လုပ်တတ်လေသည်။ သို့နှင့် တစ်လခန့်မျှကြာရှိသောအခါ သူငယ်ချင်း သုံးယောက်အနက် ကိုဝင်းမြင့်မှာ ဟယ်လင်၏အပေါ်တွင် မျက်စိကျကာ အခြားသူငယ်ချင်းနှစ်ယောက်ထက်ပို၍ ခင်မင်ရင်းနှီးလာခဲ့၏။ ကလေးစိတ် မပျောက်သေးသော ဟယ်လင့်အပေါ်တွင် မရိုးသားသော အချစ်မျိုးဖြင့် ချစ်၍လာမိတော့၏။ ဟယ်လင်ကလည်း ကိုဝင်းမြင့်အပေါ်တွင် အခြားသူနှစ်ယောက်ထက် ပို၍ ရှက်ကြောက်သော အမူအရာကို ပြလာတော့၏။ ဆရာကြီးကလည်း ဟယ်လင်အား မြန်မာလူမျိုးလူငယ်သုံးယောက်နှင့် လက်ပွန်းတတီး ဆက်ဆံသည်ကို တစ်စုံတစ်ရာ ကန့်ကွက်ခြင်း မရှိဘဲ လိုက်လျောလျက်ရှိလေရာ၊ ကိုဝင်းမြင့်နှင့် ဟယ်လင်တို့မှာ တစ်နေ့တခြား ရင်းနှီးသည်ထက် ရင်းနှီး၍လာကြတော့၏။

ဟယ်လင်မှာ ဥရောပတိုက်သူပီပီ မိုးပွင့်ကဲ့သို့ ဖြူဆွတ်သောအသား၊ သစ်တော်သီးမှည့်ကဲ့သို့ နီထွေးသောနှုတ်ခမ်းနှင့်ပါး၊ ရွှေရောင်အဆင်းရှိသော ဆံပင်နှင့် ကော့လျှော့သော မျက်တောင်အောက်တွင် ပြာလဲ့သော မျက်လုံးရွဲကြီးများရှိသဖြင့် ကိုဝင်းမြင့်၏စိတ်ကို ဆွဲဆောင်လျက်ရှိနေ၏။ ကိုဝင်းမြင့်မှာလည်း ဖြောင့်စင်းတောင့်တင်း၍ အားကစားသမား၏ ကိုယ်လုံးကိုယ်ပေါက်ရှိပြီးလျှင် မဖြူမညိုရှိသော အသားနှင့် နက်မှောင်သော ဆံပင်တို့က ဟယ်လင်၏စိတ်ကို ဆွဲဆောင်လျက် ရှိလေသည်။ မြန်မာတို့က အသားဖြူဖြူနှင့် မျက်လုံးပြာပြာကို နှစ်သက်သလောက် ဥရောပတိုက်သားအချို့ကလည်း ခပ်ညိုညိုအသားနှင့်

နက်မှောင်သော မြန်မာဆံပင်များကို နှစ်သက်လေ့ရှိ၏။ လူတို့၏ သဘာဝမှာ မိမိတို့ပတ်ဝန်းကျင်တွင် တွေ့မြင်နေကျ အရာများထက် ထူးခြားသော အရာများကို နှစ်သက်လေ့ရှိသည့်အတိုင်း အသားမည်းမျိုးများက အသားဖြူမျိုးများကို လှပသည်ထင်သည်နှင့်အမျှ အသားဖြူမျိုးများကလည်း အသားညို အသားမည်းမျိုးများကို စွဲမက်တတ်လေသည်။

ကိုဝင်းမြင့်သည် ကိုသန်းညွန့်နှင့် ကိုထွန်းတင်တို့ထံမှ တစ်ခါတစ်ရံ ခွဲထွက်လာပြီးလျှင် ဟယ်လင်နှင့် ချိန်းချက်စကားပြောဆိုရန် တတ်နိုင်သမျှ အခွင့်အရေးကို ရှာ၍လာတော့၏။ ကိုသန်းညွန့်မှာ သူတို့အထဲတွင် အသက်အကြီးဆုံးနှင့် ဉာဏ်အမြော်အမြင် အရှိဆုံးဖြစ်သည့်အတိုင်း ကိုဝင်းမြင့်အား ဟယ်လင်နှင့် ဤမျှလောက် ရင်းရင်းနှီးနှီး မဖြစ်စေရန် မကြာခဏ သတိပေးခဲ့သော်လည်း ကိုဝင်းမြင့်မှာ မိမိအပေါ်တွင် ညီငယ်တစ်ယောက်ကဲ့သို့ သဘောထား၍ သွန်သင်ဆုံးမသူ ကိုသန်းညွန့်၏စကားများကိုပင် နားမထောင်ဘဲ ရှေ့သို့သာ ဖွတ်အတင်းတိုးလျက် ရှိနေတော့၏။

တစ်နေ့တွင် ကိုတင်ထွန်းက "သွားမလုပ်ပါနဲ့ဗျာ ကိုဝင်းမြင့်၊ ကောင်မလေးဟာ ကလေးစိတ်မပျောက်သေးပါဘူး၊ ပြီးတော့ အဘိုးကြီး သိရင်လည်း ဘယ်ကောင်းမလဲဗျ၊ သူ့ပညာကိုသင်၊ သူ့လက်ဖက်ရည် သောက်ပြီး သူ့သမီးကြံရင် ဘယ်ကောင်းနိုင်မလဲဗျာ၊ စိတ်ကိုလည်း နည်းနည်းထိန်းဦးမှပေါ့"ဟု ပြောရာ၊ ကိုဝင်းမြင့်က –

"နို့ပေမဲ့ အချစ်ဆိုတာ မျက်စိမရှိဘူးဆို မဟုတ်လားဗျ၊ ကျုပ်တော့ စိတ်ကိုထိန်းမရသလောက် ဖြစ်နေပြီ။ ပြီးတော့ ကောင်မလေး ချောပုံက ကျွန်တော်ဖြင့် လန်ဒန်မှာရော၊ ဂျာမနီမှာရော၊ ပဲရစ်မှာရော မတွေ့ဖူးဘူးဗျာ"

(တင်) "စိတ်ထင်လို့ပါ ကိုဝင်းမြင့်ရယ် . . ကျုပ်တို့ ပဲရစ်ရောက်တုန်းက ကချေသည်မ အယ်လီဇာတို့ကို မီပါ့မလားဗျ"

(မြင့်) "ဟာ . . သူတို့က ကချေသည်မတွေပဲဗျ၊ အသားကြမ်း အသားနီကြီးတွေပါဗျာ၊ ပေါင်ဒါတွေ ကော့စမတစ်တွေဖုံးထားတော့ မက်လုံးကလေးတွေ ရှိပြီး အထင်ကြီးနေကြတာပါ။ ဟယ်လင်တို့ ချောပုံလှပုံကတော့ အသား၏ကောင်းခြင်း၊ အရေ၏ကောင်းခြင်း၊ အရိုးအဆစ်၏ ပြေပြစ်ခြင်း ဆိုတဲ့ အချောမျိုးနဲ့ ချောတာဗျ၊ ခင်ဗျားတို့ မျက်စိနဲ့လည်း အမြင်ပဲ"

ထိုအခါ ကိုသန်းညွန့်က ကြားဖြတ်၍ –

"ဒီမယ် ကျုပ်တစ်ခုပြောမယ် ကိုဝင်းမြင့်၊ မယူနိုင်ဘဲနဲ့ အပျော်သက်သက်များတော့ မကြံပါနဲ့ဗျာ၊ ယူလို့လည်း မဖြစ်နိုင်ကြပါဘူး"

http://www.cherrythitsar.org



(မြင့်) "ခင်ဗျားပြောတာလည်း ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ကသာ မဟုတ်ဘူး၊ သူကလည်း ကျွန်တော့်အပေါ်မှာ အတော်မေတ္တာ ရှိနေပြီဗျ"

(ညွန့်) "မဖြစ်နိုင်ပါဘူး ကိုဝင်းမြင့်ရယ်၊ မိန်းကလေးဆိုတာ တွေ့မြင် ရဖန်များပြီး ထိကပါး ရိကပါး လုပ်နိုင်ရင် ပါတတ်တာမျိုးပဲဗျ၊ ဒီအထဲ အရွယ် ကလည်း ရှုးတုန်းမိုက်တုန်းကလေးဆိုတော့"

ကိုဝင်းမြင့်က ကြားဖြတ်၍ –

"အားလုံးမျက်နှာ ဖြူတွေထဲမှာ ကျွန်တော့်ကိုမှ ရွေးပြီး သူ မေတ္တာ ရှိတာ ကျွန်တော်တို့ဖူးစာပဲများ မှန်နေရော့သလားဗျာ"

"မလုပ်နဲ့ ကိုဝင်းမြင့်၊ ကျုပ်တို့ဆီ ပြန်ရောက်သွားလို့ ဒီအကြောင်း တွေ ခင်ဗျားမယ်တော်ကြီး သိသွားရင် ကျုပ်ကို ဆူလို့ပူလို့ပြီးမှာ မဟုတ်တော့ ဘူး"

"ခင်ဗျားပြောလို့သာ နားထောင်ချင်နားထောင်ရမယ်၊ ကျွန်တော်ဖြင့် မြန်မာပြည်တောင် ပြန်မလိုက်ချင်တော့ဘူး။ ဟယ်လင်နဲ့သာ အတူနေရစ်ခဲ့ ချင်တော့တာပဲ"

ကိုထွန်းတင်က ဝင်၍ –

"မတော်တာ ကိုဝင်းမြင့်ရယ်"

(ညွန့်) "မဟုတ်တာ မလုပ်နဲ့ ကိုဝင်းမြင့်၊ ကျုပ်တစ်ခုပြောမယ်။ ခင်ဗျာ့မယ်တော်ကြီးက ခင်ဗျားကို ကျုပ်လက်ထဲ အပ်ထည့်လိုက်တာဗျ၊ ခင် ဗျားတစ်ခုခု မတော်တာဖြစ်ရင် ကျုပ်တာဝန်ပဲ၊ ကိုင်း . . စိတ်ပြေလက်ပျောက် အပြင်ကို ထွက်ကြရအောင်ဗျာ၊ အယ်လ်ပိုင် ဟိုတယ်မှာ ဒီကနေ့ည ညစာသွား ပြီး စားကြရအောင်"

တစ်လကျော်ကျော်ခန့်မျှ အချိန်ကြာရှိသောအခါ ကိုသန်းညွန့်နှင့် ကိုထွန်းတင်တို့သည် မောင်ဝင်းမြင့်၏ အရိပ်အကဲကို ကြည့်ကာ ဤနေရာတွင် ဆက်လက်နေထိုင်မည်ဆိုက ယခုအခြေအနေထက် ပိုမို ဆိုးဝါးလာဖွယ်ရှိသဖြင့် တစ်ကြောင်း၊ ကျောင်းဖွင့်ရက်လည်း နီးကပ်လာ ပြီဖြစ်သဖြင့် တစ်ကြောင်း၊ လန်ဒန်သို့ ပြန်ရန် စီမံလျက် ရှိကြလေ၏။ မောင်ဝင်းမြင့်မှာ ပထမ၌ အတန်တန် ငြင်းပယ်လျက်ရှိသော်လည်း၊ နောက်ဆုံးတွင် အထူးသဖြင့် မောင်သန်းညွန့်၏ စကားကို မပယ်ရှားဝံ့ဘဲ နားထောင်ရရှာလေတော့၏။ သို့ဖြစ်ရကား ချစ်သူ နှစ်ဦးတို့မှာ သာမန် သမီးရည်းစားတို့၏ ပထမအဆင့်အတန်း၌ပင် စခန်း သိမ်းကြရ၏။ ဆရာကြီးထံမှ မိမိတို့ပြန်ရန် ခွင့်ရရှိပြီးနောက် အိမ်မှ အထွက်တွင် ဟယ်လင်သည် အိမ်အပေါ်ထပ် ပြတင်းပေါက်တစ်ခုမှနေ၍ လက်ကိုင်ပဝါဖြူ ကလေးကိုပြကာ နှုတ်ဆက်လျက်ရှိသဖြင့် မောင်ဝင်းမြင့်မှာ ယောကျ်ားရင့်မကြီး

http://www.cherrythitsar.org


တစ်ယောက်ပင် ဖြစ်သော်လည်း မျက်ရည်များ ကျလျက် ဟယ်လင်ကို ပြန်၍ လက်ပြရင်း ကားပေါ်တွင် လိုက်ပါသွားရတော့၏။ ထိုအခါ မောင်သန်းညွှန့်နှင့် မောင်ထွန်းတင်တို့သည်ပင် ချစ်သူနှစ်ဦး၏ အဖြစ်အပျက်ကို ကြည့်ရင်း မိမိတို့ စိတ်များကို အနိုင်နိုင် ချုပ်တည်းကာ မျက်နှာလွှဲ၍ နေကြရလေ၏။ မောင်သန်းညွှန့်မှာ ၎င်းတို့အထဲတွင် အသက်အကြီးဆုံး ဖြစ်သည့်ပြင် ဉာဏ်ပညာ အမြော်အမြင် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသူတစ်ယောက် ဖြစ်သည့်အတိုင်း မောင်ဝင်းမြင့်မှာ ၎င်း၏စကားကို မပယ်ရှားဝံ့တော့ဘဲ နားထောင်ရသော်လည်း ရင်ထဲမှ အပူလုံးကိုမူ တစ်သက်လုံး အေးငြိမ်းအောင် တတ်နိုင်တော့မည် မဟုတ်ကြောင်း ဖြင့် ထင်မိရှာ၏။

လန်ဒန်သို့ပြန်ရောက်၍ မိမိတို့ဘာသာရပ်များကို ဆက်လက် သင်ကြားကြ၍ တစ်နှစ်မျှ ရှိသောအခါ မောင်သန်းညွှန့်မှာ ဇီဝကိစ္စဗေဒ ဘာသာ၌ လည်းကောင်း၊ မောင်ထွန်းတင်မှာ 'ဇော်လော်ဂျီ' ခေါ် ပါဏဗေဒ (ယခုအခေါ် အဝေါ် သတ္တဗေဒ) ပညာရပ်၌ လည်းကောင်း၊ မောင်ဝင်းမြင့်မှာ 'အနာတော်မီ' ခေါ် ကာယဗေဒ ပညာရပ်၌ လည်းကောင်း အသီးသီး အောင်မြင်ကြ၏။ ၎င်းတို့ အနက်မှ မောင်သန်းညွှန့်မှာ ဇီဝကိစ္စဗေဒတွင် ပထမတန်း ဂုဏ်ထူးဖြင့် အောင်မြင်လေသည်။

ဤမျှလောက် အချိန်ကြာမြင့်သော်လည်း မောင်ဝင်းမြင့်မှာ ၎င်း၏ အချစ်ကိစ္စကို မမေ့နိုင်သည့် လက္ခဏာဖြင့် တစ်ခါတစ်ရံ မည်သူ့အားမျှစကား မပြောဘဲ ချောင်တစ်ချောင်တွင် ထိုင်နေတတ်၏။ တစ်ခါတစ်ရံ ဟယ်လင်၏ အကြောင်းကို မောင်ထွန်းတင်အား ပြောပြတတ်သော်လည်း၊ မောင်သန်းညွှန့်ကိုမူ ကြောက်ရွံ့သဖြင့် ပြောမပြဝံ့ချေ။ မောင် သန်းညွှန့်မှာကား တစ်စုံတစ်ရာ စိတ်ဝင်စားခြင်း မရှိသဖြင့် ထိုအကြောင်းကိုပင် အမှတ်မရတော့သကဲ့သို့ ရှိတော့၏။

ကိန်းဘရစ် တက္ကသိုလ်မှ စာမေးပွဲများ အောင်မြင်ပြီးစီးသောအခါ သူငယ်ချင်း သုံးယောက်တို့သည် စကော့တလန်ပြည် 'အက်ဒင်ဘာရာ' မြို့သို့ မိမိတို့ ဘာသာရပ် အသီးသီးကို အဆုံးသတ်ရန် သွားရောက် သင်ကြားကြပြန်၏။ ပထမနှစ် ကုန်လွန်ခဲ့ပြီးနောက်၊ ဒုတိယနှစ်စာမေးပွဲ ဝင်ချိန်သို့ ရောက်သောအခါ သုံးယောက်သားတို့သည် နောက်ဆုံး အကြိမ်ဝင်ရမည့် စာမေးပွဲအတွက် အစွမ်းကုန် ကြိုးစားလျက် ရှိကြကုန်၏။ ထိုအချိန်မှာ ဒီဇင်ဘာလဖြစ်သဖြင့် ခရစ်ယာန် နှစ်သစ်ကူးပွဲတော်ကြီး နီးကပ်လာပြီ ဖြစ်ရာ နောက်ဆုံး ဒီဇင်ဘာလ ၂၄ ရက်နေ့သို့ ရောက်သောအခါ အလွန်ကြေကွဲ ဝမ်းနည်းဖွယ်ကောင်းသော အကြောင်း တစ်ခုသည် မမျှော်လင့်ဘဲ ရုတ်တရက် ဖြစ်ပေါ်လာလေသည်။

http://www.cherrythitsar.org



ဒီဇင်ဘာလ နေ့၏နေ့တစ်နံနက်၌ မောင်ဝင်းမြင့်သည် အလွန်ညှိုးနွမ်းသော မျက်နှာဖြင့် အိပ်ရာမှ ထခဲ့ပြီးနောက် ရွက်ဖျင် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက်ရှိလေရာ မောင်သန်းညွန့်နှင့် မောင်ထွန်းတင်တို့လည်း ၎င်း၏ မျက်နှာကို ကြည့်ပြီးနောက် မောင်သန်းညွန့်က –

"ဘယ်နယ့်လဲ ကိုဝင်းမြင့် . . ခင်ဗျား ဘာဖြစ်တာလဲ"

(တင်) "ဟုတ်တယ် . . ခင်ဗျား မျက်နှာကြည့်ရတာ မကောင်းဘူး၊ ဘာဖြစ်တာလဲဗျ"

(မြင့်) "ကျွန်တော် ကောင်းကောင်း နေမကောင်းပါဘူးဗျာ၊ ကျွန်တော့် ကိုယ်ကို စမ်းစမ်းပါ"

ကိုထွန်းတင်က သွေးစမ်းပြီးနောက် –

"ဟုတ်တယ်ဗျို့၊ ခင်ဗျား အဖျားသွေး နည်းနည်းရှိတယ်"

ကိုသန်းညွန့်က နဖူးကို စမ်းပြီးနောက် . . .

"ဟုတ်သားပဲ၊ ကိုယ်တွေလည်း ပူလို့ပါလား"

"မနေ့ညက ခင်ဗျား ဘယ်အချိန်အထိ စာကျက်သလဲ"

(မြင့်) "ကျွန်တော် အစောကြီးအိပ်ပါတယ်ဗျာ။ ဒါနဲ့ ပြောရဦးမယ်။ ဘာလင်ကို အလယ်သွားတုန်းက ကျွန်တော် ပိုးနေတဲ့ ဟယ်လင်ကို မှတ်မိကြသေးတယ် မဟုတ်လား"

(ညွန့်) "မှတ်မိတာပေါ့"

(တင်) "ခင်ဗျား အဆက် မမှတ်မိဘဲ နေပါ့မလား"

(ညွန့်) "ဒါပေမဲ့ ဒီမိန်းကလေးကို သတိမရတာတော့ ကြာပါပြီဗျာ၊ ဘာဖြစ်လို့လဲ"

(မြင့်) "မနေ့ညက အိပ်မက်ထဲမှာ ကျွန်တော့်ကို သူလာခေါ်တယ်ဗျာ၊ ဂါဝန်အနက်ဝတ်လို့၊ ပေါင်ဒါတွေ အဖွေးသားနဲ့ သူ့ကို ချစ်ရင် သူ့နောက်လိုက်ခဲ့ရမယ်တဲ့၊ ဒါနဲ့ ကျွန်တော်က အိပ်မက်ထဲမှာ ဟယ်လင်ရယ် ဒီကမ္ဘာမှာ မင်းထက်ချစ်တဲ့သူ မရှိပါဘူးကွယ်။ မင်းခေါ်ချင်တဲ့ နေရာကို ခေါ်ပါ ငါလိုက်ပါ့မယ်ဆိုတော့ သူလည်းရှေ့ကသွား ကျွန်တော်လည်း နောက်က တဖြည်းဖြည်းလိုက်သွားတော့ နောက်ဆုံး သင်္ချိုင်းရာတွေရှိတဲ့ တောကြီးတစ်ခုထဲ ရောက်သွားတာကိုးဗျ၊ လက်ဝါး ကပ်တိုင်တွေ စိုက်ပြီးထားလိုက်တဲ့ သင်္ချိုင်းပုံတွေဗျာ၊ မျက်စိတဆုံးပါပဲ၊ ဒါနဲ့ သင်္ချိုင်းရာ အသစ်တစ်ခုနားရောက်တော့ သူက ဒါဟာ ကျွန်မ သင်္ချိုင်းရာပဲဆိုပြီး လူသေခေါင်းကြီးထဲ ဝင်သွားရော ကျွန်တော်လည်း တစ်ခါတည်း လန့်နိုးတာပဲ။ အခုထက်ထိ ကျွန်တော့် မျက်စိထဲ မြင်နေပါသေး

http://www.cherrythitsar.org



တယ်ဗျာ။ ခေါင်းက အနက်ကြီး ငွေအနားကွပ်လို့ ဆေးဝါတွေ သုတ်ထားတာ ကောင်းကောင်းတောင် မခြောက်သေးဘူး”

(ညွန့်) “မဟုတ်တာတွေဗျာ၊ ဒီလို အိပ်မက်တိုင်း သေရရင်ခက်ကုန်ပြီ”

(တင်) “အလကားဟာတွေပါဗျာ၊ ဟယ်လင်လည်း သေမှာ မဟုတ်ပါဘူး”

(မြင့်) “မဟုတ်ပါဘူးဗျာ၊ ကျွန်တော့် နေရတော့မယ် မထင်ဘူး”

(ညွန့်) “မပြောကောင်းတာတွေ ကိုဝင်းမြင့်ရယ်”

(တင်) “နိမိတ်မရှိတာတွေ ပြောစမ်းပါနဲ့ဗျာ၊ ခင်ဗျား စိတ်စွဲလို့ ကယောက်ကယက် မက်တာတွေပါ”

(ညွန့်) “ကိုင်း . . ပြောမနေပါနဲ့ ကိုထွန်းတင်၊ ဟိုစားပွဲပေါ်မှာ တင်ထားတဲ့ အက်စပရင် တိုက်လိုက်စမ်းဗျာ”

ထို့နောက် မောင်သန်းညွန့်နှင့် မောင်ထွန်းတင်တို့သည် မောင်ဝင်းမြင့်အား ဆေးများ တိုက်ကျွေးကာ ပြုစုကြလေ၏။ သို့သော် မောင်ဝင်းမြင့်၏ အဖျားမှာ ကျသည်ဟူ၍မရှိဘဲ ညနေစောင်းအချိန်သို့ရောက်သောအခါ၊ အလွန်အေးသော ရာသီပင်ဖြစ်သော်လည်း ပြဒါးချိန်မှာ ဒီဂရီ ၁၀၃ အထိ တက်လျက်ရှိနေ၏။ ထိုအခါ သူငယ်ချင်း နှစ်ယောက်စလုံးပင် ဆေးဆရာဝန်များ ဖြစ်ကြသော်လည်း မိမိတို့ထက် တတ်ကျွမ်းသူ ဆရာဝန်ကြီးတစ်ယောက်နှင့် နှီးနှောရန် သင့်လျော်လိမ့်မည်ဟု သဘောရှိသည့်အလျောက် အမ်ဘီဘီအက်စ်ဘွဲ့ရ ဆရာဝန်ကြီး တစ်ယောက်နှင့် တိုင်ပင်ကာ တစ်ညဉ့်လုံး မအိပ်ဘဲ ဆေးထိုးခြင်း ဆေးတိုက်ခြင်း စသော အမျိုးမျိုးသော နည်းတို့ဖြင့် ကြိုးစားကုသကြလေ၏။

နောက်တစ်နေ့နံနက်သို့ ရောက်သောအခါ မောင်ဝင်းမြင့်မှာ သတိမရတစ်ချက် ရတစ်ချက်နှင့် ရှိရှာလေ၏။ ၎င်း၏ သန်မာ တောင့်တင်းသော ကိုယ်ကာယမှာ ရောဂါ၏ဒဏ်ကို မခံနိုင်ဘဲ ပျော့ခွေညှိုးနွမ်းလျက်ရှိသည်ဖြစ်ရာ နိုင်ငံကျော် ဆေးစွမ်းကောင်းများသည်လည်း ၎င်း၏ဒုက္ခဝေဒနာကို တွန်းလှန်ခြင်းငှာ မစွမ်းနိုင်သကဲ့သို့ရှိတော့၏။

“အိုင်ဆေး ကိုထွန်းတင် . . ရေ . . ရေ . . ရေ ပေးစမ်း၊ ဝမ်းထဲမှာ ပူလွန်းလို့ဗျ . . အလိုလေး ကိုသန်းညွန့်၊ ကျွန်တော့်ကို ချစ်တယ်ဆိုဗျ၊ မကယ်နိုင်ကြတော့ဘူးလားဗျာ” ဟု အော်ဟစ်ပြီးနောက် အတန်ငယ် ငြိမ်၍သွား၏။ ရေတစ်ဖွန်းတိုက်ပြီးနောက် တစ်ခဏမျှကြာလတ်သော် ပွေ့၍ထားသော မောင်သန်းညွန့်၏ ရင်ခွင်မှ အတင်းရုန်းကာ တံခါးပေါက်ဆီသို့ လက်ညှိုးထိုးလျက်–

http://www.cherrythitsar.org



"ဟော . . ဟယ်လင်လာပြီ၊ ဟလို ဒါလင် အချစ် . . အချစ်ရေ မောင်လာပြီ"ဟု ကယောင်ကတမ်းဟစ်အော်ပြန်ရာ မောင်ထွန်းတင်နှင့် မောင်သန်းညွန့်တို့မှာ ၎င်းလက်ညှိုး ညွှန်ပြသော တံခါးပေါက်သို့ပင် တစ်ပြိုင်နက် ကြည့်လိုက်မိကြ၏။

၁၂ နာရီကျော်လတ်သော် လူမမာသည် လုံးလုံးသတိမရတော့ဘဲ တဖြည်းဖြည်း မော၍လာပြီးနောက် မောင်သန်းညွန့်၏ ရင်ခွင်၌ပင် မျက်လုံးများ လန်ကာ ပါးစပ်ကို တစ်ချက်ဟပြီးနောက် အသက်ပျောက်၍ သွားရှာလေတော့၏။

ထိုအခါ မောင်သန်းညွန့်သည် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်လျက် "တစ်ခါဖြင့် ခက်ကြပြီ ကိုဝင်းမြင့်ရယ်၊ မြန်မာပြည်ကို ပြန်ရောက်လို့ ခင်ဗျား အမေကြီး မေးရင် ကျုပ်ဘယ့်နှယ်လုပ်ပြီး ပြောရမှာလဲဗျာ"

ယောက်ျားကြီး တစ်ယောက်ပင် ဖြစ်လင့်ကစား အသံများ ထွက်အောင် ဟစ်အော်ငိုကျွေးလေရာ၊ မောင်ထွန်းတင်မှာလည်းရော၍ ငိုရှာလေ၏။

၎င်းနောက် သူငယ်ချင်းနှစ်ယောက်တို့သည် အသုဘကိစ္စအတွက် အကျဉ်းရုံး၍ ဆောင်ရွက်ရန် စီမံကြပြီးသော် အနီးအနားရှိ မိတ်ဆွေသင်္ဂဟ အနည်းငယ်ဖြင့် မောင်ဝင်းမြင့်၏ ဈာပနကိစ္စကို ထိုနေ့၌ပင် အပြီးသတ် ဆောင်ရွက်လိုက်ကြ၏။ မြန်မာပြည်ရှိ မောင်ဝင်းမြင့်၏ မိခင်ကြီးထံသို့လည်း ကြေးနန်းတစ်စောင် ရိုက်ကြားလိုက်၏။

*

မောင်ဝင်းမြင့် သေဆုံးပြီးနောက် နှစ်လခန့်မျှအကြာတွင် မောင်သန်းညွန့်နှင့် မောင်ထွန်းတင်တို့သည် နောက်ဆုံးစာမေးပွဲများကို ဖြေဆိုခဲ့ပြီးနောက် လန်ဒန်သို့ ပြန်ရန် ပြင်ဆင်လျက်ရှိကြကုန်၏။ အက်ဒင်ဘာရာ တက္ကသိုလ်သို့ လာစဉ်က သူငယ်ချင်းသုံးယောက် ပျော်ပျော်ပါးပါး လာခဲ့ကြ၍ ယခုအပြန်တွင် နှစ်ယောက်သာ ပြန်ရတော့မည် ဖြစ်ရကား၊ မောင်ဝင်းမြင့်၏ စာအုပ်များနှင့် အဝတ်အစားများကို သူ၏သေတ္တာအတွင်းသို့ ထည့်သွင်းကြသောအခါ သူငယ်ချင်းနှစ်ယောက်တို့မှာ မျက်ရည်များ မကျမိစေရန် အတော်ပင် ထိန်းသိမ်းကြရတော့၏။

လန်ဒန်မြို့သို့ မပြန်မီတစ်နေ့တွင် နေသာသောညနေခင်း ဖြစ်သည့်အတိုင်း မောင်သန်းညွန့်နှင့် မောင်ထွန်းတင်တို့သည် အငှားကားတစ်စီးဖြင့် မြို့တော်၏ လှပသော ရှုမျှော်ခင်းများကို လည်ပတ်ကြည့်ရှုကြပြီးနောက် ည၌ ၈ နာရီအချိန်လောက်တွင် ညစာ စားသောက်ကြရန် ဟိုတယ်တစ်ခုသို့ ဝင်ခဲ့ကြလေ၏။ ဟိုတယ်ဆိုင်မှာ အရှေ့ဘက်ပင်လယ်ကမ်းခြေကို မျက်နှာမူကာ

http://www.cherrythitsar.org


ကုန်းမြင့်ကလေးတစ်ခုပေါ်တွင် ဆောက်လုပ်ထားသဖြင့် အထူးသဖြင့် ဤရာသီဥတုတွင် ပင်လယ်လေကို အလိုရှိသော ဧည့်သည်တို့ဖြင့် ပြည့်နှက်လျက်ရှိကုန်၏။

သူငယ်ချင်း နှစ်ယောက်တို့သည် ဧည့်ခန်းတွင် ထိုင်ကာ မိမိတို့အတွက် ပြင်ဆင်လျက် ရှိသော ညစာကို စောင့်ဆိုင်းလျက် ရှိစဉ်၊ မသစ်လွန်း မဟောင်းလွန်းသော အဝတ်အစားများကို ဝတ်လျက် မျက်မှန်အနက် တပ်ထားသော အသက် ၆၀ ကျော်ခန့်ရှိ ငယ်ထိပ်ပြောင်ပြောင်၊ မျက်နှာသွယ်သွယ်၊ နှာခေါင်းချွန်းချွန်း အဘိုးကြီးတစ်ယောက်သည် တုတ်ကောက်တစ်ချောင်းကို ထောက်လျက် ဧည့်ခန်းသို့ ဝင်လာပြီးလျှင် ကိုသန်းညွန့်တို့နှင့် မနီးမဝေးရှိ ဆိုဖာတစ်လုံးပေါ်တွင် ခပ်မှိမှိ ထိုင်လိုက် လေ၏။ ကိုသန်းညွန့်မှာ အဘိုးကြီး ဝင်လာသည့်အချိန်က မမြင်ဘဲ သူထိုင်သောအခါမှ မြင်လိုက်လေသည်။ ပထမ၌ မမှတ်မိသကဲ့သို့ ရှိသော်လည်း ကိုထွန်းတင်က ကောင်းစွာမှတ်မိသဖြင့် အဘိုးကြီးမှာ အခြားသူမဟုတ် ဂျာမနီပြည်တွင် မိမိတို့ပညာသင်ကြားစဉ်က နည်းနာ နိဿယ ယူခဲ့ဖူးသည့် ပရော်ဖက်ဆာ ဆရာကြီးဖြစ်သည်ကို ကောင်းစွာ သိရှိရတော့၏။ ဆရာကြီးမှာ အတန်ငယ် ဟောင်းနွမ်းသည့် အဝတ်များကို သပ်ရပ်မှုမရှိဘဲ ဖရိုဖရဲ ဝတ်ဆင်ထားသောကြောင့် တစ်ကြောင်း၊ မျက်မှန်အနက်ကြီးကို တပ်ထားသောကြောင့် တစ်ကြောင်း၊ အတန်ငယ် ပိန်ကြုံလျက် မျက်နှာကျပြီးလျှင် မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများ ပေါက်လျက်ရှိသောကြောင့် ရုတ်တရက် မမှတ်မိခြင်း ဖြစ်လေသည်။ ထိုအခါမှ သူငယ်ချင်းနှစ်ယောက်တို့သည် ဆရာကြီးအား သွားရောက်နှုတ်ဆက်ကြလေရာ ဆရာကြီးသည် သူငယ်ချင်းနှစ်ယောက်တို့၏ လက်များကို အားပါးတရ ဆွဲကာ နှုတ်ဆက်လေတော့၏။

(ကြီး) "တွေ့ရတာ ဝမ်းသာတယ်ကွယ် . . အရင်တစ်နှစ်က ကျုပ်ဆီလာပြီး 'ဖီဆီယိုလော်ဂျီ'နဲ့ 'အနာတမီ'ကို ယူတဲ့ သူငယ်တွေ မဟုတ်လား၊ မြန်မာပြည်က မြန်မာလူမျိုးတွေလေ၊ ဒါ့ထက် နေပါဦး ၊ ကျုပ်ဆီကို မောင်တို့လာတုန်းက အားလုံး သုံးယောက် မဟုတ်လား"

(ညွန့်) "ဟုတ်ပါတယ် . . ဆရာကြီး"

(ကြီး) "ကျုပ် မှတ်မိတယ်၊ မှတ်မိတယ်။ အဲဟို ... အရပ်ထောင်ထောင်မောင်းမောင်းနဲ့ သူငယ်ချောချော တစ်ယောက်ကော"

(ညွန့်) "မောင်ဝင်းမြင့် တစ်ယောက် ဆုံးရှာပါပြီ ဆရာကြီး"

ဆရာကြီးက စုတ်သပ်လျက် –

"ကျွတ် ... ကျွတ် ... ကျွတ် သနားစရာ ကောင်းလိုက်လေကွယ်။ ဘယ်တုန်းက ဆုံးတာလဲ ...ဘာရောဂါနဲ့လဲ"

http://www.cherrythitsar.org


(တင်) "မကြာသေးပါဘူး ခင်ဗျာ၊ လွန်ခဲ့တဲ့ ဒီဇင်ဘာလထဲကပါပဲ၊ ရောဂါက အဖျားရောဂါပါပဲ ခင်ဗျာ"

(ကြီး) "အို . . . ဟုတ်လား၊ ဒါဖြင့် အိမ်က သမီးကလေးနဲ့ တစ်လတည်းပေါ့၊ ဟယ်လင်လည်း ဒီဇင်ဘာလ ၂၄ ရက်နေ့က ဆုံးရှာပြီ မောင်တို့"

(ညွန့်) "ဖြစ်မှဖြစ်ရလေ ခင်ဗျာ"

(တင်) "ကြားရတာ ကျွန်တော်တို့ အများကြီး ဝမ်းနည်းပါတယ် ဆရာကြီး"

မောင်သန်းညွန့်နှင့် မောင်ထွန်းတင်တို့သည် ဒီဇင်ဘာလ ၂၄ ရက်ဟူသော စကားကို ကြားရသည့်နှင့်တစ်ပြိုင်နက် မောင်ဝင်းမြင့် မသေမီက ကယောင်ချောက်ချား ပြောသော စကားများကို ချက်ချင်းပင် အမှတ်ရမိကြ၏။ ဤကဲ့သို့ အမှတ်ရခြင်းကြောင့်လည်း တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်မိကြ၏။

မောင်သန်းညွန့်သည် ဆရာကြီးအတွက် ညစာတစ်ပွဲကို မှာပြီးသော် ဆရာတပည့် သုံးဦးတို့သည် စကားတပြောပြောနှင့် ညစာကို မြိန်ရှက်စွာ စားသောက်ကြလေ၏။ အခြားထွေရာလေးပါး စကားများကို ပြောဆိုကြပြီးနောက် မောင်သန်းညွန့်က ဆရာကြီးအား မည်သည့်အတွက် စကော့တလန်ပြည် လာရောက်သည်ကို မေးမြန်းလေရာ ဆရာကြီးက မိမိမှာ တစ်ယောက်တည်းသော သမီးကလေး 'ဟယ်လင်' သေဆုံးပြီးနောက် အလုပ်ကို ဆက်လက်မလုပ်လိုတော့ကြောင်း၊ ထို့ကြောင့် စစ်မက်လိုလား၍ လူနေအိမ်ခြေ များပြားလှသော ဂျာမနီနိုင်ငံကို စွန့်ခွာခဲ့ပြီးလျှင် စုဆောင်းခဲ့မိသမျှသော ငွေဖြင့် မိမိ၏ ကျန်ရှိသော အချိန်များကို သာယာလှပသော စကော့တလန်ပြည်တွင် ဖြုန်းရန်နှင့် အေးချမ်းစွာနေရန် တစ်ခါတည်း ပြောင်းရွှေ့လာခြင်း ဖြစ်ကြောင်းဖြင့် ဖြေဆိုလေ၏။

ညစာ စားသောက်ကြပြီးနောက် သူငယ်ချင်း နှစ်ယောက်တို့သည် ဆရာကြီးနှင့်အတူ ဧည့်ခန်းတွင် ထိုင်ကာ ဆေးလိပ်များသောက်ရင်း စကားပြောဆိုလျက်ရှိကြ၏။ ဆရာကြီးသည် မောင်ထွန်းတင်ထက် မောင်သန်းညွန့်အား ပို၍ နီးနီးကပ်ကပ် အကဲခတ်၍နေဟန် လက္ခဏာ ရှိလေသည်။ မောင်ထွန်းတင်မှာ မောင်သန်းညွန့်လောက် သွက်လက်ချက်ချာဟန် လက္ခဏာ မရှိဘဲ စကားကိုလည်း ပေါ့ပေါ့တန်တန် ပြောဆိုတတ်သူ တစ်ယောက်ဖြစ်ရာ မောင်သန်းညွန့်မှာမူ ရင့်ကျက်သော ဣန္ဒြေနှင့် ပြည့်စုံလျက် စကားကိုလည်း စဉ်းစားနှိုင်းချိန်၍ ခပ်အေးအေး ခပ်မှန်မှန် ပြောတတ်သူ ဖြစ်လေသည်။ ဂျာမနီ

http://www.cherrythitsar.org



ပြည့်၍ ပညာသင်ကြားနေစဉ်ကပင် ဆရာကြီးသည် မောင်သန်းညွန့်အား ပိုမို ဂရုစိုက်၍ လေးလေးနက်နက် ပြောဆိုသင်ကြားပေးတတ်ရာ မောင်သန်းညွန့် ကလည်း ဆရာကြီးအား အခြားတပည့်များထက် ပို၍လေးစားကြည်ညိုဟန် လက္ခဏာ ရှိလေသည်။

ဆရာကြီးသည် တံတောင်ဆစ် နှစ်ဖက်ဖြင့် စားပွဲကို ထောက်ကာ ဆေးပြင်းလိပ်ကို တစ်ချက်မျှ အားပါးတရ ဖွာရှိုက်လိုက်ပြီးနောက်

"တပည့်တို့ကို အရေးကြီးတဲ့ စကားတစ်ခွန်း ပြောစရာ ရှိတယ်။ ကဲလေ ... ဟိုထောင့်က စားပွဲကို သွားကြရအောင်၊ ဟိုနေရာမှာ လူရှင်းပါ တယ်"

စားပွဲသို့ ရောက်၍ ကော်ဖီများကို သောက်ရင်း –

(ကြီး) "ဒီမယ်ကွယ့် မောင်သန်းညွန့်ရဲ့၊ ဆရာ့မှာ အရေးကြီးတဲ့ ကိစ္စတစ်ခု လုပ်စရာရှိနေတယ်။ မောင်သန်းညွန့်တို့ဟာ အရင်တစ်နှစ်က ဆရာ့ တပည့်များ ဖြစ်ဖူးတဲ့အတွက် မောင်သန်းညွန့် အကဲကိုခတ်ပြီး မင်းအပေါ်မှာ ဘယ်နေရာမဆို စိတ်ချယုံကြည်ခဲ့တယ်။ ဒီအကြောင်း မောင်သန်းညွန့်လည်း နည်းနည်းပါးပါး ရိပ်မိပါလိမ့်မယ်"

(ညွန့်) "ဟုတ်ကဲ့ . . ကျွန်တော် သိပါတယ် ဆရာကြီး၊ ကျွန်တော် ကလည်း ဆရာကြီးမှာ ကူညီစရာရှိရင် ကူညီဖို့အသင့်ပါပဲ"

"အေးကွယ် ကျေးဇူးတင်ပါတယ်။ မောင်ထွန်းတင်ကလည်း မောင် သန်းညွန့်ကိုကူညီဖို့ပေါ့။ ဆရာဆီမှာ စာသင်ကြတုန်းကအထူးသဖြင့် မောင် သန်းညွန့်ရဲ့ စိတ်ဓာတ်ကို ဆရာ နက်နက်နဲနဲ လေ့လာစုံစမ်း ကြည့်တယ်။ သိပ္ပံနည်းနဲ့ရော စိတ်ပညာနည်းနဲ့ရော အမျိုးမျိုး အကဲခတ်ဖူးတယ်။ ဒီတော့ ဘာတွေ့ရသလဲ သိလား၊ မောင်သန်းညွန့်ဟာ သူရသတ္တိနဲ့ ပြည့်စုံတယ်၊ တည်ကြည်ဖြောင့်မတ်တဲ့ စိတ်ရှိတယ်၊ ရိုးသားတယ်။ မကောင်းမှုဘက်ကို ဘယ်လိုနည်းနဲ့မှ သွေးဆောင်လို့ရတဲ့လူ တစ်ယောက် မဟုတ်ဘူး၊ သစ္စာရှိ တယ်။ အဲဒီလို အရည်အချင်းတွေနဲ့ ကောင်းကောင်းကြီး ပြည့်စုံတယ်"

မောင်သန်းညွန့်က ဦးခေါင်းကို ငုံ့လျက် . . .

"ဟုတ်ကဲ့ အမိန့်ရှိပါ ဆရာကြီး"

"ကျုပ်ကိစ္စက သစ္စာရှိရှိနဲ့ ကျုပ်ရဲ့အသက်အန္တရာယ်ကို စောင့်ရှောက် ပေးဖို့ပဲ မောင်သန်းညွန့်"

"ဆရာကြီးမှာ ဘယ်လို အသက်အန္တရာယ်မျိုးများ ရှိနေပါသလဲ ဆရာကြီး"

http://www.cherrythitsar.org



"အသက် အန္တရာယ် ရယ်လို့တော့ မဟုတ်ပါဘူး။ ဆရာကြီးရဲ့ အသက်ကို ရှည်အောင် နံဘေးက စောင့်ရှောက်ပေးဖို့ပါပဲ"

"ဘယ်လိုစောင့်ရှောက်ရမှာလဲ ဆရာကြီး . . ကျွန်တော်ဖြင့် ဆရာကြီးပြောတာ နားမလည်သေးပါဘူး ခင်ဗျာ"

ဆရာကြီးက အတော်ကြာ စဉ်းစားလျက် . . .

"ဒီလိုကွယ့် မောင်သန်းညွန့်ရဲ့၊ ဆရာကြီးဟာ အရင်ကလို လက်နက် အသစ်အဆန်းတွေ၊ လူတစ်သောင်း တစ်သိန်းကို ဖျတ်ခနဲ သေစေနိုင်တဲ့ ဓာတ်ငွေ့တွေအစရှိတဲ့ မကောင်းတဲ့နည်းသစ်လမ်းသစ်တွေကို မကြံစည်တော့ဘူး။ အသက်ကလည်း ကြီးလာတော့ မျက်စိအောက်မှာ မြင်ရတဲ့ ခံစားမှုတွေဟာ နောက်ဆုံးတော့ ဘာမှမဟုတ်ဘူးဆို တာ တဖြည်းဖြည်း မြင်လာတယ်။ ဒါကြောင့် အခုတော့ အရင်လုပ်တာ တွေနဲ့ ဆန့်ကျင်ပြီး လူကို ဘေးအန္တရာယ် မဖြစ်အောင် ကာကွယ်တဲ့နည်း တွေ၊ သစ်သီးသစ်ဥမှစပြီး သစ်သီးဝလံတွေမှာ အရင်ကထက် အာဟာရဓာတ် ပိုပြီး ပါဝင်အောင်လုပ်နိုင်တဲ့နည်းတွေ၊ တစ်ကမ္ဘာလုံးရှိ အသီးအနှံတွေ အရင်ကထက် ဆယ်ဆဆယ်ထမ်း ပိုတိုးပြီး ထွက်လာအောင် လုပ်တဲ့နည်းတွေ၊ နောက်ဆုံး ပြောရမယ်ဆိုရင် လူ့အသက်ကို အရင်ကထက် ပိုရှည်လာအောင် လုပ်တဲ့နည်းတွေကိုပဲ ကြံစည်စမ်းသပ်နေတော့တာပဲ"

(ညွှန့်) "ကောင်းပါတယ် ခင်ဗျာ၊ အင်မတန် ကောင်းပါတယ်"

"အဲဒီနောက်ဆုံးပြောတဲ့ လူ့အသက်ကို ရှည်အောင် လုပ်နည်းဆိုတာက သိပ္ပံနည်းအရ ပြုလုပ်ရလေတော့ လုံးလုံးလျားလျား အောင်မြင်မှုတော့ မရှိသေးဘူး။ စမ်းသပ်မှုတစ်ခုရဲ့ နောက်ဆုံးအခြေအနေလောက်မှာပဲ ရှိသေးတယ်။ ဒါကြောင့် ဒီနည်းကို စမ်းသပ်ဖို့ သစ္စာရှိပြီး ကတိတည်မယ့် တပည့်ကောင်းတစ်ယောက် လိုနေတယ်"

(ညွှန့်) "နို့ပေမဲ့ ကျွန်တော်တို့က တနင်္လာနေ့မနက်ထွက်မယ့် ရထားနဲ့ လန်ဒန်ကို ပြန်တော့မယ်လို့ ပြင်ဆင်ပြီးပြီ ဆရာကြီးရဲ့၊ အားလုံးပစ္စည်းတွေတောင်ထုပ်ပိုးပြီး ကျွန်တော်တို့ ဟိုတယ်ကိုပို့လိုက်ပြီ"

(ကြီး) "ကိစ္စမရှိပါဘူးလေ . . ဒီကနေ့ စနေနေ့ဆိုတော့ နက်ဖြန် တနင်္ဂနွေနေ့ တစ်နေ့လုံး အချိန်ရှိပါသေးတယ်။ ကျုပ်အလုပ်က ၆ နာရီလောက်ပဲ ကြာပါတယ်"

"ဘယ်လို ဆောင်ရွက်ပေးရမှာလဲ ဆရာကြီး၊ ကျွန်တော်ဖြင့် ဆရာကြီး ပြောတာ ကောင်းကောင်း သဘောမပေါက်သေးပါဘူးခင်ဗျာ"

http://www.cherrythitsar.org



"အင်းလေ ဟုတ်တာပေါ့၊ ကျုပ်ကလည်း အကုန်အစင်ဖွင့်မှ မပြော သေးဘဲကိုး၊ သစ္စာရှိမယ်ဆိုတာက အခြားမဟုတ်ပါဘူး။ ကျုပ် သတ်မှတ်ပေး ထားတဲ့ အချိန် ၆ နာရီအတွင်းမှာ ကျုပ်မှာခဲ့တဲ့အတိုင်း တစ်သဝေမတိမ်း ဆောင်ရွက်ဖို့၊ ဘယ်လိုပဲဖြစ်ဖြစ် ဘယ်နည်းနဲ့မှ မကြောက်ဖို့၊ ကျုပ်ပြောတဲ့ အတိုင်း တိတိကျကျ တစ်သဝေမတိမ်း ဆောင်ရွက်ဖို့ ဒါပါ"

မောင်သန်းညွန့်သည် ဆရာကြီး ပြောသောစကားများကို စဉ်းစား တွေးတောနေသည့်ဟန်ဖြင့် တစ်ခဏမျှ ငေးမောတွေဝေလျက်ရှိလေ၏။ ဆရာ ကြီးသည် ဆေးပြင်းလိပ် အသစ်တစ်လိပ်ကို ထပ်မံ၍ မီးညှိလိုက်ပြီးနောက် ဆက်လက်၍ –

"ဩော် ... ဒါ့ထက် ဒီလို ဆောင်ရွက်ပေးရတဲ့အတွက် အသင့်အတင့် အဖိုးအခလည်း ဆရာကြီးက ပေးမယ်လို့ ရည်ရွယ်ထားတယ်"

"ကိစ္စမရှိပါဘူး ခင်ဗျာ။ ဒါအတွက် ကျွန်တော် ဘာမှ သဘော မထားပါဘူး။ ဆရာကြီး ခိုင်းရင် ကျွန်တော်တို့က လုပ်ရမယ့် ဝတ္တရား ရှိနေပါ တယ်။ ဟုတ်တယ် မဟုတ်လားဗျ ကိုထွန်းတင်"

(တင်) "ဟုတ်တာပေါ့ဗျာ၊ အဖိုးအခမပေးပေမဲ့ ကျွန်တော်တို့က ကူညီဖို့ဝတ္တရားရှိပါတယ် ဆရာကြီး"

(ကြီး) "မဟုတ်ဘူးလေ၊ အလုပ်ဟာ အလုပ်ပဲ၊ ထိုက်တန်တဲ့ အခ ကြေးငွေ မဟုတ်ပေမဲ့ ဆရာက မောင်တို့နှစ်ယောက်ကို ပေါင်တစ်ထောင် ပေးဖို့ ဆုံးဖြတ်ထားတယ်။ ဒီကိစ္စကို မဆောင်ရွက်ခင် ချက်လက်မှတ်ကို မောင်တို့ လက်ထဲအပ်မယ်"

ထိုအခါ မောင်သန်းညွန့်သည် မောင်ထွန်းတင်အား တိုင်ပင်လို၍ တီးတိုးလေသံဖြင့် "ဘယ်နှယ့်လဲ ကိုထွန်းတင်"ဟု မြန်မာလို မေးလိုက်ရာ၊ မောင်ထွန်းတင်က "လိုက်လို့ ဖြစ်ပါ့မလားဗျာ၊ သူ့အလုပ်က ဘာအလုပ်မှန်း မသိသေးဘူး။ အစိုးရဥပဒေနဲ့ ကင်းလွတ်မယ် မကင်းလွတ်ဘူးဆိုတာလည်း ကျုပ်တို့ မသိဘူး"ဟု မြန်မာဘာသာဖြင့်ပင် ပြန်ပြောလေသည်။

ထိုအခါ အကင်းပါးလှသော ဆရာကြီးက သူငယ်ချင်း နှစ်ယောက် တို့၏ မျက်နှာကို တစ်လှည့်စီ ကြည့်လျက် –

"အလုပ်ရဲ့အကြောင်းကို ဒီနေရာမှာ အသေးစိတ်ပြောပြဖို့ မတော် သေးဘူးထင်တယ်။ ဒီနေရာက အင်မတန်လူရှုပ်တဲ့ နေရာမဟုတ်လား။ ကြမ်း ကြားလေကြားဆိုသလို တစ်ယောက်ယောက်ကြားသွားရင် ကျုပ်တို့ အကြံ အားလုံးပျက်သွားနိုင်တယ်။ ဒီတော့ ကျုပ်အိမ်ရောက်မှပဲ ပြောကြစို့ရဲ့၊ ဒီလို လုပ်ကြမယ်၊ နက်ဖြန်ည ၇ နာရီတိတိမှာ ဒီဟိုတယ်မှာပဲ ဆရာက မောင်တို့ကို

http://www.cherrythitsar.org



ညစာကျွေးမယ်။ ကျွေးပြီးတဲ့အခါ ဆရာ့အိမ်ကို တစ်ခါတည်း လိုက်ခဲ့ကြပေတော့။ ဟိုကျမှ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ဆရာက အသေးစိတ်ပြောပြမယ်။ ခဲယဉ်းတဲ့အလုပ် မဟုတ်ပါဘူး မောင်သန်းညွန့်ရဲ့၊ ၁၅ မိနစ်လောက် ဆရာက ရှင်းပြရင် နားလည်နိုင်ပါတယ်။ ဒီကနေ့ညတော့ ဒီလောက်နဲ့ပဲ ရပ်ကြဦးစို့ရဲ့၊ ကဲ ... မောင်သန်းညွန့်တို့လည်း ပြန်ချင်ပြန်ကြပေတော့၊ ကျုပ်လည်း ပြန်မယ်ဂွတ်နိုက်"

(ညွန့်) "ဂွတ်နိုက်"

(တင်) "ဂွတ်နိုက် ဆရာကြီး"

*

နောက်တစ်နေ့ည ၇ နာရီအချိန်တွင် ဆရာတပည့်သုံးယောက်တို့သည် ညစာ စားသောက်ကြပြီးနောက်၊ ဆရာကြီး ငှားရမ်းထားသည့် တက္ကစီကားဖြင့် ဆရာကြီး၏အိမ်သို့ လိုက်ပါသွားကြလေ၏။ ကားကလေးသည် ဆရာကြီး ညွှန်ကြားသည့်အတိုင်း လူနေအိမ်ခြေ ထူထပ်ပေါများလှသော လမ်းများကို ကျော်လွန်ခဲ့ပြီးလျှင် အတန်ငယ် နိမ့်သော လမ်းတစ်လမ်းသို့ ဆင်းသွားပြီးနောက် ထိုလမ်းအတိုင်း တောလမ်းများသို့ ဖြတ်သန်းကာ မောင်းနှင်လျက် ရှိလေ၏။ အတန်ငယ်မြင့်မောက်သည့် တောင်ကမ်းပါးများသည်လည်းကောင်း၊ တစ်ခါတစ်ရံ စိမ်းလဲ့သော ရေပြင်တို့သည်လည်းကောင်း၊ လမ်းဘေး တစ်ဖက်တစ်ချက်တွင် ရိပ်ခနဲ ရိပ်ခနဲ ပျောက်ကွယ်သွားလေရာ လျင်မြန်သော အဟုန်ဖြင့် ပြေးလျက်ရှိသော ကားကလေးမှာ တစ်ခါတစ်ရံ လေထဲတွင် ပျံဝဲသွားဘိသကဲ့သို့ ရှိတော့၏။ ချောင်းကူးတံတားကလေးတစ်ခုကို ကျော်လွန်ပြီး နောက်ခြံကြီးတစ်ခြံအတွင်းသို့ ဝင်သွားလေ၏။ ထိုနေရာ၌ကား လူနေအိမ်ခြေနည်းပါးလျက် အလွန်ဝေးသောအရပ်မှ မီးရောင်များကိုသာ ပြောက်တိပြောက်ကျား မြင်ရသဖြင့် ခြံတစ်ခြံနှင့်တစ်ခြံမှာ အနီးဆုံးခရီး တစ်မိုင်ခန့်မျှရှိလိမ့်မည်ဟု ခန့်မှန်းရ၏။ ခြံ၏အလယ်တွင် အုတ်တိုင်ဟောင်းကြီးတစ်ခုရှိရာ တိုက်ရှေ့တံခါးဝတွင် ကားရပ်သည်နှင့် တစ်ပြိုင်နက် အစေခံတံခါးစောင့် ကပ္ပလီလူမျိုးတစ်ယောက်သည် ဂူနှင့်တူသော တိုက်ဟောင်းကြီးအတွင်းမှ ရုတ်တရက် ထွက်ပေါ်လာပြီးလျှင် ကားတံခါးကို ဖွင့်ပေးလေ၏။ ဆရာကြီးက ရှေ့မှဆင်း၍ တိုက်ဟောင်းကြီးထဲသို့ ဝင်သွားရာ သူငယ်ချင်းနှစ်ယောက်တို့လည်း ဆရာကြီးနောက်မှ လိုက်သွားကြရလေ၏။

တိုက်ဟောင်းကြီးမှာ အပြင်မှကြည့်လျှင် ဂူကြီးနှင့်သဏ္ဍာန်တူသော်လည်း အတွင်း၌ကား သူ့နေရာနှင့်သူ ဓာတ်မီးလုံးတို့ဖြင့် ထွန်းညှိထား၏။ သို့သော် အိမ်ထောင်ပရိဘောဂမှာ များစွာမရှိဘဲ မထားလျှင် မဖြစ်လောက်သော

စားပွဲကုလားထိုင် အနည်းငယ်နှင့် ဗီရိုတစ်လုံးသာ ရှိလေသည်။ အပြင်ဧည့်ခန်းသို့ ဝင်မိကြသောအခါ ကပွလီအစေခံသည် မောင်သန်းညွန့်နှင့်မောင်ထွန်းတင်တို့၏ ဦးထုပ်နှင့် တုတ်ကောက်များကို ယူပြီးလျှင် အုတ်နံရံပေါ်၌ အကြမ်းလုပ်၍ထားသော အင်္ကျီချိတ်တန်းတစ်ခုတွင် တင်ထားလိုက်လေ၏။ ထို့နောက် ဆရာကြီးသည် စားပွဲတစ်ခုတွင် ဝိုင်း၍ထားသော ကုလားထိုင်များ၌ မောင်သန်းညွန့်တို့အား နေရာ ထိုင်ခင်းပေးလေသည်။

ဆရာကြီးသည် စီးကရက်တစ်လိပ်ကို မီးညှိလျက် . . .

"ဒီလိုကွယ့်၊ မောင်သန်းညွန့်နဲ့ မောင်ထွန်းတင်တို့ရဲ့၊ ဂျာမနီပြည်မှာ ဆရာကြီး ရှိစဉ်က ပြောခဲ့ဖူးတဲ့အတိုင်း လူများဟာ အိုပြီးလာတယ်ဆိုတာ လူရဲ့ကိုယ်ခန္ဓာကို ပေါင်းစပ်စုစည်းထားတဲ့ 'တစ်ရှူး' (Tissue) ခေါ်တဲ့ အင်မတန် သိမ်မွေ့လှတဲ့ အမှုန့်ကလေးတွေ လျော့ပါးသွားခြင်းပဲ မဟုတ်လား"

(ညွန့်) "မှန်ပါတယ် ခင်ဗျား"

(ကြီး) "အသက်အရွယ်နုပျိုတဲ့အချိန်မှာ ဒီတစ်ရှူးတွေဟာ တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်နေတယ်။ အဲဒီလို တိုးတက်နေတာနဲ့အမျှ လူရဲ့ကိုယ်ခန္ဓာဟာလည်း တစ်နေ့တခြား ကြီးထွားရင့်သန်လာတာပဲ။ သို့သော် လူတို့ရဲ့ အသက် ၄၀ လောက်ကစပြီး ယိုယွင်းပျက်စီးတဲ့ဘက်ကို ယိုင်လာတော့ တိုးတက်အခြေအနေ ရပ်သွားရုံမကဘဲ တစ်နေ့တခြား ဆုတ်ယုတ်လာတော့တယ်။ အာဟာရဖြစ်တဲ့ အစာတစ်ခုကို စားလိုက်လို့ နှစ်နှစ်ခြိုက်ခြိုက် ၀ အောင် အိပ်လိုက်လို့ အရင်က ကုဋေတစ်ထောင် တိုးတက်လာမယ့်အစား၊ ဒီအရွယ်ကျတော့ ကုဋေကိုးရာပဲ တက်တော့တယ်။ အသက်အရွယ် ကြီးရင့်လေလေ ဆုတ်ယုတ်လျော့ပါးမှု များလာလေလေ ဆိုတော့ အသားတွေ လျော့လာတယ်၊ ပါးတွေ ချိုင့်လာတယ်၊ အရေတွေ လိပ်ပြီး တွန့်လာတယ်၊ နားထင်တွေ ခွက်လာတယ်၊ မျက်တွင်းတွေ ဟောက်လာတယ်၊ တဖြည်းဖြည်း အိုရုပ်တွေ ပေါ်လာတယ် မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"ဒါကြောင့်လည်း အသက်အရွယ် ကြီးရင့်လာတဲ့အခါ ဆုတ်ယုတ်သင့်သလောက် မဆုတ်ယုတ်အောင် အာဟာရဖြစ်မယ့် အစားအစာတွေကို ငယ်စဉ်ကထက် ပိုပြီးမှီဝဲရတယ်။ အရင်ကထက်ပိုပြီး အချိန်ကြာကြာ အိပ်စက်ရတယ်။ ဥတုသပ္ပါယ မျှတဲ့နေရာကို ရွေးပြီးနေထိုင်ရတယ်။ စိတ်ချမ်းသာနိုင်သလောက်ထားပြီး နေကြရတယ်။ ဟုတ်တယ် မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

http://www.cherrythitsar.org



"လူ့ရဲ့ ကိုယ်ခန္ဓာဟာ အစ ပထမ အမှုန်ကလေးတစ်မှုန်က စခဲ့တာပဲ မဟုတ်လား၊ မောင်သန်းညွန့်ရဲ့"

"မှန်ပါတယ် ခင်ဗျာ၊ ကျွန်တော်တို့ ဗုဒ္ဓဘာသာအယူမှာလည်း ဒီအတိုင်းပဲ အဘိဓမ္မာကျမ်းမှာ ဆိုပါတယ်"

"ဒီတော့ လူရဲ့ကိုယ်ခန္ဓာကြီးတစ်ခုလုံးဖြစ်အောင် စုစည်းထား တဲ့ 'တစ်ရှူး'ခေါ်တဲ့ ရုပ်ကလာပ်အမှုန့်လေးတွေကို သဘာဝ ထက်ပိုပြီး တိုးဖြစ်လာအောင် လုပ်နိုင်ရင်ဖြင့် အို နိုင်ပါဦးမလား"

(ညွန့်) "ဘယ် အိုတော့မလဲ ခင်ဗျာ"

(ကြီး) "ဟိုဘက်က မောင်ထွန်းတင်ကကော"

(တင်) "ဒီအတိုင်းဆိုရင် မအိုနိုင်တော့ဘူးပေါ့ ဆရာကြီး ခင်ဗျာ"

ဆရာကြီးသည် စီးကရက်တိုကို လွှင့်ပစ်လိုက်ပြီးနောက် –

"ဒီနည်းကို ကျုပ်စမ်းသပ်နေတာ နှစ်ပေါင်း ၄၀ လောက်ရှိပြီ"

(ညွန့်) "အင်မတန် အံ့သြစရာကောင်းတာပဲ ဆရာကြီး"

(တင်) "ဖြစ်ကောဖြစ်နိုင်ပါ့မလား ခင်ဗျာ"

(ကြီး) "ဒီလိုလေ . . မအိုဘူးဆိုသော်လည်း လူတစ်ယောက်ကို တစ်ခါတည်း မအိုဘဲနေအောင် ဘယ်တတ်နိုင်ပါ့မလဲ၊ နို့ပေမဲ့ နှစ်ပေါင်း ၂၀ လောက် ပြန်ငယ်သွားအောင် ပြန်ပျိုလာအောင် ဆိုပါတော့"

(ညွန့်) "ကြားပဲ မကြားဖူးပါဘူး ဆရာကြီးရယ်"

(ကြီး) "ဒီကမ္ဘာကြီးဟာ အင်မတန် ထူးဆန်းတဲ့ ကမ္ဘာကြီး မဟုတ်လား မောင်သန်းညွန့်ရဲ့၊ လောကဓာတ်ပညာဟာ တစ်နေ့တခြား တိုးတက်လာလို့ ကျုပ်တို့အရင်က မကြားဖူးတာတွေ ကြားရတယ်။ မမြင်ဖူးတာတွေ မြင်ရတယ်။ ဒီထက်ဆန်းတာတွေ ရှေ့ကို ဘာတွေလာဦးမလဲဆိုတာ မသိနိုင်သေးဘူး"

(ညွန့်) "ဒါလည်း ဟုတ်ပါတယ် ဆရာကြီး"

(ကြီး) "ဒီနည်းကို စမ်းသပ်လို့ ရပေမဲ့ သူ့မှာတစ်ခု ခက်နေတယ်"

"ဘယ်လို ခက်နေတာလဲ ဆရာကြီး"

"သစ္စာရှိတဲ့ တပည့်တစ်ယောက် လိုနေတယ်"

"ဘယ်လို သစ္စာရှိရမှာလဲ ခင်ဗျ"

"ကိုင်းကွယ် ဓာတ်ခွဲခန်းကို သွားကြပါစို့ရဲ့၊ ဟိုကျတော့မှ ဘယ်လို သစ္စာရှိရမယ် ဆိုတဲ့အကြောင်း နားလည်အောင် ပြောနိုင်ပါလိမ့်မယ်"

ဆရာကြီးသည် မောင်သန်းညွန့်နှင့်မောင်ထွန်းတင်တို့အား နောက်ဖေးဘက်တံခါးရှိရာသို့ ခေါ်သွား၍ တံခါးစောင့် ကပ္ပလီအား တစ်စုံတစ်ရာ

မှာထားခဲ့ပြီးသော် တံခါးကိုဖွင့်ဝင်ပြီးနောက် ဆရာကြီးသည် အတွင်းမှနေ၍ တံခါးမင်းတုပ်ကို ထိုးလိုက်လေ၏။ အတွင်း၌ကား ဂူနှင့်သဏ္ဌာန်တူ၍ အနံ ၆ ပေခန့်မျှသာ ကျယ်ဝန်းသည့် လမ်းကျဉ်းကလေး တစ်လျောက် လျှောက်သွားကြရလေရာ၊ ပေလေးငါးဆယ်ခန့် သွားမိသောအခါ အောက်သို့ဆင်းသည့် လှေကားတစ်ခုကို တွေ့ရသည်နှင့် အောက်ထပ်သို့ ဆင်းသွားကြရပြန်၏။ ထိုမှရှေ့သို့ ဆက်လက်သွားကြသောအခါ ကျယ်ဝန်းသောခန်းမကြီး တစ်ခုသို့ ရောက်ရှိခဲ့ကြလေ၏။

ခန်းမကြီးမှာ အလျားပေ ၆၀ အနံပေ ၄၀ ခန့် ကျယ်ဝန်း၍ နောက်ပိုင်းတွင် နံရံကပ်လျက် စက်ကိရိယာတန်ဆာပလာများ တပ်ဆင်ထားသည့် သစ်သားခုံကြီးတစ်ခုရှိ၏။ ခန်းမကြီး၏အလယ်၌မူကား သံလမ်းပေါ်တွင် ဘီးလေးဘီး တပ်၍ထားသော ခုံရှည်တစ်ခုရှိ၍ ထိုခုံရှည်ပေါ်တွင် မှန်ခေါင်းတစ်လုံး ရှိ၏။ ထိုမှန်ခေါင်းမှာ အလျား ၆ပေခွဲ၊ အနံ ၃ ပေခွဲခန့်ရှိ၍ အဖုံးဟူ၍ မရှိချေ။ ထိုမှန်ခေါင်းမှာ ခြေရင်းဘက်၌ ပွင့်လျက်ရှိပြီးလျှင် ခေါင်းရင်းဘက်၌မူ ရေငုပ်သမားများ ဝတ်ဆင်လေ့ရှိသော ဦးခေါင်းစွပ်ကြီးကဲ့သို့ ဖန်ဖြင့်ပြုလုပ်ထားသည့် ဦးခေါင်းစွပ်ကြီးတစ်ခုရှိရာ ၎င်းမှ သားရေပိုက်လုံး လေးလုံးသည် ခေါင်မိုးပေါ်ရှိ ကြေးပြွန် မှန်ပြွန်များဖြင့် ဆက်သွယ်ထားလေသည်။

နံရံနှင့်ကပ်လျက်ရှိသော ခုံကြီးပေါ်မှ စက်ကိရိယာများမှာ နောက်ပိုင်းတွင် ဘီးများ ဖန်ပြွန်များ၊ ကြေးဝါနှင့် အဝတ်ပိုက်လုံးများဖြင့် ပြည့်နှက်လျက်၊ ရှေ့ပိုင်းမှာ ဓာတ်ပုံရိုက်သော ကင်မရာကြီးတစ်ခုကဲ့သို့ လည်းကောင်း၊ ရုပ်ရှင်ပြစက်ကြီးတစ်ခုကဲ့သို့လည်းကောင်း ရှေ့တွင် မှန်ဘီလူးတစ်ခု တပ်ဆင်ထားသည်ကို တွေ့ရ၏။ နောက်ဘက်နံရံ၌ကား အုတ်နံရံတစ်လျှောက်ကို ဖုံးထားသည့် ပျဉ်ချပ်ကြီးပေါ်တွင် မီတာ သေတ္တာကလေးများ၊ အပူအအေးတိုင်းသည့် ပြဒါးချိန်များ၊ လျှပ်စစ်ဓာတ်အားကို တိုင်းသည့် နာရီများ၊ မီးခေါင်းများ၊ ဓာတ်မီးခလုတ်များဖြင့် ပြည့်နှက်လျက်ရှိလေသည်။ သူငယ်ချင်းနှစ်ယောက်တို့သည် အခန်းကြီးနှင့်တကွ ထူးဆန်းသော စက်ကိရိယာများကို ကြည့်ကာ ငေးမော အံ့ဩလျက် ရှိနေကြကုန်၏။

ထိုဓာတ်ပုံ ကင်မရာကြီးနှင့် တူသော အရာဝတ္ထု၏ နောက်ပိုင်းတွင် သံမဏိဖြင့် ပြုလုပ်ထားဟန် တူသော အခန်းငယ်တစ်ခုရှိရာ ထိုအခန်းကလေး အတွင်း၌မူ ရောင်စုံဓာတ်မီးလုံးများ၊ ကားမှန်ချောင်းများ၊ ကြေးပိုက်ကလေး များဖြင့် ပြည့်လျက်ရှိနေ၏။

http://www.cherrythitsar.org



ဆရာကြီးသည် စက်ကိရိယာများနှင့် အနီးဆုံးကပ်လျက်ရှိသော မော်တော်ကားလက်ကိုင်နှင့် တူသည့် (စတီယာရင်) ဘီးပုံသဏ္ဍာန်ရှိသည့် ဘီးကို ညွှန်ပြလျက် –

"ဒီစက်ကိရိယာတွေ အားလုံးမှာ ဒီဘီးဟာ အချုပ်ပဲ မောင်သန်းညွှန့်၊ မှန်ခေါင်းထဲကို ကျုပ်ဝင်နေပြီး အသင့်ရှိနေတဲ့အခါ ဒီဘီးကို တစ်ပတ်တိတိ ဟောဒီ အထစ်ကလေးရောက်အောင် လှည့်ရမယ်။ ဒီအခါ နံရံရဲ့ ဟိုဘက်မှာရှိတဲ့ မော်တာဟာ နိုးလာပြီး ဟောဒီမှန်ဘီလူးရဲ့ ပြောင်းဝက ခရမ်းရင့်ရောင် ရောင်ခြည်တွေထွက်လာလိမ့်မယ်။ ဒီဓာတ်မီးရောင်ဟာ ကျုပ်တစ်ကိုယ်လုံးပေါ်ကို ကျရောက်ပြီးနေတဲ့အခါ မောင်သန်းညွှန့်တို့က ဘာမှမလုပ်ဘဲ ငြိမ်ငြိမ်သက်သက် စောင့်ကြည့်နေရုံပဲ၊ ၁၂ နာရီတိတိမှာ ကျုပ်တို့အလုပ်စမယ်။ နှစ်နာရီတိတိကြာတဲ့အခါမှာ ဟောဒီ ဓာတ်မီးခလုတ်ဖွင့်ပြီး (ဤနေရာတွင် ဆရာကြီးက လက်ကိုင်ဘီးဝိုင်းကြီးနောက်မှ ခလုတ်တစ်ခုကို ညွှန်ပြသည်) ဒီဘီးကြီးကို ဒုတိယအကြိမ် တစ်ပတ်တိတိ ထပ်လှည့်ရမယ်။ ဒီအခါ မီးရောင်ဟာ အစိမ်းရောင် ပြောင်းသွားပြီး၊ သုံးနာရီလုံးလုံး ကျုပ်ကိုယ်ပေါ်မှာ အစိမ်းရောင် ကျနေစေရမယ်။ အချိန်ကို ပြောရမယ်ဆိုရင် နံနက် ၂ နာရီကနေပြီး ၅ နာရီထိုးအထိ ဆိုပါတော့။ ဒီအတောအတွင်း ကျုပ်ကိုယ်ပေါ်မှာ အပြောင်းအလဲတွေ အမျိုးမျိုးဖြစ်လာလိမ့်မယ်။ အသားရောင် ပြောင်းချင်ပြောင်းသွားမယ်။ ဖုချင်ဖု၊ ပိန်ချင်ပိန်၊ ခွက်ချင်ခွက် အမျိုးမျိုး ဖြစ်နိုင်တာပေါ့လေ။ နို့ပေမဲ့ မောင်သန်းညွှန့်တို့ ဘာမှမကြောက်နဲ့ ဆရာကြီးဟာ ဘာမှ မဖြစ်နိုင်ဘူး အေးအေးဆေးဆေး စောင့်ကြည့်နေကြရုံပဲ၊ ဆရာကြီး ပြောတာ မှတ်မိပြီလား"

(ညွှန့်) "မှတ်မိပါပြီ ဆရာကြီး"

(ကြီး) "မောင်ထွန်းတင်ကတော့ မောင်သန်းညွှန့်ကို ကူညီဖို့ အသင့်စောင့်နေဖို့ပေါ့ကွယ်"

(တင်) "ဟုတ်ကဲ့ ကျွန်တော် ကူညီဖို့ အသင့်ပါပဲ ဆရာကြီး"

(ကြီး) "နံနက် ၅ နာရီတိတိရောက်တဲ့အခါ ဒီဘီးကိုပဲ နောက်ကို ပြန်ပြီး နှစ်ပတ်လှည့်ပေတော့၊ ဒီအခါမှာ စက်သံဟာ တဖြည်းဖြည်း ရပ်သွားပြီး၊ အစိမ်းရောင် ရောင်ခြည်ဟာလည်း တဖြည်းဖြည်း ဖျော့သွားလိမ့်မယ်။ နောက်ဆုံး ရိုးရိုးဓာတ်မီးရောင်အထိ ရောက်လာတဲ့အခါ ဆရာကြီးကို မောင်တို့နှစ်ယောက်က အသာပွေ့ပြီး ကြမ်းပြင်ပေါ်ချပေတော့၊ ကြမ်းပြင်ပေါ်မှ အိပ်ရာတစ်ခုပြင်ထားမယ်။ အဲဒီအိပ်ရာပေါ်ချထားပြီး ၁၅ မိနစ်လောက် စောင့်ကြည့်နေတဲ့အခါ၊ ဆရာကြီးဟာ ရုပ်တစ်မျိုးပြောင်းပြီး လူကောင်းပကတိ ပြန်ဖြစ်လာမယ်။ ဆရာကြီးကို ဆောင်ရွက်ပေးစေချင်တဲ့ကိစ္စဟာ ဒါပဲ၊ ဆရာကြီးဟာ

http://www.cherrythitsar.org



ဒီစမ်းသပ်မှုကို လုပ်ဖို့ ဂျာမနီမှာ လူနှစ်ယောက်သုံးယောက် ရှာခဲ့ဖူးတယ်။ တချို့က သစ္စာကတိတော့ ရှိပါရဲ့၊ ဒါပေမဲ့ သူရသတ္တိက နည်းတယ်။ တချို့လည်း သတ္တိကောင်းပါရဲ့ သိပ်ပြီး မယုံကြည်ရဘူး။ ပြီးတော့ တစ်ခုရှိတာက ဒီအလုပ်ကို တစ်ယောက်တည်း မဆောင်ရွက်စေဘဲ နှစ်ယောက် စောင့်ပြီးလုပ်မှ အထမြောက်လိမ့်မယ်လို့ ဆရာထင်တယ်။ ဒါနဲ့ အခု စကော့တလန်ပြည်ကို ရောက်လာတဲ့အခါကျတော့လည်း ဒီကလူတွေနဲ့ စမ်းသပ်ကြည့်မယ်လို့ တစ်ခါ ကြံပြန်တယ်။ ဒါပေမဲ့ သူတို့နဲ့ ကျုပ်တို့ဟာ ပေါင်းသာနေရ လူမျိုးတစ်မျိုးနဲ့ တစ်မျိုး အခဲမကျေတဲ့အကြောင်း စဉ်းစားမိပြန်တော့ ဘယ်နည်းနဲ့မှ ဒီအကောင်တွေကို ကျုပ်မယုံနိုင်ဘူး။ ဘယ်လောက်ပဲ ငွေပေးငွေပေး တစ်နေ့နေ့တော့ ဒီအကောင်တွေဟာ ကျုပ်ရဲ့ လျှို့ဝှက်ချက်ကိုဖော်မှာ မုချပဲ၊ ဒါနဲ့ တစ်နေ့တစ်နေ့နဲ့ စောင့်နေလိုက်တာ အခုအချိန်သာထိရော၊ ဂျာမနီမှာတုန်းက ဒီအကြောင်း မောင်သန်းညွန့်တို့ကို ဖွင့်ပြောမယ်လို့ ကျုပ်တစ်ခါ ကြံခဲ့မိသေးတယ်။ နို့ပေမဲ့ မောင်တို့နှစ်ယောက်ကို အကဲခတ် နေရတာနဲ့ မပြောဖြစ်ဘဲ အချိန်ကုန်ခဲ့ရတာပဲ။ ပြီးတော့ တစ်ချက်ကလည်း ဟိုမှာတုန်းက ကျုပ်လိုချင်တဲ့ ရောင်ခြည်အင်အားကို မရခဲ့သေးဘူး။ အခုတော့ မောင်တို့နှစ်ယောက်ရဲ့ အပြောအဆို၊ အမူအရာ၊ အကျင့်စာရိတ္တ၊ စိတ်နေသဘောထားကို ဆရာကြီး အားလုံးသိပြီ၊ ကျုပ်အပေါ် သစ္စာရှိမယ့် လူနှစ်ယောက်ဆိုတာ ကောင်းကောင်းယုံကြည်ပြီ။ ကဲ ... ဒီတော့ အခုပြောတဲ့အတိုင်း လိုက်နာဆောင်ရွက်ဖို့ မောင်တို့နှစ်ယောက်က သဘောတူကြပြီ မဟုတ်လား"

မောင်သန်းညွန့်သည် မောင်ထွန်းတင်၏ မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ မောင်ထွန်းတင်ကလည်း သဘောမတူသည့် အမူအရာကို မပြသဖြင့် "ဟုတ်ကဲ့ ကျွန်တော်တို့ သဘောတူပါပြီ ဆရာကြီး" ဟု မောင်သန်းညွန့်က ပြန်ပြောလိုက်လေသည်။

ဆရာကြီးသည် အခန်းကြီး၏ နံဘေးဘက် အပေါက်တစ်ခုအတွင်းသို့ ပြင်ဆင်ရန် ဝင်သွားလေရာ မောင်သန်းညွန့်က မောင်ထွန်းတင်အနီးသို့ ကပ်၍ –

"ဘယ့်နှယ်ဗျို့ ကိုထွန်းတင်၊ ခင်ဗျား ဘယ်လိုသဘောရသလဲ"

"ကျုပ်တော့ တယ်မယုံပါဘူးဗျာ၊ သူပြောတဲ့အတိုင်း ဖြစ်နိုင်မယ်လည်း မထင်ပါဘူး။ ဒါ့ထက် ခင်ဗျာ့လူကြီး စိတ်မှကောင်းပါလေစဗျာ"

"အင်း အစအဆုံး ကြည့်သေးတာပေါ့လေ။ နို့ပေမဲ့ တစ်ခုရှိတယ်ဗျ၊ ကျုပ်တို့မြန်မာမှာ သိဒ္ဓိပေါက်ပြီးသွားတဲ့လူများဟာ ဖိုလ်ဝင်တယ် ဆိုတာ ခင်ဗျား ကြားဖူးတယ် မဟုတ်လား"

"ကြားဖူးပါတယ်"

"ဒါနဲ့ ခပ်ဆင်ဆင် မတူဘူးလားဗျ"

"တူတော့ အတူသားပဲဗျို့"

"ကျုပ်ဖြင့် မဟုတ်ခါမှ လွဲရော ဒီနည်းမျိုး ထင်တာပဲ ကိုထွန်းတင်၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်တို့မြန်မာနိုင်ငံမှာ ထွက်ရပ်ပေါက်တဲ့ လူတွေဟာ ရွှေဖြစ်တယ်ဆို မဟုတ်လားဗျ၊ သူတို့နိုင်ငံမှာတော့ လောက ဓာတ်ပညာတွေက တစ်နေ့တခြား ထွန်းကားလာလို့ ရွှေကိုတောင် လောကဓာတ် ပညာနည်းနဲ့ လုပ်နိုင်သတဲ့ဗျ၊ ဒီတော့ ထွက်ရပ်လမ်းကိုလည်း လောကဓာတ်ပညာနဲ့ လုပ်ချင်လုပ်ယူနိုင်မှာပေါ့။ မယုံလည်း မရှိနဲ့၊ ဟော ... ဆရာကြီးလာပြီ"

ထိုခဏ၌ ပရော်ဖက်ဆာ ဆရာကြီးသည် ကြက်ပေါင်စေးဖြင့် ပြုလုပ်ထားသော ဘောင်းဘီဖင်ကျပ်ကလေးကို အရှက်အကြောက် လုံရုံမျှ ဝတ်ဆင်လျက် မောင်သန်းညွန့်တို့ ရှိရာသို့ ရောက်လာလေ၏။ ထို့နောက် အခန်းထောင့်ရှိ စားပွဲအံဆွဲတစ်ခုထဲမှ ပုလင်းကလေးတစ်လုံးကို ထုတ်ယူပြီးလျှင် အတွင်းမှ အစိမ်းရောင် ဆေးရည်များကို တစ်ခါတည်း မော့ချလိုက်၏။

(ကြီး) "ကိုင်း မောင်သန်းညွန့်နဲ့ မောင်ထွန်းတင်တို့၊ ကျုပ်တော့ အသင့်ရှိပြီ၊ ကျုပ်ပြောတဲ့ အညွှန်းကို ကောင်းကောင်းမှတ်မိကြပြီနော်"

(ညွန့်) "မှတ်မိပါပြီ ဆရာကြီး"

ဆရာကြီးသည် စိတ်မချသေးသည့်ဟန်ဖြင့် ဘီးကို မည်ကဲ့သို့ လှည့်ရသည်၊ မည်သည့်အချိန်တွင် ရပ်ရမည်၊ မည်သည့်အချိန်တွင် ပြန်၍လှည့်ရမည်၊ မည်သည့်အချိန်တွင် တစ်ခါတည်းရပ်၍ အောက်သို့ မည်သို့ချပေးရမည် စသည်တို့ကို တစ်ဖန်ထပ်၍ ပြောကြားပြီးနောက်

"ကဲ အခုလောက်ဆိုရင် မှတ်မိရောပေါ့။ အခုအလုပ်က ကျုပ်အသက်ကို မောင်တို့ လက်ထဲအပ်ထားရတာပဲ"

(ညွန့်) "မှန်ပါတယ် ဆရာကြီး၊ ဆရာကြီး ပြောတဲ့အတိုင်း တစ်သဝေမတိမ်း ကျွန်တော်တို့ လိုက်နာဆောင်ရွက်ပါ့မယ်"

ဆရာကြီးသည် ထိုစားပွဲအံဆွဲထဲမှပင် အခြားပုလင်းတစ်လုံးကို ထုတ်ယူ၍ သူ၏ကိုယ်တစ်ကိုယ်လုံးကို ဘယ်စလင်တစ်မျိုးဖြင့် လိမ်းကျံကာ မှန်ခေါင်းထဲသို့ ဝင်ပြီးနောက် ခြေနှင့် လက်များကို ကြိုးများဖြင့် အလိုက်သင့် တုပ်စေ၏။ ထို့နောက် ဦးခေါင်းစွပ်ကြီးအတွင်းသို့ ဆရာကြီး၏ ဦးခေါင်းကို အသာအယာ ချပေးပြီးလျှင် ဆရာကြီး ညွှန်ကြားသည့်အတိုင်း လည်ပင်းဘက်မှ ခလုတ်ကို အသင့်ဖွင့်၍ထားလိုက်၏။

(ကြီး) "အချိန် ဘယ်လောက်ရှိပြီလဲ မောင်သန်းညွန့်'

http://www.cherrythitsar.org



"၁၂ နာရီထိုးဖို့ သုံးမိနစ်ပဲ လိုတော့တယ် ဆရာကြီး"

"အင်း အချိန်ကပ်နေပြီ"

"အားလုံး တိတိကျကျ ရှိကြစေနော်"

"ကောင်းပါပြီ ဆရာကြီး စိတ်ချပါ"

ထို့နောက် ဆရာကြီးသည် မျက်လုံးများကို အပေါ်သို့လှန်ကာ –

"အို … ဘုရားသခင် ကျွန်ုပ်သည် နှစ်ပေါင်း ၄၀ တိုင်တိုင် ရှာဖွေစုံစမ်းခဲ့ရာ နောက်ဆုံး ရရှိသောနည်းဖြင့် အခြားသူများကို မစမ်းသပ်မီ ကျွန်ုပ်၏ကိုယ်ကို စမ်းသပ်ပါအံ့၊ အရှင်သည် ကျွန်ုပ်၏အောင်မြင်ရာ အောင်မြင်ကြောင်းလမ်းကောင်းကို လျစ်လျူရှု၍မနေပါနှင့် ကူညီတော်မူပါ၊ ဤနည်းအထမြောက်သောအခါ ကျွန်ုပ်သည် ငွေကိုလည်း ပဓာနမထား၊ ရွှေကိုလည်း ပဓာနမထားဘဲ လူသတ္တဝါတို့၏ အသက်ရှည်ရာရှည်ကြောင်းကို အားထုတ်ပါအံ့၊ ကျွန်ုပ်၏တပည့်များလည်း သစ္စာကတိတည်၍ ဆောင်ရွက်နိုင်ရန် ဆုတောင်းပါ၏။ ဘုရားသခင် ကူညီတော်မူပါ။ အားမင်း . . ကိုင်း … ကျွန်ုပ် အသင့်ရှိပြီ မောင်သန်းညွန့် လည်ပင်းက ခလုတ်ကို ပိတ်ပြီး စက်ကို လှည့်ပေတော့"

၁၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် မောင်သန်းညွန့် ဦးခေါင်းစွပ်ခလုတ်ကို ပိတ်လိုက်ပြီးနောက် စက်၏နံဘေးရှိ ဘီးကို ဆရာကြီး ပြသထားသည့်အထစ်သို့ ရောက်အောင် တစ်ပတ်တိတိ လှည့်လိုက်လေ၏။ ထိုအခါ အလွန်ဆိတ်ငြိမ်လျက်ရှိသော အခန်းကြီး၏ နောက်ဘက်မှ တဝီဝီမြည်သော စက်သံများ ထွက်လာပြီးလျှင် မှန်ဘီလူး၏ ရှေ့တည့် တည့်သို့ အလွန်ဖြူသော ဓာတ်မီးရောင်တန်းကြီး ထွက်ပေါ်လာလေ၏။ ထိုအရောင်မှာ မျက်လုံးများကျိန်းစပ်လာအောင် ထိန်လင်းလျက် ရှိသဖြင့် အခန်းတွင်းရှိ အခြားဓာတ်မီးလုံးများမှာ ပိုးစုန်းကြူးတောက်သကဲ့သို့သာ ရှိနေတော့၏။ ထိုအလင်းရောင်တန်းကြီးသည် ဆရာကြီး၏ကိုယ်ကို ထည့်ထားသော မှန်ခေါင်း၏အတွင်းသို့ ခြေရင်းဘက်မှနေ၍ ထိုးဝင်လျက်ရှိရာ ၅ မိနစ်ခန့်အကြာတွင် နှင်းပွင့်ကဲ့သို့ ဖြူဆွတ်လျက်ရှိသော ဓာတ်မီးရောင်သည် ခရမ်းရောင်အဖြစ်သို့ တဖြည်းဖြည်းပြောင်းလာလေ ၏။ တစ်ခန်းလုံးမှာလည်း မီးရောင်၏အရှိန်ဖြင့် အတော်ပင်ပူလာရာ ပြဒါးချိန်မှာ ၆၀ မှ ၆၃– ၆၅ အထိသို့ပင် အပူချိန်တိုး၍ လာတော့၏။

၁၅ မိနစ်ခန့်ကြာလတ်သော် ကင်မရာအိမ်ကြီးနှင့်တူသော အရာဝတ္ထုနောက်ပိုင်းရှိ သံမဏိခန်းငယ်အတွင်းမှ ကာဘွန်ချောင်းများမှာ တဖြည်းဖြည်းမီးစွဲလာပြီဖြစ်၍ ၎င်းတို့မှ တရှီးရှီးအသံများ ထွက်ပေါ်လျက်ရှိလေ၏။ ထိုအခန်းတွင် ယခင်ကထက် ပူ၍လာပြီးလျှင် ပြဒါးချိန်သည် ၇၀ အထိ တက်၍လာတော့၏။

http://www.cherrythitsar.org



သူငယ်ချင်းနှစ်ယောက်တို့သည် အင်အားကြီးမားလှသော ခရမ်းရင့်ရောင် ရောင်ခြည်ကို စောင့်ကြည့်လျက်ရှိလေရာ၊ စက်သံနှင့် ကာဘွန်ချောင်းများကို မီးစားသောအသံတို့သည်လည်း မှန်မှန်ကြီး မြည်လျက်ရှိကုန်၏။ ဆရာကြီး၏ ကိုယ်မှာ လူသေကဲ့သို့ မလှုပ်မယှက် ငြိမ်သက်လျက် ရှိလေသည်။

စက်သည် မှန်မှန်လည်လျက် တစ်နာရီခန့်မျှကြာသောအခါ ဆရာကြီး၏ကိုယ်မှ အသားရောင်မှာ ခရမ်းရင့်ရောင် ဓာတ်မီးထိုးထားသဖြင့် ထိုအရောင်ကဲ့သို့ပင် ရှိနေရာမှ တဖြည်းဖြည်း ဖြူ၍လာသည်ကို တွေ့မြင်ကြရ၏။ ၂ နာရီထိုးရန် ၁၀ မိနစ်မျှသာလိုသောအချိန်သို့ ရောက်သောအခါ အသားမှာ ခရမ်းရောင် ဓာတ်မီးအောက်၌ပင် ဖွေးဖွေးဖြူလျက် ရှိနေတော့၏။

နံနက် ၂ နာရီထိုးသည်နှင့် တစ်ပြိုင်နက် မောင်သန်းညွန့်သည် ဆရာကြီး ညွှန်ပြသော ဓာတ်မီးခလုတ်ကို ဖွင့်လိုက်ပြီးလျှင် လက်ကိုင်ဘီးကြီးကို ဒုတိယအကြိမ် တစ်ပတ်တိတိ ထပ်၍လှည့်လိုက်ပြန်၏။ ထိုအခါ မီးရောင်သည် ခရမ်းရင့်ရောင်မှ အစိမ်းရောင်သို့ တဖြည်းဖြည်း ပြောင်းသွားလေရာ၊ သံမဏိခန်းအတွင်းမှ ကာဘွန်ချောင်းများကို မီးလောင်နေသည့် အသံများသည် ယခင်ကထက် မြည်၍လာတော့၏။ ဆရာကြီး၏ ကိုယ်ပေါ်မှ အသားများသည်လည်း ဆွတ်ဆွတ်ဖြူလျက် ရှိရာမှ အစိမ်းရင့်ရောင်က ဖုံးလွှမ်းသွားသဖြင့် စိမ်းလဲ့လဲ့ ဖြစ်၍လာပြန်၏။ ဆရာကြီး၏ ကိုယ်ပေါ်သို့ အစိမ်းရင့်ရောင် ရောင်ခြည်များ ထိုးလျက်ရှိသည့်အချိန်မှစ၍ တစ်ခန်းလုံးမှာ တဖြည်းဖြည်း အေး၍လာရာ၊ ပြဒါး ချိန်သည်ပင် ၈၅ ဒီဂရီအထိ တက်နေရာမှ ၆၅ ဒီဂရီအထိ တဖြည်းဖြည်း ဆင်းသက်သွားတော့၏။

၄ နာရီ ထိုးသောအခါ ဆရာကြီး၏ကိုယ်ပေါ်တွင် ချက်ချင်း ပြောင်းလဲ၍လာသော အပြောင်းအလဲများကို တွေ့မြင်ကြရ၏။ လက်မောင်းများမှာ ခပ်တုတ်တုတ် ဖြစ်၍လာပြီးလျှင် ဖူးရောင်သကဲ့သို့ ဖြစ်လာ၏။ ဝမ်းဗိုက်သည် တဖြည်းဖြည်း ကြီး၍ လာသကဲ့သို့ မှတ်ထင်ရ၏။ ဒူးဆစ်၊ တံတောင်ဆစ်၊ လက်ဆစ်နှင့် ခြေမျက်စေ့များပေါ်တွင် သပြေသီးမှည့်ကြီးများကဲ့သို့ နီညိုသော အကွက်ကြီးများဖြစ်ကာ ဖူးရောင်၍လာသည်ကို တွေ့မြင်ကြရ၏။

(တင်) "အလိုလေး ဘယ်လိုများ ဖြစ်လာပါလိမ့်မလဲဗျာ ကိုသန်းညွန့်"

(ညွန့်) "ကြောက်စရာမရှိပါဘူးဗျာ၊ ဆရာကြီးကလည်း အပြောင်းအလဲတွေ ဖြစ်လိမ့်မယ်လို့ မှာခဲ့သားပဲ"

http://www.cherrythitsar.org



ထိုအချိန်၌ အခန်းထဲတွင် ယခင်ကထက် အေး၍လာရာ ပြဒါးချိန်များ ၅ ဒီဂရီခန့် ကျဆင်းသွားပြန်၏။ မောင်ထွန်းတင်သည် အခန်းထဲတွင် အလွန်ပူအိုက်သော အချိန်က ၎င်း၏ကုတ်အင်္ကျီကို စက်၏နောက်ဘက်ရှိ ပျဉ်ချပ်ကြီးပေါ်မှ မီးခလုတ်တစ်ခုပေါ်တွင် ချိတ်၍ထားခဲ့ရာ အတော်အေးလာသဖြင့် ကုလားထိုင်ပေါ်တွင် ထိုင်လျက်ရှိရာမှ ထိုကုတ်အင်္ကျီကို လှမ်း၍ဆွဲယူလိုက် ၏။ ထိုအခါ ကုတ်အင်္ကျီတွင် အလွယ်တကူ ချိတ်ရန် တပ်ထားသော အဝတ်ကြိုးလေးသည် ဓာတ်မီးလုံးခလုတ်နှင့် ငြိသွားသဖြင့် ခလုတ်ကျသွားပြီးနောက် ၎င်း၏ အပေါ်တည့်တည့် မျက်နှာကျက်ပေါ်မှ အနီရောင် ဓာတ်မီးလုံးတစ်လုံး ပွင့်သွားလေသည်။

ဤသို့ ပွင့်သွားသည်နှင့် တစ်ပြိုင်နက် နောက်ဘက်မှ စက်သံသည် ယခင်ကထက် မြည်ဟည်း၍ လာလေရာ ဆရာကြီး၏ ကိုယ်ပေါ်သို့ ထိုးကျလျက်ရှိသော ခရမ်းရင့်ရောင် ရောင်ခြည်သည်လည်း တဖြည်းဖြည်း မှိန်၍လာရာမှ တစ်စတစ်စ နီ၍လာသည်ကို တွေ့ရ၏။ အခန်းတစ်ခုလုံးမှာလည်း အတော်ပင် အေးလျက်ရှိရာမှ ပူနွေး၍လာတော့၏။ ဓာတ်မီးရောင်သည် ပန်းနုရောင်ကဲ့သို့ ခပ်ဖျော့ဖျော့ ရှိရာမှ တဖြည်းဖြည်း ရင့်၍လာပြီးလျှင် နောက်ဆုံး ကြက်သွေးရောင်ကဲ့သို့ ရဲရဲနီလျက် ရှိလေတော့၏။ ထိုအခါ အခန်းထဲတွင် အတော်ပင် ပူ၍လာလေရာ ပြဒါးချိန်မှာ ၉၀ ဒီဂရီအထိ တက်သွားသည်ကို တွေ့မြင်ကြရ၏။

အခြေအနေမှာ သိသိသာသာကြီး ပြောင်းလဲသွားသဖြင့် မောင်သန်းညွန့်မှာ မောင်ထွန်းတင်တို့မှာ မည်သည့်အရာကို ကိုင်တွယ်ရမည်မသိ ပျာလောင်ခတ်လျက်ရှိကြကုန်၏။

(ညွန့်) "ဘယ်လိုများ ဖြစ်သွားသလဲ မသိဘူးဗျို့၊ ဟို ဓာတ်မီးလုံးကလေး ပွင့်သွားလို့ ဖြစ်တာနဲ့တူတယ်"

(တင်) "ဟုတ်ပါရဲ့ဗျာ၊ ဒါ ကျွန်တော့် အပြစ်ပါပဲ"

"မတော်တဆ ဖြစ်တာပဲဗျာ၊ ဘယ်တတ်နိုင်ပါ့မလဲ"

"ကဲ ဒီတော့ ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ"

"ဘယ်လိုမှ မလုပ်တတ်ဘူး၊ စောင့်ကြည့်နေဖို့ပဲ လိုတယ်"

"ပူလာလိုက်တာလဲဗျာ၊ မပြောနဲ့တော့ . . ၉၀ ဒီဂရီတောင် ရောက်သွားပြီ"

ထိုအချိန်၌ စက်သံများသည် ယခင်ကထက် ပိုမိုညံ၍လာပြီးလျှင် ဓာတ်မီးရောင်ခြည်သည်လည်း မကြည့်နိုင်အောင်ပင် ရဲရဲနီလျက် ရှိနေလေ၏။ ထိုစဉ် "ဆရာကြီးကို ကြည့်လိုက်စမ်းဗျို့" ဟု မောင်ထွန်းတင်က အလန့်

http://www.cherrythitsar.org



တကြား ဟစ်အော်လိုက်၏။ ဆရာကြီး၏ ဖြူဖွေးနုနယ်သော အသားများမှာ ကြည့်ရင်းပင် ဖြည်းဖြည်းညို၍လာပြီးနောက် နှစ်မိနစ်အတွင်း၌ပင် ဆရာကြီး၏ တစ်ကိုယ်လုံးသည် မီးသွေးတုံးကဲ့သို့ မည်းလာသည်ကို တွေ့မြင်ကြရ၏။

ပြဒါးချိန်မှာ ၁၀၁ ဒီဂရီသို့ပင် ရောက်ရှိနေချေ၏။ ထိုခဏ၌ မှန်ခေါင်းအတွင်းမှ မီးခိုးလုံးများကဲ့သို့ အငွေ့တစ်ချောင်းချောင်း ထွက်လာပြီးလျှင် ဆရာကြီး၏ မည်းနက်သောကိုယ်ကို မီးစွဲလေတော့၏။ ခါးမှစ၍ စွဲသော မီးတောက်သည် တစ်ကိုယ်လုံးသို့ ရုတ်ချည်း ပျံ့နှံ့သွားပြီးနောက် မှန်ခေါင်းသည်လည်း များစွာသော အသံကြီးဖြင့် ပွင့်ထွက်သွားလေတော့၏။

(ညွှန့်) "တစ်ခါဖြင့် ကိုယ်ကျိုးနည်းပြီဗျို့ ကိုထွန်းတင်"

(တင်) "ကျုပ်အပြစ်ပါဗျာ၊ ဒီလိုဖြစ်ဖို့ကို သက်သက်ဖန်တီးလာတာပါ။ ခင်ဗျားက တမင်တကာမှ လုပ်တာမဟုတ်ဘဲ"

ထိုအချိန်၌ ဖန်ပြွန်လုံးကွဲသံများကို ထပ်မံကြားရပြီးလျှင် စက်သံမှာ ယခင်ကထက် နှစ်ဆ သုံးဆမျှ ပိုမိုပြင်းထန်လာလျက်၊ ကာဘွန်ချောင်းများမှ တရှူးရှူးထွက်သော အသံများသည်လည်း အခန်းကြီးတစ်ခုလုံး လွင့်ထွက်သွားလုမတတ် ဆူညံလျက်ရှိ၏။

မီးသွေးတုပ်ကဲ့သို့ မည်းလျက်ရှိသော ဆရာကြီး၏ကိုယ်ကြီးမှာ မီးဟုန်းဟုန်းတောက်လာပြီးနောက် တစ်မိနစ်ခန့်ကြာသောအခါ မောင်ထွန်းတင်သည် မောင်သန်းညွှန့်ကို တအားဖက်ကာ "အမယ်လေး အရိုးစုချည်း ကျန်ပါတော့ကလားဗျို့" ဟု ဆိုကာ အပေါက်ရှိရာသို့ လှည့်၍ ပြေးလေရာ မောင်သန်းညွှန့်လည်း နောက်မှ ပြေး၍လိုက်ရလေ၏။

အတွင်းဘက်မှ မင်းတုံးချ၍ ပိတ်ထားခဲ့သော တံခါးဆီသို့ ရောက်လာပြီးလျှင် သူငယ်ချင်းနှစ်ယောက်တို့သည် အပြင်သို့ထွက်ခဲ့ရာ အပေါက်ဝတွင် ကပ္ပလီ တံခါးစောင့်ကို တွေ့ရသည်နှင့် အကျိုးအကြောင်း ပြောပြမည်လုပ်စဉ် ကပ္ပလီသည် မောင်သန်းညွှန့်တို့ ပြောသည်ကိုမျှ ဆုံးအောင် နားမထောင်ဘဲ မြေတိုက်အတွင်းသို့ ဆင်းပြေးလေရာ၊ ထိုအချိန်ကား မြေတိုက်အတွင်း မီးခိုးလုံးကြီးများပင် အပြင်သို့ထွက်စပြုလျက် ရှိနေလေပြီ။

"လာဗျို့ ကိုသန်းညွှန့် မဖြစ်ဘူး ပြေးကြမယ်" ဟု ဆိုကာ မောင်သန်းညွှန့်နှင့် မောင်ထွန်းတင်တို့သည် ခြေဦးတည့်ရာသို့ ပြေးခဲ့ကြရာ အဝေးမှ လမ်းစောင့်ပုလိပ်တစ်ယောက် လမ်းလျှောက်လာသည်ကို မြင်ရသောအခါမှ ကိုယ်ရှိန်သတ်ကာ အပြေးရပ်ကြပြီးလျှင် မီးရထားဘူတာရုံရှိရာအရပ်သို့ လမ်းညွှန်ရန် မေးမြန်းကြလေ၏။

http://www.cherrythitsar.org



ပုလိပ်သားသည် မောင်သန်းညွန့်နှင့် မောင်ထွန်းတင်တို့အား မသင်္ကာသော မျက်လုံးများဖြင့် ကြည့်ပြီးနောက်၊ ဘူတာရုံသို့ သွားရန် အငှား မော်တော်ကားများ ရမည့်နေရာကို ညွှန်ပြလိုက်သဖြင့် နောက်ဆုံး၌ အငှားမော် တော်ကားတစ်စီးဖြင့် ဘူတာရုံရှိရာသို့ ထွက်ခဲ့ရာ လမ်း၌ မီးသတ်စက်များ မောင်းနှင်သွားသည်ကို တွေ့လိုက်ရသဖြင့် မည်သည့်နေရာသို့ သွားသည်ကို ရိပ်စားလိုက်မိကြ၏။

ဘူတာရုံသို့ ဆိုက်ရောက်သောအခါ ၆ နာရီထွက်မည့် ရထားသည် ထွက်လုနီးနီး ရှိနေပြီဖြစ်၍ သူငယ်ချင်း နှစ်ယောက်တို့လည်း ဒုတိယတန်း လက်မှတ်များကို ကပျာကယာ ဝယ်ယူလိုက်ပြီးလျှင် လန်ဒန်မြို့သို့ လိုက်ပါ သွားကြလေ၏။

နောက်တစ်နေ့ ညနေ၌ လန်ဒန်မြို့ရှိ 'ဝက်စ်အင်း' ခေါ် အရပ် ပျော်ပွဲ စားရုံ တစ်ရုံ၌ မောင်သန်းညွန့်နှင့်မောင်ထွန်းတင်တို့သည် ညနေခင်း လက်ဖက် ရည်ကို သောက်နေလျက်ရှိကြစဉ် မိမိတို့နှင့် ကျောချင်း ကပ်နေသော စားပွဲမှ လူနှစ်ယောက်တို့ စကားပြောသံကို ကြားရသဖြင့် နှစ်ယောက်သား နားစွင့် လျက်ရှိကြလေ၏။

(အသံတစ်သံ) "အိုင်ဆေး ... မစ္စတာ ဂျူး၊ ဂျာမန် ပရော်ဖက်ဆာ ကြီး 'ဗွန်ဘရူးဝါး' သေရှာပြီကောဗျ"

(အခြားအသံ) "ဖီဆီဩလော်ဂျစ်ကြီး ဟာလား"

(ပထမအသံ) "ဟုတ်တယ်"

(ဒုတိယအသံ) "ဘာဖြစ်လို့တဲ့လဲဗျ"

(ပထမအသံ) "အီဒင်ဘားရားကို ပြောင်းနေတာ မကြာသေးဘူး လေ၊ အခုသူ့အိမ်ကို မီးလောင်ရာမှာ သူပါ ပါသွားသတဲ့၊ ဒီမှာ ကြည့်ပါလား၊ အီးဗင်းနင်း နယူးစ်ထဲမှာ ပါလာတယ်"

(ဒုတိယအသံ) "အကြံကြီးတဲ့လူတွေဟာ တစ်နေ့နေ့တော့ သေချင်း ဆိုးနဲ့ သေရတတ်တာပေါ့ မိတ်ဆွေ၊ သူတို့လည်း အဆုံးမှာတော့ အရူးကြီး တစ်မျိုးတွေပဲ"

မောင်ထွန်းတင် အနည်းငယ် မျက်နှာပျက်သွားသည်ကို မြင်ရသဖြင့် မောင်သန်းညွန့်က မျက်နှာထားနှင့် မျက်စိတစ်ဖက်ကို မှိတ်၍ ပြလိုက်လေ သတည်း။

❖

# ၁၂နာရီ

မိန်းမကြီးသည် ဆိုဖာနောက်မှီကို ကျောဖြင့် ကပ်ကာ မျက်နှာကို အနည်းငယ် မော့လိုက်၏။ ထို့နောက် သက်ပြင်းတစ်ချက်ချ၍ ညည်းလိုက်လေသည်။ အခန်းတွင်း၌ကား တိုင်ကပ်နာရီ မောင်းကြီး၏အချိန်မှန် ချိန်သီး လှုပ်ရှားသံမှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်ရှိရာ အပြင်၌လည်း တဖွဲဖွဲကျလျက်ရှိသော မိုးပေါက်များသည် မှန်ပြတင်းများကို ရိုက်ခတ်လျက် ရှိလေသည်။

မိန်းမကြီးသည် တစ်ချက် ညည်းလိုက်ပြန်၏။ ထို့နောက် ကြံ့လှီသောလက်များဖြင့် ဆိုဖာလက်ရမ်းများကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်လေသည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်မြင့်ကား အသက် ၅၂ နှစ်မျှ ရှိခဲ့လေပြီ။ လွန်ခဲ့သော သုံးလခန့်ကမူ မပိန်လွန်း မဝလွန်းသော ကိုယ်လုံးကိုယ်ပေါက်ရှိ၍ ဝါဝင်းသော အသားများသည် နုပျိုလတ်ဆတ်ခဲ့၏။ အရွယ်ကြီးရင့်ခြင်းသည် ဒေါ်ခင်မြင့်မြင့်၏ ရုပ်အဆင်းကို မတိုက်ခိုက်နိုင်သကဲ့သို့ ရှိပြီးလျှင် ၄၀ ကျော် ၄၅ နှစ်မျှသာရှိသေးသည်ဟု ခန့်မှန်းရ၏။

ဒေါ်ခင်မြင့်မြင့်သည် ရုပ်ရည်နုပျိုသလောက် စိတ်လည်း နုပျိုလှသည်ဖြစ်ရာ မိမိအား အမြဲဆေးဝါးကုသနေသော ဘိလပ်ပြန် ဆရာဝန် ဒေါက်တာ တင်ထွန်းဆိုသူနှင့် အတော်ပင် ရင်းနှီးခဲ့၏။

ဒေါက်တာ တင်ထွန်းမှာ ၄၁ နှစ်မျှရှိပြီဖြစ်၍ အမြင်အားဖြင့် လူပျိုကြီးဟု ဆိုရသော်လည်း တိတ်တိတ်ပုန်းမယားများ၊ မရှိဆင်းရဲ၍ ဆေးဖိုးဝါးခ

http://www.cherrythitsar.org



မပေးနိုင်သော တစ်ခုလပ် မုဆိုးမများ၊ ဆေးတိုက်တွင် အလုပ်လုပ်သော မိမိအား ပြန်လှန်မပြောဝံ့သည့် ကပြားဆရာမကလေးများ ဒုနှင့်ဒေးရှိ၏။

ဤသို့ရှိသည့်အထဲမှ မိမိထက် ၁၁ နှစ်မျှကြီးသော အရွယ်လွန်မုဆိုးမ ဒေါ်ခင်မြင့်မြင့်အပေါ်တွင် စိတ်ဝင်စားမည် မဟုတ်ပေ။ သို့သော် တစ်ခုရှိသည်မှာ မိမိထက် အရွယ်ငယ်သော မိန်းမရွယ်ကလေးများမှာ မိမိက ပေးနိုင်ကမ်းနိုင်မှသာ သူတို့၏အချစ်ကို ပေးအပ်ကြသည်ဖြစ်၍ ဒေါ်ခင်မြင့်မြင့်မှာမူ မိမိအပေါ်တွင် 'ကျ'နေသူ တစ်ယောက်ဖြစ်သည့်အတိုင်း သူ့ကိုလည်း လက်မလွှတ်နိုင်ချေ။

အားလပ်သော စနေ တနင်္ဂနွေနေ့များ၌ ဒေါ်ခင်မြင့်မြင့်က ဆရာဝန် ဦးတင်ထွန်းတစ်ယောက်တည်း ဖိတ်ခေါ်၍ နံနက်စာကျွေးခြင်း ဦးတင်ထွန်းကလည်း ညစာကို ၈ မိုင် ဟိုတယ်များတွင် ကျွေးခြင်း၊ ကန်တော်ကြီး အင်းလျားစသော လူပြတ်သောနေရာများတွင် နှစ်ယောက်အတူ လေညင်းခံထွက်ခြင်း ရုပ်ရှင်အတူကြည့်ခြင်းတို့ကား သူတို့အတွက် ရိုး၍နေပေပြီ။

"နိုင်ငံခြားက ပို့လိုက်တဲ့ဆေးတွေ ရွေးစရာရှိလို့ ငွေတစ်ထောင်လောက် လှည့်ပါဦး အစ်မကြီးရဲ့" ဟူ၍လည်းကောင်း၊ တစ်ခါတစ်ရံလည်း "လကုန်တော့မယ် ဆရာမလေး နှစ်ယောက်နဲ့ ကွန်ပေါင်ဒါကို ပေးဖို့ လခတောင်မရှိသေးဘူး။ အစ်မကြီးဆီက ငွေ ၄၀၀ လောက်တော့ ဆွဲဦးမှပဲ" ဟူ၍ လည်းကောင်း ဒေါ်ခင်မြင့်မြင့်ထံမှ ငွေများကို ချူနေသူ ဖြစ်၏။ ထိုအခါ ဒေါ်ခင်မြင့်မြင့်ကလည်း မငြင်းဘဲ ရက်ရက်ရောရော ပေးကမ်းလေ့ရှိလေသည်။ ဤသို့ဖြင့် မုဆိုးမ ဒေါ်ခင်မြင့်မြင့်နှင့် လူပျိုကြီး ဆရာဝန် ဦးတင်ထွန်းတို့မှာ တစ်စတစ်စ ရင်းနှီးလာခဲ့ပြီးနောက် စောင့်စည်းအပ်သော စည်းကမ်းကလနားများကို ကျော်လွန်ကာ ရွက်အုပ်သီး ဖနီးမောင်နှံ အဖြစ်သို့ပင် တိတ်တဆိတ် ရောက်ရှိနေခဲ့ကြလေပြီ။

လွန်ခဲ့သော သုံးလလောက်မှစ၍ ဒေါ်ခင်မြင့်မြင့်တွင် ရောဂါ တစ်ခုရုတ်တရက် ကပ်ငြိလာခဲ့ရာ ထိုရောဂါမှာ အစာမကြေရာမှအစ အိပ်မပျော်ခြင်း သတိမေ့လျော့ခြင်းများဖြစ်လာ၏။ တစ်ခါတစ်ရံ တွေဝေ၍ နေတတ်ပြီးလျှင် အဓိပ္ပာယ်မရှိသော စကားများကို ကယောင်ချောက်ချား ပြောတတ်၏။ သို့နှင့် အိပ်ပျက်ဖန်များလတ်သော် အစာလည်း ကောင်းစွာ မစားနိုင်တော့သဖြင့် တစ်နေ့တခြား အသားအရေများ လျော့ ပါး၍လာတော့၏။

ဒေါက်တာတင်ထွန်းသည် ဒေါ်ခင်မြင့်မြင့်အား နီးကပ်စွာ ပြုစုကုသလျက်ရှိရာ ၎င်း၏ရောဂါမှာ စိတ်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာသော ရောဂါဖြစ်သဖြင့် စိတ္တဗေဒနည်းအားဖြင့် ကုသလျက်ရှိ၏။ ဒေါက်တာ တင်ထွန်းမှာ

သာမန်ဆေးဝါးဘက်၌ သာမက စိတ္တဗေဒ ကုသနည်းများကိုလည်း ကောင်းစွာ တတ်မြောက်သည့်အတိုင်း ဒေါ်ခင်မြင့်မြင့်၏ ရောဂါကို အိပ်မွေ့ချခြင်း၊ သတိမေ့နေစဉ် စိတ်ကိုထိန်း၍ ပေးခြင်း၊ ၎င်း ၏ဝိညာဉ်ကို မိမိလိုရာ စေစားခြင်းများဖြင့် ကုသလျက်ရှိလေသည်။

ဒေါက်တာ တင်ထွန်းသည် လူနာ၏အရိပ်အကဲကို စောင့်ကြည့်လျက်ရှိ၏။

လူနာသည် ဆိုဖာလက်ရန်းများကို ဖျစ်ညှစ်လျက်ရှိရာ ဒေါက်တာသည် ဆိုဖာလက်ရမ်းပေါ်၌ လက်ထောက်ပြီးလျှင် လူနာ၏နားနားသို့ ကပ်ကာ လေသံဖြင့် 'ရှူး'ခနဲ လုပ်လိုက်၏။

(တာ) "စိတ်ကို လျှော့လိုက်လေ မြင့် . . လျှော့လိုက် လျှော့လိုက်"

ဒေါက်တာ တင်ထွန်း ဒေါ်ခင်မြင့်မြင့်၏နဖူးနှင့် ဆံစများကို ယုယစွာ ပွတ်သပ်လိုက်ပြီးနောက် –

"ဒီမှာလေ မြင့်၊ စိတ်ရော ကိုယ်ရော တစ်ခါတည်း လျှော့ချလိုက် သက်သာသလိုနေကြားလား၊ မျက်ခွံတွေ လေးလာပြီ မဟုတ်လား။ မြင့် အိပ်ချင်နေပြီနော် . . ဟုတ်ပါတယ် ဟုတ်ပါတယ် မြင့် မျက်ခွံတွေလေးလာပြီ အိပ် အိပ်"

ဒေါက်တာတင်ထွန်းသည် နီးကပ်စွာ စောင့်ကြည့်လျက်ရှိ၏။ ဒေါ်ခင်မြင့်မြင့်သည် အသက်ရှူပြင်းလာ၏။ နောက် ငြိမ်သက်၍ သွားလေသည်။

ထိုအခါ ဒေါက်တာတင်ထွန်းသည် ယခင်ကထက် ကျယ်လောင်လေး နက်သော အသံဖြင့် –

"ကိုင်း အခု မင်းအိပ်ပြီ၊ နို့ပေမဲ့ ဆရာပြောတာတွေ မင်း အကုန်ကြားနိုင်တယ်။ ဟုတ်တယ် မဟုတ်လား မြင့်"

စိတ်ညှို့ခြင်းခံနေရပြီဖြစ်သော ဒေါ်ခင်မြင့်မြင့်သည် ဒေါက်တာ တင်ထွန်းပြောသော စကားများကို နားစွင့်လျက်ရှိရာမှ အိပ်မက်ထဲတွင် ပြောနေသကဲ့သို့ မပီတပီ မသဲမကွဲ ပြန်၍ပြောလေသည်။

(တင်) " အခု စကားပြောနေတာ ဘယ်သူလဲလို့ ပြောစမ်း"

(မြင့်) "ဒေါက်တာ တင်ထွန်း . . ကျွန်မရဲ့ဒေါက်တာ"

"ဆရာက မြင့်ကို ပြန်ပြီး ကျန်းမာလာအောင် လုပ်နိုင်တယ် ဆိုတာ ယုံတယ် မဟုတ်လား"

"ယုံပါတယ်၊ ကျေးဇူး ... ကျေးဇူးပါပဲ ဆရာ"

"ကိုင်း ဒါဖြင့် ဆရာပြောတာ သေသေချာချာ နားထောင်နော်။ မြင့် နိုးလာရင် ဆေးလုံးကလေး ၁၂ လုံးပါတဲ့ သေတ္တာဖြူကလေးတစ်ခု ဆရာ

http://www.cherrythitsar.org



ပေးမယ်။ ဒီဆေးဟာ ဘာမှ ဘေးအန္တရာယ်မရှိဘူး။ ညမှာ ဒီဆေး စားရမယ်။ နားလည်လား မြင့်”

လူနာ မိန်းမကြီးသည် တစ်ချက်မျှ လေရှည်ဆွဲ၍ ညည်းလိုက်ပြီးနောက် မှိတ်၍နေသော မျက်လုံးများကို ဖွင့်ရန် ကြိုးစားလျက်ရှိ၏။

(တင်) “ဒီကနေ့ည စားရမှာနော် ... ဒီကနေ့ည၊ သန်းခေါင်ချိန်မှာ နားလည်လား”

မိန်းမကြီးသည် နားလည်ဟန်ဖြင့် “အင်း . . ”ဟု ဆွဲဆွဲငင်ငင် ပြန်၍ဖြေလိုက်လာသည်။

ဒေါက်တာတင်ထွန်းသည် ဖျိုင်းတစ်ကောင်သည် ငါးကောက်သကဲ့သို့ သူ၏လည်ပင်းရှည်ကြီးဖြင့် လူနာ၏နဖူးသို့ ထိလုမတတ် ငုံ့၍ ကြည့်၏။ ထို့နောက် အခန်းပတ်ဝန်းကျင်ကို ကြည့်ရှုလေသည်။ ငွေပန်းအိုးများ၊ မှန်ဗီရိုအတွင်းရှိ အဖိုးထိုက်တန်၍ လှပသော ပန်းကန်စုံများ၊ ရှားပါးလှသော ပန်းချီကားချပ်ကြီး နှစ်ချပ်၊ တရုတ်ပြည်ဖြစ် ကြွေပန်းအိုး ကြီးများ၊ ဧည့်ခန်းနှင့်တကွ အိပ်ခန်းပါ ခင်းထားသော ခန်းလုံးပြည့် မွေးရှည်ကော်ဇောကြီးများကို မြင်ရ၏။ မဟော်ဂနီသား ဗီရိုတစ်လုံးသည် ဘိလပ်လုပ်ကြွေထည်အချို့နှင့် အထူးအဆန်း ပစ္စည်းများရှိ၏။

ဒေါ်ခင်မြင့်မြင့်သည် ပစ္စည်းဥစ္စာနှင့် ပြည်စုံရုံမျှမက အနုပညာသည် တစ်ယောက် ဖြစ်သည့်ပြင်၊ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံသူဖြစ်၏။ အနုပညာသည် တစ်ယောက်ဖြစ်၍လည်း ‘အချစ်’ ပညာတွင် စိတ်ကူးယဉ်ကာ မိမိအားဆေးဝါးကုသနေသည့် ဆရာဝန်တစ်ဦးနှင့် အချစ်နယ် လွန်ကျွံသည်အထိ အရောဝင်ခဲ့မိခြင်းဖြစ်၏။ ၎င်းအား စွဲစွဲလမ်းလမ်း ရှိခဲ့၏။

တစ်ခန်းလုံးရှိ အဖိုးတန်ပစ္စည်းများထဲတွင် ပြက္ခဒိန်ဟူ၍ကား တစ်ခုတစ်လေမျှ မရှိချေ။

“ဒီမိန်းမကြီးဟာ အနာဂတ်ကို တွေးတဲ့ မိန်းမကြီး မဟုတ်ဘူး။ ဒါကြောင့် ပြက္ခဒိန် မထားတာပေါ့၊ အင်း သူ့အနာဂတ်ဟာ ဒီကနေ့ ဆုံးတာပဲ၊ သူ့အချိန်ကတော့ ဟောဒီခေါင်းရင်းမှာ ချိတ်ထားတဲ့ တိုင်ကပ်နာရီကြီး”ဟု ဒေါက်တာတင်ထွန်းသည် နောက်ဆုံး နာရီကြီးကို ကြည့်ကာ တစ်ကိုယ်တည်း စိတ်ထဲက ရေရွတ်မိ၏။ နာရီကြီးမှာ ၆ နာရီထိုးရန် စက္ကန့်ပိုင်းသာလိုတော့၏။

နာရီအိုကြီးကား ၆ နာရီထိုးလေပြီ။ တစ်ချက်နှင့် တစ်ချက်မှာ ဖင့်နွဲ့လေးကန်၍ အချိန်ကြာမြင့်လှ၏။ “အင်း နေရာကျပြီ နေရာကျပြီ”ဟု ဒေါက်တာ တင်ထွန်း၏ စိတ်ထဲကတွေးမိပြန်၏။

http://www.cherrythitsar.org


သူသည် ခေါင်းရင်းဘက် ခုတင်ပေါင်ကို လက်တစ်ဖက်ဖြင့် ထောက်ကာ လူနာ၏မျက်နှာပေါ်သို့ ထိလုနီးပါး ဦးခေါင်းကို ငုံ့လိုက်၏။

(တင်) "မြင့် နာရီသံကို ကြားရဲ့နော်။ အဲဒီတော့ ည ၁၂ နာရီမှာ နာရီကြီးက တစ်ချက်ထိုးလိုက်တိုင်း ဆေးတစ်လုံးတစ်လုံး မျိုရမယ် ကြားလား . . စိတ်ထဲမှတ်ထား"

လူနာသည် ယခင်ကထက် မာလာသော အသံဖြင့် . . .

"ဟုတ်ကဲ့"

"ပြန်ပြောစမ်းပါဦး"

"နာရီကြီးက တစ်ချက်ထိုးလိုက်တိုင်း ဆေးလုံးတစ်လုံး မျိုရမယ်"

"ဆက်ပြောလေ"

"ညသန်းခေါင်မှာ"

"အဲ ဟုတ်ပြီ၊ ဒီမှာ ဆရာပြောတာ သေသေချာချာ နားထောင်စမ်း။ မခင်မြင့် ဒါအရေးကြီးတယ်နော်။ မင်းအိပ်ရာက နိုးလာတာနဲ့ တစ်ပြိုင်နက် ဒီဟာတွေ အားလုံးမေ့သွားရမယ်။ ဆရာ ပြောတာ နားလည်လား . . ဒီဟာ အရေးအကြီးဆုံးပဲ"

"ဟုတ် . . ဟုတ်ကဲ့"

"ညသန်းခေါင်ကျရင် ဆရာပြောတဲ့အတိုင်း မင်း လုပ်ရလိမ့်မယ်။ မင်း ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာလည်း မသိရဘူး။ အဲဒါလည်း အရေးကြီးတာပဲ၊ မင်း နားထောင်နေတယ် မဟုတ်လား"

"ဟုတ်ကဲ့ နားထောင်နေပါတယ် ဒေါက်တာ"

"ဆေးလုံးကလေးတွေကို မင်းအိပ်ရာက နိုးလာတဲ့အခါ ဆရာ ပြောတဲ့အတိုင်း စားရမယ်။ နားလည်လား ... ဆရာပြောတဲ့ အတိုင်းနော်။ အခု ပြောတာ နားလည်ပြီလား"

"ဟုတ်ကဲ့ ဒေါက်တာ"

လူနာသည် ပြန်၍ အဖြေမပေးချေ။ မျက်တောင် တစ်ချက် နှစ်ချက် ခတ်ပြီးနောက် ဦးခေါင်းမှာ ယခင်ကထက် ခပ်လန်လန် ဖြစ်သွား၏။ ဒေါက်တာ တင်ထွန်းသည် လူနာကို နီးကပ်စွာကြည့်ရင်း နဖူးမှ ဆံစကလေးများကို ယုယုညင်သာစွာ ပွတ်သပ်ပေး၏။ ထို့နောက် လူနာ၏ မျက်နှာကိုစေ့စေ့ ကြည့်လျက်ရှိရာ သူ၏ကြည့်ပုံမှာ ကြင်နာသော ဆေးဆရာဝန်တို့၏ အကြည့်မျိုး မဟုတ်ဘဲ ရက်စက်သော လူသတ်သမားတို့၏ အကြည့်မျိုး ဖြစ်လေသည်။ ဒေါက်တာ တင်ထွန်းသည် လူနာ၏နဖူးကို ပွတ်သပ်ရာမှ လက်များကို တဖြည်းဖြည်း ဆုတ်ခွာရင်း –

http://www.cherrythitsar.org



(တင်) "စိတ်အားရော ကိုယ်အားရော တစ်ခါတည်း လျှော့ထား လိုက်လေ။ မင်း အိပ်ပြီ . .အိပ်ပြီ၊ ဟော တစ်ခါတည်း အိပ်သွားပြီ"

လူနာသည် လုံးဝအိပ်ပျော်သွားတော့၏။ အခန်းတွင်း၌ကား မည် သည့်အသံကိုမျှ မကြားရချေ။ တိုင်ကပ်နာရီကြီးမှ ချိန်သီးလှုပ်ရှား သံမှာ လေးလေးနှင့် မှန်ကန်လှလေသည်။

ဒေါက်တာ တင်ထွန်းသည် လူနာ၏မျက်နှာအနီးမှ မိမိလက်များကို ရုပ်သိမ်းပြီးနောက် တည်ငြိမ်လေးနက်သော အမိန့်ပေးသံဖြင့်

"မခင်မြင့်မြင့် ဆရာပြောတာ မင်းနားလည်တယ်နော်"

"ဟုတ်ကဲ့"

"ကဲ ဒီတော့ ဘယ်လိုလုပ်ရမယ်ဆိုတာ ဆရာ့ထပ်ပြောပါဦး"

"ညသန်းခေါင်မှာ ဆေးလုံးကလေးတွေ မျိုရမယ်"

"အဲ ဟုတ်ပြီ"

"ပြီးတဲ့နောက် ဒေါက်တာပြောတဲ့အတိုင်း . . ပြောတဲ့"

"ဟုတ်ပါပြီလေ"

"အိပ်ရာက ပြန်နိုးလာတော့"

"ဟုတ်ပြီ အဲဒီအတိုင်းပဲ၊ ဆရာက ဝမ်း တူး ထရီး ဆိုတာနဲ့ တစ်ပြိုင် နက် မင်းအိပ်ရာက နိုးပြီ၊ ကိုင်း ဝမ်း တူး ထရီး ထတော့"

ဒေါ်ခင်မြင့်မြင့်သည် ကိုယ်ကို တွန့်လိမ်ကာ တစ်ချက်မျှ ညည်းတွား လိုက်ကာ မျက်လုံးများကို တဖြည်းဖြည်း ဖွင့်လိုက်လေသည်။ ထို့နောက် မျက်တောင်များကို နှစ်ချက် သုံးချက်မျှ လျှင်မြန်စွာ ခတ်လိုက်ပြီးလျှင် ဒေါက် တာ တင်ထွန်းကိုပင် မမှတ်မိသကဲ့သို့ စဉ်းစားတွေဝေနေသည့်ဟန်ဖြင့် ငေးမော ကြည့်ရှုလျက်ရှိ၏။ ထို့နောက် ရယ်မောလိုက်လေသည်။

(မြင့်) "အို ဒေါက်တာ၊ မြင့် ဘာမှ မဖြစ်ဘူးနော်၊ ဆရာ အိပ်မွေ့ချ လိုက်တာ မြင့် အဟုတ် အိပ်ပျော်သွားတယ် ဒေါက်တာ"

(တင်) "ဟုတ်တာပေါ့၊ မြင့် တကယ်အိပ်ပျော်သွားတယ်"

ဒေါ်ခင်မြင့်မြင့်သည် အိပ်ရာမှ ထလိုက်၏။ ထဘီကို ပြင်၍ ဝတ်၏။ အင်္ကျီအောက်စနှင့် လက်ဖျားများကို ဆွဲ၍ ဆန့်လိုက်ပြီးလျှင် ဆံပင်ကိုပင် ပြင်၍ပတ်လိုက်လေသည်။ ဒေါ်ခင်မြင့်မြင့်ကား အရွယ်နှင့် မလိုက်အောင် နုပျို လျက် မျက်နှာမှာ ပင်ပန်းနွမ်းနယ်သော်လည်း ကြည့်ရှု၍ တင့်တယ်လှပသေး ၏။ ထို့နောက် အတန်ငယ် ပြုံးလိုက်လေသည်။

"နေပါဦး ဆရာ၊ မြင့် လက်ဖက်ရည် ဖျော်လိုက်ပါဦးမယ်"

http://www.cherrythitsar.org



"အို ဒီတစ်ခါတော့ မသောက်ပါရစေနဲ့ မြင့်၊ ဆရာ သွားစရာရှိတယ်"

"တစ်ခုခုတော့ သောက်ဦးမှပေါ့ ဒေါက်တာ၊ မိုးကလည်း အေးသနဲ့"

ဒေါ်ခင်မြင့်မြင့်၏ အသံမှာ ချိန့်အားပျော့ဟန်ရှိလေသည်။

"တော်ပါပြီ မြင့်ရယ်၊ ဆေးတိုက်မှာ ၆ နာရီခွဲ ချိန်းထားတဲ့ လူနာတစ်ယောက် စောင့်နေလို့ပါ။ ကြည့်စမ်း အခုတောင် ၆ နာရီ ခွဲတော့မယ်"

"ဒီလိုဆိုလည်း မတားတော့ပါဘူးရှင်၊ သောကြာနေ့ကျရင် တွေ့ကြမယ်နော်"

"အို ဒီထက်တောင် စောပြီးတွေ့ဦးမယ်။ မြင့်ကသာ တယ်လီဖုန်းဆက်လိုက်"

သို့နှင့် ဒေါက်တာ တင်ထွန်းသည် အပေါ်အင်္ကျီကို ထပ်၍ ဝတ်လိုက်ပြီးလျှင် ဆေးအိတ်ကို ကောက်ယူကာ တံခါးရှိရာသို့ လာခဲ့လေ၏။ ထို့နောက် တံခါးလက်ကိုင်ကြေးကွင်းကို ကိုင်ပြီးလျှင် ကတ်ထူ သေတ္တာကလေးတစ်ခုကိုထုတ်ကာ "ကံကောင်းလို့ မေ့မသွားတယ် မြင့်ရယ်၊ လယ်ထွန်သွား နွားမေ့ဆိုတာလို မြင့်ကို ပေးရမယ့် ဆေးလုံး သေတ္တာလေး ဟောဒီမှာ"

ဒေါက်တာ တင်ထွန်းသည် အိပ်ရာဆီသို့ ပြန်လာခဲ့ပြီးလျှင် သေတ္တာကလေးကို ဒေါ်ခင်မြင့်မြင့် လက်ထဲသို့ ထည့်လိုက်လေသည်။

"ဒီဆေးဟာ မြင့်အတွက် အိပ်ဆေးပဲ မြင့်ရဲ့၊ ဒီနေ့ည ကောင်းကောင်း အိပ်ရပါလိမ့်မယ်။ ရော့ . . ရော့ . . အညွှန်းကသေတ္တာပေါ်မှာ ပါပါတယ်"

ထို့နောက် တံခါးကို ဖွင့်ပြီးလျှင် ထွက်သွားလေသည်။

ဒေါက်တာ တင်ထွန်း ထွက်သွားပြီးနောက် ဒေါ်ခင်မြင့်မြင့်သည် ဆေးလုံးသေတ္တာကလေး အဖုံးပေါ်တွင် 'ညအိပ်ရာဝင် ၃ လုံး သောက်' ဟု မင်ခဲတန်ဖြင့် ရေးထားသော အင်္ဂလိပ်လက်ရေး စာလုံးများကို တွေ့ရလေသည်။

*

အိမ်အပြင်၌ကား အလွန်မှောင်မိုက်ပြီးလျှင် မိုးများတဖွဲဖွဲ ကျလျက်ရှိ၏။ လမ်းများမှာ လူသွားလူလာ ပြတ်လပ်ကာ တစ်ချက်တစ်ချက်တွင် လေသည် သစ်ပင်နှင့် မြင့်သော အဆောက်အအုံကြီးများကို 'ဝုန်း' ခနဲ မြည်အောင် တိုက်ခတ်လိုက်၏။ သို့သော် ဒေါ်ခင်မြင့်မြင့်ကား မိုးသံလေသံများကို မကြားချေ။ ဒေါက်တာတင်ထွန်းအကြောင်းကိုသာ တွေးတောလျက်ရှိလေသည်။

http://www.cherrythitsar.org



"အရပ်မြင့်ပြီး လူကောင်ကကြီးမားပေမယ့် လက်ချောင်းကလေးတွေက နုနုသွယ်သွယ်ကလေးတွေ၊ ကိုင်တွယ်ရာမှာလည်း အင်မတန် ညင်သာရှာတယ်။ အစ်မကြီး အစ်မကြီးနဲ့ခမျာမှာ သားမယား အတည်တကျ မရှိလေတော့ ပြုစုယုယမယ့်လူ မရှိရှာပေဘူး။ ငါလည်း သူနဲ့စာရင် သိပ်ကြီးသေးတာ မဟုတ်ပါဘူး။ အင်မတန် တင့်တယ်လို့ လူတိုင်းကပြောနေတာပဲ။ ပြီးတော့ မြန်မာတွေဟာ အသက် ၅၀ လောက်ဆိုရင် အဘိုးကြီး အမယ်ကြီး ဖြစ်ကုန်ပြီ၊ အနောက်နိုင်ငံသားတွေကတော့ သွားလို့လာလို့ လုပ်လို့ကိုင်လို့ ကောင်းတုန်းရှိသေးတယ်။ မိန်းမကြီးတွေကလည်း ၅၀ လောက်မှာဆိုရင် ဘီးနဲ့မှန်နဲ့ အပျိုရှူးသေးတယ်။ ငါလည်း ဟောဒီဘက်က ပါးရေကလေး နည်းနည်းတွန့်ရုံပဲရှိသေးတယ်။ ဒီလောက်တော့ မိတ်ကပ်ကောင်းကောင်းနဲ့ အမူအရာ ဟန်ပန်ကောင်းရင် ပျောက်နိုင်တာပဲ။ ဩော် ကိုတင်ထွန်း ကိုတင်ထွန်း ငါ အသက်အာမခံလုပ်ပြီး သူ့နာမည်နဲ့ ထားပေးတော့ ဝမ်းသာရှာလွန်းလို့ ကျေးဇူးတင်လို့ မဆုံးပါဘူး အစ်မကြီးရယ်တဲ့ . . သဘော သကာယ ကောင်းလိုက်တာကလည်း လွန်ပါရော" ဟု လွန်ခဲ့သော ဒေါက်တာတင်ထွန်း မွေးနေ့ပါတီတွင် မိမိက လက်ဆောင်ပေးခဲ့သော နှစ်သောင်းတန် အသက်အာမခံ စာချုပ်အတွက်ကိုပင် ဆက်လက်စိတ်ကူးလျက် ရှိလေ ၏။

သို့သော် တစ်ဖက်မှ မေတ္တာသည်ကား ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက်ရှိ၏။

သမားဟူးရားအတတ်မှာ လူသားတို့လောကတွင် အလွန် မွန်မြတ်၍ အထက်တန်းကျသော အလုပ်တစ်ခုဖြစ်ပေ၏။ ဤသို့ဖြင့် ဆရာဝန်တို့မည်သည် ပိုက်ဆံကြေးငွေရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ လူနာအား ရောဂါပျောက်အောင် မိမိတတ်ကျွမ်းသမျှ ကုသပြုစုခြင်းသည်သာ အဓိက ဖြစ်သော်လည်း ဒေါက်တာ တင်ထွန်းမှာမူ လူနာအား အမျိုးမျိုး လှည့်ပတ်ကာ ဆေးဖိုးဝါးခဖြင့် လည်းကောင်း၊ ခွဲခြားစိတ်ခြင်းဖြင့်လည်းကောင်း၊ အခြားသွယ်ဝိုက်သော နည်းလမ်း တစ်ခုခုဖြင့်လည်းကောင်း အစွမ်းကုန် 'ညှစ်' ယူတတ်သူဖြစ်လေသည်။

ဤသို့လျှင် သူသည် ဒေါ်ခင်မြင့်မြင့်ထံမှ ဆေးဖိုးဝါးခဖြင့် လည်းကောင်း၊ လက်လှည့်သုံးအနေဖြင့် လည်းကောင်း၊ ပုံသေချေးငွေ အဖြစ်ဖြင့်လည်းကောင်း ချေးငှားရရှိရုံမျှနှင့် တင်းတိမ်အားရခြင်း မရှိသေးဘဲ မိမိအား အကျိုးခံစားသူအနေဖြင့် ထားသော ငွေ ၂၀၀၀၀ အပေါ်တွင် မျက်စိကျလျက်ရှိနေခဲ့လေသည်။

http://www.cherrythitsar.org



ခေါင်းရင်းမှ တိုင်ကပ်နာရီကြီးသည် အချိန်များကို တရွေ့ရွေ့ ကုန်လွန်လာခဲ့စေရာ ညဥ့်သန်းကောင်း ၁၂ နာရီထိုးရန် ၁၅ မိနစ်အလိုသို့ ရောက်လာလေ၏။ အပြင်၌ကား မိုးနှင့်လေတို့ ရောယှက်ပြင်းထန်ဆဲပင် ရှိနေသေး၏။ ဒေါ်ခင်မြင့်မြင့်သည် နောက်ဖေးဘက်ခန်းတွင် အိပ်နေသော အစေခံ ကုလားမကြီးကိုပင် မနိုးတော့ဘဲ ခပ်စောစောကပင် အသင့်ပြင်၍ ထားသော နို့ကရားကို ဓာတ်မီးဖိုပေါ်တွင်တင်၍ နွေးပြီးနောက် ရေနွေးအိတ်ကိုလည်း အခြားကရားတစ်ခုမှ ရေနွေးများ ဖြည့်လေသည်။ ထို့နောက် မိမိအိပ်သော ကြေးခုတင်ပေါ်တွင် အောက်သို့ ခြေတွဲလွဲချ၍ ထိုင်လိုက်လေသည်။

ထို့နောက် စားပွဲပေါ်တွင် တင်ထားသော ဒေါက်တာတင်ထွန်း ပေးခဲ့သည့် အိပ်ဆေးကတ်ထူဖုံးသေတ္တာကလေးကို လှမ်းယူလိုက်၏။ဒေါက်တာတင်ထွန်း လက်ရေးဖြင့် 'အိပ်ရာဝင်ချိန် ၃ လုံးစားရမည်' ဟု ရေးထားသည်ကို တွေ့ရ၏။ သေတ္တာကလေးကို ဖွင့်လိုက်ပြီးလျှင် ဆေးလုံးများကို ရေတွက်ကြည့်ရာ ဆေးလုံး ၁၂ လုံးရှိကြောင်း တွေ့ရလေသည်။ သို့ဖြင့် ဆေးလုံးတစ်လုံးကို နှိုက်ယူလိုက်လေသည်။ အလွန်ဖြူဆွတ် သေးငယ်၍ အလေးချိန်အားဖြင့်လည်း ငှက်မွေးတစ်ချောင်းခန့်မျှပင် လေးမည်မထင်ရသော အိပ်ဆေးလုံးကလေးသည်ကား တန်ခိုးသတ္တိ ကြီးမားလှပေ၏။

ဆေးလုံးကို လက်ညှိုးဖြင့် ညှပ်ကိုင်လျက်ရှိစဉ် ဒေါ်ခင်မြင့်မြင့်၏ လက်များသည် အတန်ငယ်တုန်လာသကဲ့သို့ ထင်ရ၏။ မျက်စိများ ပြာခနဲ ဖြစ်သွားပြီးလျှင် မိမိသည် သင်္ဘောလှိုင်းမူးသကဲ့သို့ မိုက်ခနဲ ဖြစ်သွားသည်ဟု ထင်လိုက်၏။

သို့ရှိစဉ် ခေါင်းရင်းမှ နာရီကြီးသည် ကြီးလေးသောအသံဖြင့် ၁၂ နာရီကိုစ၍ ထိုးလေသည်။ လက်ထဲ၌ကား ဆေးလုံးမရှိတော့ပြီ။ ဒေါ်ခင်မြင့်မြင့်သည် မိမိမျိုချလိုက်သည်ကို သတိမရချေ။ သို့နှင့် ရယ်မောလိုက်ပြီးနောက် "ငါသိပါတယ် ... နာရီထိုးသံကို လိုက်ပြီးစားရမယ်။ ဒီအတိုင်းပြောခဲ့တာပဲ" ဟု စိတ်ထဲက အောက်မေ့မိ၏။

နာရီထိုးသံကား ဖင့်နွဲ့လေးကန်လှ၏။ သို့နှင့် ဒုတိယအချက် ထိုးသောအခါ ဒုတိယ ဆေးလုံးကို မျိုချလိုက်၏။ တတိယအကြိမ်တွင် တတိယဆေးလုံးကို မျိုပြီးလေပြီ။ "ဟုတ်ပါတယ် ၃ လုံး ... ဒါပဲ" ဟု စိတ်ထဲက ရေရွတ်လိုက်၏။ ထို့နောက် သေတ္တာကလေး၏ အဖုံးကို ပိတ်ပြီးလျှင် သေတ္တာကလေးကို စားပွဲပေါ်သို့ ပြန်၍တင်ထားလိုက်၏။

နာရီကြီးသည် စတုတ္ထအကြိမ်ထိုးပြန်၏။ ထိုအခါ ဒေါ်ခင်မြင့်မြင့်သည် သေတ္တာကလေးကို ဖျတ်ခနဲ ဆွဲယူလိုက်ကာ ဆေးတစ်လုံးကို စတုတ္ထ

အကြိမ် စိတ်ထဲက တစ်စုံတစ်ရာ မသိဘဲ မျိုလိုက်ပြန်လေသည်။ နောက်ပဋ္ဌမ အကြိမ်၌ ပဋ္ဌမဆေးလုံးကို မျိုပြန်၏။

ဆေးညွှန်းမှာ သုံးလုံးသာ စားရမည်ဆိုသော်လည်း သူမသည် ငါး လုံးအထိ မျိုပြီးလေပြီ။ ထို့နောက် မလှုပ်မယှက် ထိုင်နေ၏။ နှုတ်ခမ်းများကို လှုပ်ရှားလိုက်၏။ တစ်စုံတစ်ရာ မပြောချေ။

နာရီသည် ခြောက်ချက်သို့ ရောက်လေပြီ။ ဒေါ်ခင်မြင့်မြင့်၏ လက် များသည် တုန်ယင်လျက်ရှိ၏။ သို့သော် သေတ္တာကလေးထဲမှ တစ်လုံး ထပ်၍ မျိုလိုက်ပြန်လေသည်။ လည်ချောင်းထဲသို့ တစ်ဆို့ဝင်သွားသကဲ့သို့ ထင်မှတ် လိုက်၏။

ထိုခဏ၌ ဒေါ်ခင်မြင့်မြင့်သည် တစ်ကိုယ်လုံး ရုတ်တရက် အေးစက် ၍လာတော့၏။ သူသည် တစ်စုံတစ်ရာကို စဉ်းစားမိ၏။ ကိစ္စမှာ အရေးကြီး သဖြင့် စဉ်းစားမှလည်း ဖြစ်ပေမည်။ သို့သော် စဉ်းစား၍ကား မရတော့ပြီ။ ဦးနှောက်များမှာ ချာချာလည်လျက် အသိဉာဏ်နှင့် အတွေးအခေါ်တို့မှာ ထိုမှ ဤမှ ပျံသန်းလျက်ရှိသော ငှက်အုပ်ကဲ့သို့ ရှုပ်ယှက်ခတ် ရှိနေတော့၏။

နောက်ထပ် စား၍မဖြစ်တော့ချေ။ ခြောက်လုံးသည်ပင် လွန်လှချေပြီ။

သို့ရှိစဉ် နာရီကြီးသည် သတ္တမအကြိမ် ထိုးလိုက်ပြန်၏။ တိတ်ဆိတ် သော အခန်းကလေးတစ်ခုလုံးမှာ ဟိန်း၍သွားပြီးနောက် နာရီထိုးသံသည် လည်း တဖြည်းဖြည်း သေ၍သွားလေသည်။ မှောင်ထဲတွင် လမ်းလျှောက်နေ သော သူကဲ့သို့ သူ၏စိတ်သည်လည်း လမ်းပန်းမမြင် မှောင်ထဲတွင် သွား၍နေ ၏။ ပါးစပ်ထဲတွင် ခါးသက်သက် အရသာ တစ်မျိုးကို ခံစားလိုက်မိ၏။

ဒေါ်ခင်မြင့်မြင့်သည် ခိုက်ခိုက်တုန်အောင် အေး၍လာပြန်၏။ အချမ်း ကြောင့် တစ်ကိုယ်လုံး တုန်၍နေသကဲ့သို့ သူ၏စိတ်သည်လည်း တုန်၍နေ တော့၏။ မသိနိုင် မမြင်နိုင်သော နေရာတစ်ခုမှ ရုန်းထွက်ရန် အပြင်းအထန် ကြိုးစား၍နေသကဲ့သို့ ရှိတော့၏။

ထို့နောက် မည်သည့်အရာကိုကြောက်ရွံ့သည်မသိ ကြောက်ရွံ့လာ ၏။ "အို ဘုရားသခင် ကျွန်တော်မ ဘာတွေလုပ်မိသလဲ၊ ကယ်တော်မူပါ" ဟု စိတ်ထဲမှသာ ပိုးဝါးရေရွတ်နိုင်၏။ အသံကား မထွက်လာချေ။ လူနာကား ရူးသွပ်သကဲ့သို့ ဖြစ်သွားလေပြီ။

နာရီကြီးသည် အဋ္ဌမမြောက်အကြိမ် ထိုးပြန်၏။ သူသည် မမြင်ရ သော အခက်အခဲတစ်ခုမှ ပြင်းထန်စွာ ရုန်းထွက်လျက်ရှိ၏။ သို့သော် အခန်း တွင်း၌ကား မမြင်ရသော 'ဘေးအန္တရာယ်ကောင်ကြီး' သို့မဟုတ် 'မကောင်း ဆိုးဝါးကောင်ကြီး' တစ်ကောင်ရှိနေလျက် ယင်းသည် သူ့အား အမိန့်ပေး၍

http://www.cherrythitsar.org



နေသကဲ့သို့ ရှိလေ၏။ အမိန့်မှာ အလွန်ပြင်းထန်လျက် မနာခံဘဲ မနေနိုင်အောင် ရှိတော့၏။ ဒေါ်ခင်မြင့်မြင့်သည် အိပ်ဆေး သေတ္တာကလေးကိုလည်းကောင်း၊ သူမ၏လက်ထဲတွင် ဗလာဟင်းလင်း ရှိနေသည်ကိုလည်းကောင်း နောက်ဆုံး သိလိုက်ရတော့၏။

နာရီကြီးသည်ကာ ငြိမ်သက်သောအခန်းထဲတွင် ကျယ်လောင်စွာ လှုပ်ရှားလျက်ရှိ၏။ ဒေါ်ခင်မြင့်မြင့်သည် အတန်ငယ် ငြိမ်သက်သွားပြီးနောက် အသိဉာဏ် အလင်းရောင်ကလေးတစ်ခု တိုးဝင်လာ၏။ "ဟင် ငါစားတာ အညွှန်းထက် နှစ်ဆဖြစ်နေပြီ။ နောက်ထပ်လည်း နှစ်လုံး တော်ပြီ တော်ပြီ ဒီမှာတင် ရပ်မှ" ဟူသော အသိဉာဏ်ကလေး ဖြစ်၏။ အိပ်၍မနေဘဲ အိပ်မက် မက်နေသကဲ့သို့ရှိ၏။ စိတ်ကိုတင်း၍ မိမိအား မထင်မရှားအမိန့်ပေးနေသည်ကို 'စိတ်ဓာတ်အင်အား' ဖြင့် ပြန်၍ တွန်း လှန်ခုခံမှုသာ ဖြစ်ပေမည်။

နာရီကြီးသည် ကိုးချက်သို့ရောက်လေ၏။ "ဘုရား ဘုရား ဘုရား သခင် ကယ်တော်မူပါ၊ ကျွန်တော်မကိုခုခံဖို့ ခွန်အားဗလ ပေးတော်မူပါ" ဟု စိတ်ထဲက ရေရွတ်မိ၏။ သို့သော် မမြင်ရသော တန်ခိုးအာဏာကား ပြင်းထန် လှ၏။ လေမုန်တိုင်း၏အဟုန်ကို မခံနိုင်သော သစ်ပင်ကဲ့သို့ မိမိ၏ စိတ်ဓာတ်မှာ အားနည်းကာ ယိမ်းယိုင် လှုပ်ရှားလာသည်ကို သတိရ၏။ စက်ရုပ်တစ်ခုကို သော့ပေးလိုက်သကဲ့သို့ ၎င်း၏လက်များသည် ကတ်ထူသေတ္တာဆီသို့ ရောက် သွား၏။ ထို့နောက် ခါးသက်သက် အရသာတစ်ခုသည် မိမိဝမ်းထဲသို့ ရောက် သွား၏။

ဒေါ်ခင်မြင့်မြင့်သည် အသံကုန် ဟစ်အော်လိုက်၏။ သို့သော် အသံ ကား မထွက်တော့ချေ။ 'ငါမသေရဘူး၊ အသက် ငယ်ငယ်လေး ရှိသေးတယ်။ ရှေ့မှာ လူလုပ်စရာအချိန်တွေ ရှိသေးတယ်။ ငါ့မှာ ပစ္စည်းရှိတယ်၊ ဂုဏ်ရှိတယ်၊ ငါ မအိုသေးဘူး၊ ငါလှသေးတယ်၊ ငါ့မှာအရွယ်ရှိသေးတယ်။ ပြီးတော့ ဒေါက် တာတင်ထွန်း... သူ့ကိုလည်း ငါချစ်တယ်။ ငါ အားကိုးတယ်။ သူဟာ အင် မတန် ကြင်နာတတ်တဲ့လူ၊ အရေးအကြောင်း ရှိရင် ဖုန်းဆက်ဖို့ မမေ့နဲ့တဲ့' ဟု တသီတတန်းကြီး စဉ်းစားမိ၏။

ဒေါ်ခင်မြင့်မြင့်ကား အိပ်ဆေးကို ကိုးလုံးမျှပင် မျို၍ပြီးခဲ့လေပြီ။ သို့ သော် မည်သို့မျှ မဖြစ်သေးချေ။

သို့နှင့်သူသည် ခုတင်ပေါ်မှ အောက်သို့ဆင်းလိုက်ကာ တယ်လီဖုန်း ရှိသော စားပွဲသို့ သွားလေ၏။ အိပ်ဆေးကို နောက်ထပ် သောက်မိမည်စိုး၍ သူ၏ ချိနဲ့သော လက်ချောင်းကလေးများကို လက်ချောင်းချင်း လိမ်၍ ကိုယ် နှင့် ကပ်ထားလိုက်၏။

http://www.cherrythitsar.org



ထိုခဏ၌ နာရီကြီးသည် ဒသမအကြိမ် ထိုးလိုက်လေသည်။ အသံမှာ ကျယ်လောင်၍ ဆိတ်ငြိမ်သော အခန်းထဲတွင် ကြောက်မက်ဖွယ် ကောင်းလှ၏။ သို့သော် မိမိလက်ကိုပင် မိမိ မနိုင်သကဲ့သို့ လက်များသည် တယ်လီဖုန်းဆီသို့ မရောက်ချေ။ ပြင်းထန်သော တန်ခိုးအာဏာတစ်ခုသည် မိမိ၏ကိုယ်ထဲသို့ ဝင်ရောက်ကာ မိမိ၏စိတ်ကို လွှမ်းခြုံသွားသကဲ့သို့ ထင်လိုက်ရ၏။ မိမိလက်သည် အိပ်ဆေးလုံးသေတ္တာကလေးဆီသို့ ရောက်သွားပြီးနောက် ဒသမမြောက် ဆေးလုံးကို မျိုချလိုက်လေသည်။

ဒေါ်ခင်မြင့်မြင့်သည် အသံပင် မထွက်သော်လည်း အပြင်းအထန် ဟစ်အော်ရန်းကန်လျက်ရှိ၏။ "ဘုရားသခင် ကယ်တော်မူပါ။ အို ... အို ကျွန်မ သေရတော့မယ်။ ကျွန်မကြောက်လှချည်ရဲ့ အို ...အို" ဟု လေသံမျှ လောက်သောအသံဖြင့် ရေရွတ်ကာ ခုတင်နံဘေးတွင် ဒူးထောက်ကျသွားလေ၏။ ပြေကျသွားသော ဆံပင်များကို လက်ချောင်း များဖြင့် ကုတ်ခြစ်ဆွဲယူကာ ရှိနေလေ၏။

နာရီကြီးသည် ၁၁ ချက်မြောက်အကြိမ်ကို ထိုးလေ၏။ ဖင့်နွဲ့လေးကန်လှသော နာရီသံမှာ သေမင်းခေါ်သံနှင့် တူတော့၏။ ဒေါ်ခင်မြင့်မြင့်သည် နာရီသံကို မကြားလိုသဖြင့် နားများကို လက်နှစ်ဖက်ဖြင့် ပိတ်ထား၏။ သို့သော် မကြားဘဲကား မနေရချေ။ ယင်းနာရီထိုးသံကြီးပင် မမြင်ရသော တန်ခိုးအာဏာကို မိမိ၏ကိုယ်တွင်းသို့ ယူဆောင်လာသည်ဟု ထင်မိ၏။ "ဘုရားသခင် ကယ်တော်မူပါ အို ...အို ဘယ်နည်းနဲ့မှ ငါမသောက်ဘူး၊ မသောက်ဘူး ... မသောက်ဘူး ... မသောက်ဘူး" ဟု ရေရွတ်လျက်ရှိသော်လည်း အသံများမှာတိမ်၍ လည်ချောင်းထဲ၌ပင် နစ်မြုပ်သွားခဲ့လေပြီ။ သို့နှင့်ပင် သူ၏လက်များသည် တစ်စုံတစ်ခုကို ရှာဖွေဟန်ဖြင့် လှုပ်ရှားလျက်ရှိနေ၏။ မကြာမီ လက်ထဲတွင် အိပ်ဆေးလုံး ကလေးတစ်လုံး ရောက်ရှိလာပြီးနောက် ချက်ချင်းလိုပင် လက်ထဲမှ ပျောက်သွားလေသည်။

ထိုအခါကား ဒေါ်ခင်မြင့်မြင့်သည် တစ်နာရီလျှင် မိုင် ၅၀၀ ကျော်မျှ ပျံသန်းနေသည့် အာကာသလေယာဉ်တစ်ခုပေါ်မှ လေယာဉ်နှင့်အတူ အောက်သို့ စိုက်ဆင်းထိုးကျသွားသကဲ့သို့ မှတ်ထင်လိုက်ရပြီးလျှင် တစ်ခါတည်း သတိလစ်၍သွားလေတော့၏။

*

ဒေါက်တာ တင်ထွန်းကား ရဲအရာရှိကား အလာကို စောင့်ဆိုင်းလျက်ရှိ၏။ လူနာ ရုတ်တရက် သေသွားက ဆရာဝန်အပေါ်တွင် တာဝန်ရှိ၍ နောက်ဆုံးကုသနေသော ဆရာဝန်ကို စစ်ဆေးရပေမည်။

http://www.cherrythitsar.org



တစ်နေ့လုံး မည်သူမျှပေါ်မလာချေ။ သို့နှင့် ညနေစောင်း ပြီးလျှင် ညဥ့်ဘက်သို့ ရောက်လာခဲ့၏။ အပြင်ဘက်ရှိ ကောင်းကင်မှာ အတော်အတန် သာယာလျက် မြင့်မားသော တိုက်ခေါင်မိုးများအပေါ်မှ လရောင်ကလေးများ ပင် ထွက်ပေါ်စ ပြုလာလေပြီ။

စားပွဲတင် တယ်လီဖုန်းကလေးမှ ခေါင်းလောင်းသံ ထွက်ပေါ်လာ လေသည်။ ဒေါက်တာ တင်ထွန်းသည် နားခွက်ကို ကောက်ယူ နားထောင် လိုက်၏။ တစ်ဖက်မှ ပြောလိုက်သော အသံမှာ ညင်သာပျော့ပျောင်းလေသည်။

(အသံ) "ဒေါက်တာ တင်ထွန်းပါလား ခင်ဗျာ"

(တင်) "ဟုတ်ပါတယ် ကျွန်တော်ပါပဲ"

(သံ) "အခုလို အချိန်မတော်ကြီး အနှောင့်အယှက်ပေးရတာ ဝမ်း နည်းပါတယ်။ ကျွန်တော်က ရဲမှူးအုန်းမောင်ပါ။ ဒါနဲ့ ဆရာမကြီး ဒေါ်ခင်မြင့်မြင့် ဆုံးတာ ကြားပြီ မဟုတ်လား"

(တင်) "ဟုတ်ကဲ့ ကြားပါပြီ။ ဆေးရုံက ကျွန်တော့်ဆီကို ဖုန်းဆက် ပြောလို့ သိရပါတယ်"

"သြော် သိပ်စိတ်မချမ်းသာ စရာကောင်းတဲ့ သတင်းပါပဲ ဒေါက် တာ။ ဒါထက် ဒေါက်တာကို ကျွန်တော် နည်းနည်းပါးပါး မေးစရာရှိလို့ပါ"

"ဟုတ်ကဲ့ မေးနိုင်ပါတယ် မေးပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ အိမ်ကို ခဏလောက် လာခဲ့စေချင် ပါတယ်"

"ဘယ်အိမ်လဲ ဦးအုန်းမောင် ... ဒေါ်ခင်မြင့်မြင့် အိမ်ပါလား"

"မှန်ပါတယ်"

"နို့ပေမဲ့ ဘာဖြစ်လို့"

"တစ်နာရီလောက် အတွင်းမှာပဲ ဆိုပါတော့။ ၁၁ နာရီခွဲပေါ့ ခင်ဗျာ"

တစ်ဖက်မှ တယ်လီဖုန်း လက်ကိုင်ချသံ ကြားလိုက်ရ၏။ ဒေါက် တာ တင်ထွန်းသည် မိမိလုပ်ခဲ့ပုံ စနစ်ကျမကျကို ပြန်လည်တွေးတောလျက် ရှိလေသည်။

၁၁ နာရီခွဲရန် ၅ မိနစ်အလို၌ ဒေါက်တာ တင်ထွန်းသည် သူ၏ ကိုယ်ပိုင်ကားကလေးဖြင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်မြင့် တိုက်ခန်းသို့ ရောက်ရှိလာခဲ့လေသည်။ အိမ်ရှေ့ဧည့်ခန်း ပက်လက် ကုလားထိုင်ပေါ်၌ကား အသားမဖြူမညို အရပ်ခပ်မြင့်မြင့် ကိုယ်လုံးကိုယ်ဖန် တောင့်တင်းသော အရပ် ဝတ်အရပ်စားနှင့် လူတစ်ယောက်ကို တွေ့ရ၏။ ထိုသူသည် ပြုံးရွှင်သော မျက်နှာဖြင့် ဒေါက်တာ တင်ထွန်းအား ဆီးကြိုနှုတ်ဆက်လေသည်။

"ဩော် ဒေါက်တာ တင်ထွန်း မှတ်တယ် ... ကြွပါ ခင်ဗျား ကြွပါ။ ကျွန်တော်က ကျောက်တံတားဌာနက ရဲမှူး ကိုအုန်းဖေပါပဲ။ အခုလို လာတာ ကျေးဇူးတင်ပါတယ် ခင်ဗျ"

ဒေါက်တာ တင်ထွန်းသည် ထိုသူအား မပြုံးတပြုံး ကြည့်လိုက်ပြီးနောက် ၎င်း၏သပ်ရပ်စွာ ဝတ်စားဆင်ယင်ပုံကို လည်းကောင်း၊ စပို့ရှပ်အတွင်းမှ ကားထွက်လျက်ရှိသော ရင်အုပ်ကျယ်ကြီးကို လည်းကောင်း မသိမသာ အကဲခတ်လိုက်လေသည်။ ရဲအရာရှိကြီးတစ်ဦးပင် ဖြစ်သော်လည်း သူ၏မျက်နှာနှင့် ဟန်ပန်အမူအရာတို့မှာ နူးညံ့ပြေပြစ် လှပေသည်။

ဒေါက်တာတင်ထွန်းသည် ဧည့်ခန်းရှိ ကုလားထိုင် တစ်လုံးပေါ်တွင် ထိုင်လိုက်ပြီးနောက် –

"လာတာတော့ ဟုတ်ပါတယ် ဦးအုန်းမောင်။ ကျွန်တော်လည်း ကျွန်တော် ကူညီနိုင်တဲ့ဘက်က ကူညီပါ့မယ်။ ဒါပေမဲ့ ခင်ဗျား ဒီနေရာကြီးမှာ လာချိန်းတာ၊ ပြီးတော့ အချိန်ကလည်း ညဉ့်နက်သန်းခေါင်"

ရဲမှူးဦးအုန်းမောင်သည် ကုလားထိုင်ပေါ်တွင် ထိုင်ကာ သူ၏ ရှေ့ရှိ စားပွဲပေါ်သို့ အိတ်ဆောင် မှတ်တမ်းစာအုပ်ကလေး တစ်အုပ်ကို ထုတ်ယူ၍ ချထားလိုက်၏။ ထို့နောက် စာအုပ်ကလေးကို ဖွင့်ပြီးလျှင် ဒေါက်တာ တင်ထွန်းဘက်သို့ လှည့်၍ "ကျွန်တော် နည်းနည်းပါးပါး မေးပါရစေခင်ဗျာ"

"ကောင်းပါပြီ ခင်ဗျာ"

ဦးအုန်းမောင်သည် မှတ်တမ်းစာအုပ်ကလေးကို ဖွင့်ကာ စာမျက်နှာ တစ်ခုပေါ်တွင် ခဲတံဖြင့် မျဉ်းဖြောင့်တစ်ခု ရေးဆွဲလိုက်၏။

အပြင်တွင် လေအနည်းငယ် တိုက်ခတ်နေသည်မှတစ်ပါး အခန်း တစ်ခုလုံးသည် ငြိမ်သက်လျက်ရှိ၏။ ရာသီဥတုသည် အတန်ငယ် အေးလာလျက် ငြိမ်သက်ခြင်းကို ပို၍ ငြိမ်သက်စေသည်ဖြစ်ရာ တိုင်ကပ်နာရီကြီးသည်သာ တဒက်ဒက် လှုပ်ရှားသွားလာလျက်ရှိလေသည်။

ဦးအုန်းမောင်က ဦးခေါင်းကို မော်လိုက်ပြီးနောက် –

"ခင်ဗျား ဒေါ်ခင်မြင့်မြင့်ကို မနေ့ညက နောက်ဆုံးတွေ့ရတယ်နော်"

"ဟုတ်ပါတယ်၊ အဲဒီတုန်းက သူဘာမှမဖြစ်ဘူး မဟုတ်လား"

"မဖြစ်ပါဘူး၊ ကောင်းကောင်းမွန်မွန်ပါပဲ၊ ဒီတော့ သူ့ကို ခင်ဗျား အိပ်ဆေးလုံးကလေးတွေ ပေးတယ်"

"ဟုတ်ပါတယ်"

"၁၂ လုံး ... ဟုတ်စ"

ဦးတင်ထွန်းက မျက်နှာလွှဲလျက် . . .

http://www.cherrythitsar.org



"ဟုတ်ပါတယ်၊ ခင်ဗျား ဘယ်နှယ့် လုပ်သိသလဲ။ သြော် သေတ္တာပေါ်မှာ ဆေးတိုက် နာမည်ပါလို့ ခင်ဗျား ကြည့်ပြီးပြီနော်"

"ဟုတ်ကဲ့ ... ကျွန်တော် စစ်ဆေးပြီးပါပြီ"

ရဲမှူးဦးအုန်းမောင်သည် ခြေနှစ်ဖက်ကို လိမ်လိုက်ပြီးလျှင် "ဒါဟာ သိပ်ပြီးတော့ လိုအပ်လှလို့တော့ မဟုတ်ပါဘူး" ဟု တစ်ကိုယ်တည်း ပြောသကဲ့သို့ ရေရွတ်လျက်ရှိလေ၏။ သူသည် မှတ်တမ်းစာအုပ်ပေါ်တွင် ယခင်က ဆွဲထားသော မျဉ်းဖြောင့်ကို အခြားမျဉ်းဖြောင့်တစ်ခုဖြင့် ဖြတ်လိုက်ပြီးလျှင် ယင်းမျဉ်းကြောင်း နှစ်ကြောင်း တွေ့ဆုံသည့် နေရာတွင် စက်ဝိုင်းကလေးတစ်ခု ဝိုင်းလိုက်၏။ ယင်းစက်ဝိုင်းတို့မှာ ခပ်လျားလျားရှိ၍ မျက်လုံးနှင့်ပင် ပုံသဏ္ဍာန်တူတော့၏။ ထို့နောက် –

"ခင်ဗျားဟာ စိတ်ညို့တတ်တယ်နော် ဒေါက်တာ"

"ဟုတ်ပါတယ်၊ ဆေးပညာနဲ့ ပတ်သက်လို့ ညို့တတ်တာပါ"

"ဒေါ်ခင်မြင့်မြင့်မှာ အာရုံကြောနဲ့ ပတ်သက်တဲ့ဝေဒနာရှိနေလို့ ဒေါက်တာက ကုနေရတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်လောက်ကြာပြီလဲ"

"သုံးလရှိပြီ ဆိုပါတော့ ခင်ဗျား၊ လေးလနီးပါး"

ရဲမှူးဦးအုန်းမောင်သည် သူ၏စာအုပ်ပေါ်တွင် ဆွဲထားသော ကြက်၏မျက်လုံးနှင့်တူသည် စက်ဝိုင်းကလေးများ အောက်သို့ မျဉ်းဖြောင့်တစ်ကြောင်း ဆွဲပြီးလျှင် ယင်းကို အခြားမျဉ်းဖြောင့် တစ်ကြောင်းဖြင့် ကန့်လန့်ဖြတ်လိုက်လေသည်။

"လေးလ ဟုတ်လား၊ ဒီလောက်ကြာတော့ တစ်ယောက်နဲ့တစ်ယောက် အင်မတန် ခင်ခင်မင်မင်ရှိနေကြရောပေါ့"

"ဟုတ်ပါတယ်၊ ဒီလိုပဲ ဆိုပါတော့"

"အင်မတန်ပဲ ရင်းနှီးကြတယ်"

နောက်အသံမှာ မေးခွန်းသက်သက်တစ်ခု မဟုတ်ပေ။ ရဲအရာရှိက သာမန်တီးတိုး ညည်းညူလိုက်ခြင်း ဖြစ်လေသည်။ သို့သော် အမေးခံရသူက ဖြေရန်ဖြစ်လာတော့၏။ ဆက်လက် စကားမပြောဘဲ ငြိမ်သက်စွာ ရှိနေကြခြင်းသည်ပင် ဒေါက်တာတင်ထွန်း၏အတွင်းစိတ်အား ဖြေကြားရန် တိုက်တွန်းလျက် ရှိလေသည်။ သို့နှင့် ဒေါက်တာတင်ထွန်းက အသံခပ်ပြတ်ပြတ်နှင့် –

"ခင်ဗျား ဘယ်လိုပြောတာလဲ၊ ဘာကိုဆိုလိုသလဲ"

http://www.cherrythitsar.org



ဦးအုန်းမောင်သည် တစ်စုံတစ်ရာပြန်၍ မပြောဘဲ နောက်ဆုံး ဆွဲထားသည့် မျဉ်းဖြောင့် နှစ်ကြောင်းဆုံရာ၌ စက်ဝိုင်းကလေးများ ဝိုင်း၍ နေလေသည်။ ထို့နောက် ဒေါက်တာ တင်ထွန်းဘက်သို့ မလှည့်ဘဲ –

"ဒါထက် ခင်ဗျား၊ ဒေါ်ခင်မြင့်မြင့်ရဲ့ အသက်အာမခံ စာချုပ် အကြောင်း သိသလား"

"နေပါဦး ခင်ဗျား ဘာတွေလျှောက်ပြီ ..."

"ကျုပ်မေးတဲ့ မေးခွန်းသာ ဖြေပါလေ"

ရဲမှူးဦးအုန်းမောင်၏ မျက်လုံးများမှာ ယခင်ကထက် တောက်ပလာသကဲ့သို့ ထင်ရ၏။ ယင်းတို့သည် ဒေါက်တာ တင်ထွန်းအား စေ့စေ့ကြည့်လျက် သူ၏ကိုယ်ကြီးကို မမြင်ရဘဲ အခြားဘက်သို့ ထုတ်ချင်းခတ်ပေါက်ရောက်သွားသကဲ့သို့ ထင်မှတ်ရ၏။ မျက်လုံးများ၏ အသွေးအရောင်မှာလည်း အေးစက်စက် အမူအရာ ပေါ်လွင်လျက်ရှိလေသည်။

"ခင်ဗျား ပြောတာတွေ ကျုပ်ခုထက်ထိ နားမလည် ..."

စကားမဆုံးမီ ဦးအုန်းမောင်က –

"မဟုတ်ဘူး ဒေါက်တာ၊ ခင်ဗျားကို ကျုပ်အခု ဒေါက်တာလို့ ခေါ်နေတယ်နော်"

ဦးအုန်းမောင်သည် ဒေါက်တာတင်ထွန်း၏ မျက်လုံးများကို စူးစူးစိုက်စိုက် ကြည့်ရှုလိုက်၏။ သူ၏စူးရှသော ကြည့်ရှုပုံမှာ ဒေါက်တာ တင်ထွန်း မဖြေလိုသော မေးခွန်းကို ဖြေကြားရန် အတင်းအကြပ် တိုက်တွန်းနေသကဲ့သို့ ရှိတော့၏။

သို့နှင့် ဒေါက်တာ တင်ထွန်းမှာ ပြန်၍မမေးဘဲ မနေနိုင်တော့ချေ။

"နေပါဦး ... ခင်ဗျားက ကျုပ်ကို ဒေါက်တာလို့ ဘာဖြစ်လို့ မခေါ်ဘဲ နေရမှာလဲ"

"ခင်ဗျား ဆရာဝန်မှ မဟုတ်တော့ဘဲ၊ ရေကျော်က အဆိပ်ခပ်မှုတစ်ခုနဲ့ ပတ်သက်ပြီး ခင်ဗျားကို စစ်ဆေးစုံစမ်းပြီးတဲ့နောက် အရင်လတည်းက ခင်ဗျားလိုင်စင်ကို ဖြုတ်ချထားလိုက်တယ်။ အဲဒီအမှုအတွက် လိုင်စင်ပြန်ရအောင် ခင်ဗျား အယူခံနေတုန်းပဲ မဟုတ်လား၊ ကိုင်း ဒီတော့ ပြောစမ်းပါ ဦးတင်ထွန်း၊ အခု ဒေါ်ခင်မြင့်မြင့် သေတာဟာ သူ့ကိုယ်ကိုသူ သတ်သေတယ်လို့ ခင်ဗျား ယုံကြည်သလား"

"နေပါဦး ... ဘာဖြစ်လို့ ခင်ဗျားက မတော်တဆ ဖြစ်တဲ့အမှုလို့ ထင်ရတာလဲ"

http://www.cherrythitsar.org



သို့ပင်ပြန်၍ ပြောဆိုရသော်လည်း ဦးတင်ထွန်း၏ အတွင်းစိတ်မှာမူ တုန်လှုပ်ချောက်ချား သွားသကဲ့သို့ ရှိပြီးလျှင် မည်သည့်အဖြေကို ဦးအုန်းမောင် အလိုရှိကြောင်းသိသည်နှင့် "ဒါဟာ မတော်တဆဖြစ်တယ်လို့ ခင်ဗျား ထင်လို့လား" ဟု ယခင်ကထက် လေးနက်အောင်မြင်သော အသံဖြင့် ထပ်မံမေးလိုက်ပြန်လေသည်။

ရဲမှူးဦးအုန်းမောင်က တစ်စုံတစ်ရာ ပြန်၍အဖြေမပေးချေ။ သို့သော် သူသည် ဒုတိယစက်ဝိုင်းကို ပတ်ပြီးလျှင် မျက်လုံးပုံတတိယ စက်ဝိုင်းတစ်ခုကို ရေးဆွဲလျက် ရှိနေပြန်လေသည်။ ထို့နောက် ဦးတင်ထွန်းအား . . .

"စိတ်ညှို့တဲ့ဆရာဟာ လူသတ်မှုကို ကျူးလွန်နိုင်တယ်လို့ ခင်ဗျားထင်သလား"

ယင်းမေးခွန်းသည် ဦးတင်ထွန်းအား လျှပ်စစ်ဓာတ်ဖြင့် တို့လိုက်ဘိသကဲ့သို့ပင် ရှိတော့၏။ ရုတ်တရက် ဖြေရန် အဖြေမရဘဲ ပါးစပ်ထဲတွင် ပေါ်လာသမျှစကားလုံးများကို စပ်ဟပ်ကာ

"ဒီမှာ ... ကျုပ် ဒေါ်ခင်မြင့်မြင့်ကို မသတ်ဘူးဆိုတာ ယုံပါတော့ ဦးအုန်းမောင်"

"ထားပါတော့ ... နို့ပေမဲ့ ခင်ဗျား သတ်မယ်ဆို သတ်နိုင်တယ်"

"ကျုပ်စိတ်တောင် မကူးပါဘူး ဦးအုန်းမောင်"

"ဒါဖြင့်ရင် ခင်ဗျားအတွက် ကျုပ်က စိတ်ကူးပေးမယ်"

"နေပါဦး၊ ဒါက ဘယ်လိုသက်ဆိုင်လို့လဲ"

"ဒါတော့ ကြည့်ရသေးတာပေါ့လေ။ ဒီလိုဆိုရင်ကော ဒီလောက်ဆေးကုပြီး လပေါင်းအတော်ကြာ သူနဲ့ပွန်းပွန်းတီးတီး အရောတဝင် ဖြစ်လာတော့ ခင်ဗျားဟာ သူ့စိတ်ကို ညှို့နိုင်မယ့် အခြေအနေရောက်နေတယ် . . ဆိုပါတော့ဗျာ၊ သူအိပ်ရာက နိုးတဲ့အခါ အချိန်က ည ၁၂ နာရီဆိုပါတော့၊ ခင်ဗျား ပြောထားရင်လေ ..."

"ဘာဖြစ်လို့ ၁၂ နာရီဖြစ်ရမှာလဲဗျ"

ဦးတင်ထွန်း၏ ပြောင်လှောင်သည့် အမူအရာဖြင့် ပြောလိုက်ဟန်တူသော်လည်း ၎င်း၏အသံမှာ တုန်တုန်ယင်ယင် ရှိနေလေသည်။

"ဘာဖြစ်လို့ရမှာလဲ ... ဒေါ်ခင်မြင့်မြင့်ရဲ့ စိတ်ထဲမှာ အချိန်တစ်ခုခုတော့ စွဲနေအောင် ခင်ဗျားလုပ်ထားမယ်"

"ပြောပါလေ ... ဆက်ပြောစမ်းပါဦး"

"ဒါပါပဲ၊ ခင်ဗျားဟာ ဒေါ်ခင်မြင့်မြင့် သတိလစ်နေတုန်း ညသန်းခေါင်မှာ အိပ်ဆေးလုံးကလေးတွေမျိုဖို့ ခင်ဗျားပြောထားရမယ်။မျိုဖို့ဆိုတာ

လည်း အညွှန်းထက်ပိုပြီး မျိုဖို့ပေါ့ဗျာ၊ အဲဒီတော့ လူနာကလည်း မျိုပါလေရော၊ ပြီးတော့ သူ နိုးလာပြီးတဲ့နောက် ဘာတစ်ခုမှ သတိမရဖို့ ခင်ဗျား ပြောထားရမယ်။ ဒါမှလည်း သူတစ်ခုခုဖြစ်ရင် ခင်ဗျားအပေါ်မှာ မစွဲနိုင်ဘူးပေါ့ဗျာ၊ အင်းသပ်ရပ်ပါပေ့၊ တကယ်လုံခြုံတဲ့ အမှုကလေးပဲဗျို့"

တိုင်ကပ်နာရီကြီးမှ တချက်ချက်မြည်သံသည် ယခင်ကထက် ကျယ်လောင်လာသည်ဟု ထင်ရ၏။ ဦးအုန်းမောင်သည် စောင့်ဆိုင်းလျက်ရှိရာ ယင်းသို့ စောင့်ဆိုင်းနေခြင်းသည်ပင် ဒေါက်တာ တင်ထွန်းအား အဖြေပေးရန် စိတ်ဓာတ်အားဖြင့် တိုက်တွန်းနေသကဲ့သို့ ရှိတော့၏။

သို့နှင့် ဒေါက်တာတင်ထွန်းသည် အခြားရွေးချယ်ရန် နည်းလမ်း မရှိတော့ဘဲ "လုံခြုံတဲ့ အမှုဟုတ်စ ..." ဟု ပြန်၍မေးလိုက်လေသည်။

ဦးအုန်းမောင်က ဦးခေါင်းကို ညိတ်လျက် –

"ဟုတ်တယ် ... ဒီဟာတွင် ဘယ်ကမလဲ စိတ်ဝင်စားစရာလည်း ကောင်းတဲ့အမှုပဲ၊ စိတ်ညှို့ဆရာတစ်ယောက်ကို မေးကြည့်ဖူးတယ်။ သူ ပြောတာက လူတစ်ယောက် စိတ်ညှို့ထားတုန်း ပြောတာဟာ သတိမရဘူးတဲ့၊ သို့သော် တစ်ခုတော့ရှိတယ်"

"ပြောစမ်းပါဦး"

ဦးအုန်းမောင်သည် စာရွက်ကို လှန်လိုက်ပြီးလျှင် စက်ဝိုင်းအသစ် တစ်ခု ရေးဆွဲလျက်ရှိ၏။ ထို့နောက် သူသည် စက်ဝိုင်းကို ပတ်ကာ ကြိုးကွင်း ကလေးများ ကွေ့ကောက်ဆွဲလျက်ရှိ၏။ ထို့နောက် "သူ မသေခင် ကယောင် ကတမ်း ဖြစ်နေရင် ဆိုပါတော့ ..."

ဒေါက်တာတင်ထွန်းသည် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ပြီးလျှင် စီးကရက်တစ်လိပ်ကို မီးညှိ၍ သောက်လိုက်၏။ သူ၏လက်များမှာ ငြိမ်သက်စွာရှိလျက် လက်ဖျားကို မီးလောင်ရန် နီးနေသည့်အချိန်မှ မီးခြစ်ဆံကို လွှင့်ပစ်လိုက်လေသည်။ သို့ရှိစဉ် ... "မေးစရာများ ရှိသေးသလား ဦးတင်ထွန်း" ဟု ရဲမှူး ဦးအုန်းမောင်၏အသံကို ကြားလိုက်ရလေသည်။

ဒေါက်တာတင်ထွန်းတွင် မေးရန်မေးခွန်းတစ်ခု ရှိ၏။ သူသည် ထို မေးခွန်းကို မမေးလိုလှပေ။ အဘယ့်ကြောင့်ဆိုသော် ထိုမေးခွန်း၏ အဖြေကို သူသိပြီးဖြစ်၏။ သို့သော် မိမိလိပ်ပြာကို မလုံလှဘဲ မမေးချင့် မေးချင်နှင့် မေးလိုက်ရလေသည်။

(တင်) "ဒေါ်ခင်မြင့်မြင့်ဟာ ကယောင်ချောက်ချား ဖြစ်သေးသလား"

(အုန်း) "ဖြစ်တာပေါ့"

ဒေါက်တာတင်ထွန်းသည် ဦးခေါင်းကို ငုံ့လိုက်၏။ သူ့အား မမေး

http://www.cherrythitsar.org



မနေရအောင် အကျပ်ကိုင်သဖြင့် ထုတ်ရသော မေးခွန်းများမှာ နောက်မေးမည့် မေးခွန်းကို မေးရန် ဖြစ်ပေါ်လာတော့၏။ နောက်မေးသည့် မေးခွန်းသည်ကား မိမိအပေါ်တွင် အမှုပတ်မည့်မေးခွန်းပင်ဖြစ်လေသည်။

(တင်) "ဒီတော့ သူက ဘာပြောသလဲ"

(အုန်း) "များများတော့ မဟုတ်ဘူး ဒီမှာရှိတယ်"

ဦးအုန်းမောင်သည် မှတ်တမ်းစာအုပ်မှ ကြောင်ခြစ်သကဲ့သို့ ရေးခြစ်ထားသည့် မျဉ်းကြောင်းစက်ဝိုင်းများရှိသော စာရွက်ကို လှန်လိုက်ပြီးလျှင် ပီသကောင်းမွန်သော လက်ရေးဖြင့် ရေးထားသော စာတစ်ကြောင်းကို ပြပြီးနောက် –

"ဒီမှာဗျ၊ မိန်းမကြီးဟာ ဆေးလုံးကလေး ၁၂ လုံးအကြောင်းကို ရောက်တတ်ရာရာ ပြောပြီး သေတ္တာကလေးပေါ်မှာ သုံးလုံးပဲ ရေးထားတဲ့ အကြောင်းကိုချည်း ထပ်တလဲလဲ ပြောနေတော့တာပဲ"

"ဒါပဲလား"

"ဒါပဲ"

ဒေါက်တာတင်ထွန်းသည် အတန်ငယ်ပြုံးပြီးနောက် –

"ဒါဟာ ကျွန်တော့်အပေါ်မှာ အမှုပတ်တယ်လို့ ထင်လောက်သလား ဦးအုန်းမောင် ..."

"ခင်ဗျားကော မထင်ဘူးလား"

"အတိအလင်း ဖြေရမယ်ဆိုရင် မထင်ဘူး"

"ဒါဟာ ခင်ဗျားက မိန်းမကြီးကို စိတ်ညှို့ထားပြီး ညဥ့်သန်းခေါင်ယံ ၁၂ နာရီထိုးတဲ့ အချိန်မှာ တိုင်ကပ်နာရီကြီးက တစ်ချက်ထိုးတိုင်း ဆေးတစ်လုံးစီ မျိုဖို့ပြောထားတယ်။ ဒီနည်းနဲ့ ခင်ဗျား သူ့ကို သတ်လိုက်တယ်လို့ ထင်စရာ အကြောင်း မဖြစ်ဘူးလား"

"နို့ပေမဲ့ ဦးအုန်းမောင် ... ခင်ဗျား ထင်ရှားအောင် သက်သေပြဖို့ လိုပါတယ်ဗျာ"

ရဲမှူး ဦးအုန်းမောင်သည် သူ၏ အင်္ကျီအိတ်ထဲသို့ နှိုက်လိုက်ကာ ကတ်ထူသေတ္တာ အဖြူကလေးတစ်လုံးကို ထုတ်ယူလိုက်၏။ ထို့နောက် သူသည် အတွင်းဘက်ကို ဦးတင်ထွန်း မြင်နိုင်စေရန် အဖုံးကို ဖွင့်လိုက်၏။ ဒေါက်တာ တင်ထွန်းသည် သေတ္တာကလေးအတွင်းသို့ ကြည့်ကာ "အောင်မယ် ဆေးလုံးတစ်လုံး ကျန်နေပါသေးသလားဗျို့" ဟု အံ့ဩစွာ ဟစ်အော်လိုက်လေသည်။

http://www.cherrythitsar.org



(အုန်း) "ဟုတ်တာပေါ့ မိန်းမကြီးက ၁၁ လုံးပဲ စားတယ်"

(တင်) "ဒါဖြင့် နာရီထိုးတဲ့ အချက်ရေနဲ့ ခင်ဗျားက ကိုက်ပြီး ပြောတာ မှားတာပေါ့။ ကဲ ဦးအုန်းမောင် ညဥ့်လည်း အတော်နက်ပြီဗျာ၊ နက်ဖြန်မနက် စောစော ကျုပ်မှာ လုပ်ရမယ့် အလုပ်တွေက ရှိပါသေးတယ်"

သို့ပြောဆိုရင်း ဒေါက်တာ တင်ထွန်းသည် ကုလားထိုင်မှ ထလိုက်၏။

ရဲမှူးဦးအုန်းမောင်ကလည်း လိုက်၍ထလိုက်ပြီးနောက် ဒေါက်တာ တင်ထွန်း၏လက်ကို ဆုပ်ကိုင်လိုက်ပြီးလျှင် –

"ကိုင်း . . ဒါဖြင့် ကျုပ်တို့အတူ သွားကြမယ်လေ၊ ခင်ဗျား ပြောတဲ့အတိုင်း ညဥ့်အတော်နက်ပြီ ၁၂ နာရီတောင်ထိုးတော့မယ်"

ဦးအုန်းမောင်သည် ဒေါက်တာ တင်ထွန်းအား နာရီကြီးဘက်သို့ လှည့်စေပြီးလျှင် "ဩော် ဒါထက် ဒီနာရီကြီး ၁၂ နာရီတီးတဲ့အချိန် ဒေါက်တာ မရောက်ဖူးဘူးနော်"

"ဟုတ်ကဲ့ မရောက်ဖူးပါဘူး"

"ဟုတ်ပါတယ်လေ ကျုပ်သိပါတယ်။ ကြည့်စမ်း ဒေါက်တာ နာရီကြီးက နာရီအိုကြီးဗျ၊ နှစ်ပေါင်း ၅၀ ထက်မနည်းဘူး။ နို့ပေမဲ့ အချိန်ကတော့ မှန်သေးတယ်"

လူနှစ်ယောက်တို့သည် နာရီသံကို နားစွင့်လျက်ရှိ၏။

ဒေါက်တာ တင်ထွန်းသည် နာရီအိုကြီး၏ တစ်ချက်ချက် မြည်သံကို နားထောင်လျက်ရှိရာမှ ထိုးခါနီးတွင် နာရီဝမ်းခေါင်း အတွင်းဆီမှ ထိုးရန် အားယူသည့် တစီစီမြည်သော သံပတ်လှုပ်ရှားသံကို ကြားလိုက်ရ၏။ ယင်းအသံနှင့်အတူ ဦးအုန်းမောင်က ဆက်၍ပြောကာ –

"နို့ပေမဲ့ နာရီကြီးက ထိုး တာမှားနေတယ် ဒေါက်တာရဲ့၊ ကဲ ... နားထောင်စမ်း"

ဒေါက်တာ တင်ထွန်းသည် နားထောင်ရင်း နာရီသံကို ရေတွက်လျက်ရှိရာ ဦးအုန်းမောင်ကလည်း သူနှင့်အတူလိုက်၍ ရေတွက်လျက်ရှိ၏။ နာရီကြီးသည် လေးကန်ဖင့်နွဲ့စွာ ၁၁ ချက်ထိုးပြီးနောက် ရပ်သွားလေသည်။

(တင်) "အလို ၁၁ ချက်တည်းပါကလား"

(အုန်း) "ဟုတ်တာပေါ့၊ ဒါကြောင့်လည်း မိန်းမကြီးဟာ ၁၁ လုံးတည်း စားမိလို့ အခုဒီမှာ တစ်လုံးကျန်နေတာပေါ့၊ ဘယ့်နှယ်လဲ ကျုပ်ပြောတာ သဘောပေါက်ပြီ မဟုတ်လား"

http://www.cherrythitsar.org



ဒေါက်တာ တင်ထွန်းသည် တစ်စုံတစ်ရာ ပြန်၍ဆင်ခြေ မပေးတော့ချေ။ ဦးခေါင်းကိုသာ ငိုက်စိုက်ချလျက်ရှိလေသည်။

"ကိုင်း . . ဦးတင်ထွန်း ကျုပ်နဲ့လိုက်ခဲ့ပေတော့"

"ဘယ်ကိုလဲဗျ ..."

ဦးအုန်းမောင်က အိတ်ထဲမှ သေနတ်ကို ထုတ်လိုက်ပြီးနောက် –

"ဘားလမ်းအချုပ်ကို ..."

❖

# အနာဂတ်ယာဉ်ခရီးသည်

ပါမောက္ခဆရာကြီး ဦးသာဒွန်းဇံသည် အလုပ်လျှောက်ထားသူ လူရွယ်အား ခြေဆုံးခေါင်းဆုံး ကြည့်ကာ အကဲခတ်လျက် ရှိလေ၏။ လူရွယ်မှာ အသက်အစိတ်ခန့်မျှသာ ရှိသည်ဟု ခန့်မှန်းရ၍ ကိုယ်လုံးကိုယ်ဖန် ကြံ့ခိုင် တောင့်တင်းပြီးလျှင် မျက်နှာပေါက်မှာလည်း အတော် ပြေပြစ်သူတစ်ယောက် ဖြစ်လေသည်။

လူရွယ်မှာ ချည်လုံချည် တစ်ပတ်ရစ်နှင့် တိုက်ပုံအင်္ကျီအနက်ကို ဝတ်ထား၍ အောက်ခံရှပ်အင်္ကျီအဖြူမှာ လည်ကုပ်တွင် အတန်ငယ် စုတ်နေ၏။ အဝတ်အစားများမှာ စင်ကြယ်ပြီးလျှင် သပ်ရပ်စွာ ရှိနေလေသည်။ သူ၏ လက်တွင် စာအိတ်တစ်လုံးနှင့် အင်္ဂလိပ်သတင်းစာ တစ်စောင်ကို ကိုင်ထား၏။

ဆရာကြီးသည် သားရေနောက်မှီ ကုလားထိုင်နှင့် ထိုင်လျက်ရှိ ရာမှ ကိုယ်ကို မတ်မတ်ပြင်၍ ထိုင်လိုက်လေသည်။

"ဆရာ ပေးတဲ့ စာရတယ် မဟုတ်လား"

"ရပါတယ် ဆရာကြီး"

"မောင့်နာမည်က မောင်စောမြင့် မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ"

"အသက်"

"၂၈နှစ်"

"ပညာအရည်အချင်း ပြောစမ်းပါဦး"

http://www.cherrythitsar.org



"ဆယ်တန်းအောင်ခဲ့ပါတယ်"

"အလုပ်ကကော"

"အလုပ်တော့ မည်မည်ရရ မရှိပါဘူး ဆရာကြီး၊ တော်သလို ပေးတဲ့ လုပ်အားပေးတဲ့ အလုပ်ပဲ လုပ်နေရပါတယ်"

"ဘာဖြစ်လို့ ကျောင်းဆက်မနေသလဲ"

"ကျွန်တော့်အိမ်က ဆက်ပြီး မထားနိုင်လို့ပါ ဆရာကြီး၊ ပြီးတော့ ကျွန်တော် ၁၀ တန်းအောင်ပြီး နောက်တစ်နှစ်မှာပဲ အဖေဆုံးသွားလို့ မိခင်ကြီးကို လုပ်ကျွေး ပြုစုနေရပါတယ်"

"အားကစားကော ဝါသနာပါသလား"

"ပါ ပါတယ်ခင်ဗျာ၊ အလျားခုန်နဲ့ မာရသွန်ပြေးပွဲတွေမှာ ဆုရဖူးပါတယ်။ အလေးလည်း မ, ပါတယ်"

"ကြိုက်ပြီ၊ ကြိုက်ပြီ၊ ဒါထက် ကျုပ်ကြော်ငြာကို သေသေချာချာ ဖတ်ပြီးပြီလား"

"ပြီးပါပြီ ခင်ဗျာ"

"နားကောလည်ရဲ့လား"

"လည်ပါတယ် ဆရာကြီး"

"လည်ရင် မြန်မာလို ပြန်ပြစမ်းပါဦး"

မောင်စောမြင့်သည် အောက်ပါအတိုင်း မြန်မာဘာသာသို့ ပြန်ပြလေသည်။

ကျန်းမာသန်စွမ်း၍ စွန့်စွန့်စားစား လုပ်ကိုင်လိုသော လူရွယ်တစ်ယောက် အလိုရှိသည်။ အလုပ်မှာ ပင်ပန်းကြီးစွာ လုပ်ရမည့်အလုပ် မဟုတ်။ သို့သော် အကြောင်းရှိက အသက်ကိုပင် စွန့်ဝံ့ရမည်။ အခ ကြေးငွေကိုမူ လျှောက်ထားသူ ကျေနပ်လောက်အောင်ပေးမည်။ အောက်ပါလိပ်စာအတိုင်း ယခုကြော်ငြာပါသည့် နေ့မှ သုံးရက်အတွင်း လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

ပါမောက္ခ ဦးသာဒွန်းဇံ

ဒေါနမြိုင်

ခြံအမှတ် ( ) တံတားကလေးစာတိုက်

ရန်ကုန်

ဆရာကြီးသည် မောင်စောမြင့် ဘာသာပြန်ချက်ကို သဘောကျသည့် ဟန်ဖြင့် ဦးခေါင်းကို ညိတ်လိုက်လေသည်။

"ဆရာကြီးကို ကျွန်တော် တစ်ခုမေးပါရစေခင်ဗျာ"

http://www.cherrythitsar.org



"မေးပါ မေးပါ"

"စွန့်စွန့်စားစား လုပ်ရမယ့် အလုပ်ဆိုတာနဲ့၊ ပြီးတော့ အကြောင်းရှိရင် အသက်သေသည်အထိ စွန့်ဝံ့ရမယ်ဆိုတာ ဘယ်လို အလုပ်မျိုးပါလဲ ဆရာကြီး"

"ပြောရမယ်ပေါ့လေ၊ ဒါက အရေးအကြီးဆုံး အချက်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်နားလည်ပြီး မောင်ကိုယ်တိုင် သဘောတူမှ အလုပ်ဖြစ်မှာကိုး၊ ဒီလို ရှိတယ် မောင်စောမြင့်၊ အခုခေတ်ဟာ သိပ္ပံခေတ်ဆိုတာ မောင်လည်း သိပြီးသားပဲ။ အစစအရာရာ တိုးတက်နေတယ်။ ကျုပ်တို့ အစိုးရကလည်း စက်မှုပညာကို အထူးအားပေးနေတယ်။ ဒီတော့ ကျုပ်တို့အားလုံးဟာ နိုင်ငံရဲ့ အကျိုးစီးပွားအတွက် အစစအရာရာ ကြံစည် လုပ်ကိုင်နေကြရတယ်။ နိုင်ငံခြားမှာ ဖြစ်သမျှ စက်မှုပညာနဲ့ ပတ်သက်လာရင် ကျုပ်တို့ နိုင်ငံကလည်း အားကျမခံ လုပ်ကိုင်နေကြတယ် ဆိုတာ မောင်စောမြင့် အသိပဲ မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"နောက်ဆုံး ကျုပ်တို့လူသားတွေ ဘယ်တော့မှ မရောက်နိုင်ဘူးဆိုတဲ့ လကမ္ဘာကိုတောင် လူသားတစ်ယောက်အနေနဲ့ အမေရိကန်က ခြေချနိုင်ခဲ့ပြီမဟုတ်လား၊ အခုခေတ်ဟာ ဂြိုဟ်တုခေတ်၊ အဏုမြူခေတ်၊ ဒုံးပျံခေတ်လို့ ခေါ်ရမယ် မဟုတ်လား"

"ဆရာကြီး ပြောတာ မှန်ပါတယ်"

"ဒါဖြင့် အာကာသကို သူတို့ ဘာနဲ့ ခရီးသွားကြသလဲ"

"အာကာသယာဉ်နဲ့ သွားပါတယ် ဆရာကြီး"

"ဒီတော့ အာကာသယာဉ်ဟာ ဘာကိုဖြတ်သွားရသလဲ"

"လေဟာပြင်ကို ဖြတ်သွားရပါတယ် ဆရာကြီး"

"မှန်တယ် မောင်စောမြင့်၊ အင်မတန် ဝေးတဲ့ခရီးကို ယာဉ်နဲ့ ဖြတ်သွားနိုင်ရင် ဆရာတို့ရဲ့ ရှေ့အင်မတန် ဝေးတဲ့ အနာဂတ်ကာလကို ရောက်အောင် သွားနိုင်တဲ့ ယာဉ်လည်း ရှိနိုင်ရမယ် မဟုတ်လား"

"ကျွန်တော် ကောင်းကောင်း နားမလည်ပါဘူး ဆရာကြီး"

"ဒီလိုကွယ့် ... မင်းနားလည်အောင် ပြောရရင် 'Space' ဆိုတဲ့ လေဟာပြင်ခရီးလမ်းကို ဖြတ်သွားနိုင်ရင် 'Time' ဆိုတဲ့ အချိန်ကာလကိုလည်း ဖြတ်ပြီး အနာဂတ်ကိုသွားနိုင်တဲ့ ယာဉ်မျိုးလည်း လုပ်လို့ ဖြစ်နိုင်ရမယ်ပေါ့"

"ဟုတ်ကဲ့ ကျွန်တော် သိပါပြီ။ ကျွန်တော်တို့ မရောက်သေးတဲ့ အချိန်ကာလကို မြန်မြန်ရောက်အောင် သွားနိုင်တဲ့ ယာဉ်မျိုးကို ဆိုလိုတာ မဟုတ်လား ဆရာကြီး"

http://www.cherrythitsar.org


"ဟုတ်လိုက်လေကွယ်၊ မှန်လိုက်လေ၊ အဲဒီယာဉ်မျိုးကို ဆရာကြီး လုပ်လို့ အောင်မြင်နေပြီ မောင်စောမြင့်၊ ပြောရင် မင်းကယုံချင်မှ ယုံမယ်။ နက်ဖြန်သန်ဘက် ဖိန်းနွဲ၊ နောက်တစ်ပတ်၊ နောက်တစ်လ၊ နောက် တစ်နှစ်၊ နောက် ၁၀ နှစ်၊ ၁၅ နှစ် ဆိုတာပေါ့ကွယ်။ လေဟာပြင်မှာ အာကာသယာဉ်နဲ့ မောင်းသွားသလို အင်မတန်ဝေးတဲ့ အနာဂတ်ကာလကို ချက်ချင်းရောက် သွားနိုင်တယ်။ အဲဒီယာဉ်မျိုးပေါ့"

"ဖြစ်နိုင်ပါ့မလား၊ ဆရာကြီး ခင်ဗျာ"

"ဖြစ်နိုင်လို့ဖြစ်ပြီကွယ့်။ အဲဒီယာဉ်မျိုးကို စီးလိုက်သွားဖို့ပဲ လိုတော့ တယ်"

"ဒါဖြင့် အပြန်ကော ခင်ဗျာ"

"အပြန်လည်း ဒီယာဉ်နဲ့ပဲ ပြန်ရမှာပေါ့မောင်ရဲ့၊ ဆရာရောက်စေ ချင်တဲ့ အနာဂတ်ကို ရောက်တဲ့အခါ အပြန်ခလုတ်ကို နှိပ်ပေးလိုက်ရင် ဒီခရီး အတိုင်းချက်ချင်း ပြန်လာတာပေါ့"

မောင်စောမြင့်သည် ဆရာကြီး၏ မျက်နှာကို အလွန်အံ့သြသည့် အမူအရာဖြင့် ကြည့်ကာ ဟုတ်မှဟုတ်မည်လော၊ ဤလူကြီးသည် ရူးသွပ်၍ များနေချေပြီလောဟု စဉ်းစားလျက်ရှိနေ၏။

"အင်မတန် ထူးဆန်းတာပဲနော် ဆရာကြီး"

"အဲဒီလို ထူးဆန်းတာတွေကို ကြံစည်နိုင်လို့ သိပ္ပံခေတ်ရောက်လာ ပြီလို့ ပြောတာ မဟုတ်လား၊ ဆရာကြံစည်ပြီး လုပ်ထားတဲ့ စက်ယန္တရားဟာ နေရာက မရွေ့ဘဲနဲ့ သူ့ကို စီးသွားတဲ့ ခရီးသည်ဟာ နောင်အနာဂတ်ကို ၁၀ နှစ်ဖြစ်စေ၊ ၁၅ နှစ်ဖြစ်စေ၊ အနှစ် ၂၀ ဖြစ်စေ၊ ရောက်အောင်သွားပြီး ပြန်လာ နိုင်တယ်"

"ဆရာကြီး ပြောလို့သာ နားထောင်နေရ ကျွန်တော်ဖြင့် ယုံတောင် မယုံချင်ဘူး"

ဆရာကြီးသည် ကုလားထိုင်ပေါ်မှ ဆင်း၍မတ်တတ်ရပ်လိုက်ပြီး နောက် –

"ကဲ ... လာ မောင်စောမြင့်၊ ဆရာနဲ့လိုက်ခဲ့"

ထို့နောက် ဆရာကြီးသည် မောင်စောမြင့်အား နောက်ဘက်ရှိ အခန်းတစ်ခုအတွင်းသို့ ခေါ်သွားရာ မောင်စောမြင့်လည်း ၎င်းနောက်မှ လိုက်ပါ သွားရလေ၏။ အခန်းမှာ ၁၀ ပေပတ်လည်ခန့် ကျယ်ဝန်း၍ သမံတလင်း ခင်းထားသော အခန်းတစ်ခန်း၊ နောက်ဘက်တွင် လူတစ်ယောက်ဝင်သာရုံမျှ တံခါးကလေးတစ်ခုကိုတွေ့ရ၏။ ဆရာကြီးသည် ထိုတံခါးကို မိမိအိတ်ထဲမှ

http://www.cherrythitsar.org



သော့တစ်ချောင်းဖြင့် ဖွင့်၍ အတွင်းသို့ ဝင်သွားရာ နောက်ဘက်ခန်းမှာ ပထမတွင် မှောင်နှင့် မည်းမည်း ရှိနေသော်လည်း ဆရာကြီးက နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သဖြင့် လင်း၍သွားလေ၏။ သူတို့သည် သုံးပေသာသာခန့်မျှသာ ကျယ်ဝန်းသည့် လမ်းကြားကလေး တစ်လျှောက်သို့ လျှောက်လာခဲ့ကြပြီးလျှင် ပေ ၃၀ ခန့်မျှ သွားမိသောအခါ အောက်သို့ဆင်းသော လှေကားကလေးတစ်ခုကို တွေ့ရ၍ ၎င်းမှ ဆင်းသွားရာ ပေ ၃၀ ပတ်လည်ခန့် ကျယ်ဝန်းသည့် အခန်းကျယ်ကြီးတစ်ခုသို့ ရောက်လာခဲ့ကြလေသည်။ အခန်းကြီး၏ လေးဘက်လေးတန်မှာ ကျောက်ဖြူနံရံများဖြင့် ကာပြီးလျှင် အမိုးမှာ အလွန်ထူထဲသော ဖန်ဖြင့် ပြုလုပ်ထား၍ အလယ်၌မြင့်ပြီးလျှင် နံဘေးပတ်လည်သို့ ခပ်ခုံးခုံး ညီညာစွာ ကျဆင်းသွား၏။

ဆရာကြီးသည် သစ်သားခုံတစ်ခုပေါ်မှ ခလုတ်တစ်ခုကို နှိပ်လိုက်ပြန်ရာ အခန်းကြီးမှာ ထိန်ထိန်လင်း၍သွားလေသည်။ အခန်း၏ အလယ်တွင် လုံးပတ်အားဖြင့် ၅ ပေပတ်လည်ခန့်၊ အမြင့် ၇ ပေခန့်ရှိ သံအိမ်ကြီးတစ်ခုရှိရာ ၎င်းမှာ အပြင်ဘက်ရှိ လျှပ်စစ်စက်ကိရိယာများမှ ကြေးနန်းကြိုးပေါင်း မြောက်မြားစွာဖြင့် ဆက်သွယ်လျက်ရှိ၏။

သံအိမ်ကြီးမှာ အရွယ်အစားအားဖြင့် လမ်းမပေါ်တွင် ကျွန်ုပ်တို့တွေ့မြင်နေရသော တယ်လီဖုန်း အိမ်ကလေးခန့်ရှိ၏။ သို့သော် လေးထောင့် မဟုတ်ဘဲ ခပ်ဝိုင်းဝိုင်း ခပ်ရှည်ရှည်ဖြစ်၍ အပေါ်ထိပ်ဖူးမှာ ဒုံးပျံကဲ့သို့ ချွန်ထွက်လျက်ရှိလေသည်။ အခန်းထောင့်တစ်ခုတွင် ဒိုင်နမိုစက် ကလေးတစ်လုံးရှိ၍ ၎င်းနှင့် ဆက်သွယ်ထားသည့် စက်ကိရိယာတစ်ခုမှာ ကြေးပိုက်လုံးများ၊ ဖန်ပြွန်များ၊ ဝိုင်ယာကြိုးများဖြင့် ရှုပ်ယှက်ခတ် ရှိနေ လေသည်။

မောင်စောမြင့်တို့ ဝင်သွားသော လမ်းကလေးနှင့် တည့်တည့်၊ မျက်နှာချင်းဆိုင်ဘက်နံရံတွင် အလျား ၆ ပေ၊ အနံ ၃ ပေခန့်ရှိ သစ်သား ဆွစ်ဘုတ်တစ်ခုရှိရာ ၎င်းအပေါ်၌ကား ခလုတ်များ၊ အပူအအေးတိုင်း ကိရိယာများ၊ အိမ်မြှောင်များ၊ နာရီများဖြင့် တပ်ဆင်ထားရှိလေသည်။ အခန်းထောင့်တစ်ခုတွင် စားပွဲကလေးတစ်လုံးနှင့် ကုလားထိုင် နှစ်လုံး ရှိ၏။ အခန်းကြီးတစ်ခုလုံးမှာ အလယ်တွင် မားမားကြီးရှိနေသည့် သံအိမ်ကြီးနှင့် ထူးဆန်းသော စက်ကိရိယာများဖြင့် ပြည့်လျက်ရှိလေသည်။ ဆရာကြီးက ညွှန်ပြသဖြင့် မောင်စောမြင့်သည် ဆရာကြီးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်လိုက်၏။

ထို့နောက် ဆရာကြီးက တည်ငြိမ်လေးနက်သော အသံဖြင့် "ဒီလိုကွယ့်၊ အနာဂတ်ခရီးသွား ယာဉ်ကို ဆရာတီထွင်ပြီး ကြံစည်ခဲ့တာ နှစ်ပေါင်း ၂၀ ရှိပြီ။ စက်ကို ဆောက်လုပ်တာက ၁၂ နှစ်ကြာတယ်။ ခုတော့ ဒီယန္တရား

http://www.cherrythitsar.org



ယာဉ်နဲ့ ပထမဆုံး လိုက်ပါဖို့ ခရီးသည်လိုတယ်။ ဒါကြောင့် ကျန်းမာသန်စွမ်းပြီး စွန့်စွန့်စားစား လုပ်ကိုင်ဝံ့တဲ့ လူရွယ် တစ်ယောက်အလိုရှိတယ်လို့ သတင်းစာမှာ ကြော်ငြာလိုက်တာပဲ။ လျှောက်ထားတဲ့ လူသုံးယောက်ထဲက မောင်စောမြင့်ကို ဆရာရွေးလိုက်တာကတော့ တခြားကြောင့် မဟုတ်ဘူး။ မောင်စောမြင့်ဟာ အင်္ဂလိပ်စာလည်း ၁၀ တန်းအောင်တယ်။ လူပျိုလူရွယ်တစ်ယောက်လည်း ဖြစ်တယ်။ ကျန်း မာသန်စွမ်းပြီး စွန့်စားလိုတဲ့ ဝါသနာရှိတဲ့ အားကစားသမား တစ်ယောက်လည်း ဖြစ်တယ်။ ဒါကြောင့် ရွေးလိုက်တာပဲ။ ဒီတော့ ဒီယာဉ်ရဲ့ တန်ခိုးက နောင်အနာဂတ်ကာလကို အများဆုံး နှစ်ပေါင်း ၃၅ နှစ် အထိသွားနိုင်တဲ့ တန်ခိုးရှိတယ်။ ဒါပေမဲ့ ဆရာက စိတ်ချရအောင် နှစ်ပေါင်း ၃၀ ပဲ သွားဖို့ အခုစီစဉ်ထားတယ်။ ဒီတော့ မောင်စောမြင့်ဟာ ဒီယာဉ်နဲ့ နှစ်ပေါင်း ၃၀ အထိလိုက်သွားပြီး နောင်အနာဂတ်ကာလ နှစ်ပေါင်း ၃၀ အတွင်းမှာ ဘာတွေတွေ့ခဲ့တယ်။ ဘာတွေမြင်ခဲ့တယ်။ ဘာတွေ သိခဲ့ရတယ်ဆိုတာ အသေအချာ မှတ်သားလာခဲ့ဖို့ပဲ၊ ဆရာ ကိုယ်တိုင်တော့ သွားလို့ မဖြစ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ 'အချိန်ကိုက်' စက်ကိရိယာတွေက သံအိမ်ကြီးရဲ့ အပြင်ဘက်မှာရှိနေတော့ ဒီဟာတွေကို ဆရာက ကြည့်ပြီး အပြင်က ထိန်းချုပ်ပေးဖို့လိုတယ်။ ပြီးတော့ ဆရာကလည်း အသက် ၆၀ ကျော်နေပြီ ဖြစ်လို့ မောင်တို့ အားကစား သမား လူရွယ်တစ်ယောက်လို ဖျတ်ဖျတ်လတ်လတ် မရှိတော့ဘူး။ မျက်စိလည်း ကောင်းကောင်း မကောင်းဘူး။ နားလည်း ကောင်းကောင်း မကောင်းတော့ဘူး။ အို ... ဘယ်နေရာမဆို ချွတ်ယွင်းနေပါပြီလေ။ ဒါကြောင့် ဆရာရဲ့ကိုယ်စား လူတစ်ယောက်လွှတ်ဖို့ စီစဉ်ရတာပဲ မောင်၊ နောင်အနာဂတ် နှစ်ပေါင်း သုံးဆယ်အကြာမှာ ကမ္ဘာကြီးဟာ ဘယ်လို အခြေအနေမှာရှိမယ်။ အနာဂတ် ခရီးတစ်လျှောက်မှာ ဘာတွေ တွေ့ရမယ်။ ဘာတွေ မြင်ရမယ်ဆိုတဲ့ အင်မတန် အဖိုးထိုက်တန်တဲ့ ဗဟုသုတတွေကို မောင်ရခဲ့မှာပဲ။ ဪ ... ဒါထက် စာပေကိုကော မောင် ဝါသနာပါရဲ့လား"

"ပါပါတယ် ဆရာကြီး"

"ဘာစာအုပ်တွေများ ဖတ်ဖူးသလဲ"

"ဝတ္ထုစာအုပ်တွေ တော်တော်များများ ဖတ်ဖူးပါတယ်"

"ဒို့ပြင်ကော"

"ပထဝီဝင်၊ ရာဇဝင်၊ လူ့သမိုင်း၊ သတ္တဗေဒ၊ ဓာတုဗေဒ"

"တော်ပါပြီ၊ တော်ပါပြီ၊ လူ့သမိုင်းဟာ အစဉ်အမြဲပြောင်းလဲနေတယ်ဆိုတာ သတိပြုမိရဲ့ မဟုတ်လား"

"မှန်ပါတယ် ခင်ဗျာ"

"မောင်စောမြင့်ဟာ အခု အသက် ၂၈ နှစ်ရှိပြီ။ မောင်စောမြင့် အသက် ၁၂ နှစ် ၁၃ နှစ်အရွယ်တုန်းကနဲ့ အခုခေတ်နဲ့ တူသေးရဲ့လား"

"မတူတော့ပါဘူး ဆရာကြီး"

"နိုင်ငံတကာမှာ သိပ္ပံပညာရဲ့ တိုးတက်မှုတွေကိုကော သတင်းစာတွေထဲမှာ ဖတ်ရတယ် မဟုတ်လား"

"ဖတ်ရပါတယ် ဆရာကြီး"

"ဒါကြောင့် ကျုပ်ဒီအကြံရပြီး ဒီစက်ကိုကြိုးစား ကြံစည်ခဲ့တာ အခုတော့ အောင်မြင်ပါပြီ။ ဒါပေမဲ့ ဆရာပြောတဲ့အတိုင်း ဆရာကိုယ်တိုင် လိုက်လို့ မဖြစ်တဲ့အတွက် ဆရာရဲ့ကိုယ်စား လွှတ်ရခြင်းပဲ မောင်စော မြင့်ရဲ့"

"ဒီ စက်ယန္တရားထဲဝင်ပြီး လိုက်သွားရုံပဲလား ဆရာကြီး"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ မောင်စောမြင့်ဟာ နောင်အနာဂတ်ကို ခရီးထွက်သွားပြီဆိုတဲ့အကြောင်း စိတ်ထဲမှာ စူးစူးစိုက်စိုက် အာရုံပြုရမယ်။ မောင်စောမြင့်ရဲ့ မျက်စိရှေ့မှာ တပ်ထားတဲ့ မှန်ကလေးလည်း တွေ့လိမ့်မယ်။ ဆရာက စက်ကို နှိုးပြီး လွှတ်လိုက်တဲ့အခါ မောင်စောမြင့်ဟာ အာကာသကို ဒိုးပျံနဲ့ ဖြတ်သွားသလို အနာဂတ်ဆိုတဲ့ ကာလကြီးကို တစ်ဟုန်ထိုး ဖြတ်သွားလိမ့်မယ်။ ဒီတစ်ခါ မောင်စောမြင့်ရှေ့က မှန်ကလေးထဲမှာတွေ့ရ မြင်ရတာတွေကို မှတ်သားပြီး လာခဲ့ရုံပဲ၊ ဆရာပြောတာ နားလည်ပြီ မဟုတ်လား"

"နားလည်ပါပြီ ဆရာကြီး"

"လူတစ်ယောက်ဟာ အခြားသူ တစ်ဦးတစ်ယောက်အတွက် တစ်စုံတစ်ရာ လုပ်ကိုင်ပေးရရင် အဲဒီလူဟာ ဒီအတွက် အဖိုးသားနားရရမယ်၊ ဟုတ်တယ် မဟုတ်လား"

"မှန်ပါတယ် ဆရာကြီး"

"ပြီးတော့ လုပ်ရမယ့် အလုပ်က တကယ်စွန့်စွန့်စားစား လုပ်ရမယ့် အလုပ်ဆိုရင် အဲဒီအလုပ်နဲ့ ထိုက်တန်တဲ့ အဖိုးသားနားရရမယ်၊ ဒီလိုမှလည်း ဆောင်ရွက်မယ့်လူက ဆောင်ရွက်ချင်မှာပေါ့"

"မှန်ပါတယ်"

"ဒီတော့ အခုကိစ္စမှာ မောင်စောမြင့်က ဆရာကြီးရဲ့ ကိုယ်စား ဒီစက်ယန္တရားကို စီးပြီး ရှေ့နှစ်ပေါင်း ၃၀ အနာဂတ်ကို ခရီးသွားပေးရမယ်။ ဒီအတွက် ဆရာကြီးက မောင်စောမြင့်ကို အဖိုးသားနားအဖြစ်နဲ့ ငွေတစ်သောင်းပေးမယ်၊ ဘယ့်နှယ်လဲ"

မောင်စောမြင့်သည် ရုတ်တရက် စကားပြန်၍ မပြောသေးဘဲ အတန်ငယ် စဉ်းစားသည့် ဟန်ဖြင့် ခေတ္တမျှတွေဝေလျက်ရှိနေ၏။

http://www.cherrythitsar.org



"အချိန်ယူပြီး စဉ်းစားမယ်ဆိုရင်လည်း စဉ်းစားနိုင်တယ် မောင်စောမြင့်"

"အဖိုးသားနား အတွက်တော့ ပြောစရာမရှိပါဘူး ခင်ဗျာ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ၊ မောင်စောမြင့် သဘောတူမှ သွားနိုင်ပါတယ်"

"အသက်အန္တရာယ်နဲ့ ပတ်သက်လို့ကော တစ်စုံတစ်ရာ စိုးရိမ်ဖို့ရှိပါသလား ဆရာကြီး"

"အခု သွားရမယ့်ခရီးက စမ်းသပ်မှုတစ်ခုဖြစ်တဲ့အတွက် ဧကန်ဧကတော့ ဆရာမပြောနိုင်ဘူး။ အသက်အန္တရာယ် ထိအောင် စိုးရိမ်စရာ မလိုပါဘူး။ ဒါဟာ ဆရာ့စိတ်ထဲမှာ ရှိတဲ့အတိုင်း အမှန်ပြောတာပဲ။ စမ်းသပ်မှုတစ်ခုအတွက် ဆရာက မြှောက်လည်း မပြောချင်ဘူး၊ သွေးဆောင်လည်း မပြောချင်ဘူး၊ ချောက်လှန့်လည်း မလုပ်ချင်ဘူး။ ခရီးသွားမယ့် လူရဲ့ သဘောတူညီချက်ရမှ ဆရာက လုပ်ချင်တယ်။ ဘယ့်နှယ်လဲ ဆရာ ပြောတာ ရှင်းပြီ မဟုတ်လား"

"ရှင်းပါပြီ ဆရာကြီး"

"ကဲ ... ဒီတော့ ..."

"သွားရမယ့်နည်းက ဘယ်လို သွားရမယ်ဆိုတာ အမိန့်ရှိပါဦး ဆရာကြီး"

"ဒီယန္တရားစက်ကို စီးနင်းသွားတဲ့အခါ ဝတ်ဖို့ ဝတ်စုံရှိတယ် မောင်စောမြင့်ရဲ့၊ ဒီဝတ်စုံဝတ်ပြီး အထဲကို ဝင်လိုက်ရင် မောင်စောမြင့်ရဲ့ မတ်တတ်အနေအထားနဲ့ ရှေ့တည့်တည့်မှာ စီးသူရဲ့ မျက်လုံးနှစ်လုံးနဲ့ ကိုက်အောင် တပ်ထားတဲ့ မှန်ချပ်ကလေး နှစ်ခုရှိတယ်။ အဲဒီမှန်ချပ်ကလေးနှစ်ခုရဲ့ အလယ်တည့်တည့်မှာရှိတဲ့ မီးနီလုံးကလေး မီးပွင့်သွားတာနဲ့ တစ်ပြိုင်နက် မောင်စောမြင့်ဟာ အသင့်ဖြစ်နေရမယ်။ ဒီအချိန်မှာ မောင်စောမြင့်ရဲ့စိတ်ကို ငြိမ်နိုင်သမျှ ငြိမ်သက်အောင်ထားပြီး ရှေ့အနာဂတ်ကို ငါသွားမယ်လို့ အာရုံပြုရမယ်။ မကြာပါဘူး၊ နှစ်မိနစ်လောက်ပါပဲ။ ဒီနောက် မီးလုံးကလေးဟာ အနီရောင်က အစိမ်းရောင် ပြောင်းသွားတာနဲ့ တစ်ပြိုင်နက် မောင်စောမြင့်ဟာ 'အချိန်' ဆိုတဲ့ခရီးကို တရကြမ်း သွားနေတာပဲ။ ရိုးရိုးလူတစ်ယောက်ဟာ အလွန်ဆုံး ခြေကျင်သွားနိုင်လှရင် တစ်နာရီကို ၄ မိုင် ၅ မိုင်ပဲ၊ နို့ပေမဲ့ မော်တော်ကားနဲ့ သွားတဲ့အခါ မိုင် ၆၀၊ ၇၀ လောက် ခရီးရောက်မယ်။ လေယာဉ်ပြင်ကို ဒုံးပျံနဲ့ တက်မယ်ဆိုရင်တော့ တစ်နာရီကို မိုင် ၁၀၀၀၀ လည်း သွားနိုင်မယ် မဟုတ်လား။ ဒီအတိုင်းပေါ့။ ဆရာရဲ့ စက်ယန္တရားက သူတို့ ဒုံးပျံထက် အဆတစ်ရာ၊

http://www.cherrythitsar.org


အဆတစ်ထောင်မက မြန်တယ်။ ဒါကြောင့်လည်း နှစ်ပေါင်း ၃၀ ခရီးကို ၁၀ မိနစ်နဲ့ ရောက်အောင်သွားနိုင်တာပေါ့"

"အင်မတန် ထူးဆန်းပါကလား ခင်ဗျာ"

"လဗိမာန်ကိုတောင် လူသားတွေ ရောက်နေပြီဟာ ဘာထူးဆန်းသလဲ။ ဒီကနေပြီး ရန်ကုန်ကို ခြေကျင် လျှောက်ရင် ဘယ်လောက် ကြာမလဲ"

"အနည်းဆုံး ၅ နာရီလောက် လျှောက်ရပါလိမ့်မယ်"

"ကားနဲ့ သွားရင်ကော"

"မိနစ်လေးဆယ် ငါးဆယ်လောက်နဲ့ ရောက်နိုင်ပါတယ်"

"ဒီသဘောအတိုင်းပေါ့။ မြေပြင်ရဲ့အဝေးအကွာ၊ လေဟာပြင်ရဲ့ အဝေးအကွာကို ရှု့သလို အချိန်ကာလရဲ့ အဝေးအကွာကိုလည်း ရှု့ယူနိုင်တာပေါ့။ ဘယ့်နှယ်လဲ သဘောပေါက်ပြီလား"

"ပေါက်ပါပြီ ဆရာကြီး"

"သွားဖို့ကော  သတောတူပြီလား"

"တူပါပြီ ခင်ဗျာ"

"ဒါထက် ငွေအကြောင်း ပြောရဦးမယ်။ မောင်စောမြင့်ကိုပေးဖို့ ငွေတစ်သောင်းဆိုတာ ဆရာ့စားပွဲအံဆွဲထဲမှာ အသင့်ရှိနေတယ်။ ဒီငွေကို မောင်စောမြင့်အိတ်ထဲထည့်ယူသွားနိုင်တယ်။ ဒါမှမဟုတ်လို့ အပြန်ကျမှ ယူရင်လည်း ယူနိုင်ပါတယ်။ မောင်စောမြင့် သဘောအတိုင်းပဲ"

ခေတ္တမျှ စဉ်းစားပြီးနောက် –

"အပြန်ကျမှပဲ ယူပါတော့မယ် ဆရာကြီး"

"ကောင်းပြီလေ"

"ကျွန်တော်တစ်ခု မေးပါရစေခင်ဗျာ"

"ဘာလဲ မောင်စောမြင့်၊ မေးပါ"

"ကျွန်တော် အခုသွားရမယ့် အချိန်ကာလခရီးက ၃၅ နှစ်ခရီးလား ဆရာကြီး"

"မဟုတ်ပါဘူး မောင်စောမြင့်၊ စက်က ၃၅ နှစ်အထိ သွားနိုင်တဲ့ တန်ခိုးရှိပေမဲ့ ပိုပြီးစိတ်ချရအောင် နှစ်ပေါင်း ၃၀ အထိပဲ သွားဖို့ ခလုတ်ကို နှိပ်ထားမယ်"

"ဒါဖြင့် ကျွန်တော် အပြန်မှာ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှာ ပြန်ရောက်လာမှာပေါ့"

ဆရာကြီးက ပြုံးလျက် . . . "ဒီလို မဟုတ်ဘူးလေ။ ဒီဖန်အိမ်ကြီးထဲက ထွက်လာရင် မောင်စောမြင့်ဟာ နှစ် ၃၀ အသက်ပိုကြီးလာရုံ တစ်ခုပဲ။

http://www.cherrythitsar.org



ကမ္ဘာကြီးကတော့ မပြောင်းလဲဘူး။ ဒီအတိုင်းပဲ၊ ကမ္ဘာကြီးတစ်ခုလုံး သက္ကရာဇ် ၂၀၀၀ ဖြစ်အောင်ပြောင်းသွားနိုင်ဖို့ဟာက တစ်ကမ္ဘာလုံးဆံ့တဲ့ ဖန်အိမ်ကြီးတစ်ခုလုပ်ပြီး ဒီအနာဂတ်ယာဉ်နဲ့ သွားနိုင်မယ်ဆိုရင်တော့ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်ကို ချက်ချင်း ရောက်သွားနိုင်တာပေါ့။ နို့ပေမဲ့ ဒါက မဖြစ်နိုင်တာပဲ"

"ဒါဖြင့် ကျွန်တော် အသက်ပိုကြီးသွားမှာပေါ့"

"ဟုတ်တယ်လေ၊ မောင်စောမြင့် အသက်က အခု ၂၈ နှစ်ဆိုရင် ပြန်လာတဲ့အခါမှာ နှစ်ပေါင်း ၃၀ ပိုကြီးလာတော့ ၅၈ နှစ်အရွယ် ဖြစ်သွားမှာပေါ့"

"ဒါဖြင့် မူလအတိုင်း ၂၈ နှစ် ပြန်ဖြစ်အောင် မလုပ်နိုင်ဘူးလား"

"လုပ်နိုင်ပါတယ်၊ ဒါက မခက်ပါဘူး"

"ကောင်းပါပြီ ခင်ဗျာ"

"ဒါထက် ဆရာပြောတဲ့အတိုင်း မောင်စောမြင့် ခရီးသွားတဲ့ လမ်းတစ်လျှောက်မှာ မြင်ရ၊ တွေ့ရ၊ ကြားရတာတွေ အားလုံးကို သေသေချာချာ မှတ်သားခဲ့ရမယ်နော်။ မောင်စောမြင့်ရဲ့ မှတ်ဉာဏ်ကို အသုံးပြုပြီး သေသေချာချာ စေ့စေ့စပ်စပ် မှတ်သားလာခဲ့ဖို့ အရေးကြီးတယ်။ ဒါဟာ အခုအနာဂတ်ကို သွားရမယ့် ခရီးရဲ့ ရည်ရွယ်ချက်ပဲ"

"ကောင်းပါပြီ ခင်ဗျာ၊ ကျွန်တော် တတ်နိုင်သလောက် မမေ့အောင် မှတ်သားလာခဲ့ပါမယ်"

"ကောင်းပြီ၊ ကောင်းပြီ၊ ကဲလာ ဆရာနဲ့ ရုံးခန်းကို လိုက်ခဲ့ပေတော့၊ မောင်စောမြင့် ဝတ်ဖို့ ဝတ်စုံကိုပေးမယ်"

ဆရာကြီး၏ရုံးခန်းသို့ ရောက်သောအခါ ဆရာကြီးသည် သူ၏ စားပွဲနံဘေးရှိ ဗီရိုတစ်ခုအတွင်းနှင့် ဘောင်းဘီ အင်္ကျီနှင့် ခေါင်းစွပ် ဆက်လျက်ရှိသော ပလတ်စတစ်ကဲ့သို့ ဝတ္ထုပစ္စည်းတစ်ခုဖြင့် ပြုလုပ်ထားသည့် ဝတ်စုံကိုပေးလေ၏။ မောင်စောမြင့်လည်း သူ၏ အဝတ်အစားများ ပေါ်မှထပ်၍ ထိုဝတ်စုံကို ဝတ်လိုက်လေသည်။ ဝတ်စုံမှာ အဖြူရောင်ဖြစ်၍ ချုပ်လုပ်ထားသော အဝတ်မှာ ရုတ်တရက်အားဖြင့် ပလတ်စတစ်ဟု မှတ်ထင်ရသော်လည်း ပလတ်စတစ် မဟုတ်ဘဲ အလွန် ထူးဆန်းသော အဝတ်တစ်မျိုးဖြစ်လေသည်။ ထို့နောက် စက်ယန္တရားရှိ ရာ အခန်းသို့ ပြန်ခဲ့ကြလေသည်။

ခေါင်းစွပ်ကို မစွပ်မီ ဆရာကြီးက –

"ဆရာပြောတာ အားလုံးမှတ်မိရဲ့နော်"

"မှတ်မိပါတယ် ဆရာကြီး"

http://www.cherrythitsar.org



"နှစ်ပေါင်း ၃၀ ခရီးအရောက်မှာ ဆရာက အပြင်က ခလုတ်နှိပ်လိုက်ရင် ဒီယန္တရားဟာ မောင်စောမြင့်ကို သယ်ဆောင်ပြီး ပြန်လာလိမ့်မယ်။ ဒါပါပဲ မောင်စောမြင့်၊ ကဲ အဆင်သင့်ဖြစ်ပြီ မဟုတ်လား"

"ဖြစ်ပါပြီ ဆရာကြီး"

"ဒီလိုဆိုရင် ဝင်ပေတော့"

မောင်စောမြင့်သည် အတန်ငယ် စဉ်းစားသည့်ဟန်ဖြင့် ခေတ္တမျှ ဆရာကြီး၏မျက်နှာကို ကြည့်ပြီးနောက် ဦးခေါင်းစွပ်ကို ဆွဲချလိုက်၏။ ထို့နောက် အသင့်ဖွင့်ထားသော ဖန်အိမ်ကြီးအတွင်းသို့ ဝင်လိုက်လေသည်။

အတွင်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျောင်းခန်းမြည်သံနှင့်အတူ တံခါးပိတ်သွားတော့၏။

ဆရာကြီးသည် 'ဆွစ်ဘုတ်'ပေါ်ရှိ အနီရောင် မီးလုံးတစ်လုံးကို ဖွင့်လိုက်ရာ ၎င်းအောက်တည့်တည့်ရှိ အနီရောင် မီးလုံးကလေး ခြောက်လုံးမှာ တစ်ပြိုင်နက် ပွင့်သွားလေသည်။ လက်ဝဲဘက်ရှိ နာရီဝိုင်းကလေးမှ စက္ကန့်လက်တံကလေးသည် တဖြည်းဖြည်း သွားလျက်ရှိရာမှ စက်ဝိုင်းကို နှစ်ပတ်ပတ်၍ စက္ကန့် ၁၂၀ အကွက်သို့ ရောက်သောအခါ ဆရာကြီးသည် အောက်ဘက်မှ အစိမ်းရောင် မီးလုံးတစ်လုံးကို ဖွင့်လိုက်သည်နှင့် တစ်ပြိုင်နက် အပေါ်တန်းမှ အနီရောင်မီးလုံးများ ငြိမ်းသွားပြီးနောက် အောက်တန်းမှ အစိမ်းရောင် မီးလုံး ခြောက်လုံး လင်းလာလေသည်။ တစ်ချိန်တည်းမှာပင် ဖန်အိမ်ကြီးထိပ်ရှိ အစိမ်းရောင် မီးလုံးကလေးလည်း လင်းသွားလေသည်။

ထိုခဏ၌ပင် ဆရာကြီးသည် လက်ယာဘက်တွင်ရှိသော ဒိုင်ကွက်ကြီးတစ်ခုအောက်မှ ခလုတ်ကို နှိပ်လိုက်ရာ ဒိုင်ကွက်မှ လက်တံသည် သုညတွင် ရပ်လျက်ရှိရာမှ ၁ ဂဏန်းရှိရာသို့ တရွေ့ရွေ့သွားလျက် ရှိနေ၏။ တစ်ချိန်တည်းမှာပင် အခန်းထောင့်ရှိ မော်တာစက်ကလေးမှ တရှီးရှီး ညင်သာစွာ မြည်လျက်ရှိသော အသံကိုကြားရ၏။ မော်တာစက်၏ အသွားနှုန်းသည် မနှေးလွန်း မမြန်လွန်းဘဲ သွားလျက်ရှိရာ ဒိုင်ကွက်မှ လက်တံသည်လည်း အလားတူသွားလျက် ရှိနေလေသည်။

ဆရာကြီးသည် အလွန်ဝမ်းမြောက် ကျေနပ်သည့် အမူအရာဖြင့် လက်နှစ်ဖက်ကို ပွတ်ကာ တဖြည်းဖြည်း ရွေ့လျားနေသော ဒိုင်ကွက်မှ လက်တံကိုလည်းကောင်း၊ ဖန်အိမ်ကြီးထိပ်မှအစိမ်းရောင် မီးလုံးကလေးကိုလည်းကောင်း တစ်လှည့်စီ ကြည့်ရှုလျက်ရှိလေသည်။

"အင်း . . ငါ့အကြံအောင်ပြီ၊ ငါ့အကြံအောင်ပြီ။ ဒီကောင်လေး ပြန်လာရင်တော့ ကမ္ဘာပေါ်မှာ ဘယ်သူမှ မတွေ့မကြုံသေးဖူးတဲ့ အဖြစ်အပျက်

http://www.cherrythitsar.org


တွေ သိရတော့မယ်။ မကြားဖူးတာတွေ ကြားရတော့မယ်။ မြန်မာနိုင်ငံမို့သာ ပေါ့။ အနောက်နိုင်ငံမှာ ဆိုရင် ဒီအကြောင်းတွေကို ပြန်ရေးပြီး စာအုပ်ထုတ်တဲ့ အလုပ်တစ်ခုတည်းနဲ့ ကမ္ဘာမှာ ကျော်ကြားပြီး သူဌေးဖြစ်နိုင်တယ်။ အင်း ... ကောင်လေး ကောင်လေး၊ ချောချောမောမော ပြန်ရောက်ပါစေလို့သာ ဆုတောင်းရတာပဲ"

ပါမောက္ခဆရာကြီးသည် လုံခြုံသော အခန်းကလေးထဲတွင် ညင်သာစွာ မြည်လျက်ရှိသော စက်သံများကို နားထောင်ရင်း ဒိုင်ကွက်မှ တရွေ့ရွေ့ တက်လျက်ရှိသော လက်တံကလေးကို ကြည့်ကာ အထက်ပါအတိုင်း စဉ်းစားလျက်ရှိနေ၏။ ဒိုင်ကွက်၏ မျက်နှာပြင်ကို ခုနစ်ပိုင်း ပိုင်းခြားထားရာ တစ်ပိုင်းလျှင် ငါးနှစ် ခရီးအတွက် သတ်မှတ်ထား၏။ သို့ဖြစ် ၍ ပထမ ၅ ဂဏန်းမှ ၃၅ အထိ ဖြစ်လေသည်။ သို့သော် နံပတ် ၃၀ နေရာတွင် အနီစက်ကလေးတစ်ခု ပြထားသဖြင့် ထိုနေရာသို့ အရောက်တွင် လက်တံကို ရပ်တန့်စေရန် စီမံထားခြင်း ဖြစ်လေသည်။

အချိန်သည် တစ်စက္ကန့်ပြီးလျှင် တစ်စက္ကန့်၊ တစ်မိနစ်ပြီးလျှင် တစ်မိနစ် ရွေ့လျား၍ သွားလေရာ ဒိုင်ကွက်မှ လက်တံသည် ၃ မိနစ် အကြာတွင် ၅ ဂဏန်းသို့ ရောက်သွား၏။ ဤသို့ဖြင့် ၅ ဂဏန်းမှ ၁၀၊ ၁၀ မှ ၁၅ စသည်ဖြင့် လက်တံသည် အစဉ်အတိုင်း တက်သွားလျက်ရှိ လေသည်။

ဆရာကြီးသည် မိမိ၏ ခါးပိုက်ဆောင် နာရီကိုလည်းကောင်း၊ တဖြည်းဖြည်း တက်လျက်ရှိသော ဒိုင်ခွက်မှ လက်တံကိုလည်းကောင်း စိတ်အား ထက်သန်စွာ ကြည့်ရှုလျက်ရှိနေ၏။

အချိန်မှာ ၁၅ မိနစ်မှ တဖြည်းဖြည်း ကျော်လာသောအခါ လက်တံသည်လည်း ၂၅ နံပါတ်မှ နံပါတ် ၃၀ သို့ တရွေ့ရွေ့ချဉ်း ကပ်လျက်ရှိလေပြီ။

သို့နှင့် ၁၇ မိနစ် စက္ကန့် ၃၀ သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာကြီးသည် ဆွစ်ဘုတ်အနီးသို့သွားပြီးလျှင် လက်ျာဘက်ရှိ မောင်းတံတစ်ခုကို ဖျတ်ခနဲ အောက်သို့ဆွဲချလိုက်ရာ ထိုခဏ၌ မော်တာစက်သည် ရုတ်တရက် ရပ်သွားပြီးနောက် မီးလုံးများသည်လည်း အစိမ်းရောင်မှ အနီရောင်သို့ ပြောင်းလဲသွားကြလေသည်။ ဒိုင်ကွက်ပေါ်မှ လက်တံသည် နံပတ် ၃၀ ဂဏန်းနှင့် တည့်တည့်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာကြီးသည် ယခင်က အပေါ်သို့ ဆွဲတင်ထားသော မောင်းတံကို ဖျတ်ခနဲ ဖိချလိုက်၏။ ထိုခဏ၌ မော်တာစက်သည် တစ်ဖန်ပြန်၍လည် လာပြီးနောက် မီးလုံးကလေးများမှာ အနီရောင်မှ အစိမ်းရောင်သို့ ပြန်၍ ပြောင်းသွားပြီးနောက် ဒိုင်ကွက်မှ လက်တံသည်လည်း နောက်သို့ တဖြည်းဖြည်းပြန်၍ ဆုတ်လျက်ရှိနေတော့၏။

http://www.cherrythitsar.org



ဒိုင်ကွက်လက်တံ၏ အသွားနှုန်းမှာ ငါးနှစ်အချိန်နှင့်ညီမျှသော အကွက်တစ်ကွက်သို့ ရောက်အောင် သုံးမိနစ်ကြာမျှ သွားရသဖြင့် ယခင်လာခဲ့သည့် နှုန်းအတိုင်း နောက်သို့ပြန်၍ဆုတ်ခဲ့ရာ ၁၀ မိနစ် တိတိကြာသောအခါ 'သုည' အမှတ်သို့ ရောက်လာပြီးနောက် ချောက်ခနဲ အသံပြု၍ ရပ်သွား၏။ ထိုအခါ မော်တာစက်လည်း ရပ်သွားပြီးနောက် အစိမ်းရောင် မီးလုံးများလည်း ငြိမ်းသွားလေသည်။

ဆရာကြီးသည် ဒိုင်ကွက်လက်တံနှင့် ဆွစ်ဘုတ်ရှိ မီးလုံးများကို အသေအချာစစ်ဆေးပြီးနောက် ဖန်အိမ်ကြီးရှိရာသို့ သွားရောက်ကာ တံခါးကို ဖွင့်ပေးလိုက်၏။ ထိုအခါ အတွင်းမှ ဆီးနှင်းများကဲ့သို့ လည်းကောင်း၊ မီးခိုးလုံးများကဲ့သို့လည်းကောင်း အငွေ့များထွက်လာရာ ထိုမီးခိုးလုံးထဲမှ ခရီးသွားဝတ်စုံကို ဝတ်ထားသည့် သဏ္ဍာန်တစ်ခုသည် ဒယိမ်းဒယိုင် ထွက်လာလေသည်။

ထွက်လာသောသဏ္ဍာန်သည် ဆရာကြီးနှင့် သုံးပေသာသာခန့် ဝေးသောနေရာတွင် ရပ်ကာ ဆရာကြီးအား မကြည့်ဘဲ အပြင်သို့ထွက်သော လမ်းကြားကလေးဘက်သို့ လှည့်လျက်ရှိနေ၏။ ဆရာကြီးသည် တံခါးကို ဖွင့်လိုက်စဉ်ကပင် "အောင်ပြီ၊ အောင်ပြီ" ဟု ပါးစပ်မှ ရေရွတ်လျက်ရှိနေပြီးနောက် –

"ဘယ့်နှယ်လဲဟေ့ မောင်စောမြင့်၊ အားလုံး နေရာကျခဲ့ရဲ့ မဟုတ်လား"

သို့သော် ခရီးသွားဝတ်စုံဝတ်ထားသော သဏ္ဍာန်သည် ဆရာကြီး၏ အမေးကို ရုတ်တရက် ပြန်၍မဖြေသေးဘဲ ငေးမောတွေးဝေနေသည့် ဟန်ဖြင့် ဆရာကြီးအား စိန်းစိန်းကြည့်လျက်နေလေ၏။

(ကြီး) "ဘယ့်နှယ်လဲဟေ့၊ နေရာကျတယ် မဟုတ်လား၊ ပြောစမ်းပါဦး။ ခေါင်းစွပ်ကြီးများ ချွတ်စမ်းပါဦးကွယ်"

မတုန်မလှုပ်ရှိနေသော သဏ္ဍာန်သည် ဦးခေါင်းကိုယမ်းလိုက်ပြီးနောက် –

"ဟင့်အင်း မကျခဲ့ဘူး"

၎င်း၏အသံများမှာ ယခင်ကကဲ့သို့ မဟုတ်ဘဲ ကွဲအက်လျက် ရှိ၏။

(ကြီး) "ဘာကွယ့်၊ နေရာမကျခဲ့ဘူး ဟုတ်လား"

(သဏ္ဍာန်) "ဟုတ်တယ် ဆရာကြီး၊ နေရာမကျခဲ့ဘူး"

"ပြောစမ်းပါဦးကွယ်။ မင်းဘာဖြစ်သလဲ၊ မင်း မျက်နှာ ငါ ကြည့်ပါရစေဦး"

http://www.cherrythitsar.org



"ဒီမှာဆရာကြီး၊ ကျွန်တော်ဟာ အသက် ၅၅ နှစ်မှာ သေသွားပါတယ်။ ပြီးတော့ ဆရာကြီးရဲ့ အနာဂတ်ယာဉ်နဲ့တောင် ကျွန်တော် ပြန်မလာနိုင်တဲ့နေရာတစ်ခုကို တွေ့ခဲ့ပါတယ်။ အဲဒီနေရာမှာ 'အချိန်' ဆိုတာ လုံးလုံး မရှိပါဘူး ဆရာကြီး"

မီးခိုးလုံးများ ပျောက်သွားပြီးနောက် ဆရာကြီးသည် ခရီးသွား ဝတ်စုံမှ မျက်နှာဖုံးကိုဆွဲဖြုတ်လိုက်ပြီးနောက် အတွင်းမှ မျက်နှာကို ကြည့်လိုက်ရာ–

"အလိုလေး . . ဘုရား . . ဘုရား" ဟု ဟစ်အော်လိုက်ပြီးနောက် စိတ်ကိုထိခိုက်လွန်းလှသဖြင့် အနီးရှိစားပွဲပေါ်သို့ သတိမေ့ကာ လဲကျသွားလေသည်။

ထို့နောက် ထိုသဏ္ဌာန်သည် စက်ခန်းသို့ဝင်သော လမ်းကြားကလေးအတိုင်း ထွက်သွားပြီးနောက် မှောင်ထဲတွင် ပျောက်ကွယ်သွားလေ၏။

နံနက်လင်း၍ ဆရာကြီး၏ အစေခံရောက်လာသောအခါ စားပွဲပေါ်တွင် ပက်လက်လန်ကာသေဆုံးလျက်ရှိသော ဆရာကြီး ဦးသာဒွန်းဇံ၏ အလောင်းကို ထူးဆန်းစွာ တွေ့ရှိရတော့၏။ ထိုထက်ထူးဆန်းသည်မှာ စက်ခန်းရှေ့ရှိ ဆရာကြီး၏ အလုပ်စားပွဲအနီးတွင် ခရီးသွားဝတ်စုံတစ်စုံ ပုံလျက်သား ရှိနေသည်ကို တွေ့ရခြင်းပင် ဖြစ်လေသည်။

❖

# ပုစွန်လုံးကိုရှဲမှန်းသူ

လွန်ခဲ့သော ငါးနှစ်ခန့်က ကျွန်ုပ်သည် မော်လမြိုင်သို့ အလုပ်ကိစ္စ တစ်ခုဖြင့် ရောက်သွားရာ မိတ်ဆွေ ဦးသန်းစိန်အိမ်တွင် တည်းခိုလျက်ရှိ၏။ ဦးသန်းစိန်မှာ သတင်းထောက်နှင့် သတင်းစာ ကိုယ်စားလှယ် တစ်ဦးဖြစ်သဖြင့် အသိမိတ်ဆွေပေါများသူ တစ်ယောက်ဖြစ်သည့်အတိုင်း သတင်းထောက်များ၊ စာရေးဆရာများ၊ ဗဟုသုတ ကြွယ်ဝပြည့်စုံသူများနှင့် ကျွန်ုပ်အား မိတ်ဆက် ပေး၏။ ထိုသူများအနက် မြိတ်မြို့သား ဦးဖိုးဌေး ဆိုသူတစ်ယောက်လည်း အပါအဝင်ဖြစ်လေသည်။

ဦးဖိုးဌေးမှာ အသက် ၅၅ နှစ်ခန့်ရှိပြီ ဖြစ်သော်လည်း ကျန်းမာသန် စွမ်း၍ ကြံ့ခိုင်တောင့်တင်းသော ကိုယ်ကာယရှိသူဖြစ်၏။ ထို့မျှသာမက ဦးဖိုး ဌေးမှာ ငယ်စဉ်က နေရာအနှံ့အပြား ရောက်ဖူးသူ တစ်ယောက်လည်းဖြစ်၍ ဒေသန္တရ ဗဟုသုတနှင့် ပြည့်စုံသူတစ်ယောက်ဖြစ်သည့်အတိုင်း ကျွန်ုပ်နှင့် များ စွာစကားလက်ဆုံ ကျခဲ့လေသည်။ ကျွန်ုပ် ရန်ကုန်သို့ မပြန်မီ တစ်နေ့တွင် အိမ်ရှင် ဦးသန်းစိန်က ညစာကျွေးရာတွင် ဦးဖိုးဌေးအား ကျွန်ုပ်နှင့်အတူ စားရန် ဖိတ်ခေါ်ထားသဖြင့် အိမ်ရှင် ဦးသန်းစိန် အပါအဝင် ကျွန်ုပ်တို့ သုံးဦးသားတို့ သည် ညစာကို မြိန်ယှက်စွာ စားသောက်ကြလေ၏။ ထိုနေ့ညနေက ဦးသန်း စိန် တည်ခင်းသော ညစာမှာ ဟင်းများ အထူးစုံလင်သဖြင့် ဘဲသား၊ ကြက် သား၊ ဝက်သားများသာမက ပင်လယ် ငါးကြီးသားများ၊ ငှက်သိုက်များ၊ တရုတ်ပြည်ကြီးသားများ စားလေ့စားထရှိသည့် ပင်လယ်ပက်ကျိများအပြင်

http://www.cherrythitsar.org



ပင်လယ်ကမ်းစပ်တွင် နေလှေ့ရှိသည့် ကုန်းပုစွန်လုံးများ ထိုအကောင်လိုက်ကြော်ထားသည့် ဟင်းတစ်ခွက်လည်း ပါဝင်လေသည်။

ဟင်းခွက်များမှာ များလွန်းလှသဖြင့် ကျွန်ုပ်သည် အချို့ဟင်းခွက်များကို တို့ရုံမျှသာ တို့နိုင်တော့၏။ အိမ်ရှင် ဦးသန်းစိန်သည် ပုစွန်လုံးကြော်ပန်းကန်ကို ကျွန်ုပ်ဘက်သို့ တိုးပေးပြီးလျှင် အနည်းဆုံးတစ်ကောင်လောက်စားကြည့်ရန် တိုက်တွန်းလေ၏။ သို့နှင့် ကျွန်ုပ်လည်း ဦးသန်းစိန် ညွှန်ပြသည့်အတိုင်း အပေါ်ယံမှ အခွံကို ပထမ ခွာလိုက်ပြီးလျှင် တရုတ်ဟိုတယ်များ၌ကြော်လှော်သည့် နည်းအတိုင်း အတွင်းတွင် အမွှေးအကြိုင်များ သွတ်သွင်းထားသည့် အသားများကို ဇွန်းငယ်ဖြင့် ခြစ်ယူစားသောက်လျက်ရှိလေ၏။ အရသာမှာ အလွန်ချိုဆိမ့်သော အရသာရှိလေသည်။

ကျွန်ုပ်က ဦးဖိုးဌေးအား တစ်ကောင်မြည်းကြည့်ရန် ပြောရာ ဦးဖိုးဌေးသည် နှာခေါင်းကို ရှုံ့လျက် "ခင်ဗျားတို့ ရန်ကုန်သားတွေသာ စားပါဗျာ၊ ကျုပ်တို့ မြိတ်ထားဝယ်သားတွေတော့ စားရလွန်းလို့ ရိုးနေပါပြီ။ ပြီးတော့ ပုစွန်လုံးကို ကျုပ်က သိပ်မုန်းတာ ခင်ဗျ" ဟု ပြောပြီးလျှင် ပန်းကန်ကို ကျွန်ုပ်ဘက်သို့ ပြန်၍တွန်းပို့လေသည်။

ယခုရေးသားအံ့သော အတ္ထုပ္ပတ္တိမှာလည်း မည်သည့်အတွက် ဦးဖိုးဌေးသည် ပုစွန်လုံးများကို မုန်းရသည်ဆိုသော သူ၏အတ္ထုပ္ပတ္တိပင် ဖြစ်လေသည်။

ထမင်းများ စားသောက်ကြပြီးနောက် ကျွန်ုပ်တို့သည် အိမ်ရှေ့ဧည့်ခန်းတွင်ထိုင်ကာ ဦးသန်းစိန်က စီးကရက်တစ်လိပ်ကို သောက်လျက် ဦးဖိုးဌေးက ဆေးပေါ့လိပ်ကို ဖွာပြီးလျှင် ကျွန်ုပ်ကမူ ဆေးတံကို မီးညှိ၍ သောက်လျက် ရှိလေ၏။ ဦးဖိုးဌေးသည် ကျွန်ုပ်ဘက်သို့လှည့်၍ –

"ဘယ့်နှယ်လဲ ဦးတင်မောင်၊ ထမင်းစားလို့ အတော်မြိန်ရဲ့လား"

"မြိန်ပါတယ် ခင်ဗျာ"

"ပုစွန်လုံးကြော်ကော စားကောင်းရဲ့လား ခင်ဗျ"

"ကောင်းပါတယ် ခင်ဗျာ၊ ကျွန်တော်ဖြင့် ခံတွင်းတွေ့တာနဲ့ နှစ်ကောင်တောင် စားလိုက်တယ်"

"အင်း လူကသူတို့ကို စားတဲ့အခါလည်းစား၊ သူတို့က လူကိုပြန်ပြီး စားတဲ့အခါလည်းစား"

"ခင်ဗျား ... ဘယ်လိုပြောတာလဲ ခင်ဗျ"

"ဩော် . . သူတို့က နိုင်တဲ့အခါ လူကိုပြန်စားတာ ပြောတာပါ ခင်ဗျာ"

http://www.cherrythitsar.org



"ဟာ ထူးဆန်းလိုက်တာလေ ဦးဖိုးငွေးရယ်၊ ကျွန်တော်ဖြင့် မကြားဖူးပါဘူးဗျာ"

"ခင်ဗျားတို့ ရန်ကုန်သားတွေတော့ ကြားဖူးချင်မှ ကြားဖူးမယ်ပေါ့ဗျာ၊ နို့ပေမဲ့ ကျွန်တော်က ကိုယ်တွေ့ တွေ့ခဲ့ဖူးတယ် ဦးတင်မောင်ရဲ့"

"ဘယ်လိုလဲ ဦးဖိုးငွေး၊ အမိန့်ရှိပါဦး"

"ပြောရမယ်ဆို အတော်ရှည်ဝေးတာပါခင်ဗျာ"

"အဲဒီလို ရှည်ဝေးတာမျိုးပဲ ကြားချင်တယ် ဦးဖိုးငွေးရေ့၊ အမိန့်ရှိပါခင်ဗျာ"

"ဒီလို ခင်ဗျ၊ ပိုးမွှားတိရစ္ဆာန်ဆိုတာ ပုရွက်ဆိတ်တို့၊ ခြင်တို့၊ ယင်ကောင်တို့၊ ကျွတ်တို့၊ မျှော့တို့မှ အစ ဒီပိုးမွှားကောင်တွေဟာ တစ်ကောင်ချင်းနှစ်ကောင်ချင်းဆိုရင် ဘာမှအရေးမကြီးဘူး။ ဘာမှလည်း ကြောက်စရာမရှိဘူး။ ဒါပေမဲ့ ရာလိုက် ထောင်လိုက် သောင်းလိုက် တွေ့ရပြီဆိုတော့ သူတို့ကို လူက ခုခံနိုင်ဖို့ အတော်ခဲယဉ်းတယ်"

"ဟုတ်တာပ ခင်ဗျာ၊ အမိန့်ရှိပါဦး"

"ဒါကိုပြောရင် ကျုပ်ငယ်ငယ်က ဆိုပါတော့ ခင်ဗျာ၊ ကျွန်တော်အသက်အစိတ်လောက်က ကျွန်တော်တွေ့ကြုံခံစားခဲ့ရတဲ့ ကျွန်တော်ရဲ့ဘဝကို ပြန်ပြောရမလို ဖြစ်နေပြီ ဦးတင်မောင်ရဲ့"

"ပြောသာပြောပါ ခင်ဗျာ၊ ကျွန်တော်တို့ ဗဟုသုတ ရတာပေါ့၊ ဟုတ်တယ် မဟုတ်လား ဦးသန်းစိန်"

(စိန်) "မှန်တာပေါ့ ခင်ဗျာ၊ ကျွန်တော်တို့လည်း ကြားပါရစေ ဦးဖိုးငွေးရယ်"

သို့နှင့် အောက်တွင် ရေးသားအံ့သော အတ္ထုပ္ပတ္တိကလေးမှာ ဦးဖိုးငွေးကိုယ်တိုင် ငယ်စဉ်က တွေ့ကြုံခံစားခဲ့ရသော အဖြစ်အပျက် တစ်ခုဖြစ်၍ သူကိုယ်တိုင် ပြောပြသည့်အတိုင်း ကျွန်ုပ်က ရေးသားဖော်ပြအပ်ပါကြောင်း။

*

ကျွန်တော် (ကိုဖိုးငွေး)သည် မြိတ်ခရိုင်၊ ပုလောရွာသား ဇာတိဖြစ်၍ ကျွန်တော်၏ အသက်အရွယ် အလွန်ငယ်စဉ်က မိခင်ကြီးနှင့်အတူ ထိုရွာတွင် နေထိုင်ခဲ့ရပါသည်။ ကျွန်တော်၏ဖခင်မှာ ကျွန်တော်ပုခက်တွင်းအရွယ်ကပင် သေဆုံးသွားကြောင်း သိရပါသည်။ မုဆိုးမ မိခင်ကြီးသည် ဈေးရောင်းချခြင်းဖြင့် ပင်ပန်းကြီးစွာ ရှာကြံ၍ ကျွန်တော့်အား ကျွေးမွေးခဲ့ရာ ကျွန်တော် ရှင်လူထွက်စ လူပျိုပေါက် အရွယ်သို့ရောက်လာသောအခါ တရုတ်ကုန်စုံဆိုင်ကြီး တစ်ဆိုင်၌ တစ်လလျှင် လခ ၁၅ ကျပ်မျှဖြင့် အလုပ်လုပ်ခဲ့ရပါသည်။ တရုပ်

http://www.cherrythitsar.org



ကုန်စုံဆိုင်၌ အလုပ်လုပ်သော ကျွန်တော်အပါအဝင် အလုပ်သမားအားလုံးမှာ လက်ဖက်ရည်ဖိုး၊ ဆေးလိပ်ဖိုး၊ ဆံပင်ညှပ်ခပါမကျန် ရရှိကြသဖြင့် ကျွန်တော်၏ လခငွေ ၁၅ ကျပ်ကို မိခင်ကြီးအား လုံးလုံးပေးကမ်းထောက်ပံ့နိုင်ခဲ့ပါသည်။ ဤသို့ အလုပ်လုပ်၍ ခုနစ်နှစ် ရှစ်နှစ်ခန့် ကြာသောအခါ ကျွန်တော်၏လခမှာ ၂၅ ကျပ်အထိ တိုးတက်လာ၍ အရောင်းအဝယ် အပြောအဆိုတွင်လည်း အတော်ပင် လည်ပတ်လာခဲ့ပါသည်။ ကိုရင်ဘဝ၌ပင် မင်္ဂလသုတ်၊ နမက္ကာရ၊ ပရိတ်ကြီးစသည်တို့ကို ကျေပွန်စွာ သင်ကြားခဲ့ရ၍ မြန်မာစာကို ကောင်းစွာ ရေးနိုင်ဖတ်နိုင်ပါသည်။ တရုတ်ဆိုင်၌ အလုပ်လုပ်နေစဉ် သူရိယသတင်းစာ၊ ထို့နောက် အချိန်အတန်ကြာသောအခါ ထွက်ပေါ်လာသော သူရိယမဂ္ဂဇင်းများကို ဖတ်ရသောအခါ စာဖတ်ခြင်း အလေ့အထတွင် ဝါသနာထုံလာပြီးလျှင် ဗဟုသုတ အကြားအမြင်များလည်း အတော်ပင် တိုးတက်လာပါသည်။ ကျွန်တော်သည် သတင်းစာနှင့် မဂ္ဂဇင်းတို့ကို ဖတ်ရုံမျှနှင့် အားမရသေးဘဲ မြိတ်မြို့သို့ရောက်သောအခါ အခြားစာအုပ်စာတမ်းများ၊ ဝတ္ထုစာအုပ်ကလေးများကိုပင် ဝယ်ယူဖတ်ရှုလေ့ရှိပါသည်။ တစ်ကြိမ်တွင် ကျွန်တော် ဝယ်ယူခဲ့သော ဝတ္ထုစာအုပ်သုံးအုပ်ထဲမှ  တစ်အုပ်မှာ ပင်လယ်အတွင်းသို့ စွန့်စားခရီးထွက်ခဲ့သော အင်္ဂလိပ်လူမျိုး ပင်လယ်ခရီးသည်ကြီး တစ်ယောက်အကြောင်းဖြစ်၍ ထိုပုဂ္ဂိုလ်ကြီးသည် အိမ်မှ တိတ်တဆိတ် ထွက်ပြေးခဲ့ပြီးနောက် သင်္ဘောကပ္ပိတန်များနှင့် ကပ်ရပ်ကာ အလွန်ဝေးသော နိုင်ငံများသို့ ရောက်ရှိသွားကြောင်း၊ သင်္ဘောများမှာ တစ်ခါတစ်ရံ လမ်းခရီးတွင် လေမုန်တိုင်း မိ၍ သူကိုယ်တိုင် သင်္ဘောသားများအား မည်ကဲ့သို့ ကူညီကြောင်း၊ လမ်းတွင် ပင်လယ်ဓားပြများနှင့်တွေ့၍ သင်္ဘောသားများက အညှဉ်းခံရပြီးလျှင် သူ့အား ကျွန်အဖြစ် ဖမ်းဆီးသွားကြောင်း၊ ထိုပင်လယ်ဓားပြများ လက်တွင်းမှ မည်ကဲ့သို့ တိတ်တဆိတ် ထွက်ပြေးလွတ်မြောက်လာကြောင်း၊ သို့သော် သူ့အား ကယ်ဆယ်သောသင်္ဘောမှာ လေမုန်တိုင်းမိ၍ နောက် ဆုံး ပျက်စီးပြီးနောက် ကံကောင်းထောက်မသဖြင့် သူသည် ကျွန်းတစ် ကျွန်းသို့ ရောက်ရှိသွားကြောင်း၊ ထိုကျွန်းမှာ လူမနေသော ကျွန်းဖြစ်၍ သူသည် ပင်လယ်ကမ်းခြေနှင့် မနီးမဝေးတွင် သောင်တင်နေသော သင်္ဘောပျက်မှ ပစ္စည်းအချို့ကို ရရှိသဖြင့် ထိုလူမနေသော ကျွန်းကလေးတွင် မိမိအသက်ကို မိမိရှင်စေရန် ကြံဖန်လုံ့လထုတ်၍ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြောင်း စသည်ဖြင့် ပါရှိပါသည်။

ကျွန်တော်သည် ထိုစာအုပ်ကို ဖတ်ပြီးနောက် ထိုပုဂ္ဂိုလ်ကြီးကဲ့သို့ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသို့ ပင်လယ်ကူး သင်္ဘောကြီးဖြင့် မလှည့်နိုင်သော်လည်း ကျွန်တော်တို့ နေထိုင်ရာ မြိတ်ခရိုင် အနောက်ဘက်ရှိ ကပ္ပလီပင်လယ်

http://www.cherrythitsar.org



အတွင်းမှ ပြောက်မြားလှစွာသော ကျွန်းကလေးများသို့ ကတ္တူများ၊ တိုင်းရင်းဖြစ်လှေကြီးများ၊ ဘောက်တူများဖြင့် အခွင့်အရေးရသည်နှင့် တစ်ပြိုင်နက် လှည့်လည်ရန် စိတ်ကူးပေါက်မိပါသည်။ ကျွန်တော် လက်ရှိ လုပ်ကိုင်လျက်ရှိသော တရုတ်ကုန်စုံဆိုင်မှ အလုပ်ကိုလည်း တစ်နေ့တခြား ငြီးငွေ့၍ လာမိပါတော့သည်။

ထိုအခါက ကျွန်တော်၏ မိခင်တွင် အစ်ကိုကြီးတစ်ယောက်ရှိရာ ထိုသူ(ကျွန်တော်၏ဦးကြီး)သည် မြိတ်ကျွန်းစုတောင်ပိုင်းရှိ ကျွန်းကလေးများပေါ်တွင် ငှက်သိုက်ရှာဖွေသူအချို့နှင့် လိုက်ပါသွားပြီးနောက် ကျွန်းကလေးတစ်ကျွန်းပေါ်တွင် နေရစ်ခဲ့ကြောင်း နောက်ဆုံးသတင်းရရှိပြီးနောက် ကျွန်တော်၏ ဦးကြီးသည် ထိုအမည်မသိ ကျွန်းကလေးပေါ်တွင် ယခုတိုင် ဆက်လက် နေထိုင်လျက်ရှိကြောင်း မိခင်ကြီးက ပြောပြ သဖြင့် သိရ၏။

၎င်းနေထိုင်သောကျွန်းကလေးမှာ လူသူမရောက်သော ကျွန်းကလေးဟု ဆိုသော်လည်း 'ထားဝယ်ကျွန်း' အနောက်ဘက် မိုင်တစ်ရာခန့်အကွာတွင် တည်ရှိ၍ ထိုနေရာ၌ စတုရန်း သုံးလေးမိုင်ခန့်ကျယ်ပြန့်သည့် ကျွန်းကလေး သုံးကျွန်းရှိရာ ထိုကျွန်းမှာ တောင်ဘက်အစွန်ဆုံး ကျွန်းကလေးဖြစ်လေသည်။ ထိုနေရာတစ်ဝိုက်၌ ငါးများ ရှာဖွေခြင်းဖြင့်လည်းကောင်း၊ ပုလဲငုပ်ခြင်းဖြင့်လည်းကောင်း၊ အုန်းသီး အုန်းဆံများကို ကျွန်းများမှ ဝယ်ယူ၍ တနင်္သာရီကမ်းခြေတစ်လျှောက်ရှိ မြို့များသို့ တင်ပို့ ရောင်းချခြင်းဖြင့်လည်းကောင်း အသက်မွေးနေထိုင်ကြသော သူတို့သည် ဦးကြီးနေထိုင်သော ကျွန်းကို ကောင်းစွာသိလေသည်။ သို့နှင့် ဦးကြီးသည် တစ်လလျှင်တစ်ကြိမ် သို့မဟုတ် နှစ်လလျှင် တစ်ကြိမ်ကျ ရောက်ရှိလာတတ်သော လှေကြုံများဖြင့် အိမ်သို့ပြန်၍ စာထည့်လေ့ရှိ၏။ ထိုအခါ ကျွန်တော်၏ မိခင်ကလည်း အိမ်တွင် ရှိနေသော အခြေအနေနှင့် တကွ ရွာတွင် ဖြစ်ပျက်သည့်အကြောင်းများကို စာပြန်လေ့ရှိရာ ဦးကြီးမှာ မိုင်ပေါင်းများစွာ လူသူနှင့်ကင်းကွာသော အရပ်၌ရှိနေသော်လည်း အနည်းဆုံး ခြောက်လလျှင် တစ်ကြိမ်မျှ ၎င်းထံမှ စာများကို စာတိုက်မှ ရရှိတတ်၏။

ဦးကြီးမှာ ကျွန်တော့် မိခင်ထက် ၁၀ နှစ်ခန့်မျှ အသက်ကြီး၍ သူထွက်သွားသည့် အချိန်မှာလည်း ကျွန်တော် လူမှန်းမသိမီ အချိန်ကပင် ဖြစ်ရကား ယခုအချိန်၌ ဦးကြီးမှာ အသက် ၆၀ ခန့်မျှပင် ရှိနေပေလိမ့်မည်။

တစ်နေ့၌ ကျွန်တော်၏ မိခင်မှာ ဦးကြီးထံမှ စာတစ်စောင်ရရှိရာ စာထဲ၌ သူသည်လက်ရှိ အလုပ်နှင့်တကွ လူသူကင်းမဲ့သော ဤကျွန်းတွင် ဆွေမျိုးဉာတိများနှင့်ကင်းကွာလျက် တစ်ကိုယ်တည်း နေရသည်မှာ ငြီးငွေ့လာ

http://www.cherrythitsar.org



ပြီဖြစ်ကြောင်း၊ သို့ဖြစ်၍ ရွာသို့ ပြန်လာပြီးလျှင် စုဆောင်း ရရှိသမျှသော ငွေကလေးဖြင့် ရွာတွင် ပြန်၍ အရိုးထုတ်တော့မည် ဖြစ်ကြောင်း ပါရှိ၏။ ထိုအခါ ကျွန်တော်တို့ မိခင်မှာ လွန်စွာဝမ်းမြောက်လျက် ဤကဲ့သို့ပြန်လာမည်ဆိုက မိမိနှင့်တကွ ရွာတွင်ရှိသော ဆွေမျိုးဉာတိများပါ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိကြလိမ့်မည်ဖြစ်ကြောင်း၊ မည်သည့်အချိန်လောက်တွင် ပြန်လာမည်ကို ကြို တင်၍စာပေးရန် အကြောင်းဖြင့် ပြန်ကြားလိုက်၏။ သို့သော် မိခင်ထံမှ စာ ထည့်လိုက်ပြီးနောက် သုံးလပင် ကြာရှိသော်လည်း ပြန်စာမရ၍ ကျွန်တော်၏ မိခင်ကြီးသည် နောက်ထပ် စာတစ်စောင်ထည့်ပြန်၏။ နောက်ထည့်လိုက်သော စာမှာလည်း သုံးလပင်ကျော်ပြီဖြစ်သော်လည်း ပြန်စာမရချေ။ ထိုအခါ ကျွန်တော်တို့သည် စိတ်ပူပန်စပြုလာတော့၏။

ထိုအချိန်သည်ကား ကျွန်တော် ငယ်စဉ်က ပင်လယ်သို့ ခရီးသွားရန် စိတ်ကူးမိခဲ့သော စိတ်ကူးယဉ် အကြံများသည် သရုပ်ပေါ်၍ လာတော့မည့် အချိန်ပင် ဖြစ်တော့၏။ အလုပ်မှထွက်၍ ဦးကြီးထံသို့ စွန့်စားသွားရောက်လို သည့်အကြောင်းကို ပြောပြရာ မိခင်ကြီးမှာ ပထမ သဘောမတူဘဲ ရှိနေ၏။ ပင်လယ်တွင်လည်းကောင်း၊ ပင်လယ်အတွင်းရှိ ကျွန်းများပေါ်တွင်လည်း ကောင်း ဖြစ်ပျက်တတ်သော ဘေးအန္တရာယ်များအတွက် တွေး၍ တစ်ယောက် တည်းသော သား၏အလိုကို လိုက်ရ ရှာတော့၏။

*

သို့နှင့်တစ်နေ့တွင် ကျွန်တော်သည် အနည်းငယ်မျှသော ပစ္စည်း ကလေးများကိုယူ၍ အိမ်မှထွက်ခဲ့လေ၏။ မြိတ်မြို့သို့ရောက်၍ လှေသင်္ဘော ကတ္တားများ အဝင်အထွက်အများဆုံးသော နေရာဆိပ်ကမ်းအနီးရှိ ထမင်းဆိုင်၌ ညအိပ်ရန် အခပေး၍ တည်းခိုပြီးသော် ဦးကြီး၏အကြောင်းကို ထောက်လှမ်း စုံစမ်းစပြုလေ၏။ ရက်သတ္တတစ်ပတ်ခန့် ကြာသော်လည်း ဦးကြီးအကြောင်း ကို အစအနမျှ မေးမြန်း၍ မရသဖြင့် ကျွန်တော်လည်း စိတ်ပျက်စပြု၍ လာမိ ၏။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ် အစိတ်ခန့်က ရွာမှထွက်သွား၍ ခြေသလုံး အိမ်တိုင်ပြုကာ ကမ်းခြေနှင့် မိုင်ပေါင်းများစွာ ဝေးကွာသော ကျွန်းတစ်ကျွန်း ပေါ်သို့ ရောက်နေသူအား မည်သည့်နည်းဖြင့် ရှာဖွေ၍ ရနိုင်ပါအံ့နည်း။

သို့ရှိစဉ် ကျွန်တော်လည်း ကျွန်းတစ်ကျွန်းမှ အုန်းသီးဆံများ တင် ၍လာသော ဘောက်တူ ပိုင်ရှင်တစ်ဦးထံမှ အောက်ပါအတိုင်း အတော်စုံစုံ လင်လင် သတင်းရရှိလေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်လောက်က အသက် ၄၀ ကျော်ခန့် အသားဖြူဖြူ ထောင်ထောင်မောင်းမောင်း လူတစ်ယောက် ရောက်ရှိလာပြီးလျှင်

http://www.cherrythitsar.org



ဆလုံလူမျိုးများ ပိုင်သော ကတ္တူကြီး လှေကြီးတစ်စင်းကို ငှားရမ်းကာ 'ထားဝယ်ကျွန်း' ၏ အနောက်စူးစူးသို့ ထွက်ခွာသွားပြီးနောက် ကျွန်းကလေး တစ်ကျွန်းသို့ ရောက်သောအခါ ထိုကျွန်းကလေးပေါ်တွင် တစ်ယောက်တည်း နေရစ်ခဲ့ကြောင်း၊ သူစီးလာသော ကတ္တူလှေသမားများအား သင့်လျော်သော အဖိုးအခပေးပြီးလျှင် ထားဝယ်မြို့သို့ ပြန်လွှတ်လိုက်ကြောင်း၊ ထိုကျွန်းကလေးမှာ မြေဩဇာအလွန် ကောင်းမွန်သော ကျွန်းကလေးဖြစ်၍ ကျွန်းတစ်ကျွန်းလုံး ပင် အုန်းပင်များဖြင့် ပြည့်နှက်လျက်ရှိကြောင်း၊ ထိုသူသည် ယခုထက်တိုင် ထိုကျွန်းကလေး၌ နေထိုင်လျက်ရှိပြီးလျှင် စီးပွားဥစ္စာပင် အတော်အတန် ရှိနေပြီ ဖြစ်ကြောင်းနှင့် လွန်ခဲ့သော နှစ်နှစ်ခန့်က သတင်းကြားဖူးကြောင်း၊ စားရေးရိက္ခာများနှင့် သူလိုအပ်သောပစ္စည်းများကို မူလသူ့အား လိုက်ပို့သူ ကတ္တူပိုင်ရှင်ကပင် တစ်လလျှင် တစ်ကြိမ်ကျ သွားရောက်ပေးပို့ရသည် ဟု မိမိကြားဖူးကြောင်း၊ ထိုလူကြီးမှာ ကျွန်တော်၏ဦးကြီးပင် ဖြစ်လိမ့်မည် ထင်ကြောင်းဖြင့် နောက်ဆုံးပြောပြလေသည်။

ဤကဲ့သို့ သတင်းအစအန ရရှိသောအခါ ကျွန်တော်သည် ဆလုံလူမျိုး ကတ္တူနှင့် ဘောက်တူပိုင်ရှင်များ နေထိုင်သော ရပ်ကွက်၌ စုံစမ်းရာ မြန်မာနှင့် ဆလုံစပ် ဘိုးဆောင်းဆိုသူသည် ထားဝယ်ကျွန်း အနောက်ဘက် မိုင်ပေါင်း အတော်ဝေးသော နေရာရှိ ကျွန်းတစ်ကျွန်းသို့ တစ်လလျှင် တစ်ကြိမ်ကျ သွားရောက်ကာ ထိုကျွန်းမှ အုန်းဆံများ တင်လာသည်ကို တွေ့ရပြီးလျှင် အသွားတွင်လည်း ဆန်၊ ဆီ၊ ငါးပိ၊ ထန်းလျက်၊ သကြားနှင့် ဆေးဝါးစသော ရိက္ခာများကို တင်ဆောင်ယူသွား လေ့ရှိကြောင်းဖြင့် သိရှိရ၏။

ထို့နောက် ဆက်လက်စုံစမ်းရာ ထိုဘိုးဆောင်းသည် ယခု အချိန်၌ မြိတ်မြို့ပေါ်တွင်မရှိဘဲ ခရီးထွက်နေကြောင်း၊ သူ၏ကတ္တူသည် မကြာမီ ပင်လယ်သို့ ထွက်မည်ဖြစ်ကြောင်းဖြင့် သတင်းရပြန်၏။ သို့နှင့် ကျွန်တော်လည်း ထိုကတ္တူဆိုက်ထားရာသို့ ကိုယ်တိုင် သွားရောက်စုံစမ်းရာ မှန်ကန်ကြောင်း တွေ့ရ၏။ ကတ္တူဦးစီးဖြစ်သူအား မည်သည့်အရပ်သို့ သွားမည့်အကြောင်း မေးမြန်းရာတွင်ထိုသူက သူတို့သည်  ထားဝယ်ကျွန်း၏ အနောက်စူးစူး မိုင် ၁၀၀ ခန့်အကွာတွင် ရှိသည့်ကျွန်းတစ်ကျွန်းသို့ သွားရောက်မည့်အကြောင်း၊ ကတ္တူပေါ်၌ တင်ထားသည့်ရိက္ခာများမှာလည်း ထိုကျွန်းတွင် နေထိုင်လျက်ရှိသူအတွက်ဖြစ်ကြောင်းဖြင့် ပြောပြ၏။ ထိုအခါ ကျွန်တော်သည် ၎င်းတို့နှင့် အတူ လိုက်ပါလိုကြောင်း၊ ထိုကျွန်းတွင် နေထိုင်သူမှာ ကျွန်တော်နှင့် ဦးကြီးတော်စပ်ကြောင်းနှင့် ပြောကြားလေရာ ကတ္တူ ဦးစီးဖြစ်သူလည်း ၎င်းအား ငွေ ၅၀ ပေးလျှင် လိုက်ခွင့်ပြုမည့်အကြောင်းဖြင့် ပြောပြလေ၏။

http://www.cherrythitsar.org



အိမ်မှထွက်လာသောအခါ ကျွန်တော့်လက်ထဲတွင် ငွေ ၁၀၀ မျှသာ ပါသဖြင့် ၎င်းအား ၅၀ ပေးရမည်ဆိုက ကျွန်တော်၏ စည်းစိမ်ထက်ဝက် ပြုတ်ရုံသာမက အပြန်စရိတ်ပင် လုံလောက်တော့မည် မဟုတ်ချေ။ သို့သော် ဦးကြီးကို တွေ့လိုလှသဖြင့် မည်သို့ပင်ဖြစ်စေ ငွေ ၅၀ ထုတ်ပေးလိုက်ပါသည်။

*

တစ်နေ့နှင့်တစ်ညမျှ လေမိုးငြိမ်သက်လျက်ရှိသော အပြာရောင် ပင်လယ်ရေပြင်ကြီးကို ဖြတ်သန်းပြီးနောက် နောက်တစ်နေ့ ညနေစောင်းတွင် ကျွန်တော်၏ဦးကြီးနေသည်ဆိုသော ကျွန်းကလေးသို့ ကျွန်တော်တို့ ကတ္တူကြီး ဆိုက်ရောက်လေသည်။ ကျွန်းသို့ ရောက်ခါနီးတွင် ကျွန်းကို ဝိုင်းရံလှမတတ် ရှိနေသော သန္တာကျောက်တန်း တစ်ခုတွေ့ရ၍ ကိုက် ၅၀ ခန့်မျှ ကျယ်ဝန်းသော ရေပြင်မှ ကျွန်း၏ ကမ်းခြေသို့ ချဉ်းကပ်ရ၏။

ကျွန်းကလေးမှာ စတုရန်း သုံးလေးမိုင်ခန့်မျှ ကျယ်ဝန်းမည် ထင်ရ၍ ကမ်းစပ်မှာ အတော်အတန် ကျောက်ထူထပ်လျက် သဲပြင်သောင်ခုံများ ဝိုင်းရံလျက် ရှိ၏။ အတွင်းဘက်သို့ ကြည့်လိုက်သောအခါ တစ်ကျွန်းလုံး ထိုအစိမ်းရောင် သစ်ခက်ကြီးတစ်ခုဖြင့် ဖုံးအုပ်ထားသကဲ့သို့ အုန်းပင် အုန်းလက်တို့ဖြင့် စိမ်းလန်းဝေဆာစွာ ရှိနေသည်ကို တွေ့ရ၏။

ကတ္တူဆိုက်သည်နှင့်တစ်ပြိုင်နက် ဘောင်းဘီရှည်နှင့် ကုတ်အင်္ကျီ ခပ်ဟောင်းဟောင်း တစ်ထည်ကို ဝတ်ပြီးလျှင် မြက်ဦးထုပ် အဖြူကို ဆောင်းထားသော အသားမည်းမည်း ခပ်ပိန်ပိန် လူတစ်ယောက် ကမ်းစပ်သို့ ဆင်းလာသည်ကို မြင်ရ၏။ ကတ္တူဦးစီးက ၎င်းမှာ အခြားသူ မဟုတ်၊ မိမိတို့ကတ္တူ ပိုင်ရှင် ဦးဘိုးဆောင်းဆိုသူပင် ဖြစ်ကြောင်းပြောပြသဖြင့် သိရှိရလေသည်။

ထိုသူသည် သူ၏ကတ္တူပေါ်၌ လူစိမ်းတစ်ယောက်ပါလာသည်ကို မြင်ရသဖြင့် ပထမ မျက်နှာပျက်သွားသော်လည်း ပြန်၍ဣန္ဒြေဆည်လိုက်လေသည်။ ကတ္တူဦးစီးက သူတို့ဘာသာစကားဖြင့် ရော၍ ပြောလိုက်ရာ ၎င်းမှာ ငွေ ၅၀ ကျပ်ရသဖြင့် လှေကြုံစီးတစ်ယောက် တင်ခဲ့ကြောင်း ပြောလိုက်ဟန်တူ၏။ ကျွန်တော်သည် ကတ္တူပေါ်မှ ဆင်း၍ကမ်းစပ်သို့ ရောက်သောအခါ ၎င်းသည် ဥရောပတိုက်သား တစ်ယောက်ကဲ့သို့ ဦးထုပ်ချွတ်ပြီးလျှင် ကျွန်တော့်အား ပြုံး၍နှုတ်ဆက်၏။ သို့သော် သူ၏အပြုံးမှာ သာယာရွှင်ပျ၍ ပွင့်လင်းသော အပြုံးမျိုး မဟုတ်ဘဲ ဝတ်ကျေ ဝတ်ကုန် ပြုံးလိုက်ဟန် လက္ခဏာ ရှိလေသည်။ သူသည် ကျွန်တော်၏ လက်ကိုအားပါးတရ ဆွဲလျက် –

"ဘယ့်နှယ်လဲ မိတ်ဆွေ၊ ဒီလောက်ဝေးတဲ့ ခရီးကြီး ဘယ်လို ကိစ္စများနဲ့ လိုက်လာတာလဲဗျာ"

http://www.cherrythitsar.org



“ကျွန်တော့်နာမည် ဖိုးဌေးပါတဲ့ခင်ဗျာ၊ ကျွန်တော်ရဲ့ဦးကြီး ဦးအောင်လှဆိုတာ ဒီမှာနေတယ် သတင်းရလို့ ကျွန်တော် လိုက်လာတာပါ”

ကျွန်တော်၏တစ်သက်တွင် ဤမျှလောက်ကြောက်ရွံ့တုန်လှုပ် သွားဟန်တူသော လူတစ်ယောက်၏မျက်နှာကို မမြင်ဖူးချေ။ ထိုစကားများကို ပြောလိုက်သည်နှင့်တစ်ပြိုင်နက် သူ၏မျက်နှာမှာ ချက်ချင်း သွေးများ ဆုတ်သွားကဲ့သို့ ဖွေးခနဲဖြစ်သွား၍ မျက်လုံးများမှာလည်း မှေးမှိန်သွား၏။ ချောင်တွင် ပိတ်မိနေသော သားကောင်တစ်ကောင်ကဲ့သို့ သူသည် ကျွန်တော့်အား ကြည့်၍နေသည်ဟု ထင်ရ၏။

ကျွန်တော်က ဦးကြီးအကြောင်းကို စ၍ပြောလိုက်မိသည်နှင့် တစ်ပြိုင်နက် ကိုဘိုးဆောင်းသည် သူတို့၏တိုင်းရင်းဘာသာဖြင့်ပင် ကတ္တူကို ချက်ချင်းပြန်ထွက်ရန် အမိန့်ပေးလိုက်ဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် ကတ္တူဦးစီးနှင့်တကွ အခြားလှေသမားများပါ ကုန်းပေါ်တွင် ချည်ထားသော ကြိုးများကို ဖြေခြင်း၊ ကုန်းဘောင်များကိုပြန်၍ ရုပ်သိမ်းခြင်းများ ပြုလုပ်နေသည်ကို ကျွန်တော် မြင်လိုက်ရသောကြောင့်ပေတည်း။

ထိုအခါ ကျွန်တော်လည်း ကတ္တူဦးစီးအား . . “နေကြပါဦးဗျ၊ မထွက်ကြပါနဲ့ဦး ၊ ဘယ့်နှယ် ရောက်ရောက်ချင်း ပြန်ကြတော့မှာလား၊ ဦးကြီးရော ကျွန်တော်ရော ပြန်လိုက်ချင် လိုက်မှာပဲ” ဟု ပြောလိုက်လျှင် ဦးဘိုးဆောင်းဘက်သို့ လှည့်၍ “ဦးဘိုးဆောင်း ခင်ဗျာ့လူတွေ ပြောပါဦး၊ ကတ္တူမထွက်ပါစေနဲ့ဦး” ဟု ပြောလိုက်၏။

ထိုအခါ ဦးဘိုးဆောင်းသည် ကျွန်တော့်အား ရယ်မောကြည့်ရှုလျက် “မစိုးရိမ်ပါနဲ့ မိတ်ဆွေ၊ သွားပါစေ၊ နက်ဖြန်ကျရင် ကျုပ်ကတ္တူ တစ်စင်းရောက်လာဦးမှာပဲ၊ အဲဒီကတ္တူနဲ့ ကျုပ်တို့ ပြန်ကြတာပေါ့”

“ဒီလိုဆိုရင်လည်း ကောင်းတာပေါ့ ခင်ဗျာ”

ကျွန်တော် စီးလာခဲ့သော ကတ္တူကြီးသည် တင်ဆောင်လာသော ရိက္ခာအနည်းငယ်ကို ကပျာကယာ ချပေးပြီးနောက် ကမ်းမှထွက် ခွာသွားလေ၏။

“ကဲ လာ၊ ကျုပ်တို့ ကုန်းပေါ်တက်ကြမယ်”

“ကျေးဇူးတင်ပါတယ် ခင်ဗျာ”

သို့နှင့် ကျွန်တော်တို့လည်း သဲခုံများကို ဖြတ်ကာ ကုန်းပေါ်သို့ တက်ခဲ့ကြလေ၏။ သဲခုံများဆုံး၍ မြေမာသို့ ရောက်လာသောအခါ လူသွားလမ်းကလေးတစ်ခုကို တွေ့ရ၍ လမ်းတစ်ဖက်တစ်ချက်တွင် စိမ်းလန်းသော မြက်များနှင့် ဆူးချုံများရှိနေ၏။ အဝေးသို့ မျှော်ကြည့်သောအခါ ပင်လယ်

http://www.cherrythitsar.org



ဘက်မှ တိုက်ခတ်လျက်ရှိသော လေပြည်တွင် ယိမ်းယိုင်လှုပ်ရှားကာရှိနေသော အုန်းပင် အုန်းလက်များကို တွေ့မြင်ရ၏။ ကိုက် ၁၀၀ ခန့်မျှ သွားမိလတ်သော် လမ်းကလေးသည် လက်ဝဲဘက်သို့ ကွေ့သွားပြီးနောက် ထိုနေရာမှ ရှေ့သို့ မျှော်ကြည့်သောအခါ အတော်ပင် ဟောင်းနွမ်းနေသော သွပ်များဖြင့် မိုးထားသည့် ပျဉ်ထောင်အိမ်ကလေး တစ်လုံးကို ကိုက် ၅၀ ခန့်အကွာ အုန်းပင်များ အကြားတွင် လှမ်း၍ မြင် ရလေသည်။

အိမ်ကလေးအနီးသို့ ချဉ်းကပ်လာမိသောအခါ ရှေ့မှသွားသော ကိုဘိုးဆောင်းသည် ရုတ်တရက် ရပ်လိုက်ပြီးနောက် ကျွန်တော့်ဘက်သို့ လှည့်၍

"ဒီမယ် ကိုဖိုးငွေ၊ ခင်ဗျားကို အခု ကျုပ်ပြောရမယ့် သတင်းကတော့ သတင်းကောင်းတော့ မဟုတ်ဘူးဗျာ၊ သတင်းဆိုးပဲ၊ ခင်ဗျာ့ ဦးလေးကြီး ဦးအောင်လှဟာ မရှိတော့ဘူးဗျ၊ သေရှာပြီ။ သေတာ ကိုးလရှိသွားပြီ။ သူ့အလောင်းကို ကျုပ်တို့ဟောဟိုဘက်ကမ်းက အုန်းပင်ပျိုအုပ်ကလေးအောက်မှာ မြှုပ်လိုက်ကြတယ်။ ကဲ ... လာလာ၊ အခုပဲ ကျုပ်လိုက်ပြမယ်"

သို့နှင့် ကိုဘိုးဆောင်းသည် ကျွန်တော်၏ခါးကို နောက်မှ သိုင်းဖက်ကာ ကျွန်တော်တို့၏ လက်ဝဲဘက်တွင် ရှိနေသော အုန်းပင်အုပ်ကလေးဆီသို့ ခေါ်သွားလေ၏။ ထိုနေရာ၌ကား မြေသည် အတော်အတန် မာပြီးလျှင် ပုစွန် လုံးတွင်းများကိုလည်း နေရာအနှံ့အပြား တင်းကျမ်းပြည့်တွေ့မြင်ရလေသည်။ အုန်းပင်အုပ်ကလေး အလယ်၌ကား အလျား ၆ ပေ၊ အနံ ၃ ပေခန့်ရှိသည့် မြေဖို့ထားသော သင်္ချိုင်းရာတစ်ခုကို တွေ့ရ၍ သင်္ချိုင်းရာ၏ ခေါင်းရင်းဘက်တွင်မှတ်တိုင် တစ်ခုစိုက်ထူထားလျက် ကန့်လန့်ဖြတ်ရိုက်ထားသော ပျဉ်ချပ် တစ်ခုပေါ်တွင် 'ဦးအောင်လှ' ဟု လက်ရေး ခပ်ကြမ်းကြမ်းဖြင့် ရေးထားသည် ကို တွေ့မြင်ရပါသည်။

ထိုအခါ ကျွန်တော့်မှာ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ဦးကြီး အတွက် ယူကျုံးမရဖြစ်ကာ ချုံးပွဲချငိုကြွေးမိပါတော့သည်။ သူ၏ မျက်နှာကို မမြင်ဖူးသော်လည်း မိခင်ကြီး၏ ပြောစကားဖြင့် မျှော်မှန်းရမ်းဆကာ ပူဆွေး လွမ်းဆွတ်မိပါတော့သည်။ အလွန်ဝေးလံသော ခရီးသို့ ဤမျှလောက် ဆင်းရဲ ဒုက္ခခံ၍ လာပြီးမှ ယခုကဲ့သို့ တွေ့ကြုံရသည်ကို ဖြေဆည်၍ မရနိုင်အောင် ရှိပါတော့သည်။ ဦးကြီးမှာလည်း တစ် သက်တာပတ်လုံး ပစ္စည်းဥစ္စာများကို ဤလူသူမနေသော ကျွန်းတွင် ပင်ပန်းကြီးစွာ ရှာဖွေပြီးနောက် အနားယူ၍ အေးချမ်းစွာနေတော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်သောအချိန်မှပင် ယခုကဲ့သို့ သေဆုံးသွားရသည် ကို ဝမ်းနည်း၍မဆုံးနိုင်အောင် ရှိပါတော့သည်။

သင်္ချိုင်းရာရှိသော သစ်ပင်အုပ်အောက်မှ အိမ်ဆီသို့ လျှောက်လာကြသောအခါ ကိုဘိုးဆောင်းသည် ကျွန်တော်၏ခါးကို ယခင်ကထက် တင်းကျပ်စွာ ဖက်လျက် –

"ဒီလိုပေါ့ဗျာ ကိုဖိုးငွေး၊ လူဆိုတာ တစ်နေ့နေ့သေကြရမှာပဲ မဟုတ်လားဗျ၊ အဘိုးကြီးက အသက်လည်းကြီးပြီ၊ သူ့ဆီကို ကျုပ်ကတ္တူနဲ့ လစဉ်အချိန်မှန်လာပြီး ရိက္ခာပို့၊ သူ့ဆီက အုန်းသီးတွေဝယ်၊ အဲဒီလို လုပ်နေတာ အတော်ကြာပြီ"

"သူ့အလုပ်က ဒါပဲလား"

"ဒါပဲဆိုပါတော့ဗျာ၊ ငါးဖမ်းတဲ့အလုပ်နဲ့ ပုလဲငုပ်တဲ့အလုပ်လည်း ကျုပ်တို့ နည်းနည်းပါးပါး လုပ်ကြသေးတယ်။ အုန်းပင်တွေ ကြည့်ဖို့ရော၊ ငါးဖမ်းတဲ့အလုပ်အတွက်ရော၊ တစ်ခါတစ်ရံ ပုလဲငုပ်တဲ့ အတွက်ရော လုပ်ဖို့ ဆလုံလူမျိုး သူငယ်လေး လေးငါးယောက် ငှားထားကြတယ်"

"နေပါဦး၊ ကျုပ်တို့လို ဆိုတဲ့အဓိပ္ပာယ်က ခင်ဗျားကော ပါသလား"

"အရင်တုန်းကတော့ မပါပါဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကစပြီး သူနဲ့ ပါတနာ လုပ်လိုက်တယ်လေ။ ဆိုးတူကောင်းဖက်ပေါ့။ ဒါပေမဲ့ အုန်းသီးတွေ ပို့နေတဲ့ကတ္တူကိုတော့ ကျုပ်က လုံးလုံးပိုင်တယ်။ ဒီကတ္တူနဲ့ပဲ အုန်းသီးတွေကို ခြောက်လတစ်ကြိမ် မြိတ်ကိုပို့ရ တယ်"

ဦးကြီးထံမှ စာများထဲတွင် သူနှင့်အတူ အစုစပ်ပါတနာရှိသည် ဟူ၍ မည်သည့် အခါမျှမပါဖူးသဖြင့် ကျွန်တော်လည်း အံ့အားသင့်နေမိ၏။

"ခင်ဗျားတို့ ငှားထားတယ်ဆိုတဲ့ အလုပ်သမားကလေးတွေကော အခု မမြင်ပါကလား"

"ဒီကောင်လေးတွေကိုတော့ လွန်ခဲ့တဲ့ခြောက်လလောက်ကပဲ အကုန်လုံး လခရှင်းပေးပြီး အလုပ်ရပ်လိုက်တယ်။ ကျုပ်မိတ်ဆွေကြီး သေပြီးတဲ့နောက် နှစ်လ သုံးလလောက်ကပေါ့ဗျာ"

"ဒါထက် တစ်ခုမေးပါရစေဦး၊ ဦးကြီးသေသွားတော့ သူကျန်ရစ်ခဲ့တဲ့ ပစ္စည်းတို့၊ သူပိုင်တဲ့ အစုတို့ကို ဘယ်လိုလုပ်ရမယ်ဆိုတာ စာ မရေးခဲ့ဘူးလား။ စာဆိုတာ သေတမ်းစာတို့လို ပစ္စည်းခွဲဝေတဲ့ စာချုပ် စာတမ်းတို့လိုပေါ့ခင်ဗျာ"

ကိုဖိုးဆောင်းက ဦးခေါင်းကို တွင်တွင်ကြီးရမ်းလျက် –

"ဟင့်အင်း . . ဘာစာမှ မရေးခဲ့ဖူး၊ ပြီးတော့ ခင်ဗျား ဦးကြီး သေတာက တော်တော်မြန်တယ်ဗျ။ ဒီတော့ ဘာစာမှလည်း မရေးနိုင်ခဲ့ဘူး၊ ဘာမှလည်း မမှာခဲ့နိုင်ဘူး ထင်ပါရဲ့ဗျာ။ ဒါပေမဲ့ ကျုပ်တို့ အချင်းချင်း စာချုပ်စာတမ်း မရှိသော်လည်း နားလည်မှု ကတိရှိတာကတော့ တစ်ယောက်ယောက်သေရင်

http://www.cherrythitsar.org



ကျန်ရစ်ခဲ့တဲ့ လူက သေသူရဲ့အစုကို အပြီး အပိုင်ယူကြစတမ်းလို့ ကတိရှိခဲ့ကြတယ်”

“နို့ပေမဲ့ ... ကျွန်တော့်ဦးကြီးမှာ ဒီလောက်ကြာအောင် နှစ်ရှည်လများ အလုပ်လုပ်လာတော့ အလုပ်ထဲကို မသွင်းဘဲ သူ့သပ်သပ် စုဆောင်းထားတဲ့ ငွေတော့ မုချရှိရမယ် ခင်ဗျ”

ကိုဖိုးဆောင်းသည် ရိုးသားမှုမရှိဘဲ ကျွန်တော့်အား လှည့်ဖြားပြောဆိုနေဟန်တူကြောင်း ကျွန်တော် တဖြည်းဖြည်း ရိပ်မိလာတော့၏။ ကတ္တူဆိုက်၍ ကမ်းပေါ်သို့ဆင်းလာပြီးနောက် ကျွန်တော်က ဦးကြီး ဦးအောင်လှ အကြောင်းကို မေးလိုက်သည်နှင့် တစ်ပြိုင်နက် သူ့မျက်နှာ ပျက်သွားပုံများကို ပြန်လည်သတိရမိတော့၏။ သို့နှင့် သူ၏အဖြေကို စိတ်အားထက်သန်စွာ စောင့်ဆိုင်းနေမိတော့၏။

“ဘာဗျ ... ငွေ ဟုတ်စ၊ ကျုပ်ဖြင့် တစ်ခါမှ ပြောသံမကြားဖူးဘူး”

“ဒါဖြင့် သူအလုပ်မလုပ်တော့ဘဲ ရွာပြန်ပြီး အနားယူတော့မယ်ဆိုတဲ့ အကြောင်းကိုကော ခင်ဗျာ့ကို မပြောဘူးလား”

“ဟင့်အင်း မပြောဖူးဘူး . . ဒီဟာတွေ ကျုပ်ဘာမှ မသိဘူး”

ထိုအခါမှ ကိုဘိုးဆောင်းသည် မုချလိမ်လည်နေပြီဖြစ်ကြောင်း ကျွန်တော် ကောင်းစွာ သိရတော့၏။ အလုပ်ဖက်စပ် ပါတနာပင်ဖြစ်စေ၊ အလွန်ချစ်ခင်ရင်းနှီးသော မိတ်ဆွေအချင်းချင်းပင် ဖြစ်စေ ဤကဲ့သို့ နေရာမျိုး၌ အတူနေထိုင်ခဲ့ကြပါမူ ထိုစကားမျိုးကို တစ်ယောက်နှင့် တစ်ယောက် မုချတိုင်ပင်ပြောဆိုရမည်ဟု ကျွန်တော်ယူဆမိ၏။ ကိုဘိုးဆောင်း၏ စကားများကား သဘာဝမကျ ယုတ္တိမတန်ချေ။

“ဒါဖြင့် ကျွန်တော်တို့ မြို့ကနေပြီး ဦးလေးအကြောင်းတွေ မေးတဲ့စာတွေကော ခင်ဗျားမရဘူးလား”

ကိုဘိုးဆောင်းသည် ဦးခေါင်းကို တစ်ချက်ရမ်းလိုက်ပြီးလျှင် လက်ဝါးနှစ်ဖက်ကို ဟန်နှင့် ဖြန့်ပြီးနောက် “ဟာ မရပါကလား၊ ဒီနေရာမျိုးကို စာရောက်ဖို့ အခက်သားကလားဗျာ”

ကျွန်တော်သည် အတော်ပင် ဒေါသထွက်လာမိ၏။ ကိုဘိုးဆောင်းကား ဖြောင်လိမ်လျက် ရှိနေလေပြီ။ ကျွန်တော်တို့က ပေးသော စာများသည် ဦးကြီးလက်သို့ ချောမောစွာ ရောက်ရှိသောကြောင့်သာ ဦးကြီးသည် ကျွန်တော့်၏မိခင်ထံသို့ ပြန်၍စာရေးခြင်းဖြစ်၏။ ဤသို့လျှင် ဦးကြီးထံမှ ပြန်စာ သုံးလေးစောင်ကို ကျွန်တော်တို့ ရရှိခဲ့ခြင်း ဖြစ်လေသည်။ ၎င်းမှာ သူ၏ ပြောဆိုချက်အရ ဦးကြီးနှင့် အလွန်ရင်းနှီးသူ ဖြစ်ပါလျက် ဦးကြီး အနားယူတော့

http://www.cherrythitsar.org



မည့်အကြောင်း လုံးဝမသိဟု ဆိုခြင်းမှာ အံ့ဖွယ်ကောင်းလှပေ၏။ ဦးကြီး သေဆုံးပြီးနောက် ကိုးလတိုင်တိုင် တစ်ယောက်တည်း နေခဲ့သည်ဆိုခြင်းမှာ လည်း အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် နေခြင်းဖြစ်လေသနည်း။ သူ၏ စကားများကား အမြီး အမောက် မတည့်လှချေ။

(ကျွန်တော်) "သူသေတဲ့အကြောင်း မြိတ်က ရဲဌာနကိုကော တိုင် လိုက်သေးသလား"

"ကျုပ်မိတ်ဆွေကြီး သေပြီးတဲ့နောက်မြို့ကို တစ်ခေါက်မှ ကျုပ် ပြန် မရောက်ဘူး ကိုဖိုးဒွေးရဲ့၊ အလုပ်သမားလေးတစ်ယောက် အပြန်မှာတော့ စာ တစ်စောင် ရေးပေးလိုက်ပါတယ်။ ဂါတ်ကလည်း ဒီလိုကိစ္စ အသေးအဖွဲကလေး သူ့ဘာသာ သူ့ရောဂါနဲ့ သေတဲ့ကိစ္စမျိုး ဘယ်အရေး ယူမလဲဗျာ။ ခင်ဗျားလည်း အသိသားနဲ့"

"ဦးကြီးက ဘာရောဂါနဲ့ ဆုံးတာလဲ"

"ရောဂါကိုတော့ ကျုပ်အတိအကျ ပြောမပြတတ်ဘူး ကိုဖိုးဒွေးရယ်"

ကိုဘိုးဆောင်းသည် ကျွန်တော့်အား မသိမသာ မျက်စောင်းထိုး၍ ကြည့်လိုက်၏။ သူ့အပေါ်တွင် သင်္ကာမကင်းရှိနေခြင်းကို သူရိပ်မိစပြုလာ ဟန်တူ၏။ သူက ဆက်လက်၍ . . .

"ကျုပ်က ဆရာဝန်လည်း မဟုတ်တော့ ဘာရောဂါဆိုတာ အသေ အချာမသိဘူး ကိုဖိုးဒွေးရဲ့၊ မသေခင်ညမှာ သူ့ကိုယ်တစ်လုံး မခံမရပ်နိုင်အောင် နာကျင်နေတယ် ပြောတော့ ကျုပ်နဲ့ ဆလုံကောင်လေး တစ်ယောက်ဟာ ရေ နွေးအိတ်တွေ ဘာတွေနဲ့တတ်နိုင်သမျှ ပြုစုစောင့် ရှောက်ကြတယ်။ ဒါပေမဲ့ မရပါဘူးဗျာ၊ နောက်တစ်နေ့မနက် ဆုံးရှာ တာပါပဲ"

ထိုအချိန်၌ ကျွန်တော်တို့သည် သွပ်မိုးအိမ်ကလေးရှိရာသို့ ရောက် လာကြပြီဖြစ်၍ ကိုဘိုးဆောင်းက တံခါးကို တွန်း၍ဖွင့်လိုက်၏။ အတွင်း၌ကား လက်ဝဲလက်ယာတွင် အိပ်ခန်းတစ်ခန်းစီရှိ၍ အိမ်ရှေ့ခန်းတွင် သစ်သားကုလား ထိုင်ကြမ်း သုံးလေးလုံးရှိ၏။ အတွင်းဘက်သို့ ဝင်၍ ခေါင်းရင်းဘက် အိပ်ခန်း ကို ညွှန်ပြလျက် ကိုဘိုးဆောင်းက –

"ဒီ အခန်းပဲဗျ၊ ခင်ဗျားဦးကြီးနေတဲ့အခန်း၊ ဒီညတော့ ခင်ဗျား ဒီ အခန်းထဲမှာပဲ အိပ်ပေါ့ဗျာ"

ကိုဘိုးဆောင်းက တံခါးရွက်ကို ကိုင်ထားသဖြင့် ကျွန်တော်လည်း အခန်းတွင်းသို့ ဝင်ခဲ့လေ၏။ အခန်းတွင်း၌ကား အိမ်ထောင်ပစ္စည်းဟူ၍ များစွာ မရှိလှချေ။ ကွပ်ပျစ်အိပ်ရာတစ်ခု၊ သစ်သားကုလား ထိုင်နှစ်လုံး၊ လေးထောင့် စားပွဲကလေးတစ်လုံးရှိပြီးလျှင် ကြမ်းပြင်၌ ဖျာသုံးလေးချပ်ခင်းထား၏။ စားပွဲ

http://www.cherrythitsar.org



ကလေးပေါ်၌ ဓာတ်ပုံတစ်ပုံကို သစ်သားပေါင်ခတ်၍ ထောင်ထားရာ ၎င်းမှာ ကျွန်တော့်မိခင်၏ ဓာတ်ပုံပင် ဖြစ်လေသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က ကျွန်တော်၏မိခင်ကြီးသည် ထိုဓာတ်ပုံကို ဦးကြီးထံ စာတိုက်မှပို့လိုက်သည်ကို ကျွန်တော် သတိရမိ၏။ ကျွန်တော်သည် ဓာတ်ပုံကို ကျော်၍ နောက်ဘက်သို့ လှမ်းကြည့်လိုက်ရာ ဖောက်ပြီး စာအိတ်နှစ်လုံးကို တွေ့ရှိရလေသည်။ စာအိတ်ပေါ်မှ လက်ရေးကို တစ်ချက်လှမ်း၍ကြည့်ရုံမျှနှင့် ကျွန်တော့်မိခင်၏လက်ရေး ဖြစ်ကြောင်း ချက်ချင်း သိလေသည်။ အပြာရောင် စာအိတ်ကလေးကိုပင် ကျွန်တော်တို့ ကုန်စုံဆိုင်မှ ဝယ်ပေးရကြောင်း ကျွန်တော် သတိရမိ၏။

ကျွန်တော်သည် စာအိတ်နှစ်လုံးကို စားပွဲပေါ်မှ ဖျပ်ခနဲ ဆွဲယူလိုက်ပြီးနောက် ကိုဘိုးဆောင်းဘက်သို့ လှည့်၍ သူ၏မျက်နှာကို စေ့စေ့ ကြည့်ကာ "ဒါက ဘာအဓိပ္ပာယ်တဲ့လဲဗျ" ဟု စာအိတ်နှစ်လုံးကို လက်ထဲတွင် ပွတ်ချေရင်း မေးလိုက်မိ၏။ ထိုအချိန်နှင့် တစ်ချိန်တည်းပင် ကျွန်တော်သည် ဦးခေါင်းကို နံဘေးသို့ တိမ်းရှောင်လိုက်မိ၏။ အဘယ်ကြောင့်ဆိုသော် ကိုဘိုးဆောင်းသည် ကျွန်တော်စကားပြောစဉ် အတန်ငယ် နောက်သို့ ဆုတ်လိုက်ပြီးနောက် ကျွန်တော်၏ဦးခေါင်းကို မာကျောသော အရာဝတ္ထုတစ်ခုဖြင့် ရိုက်နှက်လိုက်သောကြောင့်ပေတည်း။ ကျွန်တော် တိမ်းရှောင်သော်လည်း မရတော့ချေ။ ဦးနှောက်ထဲသို့ မီးစဖြင့် ထိုးလိုက်သကဲ့သို့ အလွန်ပူလောင်နာကျင်သော ဝေဒနာကိုခံစားရပြီး လျှင် ကျွန်တော်သည် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်ကိုသာ သတိရလိုက်ပြီးနောက် သတိလစ်၍ သွားလေ၏။

*

အချိန်မည်မျှကြာအောင် သတိလစ်သွားသည်ကိုမူ ကျွန်တော် မသိရချေ။ ဦးခေါင်းမှ အလွန်နာကျင်လျက် ပြန်၍သတိရလာတော့၏။ သို့နှင့် ကျွန်တော်လည်း ဦးခေါင်းကိုလက်ဖြင့် စမ်းသပ်ရန် ကြိုးစား၏။ သို့သော် ကျွန်တော်၏ လက်နှစ်ဖက်ကို နောက်ပြန်တုပ်၍ ချည်ထားရုံမျှမက ခြေနှစ်ဖက်ကိုပင် ပူးပြီးလျှင် ခိုင်မာသော အုန်းဆံကြိုးတစ်ချောင်းဖြင့် ချည်၍ထားလိုက်သေး၏။

ကျွန်တော်သည် ဦးခေါင်းမှ ဒဏ်ရာကြီးဖြင့် ကြမ်းပြင်ပေါ်တွင် လဲလျက်ရှိလေရာ ကိုဘိုးဆောင်းမှာ စားပွဲတွင်ထိုင်ကာ အစားအစာများကို မြိန်ရေယှက်ရေစားလျက်ရှိရာမှ ကျွန်တော် သတိရလာသည်ကို ပြုံး၍ ကြည့်လိုက်လေသည်။ သို့သော် သူ၏အပြုံးကား ရွှင်ပျ၍ ပြုံးရသော အပြုံးမျိုးမဟုတ်ဘဲ ခက်ထန်ကြမ်းကြုတ်သော အပြုံးမျိုးဖြစ်လေသည်။

http://www.cherrythitsar.org



(ဆောင်း) "ဒီမယ် မိတ်ဆွေလေး၊ ဘာမှမစိုးရိမ်နဲ့၊ မနာကျင်ဘဲ တစ်ခါတည်း အေးအေးချမ်းချမ်း နေရမယ့်နေရာကို ခင်ဗျားရောက်တော့မယ်၊ မကြာတော့ဘူး ..."

ကျွန်တော်သည် ယခင်ကထက် စိတ်ထွက်လာပြီးလျှင် သူ့အား ဖျတ်ခနဲ မော်၍ကြည့်လိုက်၏။

"ဘာပြောတယ်ဗျ ... ဒါခင်ဗျားဘာလုပ်တာလဲ"

"ဘာလုပ်တယ်ဆိုတာ ခင်ဗျားသိမှာပေါ့၊ ကျုပ်ကြိုးပမ်းကြံစည်ထားတဲ့ အကြံအစည်တွေဟာ အောင်မြင်တော့မယ်အလုပ်မှာ ခင်ဗျားက ဘယ်က ပေါ်လာမှန်းမသိဘူး ပေါ်လာတယ်။ ခင်ဗျားဟာ သက်သက် ဂြိုဟ်ကောင်ပဲဗျ။ ဒီတော့ ကျုပ်သွားမယ့်လမ်းမှာ ပေါ်လာတဲ့ ဂြိုဟ်ကောင်ကို ကျုပ်မထားနိုင်ဘူး။ ရှင်းပစ်ရမယ်။ ခင်ဗျားဟာ ကျုပ်အကြံကို ဖျက်ရအောင် တမင်သက်သက် ပေါ်လာတဲ့ဂြိုဟ်ဆိုး၊ နို့ပေမဲ့ နောက် ထပ်မဖျက်နိုင်တော့ပါဘူးလေ။ ခင်ဗျား သွားမယ့်လမ်း ခင်ဗျား သွားရ တော့မှာပဲ ဟား ဟား ဟား"

ကိုဘိုးဆောင်းသည် ပုလင်းထဲမှ အရက်ကို ဖန်ခွက်ထဲသို့ လက်နှစ်သစ်ခန့်ငှဲ့လိုက်ပြီးလျှင် တစ်ခါတည်း မော့၍ ချလိုက်ပြီးနောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်ရာ ကျွန်တော်လည်း သူ၏စကားများကြောင့် ကျောစိမ့်၍ သွားမိလေသည်။

"ခင်ဗျားဟာ ခွေးကြီး၊ ခွေးကျင့်ခွေးကြံ ကြံတဲ့အကောင်"

"နေပါဦး ကိုဖိုးငွေး . . ခင်ဗျားစကားဟာ ရင့်သီးလွန်းလှပါတယ်ဗျာ။ ကျုပ်က ခင်ဗျားထက် အသက်အများကြီး ကြီးပါတယ်။ ခင် ဗျား အခုလို လာပြီး ဘာကြောင့် နှောင့်ယှက်ရတယ် ဆိုတာ သိပါတယ်။ ခင်ဗျား ဦးလေးမှာ ပိုက်ဆံ အတော်ရှိနေပြီဗျ။ လွန်ခဲ့တဲ့ ငါးနှစ် လောက်ကတည်းက စပြီး သုံးလတစ်ကြိမ်၊ ခြောက်လတစ်ကြိမ် သူ့ကျွန်းက အုန်းသီးတွေတင်ပြီး မြိတ်တို့ ထားဝယ်တို့မှာ သွားရောင်းဖို့ ကျုပ် ကတ္တာကို ကန်ထရိုက်ဆွဲထားတယ်။ ခင်ဗျာ့ဦးလေးဟာ ငွေ ၅၀၀၀၀ ထက်မနည်း ချမ်းသာနေပြီဗျ။ ကျုပ်က ဓာတ်သိ. .ဓာတ်သိ . . ဒီတော့ သေခါနီး အဘိုးကြီးတစ်ယောက်အတွက် ဒီလောက်ငွေများများဟာ ဘာလုပ်ဖို့လဲဗျ၊ ဒီငွေထုပ်ကြီး ပိုက်ပြီး သူသေသွားမယ့်အစား ကျုပ်တို့လို လူငယ်လူရွယ်တစ်ယောက်က စံစားမှာပေါ့၊ ကျုပ်ပြောတာ မဟုတ်ဘူးလား"

"ဟဲ့ ခွေး . . ခွေးလိုမိုက်တဲ့လူ၊ ဦးလေးကို နင်ပဲ သတ်လိုက်တယ် မဟုတ်လား"

"ဖြည်းဖြည်း ဆရာလေး ... ဒါလောက်လည်း ဒေါသမကြီးပါနဲ့၊ အစစ်ပေါ့ဗျာ ကျုပ်သတ်လိုက်တာပေါ့၊ သိပ်ခဲယဉ်းတဲ့ အလုပ်မှ မဟုတ်ဘဲ၊ ကော်ဖီထဲ စိန်မှုန့် နည်းနည်းခပ်လိုက်ရင် ကိစ္စချောတာ၊ အဘိုးကြီးမှာ ဒီလောက် ငွေချမ်းသာမှန်း ဘယ်သူမှ မသိဘူး ကိုယ့်လူရဲ့၊ ကိုယ်တစ်ယောက်တည်း သိတာ၊ ဒါကြောင့်လည်း ဘာမှ အပြစ်မရှိတဲ့ လူကြီးတစ်ယောက်ကို မသတ်ချင်ဘဲ သတ်လိုက်ရတာပေါ့"

ကိုဘိုးဆောင်း ယခုပြောသော စကားများကား မှန်ပေလိမ့်မည်။ အဘိုးကြီး၏ ကိုးလမျှကြာပြီဖြစ်သော ရုပ်အလောင်းမှာ ယခုအချိန်တွင် တစ်စုံတစ်ရာ ကျန်ရှိတော့မည်မဟုတ်သဖြင့် မည်သည့်သက်သေခံမျှ ရနိုင်လိမ့်မည် မဟုတ်ပေ။ မည်သည့်ရည်ရွယ်ချက်နှင့် သတ်သည်ကိုလည်း မည်သည့်အခါမျှ သက်သေထင်ရှားပြနိုင်မည် မဟုတ်ချေ။ ကိုဘိုးဆောင်းသည် အရက်အနည်းငယ်ကို ထပ်မံမော့လိုက်ပြီးလျှင် ဆက်လက်၍ –

"အဲဒီလို သတ်လိုက်ပြီးတဲ့နောက် ဂြိုဟ်ကောင်နဲ့ တူတဲ့ ခင်ဗျား တစ်ယောက်ပေါက်လာတော့တာပဲ၊ အဖိုးကြီးမှာ ငွေရှိတဲ့အကြောင်း ကျုပ်က လွဲလို့ ကမ္ဘာပေါ်မှာ ခင်ဗျားတစ်ယောက်ပဲ သိတယ် . . ဒီတော့ အဲဒီဂြိုဟ်ကောင်ကို လမ်းရှင်းပစ်ရုံက လွဲလို့ ဘယ်လိုနည်းလမ်းမှမရှိဘူး။ ကျွတ် ကျွတ် ကျွတ် ငယ်ငယ်ရွယ်ရွယ်နဲ့သေရမှာ ခင်ဗျားအတွက် သနားလိုက်ပါသေးရဲ့ဗျာ။ နို့ပေမဲ့ ပြဿနာတစ်ခုက ခင်ဗျားကို အဆိပ်ကျွေးပြီး သတ်ရအောင် ကျုပ်မှာ အဆိပ်လည်း မရှိတော့ဘူး။ အဘိုးကြီး သတ်ပြီးတဲ့နောက် စိန်မှုန့်တွေကို သွန်ပစ်လိုက်ပြီ။ သေနတ်နဲ့ ပစ်သတ်ရအောင်ဟာကလည်း ကျုပ်မယ် ရိုင်ဖယ် မရှိဘူး။ ခြောက်လုံးပြူးတောင် မရှိဘူး။ အဲဒီတော့ ခင်ဗျားကိုဘယ်လိုသတ်ရမယ်ဆိုတာပြဿနာ တစ်ခုပဲ၊ ဒီပြဿနာကို ဒီကျွန်းမှာ ဖြေရှင်းဖို့နည်းကတော့ တစ်နည်းပဲ ရှိတယ်။ ဘာလဲဆိုတော့ အသားငတ်နေတဲ့ ပုစွန်လုံးတွေကို ကျွေးဖို့ပဲ"

ထိုစကားများမှာ သွေးပူသည့်အခိုက်နှင့် ပြောခဲ့ပါမူ အရေးမကြီးလှသော်လည်း ယခုကဲ့သို့ ဦးခေါင်းတွင် ဒဏ်ရာရလျက် ခြေလက်များကို တုပ်နှောင်ထားခြင်းခံရသည့်အချိန်၌ သွေးအေးအေးနှင့် အေးဆေးစွာ ပြောလိုက်ခြင်းဖြစ်သောကြောင့် ကျွန်တော်မှာ ကျောထဲမှပင် စိမ့်၍ကြောက်သွားမိ၏။

မကြာမီ ညဥ့်အချိန်သို့ရောက်လာ၍ ကိုဘိုးဆောင်းသည် ကျွန်တော့်အား ဤနေရာ၌ပင် ထားခဲ့ပြီးနောက် အိမ်ထဲမှ ထွက်သွားလေ၏။ ထိုညဥ့်မှာ ကျွန်တော်၏ ဘဝတစ်သက်တာတွင် အရှည်လျားဆုံးညဥ့်ပင် ဖြစ်တော့၏။ ဦးခေါင်းရှိဒဏ်ရာကြောင့် ပြင်းစွာနာကျင်လျက် ရှိနေပြီးလျှင် ကျွန်တော့်မှာ

http://www.cherrythitsar.org



အိပ်၍မပျော်နိုင်ဘဲ အချိန်ရှည်လျားသလောက် တစ်ယောက်တည်း ဝေဒနာခံစား၍နေရတော့၏။

နောက်တစ်နေ့နေ့လယ်လောက်မှ ကိုဘိုးဆောင်းပေါ်လာပြီးလျှင် သူသည် ညှာတာခြင်း ကင်းမဲ့စွာဖြင့် ကိုက် ၅၀ သာသာခန့်မျှဝေးသည့် မြေမာလွင်ပြင်ကလေးတစ်ခုဆီသို့ ကျွန်တော့်အား တရွတ်ဆွဲ၍ သွားလေ၏။ ခြေလက်များမှာ ပွန်းပဲ့ကုန်တော့၏။ ထိုနေရာသို့ ရောက်သောအခါ ကိုဘိုးဆောင်းသည် အခြားခိုင်မာသော ကြိုးတစ်ချောင်းဖြင့် ကျွန်တော့်အား ချထားသည့်နေရာမှ ရုန်းကန်လူးလိမ့်ခြင်း မပြုနိုင်ရန် အနီးရှိ ချုံတစ်ခုနှင့် ကပ်၍ခိုင်မြဲစွာ ချည်နှောင်ပြန်လေသည်။ ပြီးသောအခါ ကိုဘိုးဆောင်းသည် ချည်နှောင်ထားသော ကြိုးများ ခိုင်,မခိုင် ကြည့်ပြီးနောက် ကျေနပ်သည့်လက္ခဏာဖြင့် ဦးခေါင်းကို ညိတ်လျက်ရှိလေ၏။

(ဆောင်း) "အင်း ... မိတ်ဆွေ ကိုဖိုးငွေအတွက် ကျုပ် ဝမ်းနည်းသဗျာ၊ အခုလို ငယ်ငယ်ရွယ်ရွယ်နဲ့ ဖြစ်သွားရတာ ကျုပ်အများကြီး စိတ်မကောင်းပါဘူး။ နို့ပေမဲ့ မတတ်နိုင်ဘူးလေ ... ကိုယ့်သွားမယ့်လမ်း လာရှုပ်တာတော့ မခံနိုင်ဘူး ..."

(ကျွန်တော်) "ဟေ့လူ ကိုဘိုးဆောင်း . . . ဒီလူမရှိတဲ့ ကျွန်းပေါ်ငါတစ်ယောက်တည်း ရှိတယ်ဆိုပြီး ကျုပ်ကို နှိပ်စက်ချင်တိုင်း နှိပ်စက်လို့ရမယ်ထင်သလား. . .မြိတ်က ကျုပ်မိတ်ဆွေတွေ၊ ကျုပ်တည်းခဲ့တဲ့ ထမင်းဆိုင်ကဆိုင်ရှင်လင်မယား၊ အဲဒီလူတွေဟာ ကျုပ် ဒီကျွန်းကလေး သွားတယ်ဆိုတာအားလုံးသိတယ်။ ကျုပ်ကိုသတ်ပြီးတဲ့နောက် ခင်ဗျားလည်း မကြာဘူး . . . မုချ ကြိုးကွင်းစွပ်ခံရမယ်၊ စိတ်သာချ"

"အောင်မယ် ခင်ဗျား ထင်သလား မြိတ်ကို ကျုပ်ပြန်ရောက်သွားလို့ လူတွေက မေးတဲ့အခါ ကောင်လေးတော့ သူ့ဦးလေး သေတာတွေ့တာနဲ့ ဟိုမှာတစ်ပတ် နှစ်ပတ်လောက် နေဦးမယ်ဆိုပြီး နေရစ်ခဲ့တယ်။ သူတို့တစ်တွေကအခက်သားလားကဗျာ။ ဦးလေးရော တူရော ထင်မိထင်ရာ လုပ်တတ်တဲ့လူတွေပဲ၊ ဒီအပေါ် ကောင်လေးက ရှုးကြောင်ကြောင်နဲ့ သူ့ဦးကြီးရဲ့ ခြေရာလက်ရာတွေ ကြည့်ပြီး အလွမ်းပြေနေရစ်ပါရစေဦးဆိုပြီး နေခဲ့တာပဲ။ နောက်တစ်လကိုးသတင်းကြာတော့ ကျုပ် ပြန်လာမယ်။ ဒီအခါကျတော့ တစ်ယောက်တည်းမဟုတ်ဘူး ဆရာရေ့၊ သက်သေရအောင် လူတစ်ယောက် နှစ်ယောက် ခေါ်လာမယ်။ ကတ္တူ ဆိုက်လို့ ခင်ဗျား ဆင်းမလာတာမြင်တော့ ဟင် ဘယ့်နှယ့်လဲဘာဖြစ်လို့ ကိုဖိုးငွေ လာမကြိုပါလိမ့်မလဲလို့ ပြောပြီး ခင်ဗျားနေတဲ့ အိမ်မှာရော၊ အုန်းပင်တွေ အောက်မှာရော၊ တောစပ်မှာရော ကျုပ်တို့ လိုက်ရှာတဲ့အခါ

http://www.cherrythitsar.org


ဟောဒီနေရာမှ ဖြူဖြူဖွေးဖွေး သွားအကြွဲသားနဲ့ ခင်ဗျား အရိုးစုတွေ့မှာပေါ့၊ ဒီအကြံမကောင်းဘူးလား။ ဘယ့်နှယ်လဲ ကိုဖိုးဒွေး ကျုပ်ပြောတာ ရှင်းပြီလား"

ကျွန်တော်သည် အံ့ကြိတ်လျက်ရှိရာ ကိုဘိုးဆောင်းက ဆက်လက်၍ "ခင်ဗျားရဲ့အရိုးမှာ ခင်ဗျားရဲ့ပိုက်ဆံအိတ်လည်း တွေ့မယ်။ ခင်ဗျား ရုပ်ကလာပ်မှာလည်း ဘာဒဏ်ရာမှ မရှိဘူး။ ပြီးတော့ ကျုပ်တို့နဲ့ လုပ်ဖော်ကိုင်ဖက် ကောင်ကလေးတွေကလည်း အင်မတန် ရိုးသားပြီး ဘယ်လို ရည်ရွယ်ချက်မျိုးနဲ့မှ ခင်ဗျားကို မသတ်ဘူးဆိုတာ သူတို့ယုံ ကြည်မယ်။ ဒီတော့ ဘာလိုသေးသလဲ။ ခင်ဗျားဟာ ရုတ်တရက် နှလုံးရောဂါနဲ့ သေသွားတယ်လို့ ကျုပ်က ထင်မြင်ချက်ပေးတဲ့အခါ ကျုပ် ခေါ်လာတဲ့ သက်သေကလည်း ကျုပ်ပြောတဲ့အတိုင်း ဖြစ်တယ်လို့ ယူဆကြမှာပေါ့။ ဘယ့် နှယ်လဲ ကိုဖိုးဒွေး ကျုပ်ပြောတာ ရှင်းပြီ မဟုတ်လား။ ခင်ဗျား ဇီဝိန်ကို ဖြုတ်ဖို့ဟာကတော့ ပုစွန်လုံးတွေ ရှိပါတယ်။ သူတို့ တာဝန်ပဲ၊ သူတို့က လုပ်ပါလိမ့်မယ်။ ဒီနောက်တော့ ခင်ဗျားကို သနားတဲ့ အနေ၊ လေးစားတဲ့ အနေနဲ့ ခင်ဗျားရဲ့အရိုးစုကို ခင်ဗျားဦးကြီးရဲ့သင်္ချိုင်းရာ နံဘေးကယှဉ်ပြီး မြှုပ်လိုက်မယ်။ ဒီနောက် ခင်ဗျားဦးကြီးလိုပဲ ခေါင်းရင်းက ခင်ဗျားရဲ့ နာမည်ကို စာတန်းကလေးထိုးပြီး တိုင်ကလေးတစ်ခု စိုက်ထားလိုက်ရုံပေါ့"

ကျွန်တော်သည် သေရမည့် ဘေးထက် ပုစွန်လုံးများက အရှင်လတ်လတ် ကျွန်တော်၏ အသားများကို ကိုက်ဖဲ့စားသောက်မည့်အကြောင်းကို တွေး၍ကြည့်ကာ ကျောထဲစိမ့်၍ သွားသည်အထိ ကြောက်ရွံ့မိ၏။ ပုစွန်လုံးများအပြင် ပုရွတ်ဆိတ် နက်ကြီးများကိုလည်း မြင်ရသဖြင့် ၎င်းတို့၏ ဘေးရန်ကလည်း မသေးလှချေ။ သွားလေသူ ဦးကြီးအား လည်းကောင်း၊ ရွာတွင် ကျန်ရစ်ခဲ့သော မွေးသမိခင် ကျေးဇူးရှင် မိခင်ကြီးအားလည်းကောင်း ပြေး၍ သတိရမိ၏။ သို့သော် လက်ဦးသော ရန်သူအား အံကြိတ်၍ ကြည့်နေရုံမှတစ်ပါး မည်သို့မျှ ကျွန်တော် မတတ်နိုင်ချေ။

ကိုဘိုးဆောင်းသည် ကျွန်တော့်အား ချည်နှောင်ထားသော ကြိုးများကို လက်ဖြင့် စမ်းသပ်ကြည့်ပြီးနောက် "အင်း ... ဒီကြိုးတွေအတွက်က ရှိသေးတယ်။ ဒီကြိုးတွေကိုလည်း သူတို့စားမှာပါပဲလေ။ ပုစွန်လုံးဆိုတဲ့ အကောင်မျိုးက မာမာပျော့ပျော့၊ ဘာပဲဖြစ်ဖြစ် သူတို့ရှေ့မှာ တွေ့တာ စားပစ်တာပဲ။ နို့ပေမဲ့ ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို ပိုပြီး စိတ်ချရအောင် လုပ်ဦးမှ ... ကိုင်းပြောနေကြာတယ်ကွယ်"

ကိုဘိုးဆောင်းသည် အိမ်ဆီသို့ပြန်သွားပြီးနောက် မကြာမီ ပုလင်းကလေးတစ်လုံးကို ယူ၍ပြန်လာ၏။ ထိုပုလင်းကလေးမှာ ထောပတ်ပုလင်း

http://www.cherrythitsar.org



ကလေးပင် ဖြစ်လေသည်။ ထို့နောက် သူသည် ပုလင်းထဲမှ ထောပတ်များကို အဝတ်စတစ်ခုဖြင့်တို့၍ ကျွန်တော့်အား ချည်နှောင်ထားသော အုန်းဆံကြိုးများကို လျှောက်၍သုတ်ရင်း –

"ပုစွန်လုံးတွေက ထောပတ်ကို သိပ်ကြိုက်တယ်ဗျ။ ထောပတ်နံ့ရရင် ဘာမဆို ကုန်အောင် စားပစ်တာပဲ၊ စိတ်ချပါဗျာ။ ခင်ဗျားအသားတွင် မကဘူး၊ ခင်ဗျားကို ချည်ထားတဲ့ ကြိုးတွေပါ စားပစ်မှာ၊ ခင်ဗျား အရိုးစုနားမှာ ကြိုးတွေ မတွေ့ရမှ စိတ်ချရမယ်။ ကဲ ကဲ သွားလိုက်ဦးမယ် မိတ်ဆွေ၊ ခင်ဗျားကို နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ်"

ကိုဘိုးဆောင်း ထွက်သွားပြီးနောက် တစ်နာရီခန့်မျှကြာသောအခါ ကျွန်တော်လည်း ဦးခေါင်းမှ နာကျင်ရုံမျှမက ဆာလောင်မွတ်သိပ်ခြင်း၊ ရေငတ်ခြင်း၊ ညောင်းညာကိုက်ခဲခြင်းစသော ဝေဒနာများကိုပါ စုရုံးခံစားရတော့၏။ ထိုအချိန်၌ ပင်လယ်ဘက်သို့ ကြည့်လိုက်မိရာ ကမ်းခြေမှ တဖြည်းဖြည်း ထွက်ခွာသွားသော ကတ္တူကြီးတစ်စင်းကို မြင်လိုက်ရ၏။ ယင်းကတ္တူကြီးမှာ ကျွန်တော် စီးနင်းလိုက်ပါလာခဲ့သော ကတ္တူကြီးပင် ဖြစ်၍ ကိုဘိုးဆောင်းသည် ဥပါယ်တံမျဉ်ဖြင့် ကတ္တူသမားများအား လုံခြုံသော နေရာတစ်ခုတွင် ခေတ္တသွား၍ ဆိုက်ကပ်နေစေပြီးနောက် ၎င်းအား ပြန်၍လာခေါ်စေခြင်း ဖြစ်ဟန်တူသည်။

ကျွန်တော်သည် ကြိုးဖြင့်တုပ်ထားသော လက်နှစ်ဖက်ကို အောက်ခံကာ မြေကြီးပေါ်တွင် ပက်လက်လန်လျက်ရှိလေ၏။ သို့နှင့် ဘေးတစ်ဖက်တစ်ချက်သို့ ကောင်းစွာ မလှည့်နိုင်သော်လည်း ဝဲယာနှစ်ဖက်သို့ အတန်ငယ်စောင်းရုံသာ စောင်း၍ကြည့်နိုင်ရာ ကျွန်တော်၏ အနီးပတ်ဝန်းကျင်ရှိ ပုစွန်လုံးတွင်းများကို ကြည့်လိုက်မိ၏။ ပုစွန်လုံးများကား ကျွန်တော် လှုပ်ရှားသံကြားသဖြင့် တစ်ကြောင်း၊ ထောပတ်နံ့ရဟန် တူသဖြင့်တစ်ကြောင်း တွင်းများထဲမှ ထွက်ပြူစပြုနေပြီကို မြင်ရတော့၏။ အချို့က တွင်းအပြင်သို့ပင် ရောက်၍နေချေပြီ။ အကောင်များမှာ အငယ်ဆုံး ဒင်္ဂါးဝိုင်းခန့်ရှိ၍ အကြီးဆုံးမှာ ပန်းကန်ပြားတစ်ချပ်ခန့်မျှ ရှိလေသည်။ ကျွန်တော်လည်း ကြောက်လန့်၍ အသံကုန်ဟစ်အော်လိုက်မိ၏။ ထိုအခါ ပုစွန်လုံးများသည် ကျွန်တော် ဟစ်အော်လိုက်သော အသံကို ကြောက်ရွံ့သည်ဟန်ဖြင့် ထောင်နေသော လက်မကြီးများကို ချကာ တွင်းထဲသို့ ပြန်ဝင်သွားကြ၏။ သို့သော် ၎င်းမှာ တစ်ခဏမျှသာဖြစ်၍ မိနစ်အနည်းငယ်မျှအကြာတွင် ပြန်၍ထွက်ပေါ်မြဲ ထွက်ပေါ်လာကြပြန်လေသည်။

http://www.cherrythitsar.org



သို့ရှိစဉ် ကျွန်တော်သည် လက်ကောက်ဝတ်ကို အပ်ဖြင့် ထိုးလိုက်ဘိသကဲ့သို့ စူးရှနာကျင်သော ဝေဒနာကို ခံစားလိုက်မိသဖြင့် ကျွန်တော်၏ ကိုယ်အောက်တွင် ပိ၍နေသော လက်နှစ်ဖက်ကို အတန်ငယ် လှုပ်ရှားကြည့်မိ၏။ လက်ယာလက်ညှိုးဖြင့် အသေအချာ စမ်းကြည့်မိသာအခါ ကြိုးဖြင့်ချည်နှောင်ထားသော ကျွန်တော်၏ လက်ကောက်ဝတ် နှစ်ဖက်မှာ ပုစွန်လုံးတွင်းကြီးတစ်တွင်း၏ တွင်းဝပေါ်တွင် ရှိနေသည်ကို တွေ့ရ၍ အပ်ဖျားဖြင့်ထိုးလိုက်သကဲ့သို့ ထင်ရခြင်းမှာလည်း ထိုတွင်းထဲမှ ပုစွန်လုံးတစ်ကောင်က လက်မဖြင့် ထိုးညှပ်လိုက်ခြင်း ဖြစ် ဟန်တူလေသည်။

ထိုအခါ ကျွန်တော်လည်း ရုတ်တရက် ဉာဏ်ရ၍ ထူးဆန်းသော အကြံတစ်ခုဖြစ်ပေါ်လာ၏။ ယင်းအကြံမှာ လက်ကောက်ဝတ်နှစ်ဖက်၌ ချည်နှောင်ထားသည့် ဆက်ထုံးနေရာကို တွင်းဝပေါ်သို့ တည့်တည့်ကြီးရောက်အောင် ရွှေ့လျားပေးက တွင်းထဲ၌ ရှိနေသော ပုစွန်လုံးသည် ၎င်း၏လမ်းပေါက်ပိတ်နေသဖြင့် ထောပတ်နံ့ရနေသော ထိုကြိုးထုံးကို မုချကိုက်ဖြတ်ပေလိမ့်မည်။ ထိုအခါ ကျွန်တော်၏ လက်တွင် ချည်ထားသော နှောင်ကြိုးပြတ်ထွက်သွားပေလိမ့်မည်။ ဤအကြံကား ကျွန်တော်၏အောင်မြင်ရာ အောင်မြင်ကြောင်း မဟုတ်ပါလော။

သို့နှင့် ကျွန်တော်သည် လက်ကောက်ဝတ်နှစ်ဖက်၌ ချည်ထားသော ကြိုးထုံးကို တွင်းဝနှင့် တည့်နိုင်သမျှတည့်အောင် ပြင်၍ပေးလိုက်၏။ ထို့နောက် ကျွန်တော်၏ အသက်ရှူသံကြားလျှင် ပုစွန်လုံး မလာမည်စိုးသဖြင့် အသက်ကိုမျှ ပြင်းစွာ မရှူနိုင်ဘဲ ငြိမ်၍နေရလေ၏။

တစ်ခဏမျှအကြာတွင် ထောပတ်နံ့ရသော ကြိုးဖုကလေးကို တွင်းထဲမှ ပုစွန်လုံးက ကိုက်၍ နေသော အသံကလေးကို ခပ်သဲ့သဲ့မျှ ကြားရ၍ ၎င်းနှင့်အတူ ကျွန်တော်၏အသားကိုလည်း ဆတ်ခနဲ ဆတ်ခနဲ တိုးလိုက်သော ခံစားမှုတစ်ခုကို သိ၍နေရ၏။ ပုစွန်လုံးကြီးကား ကျွန်တော်၏ လက်နှစ်ဖက်တွင် တုပ်၍ချည်နှောင်ထားသော ကြိုးထုံးနေရာကို တဖြည်းဖြည်း ကိုက်ဖြတ်လျက် ရှိနေလေပြီ။ ထိုအချိန်၌ ကျွန်တော်မှာ ဦးခေါင်းရှိ ဒဏ်ရာမှာ နာကျင်သည်ကိုလည်းကောင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲသည်ကိုလည်းကောင်း၊ ဝမ်းတွင်းမှ ဆာလောင်မွတ်သိပ်လျက် ရေငတ်သည်ကိုလည်းကောင်း ပဓာနမထားနိုင်ဘဲ ပုစွန်လုံး လန့်၍ထွက်ပြေးမည်ကိုသာ စိုးရိမ်လျက် ကိုယ်ကို အနည်းငယ်မျှ မလှုပ်ဝံ့ဘဲ ကမ္မဋ္ဌာန်းထိုင်နေသော သူတစ်ယောက်ကဲ့သို့ ငြိမ်သက်၍နေမိတော့ ၏။ အချိန် တစ်နာရီသာသာခန့် ကြာလိမ့်မည်ထင်ရ၏။

*

http://www.cherrythitsar.org



ထိုအချိန်အတွင်း အရွယ်အစားအမျိုးမျိုးရှိ ပုစွန်လုံးများသည် တွင်းများထဲမှ ထွက်လာကြ၍ ကျွန်တော်၏နံဘေးတွင် ဝိုင်းအုံလျက် ရှိနေကြလေပြီ။

ထိုအချိန်၌ပင် ခြေသလုံးမှာတောင့်၍ ကြွက်တက်လာသဖြင့် ကျွန်တော်လည်း မနေနိုင်တော့ဘဲ တွန့်လိန်လူပ်ရှား လိုက်ရပါတော့၏။ ထိုအချိန်ကား ကျွန်တော်၏ လက်ကောက်ဝတ်မှ ကြိုးများမှာ တဲတဲကလေးမျှသာ ကျန်တော့သဖြင့် ကျွန်တော်လည်း တစ်ဖက်စီဆောင့်၍ ဆွဲလိုက်ရာ ပြတ်ထွက်သွားတော့၏။

ဤသို့ ကျွန်တော်၏လက်များ အနှောင်အဖွဲ့မှ လွတ်မြောက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အားယူ၍ ထိုင်လိုက်မိပါသည်။ ခြေချင်းဝတ်နှင့် ဒူးဆစ်အထက်တွင် ချည်နှောင်ထားသော ကြိုးများကိုမူ မဖြေနိုင်ပါ။ ဤမျှလောက် ကံကောင်းသည်ကိုပင် ကျွန်တော်သည် အံ့သြ၍မဆုံးနိုင်လောက်အောင် ရှိပါတော့သည်။ အားအင်ချည့်နဲ့နေသဖြင့်တစ်ကြောင်း၊ ခြေထောက်မှ ကြိုးများရှိနေသေးသဖြင့်က တစ်ကြောင်း၊ ကျွန်တော်ကောင်းစွာ မတ်တတ်မရပ်နိုင်သေးဘဲ ရှိနေရာ၊ အိမ်ကလေးရှိရာသို့ တဖြည်းဖြည်း တွား၍လာခဲ့ရပါသည်။

အိမ်ကလေးသို့ ရောက်သောအခါ သားလှီးဓားတစ်ချောင်းကို ရ၍ ထိုအခါမှ ကျွန်တော်လည်း ခြေမှကြိုးများကိုဖြတ်ကာ အနှောင်အဖွဲ့မှ လုံးဝလွတ်မြောက်ပါတော့သည်။ မတ်တတ်ရပ်နိုင်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် တံခါးပေါက်မှရပ်ကာ ပင်လယ်ဘက်သို့ လှမ်း၍ ကြည့်ရှုမိပါသည်။ ထိုအခါ၌ကား ကိုဘိုးဆောင်း စီးသွားသော ကတ္တူကြီးမှာ မရှိတော့။ စိမ်းလဲ့ညိုမှိုင်းသော ရေပြင်ကြီးကိုသာ မြင်ရပါတော့သည်။

ကျွန်တော်သည် ကိုဘိုးဆောင်း၏ ယုတ်မာညစ်ညမ်းမှုများကို တွေးမိကာ ၎င်းအား မတွေ့မချင်း ရှာဖွေ၍ မှုန့်မှုန့်ညက်ညက် ချေလိုသောစိတ်များ ပေါ်ပေါက်ကာ အံကြိတ်၍နေမိပါတော့သည်။ ထို့နောက် ကျွန်တော်လည်း ဦးကြီး အိပ်သည်ဆိုသော အိမ်ကလေးရှိ နောက်ဖေးခန်းများကို တဖြည်းဖြည်း ရှာဖွေရာ ဆန်သုံးပြည်ခန့်၊ ဆီ ၅၀ သားခန့်၊ ငါးခြောက် နှစ်ပိဿာခန့်၊ ဆားတစ်ပုလင်း၊ လက်ဖက်ခြောက်အနည်းငယ်၊ သကြားတစ်ပိဿာခန့်နှင့် အခြားစားစရာများ ပေါင်မုန့်ခြောက်နှင့် မုန့်ကြွပ်များကို တွေ့ရပါသည်။ ဆေးဝါးအချို့ကိုလည်း တွေ့ရပါသည်။

ယင်းသို့ဖြင့်ပင် ကျွန်တော်သည် လူမရှိသော ဤကျွန်းကလေးပေါ်တွင် နေထိုင်ခဲ့ရရာ ကျွန်တော်၏ ဦးခေါင်းမှ ဒဏ်ရာလည်း တဖြည်းဖြည်း ပျောက်ရပါတော့သည်။ ဤကဲ့သို့ ဆင်းရဲစွာ နေထိုင်ရသောအခါမှ ကျွန်တော်

http://www.cherrythitsar.org



ဖတ်ဖူးသော အင်္ဂလိပ်လူမျိုး သဘော်သပျက် ပင်လယ်ခရီးသည် ကြီးအကြောင်းကို ပြန်၍ သတိရမိပါသည်။ ကျွန်တော်၏ငယ်စဉ်က ရည်မှန်းတမ်းတချက်များ တစ်နည်းတစ်ဖုံ အထမြောက်လာသည်ကို တွေး၍ပင် ရယ်မောမိပါသည်။

၁၅ ရက်ခန့် ကျော်လွန်ပြီးနောက် ကျွန်တော်သည် ဦးလေး၏ ပစ္စည်းဟောင်းများကို ရှာဖွေလျက်ရှိရာမှ ဗီရိုဟောင်းတစ်ခုအောက်မှ ပျဉ်ချပ်ကြီးတစ်ခုဖြင့် ဖုံးထားသည့် တစ်တောင်ပတ်လည်ခန့်ရှိ တွင်းတစ်တွင်းကို တွေ့ရပါသည်။ ထိုတွင်းမှာ အုတ်အင်္ဂတေများ ကိုင်ထား၍ တွင်းနံရံတစ်ခုတွင် အတွင်းသို့ မြှုပ်သွင်းထားသော အလျား ၁၀ လက်မ၊ အနံ ၅ လက်မခန့်ရှိ သံသေတ္တာကလေးတစ်လုံးကို တွေ့ရပါသည်။ သော့ကိုမူ မတွေ့ရတော့ပါ။ သေတ္တာကလေးကို ချိုးဖျက်ဖွင့်ကြည့်သော အခါ ငွေစက္ကူ ၅၀၀၀၀ ဖိုး တွေ့ရှိရပါသည်။ ဦးကြီး စုဆောင်းထားသည့် ငွေများပင်ဖြစ်ရပါမည်။ ကိုဘိုးဆောင်းသည် ထိုငွေများကို ရှာဖွေမတွေ့သေးသောကြောင့်ပေလော သို့မဟုတ် မြိတ်သို့ ရုတ်တရက် ယူသွားလျှင် အခြားသူများ သင်္ကာမကင်းဖြစ်မည်ကို စိုးသဖြင့် ရုတ်တရက် ယူမသွား သေးဘဲ နောင်အေးဆေးသော အချိန်ရောက်မှယူမည်ဟု တမင်ထားခဲ့ခြင်းပေလော ကျွန်တော် မပြောတတ်ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ကား ဦးကြီး၏အမွေအနှစ်ကို ရရှိပေပြီ။

ပထမ၌ ကျွန်တော်သည် လူယုတ်မာအား ဤကျွန်းမှ စောင့်ဆိုင်း၍ လက်စားချေရန် စိတ်ကူးသဖြင့် အေးဆေးစွာနေမိ၏။ သို့သော် ကျွန်တော်၏ အကြံကား မှားလေစွ။ ကိုဘိုးဆောင်းသည် တစ်ယောက်တည်း လာမည် မဟုတ်၊ တပည့်တပန်းများနှင့် လာမည်ဖြစ်သောကြောင့် ကျွန်တော် တတ်နိုင်မည် မဟုတ်ပေ။ ကျွန်တော်၏ လက်တွင် လက်နက် ဟူ၍ တုတ်ကောင်းကောင်းပင် မရှိချေ။

သို့နှင့် ကျွန်တော်လည်း ကျွန်းအနီးသို့ ဖြတ်သန်းသွားလာမည့် လှေသဘော်များကိုသာ စောင့်ဆိုင်းကြည့်နေရတော့၏။ သဘော်လမ်းမှာ ဤကျွန်းနှင့် အလွန်ဝေးကြောင်း ကြားဖူး၍ ကတ္တူလှေကြီးများ၊ ကုန်တင်သဘောက်တူများကိုသာ မျှော်လင့်ရန်ရှိတော့၏။ ကျွန်းပေါ်တွင် လူရှိ၍ လာရောက်ကယ်ဆယ်ရန် အထိမ်းအမှတ်ဖြင့် ကျွန်တော်သည် ဝါးရှည်ရှည်တစ်လုံး၌ အဝတ်စတစ်ခုကို လွှင့်ထူထားပြီးလျှင် မီးဖိုကြီးတစ်ခုကိုလည်း နေ့ရောညဉ့်ပါ ဖို၍ထား၏။

ငွေသေတ္တာကို တွေ့ပြီးနောက် သုံးရက်မြောက်သောနေ့တွင် ငါးဖမ်းလှေကြီးတစ်စင်းသည် ကျွန်တော်၏ အထိမ်းအမှတ်များကို မြင်ရသဖြင့် ကျွန်းသို့ ဆိုက်ကပ်လာရာ မြိတ်သားတစ်ဦးနှင့် ဆလုံပွဲနင်းတစ်ယောက်ပါလာရာ

http://www.cherrythitsar.org



ကျွန်တော်က အဖြစ်အပျက်မှန်များကို တတ်နိုင်သမျှ ဖုံးအုပ်ကာ ပြောဆိုသင့်သလောက်သာ ပြောဆိုပြီးနောက် ယူငင်ရန် ပစ္စည်းအနည်းငယ်ကို ယူပြီးလျှင် ထိုလှေဖြင့် မြိတ်မြို့သို့ လိုက်ပါလာခဲ့ လေသည်။

*

ကိုဘိုးဆောင်းအား လိုက်လံရှာဖွေသော်လည်း မည်သည့်နေရာတွင်မျှ မတွေ့ရတော့ချေ။ ကျွန်တော် မြိတ်သို့ ရောက်ပြီးနောက် ၃–၄ ရက်ခန့် အကြာတွင် အောက်ပါသတင်းတစ်ခုကို ကြားရ၏။

ကျွန်တော်နေသော ကျွန်းကလေး၏အရှေ့ဘက် ၁၀ မိုင်ခန့် အကွာ၌ ကျွန်းကလေး တစ်ကျွန်းရှိရာ ထိုကျွန်းကလေးနှင့်ကပ်လျက် အနောက်ဘက်၌ရှိသော ကျောက်တန်းတစ်ခုအနီးတွင် လွန်ခဲ့သော ၃ ရက်ခန့်က ကတ္တူတစ်စင်း ပျက်သွားကြောင်း၊ ထိုနေ့က ညဉ့် ၈ နာရီတွင် မြိတ်ကျွန်းစု အနောက်ဖျားရှိ ကျွန်းများတစ်ဝိုက်၌ လေရောမိုးပါ ပြင်းထန်စွာကျရောက်ရာ ထိုကတ္တူမှာ မုန်တိုင်းပြင်းထန်ချိန်တွင် ကျွန်းကို ဝိုင်းနေသော ကျောက်တန်းနှင့် တိုက်မိသဖြင့် ပျက်စီးသွားသည်ဟုယူဆရ၍ ကတ္တူပိုင်ရှင်နှင့် လှေသမားအားလုံးကိုပါ ယနေ့တိုင် ရှာဖွေမတွေ့ရသေးကြောင်း၊ ကတ္တူမှာ ဦးဘိုးဆောင်းဆိုသူပိုင် ကတ္တူကြီးဖြစ်ကြောင်းဖြင့် ကြားသိရ၏။

ပထမ၌ ထိုသတင်းမှာ ကောလာဟလသတင်းတစ်ခုမျှသာ ဖြစ်သော်လည်း နောက်နှစ်ရက်ခန့်ကြာသောအခါ ဦးဘိုးဆောင်း၏ ကတ္တူအမှန်ဖြစ်ကြောင်း၊ ဦးဘိုးဆောင်း၏အလောင်းကို မတွေ့ရသော်လည်း ကတ္တူပျက်အနီးမှ ၎င်း၏အဝတ်အစားအချို့ကို တွေ့ရကြောင်းဖြင့် ရွာပြန်ရွာသားများထံမှ အခိုင်အမာ ကြားသိရပြန်လေသည်။

ကျွန်တော်သည် ဦးကြီး၏ငွေငါးသောင်းကို ရရှိပြီးနောက် ရွာသို့ပြန်ခဲ့ပြီးလျှင် မွေးသမိကျေးဇူးရှင်၏ လက်သို့ပေးအပ်လိုက်ပါသည်။ ကျွန်တော့်အား ဦးဘိုးဆောင်းသည် ပုစွန်လုံးစာကျွေး၍ သတ်ခဲ့သော်လည်း ကံကောင်းထောက်မသဖြင့် ကျွန်တော် မသေဘဲ သူသာလျှင် နက်ရှိုင်းသော ပင်လယ်အောက်တွင် ငါး လိပ် မကန်းတို့၏ အစာဖြစ်ရ လေသည်။

❖

# ဆင်ခြင်ကြသေ

လူသတ်မှုများ၌ အခင်းဖြစ်ပွားသော နေရာတွင် တရားခံမရှိကြောင်း၊ ထိုအချိန်၌ တရားခံသည် အခြားတစ်နေရာသို့ ရောက်ရှိနေကြောင်း အတိအကျ သက်သေပြနိုင်က တရားခံအား လွှတ်ပစ်ရန်မှတစ်ပါး အခြားအကြောင်း မရှိချေ။

ရန်ကုန်တွင် ညဉ့် ၇ နာရီတိတိ၌ လူသတ်မှုတစ်ခု ဖြစ်ပွား၏။ ၇ နာရီနှင့် ၁၀ မိနစ်အချိန်၌ တရားခံသည် အင်းစိန်၌ ရှိနေကြောင်း၊ အချိန်ကို တိကျစွာ သက်သေပြနိုင်ခဲ့သော် တရားခံမှာ လွတ်မြောက်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် ထိုအမှုတွင် တရားခံသာ ပြစ်မှုကျူးလွန်သူ အမှန်ဖြစ်ပါက သူသည် ၇ နာရီ ၁၀ မိနစ်တွင် မည်သည့်နည်းနှင့်မျှ အင်းစိန်၌မရှိချေ။ မည်မျှ လောက် မြန်သောကားပင် ရန်ကုန်မှအင်းစိန်သို့ ၁၀ မိနစ်နှင့် ရောက်နိုင်မည် မဟုတ်ချေ။

သို့သော် ဤအမှုမျိုး၌ တရားသူကြီးသည် အချိန်နာရီ၏ တိကျမှုကို လည်းကောင်း၊ ထိုအချိန်အတွင်း တရားခံသည် သူသက်သေပြသော နေရာသို့ ရောက်နိုင် မရောက်နိုင်အကြောင်းများကိုလည်းကောင်း ထက်မြက်သော သတိ သမ္မဇဉ်ဖြင့် ကောင်းစွာ ဆင်ခြင်စဉ်းစားရာသည်။

မိနစ်အနည်းငယ်မျှ ချွတ်ချော်တိမ်းပါးမှုသည် အပြစ်ရှိသော လူတစ် ယောက်အား လွတ်မြောက်၍သွားစေနိုင်၏။ အပြစ်ကင်းမဲ့သူ တစ်ယောက်၏ လည်ပင်းကိုလည်း ကြိုးကွင်းစွပ်စေနိုင်၏။

http://www.cherrythitsar.org



မည်သို့ပင်ဖြစ်စေ အပြစ်ရှိသူ လူပေါင်း ၁၀၀ လွတ်မြောက်သွားခြင်းက တော်သေး၏။ အပြစ်ကင်းမဲ့သူ တစ်ယောက် အပြစ်ရရှိသွားခြင်းကိုကား မလိုလားအပ်ပေ။

အိန္ဒိယ သက်သေခံဥပဒေကလည်း ဤအတိုင်းပင် အဆိုရှိလေသည်။

*

အတွင်းဝန်ကလေး ဦးစံလွင်သည် ရွှေကြိုးဖြင့် ပတ်ထားသော သူ၏ 'ရိုးလက်' နာရီကလေးကို မြှောက်၍ကြည့်လိုက်၏။ အချိန်ကား ၆ နာရီ မိနစ် ၃၀ မျှရှိလေပြီ။ နောက် ၁၅ မိနစ်အကြာ ၆ နာရီ ၄၅ မိနစ်၌ ဇနီးဖြစ်သူ ခင်မြမြမူသည်(.....)ကလပ်၌ သူ၏ချစ်သူ ရောဘတ် မောင်ကြီးနှင့် တွေ့ဆုံကြပေလိမ့်မည်။ နှစ်ယောက်သား အရက်များ သောက်၍ ကခုန်ပြီးလျှင် မောင်ကြီးသည် ခင်မြမြမူအား သူ၏ကားနှင့် ခေါ်၍ (.....) ဟိုတယ်သို့ သွားရောက်ကာ ညစာစားသောက်ကြပေလိမ့်မည်။

ညစာစားသောက်ပြီးနောက် နှစ်နာရီခန့်မျှ ဟိုတယ်ရှိ အခန်းတွင် ချစ်တင်းနှီးနှောကာ အချိန်ဖြုန်းကြပြီးသော် ခင်မြမြမူအား အိမ်နှင့် အနီးဆုံး နေရာတစ်ခုသို့ ပြန်ပို့လေ့ရှိ၏။

အထက်ပါအဖြစ်အပျက်များမှာ စနေနေ့ညတိုင်း ဖြစ်ပျက်သော အဖြစ်အပျက်များဖြစ်၍ ဦးစံလွင်သည် နာရီကိုကြည့်ရင်း ဇနီးသည်၏ ဖောက်ပြားမှုများသည် ပိတ်ကားပေါ်တွင် အရိပ်များထင်လာသကဲ့သို့ ထင်မြင်၍ လာခဲ့လေသည်။

ရောဘတ်မောင်ကြီးသည် ခင်မြမြမူအား အိမ်သို့ပို့ပြီးနောက် သူ၏ကားကလေးကို (.....)လမ်းရှိ အငှားကား ဂိုဒေါင်သို့ မောင်းသွားပြီးနောက် ကားကို ဂိုဒေါင်အတွင်း၌ သော့ခတ်၍ထားခဲ့၏။

ကားဂိုဒေါင်မှာ ဦးစံလွင်အိမ်မှ ၅ မိနစ်ခန့်ခြေကျင် လျှောက်သွားလျှင် ရောက်နိုင်၏။ ဟိုတယ်မှ လျှောက်လျှင် ၁၅ မိနစ်ခန့် လမ်းလျှောက်ရ၏။

ထိုနေ့ည၌ကား ရောဘတ်မောင်ကြီးသည် ကားကို ဂိုဒေါင်အတွင်းသို့ သွင်းရုံမျှသာ သွင်းနိုင်ပေတော့မည်။ လမ်းလျှောက်ပြန်နိုင်တော့မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် ဦးစံလွင်သည် မောင်ကြီးအား ယခုည ကိစ္စတုံးစီရင်မည်ဟု စိတ်ကိုပိုင်းဖြတ်ထားပြီး ဖြစ်သောကြောင့်ပေတည်း။

ဦးစံလွင်သည် သစ္စာမဲ့သော ဇနီးသည်၏အဖြစ်အပျက်များကို စဉ်းစားရင်းပြုံးလိုက်၏။ သို့သော် ထိုအပြုံးမှာ စိတ်ထဲမှ ရွှင်ပျသောအပြုံး မဟုတ်ဘဲ ရက်စက်ကြမ်းကြုတ်မှု၏ အရိပ်အယောင်ဖြစ်သော အပြုံးမျိုးဖြစ်လေသည်။

http://www.cherrythitsar.org



မျောက်မွေးသော ဇနီးသည်၏ချစ်သူကို သတ်ဖြတ်ခြင်းသည် တရားရာရောက်သည်ဟု အချို့က ယူဆ၏။

ဦးစံလွင်သည် မောင်ကြီးအား သာမန်လူတစ်ယောက်အနေဖြင့်လည်း မုန်းတီး၏။ မောင်ကြီးမှာ အသက် ၂၇ နှစ်မျှသာရှိသေး၍ ခင်မြမြမူထက် နှစ်နှစ်သာကြီး၏။ ရုပ်ရည်မိုက်တုန်းအရွယ်များ ဖြစ်ကြသည့်အတိုင်း မိုက်မိုက်ရူးရူး ကျူးကျူးလွန်လွန်ပင် ချစ်၍နေကြလေပြီ။ မျောက်မွေးသော မိန်းမ၏ လင်ငယ်ကို ဆုံးမရန်မှာ 'သေနတ်'ပင် ဖြစ်သည်ဟု ဦးစံလွင် ယူဆ၏။ ဦးစံလွင်မှာ ၄၂ နှစ်မျှရှိခဲ့လေပြီ။ ဆင်ခြင်တိုင်းထွာနိုင်သော ဉာဏ်လည်းရှိ၏။ သို့သော် ဤကိစ္စ၌မူ ရှေ့နောက်ဆင်ခြင်တိုင်းထွာခြင်း မပြု။ သူစဉ်းစားသောအချက်မှာ မောင်ကြီးအား ပစ်သတ်ပြီးနောက် မိမိလွတ်မြောက်ရေးအတွက် သက်သေခံချက်ရအောင် မည်သို့မည်ပုံ ပြုလုပ်ရမည်ဟူသော အချက်များကိုသာ စဉ်းစားလျက်ရှိ၏။ အဘယ်ကြောင့်ဆိုသော် သူသည် အတွင်းဝန်ကလေးမဖြစ်မီ ဝတ်လုံအဖြစ် ငါးနှစ်ခန့်မျှလုပ်ကိုင်ခဲ့ဖူးသဖြင့် ဥပဒေကို အရည်ကျို၍ သောက်နိုင်ခဲ့သူလည်း ဖြစ်လေသည်။

သူသည် မောင်ကြီးအား ခါးခါးသီးသီး မုန်းတီးလှ၏။ မောင်ကြီး၏ ငယ်ရွယ်နုပျိုခြင်းကိုလည်းကောင်း၊ မောင်ကြီး၏ ပီယဝါစာ ဆိုတတ်သော စကားများကိုလည်းကောင်း၊ ကယုကယ နိုင်လှသော ဟန်အမူအရာကိုလည်းကောင်း တွေး၍ကြည့်တိုင်း "ဒီအကောင် အရှင်ထားလို့ မတော်ဘူး" ဟူသော စိတ်များ ပေါ်ပေါက်လာ၏။

ဦးစံလွင်သည် မိန်းမ၏သဘာဝကို ကောင်းစွာ သိရှိနားလည်သူ ဖြစ်ရာ၊ ဇနီးသည် ခင်မြမြမူ၏အကြောင်းကိုကား ပို၍ သိသူဖြစ်လေသည်။

ဦးစံလွင်နှင့် ခင်မြမြမူတို့မှာ အကြင်လင်မယားပင် ဖြစ်သော်လည်း ပေါင်းသင်းဆက်ဆံရာတွင် ကာမတဏှာမှ ဖြစ်ပေါ်လာသော စိတ်မှတစ်ပါး အခြားသော လင်မယားများကဲ့သို့ ချစ်ခင်လေးစားသော စိတ်များ ခေါင်းပါးလှ၏။ ခင်မြမြမူကလည်း မိမိထက် ၁၅ နှစ်မျှကြီးသော မုဆိုးဖိုတစ်ယောက်ကို လက်ထပ်ရသဖြင့် မိမိ၏ငယ်ဂုဏ်ဖြင့်လည်းကောင်း၊ အလှဂုဏ်ဖြင့်လည်းကောင်း မာန်တက်၏။ ဦးစံလွင်ကလည်း ရာထူးဌာနန္တရဖြင့်လည်းကောင်း၊ ပစ္စည်းဥစ္စာဖြင့်လည်းကောင်း မာန်တက်၏။ ချစ်ခင်လေးစားသော မေတ္တာဓာတ်များ ခေါင်းပါးလာသောအခါ မနာလိုဝန်တိုစိတ်များ ပေါ်ပေါက်လာ၏။ ထိုအတွင်း ခင်မြမြမူ သည် ဦးစံလွင်အပေါ်တွင် တစ်နေ့တခြား ယခင်ကထက် အေးစက်စက် နိုင်၍လာလျက် နဂိုကလည်း ဘိုဆန်သော မိန်းကလေးတစ်ယောက် ဖြစ်သည့်အတိုင်း ပါတီပွဲများသို့ တစ်ကိုယ်တည်း သွားရောက်ခြင်း၊

ဟိုတယ်များတွင် အခြားယောက်ျားများနှင့် ကခုန်ခြင်း၊ ဘိုင်စကုပ်များကို ယှဉ်တွဲကြည့်ခြင်း စသော ဖောက်ပြားမှုများကို ကျင့်သုံး၍လာတော့၏။

ဦးစံလွင်က အမြင်မတော်သဖြင့် ဆုံးမသွန်သင်သောအခါများတွင် ခင်မြမြမှုသည် နှုတ်ခမ်းကလေးစူကာ –

"အို အစ်ကိုကြီးကလည်း သိပ်ပြီး ခေတ်နောက်ကျသေးတာကိုး၊ ဒေဇီတို့ ဟယ်လင်တို့ ယောက်ျားတွေများ ဘယ်လောက် သဘောထားကြီးသလဲ၊ အစ်ကိုကြီးထက် အများကြီးလည်း လခရတဲ့လူတွေ မဟုတ်လား"

"ဟယ်လင်အကြောင်းလား အစ်ကိုကြီး သိတာပေါ့၊ အရင်တစ်ခါ သူ့ယောက်ျား ဘိလပ်ကမပြန်ခင် တောပြန်ပြီး ကလေးဖျက်ချရတယ် ဆိုပါလား"

"အလကားပါ အစ်ကိုကြီးရယ်၊ မနာလိုလို့ ပြောတာပါ"

"ဒေဇီကတော့ မနှစ်က ဘိုကပြားနှစ်ယောက် သူ့အတွက်နဲ့ စကားများပြီး ပဲခူးကလပ်က ရန်စနဲ့ သမိုင်းမှာ သေနတ်ပစ်မှုဖြစ်တာလေ အစ်ကိုသိတာပေါ့"

"ဒီဟာလည်း မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ သေနတ်ပစ်ခံရတဲ့ ဟင်နရီက မူတို့ရဲ့ သူငယ်ချင်းပါ၊ တခြား ရန်စပါ အစ်ကိုကြီးရဲ့၊ ဒီအဆက်မဟုတ်ပါဘူး"

"အဲလေ ဒါတွေထားလိုက်ပါဦး၊ မူလည်း အသွားအလာ အနေအထိုင် နည်းနည်း ဆင်ခြင်စေချင်တယ်။ ကိုယ့်မှာ လင်နဲ့ သားနဲ့ မိနဲ့ ဘနဲ့ တကယ့်လူကြီးလူကောင်းရဲ့ မိန်းမ"

ကျယ်လောင်သောအသံဖြင့် –

"မူက ဘာလုပ်နေလို့လဲ၊ ကလပ်က အိမ်ပြန်နောက်ကျတာနဲ့ ဒီလိုဆိုရသလား။ အစ်ကိုကြီး သဘောကြီးကြီးထားပါ"

"အောင်မယ် ကျုပ်က သဘောကြီးကြီးထားရမယ် ဟုတ်စ။ တော်ကွယ် . . တော်ပါ . . အိမ်နီးပါးချင်းတွေကြားမှဖြင့်"

စကားမဆုံးမီ ကြားဖြတ်၍ –

"ဟုတ်တာပြောတာပဲ ကြား ကြား"

ဦးစံလွင် အပြင်သို့ ထွက်သွားသောအခါမှ စကားပြတ်၍သွားတော့၏။ ယင်းကဲ့သို့ လင်မယား ကတောက်ကဆတ်များမှုများကလည်း မကြာခဏဖြစ်ခဲ့၏။

ထိုနေ့ (စနေနေ့နံနက်)က ဦးစံလွင်သည် ချော့မော့ဖျောင်းဖျလိုသည့်သဘောဖြင့် နောက်မှနေ၍ ခင်မြမြမှု၏ ပခုံးပေါ်သို့ လက်နှစ်ဖက်ကို တင်လိုက်

၏။ ထိုအခါ ခင်မြမြမူသည် ယမန်ညဥ့်က စိတ်ကောက်နေသည့် အရှိန်မပြေသေးသဖြင့် ဦးစံလွင်၏လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်းကလေး တွန်းဖယ်ချလိုက်လေသည်။

ဦးစံလွင်ကလည်း မိမိက ချော့မော့သည်ကိုပင် အချော့မခံသော ဇနီးသည်အား တွန်းချသောလက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်းပင် ပြန်၍ ဆုပ်ကိုင်ထားရာ ခင်မြမြမူက ဦးစံလွင်၏လက်များကို အတင်းကုတ်ခြစ်ပြီးနောက် လွတ်မြောက်အောင် ရုန်းထွက်သွားလေသည်။

ဤသို့လျှင် ဘိုဆန်သော မယားနှင့် ခပ်အေးအေးနေတတ်သော လင်ယောကျ်ားတို့၏ ဘဝခရီးစဉ်မှာ ရှေ့တွင်မည်သို့ ဖြစ်ပျက်မည်ကို ကျွန်ုပ်တို့စောင့်ကြည့်ရန်သာ ရှိတော့၏။

*

ထိုညမှာ စနေနေ့ညဖြစ်သဖြင့် ဦးစံလွင် ကြံစည်ထားသော ညဖြစ်လေသည်။

ဦးစံလွင်သည် လက်ပတ်နာရီကို ကြည့်ပြီးနောက် အထက်ပါအကြောင်းများကို စဉ်းစားရင်း ၇ နာရီ ၁၅ မိနစ်သို့ ရောက်လာ၏။

ရန်ကုန်ဘူတာကြီးသို့သွားရန် လေးမိနစ်၊ ကြည့်မြင်တိုင်သို့ ရောက်ရန် ၁၁ မိနစ်၊ ကြည့်မြင်တိုင် ဘူတာမှ ဆင်း၍ ရေဘာတ်မောင်ကြီး၏ ကားဂိုဒေါင်သို့ ခုနစ်မိနစ်ခန့်သွားရမည်ဖြစ်၏။ လော်ကယ် ရထားထွက်မည့် အချိန်စာရင်းနှင့်တကွ ကားဂိုဒေါင်သို့ ရောက်ရန် တိုနိုင်သမျှ အတိုဆုံးအချိန်စာရင်းကို တွက်ချက်လျက်ရှိ၏။

ထိုညဥ့်တွင် မိမိနေအိမ်မှ မည်သည့်နေရာကိုမျှ မသွားကြောင်း ထင်ရှားအောင် သက်သေပြနိုင်ရန် ကြိုတင်စဉ်းစားထားရမည်ဖြစ်၏။ သို့မှလည်း မိမိအမှုအတွက် လုံခြုံစိတ်ချရမည့် သက်သေခံချက်ကို ရနိုင်ပေမည်။

ဦးစံလွင်သည် အခန်းတွင်းမှ ဓာတ်မီးအားလုံးကို ဖွင့်လိုက်၏။ ဦးစံလွင်နေသော တိုက်ခန်းမှာ နှစ်ထပ်တိုက်တန်းလျား အောက်ထပ် အခန်းတစ်ခန်းဖြစ်၍ မီးဖိုသို့ သွားသောအခန်းနှင့် အိပ်ခန်းတံခါးများကိုပင် ပိတ်လိုက်သေး၏။ သက္ကလတ် အင်္ကျီကိုလည်း ချွတ်၍ အင်္ကျီချိတ်တစ်ခု၌ ချိတ်ထားပြီးသော် ရှပ်အင်္ကျီလက်တစ်ဖက်မှ ကြယ်သီးကိုပင် ဖြုတ်ချလိုက်၏။ ထိုနောက် အိမ်တွင် အေးဆေးသက်သာစွာနေသည့် သဘောသက်ရောက်အောင် ဆံပင်ကို အနည်းငယ် လက်ဖြင့်ဖွလိုက်ပြီးလျှင် တိုက်တန်းလျား၏ အလယ်ခန်းမဆောင်ဘက်သို့ လျှင်မြန်စွာ ကူးသွား၏။

http://www.cherrythitsar.org


ဦးစံလွင်နေသော တိုက်မှာ တိုက်တန်းလျားဟုပင် ခေါ်ရသော်လည်း ခံ့ညားစွာ ဆောက်လုပ်ထားသော နှစ်ထပ်တိုက်ကြီးပင်ဖြစ်၍ အပေါ်ထပ်၌ လေးခန်း၊ အောက်ထပ်၌ လေးခန်းရှိ၏။ လက်ျာဘက် အစွန်နှစ်ခန်းနှင့် လက်ဝဲဘက်အစွန် နှစ်ခန်းကိုအလယ်မှ'ကွန်မွန်းရွမ်း' (Common Room) ခေါ် ဧည့်ခန်းကြီး တစ်ခုခြားထား၏။ ထိုဧည့်ခန်းကြီးမှာ တိုက်ခန်းငှားနေသူ အားလုံးပင် ဧည့်ခံရန် အသုံးပြုနိုင်လေသည်။ ထိုခန်းမဆောင်ကြီး၌ကား စားပွဲကုလားထိုင်များ၊ အပန်းဖြေနားနေရန် ကြိမ်ပက်လက် ကုလားထိုင်ကြီးများထားရှိ၏။ ထောင့်တစ်ထောင့်ရှိ စင်ပေါ်တွင် တယ်လီဖုန်း တပ်ဆင်ထား၍ တိုက်ခန်းငှားနေသူ အားလုံးပင် ယင်းတယ်လီဖုန်းကို အသုံးပြုနိုင်လေသည်။

တိုက်အပေါ်ထပ်ရှိ အခန်းများမှ ဆင်းလာလျှင် ထိုခန်းမဆောင် အတွင်းသို့ ရောက်၏။ အောက်ထပ်ရှိ အခန်းများမှလည်း ထိုခန်းမဆောင်သို့ ဝရန်တာမှ လျှောက်လာပြီးလျှင် ထိုခန်းမဆောင်ရှေ့ ဆင်ဝင်အောက်သို့ ရောက်သောအခါမှ အပြင်လမ်းမဘက် ထွက်သွားရလေ သည်။

ခန်းမဆောင် ဆင်ဝင်အောက်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဦးစံလွင်သည် မျက်နှာချင်းဆိုင် တိုက်ခန်းတစ်ခု၌ နေသော ဦးဘမောင်၏အခန်းသို့ သွားရောက်ကာ လူခေါ်ခေါင်းလောင်းကလေးကို နှိပ်လိုက်၏။ ဦးဘမောင်က တံခါးကို ဖွင့်ပေးလေသည်။

"အလို . . ဦးစံလွင် ဝင်လေဗျာ၊ အိမ်ထဲက ဒီကနေ့ည ခင်ဗျား အပြင်မထွက်ဘဲကိုဗျ၊ ကိုင်းဆိုစမ်းပါဦး ဘာကိစ္စများလဲ"

ဦးစံလွင်က မိမိ၏အကြံကို မသိစေရန် ဟန်ဆောင်၍ ပြုံးလိုက်ရ၏။

"အပြင်ထွက်ဖို့နေနေသာသာ ရုံးက အလုပ်တွေကုန်းလုပ်နေရတယ် ဆရာရေ့၊ ပြီးတော့ နက်ဖြန် ထည့်ဖို့ စာတွေကလည်း ရေးနေတော့ အရေးထဲ မင်ကုန်သွားလို့ဗျာ၊ ခင်ဗျားမှာ မင်အိုးလွယ်ရင် တဆိတ်ပေးစမ်းပါ"

"ရှိပါတယ်ဗျာ . . ယူပါ . .ယူပါ"

မင်အိုးကို ယူလာခဲ့ပြီးနောက် အိမ်သို့ ပြန်ရောက်သောအခါ ဦးစံလွင်သည် မင်အိုးကို စားပွဲပေါ်သို့ တင်ထားလိုက်၏။ စားပွဲအံဆွဲ အတွင်းမှလည်း စာလေးစောင်ထည့်ထားသည့် မပိတ်ရသေးသော စာအိတ်လေးလုံးကို ယူလိုက်ပြီးလျှင် ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်၏။ ထို့နောက် ယင်းအံဆွဲထဲမှပင် ၃၀ ဗို့ အော်တိုမက်တစ် ပစ္စတို သေနတ်ကလေးကိုယူပြီးလျှင် သေနတ်ပြောင်း၊ ယမ်းတောင့်အိမ်နှင့် လက်ကိုင်ရိုး စသည်တို့ကို လက်ကိုင်ပဝါဖြူဖြင့် သေချာစွာ ပွတ်တိုက်ကာ အခြား အိတ်အတွင်းသို့ ထည့်လိုက်ပြန်၏။

အချိန်ကား ၇ နာရီ ၂၂ မိနစ်မျှရှိနေလေပြီ။ ဖစ်လစ်ရေဒီယိုမှ နူးညံ့သိမ်မွေ့သော သီချင်းသံကလေး ထွက်ပေါ်လာ၏။ ဦးစံလွင်သည် စေ့၍ထားသော အိမ်ရှေ့တံခါးကို ဖွင့်ကာအပြင်သို့ ချောင်းမြောင်းကြည့်ရှု၏။ အပြင်၌ကား အနီးပတ်ဝန်းကျင်တွင် လူစလူနပင်မှ မမြင်ရချေ။

သို့နှင့်သူသည် တံခါးကို ပြန်၍စေ့ခဲ့ပြီးလျှင် ခန်းမဆောင်ရှေ့ ဆင်ဝင်အောက်သို့ ရောက်သောအခါ လမ်းနှင့် ကိုက်အနည်းငယ်မျှသာ ကွာဝေးတော့သဖြင့် လမ်းဘက်သို့ လျင်မြန်စွာ ထွက်သွားလေ၏။ ထို အချိန်၌ လမ်းပေါ်တွင် လူသွားလူလာ ပြတ်လျက်ရှိ၏။ အကယ်၍ လမ်းပေါ်၌သာ တစ်စုံတစ်ယောက်ကို တွေ့ခဲ့ပါမူ သူသည် ထိုပြစ်မှုကြီးကို ထိုညဉ့် ကျူးလွန်တော့မည် မဟုတ်ဘဲ။ တစ်နေ့နေ့သို့ ရွှေ့ပြောင်းပစ်ရန် အကြံရှိ၏။ သို့သော် ကံအားလျော်စွာ လမ်းမပေါ်၌ တစ်စုံတစ်ယောက်ကိုမျှ မတွေ့မမြင်ရချေ။

ဦးစံလွင်သည်အင်္ကျီအိတ်ထဲတွင်အသင့်ယူဆောင်ခဲ့သောသက္ကလတ်ကက်ဦးထုပ်ပျော့ကလေးကို ဆောင်းလိုက်၏။ ထို့နောက် မျက်မှန်နက်အဝိုင်းကြီးကိုလည်း တပ်လိုက်လေသည်။

သုံးမိနစ်ခန့်အကြာတွင် ရန်ကုန်ဘူတာကြီး ရောက်လာ၍ လော်ကယ်ရထားထွက်ရန် တစ်မိနစ်သာလိုတော့၏။ ဒုတိယတန်း လက်မှတ်တစ်စောင်ကို ယူပြီးနောက် ရထားပေါ်သို့ ခုန်တက်လိုက်သည့် ခဏ၌ပင် ရထားထွက်လေ၏။

ကြည့်မြင်တိုင်ဘူတာသို့ ရောက်သောအခါ လူအုပ်ကြီးနှင့် ရောနှောကာ တတိယတန်း ထွက်ပေါက်မှ ထွက်ခဲ့ပြီးလျှင် ဆိုက်ကားတစ်စီးဖြင့် လာခဲ့ရာ ၅ မိနစ်ခန့်အကြာတွင် မောင်ကြီး၏ ကားဂိုဒေါင်ရှိရာသို့ ရောက်ခဲ့လေ၏။

ကားဂိုဒေါင်မှာ လူမနေသော တိုက်ဟောင်းကြီး နှစ်လုံးကြားရှိ ကွက်လပ်ကလေးတွင် ဆောက်လုပ်ထားသော ဂိုဒေါင်ဟောင်းတစ်လုံး ဖြစ်၍ ဘေးတစ်ဖက်တစ်ချက်တွင် လမ်းကလေးများ ရှိ၏။ ဦးစံလွင်သည် ဆိုက်ကားကို လမ်းခွ၌ ရပ်စေပြီးလျှင် ကားဂိုဒေါင်ရှိရာသို့ လာခဲ့လေ၏။ ဂိုဒေါင်ကလေးမှာ ဘေးပတ်လည်တွင် သွပ်များကာရံထား၏။

ဦးစံလွင်သည် ယခင်ကပင် စုံစမ်းသိရှိထားပြီးဖြစ်သည့်အတိုင်း ဂိုဒေါင်တံစက်မြိတ်အောက်တွင် မောင်ကြီးဝှက်ထားလေ့ရှိသော သော့ကလေးကို ယူပြီးလျှင် ဂိုဒေါင်ကို ဖွင့်၍ သော့ကလေးကို နေသားတကျ ပြန်၍ထားလိုက်၏။ ထို့နောက် ဂိုဒေါင်ထဲသို့ ဝင်ကာ တံခါးကို ပြန်၍ စေ့ ထားလိုက်၏။ မှောင်ထဲ၌ ပထမတစ်စုံတစ်ရာ မမြင်ရသော်လည်း မျက်စိများ ကျင့်သားရလာသောအခါ ဂိုဒေါင်နောက်ဘက်၌ မလွယ်တံခါးကလေး တစ်ခုရှိနေသည်ကို

မြင်ရ၏။ တံခါးမှာ အတွင်းမှနေ၍ ဖွင့်နိုင်လေသည်။ ဦးစံလွင်သည် တံခါးကလေးကို ဖွင့်ကြည့်ပြီးမှ ပြန်၍ ပိတ်ထားလိုက်လေသည်။ ထိုတံခါးကလေး၏ နောက်တည့်တည့်မှ များစွာ မမြင်ရလှသော ခြံစည်းရိုးတစ်ခုကို ကျော်မိလျှင် အခြားလမ်းဘက်ရှိ တိုက်နှစ်လုံးကြားမှ လမ်းကျယ်ဘက်သို့ ထွက်နိုင်သည်ကိုလည်း သတိပြုမိ၏။

လက်ပတ်နာရီကလေးမှ လက်တံများမှာ ရေဒီယမ်သတ္တု လက်တံများဖြစ်၍ ၇ နာရီ ၃၁ မိနစ်အချိန်ကိုပြလျက်ရှိ၏။ အကယ်၍ မောင်ကြီးသည် ၈ နာရီ ထိုး၍သော်လည်းကောင်း၊ မိနစ်အနည်းငယ် လွန်မှသော်လည်းကောင်း ရောက်၍မလာလျှင် အကြံကို လက်လျှော့တော့မည်ဟု အောက်မေ့မိ၏။

အပြင်တံခါးမကြီးမှနေ၍ လမ်းဘက်သို့ နားထောင်ရာ၊ လမ်းပေါ်သို့ တစ်ခါတစ်ရံ အပြေးအလွှား ဖြတ်သန်းသွားသော ကားသံများမှတစ်ပါး တိတ်ဆိတ်လျက်ရှိသည်ကို တွေ့ရ၏။

လမ်းထောင့်တွင် 'ဘား' တစ်ခုရှိ၍ ၎င်းမှတယ်လီဖုန်း ပြောနိုင်ကြောင်းသိရှိထားပြီး ဖြစ်သဖြင့် ဦးစံလွင်သည် ဂိုဒေါင်တံခါးကို ပြန်၍ ပိတ်ခဲ့ပြီးလျှင် ဘားဆီသို့လာခဲ့၏။ ဘီယာတစ်ခွက်ကိုမှာ၍ သောက်ပြီးနောက် ဦးစံလွင်သည် မော်တင်လမ်းရှိ သစ်ကုန်သည် ဦးဘအေးထံ တယ်လီဖုန်းဆက်လေသည်။

"ဦးဘအေး ရှိပါသလား ခင်ဗျား"

"ဟုတ်ကဲ့ရှိပါတယ်၊ ဘယ်သူပါလိမ့်"

"ကျွန်တော် စံလွင်ပါ"

"ဩော် . . ကိုစံလွင်လား၊ ရုတ်တရက် အသံ မကျက်မိဘူးဗျာ၊ ဘာကိစ္စလဲကိုစံလွင်"

"ကိစ္စကအရေးကြီးတဲ့ ကိစ္စ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော်တို့တောင်ငူက ကိုပုလေးအိမ်နံပါတ်ကို မေ့နေလို့၊ သူ့ဆီကို ကျွန်တော် အခု စာရေးနေတယ် အိမ်နံပါတ် ၁၄ လား၊ ဩော် . . ၁၆ ဟုတ်ပါပြီ၊ ဈေးလမ်း အိမ်နံပါတ် ၁၆၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ဒီကနေ့ ဘယ်မှ မသွားဘူးလား"

"ဟုတ်ကဲ့ မသွားပါဘူး၊ ဒီကနေ့တော့ အိမ်ကုပ်ပြီးနေတာပဲ။ထမင်းစားပြီးကတည်းက စာတွေထိုင်ရေးနေတာ အခုထက်ထိ မထရသေးဘူး၊ ပြီးတော့ ရုံးက အလုပ်တွေက ပါလာသေးတယ်"

"မြတစ်ယောက်ကော"

http://www.cherrythitsar.org



"မြတော့ သူ့သူငယ်ချင်းတစ်ယောက်နဲ့ ပါတီတစ်ခုသွားဆို ထင်ပါ ရဲ့ခင်ဗျာ . . ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

ဦးစံလွင်သည် ဖုန်းခွက်ထဲတွင် ကျန်သောအရက်ကို ကပျာကယာ မော့ချလိုက်ပြီးနောက် 'ဘား'အတွင်းမှ လျင်မြန်စွာ ထွက်ခဲ့ပြီးလျှင် ကားဂိုဒေါင် ရှိရာသို့ ပြန်ခဲ့လေ၏။

အချိန်မှာ ၈ နာရီ ၂ မိနစ်မျှ ရှိနေလေပြီ။

ဦးစံလွင်သည် ကားဂိုဒေါင်ကို ဖွင့်၍ဝင်ပြီးလျှင် နောက်ဖေးပေါက် ကလေးမှ ထွက်၍သော့ကိုမူ သူတွေ့သောနေရာ၌ပင် နေသားတကျ ပြန်ထား လိုက်၏။ ထို့နောက် ဂိုဒေါင်အတွင်းသို့ ပြန်၍ ဝင်ခဲ့လေသည်။

ဦးစံလွင်သည် ဂိုဒေါင်တံခါးဆီသို့ သွားကာအပြင်မှ အသံများကို နားထောင်လျက်ရှိလေ၏။

၁၀ မိနစ်ခန့်မျှ ဆိတ်ငြိမ်လျက် ရှိနေပြီးနောက် ဂိုဒေါင်ရှေ့တွင် ကား တစ်စီးအရှိန်သတ်၍ ထိုးရပ်လိုက်သံကိုကြားရ၏။ ကားဓာတ်မီးကြီးနှစ်လုံးမှ အလင်းရောင်သည် တံခါးကြားမှ ဂိုဒေါင်အတွင်းသို့ ထိုးဝင်လာရာ ဦးစံလွင် သည် အတန်ငယ်နောက်သို့ ဆုတ်ကာ တံခါးရွက်တစ်ခု အကွယ်တွင် ရပ်၍ နေလိုက်၏။

ကားပေါ်မှ လူတစ်ယောက်ဆင်းလာသော ခြေသံများကို ကြားရပြီး နောက် ထိုသူသည် တံစက်မြိတ်ရှိရာသို့ လျှောက်သွားပြီးလျှင် မကြာမီ ဂိုဒေါင် တံခါးကို အပြင်မှ ဖွင့်သံကြားရ၏။ ထိုအခါ ဦးစံလွင်သည် နောက်ဖေးတံခါး ပေါက်ကလေးမှ အပြင်သို့ထွက်ကာ တံခါးပေါက်ကလေးကို ပြန်၍စေ့ထား ခဲ့ပြီးလျှင် ကားရုံဘေးမှ ငြိမ်သက်စွာ စောင့်နေ၏။ ထို့နောက် ကားတံခါးကို ပိတ်လိုက်သံ၊ စက်နှိုးသံများ ကြားရပြီးလျှင် ကားသည် မီးမောင်းကြီး နှစ်ခုထိုး လျက် ကားရုံအတွင်းသို့ တရွေ့ရွေ့ ဝင်သွားလေသည်။

ထိုအခါ ဦးစံလွင်သည် ရှေ့တံခါးမကြီး ဘက်မှ လှည့်၍ဝင်ခဲ့ပြီးလျှင် ဂိုဒေါင်တံခါးကို အတွင်းမှ ပိတ်လိုက်၏။ ထို့နောက် ထောင့်တစ်ထောင့်တွင် ရပ်နေလေသည်။

ကားရပ်၍ မီးမောင်းကြီးများ ငြိမ်းသွား၏။ ရောဘတ်မောင်ကြီး သည် ရှေ့တံခါးမကြီး ပိတ်သွားသည်ကိုပင် သိဟန်မတူချေ။ ကားတံခါးကို 'ဂျောင်း'ခနဲ ပိတ်ကာ ကားအောက်သို့ ဆင်းလာလေသည်။ မောင်ကြီးသည် ဂိုဒေါင်ရှေ့ဘက်သို့ လာရင်း စီးကရက်တစ်လိပ်ကို မီးညှိလိုက်ရာ၊ ထိုအခါမှ ဂိုဒေါင်၏ရှေ့ တံခါး မပိတ်ထားသည်ကို သတိပြုမိဟန်တူ၏။ ဂိုဒေါင်ရုံတွင် ရှိသောဓာတ်မီးကို ဖွင့်လိုက်လေသည်၊ ထောင့်တစ်ထောင့်တွင်လည်း မားမား

http://www.cherrythitsar.org



ကြီး ရပ်၍နေသော ဦးစံလွင်၏ သဏ္ဌာန်ကို မြင်ရလေသည်။ မောင်ကြီးသည်လည်း မျက်နှာမကောင်းလှချေ။ ညှိုးငယ်လျက်ရှိသည်ကို ဦးစံလွင် မြင်လိုက်၏။

မောင်ကြီးသည် ဦးစံလွင်၏ သဏ္ဌာန်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဖျတ်ခနဲ လန့်၍သွား၏။

"ဟော့ . . ဘယ်သူလဲ"

ဦးစံလွင်သည် အိတ်ထဲသို့ လက်နှိုက်၍ သေနတ်ကို အသင့်ဆုပ်ကိုင်ထားလိုက်လေသည်။

"ဘယ်သူရမလဲ . . သူ့ယောက်ျားပေါ့"

"ဩော် . . ဒါဖြင့် ခင်ဗျားသိတာပေါ့"

"သိတယ်လေ"

မောင်ကြီးသည် ဆောက်တည်ရာ မရသကဲ့သို့ ကားတံခါးကိုမှီ၍နေလိုက်၏။

"သိတယ်ဟုတ်စ . . ခင်ဗျား ဘယ်လိုလုပ်ပြီး ဒီရောက်လာတယ်ဆိုတာ ကျုပ်နားမလည်ပါဘူးဗျာ"

ဦးစံလွင်က တစ်စုံတစ်ရာ ပြန်မပြောသောအခါ မောင်ကြီးက ဆက်လက်၍ –

"ခင်ဗျား ကျုပ်ကို သတ်မလို့လား"

ဦးစံလွင်သည် ဦးခေါင်းကို နှစ်ခါဆင့်၍ ညိတ်လိုက်၏။

"ဟုတ်ကဲ့ ကျုပ်လည်း နားလည်ပါတယ်"

မောင်ကြီးသည် တောင်းပန်သည့် လေသံဖြင့် အသံကိုနှိမ့်ကာ –

"ကျုပ် သူ့ကို ဒီအတိုင်းထားခဲ့ဖို့ပဲ . . နို့ပေမဲ့ ... နို့ပေမဲ့ ..."

ဦးစံလွင်သည် လက်အိတ်စွပ်ထားသော လက်ဖြင့် ပစ္စတိုလက်ကိုင်ကို ယခင်ကထက် တင်းကျပ်စွာ ဆုပ်လိုက်လေသည်။ ပင့်ကူမ၏ ပိုးမြှင်အိမ်တွင် ချည်နှောင်ရစ်ပတ်ခြင်းခံရသော ပင့်ကူသစ်အား အိမ်ရှင် ပင့်ကူကြီးသည် မည်သည့်နည်းဖြင့် သည်းခံနိုင်အံ့နည်း။ "အခါအခွင့်ရတုန်း ဒီအကောင်မြန်မြန်သတ်မှ" ဟု ယခင်က လှုံ့ဆော်ခဲ့သည့် စိတ်များသည် သေနတ်ဆုပ်ကိုင်ထားသော လက်အတွင်းသို့ ဝင်ရောက်ကာ လျှပ်စစ်ဓာတ်ဖြင့် အားပေးလိုက်သကဲ့သို့ တိုက်တွန်းလျက်ရှိလေသည်။

ဦးစံလွင်က အေးဆေးသောလေသံဖြင့် –

"ဘယ့်နှယ်လဲဟေ့ . . ဒီကနေ့ည ကောင်မက မင်းကို ကောင်းကောင်းပြုစုလိုက်တယ် မဟုတ်လား"

http://www.cherrythitsar.org



မောင်ကြီးသည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက် ပင်ပန်းနွမ်းနယ်စွာဖြင့် –

"ဟုတ်တယ် . .နို့ပေမဲ့ ဒီနေ့ည ဘာဖြစ်တယ် မသိပါဘူးဗျာ။ ဘားက ထွက်လာကတည်းက မော်တော်ကားကို ဟိုအမောင်းခိုင်း ဒီအမောင်းခိုင်း ကျုပ်ကိုချည်း ရန်စနေတော့တာပဲ၊ ခါတိုင်းထက်လည်း ဒီကနေ့ နည်းနည်းပိုမူးနေတယ်။ ကျုပ် တားတာ မရဘူး၊ ဗွတ်သောက်တယ်၊ ဗွတ်ပြောတယ်၊ သူဘာတွေ ပြောတယ်၊ ကျုပ်က ဘာတွေ ပြန်ပြောမိတယ် ဆိုတာတောင် မသိတော့ပါဘူး။ ကျုပ်ကို အော်ကြီးဟစ်ကြီးနဲ့ ရန်တွေ့ . . အို ကျုပ်ဘာတွေ လုပ်လိုက်မိတယ် မသိဘူး။ ကြောက် စရာကြီး ကြောက်စရာကြီး ..."

ပါးစပ်မှ မထွက်တော့ဘဲ လည်ချောင်းတွင် တစ်ဆို့နေဘိသကဲ့သို့ ခေတ္တရှိနေပြီးနောက် မောင်ကြီးသည် ဦးစံလွင်၏ မျက်နှာကို စိန်းစိန်း ကြည့်လိုက်ပြီးနောက် –

"ခင်ဗျား ကျုပ်ကို သတ်မလို့ မဟုတ်လား ... သတ်လေ အခုမှဖြင့် မထူးတော့ပါဘူး"

မောင်ကြီး၏မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်၍သွားကာ နဖူးမှ ချွေးပေါက်များ စို့လာ၏။ ဦးစံလွင်က သေနတ်နှင့် ချိန်လိုက်လေသည်။

ထို့နောက် မောင်ကြီးသည် တင်းမာကြွခိုင်လျက် ရှိရာမှ ပျော့ပျောင်း၍ သွားသကဲ့သို့ရှိလေ၏။

"မလုပ်ပါနဲ့ ဦးစံလွင် . . ကျွန်တော် မသေပါရစေနဲ့ဦးဗျာ၊ သေရမှာ ကျွန်တော် အဟုတ်ကြောက်ပါတယ် (တဖြည်းဖြည်း အသံကျယ်၍ လာပြီးနောက်) ကျုပ်ကို သူ အော်ကြီးဟစ်ကြီးနဲ့ ရန်တွေ့ ... ဘာတွေပြောတယ် ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော် ဘာတွေလုပ်မိတယ်ဆိုတာ မသိတော့ဘူး။ အိုကြောက်စရာကြီးဗျာ၊ ကြောက်စရာကြီး ကျွန်တော် ဆက်မပြောပါရစေနဲ့တော့ . . မပစ်ပါနဲ့ ဦးစံလွင် . . မပစ်ပါနဲ့ . . ကျွန်တော် တောင်းပန်ပါရစေဗျာ။ ရှိခိုးပါရဲ့ . .မပစ်နဲ့နော် မပစ်နဲ့ . . အို . . အို . ."

ထိုခဏ၌ ဦးစံလွင်သည် မောင်ကြီး၏ လက်ဝဲဘက်ရင်အုံကို ချိန်ကာ သေနတ်မောင်းကို ဆွဲလိုက်လေသည်။

ထို့နောက် ဦးစံလွင်သည် ကားနံဘေးတွင် လဲကျနေသော မောင်ကြီး၏အလောင်းကို ကြည့်ကာ အလောင်းအနီးတွင် ပစ္စတိုကလေးကို ချထားလိုက်လေ၏။ သေနတ်ကို ကြည့်ခြင်းဖြင့် သူ့အား ခြေရာခံနိုင်မည်မဟုတ် ခင်မြမြမှုပင် ထိုသေနတ်ကလေးရှိကြောင်း မသိရှာချေ။

သို့နှင့် ဦးစံလွင်သည် ဂိုဒေါင်အတွင်းရှိ ဓာတ်မီးကို ငြိမ်းလိုက်ပြီးလျှင် ကားဂိုဒေါင်ကို ပိတ်ခဲ့ပြီးနောက် နောက်ဖေးလမ်းကြားမှ လမ်းမကြီးဘက်သို့ ထွက်ခဲ့လေ၏။ လမ်းဆုံတစ်ခုသို့ရောက်သောအခါ တက္ကစီတစ်စီး အသင့်တွေ့ ရသည်နှင့် အိမ်သို့ပြန်ခဲ့ရာ ၁၀ မိနစ်အတွင်း မိမိနေအိမ်ထောင့်သို့ ရောက်လာ၍ ကားပေါ်မှ ဆင်းလေသည်။

ထို့နောက် စီးကရက်ဆိုင်မှ စီးကရက်သံဘူး တစ်ဘူးကို ဝယ်၍ လက်က ကိုင်ခဲ့ပြီးလျှင် ခန်းမဆောင်ဆင်ဝင်အောက်မှ မိမိအခန်းသို့ လာခဲ့၏။ စီးကရက်ဆိုင်၌ တိုက်ရှေ့ဆင်ဝင်၌ လည်းကောင်း၊ အကယ်၍ တစ်စုံတစ်ယောက်နှင့်တွေ့ခဲ့သော် မိမိကိုယ်တိုင် မိမိအခန်း၌ ရှိနေ၍ လမ်းထိပ်သို့ စီးကရက်ဝယ်ရန် သွားကြောင်း သက်သေခံရရန် ရည်ရွယ်ချက်ပင် ဖြစ်လေသည်။ သို့သော် ကံအားလျော်စွာ စီးကရက်ဆိုင်၌ လည်းကောင်း၊ တိုက်အဝင်၌လည်းကောင်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ချေ။

မိမိတိုက်ခန်းသို့ ဝင်ခဲ့သောအခါ အပြင်တံခါးသည် မိမိထားခဲ့သည့် အတိုင်းစေ့လျက်၊ ဓာတ်မီးချောင်းများသည်လည်း မိမိဖွင့်ထားခဲ့သည့်အတိုင်း ထိန်ထိန်လင်းလျက်၊ ရေဒီယိုသည်လည်း မှန်ခုံပေါ်တွင် မိမိဖွင့်ထားခဲ့သည့် မီတာမှ သီချင်းများလာလျက်ပင်ရှိနေ၏။ တိုင်ကပ်နာရီကြီးကို ကြည့်လိုက်မိရာ အချိန်မှာ ၉ နာရီနှင့် ၉ မိနစ်မျှသာ ရှိသေး၏။ ၅၅ မိနစ်မျှသော နာရီပိုင်းကလေးအတွင်း၌ လူသတ်မှုကြီးတစ်ခုကို ကျူးလွန်လိုက်လေပြီ။

ဦးစံလွင်သည် အင်္ကျီအိတ်ထဲမှ စာလေးစောင်ကို ထုတ်ယူပြီးလျှင် စားပွဲပေါ်၌ တင်ထားလိုက်၏။ ထို့နောက် အံဆွဲတစ်ခုအတွင်းမှ စာရေးစက္ကူကတ်၊ မင်အိုး၊ မင်နှိပ်နှင့် ကလောင်တံစသော စာရေး ကိရိယာများကိုလည်း စားပွဲပေါ်၌ပင်တင်၍ ထားလိုက်လေသည်။ ဦးဘမောင်ထံမှ ခေတ္တငှားယူခဲ့သော မင်အိုးကိုမူကား တစ်စုံတစ်ရာ ကိုင်တွယ်ခြင်း မပြုချေ။ စာများမှာ တောင်ငူမြို့ သစ်ကုန်သည် ကိုပုလေးထံသို့ ရေးသောစာလည်းပါ၏။ အချို့စာများ၌ မိမိမှာ အလုပ်အလွန်များသဖြင့် မိတ်ဆွေများထံပေးရန် စာများကို ညဉ့်အချိန်မှ ရေးရကြောင်း၊ ယခု စာရေးသောအချိန် ၈ နာရီပင် ရှိနေပြီဖြစ်၍ ဤနေရာ၌ပင် စာကို ရပ်လိုက်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထား၏။ အမှန်သော် ဦးစံလွင်သည် နံနက်ခင်းကပင် ကြိုတင်ရေးသားသော စာများဖြစ်၍ ရက်စွဲကိုလည်း အတိအကျ ရေးထိုးထားလေသည်။

သူရေးထားသော စာများကို ကြည့်ခြင်းအားဖြင့်ပင် ဦးစံလွင်သည် ၈ နာရီနှင့် ၉ နာရီကြား၌ အိမ်တွင် ရှိနေကြောင်း ထင်ရှား၏။ ထို့ထက် ပို၍ ခိုင်လုံစေရန် ဦးစံလွင်သည် မိမိတိုက်ခန်းနှင့် မျက်နှာချင်း ဆိုင်လမ်း အခြား

http://www.cherrythitsar.org



ဘက်တွင်နေသော စာရေးကြီး ဦးဘမောင်ထံ မင်အိုးကို ပြန်ပို့ရင်း ရမယ်ရှာ၍ သွားလေ၏။

သို့သော် ထိုအခေါက်၌ကား ဦးဘမောင်၏ အိမ်ဝင်းတံခါးပိတ်ထားသည်ကို တွေ့ရသဖြင့် မပေးဘဲ ပြန်ခဲ့ရလေသည်။

ကြည့်မြင်တိုင်ရှိ ကားဂိုဒေါင်အတွင်း၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော ရောဘတ်မောင်ကြီးအား ဦးစံလွင်နှင့် မည်သည့်နည်းနှင့်မျှ ဆက်စပ်၍ ရနိုင်မည် မဟုတ်ချေ။ ဦးစံလွင်က မောင်ကြီးအပေါ်တွင် မိန်းမနှင့်ပတ်သက်၍ ရန်ငြိုးရှိသည်ထားဘိဦး၊ ဦးစံလွင်မှာ ရောဘတ်မောင်ကြီး အသတ်ခံရသည့် အချိန်လောက်တွင် သူ၏အိမ်ခန်း၌ ရှိနေ သည်မှာ အထက်တွင် ဖော်ပြခဲ့သော သက်သေခံများအရ ထင်ရှားလှ၏။

၈ နာရီခန့်တွင် မော်တင်လမ်းရှိ သစ်ကုန်သည် ဦးဘအေးထံ တယ်လီဖုန်းဆက်ခြင်း၊ မိမိတိုက်ခန်းနှင့် မျက်နှာချင်းဆိုင်၌နေသော စာရေးကြီး ဦးဘမောင်ထံမှ မင်အိုး ငှားယူခြင်း၊ မိမိအား မည်သူတစ်ဦး တစ်ယောက်မျှ မမြင်ဘဲ မိနစ် ၅၀ ခန့်အတွင်း တိုက်ခန်းသို့ လျှို့ဝှက်စွာ ပြန်ရောက်ခြင်း၊ သူ ရေးထားသော စာများထဲ၌ပင် စာရေးသည့်အချိန်နာရီ ကို ဖော်ပြထားခြင်းတို့မှာ ၇ နာရီနှင့် ၉ နာရီခန့် အချိန်အတွင်းတွင် ဦး စံလွင်သည် မည်သည့်နေရာသို့မျှ မသွားဘဲ အိမ်၌ရှိနေကြောင်း ထင် ရှားသော သက်သေခံများ မဟုတ်ပါလော၊ အကြောင်းရှိက မိမိဘက်မှ ပိုင်နိုင်စွာခုခံနိုင်သည့် အချက်များပေတည်း။

*

ဦးစံလွင် ပြန်၍ဝင်လာသော အချိန်မှာ ၁၀ နာရီ ၁၀ မိနစ်မျှသာ လိုတော့၏။ မိမိအခန်းမှ ဝင်းထိန်သော ဓာတ်မီးရောင်များမှာ မိမိထားခဲ့သည့် အတိုင်းပင် ရှိနေသည်ကိုမြင်ရ၏။ အိမ်ငှားများ အသုံးပြုနိုင်သည့် အလယ်ဧည့်ခန်း ခန်းမဆောင်ကြီးမှာ တံခါးပေါက်ပွင့်နေပြီးလျှင် ဓာတ်မီးများ လင်းလျက်ရှိသည်ကိုတွေ့ရ၏။ ခြေကျော်မှန်တံခါးကလေးကိုဖွင့်၍ အတွင်းသို့ဝင်မိသော အခါ တယ်လီဖုန်းအနီးတွင် လူနှစ်ယောက် ရပ်နေသည်ကို မြင်ရ၏။ တစ်ယောက်မှာ အရပ်ရှည်ရှည်၊ ထောင်ထောင်မောင်းမောင်းရှိနေ၍ ရဲအရာရှိ ယူနီဖောင်းကို ဝတ်ထား၏။ အခြားတစ်ယောက်မှာ ခပ်ပုပုဖြစ်ပြီးလျှင် အရပ်ဝတ်အရပ်စားဖြင့် ဖြစ်လေသည်။

(လွင်) "ခင်ဗျားတို့ ဘယ်ကလဲ ... ဘာလုပ်နေကြတာလဲ ဟင်"

(အရပ်မြင့်သူ) "ကျုပ်တို့က ရဲအရာရှိတွေပဲ၊ သူက စုံထောက် ဘက်ကလေ၊ လူသတ်မှုတစ်ခုဖြစ်လို့ လိုက်နေကြတာ"

ဦးစံလွင်သည် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွား၏။

http://www.cherrythitsar.org



"ဘုရား . . ဘုရား . .ကြည့်မြင်တိုင်မှာ သတ်ခဲ့တာများ ဒီလူတွေ သိသွားသလား . . ဟုတ်နိုင်မယ် မထင်ပါဘူး။ ဂိုဒေါင်ထဲမှာဆိုတော့ ရုတ်တရက် တွေ့ဖို့အခဲယဉ်းသားပဲ" ဟု စိတ်ထဲက အောက်မေ့မိ ၏။

(အရပ်နိမ့်သူ) "ခင်ဗျား နာမည် ဦးစံလွင်တဲ့လား"

(လွင်) "ဟုတ်တယ်"

(စံထောက်) "ခင်ဗျားကြည့်ရတာ နည်းနည်း စိတ်ရှုပ်လာပုံပဲ။ တဆိတ်မေးပါရစေဗျာ၊ ခင်ဗျား အခုဘယ်က လာတာလဲ"

(လွင်) "လမ်းထောင့် ဆေးလိပ်ဆိုင်ကလာတာပါ၊ ဆေးလိပ်မရှိလို့ သွားဝယ်တယ်"

ဦးစံလွင်၏အသံမှာ တည်ငြိမ်အေးဆေးလျက်ပင် ရှိ၏။

(စံထောက်) "ဘယ်အချိန်က သွားသလဲ"

(လွင်) "၉ နာရီနဲ့ ၁၀ မိနစ်လောက်ထင်တယ်၊ နေပါဦး . . ခင်ဗျားက ဘာကြောင့်မေးရတာလဲ"

(စံထောက်) "ဒီမှာ မိတ်ဆွေ . . တစ်ဆိတ် ကျုပ်ပြောတာ နားထောင်စမ်းပါဦး၊ ခင်ဗျားထွက်သွားပြီး တစ်မိနစ်လောက်အကြာမှာ ကျုပ်တို့ ရောက်လာတယ်ဗျ . . ခင်ဗျာ့ အခန်းတံခါးကို ကျုပ်တို့ခေါက်နေတော့ ဟိုဘက်မျက်နှာချင်းဆိုင်တိုက်ခန်းက ဦးဘမောင်ဆိုတဲ့လူက သူ့အိမ်ထဲက ထွက်လာပြီး ခင်ဗျားဟာ တစ်ညနေလုံးဘယ်မှ မသွားဘူး ဒီမှာရှိပါတယ်တဲ့။ စာတွေထိုင်ရေးနေရင်း မင်ကုန်သွားလို့ သူ့ဆီက မင်အိုးတောင်ငှားလိုက်ရသေးတယ်။ ဒါကြောင့် ခဏတဖြုတ် လမ်းထိပ်များ ဆေးလိပ်ဝယ်သွားသလား မပြောတတ်ဘူးလို့ ပြောတယ်"

ထိုအခါမှ ဦးစံလွင် စိတ်ထဲတွင် သက်သာရာရသကဲ့သို့ ဖြစ်သွားပြီးလျှင် ဦးဘမောင်အား ကျေးဇူးတင်မိ၏။

(လွင်) "ဟုတ်ပါတယ် . . အခုပဲ လမ်းထိပ်ကို ဆေးလိပ် ဝယ်ရအောင် ထွက်သွားတာပါ"

ရဲအရာရှိသည် စားပွဲပေါ်၌ချထားသော စာများကို ကြည့်ပြန်၏။

"ဒီစာတွေပဲ ထင်ပါရဲ့"

(လွင်) "ဟုတ်ကဲ့ ဒီစာတွေပါပဲ"

ရဲအရာရှိသည် စာလေးစောင်ကို သိမ်းဆည်း၍ စံထောက် လက်ထဲသို့ ထည့်လိုက်၏။

စံထောက်သည် ဦးစံလွင်၏ လက်များကိုကြည့်လိုက်၏။ ထို့နောက် အေးဆေးငြိမ်သက်သော အသံဖြင့် –

http://www.cherrythitsar.org



"ခင်ဗျား မရှိတုန်းက မော်တင်လမ်းက ဦးဘအေး ဆိုထင်ပါရဲ့၊ အဲဒီလူက တယ်လီဖုန်းနဲ့ ခင်ဗျားကို ခေါ်တယ်၊ ဒီကနေပြီး သူ့ဆီကို တောင်ငူကိုပုလေးရဲ့ လိပ်စာကို ခင်ဗျား မသိလို့ မေးတယ်ဆို"

(လွင်) "ဟုတ်ပါတယ်ဗျာ . . ဟုတ်ပါတယ်"

(စုံ) "အဲဒီလူရဲ့ လိပ်စာကို ပေးလိုက်တာ သူလည်း အလျင်စလိုနဲ့မို့ မှားသွားတယ်တဲ့၊ အရင်လိပ်စာဟောင်း မဟုတ်တော့ဘူးတဲ့"

(လွင်) "ဩော် ဟုတ်လား . . ကျေးဇူးတင်ပါတယ်ဗျာ"

(စုံ) "ဒီတော့ ကျုပ်က ဦးစံလွင်ဟာ ဘယ်အချိန်လောက် ခင်ဗျာ့ဆီကို တယ်လီဖုန်းဆက်သလဲဗျာလို့မေးတော့ ၈ နာရီခွဲလောက် ၈ နာရီနဲ့ ၂၅ မိနစ်လောက်မှာဆက်တယ် ထင်တယ်လို့ သူက ပြောတယ်ဗျ"

(လွင်) "ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ် . . သူပြောတဲ့အချိန်လောက်ပါပဲ"

ဦးစံလွင်မှာ မိမိဘက်မှ ပိုမိုခိုင်လုံသော သက်သေခံချက်များ ထပ်မံရရှိလာပြန်သဖြင့် "တစ်ခါဖြင့် နေရာကျပြီ၊ ဒီဟာတွေမြင်လို့ ငါက ကြိုတင်ပြီး ဆင်ထားတဲ့ အလုံးပေါ့"ဟု စိတ်ထဲက အောက်မေ့ကာ တစ်ကိုယ်တည်း အူမြူးလျက်ရှိနေတော့၏။ မိမိမရှိခိုက် တယ်လီဖုန်းဖြင့် ထပ်မံပြောဆိုသော ဦးဘအေးကိုလည်း ကျေးဇူးတင်မိပြန်၏။ မျက်နှာ၌ပင် သွေးရောင်များ လျှမ်း၍လာကာ မသိမသာ ပြုံးလိုက်မိလေသည်။

(စုံ) "တစ်ညနေလုံး ည ၉ နာရီ ၁၀ နာရီအထိ ခင်ဗျား ဘယ်မှ မသွားဘူး အိမ်မှာရှိနေတယ်ဆိုတဲ့ သက်သေခံချက်တွေတော့ ခင်ဗျားမှာ အများကြီးရှိတာပဲဗျို့"

(လွင်) "အများကြီးရှိတာပေါ့ ခင်ဗျာ"

စုံထောက်သည် ယခင်ကထက် တည်ငြိမ်လေးနက်သော အမူအရာဖြင့် –

"ဒီမှာ ဦးစံလွင်၊ ခင်ဗျားဟာ ဒီကနေ့ ညနေကတည်းက အိမ်က ဘယ်မှ မသွားဘူး အိမ်မှာပဲရှိနေတယ်ဆိုတာ ဘာမှ ယုံမှားစရာ မရှိဘူး။ ပြီးတော့ ၈ နာရီခွဲလောက်မှာ တစ်စုံတစ်ယောက်ဟာ အိမ်ရှေ့တံခါးကို 'ဂျောင်း' ခနဲ ဖွင့်ဝင်လာပြီး ခင်ဗျားတို့ ခါတိုင်းဖြစ်နေကျထက်ပိုပြီး ကျယ်ကျယ်လောင်လောင် စကားများကြတယ် မဟုတ်လား . . ပြီးတော့ ခင်ဗျား လက်ကောက်ဝတ်က ကုတ်ရာ ခြစ်ရာတွေကလည်း တကယ့် မိန်းမတစ်ယောက်ရဲ့ လက်သည်းနဲ့ ကုတ်ခြစ်ထားတဲ့ ဒဏ်ရာတွေနဲ့တူတယ်"

http://www.cherrythitsar.org


ဦးစံလွင်သည် မိုးကြိုးထိမှန်လိုက်သကဲ့သို့ ကြက်သေသေ၍ သွားလေ၏။

ရဲအရာရှိသည် ဦးစံလွင်၏ ပခုံးနှစ်ဖက်ကိုကိုင်ပြီးလျှင် သူ၏ အခန်းသို့ ခေါ်သွားပြီးနောက် ခင်မြမြမူ အိပ်သော အခန်းမှ ခန်းဆီးကို လက်ဖြင့်ဖယ်ရှားလိုက်၏။ ခုတင်ပေါ်၌ကား ခင်မြမြမူသည် လည်ပင်းတွင် အညိုအမည်းဖြစ်ကာ ဖျစ်ညှစ်သတ်ဖြတ်ထားသော ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိလေသည်။

ရဲအရာရှိက ခက်ထန်သော မျက်နှာဖြင့် –

"ကိုင်း ဒီမှာ ခင်ဗျာ့မိန်းမဟာ လည်ပင်းကို ခင်ဗျား ဖျစ်သတ်တဲ့ ဒဏ်ရာနဲ့ သေနေတယ် မဟုတ်လား"

"အလိုလေး ဘုရား ဘုရား . . ကြားသားမိုးကြိုး . . ကျွန်တော် မဟုတ်ရပါဘူးဗျာ"

"ခင်ဗျား မဟုတ်ရင် ဘယ်သူဖြစ်နိုင်မှာလဲ၊ ဒီအိမ်ထဲမှာ တစ်ညနေလုံး ခင်ဗျားစာရေးနေတယ်၊ ၈ နာရီမခွဲခင်ကလေးမှာ စာရေးကြီး ဦးဘမောင်ဆီကို မင်းအိုးသွားတောင်းသေးတယ်။ ၈ နာရီခွဲလောက်ရှိတော့ ဦးဘအေးဆီကို တယ်လီဖုန်း ဆက်ပြန်တယ်။ ခင်ဗျား ရေးထားတဲ့ စာတစ်စောင်ထဲမှာ စာရေးတဲ့ အချိန်ကိုတောင်ထည့်ပြီး ရေးထားသေးတယ်။ ၉ နာရီသာသာ လောက်ကျတော့ လမ်းထိပ်ကို ဆေးလိပ်ဝယ် ခဏသွားတာ ချက်ချင်းလိုပဲ ပြန်ရောက်လာတယ်ဗျာ . . ကိုင်း . . ဒီတော့ ခင်ဗျာ့ မိန်းမကို ခင်ဗျား မသတ်ရင် ဘယ်သူသတ်မလဲ . . ကိုင်း ဂါတ်တဲကိုသာ လိုက်ခဲ့ပေတော့"

ဦးစံလွင်သည် စကားပြန်၍ မပြောနိုင်တော့ချေ။ မျက်လုံးများ ပြူး၍သာ ကြည့်နေလေသည်။

ခေါင်းအုံးပေါ်၌ ကိုယ်တစ်ပိုင်းတင်ကာ မျက်လုံးများ ပြူးထွက်လျက် လည်မျိုတွင် ဖျစ်ညှစ်ထားသည့် အညိုအမည်း ဒဏ်ရာများဖြင့် သေဆုံးနေသော ခင်မြမြမူ၏အလောင်းကို ဦးစံလွင်သည် မလှုပ်မယှက် ငေးမောကြည့်ရှု၍နေလေသည်။ ထိုအခါမှ မောင်ကြီးသေခါနီးတွင် ပြော၍ သွားသော "ကျုပ်ကိုချည်း သူရန်စနေတော့တာပဲ၊ ကျွန်တော် ဘာတွေ လုပ်မိခဲ့တယ်ဆိုတာ မသိတော့ဘူး။ အို . . ကြောက်စရာကြီး . . ကြောက်စရာကြီး၊ ကျွန်တော် ဆက်မပြောပါရစေနဲ့တော့" ဟူသော စကားများကို ပြန်၍ သတိရမိတော့၏။

ဦးစံလွင်ကား ကယောင်ချောက်ချားဖြစ်ကာ မျက်လုံးများ ပြူးလျက်

"ကျွန်တော် မသတ်ပါဘူး ခင်ဗျာ . . ကျွန်တော့်မိန်းမကို ကျွန်တော် မသတ်ပါဘူး . . အမှန် ကျွန်တော့် အိမ်မှာ မရှိဘူးဗျ၊ လူတစ်ယောက်နဲ့

http://www.cherrythitsar.org


သွားပြီး ချိန်းတွေ့တယ် . . ကျွန်တော် မဟုတ်ပါဘူးဗျာ . . သတ်တဲ့လူက အင်း . . အင်း"

(ရဲအရာရှိ) "ဟင် ဘယ့်နှယ် တစ်မျိုးဖြစ်ပြန်ပြီလဲ ဦးစံလွင်၊ တစ်ချိန်လုံး အိမ်မှာ ခင်ဗျား ရှိနေတယ်ဆိုတဲ့အကြောင်း ကောင်းကောင်းကြီး ထင်ရှားနေတယ် မဟုတ်လား။ ခင်ဗျားကိုယ်တိုင်ကလည်း ဝန်ခံတယ်၊ သက်သေခံကလည်း လုံလောက်တယ် . . ကိုင်း ရှင်းစရာရှိရင် ရုံးကျမှရှင်း . . အခုလိုက်ခဲ့ပေတော့"

*

ဤအမှု၌ အတွင်းဝန်ကလေး ဦးစံလွင်အား သူ၏ဇနီးဖြစ်သူ ခင်မြမြမူအား သတ်မှုဖြင့် တစ်သက်တစ်ကျွန်း ကျခံစေရန် အပြစ်ပေးလိုက်လေသည်။ ကြိုးမပေးဘဲ တစ်သက်တစ်ကျွန်း အပြစ်ဒဏ်ပေးခြင်းသည်ပင် ထောက်ထားညှာတာခြင်း ဖြစ်၏။ ဦးစံလွင်မှာ ခင်မြမြမူ အသတ်ခံရသည့်အချိန်၌ အခြားမည်သည့်နေရာကိုမျှ မသွားဘဲ အိမ်၌ ရှိနေကြောင်း ထင်ရှားသည်ဟု ယူဆ၏။ ထို့ပြင်လည်း သေသူ၏ လော်လည် ဖောက်ပြားမှုများသည် ပေါ်လွင်လျက် တရားခံသည် ဇနီးဖြစ်သူအား ယင်းကဲ့သို့ လော်လည်ဖောက်ပြားမှုများအတွက် စိတ်ကို မချုပ်တည်းနိုင်လောက်အောင် ဖြစ်၍လာသဖြင့် သတ်မိခြင်းဖြစ်သည်ဟု တရားရုံးတော်က ယူဆလေသည်။

သို့ဖြစ်၍သာ ညှာတာထောက်ထား၍ အပြစ်ပေးခြင်း ဖြစ်လေသည်။ (ရောဘတ်မောင်ကြီး သေဆုံးသောအမှုမှာ လက်သည်မပေါ်ဘဲ ရဲဘက်က ပိတ်လိုက်ရ၏။)

အမှုအားလုံးကို ခြုံ၍ ကျွန်ုပ်တို့ စဉ်းစားသော် ဦးစံလွင်သည် ဇနီးဖြစ်သူ ခင်မြမြမူအား မသတ်ပါဘဲလျက် အပြစ်ဒဏ်ခံရခြင်းမှာ ကိုယ့်အတတ်နှင့် ကိုယ်စူးဆိုဘိသကဲ့သို့ မိမိ 'ဆင်' သော သက်သေဖြင့် မိမိကိုယ်ကိုပြန်၍ 'ထိ' ခြင်း ဖြစ်၏။

တရားဥပဒေက ခင်မြမြမူကို သတ်မှုဖြင့် ဦးစံလွင်အား မဟုတ်မမှန်ဘဲ အပြစ်ပေးလိုက်သောကြောင့် ချွတ်ချော် လွဲမှားသည်ဟု ဆိုနိုင်သော်လည်း အမှန်အားဖြင့်မူ ရောဘတ်မောင်ကြီးအတွက် ကလဲ့စားချေသည်ကို ခံရခြင်းပင် ဖြစ်လေသည်။

❖

# ကြွက်ခေါင်းဖြူ

အောက်တွင် ရေးသားဖော်ပြအံ့သော အဖြစ်အပျက်များမှာ မိတ်ဆွေတစ်ဦးက ကျွန်ုပ်နှင့်မိတ်ဆက်ပေးသဖြင့် ယခုမှ သိရသော ကိုဘသက် ဆိုသူ၏ အဒေါ် 'ဒေါ်ခင်မကြီး'၏ အတ္ထုပ္ပတ္တိများဖြစ်၏။

ကိုဘသက်သည်သူ၏အဒေါ် မသေဆုံးမီက ရေးသားသွားသော စာရွက်များကို ကျွန်ုပ်ထံ ယူလာပြီးလျှင် မဂ္ဂဇင်းတစ်စောင်စောင်တွင် ထည့်သွင်းပေးပါရန် ကျွန်ုပ်အား မေတ္တာရပ်ခံ တိုက်တွန်းလေသည်။

ဒေါ်ခင်မကြီးသည် လွန်ခဲ့သော အောက်တိုဘာလက စိတ္တဇဆေးရုံရှိ ရာဇဝတ် ပြစ်မှုကျူးလွန်သော စိတ်မနှံ့သူများထားရာ အခန်းတစ်ခန်း၌ မိမိ၏ လည်ပင်းကို မိမိ လှီးဖြတ်သေဆုံးသွား၏။ အသုံးပြုသော လက်နက်မှာ မုန့်သေတ္တာဖုံးကို ဓားကဲ့သို့ထက်အောင် သွေးထားသည့် သံဖြူစတစ်ခု ဖြစ်လေသည်။

ဒေါ်ခင်မကြီးသည် လင်ယောက်ျားဖြစ်သူ 'ဦးဘဒန်'အား ဓားနှင့်ထိုးပြီးနောက် ဦးခေါင်းကို တူဖြင့် စိစိညက်ညက်ကြေအောင် ထုနှက်ရိုက်သတ်သဖြင့် ပြစ်မှုထင်ရှားသည့်အတိုင်း အပြစ်ပေးခြင်းခံရ၏။ သို့သော် ဒေါ်ခင်မကြီးမှာ ထိုအခါက စိတ်မနှံ့ကြောင်းတွေ့ရှိရလေရာ စိတ္တဇဆေးရုံသို့ ပို့လိုက်ရလေသည်။ စိတ်မနှံ့ကြောင်း ပို၍ထင်ရှားပုံမှာ ဒေါ်ခင်မကြီးသည် ဦးဘဒန်အား သတ်ပြီးနောက် အိမ်၌ အလှမွေးထားသော ကြောင်အမွေးဖွားကြီးကိုလည်း ဦးဘဒန်အား သတ်သည့်နည်းအတိုင်း ဦးခေါင်းကို ကြေမွသွားအောင် ရိုက်သတ်လိုက်သောအချက်ပင် ဖြစ်လေသည်။

http://www.cherrythitsar.org



ကိုဘသက်၏ယူဆချက်မှာ သူ၏အဒေါ် ဒေါ်ခင်မကြီးသည် ဆရာဝန်၏ ထွက်ချက်အထောက်အထားအရ ရုံးတော်က ယူဆသည့်အတိုင်း စိတ်မနှံ့သူတစ်ယောက် မဟုတ်ကြောင်း၊ သေသည်အထိ စိတ်ကောင်းသူတစ်ယောက် ဖြစ်သည်ကို သူမသေမီက ရေးခဲ့သော စာရွက်များကို ကြည့်ခြင်းအားဖြင့် ခန့်မှန်းသိရှိနိုင်ကြောင်း၊ သို့ဖြစ်၍ သူ့အဒေါ် ရေးခဲ့သော စာရွက်များကို ကျွန်ုပ်မှတစ်ဆင့် တိုင်းပြည်သို့ လူအများသိအောင် တင်ပြလိုကြောင်း၊ ဤသို့ပြုလုပ်ခြင်းဖြင့် သူ့အဒေါ်၏ ဂုဏ်ကို ဆည်ရာလည်း ရောက်မည်ဖြစ်ကြောင်းဖြင့် ပြောပြလေသည်။

စိတ္တဇဆေးရုံမှ အစောင့်များက ဒေါ်ခင်မကြီး မသေမီ ကိုဘသက်အမည်ကိုခေါ်လျက် **"ဟဲ့ ဘသက် အိမ်မှာ ကြွက်ခေါင်းဖြူတွေ့ရင် မထားနဲ့၊ ခေါင်းကို ကြေမွသွားအောင် ရိုက်သာသတ်"** ဟု ပြောသွားကြောင်းဖြင့် ပြောပြကြ၏။

'ဒေါ်ခင်မကြီး'မှာ အမှုစစ်ဆေးနေသည့်အချိန် တစ်ချိန်လုံး စကားတစ်လုံးမျှ မပြောခဲ့ချေ။ စိတ္တဇဆေးရုံသို့ ရောက်သောအခါ၌လည်း စကားမပြောဘဲရှိနေရာ သေခါနီးတွင်မှ ဤကဲ့သို့ ထူးထူးဆန်းဆန်း ပြောသွားသည်မှာ . . အံ့ဩဖွယ်ကောင်းကြောင်း၊ ထိုစကားများမှာ ထူးဆန်း၍ အရူးစကားဟုပင် ဆိုလောက်သော်လည်း သူ၏အဒေါ်ရေးခဲ့သော စာရွက်များကို ဖတ်ကြည့်က ယင်းစကားများနှင့် ကိုက်ညီသည့် အဖြစ်အပျက်များကို တွေ့ရလိမ့်မည်ဖြစ်ကြောင်းနှင့်လည်း ပြောပြသေး၏။

ဦးဘဒန်မှာ ရန်ကုန်တက္ကသိုလ်မှ ရူပဗေဒ ပါမောက္ခတစ်ဦးဖြစ်၍ ထိုအခါက ရူပဗေဒ စမ်းသပ်မှုတစ်ခုကို စမ်းသပ်ရှာဖွေလျက် ရှိလေသည်။ သို့နှင့် ဦးဘသက်သည် ငွေကျပ် ၁၀၀၀၀ ကို ဘဏ်တိုက်မှ ထုတ်ပြီးလျှင် အလုပ်မှလည်း အခွင့်နှစ်လ ယူ၍ မိမိနေအိမ် နောက်ဖေးခန်းရှိ အလျား ပေ ၄၀၊ အနံ ပေ ၂၀ ရှိဓာတ်ခွဲခန်းတွင် လိုအပ်သော သံကိရိယာများကို ကန်ထရိုက်တစ်ဦး ငှားရမ်းတပ်ဆင်၍ လုပ်ကိုင်ခဲ့၏။

ဒေါ်ခင်မကြီးနှင့်ဦးဘဒန်တို့ အကြောင်းပါခဲ့သည်မှာ နှစ်ပေါင်း ၂၀ မျှကြာရှိခဲ့ပြီဖြစ်ရာ သားသမီးဟူ၍ တစ်ယောက်တလေမျှ မထွန်းကားခဲ့ဖူးသော်လည်း တစ်ယောက်အကြောင်းကို တစ်ယောက်ကောင်းစွာ သိပြီးလျှင် အလွန်ချစ်ခင်ကြင်နာသော လင်မယား ဖြစ်လေသည်။ ဦးဘဒန်သည် အင်္ဂလန်နှင့် အမေရိကန်တိုက်ရှိ ကမ္ဘာကျော်တက္ကသိုလ်ကြီးများ၌ ယင်းပညာရပ်များကို တစ်ဖက်ကမ်းခတ် ကောင်းစွာတတ်မြောက် အောင်မြင်ခဲ့၏။ မြန်မာပြည်သို့ ပြန်ရောက်၍ တက္ကသိုလ်တွင် အလုပ်လုပ်သောအခါ၌လည်း တပည့်တပန်းတို့

http://www.cherrythitsar.org



အားစိတ်ရှည်လက်ရှည်သင်ကြားပြသသည့်ပြင် ယင်းပညာရပ်မှာ စာတွေ့သဘောသိရှိနားလည်ခြင်းထက် လက်တွေ့သဘောသိရှိနားလည်ခြင်းက ပို၍ ခရီးရောက်ကြောင်းဖြင့် မကြာခဏပြောဖူး၏။

ကိုဘသက်သည် သူ၏ဦးလေးနှင့် အဒေါ်အကြောင်းကို အထက်ပါအတိုင်း စကားပလ္လင်ခံ၍ ပြောပြပြီးနောက် ဒေါ်ခင်မကြီး ရေးသားခဲ့သော စာရွက်များကို ကျွန်ုပ်အား ပေးအပ်လေသည်။

ကျွန်ုပ်သည် ဒေါ်ခင်မကြီးရေးထားသော စာရွက်များကို ဖတ်ကြည့်ရာ အကယ်၍ ဒေါ်ခင်မကြီးသည် စိတ်မနှံ့သူတစ်ယောက်ဖြစ်က၊ ယောက်ျားဖြစ်သူ ဦးဘဒန်အား သတ်ပြီးနောက် ဤမျှလောက် ဆန်းဆန်းပြားပြား အဖြစ်များကို ကြံဖန်၍ ရေးနိုင်မည်မဟုတ်ဟု တစ်ထစ်ချ မှတ်ယူလိုက်ပြီးလျှင် ကိုဘသက်နှင့် သဘောချင်းတိုက်ဆိုင်မိ၏။ ဤမျှသာမက ဒေါ်ခင်မကြီးသည် မိမိကိုယ်တိုင် သတ်ထားသော ဦးဘဒန်၏ အလောင်းအနီး၌ ပူပူနွေးနွေးရှိစဉ် ဤအဖြစ်အပျက်များကို အစအဆုံး ရေးနိုင်ခြင်းမှာလည်း သာမန် မိန်းမတစ်ယောက်ကို မဆိုထားဘိ၊ ယောက်ျားရင့်မကြီး တစ်ယောက်ပင် ဤမျှလောက် သတ္တိကောင်း၍ စိတ်ကိုတင်းနိုင်ပါမည်လော ဟု စဉ်းစားမိ၏။

ဒေါ်ခင်မကြီး ရေးသားထားပုံမှာ လူတစ်ယောက်အား မှာကြားထားခဲ့ခြင်း မဟုတ်ဘဲ၊ သူ့မျက်စိထဲတွင် မြင်သမျှ သူတွေ့သမျှကို ရိုးရိုးစင်းစင်း ရေးသားထားရာ ကျွန်ုပ်သည် ဒေါ်ခင်မကြီး၏ 'မူ'ကို မပျက်စေဘဲ၊ စကားချောရုံ၊ ဖတ်၍ကောင်းရုံမျှသာ ပြင်ဆင်၍ ရေးသားခြင်း ဖြစ်ပါကြောင်း။

## "စာရေးသူ"

ကျွန်မနဲ့ ကိုဘဒန်တို့ဟာ အိမ်ထောင်ကျခဲ့ကြတာ အခုအချိန်မှာ အနှစ် ၂၀ ကျော်ပြီ။ တစ်ခါမှ ခွန်းကြီးခွန်းငယ် တစ်ယောက်နဲ့ တစ်ယောက် ပြောခဲ့ရဖူးတယ် မရှိဘူး။ သူဟာ ကျွန်မစိတ်ထဲက အကြံ သိသလား မပြောတတ်ဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်မက လိုချင်တာ မပြောရသေးဘူး၊ သူက ဝယ်ပြီးပြီ။ ကျွန်မကလည်း ဒီအတိုင်းပဲ သူဟာ ဘာစားချင်တယ်ဆိုတာ မပြောရသေးဘူး၊ ကျွန်မက ချက်ပြီးပြီ . . သူဟာ ဘာကို စားချင်တယ်။ ဘယ်အဝတ်ကို ဝတ်ချင်တယ်။ ဒီအချိန်၌ ဘာကို အလိုရှိတယ်၊ ဒီအခါ ဘာကို တောင့်တတယ်ဆိုတာ ကျွန်မ စိတ်ကကို သိနေတယ်။ အဲဒါ ဘာကြောင့်လဲ မပြောတတ်ဘူး။ တစ်ယောက်နဲ့ တစ်ယောက် ချစ်လွန်းအားကြီးတော့ တစ်ယောက်စိတ် တစ်ယောက် သိနေတာပဲ ထင်ပါရဲ့ . . .။

လင်မယား နှစ်ယောက်ဟာ တစ်ညခွဲပြီး မအိပ်ဖူးဘူး။ ခရီး တစ်ရက်၊ နှစ်ရက်သွားကြလို့ ခွဲအိပ်ကြရရင် ပြောလို့ မဆုံးနိုင်ဘူး။ ဒီလောက်ပဲ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ကြပါတယ်။

ရတုန်းကလည်း လူကြီးတွေကလည်း သဘောတူ၊ ကျွန်မတို့ချင်းလည်း ချစ်ဆိုတော့ ဘာပြောစရာရှိလဲ၊ ဒါကြောင့် ကျွန်မတို့ လင်မယားဟာ တစ်ယောက်အကြောင်း တစ်ယောက်သိပြီး အစွမ်းကုန် ပြုစုကြတယ်။ ချစ်ခင်တယ်၊ ကြင်နာတယ်၊ ယုယတယ်၊ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းကြီး နားလည်တယ်။ တစ်ယောက်အပေါ် တစ်ယောက် ထိမ်ကျန်မှု မရှိဘူး၊ လျှို့ဝှက်မှု မရှိဘူး။

ဒါပေမဲ့ အလုပ်နဲ့ပတ်သက်လာရင်တော့ ကိုဘဒန်ဟာ သိပ်ပြီး စည်းကမ်းကြီးတယ်။ ကျွန်မကို ဘယ်တော့မှ အသိမပေးဘူး။ သိဖို့ရာလည်း ကျွန်မအလုပ် မဟုတ်ဘူးလို့ ပြောတယ်။ မှန်လည်းမှန်တာပဲ။ မိန်းမဟာ ယောကျ်ားအလုပ်လုပ်တာ ဘာမှသိဖို့မလိုဘူး။ ဘာမှလည်း ဝင်ရောက်စွက်ဖက်ဖို့ မလိုဘူး။ နိုင်ငံခြားသားတွေဟာ ဒီနေရာမှာ အင် မတန် တော်တယ်။ အင်မတန်စနစ်ရှိတယ်။ အိမ်ထောင်ရေးကတခြား အလုပ်ကတခြား ခွဲခြားသိတတ်တယ်။ ခွဲခြားထားတယ်”

ကိုဘဒန်ဟာ ဒီလိုနေရာမှာ အနောက်နိုင်ငံခြားသား တစ်ယောက်ထက်တောင် စနစ်ကျသေးတယ်။ အလုပ်လုပ်နေတဲ့အခါ သူ့အခန်းကို ဘယ်သူမှ လာတာမကြိုက်ဘူး။ တခြားသူသာ မဟုတ်ဘူး ကျွန်မ လာတာလည်း မကြိုက်ဘူး။

ကိုဘဒန်ဟာ အခုနောက်ဆုံးအခေါက် ဘိလပ်က ပြန်လာမှ စာအုပ်တွေကို ဖတ်ရုံမကဘူး၊ လက်တွေ့စမ်းသပ်တဲ့ အလုပ်မှပိုပြီး ခရီး ရောက်တယ်ဆိုပြီး သူ့ဓာတ်ခွဲခန်းမှာ တကုပ်ကုပ်နဲ့ အချိန်ကုန်တာပဲ။ အဲဒီ သူ နောက်ဆုံးသွားတဲ့ အခေါက်မှာ ဂျာမနီတို့၊ ပြင်သစ်တို့၊ ရုရှားတို့လည်း ရောက်ခဲ့တယ်ပြောတယ်။ သူပြန်ရောက်တဲ့ အချိန်ကစပြီး သူဟာ အရင်ကထက် ပိုပြီး အလုပ်လုပ်တယ် ထင်ရတယ်။ ကျောင်းက အလုပ်သာ မဟုတ်ဘူး သူ့ဘာသာသူ တိုးတက်ကြံစည်မှုတွေ လုပ်ရမယ်၊ စွန့်စွန့်စားစား အလုပ်မျိုးတွေလုပ်ရမယ်၊ ဒါမှလည်း လူမျိုးတစ်မျိုးဟာ ပညာရပ်တစ်ခုခုမှာ တိုးတက်ထွန်းကားမှု ရှိမယ်လို့ပြောတယ်။ စာဖတ်တာများလည်း အရင်ကလို ၁၁ နာရီ ၁၂ နာရီ မအိပ်ဘဲ တစ်ခါတလေ နာရီပြန် တစ်ချက် နှစ်ချက်အထိ ဖတ်တယ်။ ကျွန်မက ဒီလောက် ဖတ်ရင် ကျန်းမာရေး ထိခိုက်မယ့် အကြောင်းပြောတော့ ငါဟာ ဒီလောက် အသက်မကြီးသေးပါဘူးကွာ၊ ပြီးတော့ ငါ့ရုပ်ရည်အနေအထားနဲ့

http://www.cherrythitsar.org



ပင်ကို အင်အားလည်း ငါကောင်းတဲ့ လူတစ်ယောက်ပဲ ကိစ္စ မရှိပါဘူးလို့ ပြောတယ်။ ဒီတော့ ကျွန်မလည်း ဘာမှမပြောနိုင်တော့ဘူး။

စာတ်ခွဲခန်းမှာ ထားဖို့ဆိုပြီး သူနောက်ဆုံး သံလှောင်ချိုင့်ကြီး တစ်ခု လုပ်တယ်။ လှောင်ချိုင့်ကြီးဟာ ငါးပေကျော်ကျော်လောက် မြင့်ပြီး သုံးပေခွဲ လောက် ကျယ်တယ်။ လူတစ်ယောက် ကောင်းကောင်းဝင်နိုင်တယ်။ ဆားက စိုက်ထားတဲ့ သံချောင်းတွေကလည်း သံမဏိချောင်းတွေ တစ်ခုနဲ့တစ်ခု စေ့နေ တာပဲ။ သံချောင်းတွေကိုတောင် အရောင်တင်ထားလိုက်သေးတယ်။ ဝင်ဖို့ တံခါးကလည်း လုပ်ထားလိုက်တာ သိပ်သေချာတာပဲ၊ ဒီလှောင်ချိုင့်ကြီးကို ကန်ထရိုက်က လုပ်ယူလာပြီး သူ့ဓာတ်ခွဲခန်းထဲမှာ တပ်ဆင်ပေးရတယ်။ ဒီ လှောင်ချိုင့်ကြီး တပ်တာတင်ပဲ နေ့ဝက် လောက်ကြာတယ် . . .။

အဲဒီလှောင်ချိုင့်ကြီး တပ်ပြီးတဲ့နောက် လျှပ်စစ်ဓာတ်ကြိုးတွေ၊ မီးလုံး တွေ၊ ဖန်ပြွန်ချောင်းတွေ၊ ရေနွေးပြွန်တွေ တပ်ဆင်နေတာ သုံးရက်လောက် ကြာတယ်။ ဒီကတည်းကစပြီး ကိုဘဒန်ဟာ တစ်နေ့လုံးလိုလို ဓာတ်ခွဲခန်းမှာ ချည်း အချိန်ကုန်နေတော့တာပဲ။ တစ်ခါတလေ ထမင်းကိုတောင် သူ့အခန်းကို လိုက်ပြီးပို့ရတယ်။ လက်ဖက်ရည်ကိုလည်း ဟိုမှာပဲ ယူသောက်တယ်။ သူက လုပ်စရာရှိရင် သူများထက် ထူးထူးကဲကဲ လုပ်တတ်ပြီး စိတ်ဝင်စားတဲ့ နေရာမှာ လည်း ဘာတစ်ခုမှ သတိမရတော့ဘဲ ဒီဟာ တစ်ခုတည်း စိတ်ဝင်စားနေတော့ တာပဲ။ အနောက်နိုင်ငံမှာ တချို့ လောကဓာတ်ဆရာကြီးတွေ ရူးသွားတယ် ဆိုတာ ဒီဟာမျိုးပဲ ထင်ပါရဲ့လို့ ကျွန်မ အောက်မေ့မိတယ် . . .။

နောက်တစ်ပတ်လောက် အကြာမှာ ဦးဘဒန်ဟာ ဓာတ်ခွဲခန်းထဲမှာ တစ်နေ့ကို အနည်းဆုံး ၁၂ နာရီက ၁၆ နာရီအထိ မထွက်ဘဲနေတယ် . . .။

အဲဒီနေ့က နာရီပေါင်း ၂၀ လောက်ကြာနေတယ်။ ဒါကြောင့် ဒီတစ် ခါတော့ ကျွန်မစိုးရိမ်လာမိတယ်။ အရင်က ဒီလောက်ကြာအောင် တစ်ခါမှ မနေဖူးဘဲကို၊ သူအလုပ်လုပ်နေတုန်း နှောင့်ယှက်တာ ဘယ်နည်းနဲ့မှ မကြိုက် ဘူးဆိုတာ ကျွန်မသိပါတယ်။ နို့ပေမဲ့ ဒီလောက် အချိန်ကြာလို့မှ ထွက်မလာ တော့ စိုးရိမ်တကြီး ဖြစ်လာမိတယ်။ ဒီတော့ ကျွန်မလည်း အရဲစွန့်ပြီး ပထမ တံခါးကို ခေါက်လိုက်တယ်။ အထဲက ဘာသံမှ မကြားရဘူး။ ဒါနဲ့ တံခါးရွက် နားကပ်ပြီး နားထောင်ကြည့် တယ်။ ခဏကြာတော့ ရှပ်ရှပ်သံတစ်ခုကြားရပြီး ဖန်ခွက်ချင်းရိုက်မိသံလို ကြားရတယ်။ ရှပ်ရှပ်သံကြားတယ်ဆိုတာဟာ တစ်စုံ တစ်ယောက်ဟာ အထဲမှာ စမ်းတဝါးဝါး သွားလာလှုပ်ရှားနေတဲ့ အသံမျိုးပဲ၊ ဒါနဲ့ ကျွန်မက "ကိုဘဒန်၊ အို . . ကိုဘဒန် ရှင်အထဲမှာ ရှိရဲ့လား" လို့ မေး လိုက်တယ်။

http://www.cherrythitsar.org



အဲဒီလိုမေးလိုက်တော့ တရှပ်ရှပ်ကြားရတဲ့ အသံဟာ တံခါးဆီကို တဖြည်းဖြည်း ရွေ့လျားလာသလို ကြားရပြီး အတွင်းက တံခါးသော့ကို ဖွင့်လိုက်တဲ့ အသံကြားရတယ်။ ဒီနောက် အသံဟာ တဖြည်းဖြည်း နောက်ပြန်ဆုတ်သွားတော့ ကျွန်မလည်း သာပြီး စိုးရိမ်မိတယ်။ ဒီနောက် တံခါးလက်ကိုင်ဘုကို လှည့်ပြီး အခန်းထဲ ကျွန်မ ဝင်သွားတယ်။

ကိုဘဒန်ဟာ ကျွန်မဝင်သွားတဲ့ တံခါးပေါက်ဘက် ကျောပေးပြီး ကုလားထိုင်တစ်လုံးပေါ် ထိုင်နေတာတွေ့ရတယ်။ သူ့ရှေ့မှာလည်း စားပွဲတစ်လုံးရှိတယ်။ သူ့လက်နှစ်ဖက်ဟာ နားရွက်နှစ်ဖက်ကို အုပ်နားထင်ကို ညှပ်ပြီး ကိုင်ထားတယ်။ ဒီတော့ ကျွန်မက "ကိုဘဒန် ဘာဖြစ်လို့လဲ။ ဒီလောက်ပဲ ကြာအောင် အခန်းထဲမှာ ဘာဖြစ်လို့ အောင်းနေရတာလဲ . . ဟင်" လို့ မေးလိုက်တယ်။ နို့ပေမဲ့ သူဟာ ကျွန်မမေးတာ ဘာမှ ပြန်မပြောဘူး။ နားမကြားသလိုဘဲ၊ ဒီတော့ ကျွန်မက ထပ်ပြီး "ကိုဘဒန် ဘာဖြစ်လို့လဲ"လို့ ထပ်မေးလိုက်တယ်။

ဒီအခါ သူဟာ ကျွန်မဘက်ကို လှည့်မကြည့်ဘဲ စားပွဲပေါ်က စာရွက်ကလေးတစ်ရွက် ကျွန်မဘက်ကို ထိုးပေးလိုက်တယ်။ စာရွက်ကလေးပေါ် ရေးထားတဲ့ စာဖတ်ကြည့်လိုက်တော့ ကျွန်မဟာ အင်မတန် ကြောက်သွားမိတယ်။ သူ့စာမှာ ပါတာက –

**"ငါဖို့ ငှက်ပျောသီး နှစ်လုံးနဲ့ ရေတစ်ခွက် မြန်မြန်ယူခဲ့ အခန်းထဲကို ဘယ်သူမှ မဝင်စေနဲ့၊ ဘယ်သူဆို ဘယ်သူမှ မဝင်စေရဘူးနော်"**

ကိုဘဒန် ထိုင်နေပုံဟာ အရင်ကလို မတ်မတ် မဟုတ်ဘူး။ ပခုံးနှစ်ဖက်ကြားထဲ နိမ့်ဝင်နေသလို အောက်မေ့ရတယ်။ သူဟာ ကျွန်မ ပြောမယ့်အရေးကို ကြိုတင်ပြီး သိသလိုပဲ၊ ချက်ချင်း အမူအရာကို တစ်မျိုးပြောင်းလိုက်တာ ကျွန်မကလည်း သိတယ်။ သူ့ကိုမေးလို့လည်း ရမှာ မဟုတ်ဘူး။ သူပြောတဲ့အတိုင်း ဘာမဆို ကျွန်မက ယုံကြည်တယ်။ သူ ပြောတဲ့ စကားလည်း ဘယ်တုန်းကမှ မပယ်ခဲ့ဘူး။ ဒီတော့ သူအမိန့်ပေးတဲ့အတိုင်း ကျွန်မလုပ်ရုံပဲ ရှိတော့တယ်။ ကျွန်မဟာ သူခိုင်းစေသမျှ လုပ်ရမယ့် လူပဲ။ လုပ်ဖို့တာဝန်လည်း ရှိတယ်။ ကျွန်မတို့ နှစ်ပေါင်း ၂၀ ကျော်တောင် ပေါင်းသင်းလာပြီဟာပဲ တစ်ယောက်အကြောင်း တစ်ယောက် နားလည်တယ်၊ တစ်ယောက်စိတ်ကြိုက် တစ်ယောက်သိတယ်၊ တစ်ယောက် ဝမ်းထဲမှာ ရှိတာတောင် တစ်ယောက်ကသိသလိုပဲ။

http://www.cherrythitsar.org



ဒါနဲ့ ကျွန်မလည်း သူ့ကို ဘာမှပြန်မမေးဘဲ သူခိုင်းတဲ့အတိုင်း ငှက်ပျောသီးနဲ့ ရေယူရအောင် အိမ်ပြန်သွားတယ်။ ပြန်ရောက်တော့ စက္ကူရွက်ကလေးတစ်ခုပေါ်မှာ စာရေးထားတာ တွေ့ရပြန်တယ်။ အဲဒီစာကတော့ –

‘ငါစမ်းသပ် လုပ်ကိုင်နေတဲ့ လှောင်ချိုင့်ကြီး တပ်ထားတဲ့ ရုပ်ပြောင်းစက်ဟာ တစ်နေ့ရာက မတော်တဆ ချွတ်ယွင်းသွားတယ်။ ဒါကြောင့် ငါ့မှာ မျက်စိလည်း မမြင်ရတော့ဘူး။ စကားလည်း မပြောနိုင်တော့ဘူး။ ငါစားဖို့ သောက်ဖို့တော့ ငါ့ဆီ ယူခဲ့မှပဲ၊ ငှက်ပျောသီးနဲ့ ရေကလွဲရင် ဘာမှမယူခဲ့နဲ့၊ ခင်မကြီး ငါ့ကိုကူညီပါကွယ်။ ဘဝခြား သလို ငါဖြစ်နေပြီ . . မင်းတစ်ယောက်ပဲ ငါအားကိုးစရာရှိတယ်။ ငါက မင့်ကို ယုံကြည်သလို မင်းကလည်း ငါ့ကို ယုံကြည်ပါ။ ငါရဲ့ ညွှန်ကြားချက်တွေကို တစ်သဝေမတိမ်း လိုက်နာပါ။ အိမ်မှာ ကြွက်ထောင်ချောက် တွေရှိတယ်။ တစ်အိမ်လုံး နေရာအနှံ့အပြား ချထားပါ။ အိမ်အပြင်ကို ကြွက်တွေ ထွက်မပြေးနိုင်အောင် အပေါက်တွေ မှန်သမျှ ပိတ်ဆို့ထားပါ။ ဒီကြွက်ထောင် ချောက်တွေကိုလည်း တစ်နာရီတစ်ခါ မင့်ကိုယ်တိုင် စစ်ဆေးပါ။ ခေါင်းပိုင်းမှာ ဖြူနေတဲ့ ကြွက်ခေါင်းဖြူ တစ်ကောင်တွေ့ရင် မလွှတ်စေနဲ့ ငါ့ဆီကို အမြန်ဆုံးယူခဲ့ပါ”

ကျွန်မလည်း စာကိုဖတ်ပြီး အံ့အားသင့်နေမိတယ်။ ဝမ်းနည်းသလိုဖြစ်ပြီး ခဏကြက်သေသေတောင် သွားမိတယ်။ ဒီစာဟာ ကျွန်မ လက်ထဲရောက်မရောက် သူစမ်းကြည့်တယ်။ ပါးစပ်က စကားမပြောနိုင်လို့သာ အင်မတန်ပြောချင်တဲ့ လက္ခဏာပဲ၊ ဘယ်လိုများဖြစ်သွားရရှာသလဲ မပြောတတ်ပါဘူးရှင်။ ကျွန်မစိတ်ထဲ ယူကျုံးမရဖြစ်သွားမိတယ်။ ဝမ်းထဲက ဆို့လာမိတယ်။ ဒီတော့မှ သူ့မျက်နှာကို ကျွန်မ သေသေချာချာ ကြည့်မိတယ်။ သူ့မျက်နှာမှာ အဝတ်အိတ်ကလေးနဲ့ စွပ်ထားတာ ထူးထူးဆန်းဆန်း တွေ့ရတယ်။ အဝတ်အိတ်ကလေးက အိတ်ရှုံ့ကလေး ကြိုးက သူ့လည်ပင်းကို ခပ်တင်းတင်းကလေး ပတ်ချည်ထားတယ်။

ကျွန်မ ဘာမှမတတ်နိုင်ဘူး၊ ဘယ်လိုမှလည်း မလုပ်နိုင်ဘူး။ သူ့စကားနားထောင်ရုံပဲ၊ သူပြောတဲ့အတိုင်း လုပ်ရုံပဲ။ သူ့စာမှာပါတဲ့ ထူးထူးဆန်းဆန်း ကြွက်ခေါင်းဖြူကို ဖမ်းဖို့တော့ မလွယ်ဘူး။ အိမ်မှာ အလှမွေးထားတဲ့ ‘စုတ်ဖွား’ဆိုတဲ့ ကြောင်ကြီးက သူ့မျက်စိအောက် ရောက်လာရင် ဘယ်ကြွက်မှ ချမ်းသာမပေးဘူး။ နို့ပေမဲ့ ကျွန်မလည်း ချက်ချင်းပဲ အိမ်ပြန်ပြီး ကြွက်ထောင်ချောက်တွေပြင်ပြီး တစ်အိမ်လုံး အနှံ့အပြားပဲ နေရာတကျ ချထားလိုက်တယ်။ အိမ်အပြင် နံရံမှာရှိတဲ့ အပေါက်တွေလည်း ကြွက်လွတ်မသွားအောင်

http://www.cherrythitsar.org



အစေခံတွေကို အပိတ်ခိုင်းတယ်။ အဲဒီလို သူ့အမိန့်တွေကို တစ်သဝေမတိမ်း လိုက်ခဲ့ပါတယ်။

အစေခံတွေကိုလည်း ဘယ်သူမှ သူ့ဓာတ်ခွဲခန်းဆီ မသွားစေရ ဘူး။ အစားအစာကိုလည်း ကျွန်မကိုယ်တိုင် သွားပို့တယ်။ နံ့သာပု ငှက်ပျောသီး၊ ရေချိုင့်ကိုပဲ ပို့တယ်။ တစ်နာရီတစ်ခါ သူပြောတဲ့အတိုင်း လှောင်ချိုင့်တွေကို ကြွက်မိ,မမိ လျှောက်ပြီးကြည့်တယ်။ တချို့လှောင်ချိုင့်မှာ ကြွက်ကလေး တစ်ကောင် နှစ်ကောင်မိပါရဲ့။ နို့ပေမဲ့ အိမ်ကြွက် ကြွက်ဝမ်းဖြူကလေးတွေပါ နှုတ်သီးမည်းကလေးတွေနဲ့၊ အဲဒီလို ကြွက်မိတိုင်း သူ့ဆီ သွားပြီး သူအလိုရှိတဲ့ ကြွက်ခေါင်းဖြူ မမိသေးတဲ့ကြောင်း ကျွန်မက ပြောရတယ်။

ဒီလိုနဲ့ သုံးရက်ကြာသွားတယ်။ ငှက်ပျောသီးနဲ့ ရေကိုတော့ ကျွန်မ မှန်မှန်ပို့ရတယ်။ ဒါနဲ့ တတိယ မြောက်တဲ့နေ့ရောက်တော့ အိမ်က မီးဖိုခန်းထဲမှာ ထမင်းချက်တဲ့ မိန်းမကြီးကို စီမံခန့်ခွဲနေတုန်း ကြောင်အိမ်နောက်မှာထားတဲ့ ထောင်ချောက်မှာကြွက်တစ်ကောင်မိပြီး တံခါးကျသံကြားရတော့ ကျွန်မလည်း သွားကြည့်မိတယ်။ ကြွက်ကလေး တစ်ကောင်မိနေတာ၊ ထူးထူးခြားခြား ခေါင်းပိုင်းက ဖြူနေတာ တွေ့ရတယ်။ ထောင်ချောက်ကိုမြှောက်၊ မှောင်ထဲကြည့်တဲ့အခါ မျက်လုံးကလေး ပြူးကြောင်ကြောင်နဲ့ ကျွန်မကိုတောင် ကြည့်နေသေးတယ်။ အသက်ဘေးကို ကြောက်ရှာလွန်းလို့ အငြိမ်မနေဘူး။ အတင်းပြေးလွှားတိုးဝှေ့နေတာပဲ။

ဒါနဲ့ကျွန်မလည်း သေသေချာချာ မြင်ရအောင် လှောင်ချိုင့်ကို ဓာတ်မီးရောင် အောက်ယူလာပြီး ကြည့်တဲ့အခါကျမှ ကျွန်မမှာ မျက်လုံးမျက်ဆံပြူးပြီး အသည်းနှလုံးဟာ ရင်ဝတက်ဆောင့်လိုက်သလို ဖြစ်သွားပါတယ်။ ဘာပြုလို့လဲဆိုတော့ ကြွက်ကလေးဟာ သာမန်ကြွက်ကလေး တစ်ကောင်ဖြစ်ပြီး ကိုယ်ပေါ်မှာ ညိုမှောင်တဲ့ အမွေးအမှင်တွေ ဖုံးနေပေမယ့် ခေါင်းပိုင်းက လူရဲ့ခေါင်းဖြစ်နေတယ်။ မျက်နှာရော၊ နှာခေါင်းနေပုံ၊ ပါးစပ်၊ နားရွက်ကစပြီး ကျွန်မယောကျ်ားကိုဘဒန်ရဲ့ မျက်နှာပဲ၊ သူ့မျက်နှာကို သေးအောင်လုပ်ပြီး ကြွက်ရဲ့ခေါင်းမှာ တပ်ထားသလိုပါပဲ။ သူ့ခေါင်းက ဖြူနေတဲ့ ဆံပင်တောင် ကြွက်ကလေးရဲ့ခေါင်းမှာ ချွတ်စွပ်ထားသလိုပါပဲ။ ဒီတော့မှ အဖြစ်အပျက်ကို နည်းနည်း ကျွန်မ ရိပ်စားမိလာတယ်။ ဒီလောက်တောင် ထူးထူးဆန်းဆန်း ဖြစ်ရတာ ကျွန်မဖြင့် ကြက်သီးမွေးညင်းထမိတယ်။ ကြွက်ကလေးရဲ့ ခေါင်းဖြူနေတာက လက်စသတ်တော့ ကိုဘဒန်ရဲ့ ခေါင်းက ဆံပင်ဖြူတွေကိုရှင့်။ ကျားသားမိုးကြိုးတွေးလို့တောင် မကြည့်ဝံ့ပါဘူး။ ဒါနဲ့ လှောင်အိမ်ကို အပြေးအလွှား သူ့ဆီကို ကျွန်မ ချက်ချင်း ယူသွားတယ်။

http://www.cherrythitsar.org



ကိုဘဒန်က သူ့ခတ်ခန်းထဲက ကုလားထိုင်မှာ အရင်ကနည်းအတိုင်း မြင့်တက်နေတဲ့ ပခုံးနှစ်ဖက်ကြားမှာ ခေါင်းကလေးငုံ့ပြီး ထိုင်နေတာ တွေ့ရတယ်။ ကျွန်မလည်း ဝမ်းသာအားရ၊ "ကိုဘဒန် ရှင်လိုချင်တဲ့ ကြွက်ခေါင်းဖြူကလေး မိလာပြီ"လို့ ပြောလိုက်တယ်။

ဒီလို ပြောလိုက်တော့ သူဟာ ဝမ်းသားအားရနဲ့ နေရာက ထခုန်လိုက်ပြီး လှောင်အိမ်ကလေး လက်နဲ့စမ်းပြီး သူ့ရှေ့စားပွဲပေါ် သေသေချာချာ တင်ထားလိုက်တယ်။ ဒီနောက် စာရွက်ကလေးယူပြီး ကျွန်မကို စာရေးပြီး ပြပြန်တယ်။

**"ငါဟာ ရုပခတ်ပြောင်း လှောင်ချိုင့်ကြီးထဲကို အခုဝင်တော့မယ်။ လှောင်ချိုင့်ထဲရောက်တာနဲ့ တစ်ပြိုင်နက် ကြွက်လှောင်အိမ်ကို အဲဒီလှောင်ချိုင့်ကြီးထဲ ထိုးသွင်းလိုက်၊ ပြီးတော့ ကြွက်ကလေးကို လွှတ်လိုက်၊ လွှတ်ပြီးတာနဲ့ တစ်ပြိုင်နက် ကြွက်လှောင်အိမ်ကို အပြင် ဆွဲထုတ်လိုက်၊ အဲဒါအရေးအကြီးဆုံးပဲ၊ ခတ်ပြောင်း လှောင်ချိုင့်ထဲမှာ ငါနဲ့ကြွက်ပဲ ရှိရမယ်။ တခြားဘာဝတ္ထုပစ္စည်းမှ မရှိရဘူး။ အဲဒါ သတိထား၊ ကြွက်လှောင်အိမ်ကို ချက်ချင်း ပြန်ဆွဲထုတ်ဖို့ မမေ့နဲ့"**

ကိုဘဒန်ဟာ သူရေးတဲ့စာကို ကျွန်မဖတ်ရဲ့လား၊ နားထောင်ရဲ့လား ဆိုတာ စောင့်နေတဲ့လက္ခဏာပဲ။ ကျွန်မက နားလည်ကြောင်း ပြောလိုက်တယ်။

ဒီလိုလည်းပြောလိုက်ရော ကိုဘဒန်ဟာ လက်နဲ့စမ်းပြီး ခတ်ပြောင်း လှောင်ချိုင့်ကြီး ရှိတဲ့နေရာကို တဖြည်းဖြည်းသွားတယ်။ ကျွန်မလည်း ကြွက်လှောင်အိမ်ကလေးကို ကိုင်ပြီး သူ့လက်ကို တစ်ဖက်က ဆွဲလိုက်သွားတယ်။

ကျွန်မလက်တွေဟာ တဆတ်ဆတ်တုန်ပြီး ရင်လည်း တဒိတ်ဒိတ် ခုန်နေတာပဲ။ သူ့ခေါင်းကို အဝတ်အိတ်နဲ့ စွပ်ထားတော့ အဝတ်အိတ်အောက်မှာ ဘယ်လို ပုံသဏ္ဍာန်ရှိတဲ့ခေါင်း ရှိလိမ့်မယ်ဆိုတာ ကျွန်မ တွေးမိတယ်။ အရင်ပထမကလည်း ရုပ်ပြောင်းအလဲလုပ်တဲ့နေရာမှာ မတော်ဆ ချွတ်ယွင်းချက်ရှိလို့ အခုလို ဖြစ်သွားရတယ်။ အခုတစ်ခါ မှားရင်တော့ ကိုဘဒန်ဟာ လူ့ကိုယ်နဲ့ကြွက်ခေါင်းရှိတဲ့ သတ္တဝါကြီး တစ်မျိုးများ ဖြစ်သွားမလား၊ အို – ကျွန်မ စဉ်းစားတောင် မကြည့်ဝံ့ဘူး။

သူပြောတဲ့စကား ထောက်တော့ ရုပခတ်ပြောင်းလဲပေးတဲ့ ခတ်လှောင်ချိုင့်ကြီးထဲ ဝင်တဲ့အခါ တခြားဘာဝတ္ထုပစ္စည်းမှ ကြားထဲမှာ မရှိရဘူး ဆိုတာ ကျွန်မ နားလည်ထားတယ်။ ဒါကြောင့် ကျွန်မက "ကိုဘဒန် ရှင့်ခေါင်းမှာ စွပ်ထားတဲ့ အဝတ်အိတ်ကို ဖြုတ်လိုက်ဦးလေ၊ မတော်လို့ ဒီအဝတ်အိတ်က အနှောင့်အယှက် ပေးနေဦးမယ်" လို့ ပြော လိုက်မိတယ်။

ဒီလိုပြောလိုက်တာ သူကြားသလား မကြားဘူးလားတော့ မသိ

http://www.cherrythitsar.org



ဘူး။ နို့ပေမဲ့ ခတ်လှောင်ချိုင့်ကြီးထဲလည်း ဝင်မိရော သူ့ခေါင်းမှာ စွတ်ထားတဲ့ အဝတ်အိတ်ရှုံ့က ကြိုးကို သူတဖြည်းဖြည်း လျှော့ပြီး ဖြုတ်ချလိုက်တယ်။ ဒီအခါ ကျွန်မလည်း ခတ်လှောင်ချိုင့်ကြီးထဲကို ကြွက်လှောင်အိမ်ကလေး ထိုးသွင်းလိုက်တယ်။ သွင်းပြီး ကြွက်လှောင်အိမ်က တံခါးကို တဖြည်းဖြည်း မပြီးဖွင့်လိုက်တဲ့အခါ ကြွက်ခေါင်းဖြူကလေးဟာ လှောင်ချိုင့်ကြီး နောက် ပိုင်းကို ခုန်ပေါက်ပြေးဝင်သွားတာ တွေ့လိုက် ရတယ်။

ဒီအခါမှ ကျွန်မလည်း ကိုဘဒန်မျက်နှာကို သေသေချာချာ ကြည့်မိ တာကို၊ နှာခေါင်းဟာ ရှည်ရှည်မည်းမည်း ကြွက်နှာခေါင်းကြီး မျက်လုံးနှစ်လုံး ကလည်း ဘာမှမမြင်ရဘဲ ပြူးကြောင်ကြောင် ကြွက်မျက်လုံး၊ လက်စသတ် တော့ ကိုယ်က ကိုဘဒန်ရဲ့ကိုယ်၊ ခေါင်းက သူ့ခေါင်းနေရာမှာ ပကတိ ကြွက် ခေါင်းကြီးပါပဲ၊ ကျွန်မ တစ်မိနစ်လောက် သတိလစ်သွားသလို ထင်ရတယ်။ မမြင်ဖူး မကြားဖူးတာကို ကိုယ်တိုင်ဒိဋ္ဌတွေ့နေရတော့ လစ်ခနဲဖြစ်သွားမိတယ်။

ဗြုန်းဆို ပြန်လည်းသတိရရော ကျွန်မ ထဘီနားက ဖြတ်ပြီး ကြောင် လိုလို သဏ္ဌာန်တစ်ခုဟာ ခတ်လှောင်ချိုင့်ကြီးထဲကို လျှော့ခနဲ ဝင်သွားတာ မြင်လိုက်ရတယ်။ အိမ်က 'စုတ်ဖွားကြီး'နဲ့ တူပါရဲ့။

ဒီနောက် သူဟာ ခတ်လှောင်ချိုင့်ကြီးကို အတွင်းက ပိတ်လိုက် တယ်။ အထဲက မီးလုံးတွေဟာလည်း ဖွင့်ချည်မှိတ်ချည် လင်းချည် မှောင်ချည် ဖြစ်လာပြီး လျှပ်စစ်ပြွန်တွေဆက်ထားတဲ့ စက်ဆီက တရှဲရှဲ အသံတွေ ကြားရ တယ်။ အထဲမှ အပြောင်းအလဲ တစ်ခုခုရှိနေပြီဆိုတာ ကျွန်မ တွေးမိတယ်။

ဒီနောက် အတန်ကလေးကြာတော့ စက်သံရပ်သွားပြီး အတွင်းက တံခါးဖွင့်သံကြားရတော့ ကျွန်မလည်း ကိုဘဒန်ကို ကူပြီး တံခါးဖွင့်ပေးတယ်။ အထဲမှာတော့ မှောင်နေတာပဲ။ အကယ်၍ သူ့ရဲ့စမ်းသပ်မှုဟာ အခုတစ်ခါ လည်း မအောင်မြင်ဘူးဆိုရင် သူဟာ သူ့ရုပ်ကြီးကို ဘယ်နည်းနဲ့မှ ကျွန်မ မြင်စေချင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ သိတယ်။ ကျွန်မတို့အချင်းချင်း နား လည်မှုဟာ အင်မတန်ကြီးတာပဲ။ တစ်ယောက်စိတ်ကို တစ်ယောက်က မပြော ဘဲနဲ့ သိနေသလိုပဲ။ ဒီတော့ ကျွန်မလည်း သူ့ခေါင်းစွပ်ကြီးကို အပြင်က လှမ်း ပေးလိုက်တယ်။ သူလည်း ချက်ချင်းပဲ ခေါင်းကို စွပ်ချလိုက်တယ်။

ဒီလို စွပ်ချလိုက်တုန်း မွဲပြာပြာ အကောင်လေးတစ်ကောင်ဟာ ခတ် လှောင်ချိုင့်ကြီးထဲက အတင်းလျှောထွက်ပြီး အပြင်ခန်းထဲ ပြေးသွားတယ်။ အဲဒီအချိန်မှာ စုတ်ဖွားကြီးလည်း ကြွက်ကလေးနောက်က မရှေးမနှောင်း လိုက် လာပြီး ကြွက်ကလေးနောက်ကို တရကြမ်း လိုက်တော့တာပါပဲ။ လက်စသတ်

တော့ ကြွက်ထောင်ချောက်ကလေး အဖုံးကို ဖွင့်လွှတ်တုန်းက စုတ်ဖွားကြီးဟာ အနံ့ရပြီး ခတ်လှောင်ချိုင့်ကြီးထဲ တိုးဝင်သွားတာနဲ့ တူပါတယ်။ ကြွက်ကလေးက အပြင်ထွက်ပြေးလာတော့ သူလည်း အပြင်ထွက်ပြီး လွတ်ပေါက်ရှာနေတဲ့ ကြွက်ကလေးကို တရကြမ်း လိုက်တော့တာပါပဲ၊ စုတ်ဖွားကြီးကို ကြည့်လိုက်တော့ ကျွန်မ သိပ်ပြီး အံ့အားသင့်သွားမိပြန်တယ်။ သူ့ခေါင်းဟာ ကြောင်ခေါင်း မဟုတ်တော့ဘဲ၊ ကြွက်တစ်ကောင်ရဲ့ ခေါင်းကြီးဖြစ်နေပါတယ်။

ဒီအခါ ကျွန်မလည်း အတိုင်းမသိ ဝမ်းသာသွားတယ်။

ဒီအချိန်မှာ ခေါင်းစွပ်အောက်က ကိုဘဒန် အသံထွက်လာတယ်။

"ခင်မကြီး မီးဖိုခန်းထဲ မြန်မြန်သွားပြီး မီးသွေးထုတဲ့တူကြီး သွားယူစမ်းချေ"

ဒီတော့ ကျွန်မကလည်း ဝမ်းသာရအားဖြစ်ပြီး တစ်ပိဿာလောက် အလေးချိန်ရှိတဲ့ တူကြီးကို အပြေးအလွှား သွား မ ယူပြီး လာခဲ့တယ်။

ပြန်ရောက်တော့ စုတ်ဖွားကြီးဟာ ကြမ်းပြင်ပေါ်မှာ သွေးအိုင်တစ်ခု ထဲကျပြီး သေနေတာ တွေ့ရပါတယ်။

ကိုဘဒန်လည်း ဘာမှမပြောဘူး။ ကျွန်မလက်ထဲက တူကြီး ယူပြီး သေနေတဲ့ကြောင်ခေါင်း တစ်ချက်တည်း ထုချလိုက်တာ ပုံသဏ္ဍာန်တောင် မပေါ်လောက်အောင် ကြေမွသွားတော့တာပါပဲ။

အဲဒီလို တူနဲ့လည်း ထုပြီးရော သူ ကျွန်မဘက်ကို လှည့်ပြီ း–

"ခင်မကြီး . . ငါ့ကိုလည်း မင်းဒီအတိုင်း အခုလုပ်ရမယ် နားလည်လား" လို့ မေးလိုက်တယ်။

ကျွန်မဟာ သူပြောတဲ့စကားကို ကောင်းကောင်းကြားပြီး နားလည်ရက်သားနဲ့ နားမလည်သလိုဖြစ်သွားတယ်။ မျက်စိတွေပြာပြီး နားလည်း ကန်းသွားသလို ဖြစ်သွားတယ်။ ကိုဘဒန်ရဲ့ကိုယ်ပေါ်မှာ ရောက်နေတဲ့ ကြွက်ခေါင်းကြီးဟာ စုတ်ဖွားဆီရောက်သွားတာ မြင်လိုက်ရတော့ သူ့ရဲ့စမ်းသပ်မှုဟာ အောင်မြင်ပြီလို့ ကျွန်မက တွက်လိုက်တာကို၊ ပြီးတော့ ခေါင်းစွပ်ကြီးအောက်က နေပြောတဲ့ သူ့အသံ ကြားလိုက်ရတော့ ကိုဘဒန်ဟာ သူ့ရဲ့နဂိုရုပ်ကို ပြန်ရပြီလို့ ကျွန်မ ယူဆလိုက်တာကို။

ကျွန်မက ဒီကြောင်းတွေ သူ့ကိုတိုးတိုးပြောပြတယ်။ ကျွန်မအသံကိုလည်း တတ်နိုင်သလောက် မတုန်အောင်ထိန်းပြီး လေအေးနဲ့ ပြောလိုက်တယ်။

ဒီတော့ ကိုဘဒန်ဟာ ခေါင်းစွပ် စွပ်ထားတဲ့ သူ့ခေါင်းကြီးခါပြီး "စမ်းသပ်မှုဟာ အောင်မြင်တာ မဟုတ်ဘူး ခင်မကြီး၊ ဒီတော့ အခု အဆုံးသတ်ရုံပဲရှိတယ်"

http://www.cherrythitsar.org



ဒီတော့ ကျွန်မလည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး ဒီစမ်း သပ်မှုကို ဆက်လုပ်ဖို့ ကြွက်ခေါင်းဖြူကို တစ်သက်လုံးပဲ လိုက်ရှာနေရသည် ဖြစ်စေ၊ လိုက်ရှာပေးပါ့မယ်လို့ အမျိုးမျိုးတောင်းပန်တယ်။ ကျွန်မဟာ သူ့အပေါ် ဘယ်လောက်ချစ်တယ်ဆိုတာ သူသိတာပေါ့၊ သူအသိဆုံးပဲ။ ကျွန်မဟာ ဒီကြွက်ခေါင်းဖြူကို ရှာမယ့်အရေး သူဘယ်လို တားဆီးပေမဲ့ မရဘူးဆိုတာ သူသိတယ်။ ဒီလို စဉ်းစားနေတဲ့အချိန်မှာ သူလည်း ခေါင်းက ခေါင်းစွပ်ကို ချွတ်လိုက်ပြီး ကျွန်မဘက်ကို တည့်တည့်ကြီး မျက်နှာမူလိုက်တယ်။

မေးစေ့ရယ်၊ ပါးစပ်ရယ်က ကိုဘဒန်ရဲ့ နဂိုအတိုင်းပဲ၊ နှာတံကောက်ကလေးတောင် ပုံသဏ္ဌာန်က ဒီအတိုင်းပါပဲ၊ နို့ပေမဲ့ နှာခေါင်းပေါက်နားရောက်တော့ မည်းမည်းကြီးဖြစ်ပြီး တကယ့်ကြွက်နှုတ်သီးကြီးလို ဖြစ်နေတယ်။ မျက်လုံးကလည်း ကြွက်မျက်လုံးလို ပြူးပြီး အပြင် ထွက်နေတယ်။ နားရွက်အပြင်ကထောင် ထွက်ပြီး ကြွက်မွေးတွေဖုံးလို့။

ကိုဘဒန်ဟာ စကားပြောနိုင်ပေမဲ့ ကြွက်တစ်ပိုင်း ဖြစ်နေတဲ့ ဒီမျက်နှာကြီးကို ကျွန်မ မကြည့်ရက်နိုင်တော့ဘူး။ ဒီအတိုင်းဆိုရင် ဘယ့်နှယ်လုပ်ပြီး လူစဉ်မီနိုင်တော့မလဲ . . .။

ကျွန်မလည်း ဒီအကြောင်းတွေ စဉ်းစားပြီး စိတ်ထဲမှာ ရူးမတတ်ဖြစ်နေတယ်။ အဲဒီလိုနေတုန်း ကိုဘဒန်ဟာ ကြောင်ကို သူထိုးသတ်တဲ့ ဓားမြှောင်ကို ယူပြီး သူ့လက်ဝဲဘက်ရင်အုံ သူ့နှလုံးသားရှိမယ့် နေရာလောက်ကို တစ်ခါတည်း စိုက်ချလိုက်တာပဲ။ ကျွန်မ လက်ပေါ်မှာပဲ အသက်ပျောက်သွားရှာတယ်။ သူနောက်ဆုံး ပြောသွားတဲ့ စကားက–

"ခင်မကြီး မင်းဘာလုပ်ရမယ်ဆိုတာ မင်းသိပါတယ်ကွယ်" တဲ့။

သူဘာလုပ်စေချင်တယ်ဆိုတာ ကျွန်မသိပါတယ်။

ကျွန်မ လက်တွေဟာ တုန်နေပြီ၊ ကျွန်မ စိတ်ဟာလည်း ကယောင်ချောက်ချားဖြစ်နေပြီ။ ရူးပြီ . . ရူးပြီ . . ကျွန်မ ရူးပြီ . . တူကြီးကို မ လိုက်ပြီး ကိုဘဒန်ရဲ့ ကြွက်တစ်ပိုင်း လူတစ်ပိုင်း ခေါင်းကြီးကို တအားလွှဲပြီး တစ်ချက်တည်း ထုလိုက်တော့တာပဲ။ မှုန့်မှုန့်ညက်ညက် ကြေမွသွားအောင် တအားလွှဲပြီး ထုလိုက်တယ်။

(ဤနေရာတွင် ဒေါ်ခင်မကြီး၏စာသည် အဆုံးသတ်သွား၍ နောက်ဆုံး တစ်ပိုဒ်ကိုပင် လက်ရေးများ မပီသသဖြင့် အတော်စပ်ဟပ် စဉ်းစား၍ ဖတ်ယူရ၏။ ။ စာရေးသူ)

*

http://www.cherrythitsar.org



ကိုဘသက်၏ ဆက်လက် ပြောပြချက်အရ သိရသည်မှာ ဦးဘဒန် နှင့် ဒေါ်ခင်မကြီးတို့မှာ သားသမီး အမွေစားအမွေခံ မရှိသဖြင့် ဤအိမ်ကြီးကို ကိုဘသက်က အမွေအဖြစ် ဆက်ခံရရှိခဲ့၏။

ဒေါ်ခင်မကြီး စိတ္တဇဆေးရုံ၌ ရှိနေသည့်အတွင်း အိမ်ကြီးကို လေးလ ခန့်မျှ ပိတ်၍ထားရလေရာ ဒေါ်ခင်မကြီး ဆုံးပြီးနောက် တစ်နေ့တွင် ကိုဘသက် သည် အိမ်ကြီး၌ နေရန် သွားရောက်ကြည့်ရှုလေသည်။

နာရီဝက်ခန့်မျှ အခန်းများနှင့်တကွ၊ အိမ်၏ အနေအထားကို ကြည့် ရှုပြီးနောက် ပြန်တော့မည်ဟု တံခါးကို ပိတ်လိုက်စဉ် တံခါးကြားရှိ အပေါက် ငယ်တစ်ခုမှ ကြွက်ကလေးတစ်ကောင် ထွက်လာပြီးလျှင် 'ကြွက်လျှောက်' ပေါ်သို့ တက်၍ ပြေးသွားပြီးနောက် ထုပ် နှင့်မျက်နှာကြက် စပ်ကြားတွင် လျှောက်၍သွားလေ၏။ ကြွက်လေးမှာ ညိုမည်းရောင်ရှိသော သာမန်ကြွက် ကလေး ဖြစ်သော်လည်း ဦးခေါင်းတစ်လုံး ဆွတ်ဆွတ်ဖြူလျက် ရှိနေသဖြင့် ကိုဘသက်သည် အိမ်တွင်မနေတော့ဘဲ တစ်ခါတည်း ရောင်းချပစ်ရန် သန္နိဋ္ဌာန် ချလိုက်လေသတည်း။

❖

http://www.cherrythitsar.org

# ထန်းသီးကြွေခိုက်

လျှို့ဝှက်သော ဝတ္ထုတို့ မည်သည် ဇာတ်လမ်းအတိုင်း ရေးသား၍ ပြီးဆုံးလောက်သောအချိန်တွင်မှ ရှုပ်ထွေးသော ဇာတ်လမ်း မည်ကဲ့သို့ ရှင်းလင်းသွားသည်ကို ရေးသားရိုး ထုံးစံရှိလေသည်။ သို့သော် ယခု ရေးသားအံ့သော ဝတ္ထုမှာ ဇာတ်ကောင်သေသွားသည်ကို ရှေးဦးစွာ စုံထောက်များ စစ်ဆေးနေသည့် အခန်းမှ အစပြုထား၍ စာဖတ်သူများ၏ အရသာပျက်၍ သွားကောင်းသွားပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် စာရေးဆရာသည် စာဖတ်သူအား ဝတ္ထုလျှို့ဝှက်နက်နဲမှုကို အသိမပေးဘဲ တတ်နိုင်သမျှ မြှုပ်၍ထားပြီးမှ ဘွားခနဲ ဖော်ပေးခြင်းဖြင့်သာ ဝတ္ထုကို ဆွဲဆောင်စမြဲ ဖြစ်လေသည်။

ယခု ဝတ္ထုသည်ကား အစဉ်အလာကို တစ်နည်းအားဖြင့် ဖျက်ကာ၊ ဇာတ်ကောင်သေပုံကို ပြပြီးနောက်မှ ထိုသူအသက်ရှိစဉ်က ဖြစ်ပျက်ခဲ့သည့် အရှုပ်အထွေးကို ဆက်စပ်ပြခြင်းဖြစ်ရကား၊ စာဖတ်သူများသည် ယခုနိဒါန်းကို ဖတ်ပြီးလျှင် ထိုနိဒါန်းကို မေ့၍ ပစ်လိုက်ပြီးနောက် အခန်း (၁) မှစ၍ ရှေ့ကို ဂရုတစိုက် ဖတ်စေလိုပါသည်။

ထိုမှ . . ဇာတ်သွားအဆုံးသို့ ရောက်သည့်အခါတွင်မှ ထို ဖတ်ပြီး၊ ခဏမျှမေ့ချန်ထားခဲ့သည့် နိဒါန်းက အရသာပိုအောင် ဖြည့်ပေးလိမ့်မည်ဟု ထင်ပါသည်။

http://www.cherrythitsar.org



## နိဒါန်း

တစ်နေ့သော နံနက်ခင်းတွင် စုံထောက် အင်စပိတ်တော် ဦးအုံးဘူး သည် ဘောင်ဒရီလမ်းနေ မြေပိုင်ရှင် သူဌေးကလေး ကိုမြင့်ဦး၏ အိမ်အတွင်း စာရေးခန်း၌ ဦးခေါင်းတွင် သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသော ကိုမြင့်ဦး၏ အလောင်းကို ကြည့်ရှုစစ်ဆေးလျက်ရှိလေသည်။

ဦးအုံးဘူးသည် အိမ်သားများအား အခန်းပြင်သို့ ခေတ္တထွက်နေစေ ပြီးနောက်၊ စားပွဲထိုး မောင်သာဂေါင်ကို ခေါ်ယူကာ မေးခွန်းထုတ်လျက်ရှိ၏။

"မင့်ဆရာက မသေခင်ကလည်း ခပ်ရှုပ်ရှုပ် ဆိုတော့၊ အခုသေတော့ သာရှုပ်တာပေါ့ကွယ်"

"သူ့ကိုယ်သူ သတ်သေတာပဲ မဟုတ်လား . . အင်စပိတ်တော်မင်း ရဲ့"

"မင်းဆရာမှာ သေနတ်ရှိတယ် မဟုတ်လား"

"ရှိတယ် ခင်ဗျ"

"အခု ဒီသေနတ် ဘယ်မလဲ"

"ဒါတော့ ရှာမတွေ့တော့ဘူး ခင်ဗျ။ အိမ်ပေါ်က သေနတ်သံကြား တာနဲ့ ချက်ချင်းလိုပဲ၊ ကျွန်တော်ရော၊ မမရော ဥယျာဉ်ထဲက ပြေးလာပြီး အိမ်ပေါ်ပြေးတက်ကြည့်ကြတာ . . အခုအနေအတိုင်း အခါတည်း တွေ့ရတာ ပါပဲ ခင်ဗျာ"

မောင်သာဂေါင်သည် ရိုးသားသော အမူအရာနှင့် ဦးအုံးဘူးအား ကြည့်ကာ စကားကို ခပ်ဖြည်းဖြည်း ပြောနေလေသည်။

"သေနတ်တော့ မတွေ့ဘူး ဟုတ်စ"

"မတွေ့ဘူးခင်ဗျ"

ကိုမြင့်ဦး၏အလောင်းမှာ သူ၏စာရေးစားပွဲပေါ်တွင် ခေါင်းငိုက်စိုက် ကျလျက် လက်ယာဘက် နားထင်တွင် သေနတ်ဒဏ်ရာကြီးသည် လက်ဝဲ ဘက် မေးရိုးအထက်နားဆီမှ ပေါက်ထွက်သွားပြီးလျှင် ကျည်ဆံသည် ၄ ပေခန့်ဝေးသည့် ဖ ပတ်လည်သစ်သားတိုင်၌ မြှုပ်ဝင်လျက် ရှိလေသည်။ စားပွဲ ပေါ်ရှိ မှန်ချပ်ပေါ်တွင် လက်ယာဘက်၌ သွေးကွက်ကြီးတစ်ကွက် ရှိနေသော် လည်း သူဖိ၍ထားသော စာရွက်၌ သွေးစက်ကလေးသုံးစက်သာရှိ၍ ရေးထား သော စာများမှာ တစ်စုံတစ်ရာ ပျက်စီးခြင်းမရှိဘဲ ကောင်းစွာ ဖတ်နိုင်လေ သည်။

စာမှာ ဇနီးဖြစ်သူ မခင်သန်းနွဲ့အား နှုတ်ဆက်ခဲ့သောစာ ဖြစ်၍ ကိုမြင့်ဦးသည် မိမိကိုယ်ကိုမိမိ သတ်သေခြင်းဖြစ်ရမည်ဟု တွေးထင်ရလေ

သည်။ အလောင်းကို စုံထောက်များ စစ်ဆေးနေသည့်အချိန်၌ မခင်သန်းနှဲ့မှာ ရဲအရာရှိများက အပြင်သို့ ခေတ္တထွက်နေရန် ပြောသဖြင့် အပြင်ဧည့်ခန်းတွင် ရှိုက်ကြီးတငင် ငိုယိုလျက်ရှိလေသည်။ အင်စပိတ်တော်ဦးအုံးဘူးအပြင် ထမင်းချက် အစေခံ မောင်သာဂေါင်တစ်ယောက်သာ အခန်းတွင်း၌ ရှိနေလေသည်။

အခန်းတွင်းရှိ လူအသီးသီးတို့မှာ အလုပ်ကိုယ်စီ အတွေးကိုယ်စီနှင့် ဖြစ်ကြလေရာ အခန်းတစ်ခုလုံးမှာ တိတ်ဆိတ်နေလေသည်။

အင်စပိတ်တော်ဦးအုံးဘူးသည် အလောင်းလက်ဖြင့် ဖိ၍ထားသော စာရွက်ကို ဖတ်သည်မှာ လေးငါးကြိမ်ထက် မနည်းတော့ပေ၊ စာမှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း ဇနီးသည်ကို နှုတ်ဆက်ခဲ့ခြင်း ဖြစ်သဖြင့်၊ မောင်သာဂေါင် တွေးထင်သည့်အတိုင်း သူဌေးကိုမြင့်ဦးသည် မိမိကိုယ်ကိုမိမိ ပစ်သတ်ခြင်း ဖြစ်လေသလောဟုပင် သံသယဖြစ်မိ၏။ သို့နှင့်မောင်သာဂေါင်က ထပ်၍

"ဟုတ်ပါတယ် ခင်ဗျာ၊ သူ့ကိုယ်သူ သတ်တာပါပဲ၊ ကျွန်တော့် ဆရာဘယ်လိုကြောင့် ဒီလိုများ လုပ်သွားရတယ်ဆိုတာ မသိဘူး"

"ဒါဖြင့် မင့်ဆရာ ကိုမြင့်ဦးဟာ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်သတ်ပြီးမှ သေနတ်ကို တစ်နေရာရာထပြီး ဝှက်ထားတာဖြစ်မှာပေါ့ ဒီလိုလား"

ဦးအုံးဘူးက စူးရှထက်မြက်သည့် မျက်လုံးများနှင့် မောင်သာဂေါင်ကို စူးစိုက်ကြည့်ရင်း ပြတ်သားသည့် လေသံနှင့် မောင်သာဂေါင် စဉ်းစားနိုင်စေမည့် အချက်ကို ဖော်ပြ၍ ပြောလိုက်လေသည်။

"ဟာ ဟုတ်သားပဲ၊ ဆရာပြော မှန်တာပ ခင်ဗျာ၊ သူ့ကိုယ်သူသတ်ရင်လည်း သူ့သေနတ်အနားမှာ ရှိရမယ်။ သေပြီးမှတော့ ထမသွားနိုင်ဘူး ဟုတ်တယ် ဆရာ . . ဟုတ်တယ်၊ ကျွန်တော် ခုမှ တွေးမိတယ်၊ နို့ပေမဲ့ မမကို နှုတ်ဆက်ခဲ့တဲ့ စာက ရှိသေးလေတော့"

ဦးအုံးဘူး၏ ပြောပြချက်အရ ကိုမြင့်ဦးမှာ သူ့ကိုယ်သူ သတ်သေခြင်း မဖြစ်နိုင်ဟူသည့် အတွေးပေါ်လာသည့်တိုင် အခြားလက်သည်ကို မတွေးတတ်သည့် မောင်သာဂေါင်မှာ ဇဝေဇဝါ ဖြစ်နေ၏။

"ပြီးတော့ အချက်တစ်ချက်က ဒဏ်ရာမှာ ယမ်းငွေ့ အစအန မရှိဘူး မောင်သာဂေါင်ရဲ့၊ ကိုယ့်ကိုယ်ကို သေနတ်နဲ့ ပစ်တဲ့လူဆိုတာ ပြောင်းဝနဲ့ ကိုယ်နဲ့ တေဖြုတ်တဲ့အခါ ဒဏ်ရာအဝမှာ ယမ်းငွေ့လောင်တဲ့ အမှတ်အသား ကျန်ရစ်ခဲ့တယ်။ အခုဘာမှ မတွေ့ဘူး။ ဒီတော့ ဒီအချက် နှစ်ချက်နဲ့ပဲ ကိုမြင့်ဦးဟာ သူ့ကိုယ်သူ သေနတ်နဲ့ ပစ်မသတ်ဘူးဆိုတဲ့ အကြောင်း ထင်ရှားနေပြီ"

"သူ့မိန်းမဆီရေးခဲ့တဲ့ စာကကော ခင်ဗျာ၊ ဒီဟာ ဆရာ့ လက်ရေး အစစ်ခင်ဗျ၊ အောက်က သူ့လက်မှတ်တောင် ထိုးထားလိုက်သေး တယ်"

http://www.cherrythitsar.org


ထို့ကြောင့်လည်း ဦးအုံးဘူးသည် စာကို အကြိမ်ကြိမ် အဖန်ဖန် ဖတ်၍ နေခြင်းဖြစ်လေသည်။

သူဌေးကိုမြင့်ဦးသည် ယမန်နေ့ညကပင် မိတ်ဆွေသင်္ဂဟများကို မိမိဉယျာဉ်ထဲ၌ အလွန်ခမ်းနားကြီးကျယ်သည့် ပါတီပေးလျက်ရှိရာ မိတ်ဆွေသင်္ဂဟ လူပေါင်း ၃၀၀ ကျော်ခန့်မျှ ဖိတ်ကြား၏။ လူတစ်ယောက်လျှင် ၁၅ ကျပ်ဖိုးခန့် ကျွေးမွေးပြုစု၏။ ဤမျှလောက် ပစ္စည်းဥစ္စာချမ်းသာသည့် သူတစ်ယောက်သည် မိမိကိုယ်ကိုမိမိ သတ်ရန် အကြောင်းမလုံလောက်ချေ။

မခင်သန်းနွဲ့မှာလည်း အလွန်ခေတ်ဆန်၍ ချောမောလှပသော မိန်းမတစ်ယောက်ဖြစ်ရာ ယောကျ်ားနှင့် တစ်စုံတစ်ရာ မသင့်မြတ်ဟူသော သတင်းလည်း မရှိချေ။

လင်မယားနှစ်ယောက် သင့်မြတ်စွာ ရှိနေကြောင်းဖြင့် မောင်သာဂေါင်က အစစ်ခံ၏။

ဤသည်တို့ကာ ကိုမြင့်ဦး အလောင်းတွေ့ရသည့် အဖြစ်အပျက်များပေတည်း။

*

## (၁)

မခင်သန်းနွဲ့သည် ပါတီမပေးမီ တစ်နေ့သော နံနက်ခင်းတွင် ပန်းနုရောင်ဖဲပွင့်ထိုးကတ္တီပါလုံချည်၊ ပန်းနုရောင် နိုင်လွန်လက်တိုကို ဝတ်ကာ လက်သည်းများကို အရောင်တင်၍ ဆေးဆိုးရင်း ဆိုဖာပေါ်တွင် ထိုင်လျက်ရှိ၏။ ခေါင်းတွင် ခပ်စောင်းစောင်း ထိုးစိုက်ထားသော သုံးလက်မခန့်ရှိ ကရမက်နှင်းဆီပွင့်ကြီးမှာ မည်းနက်သော ဆံပင်ကို နောက်ခံထားကာ ဝတ်ထားသော အဝတ်အစားကို ပို၍ အဆင်ပြေစေလျက်ရှိ၏။ မှန်ပြတင်းပေါက်မှ ဝင်လာသော နေရောင်သည် ဖြူဝင်းသော အသားကို အရောင်ထွက်လုမတတ် ဖြစ်စေ၏။ အသက် ၂၅ နှစ်မျှသာ ရှိသေးသဖြင့် ပျိုမြစ်နုနယ်ခြင်းသည် လှပခြင်းကို အဖော်ပြုကာ ဘဝ၏ သက်တမ်းတွင် အလှပန်းပွင့်ချိန်ပင် ဖြစ်တော့၏။

ကိုမြင့်ဦးသည် ရွှေရောင်ကွပ်ထားသည့် ကတ်ပြားကလေး တစ်ခုကို ကိုင်ကာ အလုပ်ခန်းမှ ထွက်လာပြီးနောက် . . .

"ခင် ... ဒီမှာ ကိုယ်တို့ပါတီအတွက် ရိုက်ထားတဲ့ ဖိတ်စာလေး ကြည့်ပါဦး၊ မလှဘူးလား"

"သိပ်လှတာပဲ မောင်၊ တစ်ခု ဘယ်လောက်ကျသလဲဟင်"

"တစ်ကျပ်မူးတင်းလောက် ကျတယ်၊ စာအိတ်မပါသေးဘူး"

"မောင် – လူဘယ်လောက် ဖိတ်သလဲ"

http://www.cherrythitsar.org



"၃၀၀ ကျော်လောက်ပါ"

"မများဘူးလား မောင်ရယ်"

"မများပါဘူး ခင်ရဲ့၊ ကိုယ်တော့ တော်ရုံတန်ရုံ သိတဲ့လူလည်း ဖိတ်လိုက်တာပဲ၊ နို့ပေမဲ့ တချို့က ကိုယ့်ကို မသိကြဘူးခင်၊ ကိုယ်က အိမ်ထဲက အိမ်ပြင် အင်မတန် ထွက်ခဲတာကလား၊ ကိုယ်နဲ့ ဆက်သွယ်သူလောက်ပဲ ကိုယ်သိတယ်။ တချို့လူတွေကတော့ နာမည်ကြီးတာနဲ့ ကိုယ်ဖိတ်လိုက်တာပဲ။ သူတို့ကတော့ ကိုယ့်သိချင်မှ သိမှာ ခင်ရဲ့"

"လူတစ်ယောက်အတွက် ဘယ်လောက်တန် မှာထားသလဲ"

"၁၅ ကျပ်နဲ့ စထရင်း ဟိုတယ်မှာ လူ ၄၀၀ အတွက် စရန်ပေးထားတယ်။ ဒီဟာ အရက်နဲ့ သစ်သီးဖိုး မပါသေးဘူး။ သစ်သီးအတွက်တော့ အကောင်းဆုံးရဖို့ မောင့်သူငယ်ချင်းတစ်ယောက် ပြောထားတယ်။ အရက်လည်း အင်္ဂလိပ်ဆိုင်ကြီးတွေက သူပဲကြည့်ပြီး ဝယ်ပေးလိမ့်မယ်။ ဒါနဲ့ ခင်ဟာ သိပ်လှတာပဲနော်"

"အို ... မောင်ကလည်း"

"လှလွန်းအားကြီးလို့ မောင်ဖြင့် တစ်ခါတစ်ခါ ကြောက်တောင်လာတယ်"

မောင်မြင့်ဦးသည် အရပ်မနိမ့်မမြင့်ဖြစ်၍ ထင်ရှားပြတ်သားသော မျက်နှာရှိ၏။ အသက်မှာ ၃၅ နှစ်မျှရှိပြီဖြစ်သော်လည်း မခန့်မှန်းနိုင်လောက်အောင် နုပျို၍ ကိုယ်ဟန်အမူအရာလည်း ကောင်းသူတစ်ယောက် ဖြစ်လေသည်။ မောင်မြင့်ဦး၏ အထူးသဖြင့် ထင်ရှားသော ရုပ်လက္ခဏာမှာ နက်မှောင်သော သူ၏မျက်လုံးများဖြစ်၍ ယင်းတို့မှာ ကြည့်လိုက်တိုင်း နက်ရှိုင်းသော အဓိပ္ပာယ်ပေါ်လွင်လျက် ရှိလေသည်။

မောင်မြင့်ဦးသည် ခင်သန်းနွဲ့၏ ပခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဖက်ထားလိုက်ပြီးမှ ညင်သာစွာ ပြန်၍ လွှတ်လိုက်ပြီးလျှင် အင်္ကျီအတွင်းအိတ်ထဲမှ အလျား လေးလက်မခန့်ရှိ အနက်ရောင် သားရေအိတ်ကလေးတစ်လုံးကို ထုတ်ယူလိုက်လေသည်။

"မောင် အခုပါတီပေးတာ ဘာဖြစ်လို့လဲ သိလားခင်"

"မသိပါဘူး မောင်ရယ် ပြောစမ်းပါဦး"

"ဟောဒါကလေး . . ခင့်လည်တိုင်နွဲ့နွဲ့ကလေးမှာ ဆင်ပြီး ဧည့်သည်တွေ ဧည့်ခံတာ မောင်ကြည့်ချင်လွန်းလို့ သိပြီလား"

"ဩော"

မောင်မြင့်ဦးသည် မော်ရိုကို သားရေဖြင့် ပြုလုပ်ကာ အတွင်းမှ အဝါ

http://www.cherrythitsar.org



ရောင်ကတ္တီပါ ခံထားသော လေးထောင့်သားရေသေတ္တာကလေးကို ဖွင့်လိုက်၏။ ထို့နောက် စိန်လည်ဆွဲတစ်ခုကို မြှောက်၍ပြလိုက်လေသည်။ လည်ဆွဲမှာ အလယ်၌ ၁၀ ရတီခန့်ရှိ စိန်ကြီးသုံးလုံး၊ ဘေးတစ်ဖက်တစ်ချက်တွင် ငါးရတီခန့်ရှိ စိန်နှစ်လုံးစီ၊ သုံးရတီခန့်ရှိ စိန်ခြောက်လုံး၊ ရှစ်ရတီခန့်ရှိ စိန်ရှစ်လုံး ပါဝင်လေသည်။ စိန်များမှာ ခဲသားရောင် ထလျက်ရှိသော ကွန်ပါကိုက်အပါးအဝိုင်းများဖြစ်ကြ၍ မှန်ပြတင်းမှ ထိုးဝင်ကာ နေရောင်တွင် ပိုးစုန်းကြူးပျံသကဲ့သို့ တဖိတ်ဖိတ် တလက်လက် အရောင် ကွန့်မြူးလျက်ရှိလေသည်။

"မောင်ကလည်း ဒီလောက် အဖိုးတန်တာကြီး ဘာလို့ဝယ်လာရတာလဲ၊ ခင့်မှာလည်း အပြည့်အစုံရှိနေတာပဲ"

"အို . . ဒီဟာက မောင့်ရဲ့အချစ်ကို ဖော်ပြတဲ့ အထိမ်းအမှတ်အဖြစ်နဲ့ ခင့်ကို အမှတ်တရ ပေးတဲ့လက်ဆောင်ပါ၊ ကိုင်း . . မောင် ကိုယ်တိုင် ဝတ်ပေးစမ်းပါရစေ"

သို့နှင့် ကိုမြင့်ဦးသည် မခင်သန်းနွဲ့၏ ကြော့ရှင်းသော လည်တိုင်ကလေးကို ဖက်ကာ အဖိုးတန် စိန်လည်ဆွဲကို ကိုယ်တိုင် ဆင်မြန်းပေးလေသည်။ ပန်းနုရောင် နိုင်လွန်နှင့် ဖြူဝင်းပျော့ပြောင်းသော လည်တိုင်ကို နောက်ခံထားကာ၊ တွဲရရွဲကျနေသော စိန်လည်ဆွဲမှာ ပြိုးပြိုးပြက် အရောင်ထွက်ကာ အံ့ဖွယ်ကောင်းလောက်အောင်ပင် လှပပါပေသည်။

"သိပ်လှတာပဲ ခင်ရယ်၊ ခင်နဲ့သိပ်လိုက်တာပဲ"

"မောင့်ကို သိပ်ကျေးဇူးတင်တာပဲ"

ထို့နောက် ဇနီးမောင်နှံတို့သည် လာမည့်ပါတီပွဲကြီးအတွက် အိမ်တွင်းမှုပြုဖွယ် ကိစ္စများကို ပြုလုပ်ဆောင်ရွက်လျက်ရှိကြလေသည်။

မောင်မြင့်ဦးသည် မခင်သန်းနွဲ့အား မည်သည့်နေရာ၌မဆို အရေးပေးကာ အလိုလိုက်ခဲ့သည် မှန်၏။ သို့သော် အချို့နေရာတွင် ခေါင်းမာ၍ မခင်သန်းနွဲ့က မေးတိုင်းဖြေကြားသူ မဟုတ်ပေ။ လင်နှင့် မယားတို့မည်သည် တစ်ယောက်အကြောင်းကို တစ်ယောက် အတွင်းအပြင် အူသိမ်အူမ မကျန်သိကြတတ်သည်မှန်သော်လည်း ကိုမြင့်ဦး အပေါ်တွင် မခင်သန်းနွဲ့ မသိသော အချက်အလက်များရှိလေသည်။

ကိုမြင့်ဦးမှာ ပစ္စည်းဥစ္စာနှင့် ပြည့်စုံခိုင်လုံ၏။ ငွေများကို ရေကဲ့သို့ ဖြုန်းနိုင်၏။ သို့သော် ထိုမျှလောက် များပြားသောငွေများကို မည်သည့်နေရာမှ ရလာသည်၊ မည်သည့်အချိန်ရလာသည်၊ မည်ကဲ့သို့ ရလာသည်ကို မသိချေ။ စိတ်တိုသည့်အခါများတွင် ရုပ်လှသလောက် တင်းမာခက်ထန်သော မောင်မြင့်ဦး၏ မျက်နှာထားကို မခင်သန်းနွဲ့သည် အမြဲ ကြောက်ရွံ့လျက်ရှိသည်။

http://www.cherrythitsar.org


ကိုမြင့်ဦးထံသို့ လူအမျိုးမျိုး ရောက်လာတတ်၏။ တစ်ခါတစ်ရံ ဥရောပတိုက်သားများ၊ ကပ္ပလီလူမျိုး၊ ပန်ချာဘီများ၊ ဂေါ်ရခါးများ၊ တရုတ်များ ပါဝင်၏။ တစ်ခါတစ်ရံ ပုလိပ်အရာရှိ၊ ယစ်မျိုးအရာရှိကဲ့သို့သူ၊ တစ်ခါတစ်ရံ သင်္ဘောသားများ လာရောက်တတ်၏။ သူတို့အား အိမ်နောက်ဖေးဘက်တွင် သီးသန့်ဆောက်ထားသည့် အိမ်ကလေးတစ်လုံး၌ ကိုမြင့်ဦးသည် ဧည့်ခံလေ့ ရှိ၏။ အချို့ဧည့်သည်များသည် တစ်ခါတစ်ရံ ညဥ့်အိပ်ညဥ့်နေ တည်းခိုနေ တတ်၏။

ကိုမြင့်ဦးသည် တစ်ခါတစ်ရံ ညဥ့်အိပ်ညဥ့်နေအိမ်မှ ထွက်သွားပြီး လျှင် တစ်လကိုးသီတင်းပင် ကြာတတ်၏။ မည်သည့်အရပ်သို့ သွားသည် မည်သည့်ကိစ္စနှင့် သွားသည်ကို မခင်သန်းနွဲ့ မသိရှာချေ။

သို့နှင့် တစ်ခါတစ်ရံ မခင်သန်းနွဲ့သည် မိမိ၏လင်ယောကျ်ားထံ ချဥ်းကပ်ကာ –

"မောင် ဒီငွေတွေ ဘယ်ကရလာလဲ ဟင်"

"မသိချင်ပါနဲ့ ခင်ရယ်၊ ခင်သုံးရရင် ပြီးရောပေါ့"

"မောင်တစ်နေ့က ထွက်သွားတာ ဘယ်သွားမှန်း မသိတော့ အိမ် ပြန်မယ်ထင်ပြီး ခင်စောင့်နေတာ ၁၁ နာရီထိုးမှ အိပ်ရတယ်။ ပြီးတော့ သူ မနက်တောင် ပြန်မလာဘူး"

"ဒီလိုပေါ့ . .ခင်ရဲ့၊ ကိစ္စရှိရင် . .သွားရတာပေါ့။ ယောကျ်ား ဆိုရင် ကြံရစည်ရ သွားရလာရတာပေါ့"

"မောင်အလုပ်က ဘာလုပ်တာလဲ ဟင်"

"ကုန်သည်ပေါ့ကွယ် . . ကုန်သည်ဆိုပါတော့။ ပစ္စည်းတစ်ခုကို အပေါ်ဆုံး နေရာမှာဝယ် အရှားဆုံး နေရာမှာရောင်း၊ ဒီတော့ ငွေတွေ ရတာပေါ့။ ဟား . . ဟား . . ဟား . . ဒါဟာ မောင့်အလုပ်ပဲ။ ဒါ ကြောင့် မောင့်ကိုယ်မောင် ကုန်သည်လို့ နာမည်ပေးထားတာ ကိုင်း . . သိပြီလား"

ဤစကားမျိုးအပြင် မခင်သန်းနွဲ့သည် ကိုမြင့်ဦးထံမှ အခြားအကျိုး အကြောင်း တစ်စုံတစ်ရာ မကြားရချေ။

*

## (၂)

နောက်တစ်နေ့သည်ကား ပါတီပေးမည့်နေ့ ဖြစ်သဖြင့် ကိုမြင့်ဦး၏ ခြံထဲတွင် အထူးစည်ကားလျက် ရှိတော့၏။ အိမ်သူအိမ်သား အစေခံများသည် ညပါတီအတွက် ပြင်ဆင်လျက်ရှိ၏။ နံနက်ခင်းတွင် ကူလီတစ်စု ရောက်လာ၍ ခြံတွင်းမှ အမှိုက်သရိုက်အားလုံးကို ရှင်းလင်းခြင်း၊ မာလီကုလားများက

http://www.cherrythitsar.org



မြင်ခင်းများကို ဖြတ်တောက်ရေဖျန်းခြင်း၊ ခြံစည်းရိုးများကို ညှိခြင်း၊ ပန်းပင်များကို ရေလောင်းခြင်း ပြုပြင်ခြင်းများကို အသီးသီးပြုလုပ်ကြ၏။ ညနေခင်းသို့ ရောက်သောအခါ စထရင်း ဟိုတယ်မှ ခေါက်ကုလားထိုင်နှင့် စားပွဲများ ရောက်လာပြီးလျှင် အိမ်ရှေ့ဥပစာနှင့် အိမ်၏ဝဲယာနှစ်ဖက် မြက်ခင်းများပေါ်တွင် ကုလားထိုင်များကို ခင်းကျင်းကြကုန်၏။ နေဝင်သည်နှင့် တစ်ပြိုင်နက် ရောင်စုံ ဓာတ်မီးလုံးများသည် ခြံပတ်ဝန်းကျင်ရှိ ထင်းရှူးပင်များနှင့် အလှစိုက်ပျိုးထားသည့် ပန်းချုံ ပန်းစင်၊ ပန်းပင်အုပ်ကလေးများပေါ်တွင် ထွန်းလင်းတောက်ပလျက် ရှိကုန်၏။ ကုန်တင်ကားကလေးများသည် အရက်သေတ္တာများ သစ်သီးများနှင့် ပန်းခြင်းများ၊ စားဖွယ်သောက်ဖွယ်များကို ယူဆောင်လာ၏။ နောက်ဆုံး၌ ရေခဲစိမ်အရက်သေတ္တာကြီး ခြောက်လုံးရောက်လာ၏။ ၈ နာရီခန့်တွင် မီးရထား ဘင်ခရာတီးသူများ ကားတစ်စီးနှင့် ရောက်လာ၏။

ဧည့်သည်များကို ဖိတ်ကြားထားသည့် အချိန်မှာ ည ရှစ်နာရီခွဲမှ နံနက်မိုးလင်းအထိ ဖြစ်လေသည်။ သို့နှင့် ရှစ်နာရီခွဲအချိန်သို့ ရောက်လတ်သော် ကိုမြင့်ဦး၏ ခြံဝင်းတစ်ခုလုံးမှာ အလယ်၌ ပန်းတကောင်းများ စိုက်ကာ ချထားသော စားပွဲများ၊ ကုလားထိုင်များ၊ လှပသော ပန်းပင်အုပ်များပေါ်ရှိ ရောင်စုံမီးလုံးများဖြင့် ထိန်ထိန်ဝင်းလျက်ရှိကုန်၏။ ဧည့်သည်များကား တစ်ယောက်ချင်းနှစ်ယောက်ချင်း ရောက်စပြုလာလေပြီ။ ငြိမ့်ညောင်းသော ဘင်ခရာသံသည် ခြံထောင့်တစ်ထောင့်ဆီမှ သာယာစွာ တီးမှုတ်လျက်ရှိ၏။

ကိုမြင့်ဦးသည် ဘန်ကောက်လုံချည်အပြာရောင်နှင့် ဆတ်သက္ကလတ်အင်္ကျီနက်ကို ဝတ်လျက် လည်းကောင်း၊ မခင်သန်းနွဲ့က ဖက်ဖူးရောင် နိုင်လွန်အင်္ကျီ၊ ဖက်ဖူးရောင် ပွင့်ထိုးပိုးတွန့်လုံချည်ကို ဝတ်လျက်လည်းကောင်း ဝရန်တာတွင် မောင်မယ်ယှဉ်တွဲ၍ရပ်ကာ အိမ်ဝင်းထဲသို့ ဝင်လာသော ဧည့်သည်များကို ကြည့်ရှုလျက်ရှိကြလေသည်။ ကိုမြင့်ဦးသည် ဓာတ်မီးရောင်ဖြင့် ဝင်းလက်၍နေသော မခင်သန်းနွဲ့၏ လည်ပင်းမှ စိန်လည်ဆွဲကိုကြည့်လျက် –

"ကြည့်ရတာ သိပ်ကျက်သရေရှိတာပဲ ခင်ရာ၊ ခင်နဲ့တော့ သိပ်လိုက်တာပဲ၊ ပြောလို့ပြောတာ မဟုတ်ဘူး"

"မောင်ထင်လို့ပါ၊ ခင်က ဒီလောက်လှတာ မဟုတ်ပါဘူး"

"နို့ပေမဲ့ ဘာပဲပြောပြော ခင်ရဲ့ အလှကို ကြည့်တဲ့လူမှန်သမျှတော့ မောင့်ဝမ်းထဲမှာ မနာလိုစိတ်တွေ ပေါ်လာတော့တာပဲ"

ခေတ္တမျှ ငြိမ်သက်သွားပြီးနောက် သူတို့သည် အောက်သို့ ဆင်းကာ ဧည့်သည်များကို ကြိုဆိုကြလေ၏။ အများအားဖြင့် ဧည့်သည်များမှာ ကိုမြင့်ဦးက မသိသူများသဖြင့် မခင်သန်းနွဲ့ကမူ ဧည့်သည်သုံးယောက်အနက် နှစ်

http://www.cherrythitsar.org


ယောက်ကို ကောင်းစွာ သိလေသည်။ ဧည့်သည်များအား ကိုမြင့်ဦး၏ မိတ်ဆွေလေးယောက်တို့က နေရာထိုင်ခင်းပေးလျက်ရှိရာ ဝင်းပေါက်၌မူ ရဲအရာရှိ နှစ်ယောက်သည် အစောင့်အရှောက်အဖြစ် မတ်တတ်ရပ်လျက် ဝင်းပေါက်ကိုစောင့်သော ဂေါ်ရခါးဒရဝမ်ရှိနေ၏။ ကိုမြင့်ဦး၏ မိတ်ဆွေနှစ်ယောက်ကလည်း ဖိတ်စာများကို လူတိုင်းလက်မှ သိမ်းဆည်းကာ ဖိတ်စာပါသော လူကိုမှ ဝင်ခွင့်ပြုလေသည်။ သို့သော် ဖိတ်စာသိမ်းဆည်းသူသည် သူကိုယ်တိုင် သိရန်မလိုသဖြင့် အကယ်၍ တစ်စုံတစ်ယောက်သော သူသည် အခြားသူတစ်ယောက်၏ ဖိတ်စာဖြင့် လာခဲ့သော် မည်သူမျှ သိရှိလိမ့်မည် မဟုတ်ချေ။ ကိုမြင့်ဦး ကိုယ်တိုင်က လည်း ဖိတ်စာမပါသူကိုသာ ဝင်ခွင့်မပြုရန် ပြောထားလေသည်။

ဝရန်တာမှ ဆင်းလာပြီးနောက် မကြာမီ အစေခံတစ်ယောက်သည် ကိုမြင့်ဦးတို့ထံ ခပ်သုတ်သုတ် လာခဲ့ပြီးလျှင် မခင်သန်းနွဲ့အား –

"ဒီမှာ မမ . . အပြင်က လူတစ်ယောက်က သူ့မှာ ဖိတ်စာတော့ မပါဘူးတဲ့။ နို့ပေမဲ့ ဟောဒီကတ်ပြားကလေးကို မမပြလိုက်ရင် မမက ဝင်ခွင့်ပေးပါလိမ့်မယ်လို့ ပြောနေတယ်"

အစေခံသည် မခင်သန်းနွဲ့လက်ထဲသို့ ကတ်ပြားဖြူကလေးကို ထည့်လိုက်လေသည်။

'မောင်မောင်ခန့်' ဟူသော ရွှေမင်ဖြင့် ရိုက်ထားသော စာလုံးကလေးများကို မြင်ရလေသည်။ 'မောင်မောင်ခန့်' ဟု ပါးစပ်မှ အသံကလေးများပင် ထွက်သွားလေသည်။

"မဟုတ်နိုင်ပါဘူး၊ သူဂျပန်လက်ထက်က သေမှပဲ" ဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။ ထိုအချိန်၌ ကိုမြင့်ဦးမှ သူ့ဆီသို့လာနေသော အခြားဧည့်သည်နှစ်ယောက်အား ဆီးကြိုနှုတ်ဆက်လျက်ရှိလေသည်။

"မောင်မောင်ခန့်တဲ့" ဟူသော အသံကိုကြားလိုက်ပြီးဖြစ်လေသည်။ မခင်သန်းနွဲ့သည် အစေခံဘက်သို့ ကြည့်၍ "ဒီလူကို ဝင်ပါစေကွယ်၊ ငါ့မိတ်ဆွေဟောင်းတစ်ယောက်ပါ" ဟု ပြောပြီးနောက် ကိုမြင့်ဦး ဘက်သို့ တစ်ဖန်လှည့်လိုက်ပြီးလျှင် –

"ဟုတ်တယ် မောင်၊ ဂျပန်လက်ထက် ခင်ကုန်သည်လုပ်တုန်းက မိတ်ဆွေဖြစ်ခဲ့တဲ့ လူပါ . . ကျွန်မတို့က သေပြီထင်နေတာ"

"ဪ ဟုတ်လား . . အင်း"

ကိုမြင့်ဦးသည် မခင်သန်းနွဲ့၏ နက်မှောင်သော မျက်လုံးများထဲမှ အဓိပ္ပာယ်ကို သိလိုလှ၏။

မကြာမီ လူတစ်ယောက်သည် မခင်သန်းနွဲ့ဆီသို့ လျှောက်လာပြီးလျှင် –

"မာရဲ့နော် . . နွဲ့"

"ဟုတ်ကဲ့ ကိုမောင်ခန့်"

"တွေ့ရတာ သိပ်ဝမ်းသာတာပဲ"

"ဂျပန်လက်ထက်ကတည်းက မတွေ့ကြတာနော် . . နွဲ့တို့က ကိုမောင်ခန့် သေပြီမှတ်နေတာ"

"ဟုတ်တာပေါ့လေ . . ကင်ပေလက်ထဲ ရောက်သွားတဲ့လူဟာ မသေတဲ့လူရှိရိုးထုံးစံမှ မဟုတ်ဘဲ . . မကြာသေးပါဘူး၊ ဒီရောက်တာ နောက်သူငယ်ချင်းတစ်ယောက် အိမ်တဲနေတုန်း နွဲ့တို့က အကြီးအကျယ် ပါတီပေးမယ် ဆိုတာ သိရတာနဲ့ လာတာပဲ"

မခင်သန်းနွဲ့သည် မောင်မောင်ခန့်ဆိုသူ ပြောသောစကားများကို မကြားဘဲ ယခင် ဂျပန်လက်ထက်မှ အဖြစ်အပျက်များကိုသာ အမှတ်ရပြီးလျှင်

"ဟုတ်ကဲ့" ဟု တစ်ခွန်းတည်းသာ ပြောလိုက်ပြီးနောက် မောင်မောင်ခန့်အား ကိုမြင့်ဦးနှင့် မိတ်ဆက်ပေး၏။ ယောကျ်ားနှစ်ယောက် လက်ဆွဲနှုတ်ဆက်သော အချိန်ကား ကိုမြင့်ဦး၏လက်များမှာ တုန်ယင်လျက် ရှိလေသည်။

မောင်မောင်ခန့်ဆိုသူမှာ အရပ်မြင့်၍ ခပ်သွယ်သွယ်ပင် ဖြစ်သည်ဟု ထင်ရသော်လည်း၊ ကျစ်လျစ်မာကျော၍ တောင့်တင်းသော ကိုယ်ကာယရှိ၏။ အသားမှာ မဖြူမညိုရှိနေပြီးလျှင် မည်းမှောင်သော မျက်လုံးနှင့် မျက်ခုံးတို့သည် တင့်တယ်ခြင်းထက်၊ ရက်စက်မာကျောသော အရိပ်အယောင်ကို ပြလျက်ရှိလေသည်။ ယောကျ်ားနှစ်ယောက်တို့၏ အကြည့်များသည် အပေါ်ယံတွင် မိတ်ဆွေဖွဲ့လိုဟန် လက္ခဏာရှိသော်လည်း အတွင်း၌မူ မနာလိုဝန်တိုရှိခြင်းတည်းဟူသော ဣဿာ မစ္ဆရိယတို့ဖြင့် ပြည့်လျက်ရှိ၏။ အထူးသဖြင့် ကိုမြင့်ဦး၏ စိတ်တွင် ဝန်တိုခြင်း တည်းသော မြွေဆိပ်ကား တက်လျက်ရှိနေလေပြီ။

(ဦး) "ကျေးဇူးတင်ပါတယ် ခင်ဗျ၊ ဒီလို လာပြီး ချီးမြှင့်တာ"

(ခန့်) "ဟုတ်ကဲ့၊ ကျွန်တော်လည်း နွဲ့နဲ့မတွေ့တာ ကြာပြီး အခန့်သင့်တာနဲ့ ဝင်လာတာပါပဲ"

(ဦး) "ဟုတ်ကဲ့၊ မိတ်ဆွေဟောင်းဆိုတော့ တွေ့ချင်ကြတာပေါ့လေ၊ နွဲ့ရဲ့ မိတ်ဆွေဆိုလည်း ကျွန်တော့် မိတ်ဆွေပေါ့၊ ဘာမှ အားနာစရာ မရှိဘူးနော် . . ကိုယ့်အိမ်လို သဘောထားပြီး စားပါ သောက်ပါ"

ထိုလောကွတ် စကားများကား နောက်ကျို ညစ်ညမ်းသော အသည်းနှလုံးထဲမှ လာသော်လည်း အပေါ်မျက်နှာပြင်၌မူ တင့်တောင့် တင့်တယ်ရှိ၍

http://www.cherrythitsar.org


သာယာလှပေသည်။ အပေါ်ယံတွင် သကြားဖြူး၍ ထားသော အဆိပ်နှင့်တူလေသည်။

မောင်မောင်ခန့်မှာ ကိုမြင့်ဦးထက် ဆယ်နှစ်ခန့် ငယ်ပုံရ၍ မျက်နှာမှာ ချောမောလှပသည်ဟု မဆိုနိုင်စေကာမူ၊ အချစ်ဓာတ်များဖြင့် ပြည့်လျှမ်းကာ ရွှင်ပျ၍နေသော မျက်နှာမျိုး ဖြစ်လေသည်။ ကိုမြင့်ဦးသည် မောင်မောင်ခန့်အား တစ်ချက်မျှ လှမ်း၍ကြည့်လိုက်ပြီးနောက် . . .

"ကိုင်း . . စကားပြောနေရစ်ကြဦးနော်" ဟု နှုတ်ဆက်ကာ ထိုအချိန်၌ ခြံဝင်းထဲသို့ ဝင်လာသော လူတစ်စုအား သွားရောက်ကြိုဆိုပြီးနောက် လူအုပ်နှင့်အတူ ဥယျာဉ်ထဲတွင် ရောနှောပျောက်ကွယ်၍ သွားလေ၏။

*

## (၃)

ကိုးနာရီမှ ဆယ်နာရီ အတွင်းတွင် ဧည့်သည်များ အများဆုံး ရောက်လာလေသည်။ အချို့သည် ပါတီပေးသော အိမ်ရှင်များကိုမျှ နှုတ်မဆက်နိုင်ဘဲ မိမိတို့အလျဉ်းသင့်ရာ မိတ်ဆွေများ စားပွဲတွင် ထိုင်ကြ၏။ အချို့လည်း ကျယ်ဝန်းသော ဥယျာဉ်ကြီးကို လျှောက်၍ကြည့်ကြ၏။ အချို့လည်း ဝီစကီဖန်ခွက်များကို ကိုင်ကာ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ရပ်လျက်ရှိကြ၏။ အချို့စုံတွဲများလည်း ဦးတည့်ရာ လျှောက်သွားပြီးလျှင် အေးချမ်းသော အရိပ်အာဝါသအောက်များ၌ စကားပြောလျက်ရှိကြကုန်၏။ အိမ်နောက်ဖေးရှိ စားဖိုဆောင်နှင့် ပါတီအတွက် အထူးဆောက်လုပ်ထားသော တင်းကုပ်အတွင်း၌ ဟိုတယ်မှ အဝတ်ဖြူဝတ်ဘွိုင်ကုလား ငါးဆယ်ခန့်တို့သည် မြက်ခင်းပြင်ကြီးနှင့် တင်းကုပ်သို့ လူးလာတုံ့ကာ အလုပ်ရှုပ်လျက်ရှိကြ၏။ တင်းကုပ်အတွင်းမှ တဖောင်ဖောင်မြည်သော ပုလင်းဖွင့်သံများ၊ ဇွန်းသံ၊ ခက်ရင်းသံ၊ ပန်းကန်ပြားသံများသည် ဆူညံလျက်ရှိကြ၏။

ဆယ်နာရီထိုးသည့်တိုင်အောင် ဧည့်သည်များသည် ဝင်ရောက်လျက်ပင် ရှိသေးရာ အရပ်မြင့်မြင့်နှင့် ခပ်ပိန်ပိန် လူတစ်ယောက်သည် ဧည့်သည်များထဲ၌ ပါလာလေသည်။ ထိုသူသည် အတွင်းသို့ရောက်သောအခါ မည်သူနှင့်မျှ စကားမပြောဘဲ မှောင်ရိပ်ကျသော စားပွဲတစ်လုံး၌ ထိုင်ကာ အရက်ကိုသာ တစ်ခွက်ပြီး တစ်ခွက်သောက်လျက် ရှိလေ၏။ အရက် တစ်ခွက်နှင့်တစ်ခွက်ကြား၌ ထိုသူသည် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ကာ စီးကရက်တစ်လိပ်ကို မီးညှို၍ သောက်ရင်း စဉ်းစား၍ နေတတ်၏။

အချိန်သည် တဖြည်းဖြည်း ညဉ့်နက်၍ လာလေရာ၊ ဧည့်သည်များသည် ဝီစကီ၏ တန်ခိုးကြောင့် အမျိုးမျိုး စိတ်ဖောက်ပြန်ကာ၊ နှစ်ယောက်

http://www.cherrythitsar.org



တစ်တွဲ သုံးယောက်တစ်တွဲ ဝိုင်းဖွဲ့ပြီးလျှင် စကားကို စပ်မိစပ်ရာ သတိလက် လွတ်ပြောဆိုလျက်ရှိကြကုန်၏။ ဥယျာဉ်ကြီးမှာ အတော်ပင် ကျယ်ဝန်းရုံမျှ မက၊ လမ်းစိတ် လမ်းမြောင်များ၊ ချုံပုတ်ကြီးများ၊ ပန်းချုံများ၊ ပေါင်းကူး တံတားကလေးများဖြင့် ပါတီပွဲနှင့် လိုက်အောင် အဆင်ပြေလျက် ရှိရကား၊ မင်းစိုးရာဇာစုံတွဲများ၊ ချိန်းချက်၍ ထားသူများ၊ မျက်နှာများသော မင်းကတော် များ စသည်တို့လည်း အချို့မှောင်ရိပ်၌လည်းကောင်း၊ အချို့ခုံတန်းများပေါ်၌ လည်းကောင်း၊ အချို့ပေါင်းကူးတံတားကလေး၌လည်းကောင်း၊ အချို့လည်း အလွန်ချောင်ကျသော စားပွဲများ၌လည်းကောင်း၊ သူ့အတွဲနှင့်သူ ပျော်ရွှင်စွာနေ ကြကုန်၏။ ထိုနေရာများ၌ ဓာတ်မီးလုံးကလေးများကလည်း အပြာရောင်၊ ကြက်သွေးရောင်၊ ခရမ်းရောင်များဖြစ်သဖြင့် မမှိန်တမှိန် မီးရောင်အောက်တွင် ကိုမြင့်ဦး၏ ဧည့်သည်တော်များသည် အပြင်လောကကိုပင် မေ့လျော့ကာ၊ မိမိတို့ကိုယ် တိုင်နတ်ပြည်သို့ရောက်နေသည်ဟု ထင်မှတ်ကြကုန်၏။ ကိုမြင့်ဦး ကား 'နိုက်ကက်' ခေါ် ညဆောင်းသော ကတ္တီပါအနက် ဦးထုပ်ကလေးကို ခပ်စောင်းစောင်း ဆောင်းကာ၊ မှောင်ရိပ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းသွားလာ လျက်ရှိလေသည်။

ချုံကွယ်တစ်ခုနောက်၌ ချထားသော စားပွဲတစ်လုံးတွင် မိန်းမကြီး တစ်ယောက်၊ မိန်းမခပ်ရွယ်ရွယ်နှစ်ယောက်နှင့် ယောကျ်ားနှစ်ယောက်တို့သည် ရှေ့၌ သစ်သီးပန်းကန်တစ်လုံးနှင့် ဖန်ခွက်များကိုချကာ စကားကို မတိုးမကျယ် ပြောလျက်ရှိကြလေသည်။

(ကျား) "ဒါထက် ခင်ဗျားတို့ ကိုမြင့်ဦးဆိုတာ မြင်ဖူးကြပြီလား"

(မိန်းမကြီး) "မသိပေါင်တော် . . အစ်ကိုကြီးဆီက ဖိတ်စာရလို့သာ သူ့ကိုယ်စား သွားလိုက်ပါဆိုလို့ လာခဲ့တာ၊ သိန်းသိန်းကော သိသလား"

(သိန်း) "လူခပ်ချောချော၊ အင်္ကျီအနက်ဝတ်လို့ ကျွန်မ မိတ်ဆွေ တစ်ယောက်ကပြလို့ ခပ်ဝေးဝေးက မြင်လိုက်ပါတယ်။ မမြစိန်တော့ သိတယ် ထင်ပါရဲ့"

(စိန်) "ကျွန်မက သာမသိသေးတယ်။ မင်းကတော် ခေါင်းကိုက်နေ လို့ အနာမခံချင်လို့သာ သူ့ဖိတ်စာနဲ့ လာခဲ့တာ။ ဒါထက် ဒီလူ က ရှမ်းလိုလို ဘာလိုလိုပဲ"

(ကျား) "ရှမ်း မဟုတ်ပါဘူး . . နို့ပေမဲ့ အရင်က ရှမ်းပြည်မှာ နေ သတဲ့ဗျ၊ လူက အတော်လည်တဲ့လူ"

(သိန်း) "လည်လို့လည်း သူဌေးဖြစ်တာပေါ့ရှင် . . သူ့အလုပ်က ဘာလဲ"

http://www.cherrythitsar.org



(ကျား) "ကုန်သည်ယောင်ယောင် . . ပွဲစားယောင်ယောင်ပါပဲ၊ နို့ပေမဲ့ ပဲခူးဘက်မှာ မြေတွေ အတော်ရှိတယ်လို့ ကြားတယ်"

(စိန်) "တချို့ကလည်း ဘိန်းချလို့ ချမ်းသာတယ် ပြောကြတယ်"

(သိန်း) " မရွှေစိန်ကတော့ ပြောရှာမယ်၊ အေးလေ . . ဘိန်းမကလို့ ဘာပဲချချ . . တို့တစ်တွေ ဝအောင်သောက်ရတာ အမြတ်ပေါ့"

သို့ပြောဆိုပြီးနောက် သိန်းသိန်းသည် ဖန်ခွက်တစ်ဝက်လောက် ရောက်အောင် ဆိုဒါနှင့်ရောပြီး ဝီစကီကို မော့ချလိုက်လေသည်။

(သိန်း) "ဒီလူက အကြံသမားတော့ အကြံသမားပဲ ကိုထွန်းမောင် ရဲ့"

(ကျား) "သူဌေးကတော်ကိုကော . .မြင်ပြီးပြီလား . . မခင်သန်းနွဲ့ ဆိုထင်ပါရဲ့"

(စိန်) "ကျွန်မ မြင်လိုက်တယ် . .အတော့်ကို လှတယ် ကိုထွန်းမောင်၊ ကျွန်မတို့ ဝင်လာတုန်းက နိုင်လွန်ဖက်ဖူးရောင်ဝတ်ပြီး ထန်းပင်ကလေးတွေ နားမှာ ဘိုမတစ်ယောက်နဲ့ စကားပြောနေတဲ့ မိန်းမ၊ သိန်းသိန်းကော မမြင် လိုက်ဖူးလား"

(သိန်း) "ကျုပ်တော့ သတိမထားလိုက်မိဘူး"

(စိန်) "လည်ပင်းမှာ ဆွဲထားတဲ့ စိန်လည်တုန်ကြီးကဖြင့် ဝင်းနေ တာပဲ။ ငါးသောင်းလား၊ တစ်သိန်းလား မပြောတတ်ဘူး"

(မိန်းမကြီး) "ချမ်းသာတဲ့ လူများတော့လည်း တယ်ချမ်းသာတယ် နော်။ တို့များဖြင့် ထိုးလိုက်ရတဲ့ ထီ၊ တွဲလိုက်ရတဲ့ မြင်း . . ဘယ်တော့မှ ပေါက်တယ် မရှိဘူး"

(ကျား) "မဟုတ်တာနဲ့ ချမ်းသာတာများ အားမကျစမ်းပါနဲ့ဗျာ။ အခုကာလမှာ မဟုတ်တာလုပ်မှ ချမ်းသာတာဗျ။ ကျွန်တော် ကြားတော့ဖြင့် ဒီလူက ရွှေချောင်းတွေ ဘာတွေတောင် ချနေတယ် ကြားတယ်"

ထိုအခိုက်တွင် သားနားသပ်ရပ်စွာ ဝတ်ထားသော ယောကျ်ားတစ် ယောက်နှင့် မိန်းမတစ်ယောက်သည် တစ်ယောက်ခါးကို တစ်ယောက်ဖက်ကာ၊ ယောကျ်ားက လက်တစ်ဖက်တွင် ဖန်ခွက်ကို ကိုင်လျက် သူတို့အနီးမှ ဖြတ်၍ လာသဖြင့်၊ ထိုစုံတွဲကိုကြည့်ကာ စကားပြတ်သွားလေသည်။

ချုံကွယ်၏အခြားဘက်၌ ထိုင်နေသော ညဉ့်ဆောင်းဦးထုပ်အနက် ကို ဆောင်းထားသည့်လူသည် အထက်ပါ စကားများကို အလုံးစုံကြားရပြီး နောက် အိမ်ရှေ့ဘက်သို့ မှောင်ရိပ်များမှ ဖြတ်၍သွားလေသည်။

http://www.cherrythitsar.org



မကြာမီ ထင်းရှူးပင် အုပ်ကလေးအောက်ရှိ စားပွဲနှစ်လုံးယှဉ်၍ ချထားသော နေရာသို့ ရောက်လာ၏။ စားပွဲတစ်လုံးတွင် ဘိုကပြားတစ်ယောက်နှင့် ဂါ၀န်၀တ် မိန်းမတစ်ယောက်၊ မြန်မာမ တစ်ယောက်တို့သည် စားသောက်လျက်ရှိကြ၏။ အခြားစားပွဲ၌ကား မောင်မောင်ခန့်နှင့် မခင်သန်းနွဲ့တို့သည် ဘိုကပြား စားပွဲကိုကျောပေး၍ထိုင်လျက် ရှိလေသည်။ ကိုမြင့်ဦးသည် ဘိုကပြား ထိုင်သော စားပွဲ၌ဝင်၍ထိုင်ကာ အရက်ခွက်ကို သောက်၍ နေဟန်ပြုလေသည်။

ခင်သန်းနွဲ့သည် ဧည့်သည်မောင်မောင်ခန့်နှင့်အတူ အရက်ဖန်ခွက်ကို မြှောက်၍တစ်ကျိုက်မျှ သောက်လိုက်၏။ ထို့နောက် မောင်မောင် ခန့်ထိုင်သော ကုလားထိုင်ဘက်သို့ လက်ဝဲဘက်လက်ကလေးကို ညင်သာစွာ တင်လိုက်လေသည်။ ထိုအခါ မောင်မောင်ခန့်က လက်ယာဘက်လက်ဖြင့် စက္ကူခေါက်ကလေးတစ်ခုကို ခင်သန်းနွဲ့လက်နားသို့ တိုး၍ပေးလိုက်ရာ ခင်သန်းနွဲ့သည် စက္ကူခေါက်ကလေးကို မိမိဘက်သို့ ဆွဲယူလိုက်၏။ ထို့နောက် နှစ်ယောက်သား ခွဲခွာသွားကြလေသည်။ ခင်သန်းနွဲ့သည် နောက်ဖေးဘက်သို့ လှည့်၍လာခဲ့ပြီးနောက် လူပြတ်သော နေရာတစ်ခု၌ အစိမ်းရောင် ဓာတ်မီးလုံးကလေးတစ်လုံးအောက်တွင် စာရွက်ကလေးကို ဖတ်လေသည်။ နှစ်ကြိမ်သုံးကြိမ်မျှပင် ထပ်တလဲလဲ ဖတ်ပြီးနောက် စာရွက်ကလေးကို လက်ဝါးဖြင့် ဆုပ်နယ်ပြီးလျှင် အနီးရှိ ပန်းအိုးထဲသို့ ပစ်ထည့်လိုက်ပြီးနောက် ထွက်သွားလေ၏။

ကိုမြင့်ဦးသည် ဘိုကပြားများနှင့်အတူ ထိုင်နေရာမှ ခင်သန်းနွဲ့၏ အပြုအမူကို မြင်ရသောအခါ သူ့နောက်သို့၊ နောက်ယောင်ခံလိုက် သွားပြီးလျှင် ခပ်လှမ်းလှမ်းရှိ မှောင်ရိပ်တစ်ခုမှ ချောင်းမြောင်းကြည့်ရှုလျက် ရှိလေ၏။ ခင်သန်းနွဲ့ ထွက်သွားပြီးနောက် ကိုမြင့်ဦးသည် ဆုပ်နယ်၍ထားသော စာရွက်လုံးကလေးအိတ်ထဲသို့ ကောက်၍ထည့်ယူခဲ့ပြီး လျှင် လူပြတ်သော နေရာတစ်ခုသို့ သွား၍ဖတ်ရာ စာရွက်ကလေးပေါ်၌ ရေးထားသောစာများကို အောက်ပါအတိုင်း တွေ့မြင်ရလေသည်။

"သုံးနာရီတိတိ ဥယျာဉ်ထောင့်ရှိ ကျောက်တိုက်ကလေးရှေ့သို့ နွဲ့လာခဲ့ပါ၊ စောင့်နေမည် . . ခန့်"

*

(၄)

ကိုမြင့်ဦး၏အသည်းနှလုံးများသည် လည်ပင်းသို့လာ၍ တစ်ဆို့နေသကဲ့သို့ ဖြစ်သွား၏။ မောင်မောင်ခန့်ဆိုသူအား လိုက်လံရှာဖွေသော်လည်း

မည်သည့်နေရာတွင်မျှ မတွေ့ရတော့ချေ။ အချိန်ကား နံနက် နှစ်နာရီခွဲ အချိန်သို့ ပင် တဖြည်းဖြည်း နီးကပ်လာလေပြီ။

ကိုမြင့်ဦးသည် နောက်ဖေးဘက်ခြံထောင့် အစွန်ဆုံးရှိ ကျောက်တိုက် ကလေးသို့ သွားရောက်လေ၏။ ကျောက်တိုက်၏ နံဘေးနှင့် နောက်တွင်ကား ပိန်းပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ ရှိနေသဖြင့် ကိုမြင့်ဦးသည် ထူထပ်သော ချုံများနောက်သို့ ဝင်ရောက်ကာ ပုန်း၍နေလိုက်၏။

ထိုအချိန်ကား ဧည့်သည်များမှာ တဖြည်းဖြည်း ပြန်စပြုပြီဖြစ်၍ အိမ်ရှေ့ဘက်ရှိ စားပွဲများတွင် အတော်အတန် ရှင်းလင်းလျက်ရှိ၏။ ခြံတစ် ခြံလုံးတွင် ဘွိုင်ကုလား ဆယ်ယောက်ခန့်နှင့် အိမ်အစေခံနှစ်ယောက် သုံး ယောက်သာ တွေ့မြင်ရတော့၏။ ဘင်ခရာသံများလည်း၊ နှစ်နာရီထိုး အချိန်မှ ပင် ရပ်သွားပြီဖြစ်ရာ ယခင်ညဉ့်ဦးယံတွင် စိုပြည်ဆူညံသလောက် ထိုအချိန်တွင် ခြောက်သွေ့တိတ်ဆိတ်လျက်ရှိတော့၏။

ချုံတွင်းသို့ ရောက်၍ မိနစ်နှစ်ဆယ်ခန့် . .ကြာသောအခါ လူသွား လမ်းကလေးမှ ခြေသံကြားရပြီးနောက်၊ စီးကရက်တစ်လိပ်ကို သောက်ကာ ခပ်အေးအေးလျှောက်၍လာသော၊ မောင်မောင်ခန့်ကို မြင်ရသဖြင့်၊ ကိုမြင့်ဦး သည် နောက်သို့ပင် ကိုယ်ကို အတန်ငယ် ရှိုလိုက်ကာ ကိုယ်ရှိန်သတ်၍ နေ လိုက်မိ၏။ အချိန်မှာ သုံးနာရီထိုးရန် ဆယ်မိနစ်သာ လိုတော့သည်ဖြစ်၍ မောင် မောင်ခန့်သည် ကျောက်တိုက်သို့တက်သော လှေကားထစ်တစ်ခုပေါ်တွင် ထိုင် ကာ ရှိနေလေ၏။

ချုံများထဲ၌ ပုန်း၍နေသော ကိုမြင့်ဦးသည်လည်း မောင်မောင်ခန့် ကဲ့သို့ပင် စိတ်များလှုပ်ရှားနေသည့် ဟန်ဖြင့် ခြေလက်များ တဆတ်ဆတ် တုန်လျက်ရှိနေ၏။ ထိုအချိန်၌ ခြံကြီးတစ်ခုလုံးမှာ တိတ်ဆိတ် လျက်ရှိသဖြင့် ကိုမြင့်ဦးသည် မိမိ၏ 'ရိုလက်' လက်ပတ်နာရီကလေး၏ တစ်ချက်ချက် မြည် သံနှင့် မိမိ၏ရင်ခုန်သံတို့မှာ ပြိုင်တူလောက်သွား၍နေသည်ကို ကြားရလေ သည်။ ဤသို့ဖြင့်ကြာညောင်းလှသည် ထင်ရသော ဆယ့်ငါးမိနစ်အချိန် ကုန် လွန်သွားလေသည်။

အချိန်ကား သုံးနာရီနှင့် သုံးမိနစ်ရှိလေပြီ။ မခင်သန်းနွဲ့ မပေါ်လာ သေးချေ။ မောင်မောင်ခန့်သည် နေရာမှထကာ လှေကားရှေ့တွင်လမ်းလျှောက် ရင်း စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ပြန်၏။ အိမ် ဘက်သို့ အတန်ငယ် မျှော်ကြည့်ပြီးနောက် လက်ဝါးနှစ်ဖက်ကို ပွတ်ကာ၊ တစ်ဝက်သာသာမျှ ကျန် သေးသော စီးကရက်ကို ခြေဖြင့် နင်းချေပစ်လိုက်လေသည်။

မခင်သန်းနွဲ့သည် မိမိအပေါ်တွင် သစ္စာဖောက်ကာ သူစိမ်းယောကျ်ားတစ်ယောက်နှင့်တွေ့ဆုံရန် အကယ်ပင် လာရောက်မည်လော၊ မိမိကိုပင် လှည့်စားလေ သလော . . မောင်မောင်ခန့်ကိုပင် လှည့်ဖြားလေသလော . . မိန်းမများကား ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါများပေတည်း။

ကိုမြင့်ဦးသည် စိတ်ထဲတွင် သံသယအမျိုးမျိုး ဖြစ်ပေါ်လာ၏။ တစ်ယောက်နှင့်တစ်ယောက် ပေအနည်းငယ်မျှသာ ဝေး၍ စိတ်ထဲတွင် နှစ်ဦးစလုံးမိန်းမတစ်ယောက်၏ အလာကို မျှော်လင့်နေသော်လည်း အခြားအချက်အလက်များ၌မူ ထိုသူနှစ်ယောက်တို့၏ စိတ်မှာ ပင်လယ်ရေပြင်ကြီးတစ်ခု ခြား၍နေသကဲ့သို့ ရှိတော့၏။ မကြာမီ ကျောက်စရစ်ခဲကလေးများကို နင်းလာသံကြားရပြီးနောက်၊ မခင်သန်းနွဲ့ ရောက်ရှိလာရာ . . မောင်မောင်ခန့်က ဝမ်းသာအယ်လဲ ဆီးကြိုလေသည်။

"နွဲ့"

"ကိုမောင်ခန့်"

မောင်မောင်ခန့်က ဆီး၍ဖက်လိုက်သည်ကို ခင်သန်းနွဲ့က ကိုယ်ကိုကြုံ့ကာ နောက်သို့ဆုတ်၍ လက်နှင့်ကာလိုက်လေသည်။

"အို . .ဒီလိုမလုပ်ပါနဲ့ . .ကိုမောင်ခန့်ကလည်း"

"ဟုတ်ပါရဲ့လေ . .အရင်က တစ်ခါ ဒီလိုလုပ်ခဲ့ရဖူးမှပဲ . . နေပါဦး . . ဒါဖြင့် ဘာဖြစ်လို့ ဒီကို လာရသေးသလဲ နွဲ့ရယ်"

"အို ဒါကတော့ အရင်တုန်းက အဆက်ရှိလို့ လာရတာပေါ့"

မောင်မောင်ခန့်သည် တစ်စုံတစ်ရာ မပြောနိုင်သေးဘဲ မခင်သန်းနွဲ့၏ လက်မောင်းရင်းနှစ်ဖက်ကို တင်းကျပ်စွာ ဖျစ်ညှစ်ထားလိုက်လေသည်။

အရှေ့ဘက်ခြံတွင်းရှိ ရွှံ့နွံများထဲမှ ဖားခုံညင်းကလေးများ အော်သံနှင့် တစ်ခါတစ်ရံ ခပ်ဝေးဝေးမှ 'ရှီ'ခနဲမြည်၍သွားသော မော်တော်ကား ဘီးသံများသာလျှင် တိတ်ဆိတ်သော မှောင်ထုကြီးကို ဖြတ်သန်းကာ သုံးပွင့်ဆိုင်အချစ်ဇာတ်ခင်းနေသူများ နားသို့ရောက်လာလေသည်။ ကိုမြင့်ဦးသည် ကိုယ်ရှိန်သတ်လျက်ရှိနေရာမှပင်၊ ခင်သန်းနွဲ့ ပြောသော စကားလုံးတိုင်း ကြားအောင်နားစွင့်လျက်ရှိလေသည်။

"ပထမဆုံး မင်းဟာ ကိုမြင့်ဦးဆိုတဲ့ သူဌေးတစ်ယောက်နဲ့ ရသွားပြီလို့ ကြားရတော့ ယုံတောင် မယုံဘူး . . ကိုမြင့်ဦး . . ကိုမြင့်ဦး ဒီလောက်လှတဲ့ အလှကို ပိုင်ရတဲ့လူတော့ တကယ်ကုသိုလ်ထူးတာပေါ့"

"ဒီဟာတွေ ထားပါဦး . . ကိုမောင်ခန့် ဘာဖြစ်သလဲ၊ ဘယ်လိုဖြစ်လာတာလဲ ဆိုတာ အရင်ပြောစမ်းပါဦး"

http://www.cherrythitsar.org


"ကင်ပေ လက်ထဲ ရောက်သွားပြီးတဲ့နောက် အင်မတန် ကပ်သီး ကပ်သပ် ကြံဖန်ပြီး လွတ်လာတာပေါ့ခင်ရယ် . . ဒီဟာတွေ ပြောနေလို့ တစ်နာရီနဲ့လည်း ကုန်မှာမဟုတ်ဘူး၊ နှစ်နာရီလည်း ပြီးမှာ မဟုတ်ဘူး၊ နောက်ဆုံး အသက်နဲ့ ကိုယ်နဲ့မြဲပြီး လွတ်မြောက်လာတယ် ဆိုပါတော့၊ ဒါထက်နေပါဦး ဒီကိုမြင့်ဦးဆိုတဲ့လူက ပိုက်ဆံချမ်းသာတာတော့ ဟုတ်ပါပြီ လူကောင်းမှ ဟုတ်ရဲ့လား မောင်ကြားရတာကတော့"

"တော် . .တော် . . ဒီစကားမပြောပါနဲ့ ကိုမောင်ခန့်ရယ် . . ကျွန်မဟာ သူ့မယား၊ သူဟာ ကျွန်မလင်၊ ကိုမြင့်ဦးဟာ ကိုမောင်ခန့်ကို ဧည့်ဝတ်ကျေပွန်အောင် ဧည့်ခံနေတဲ့ အိမ်သည် မဟုတ်လား"

"ဒါကတော့ ဟုတ်ပါတယ် . . နို့ပေမဲ့ သူဖိတ်ကြားထားတဲ့ သူ့မိတ်ဆွေ ဧည့်သည်တွေထဲက သူ့သတင်းကြားရတော့"

"ဘာပဲပြောပြော၊ သူဟာ နွဲ့ကို ချစ်ခင်ကြင်နာတယ်၊ ယုယတယ်၊ အလိုလိုက်တယ်၊ အို . . ကျွန်မ တွေ့ဖူးသမျှ ယောကျ်ားထဲမှာ သူ့ထက် ကြင်နာသနားတတ်တဲ့ လူမတွေ့ဖူးဘူး"

"နို့ပေမဲ့ သူဒီငွေတွေကိုရအောင် ဘယ်လိုရှာတယ်ဆိုတာ နွဲ့ သိသလား"

"မသိဘူး . .မသိဘူး၊ နွဲ့ဟာ ငွေကို ဖြုန်းတတ်သုံးတတ်တာပဲ၊ သူဘယ်ပုံ ဘယ်နည်းရှာရလာတယ်ဆိုတာ နွဲ့မသိဘူး။ သိလည်း မသိချင်ဘူး . . ဒီဟာ နွဲ့အလုပ် မဟုတ်ဘူး"

"ငွေရှာတယ်ဆိုတာ စင်ကြယ်မှ ကောင်းတာနွဲ့ရဲ့၊ နွဲ့ယောကျ်ားကတော့ . . ."

(စကားမဆုံးမီ) "တော်တော့ ကိုမောင်ခန့် သူ့အကြောင်း မကောင်းပြောတာတွေ ကျွန်မ ဆက်နားမထောင်တော့ဘူး"

"ဒါထက် မောင်တစ်ခု မေးစမ်းပါရစေဦး၊ ဘာဖြစ်လို့ သူ့ကိုယူ လိုက်ရတာလဲ"

"အင်္ဂလိပ် မပြေးခင်ကတည်းက စစ်ရုံးမှာ နွဲ့အလုပ်လုပ်ပြီး၊ ဂျပန်ရဲ့ သူလျှိုလုပ်နေတယ်ဆိုတာ ကိုမောင်ခန့် သိတယ် မဟုတ်လား။ ဒါနဲ့ အင်္ဂလိပ် တက်လာပြီးတဲ့နောက်၊ အင်္ဂလိပ်စစ်ရုံးက သတင်းတချို့ဟာ ဂျပန်ဓာတ်ပုံဆိုင် ဘာဖြစ်လို့ ရောက်ရသလဲဆိုတာ လိုက်ပြီး စုံစမ်းတော့ ဒီဂျပန်ဓာတ်ပုံဆိုင်နဲ့ အဝင်အထွက်ရှိတာ နွဲ့တစ်ယောက်ပဲ ရှိတော့၊ နွဲ့အပေါ် သတ္တုကျပြီး နွဲ့အဖမ်းခံရတာပေါ့။ ဒီတော့ ကိုမြင့်ဦးက အင်္ဂလိပ် စစ်ဗိုလ် မေဂျာဘူကင်နမ်အောက်မှာ လုပ်နေတော့ ကျွန်မလည်း သူနဲ့ မျက်မှန်းတန်းမိတာနဲ့ နွဲ့ကို ကယ်ပါဦးလို့

http://www.cherrythitsar.org



အသနားခံပြီးပြောတော့ သူ ကျွန်မကို ကယ်လိုက်တယ်။ အို . . နောက်ဆုံး သူ့အသက်ကိုပေးပြီး နွဲ့အသက်ကို ကယ်တယ်။ ဒီအသက်သခင် ကျေးဇူးရှင် ကိုမှ မယူရင် ဘယ်သူ့ကို ယူရဦးမှာလဲ"

"နွဲ့ပြောရင် ယုံရတာပေါ့လေ"

"နွဲ့တစ်ခွန်းမှ မုသားမပြောဘူး၊ အချစ်ရဲ့ အဓိပ္ပာယ်ကို မိန်းမများမှ နားလည်တာ"

မောင်မောင်ခန့်သည် စီးကရက်တစ်လိပ်ကို မီးညှိ၍သောက်ကာ ငြိမ် သက်လျက်ရှိလေ၏။

ခင်သန်းနွဲ့က ဆက်လက်၍ "ပြီးတော့ ကိုမောင်ခန့်လည်း သေပြီလို့ ကြားရတော့ နွဲ့မှာ ဘယ်နည်းနဲ့မဆို အားကိုးရာတစ်ခု ရှာရတော့မယ်ဆိုပြီး လက်ထက်လိုက်ရတာပါပဲ ကိုမောင်ခန့်ရယ် . .အဆုံးမတော့ ကျွန်မရဲ့ အသည်းနှလုံးဖြစ်တဲ့ ကိုမောင်ခန့် နေရာမှာ သူ့ကိုအစားထိုး လိုက်ရတာပါပဲ"

"ဒါဖြင့် မောင်သေပြီကြားလို့သာ အခု ကိုမြင့်ဦးကို မောင့်နေရာမှာ အစားထိုးလိုက်ရတယ်လား"

"ဟုတ်တာပေါ့၊ ဟောနားထောင်စမ်း ဘာသံလဲ၊ လူတစ်ယောက် ရှိုက်လိုက်တဲ့ အသံလိုပဲ"

"စိတ်ထင်လို့ပါ နွဲ့ရယ်၊ ဟိုဘက်ခြံထဲက ဖားအော်တာပါ၊ ဒါဖြင့် စင်စစ်အမှန်တော့ မောင်က နွဲ့ရဲ့ အချစ်ဦး . . မောင်သေပြီကြားလို့သာ သူ့ကို ယူရတာ၊ သူ့ကိုတော့ မောင့်ကိုချစ်သလောက် မချစ်ဘူး၊ ဒီလိုပဲ မဟုတ်လား"

"ဟုတ်ပါတယ်လို့ ဘယ်နှစ်ခါ ဝန်ခံရဦးမလဲ၊ နို့ပေမဲ့ သူဟာ နွဲ့အပေါ် မှာ ကောင်းရှာပါတယ် မောင်ရယ်။ သူ့ကျေးဇူးကို နွဲ့ဘယ်တော့မှ ဆပ်လို့ ကုန်မှာ မဟုတ်ပါဘူး"

"မောင့်ကို ချစ်ရိုးမှန်ရင် ဒီလို တစ်ခုလုပ်ပါလား"

"ဘယ်လိုလဲ"

"သူ့ကိုကွာလိုက်"

"ကြည့်စမ်း . .ကြည့်စမ်း . . မဟုတ်တာပြောရှာမယ်။ ချစ်တယ် ဝန်ခံလို့ မောင်ကကဲတက်လာတယ် ဟုတ်စ၊ ကိုင်း . . ကိုမောင်ခန့် သွားပါ တော့ရှင် နွဲ့တောင်းပန်ပါတယ်။ ယောကျ်ားတစ်ယောက်နဲ့ အခုလို အချိန် မတော် နှစ်ယောက်တည်း ချိန်းတွေ့တာတောင် လွန်လှပြီ၊ ဒီဟာ သူ့ကို သစ္စာဖောက်ရာ ရောက်နေပြီ၊ ဒီတော့ တစ်ယောက်နဲ့ တစ်ယောက် ခြေလွန် လက်လွန် မဖြစ်ခင် မောင် ထွက်သွားရင် ကောင်းပါလိမ့်မယ် . . နွဲ့တောင်း ပန်ပါတယ်"

http://www.cherrythitsar.org



မောင်မောင်ခန့်သည် မခင်သန်းနွဲ့အား တစ်ချက်မျှ လှည့်မကြည့်ဘဲ ခြံထဲမှ ထွက်သွားလေ၏။ မခင်သန်းနွဲ့သည် အိမ်ဘက်သို့ လှည့်၍ ပြန်ခဲ့ရာ ဧည့်သည်များအားလုံးပင် ထွက်ခွာသွားကြပြီး ဖြစ်သော်လည်း လူလေးငါး ဆယ်ယောက်တို့မှာ မှောင်ရိပ်ရှိ စားပွဲတစ်လုံးတွင် အရက်များကို သောက် လျက်ပင်ရှိကြသေး၏။ အချိန်သည်ကား လေးနာရီထိုးမျှပင် ရှိခဲ့လေပြီ။

*

(၅)

ကိုမြင့်ဦးသည် သူ၏စားရေးခန်းထဲ၌ ထိုင်ကာစားပွဲတင် ဓာတ်မီး အောက်၌ စာတစ်စောင်ကို ရေးလျက်ရှိ၏။ စားပွဲပေါ်၌ကား ယမ်းထိုးပြီး ခြောက်လုံးပြူးသေနတ်ကို ချထားလေသည်။

*နွဲ့ရေ*

*မောင်ဟာ နွဲ့အကြောင်း . . အခုသိပြီ၊ မြင့်ဦးဆိုတဲ့ အကောင်တစ် ယောက်ဟာ နွဲ့ရဲ့ အသည်းနှလုံးထဲမှာ ဘာမှအဖိုးမတန်ပါကလား။ ဒါကြောင့် လည်း နွဲ့ဟာ မောင့်ကို လင်လိုပြုစုရပေမယ့် အချစ်ကိုတော့ လုံးဝမပေးဘူး ဆိုတာ မောင်သိပြီ၊ ခြသြော် . .အချစ် . . အချစ် . . အချစ်ဆိုတာ ငွေနဲ့ဝယ်လို့ မရနိုင်ပါကလားနော် . .နို့ပေမဲ့ မောင်က သေတဲ့ ပိုဘက်တောင် နွဲ့ကို အလို လိုက်ခဲ့မယ်။ မောင်က ရှောင်ပေးမယ်လေ . . နာရီပိုင်းလောက်ပဲ လိုပါတော့ တယ်။ နွဲ့ လွတ်လပ်တော့မယ်။ နွဲ့သဘောအတိုင်း လုပ်နိုင်တော့မယ်။ နွဲ့ပိုင်တဲ့ အချစ်ကို နွဲ့ရဲ့ ချစ်သူလက်ထဲ လုံးလုံးပေးအပ်နိုင်တော့မယ်။ သွားပြီ နွဲ့ရေ၊ မောင်မရှိတဲ့ နောက်နွဲ့ပျော်ပျော်နေတဲ့ အခါမှာသာ နွဲ့ကို လူတစ်ယောက်ဟာ အသက် ပေးပြီးတောင် ချစ်သွားတယ်ဆိုတာ သတိရပါတော့ သွားပြီနွဲ့ . .*

ကိုမြင့်ဦးသည် စားပွဲပေါ်၌ချထားသော သေနတ်ကို တစ်ချက်လှမ်း၍ ကြည့်လိုက်ပြီးလျှင် စားပွဲရှေ့တည့်တည့်တွင် ဆွဲထားသော မခင်သန်းနွဲ့၏ ဆီဆေးပုံတူကားကြီးကို လှမ်း၍ကြည့်ရန် မီးချောင်းခလုတ်ကို နှိပ်လိုက်၏။

ထိုအခါမှ သူ၏နားထင်တည့်တည့်ကို ခြောက်လုံးပြူးနှင့် ချိန်၍ ထားသော လူသတ်ယောက်ျားကို မြင်ရလေသည်။ လူသတ်ယောက်ျားသည် ကိုမြင့်ဦး၏ မျက်နှာကို ကြည့်ကာ ကြောက်မက်ဖွယ်ကောင်းသော ပြုံးခြင်း မျိုးဖြင့် တစ်ချက်ပြုံးလိုက်၏။ ထို့နောက်စားပွဲပေါ်မှ ကိုမြင့်ဦး၏ သေနတ်ကို ဆွဲယူပြီးလျှင် ခါး၌ ထိုးလိုက်လေသည်။

"ဟော့ . .မြင့်ဦး . . လူလိမ်"

"ခင်ဗျား ဘယ်သူလဲ"

http://www.cherrythitsar.org



"အောင်မယ် ခင်ဗျား ဘယ်သူလဲတဲ့ ဟုတ်လိုက်လေကွယ်။ ကြည့်စမ်း ငါ့မျက်နှာ သေသေချာချာ"

"မသိဘူး . .မသိဘူး"

"တောင်ကြီးက ဖိုးကျန်ဆိုတာ မင်းမသိတော့ဘူး ဟုတ်စ . . ဘာသိတော့မလဲကွယ် . . မင်းကလိမ်လို့ အားရမှပဲ၊ ငွေတစ်ထောင် ထောင့်ငါးရာ လိမ်သွားရင် အရေးမကြီးပါဘူး။ အခုတော့ . . ရွှေရည်စိမ်ထားတဲ့ ကြေးဝါတွေကို ညကြီးမင်းကြီးမှာ ရွှေချောင်းလုပ်ပြီး ငွေနှစ်သောင်းလှည့်ယူသွားတာ တော်သလား မြင့်ဦးရယ်။ မင်းစဉ်းစားကြည့် စမ်း . . မင်းလုပ်လိုက်တာ . . ငါမှာ မယားလည်းဆုံး ပစ္စည်းလည်း ပြုတ်ပြုတ်ပြုန်းပြီ . .ဒီတော့ ဒီလူလိမ်မျိုးတွေ တို့နိုင်ငံမှာ နောက်မရှိရ အောင် သုတ်သင်ပေးဖို့ကလွဲလို့ ..."

စကားမဆုံးမီ ကိုမြင့်ဦးသည် ကလောင်တံကို ကိုင်လိုက်ပြီးနောက်–

"ကိုင်း . . စကားမရှည်ပါနဲ့တော့ မိတ်ဆွေ . . ခင်ဗျား ကျုပ်ကို သတ်ဖို့လာတာ မဟုတ်လား"

"သတ်မယ်ဟေ့ . . သတ်ရအောင်လာတာပဲ"

"ကျုပ်ကလည်း သေဖို့အသင့်ပဲ၊ ဒါထက် ခဏနေပါဦး၊ ကျုပ် ရေးထားတဲ့စာ လက်မှတ်ထိုးလိုက်ပါရစေဦး"

ကိုမြင့်ဦးသည် စာအောက်တွင် လက်မှတ်ရေးထိုးပြီးနောက် –

"ကိုင်း . .သဘောအတိုင်းပဲ၊ မိတ်ဆွေ ခပ်မြန်မြန်လုပ် အချိန်မရှိဘူး"

လူသတ်ယောက်ျားသည် စကားပြန်၍မပြောတော့ချေ။ ကိုမြင့်ဦး၏ နားထင်တည့်တည့်ကို ချိန်ရွယ်ကာ သေနတ်မောင်းကို ဖြုတ်ချလိုက်လေသည်။

ထို့နောက် အိမ်ရှေ့မှလူသံကြားရသဖြင့် အသင့်ဖွင့်ထားသော နောက်ဖေးလှေကားမှ ဆင်းကာ ဘိုင်ကုလားများနှင့် ခေတ္တရောနှောနေပြီးနောက် ခြံစည်းရိုးမလွယ်ပေါက်တစ်ခုမှ လမ်းဘက်သို့ ထွက်သွားလေသည်။

❖

# ဘာကိစ္စပါလဲ ရှင်

ပဲခူးမြို့ ဆင်ခြေဖုံး ရပ်ကွက်တစ်ခုရှိ ချောင်ကျသော နေရာတစ်နေရာတွင် လူမနေသော ရှေးအိမ်ကြီးတစ်ဆောင်ရှိရာ သရက်ပင်၊ ကုက္ကိုပင်၊ မန်ကျည်းပင် စသော သစ်ပင်ကြီးများ ဝိုင်းရံလျက်ရှိသဖြင့် လမ်းပေါ်မှကြည့်လျှင် အိမ်ကြီးကိုပင် မမြင်ရသလောက် ရှိလေသည်။ မြို့နှင့် မနီးသော ဆင်ခြေဖုံးလည်း ဖြစ်ပြန်၊ အလွန်ကျယ်ဝန်းသော ခြံကြီးတစ်ခြံ အတွင်း၌လည်း ရှိပြန်၊ လူလည်းမနေပြန်သဖြင့် ရွာသားများသည် ထိုအိမ်ကြီးအနီးသို့ သွားရန်ပင် ကြောက်ရွံ့ကြ၏။ သို့သော် ထိုအိမ်ကြီးကို ကြည့်ရှုရန် မိန်းမကြီးတစ်ယောက်ကို အစောင့်အရှောက်အဖြစ် အိမ်ရှင်က ငှားထားသဖြင့် မိန်းမကြီးမှာ ထိုအိမ်၌ပင် တစ်ယောက်တည်း နေထိုင် လေသည်။

ဆောင်းဥတု၏ တစ်နေ့သော ညနေစောင်းအချိန်၌ ထိုအိမ်ကြီး၏ အိမ်ရှေ့တံခါးမကြီးမှ တံခါးခေါက်သံ သုံးလေးချက်မျှ ကြားရပြီးလျှင် "အိမ်ရှင်များ မရှိကြဘူးလား ခင်ဗျာ" ဟူသော အသံတစ်သံကို ကြားလိုက်ရသဖြင့် အိမ်စောင့် ဒေါ်လှညိုသည် ဖယောင်းတိုင်တစ်တိုင်ကို ထွန်း၍ မြှောက်ကိုင်ကာ အိမ်နောက်ဖေးခန်းမှ အိမ်ရှေ့ခန်းမဆောင်သို့ ခပ်သုတ်သုတ် လျှောက်လာပြီးနောက် တံခါးမင်းတုပ်ကိုမ၍ သစ်သားတံခါးကို ဖွင့်လိုက်၏။ သို့သော် အပြင်ဘက်ရှိ သံခေါက်တံခါးကို မဖွင့်သေးဘဲ တံခါးခေါက်သူ၏ မျက်နှာကို အကဲခတ်ရင်း "ဘာကိစ္စပါ လဲ ရှင်" ဟု မေးလိုက်လေသည်။

http://www.cherrythitsar.org


ဧည့်သည်လူကြီးသည် သူ၏ကုတ်အင်္ကျီအတွင်းမှ စာအိတ် ခပ်ရှည်ရှည်တစ်လုံးကို ထုတ်၍ပေးလျက် –
"အိမ်ကြည့်ချင်လို့ပါခင်ဗျာ"

"ဟုတ်ကဲ့"

"ဟောဒီစာက . . အိမ်နဲ့မြေယာရောင်းဝယ်ရေး ဘောဂဗလ အက်စတိတ်ထရေဒင်ကုမ္ပဏီက ဒီအိမ်ကြီးကို ကြည့်ဖို့ ကျွန်တော့်ကို လွှတ်လိုက်လို့ပါ"

"သြော်"

"ကုမ္ပဏီက ညွှန်ကြားလိုက်တဲ့ စာပါပါတယ်၊ ဖတ်ကြည့်ပါ"

"ကောင်းပါပြီရှင် . .ဝင်ပါ"

ဒေါ်လှညိုသည် အနီးရှိ သံချိတ်တွင် ချိတ်ထားသော သော့တွဲကို လှမ်းယူကာ သံတံခါးတွင် တပ်ထားသည့် သော့ခလောက်ကို ဖွင့်လိုက်ပြီးနောက် တံခါးရွက် နှစ်ချပ်ကို နံဘေးတစ်ဖက်တစ်ချက်သို့ ဆွဲလိုက်၏။

အချိန်မှာ ၆ နာရီခန့်သာ ရှိသေးသော်လည်း ပြာသိုလ၏ ညနေစောင်း ဖြစ်သောကြောင့် အလင်းရောင် အင်အားနည်းပါးပြီးလျှင် ပတ်ဝန်းကျင်မှ သစ်ပင်များ၏ အမှောင်ရိပ်များကလည်း ရှိနေသဖြင့် အတော်ပင် မှောင်၍နေလေပြီ။ အိမ်တွင်းသို့ ဧည့်သည်ကြီး ဝင်လာသောအခါ ဒေါ်လှညိုသည် သံတံခါးကို ပြန်၍စေ့လိုက်ပြီးနောက် ဖယောင်းတိုင်ကို ကိုင်မြှောက်ကာ ဧည့်ခန်းရှိရာသို့ ခေါ်လာခဲ့ရာ လူကြီးလည်း ၎င်းနောက်မှ လိုက်ပါလာခဲ့လေ၏။ ဖယောင်းတိုင်မီးမှာ အပြင်မှ လေတစ်ချက် သုတ်လိုက်သည်တွင် ၎င်းတို့နှစ်ယောက် စပ်ကြား၌ အဝါရောင် တံခွန်ကြက်လျှာကလေးသဖွယ် တဖျတ်ဖျတ်လှုပ်ရှားလျက်ရှိလေသည်။ ဧည့်ခန်းတွင် ကြိမ်ကုလားထိုင်ကြီး လေးလုံးရှိသဖြင့် ဒေါ်လှညိုသည် ကုလားထိုင်တစ်လုံးကို ညွှန်ပြလျက် –

"ထိုင်ပါရှင် . . ထိုင်ပါ"

"အခုလို အချိန်မတော်လာပြီး အနှောင့်အယှက်ပေးရတဲ့အတွက် အင်မတန် အားနာပါတယ် ခင်ဗျာ။ ကျွန်တော်လာခဲ့ရတာ ခရီးကလည်း ဝေးပြီး မီးရထားတစ်စင်းကိုလည်း မမှီလိုက်တော့ ရန်ကုန်က ပဲခူးကို မမှောင်ခင်ရောက်အောင်ဆိုပြီး တက္ကစီတစ်စီး ငှားလာခဲ့ရပါတယ်။ ဒါကြောင့် အတော်မှောင်သွားတာပါ"

"ဟုတ်ကဲ့ . . နို့ပေမဲ့ အားနာစရာ မရှိပါဘူးရှင်၊ အိမ်ကို လိုက်ပြဖို့က ကျွန်မ တာဝန်ပါ။ ဒီလိုပဲ အိမ်ကြီးကို ငှားချင်တဲ့လူတွေ၊ ဒီအိမ်ကြီးကို ဝယ်ချင်တဲ့လူတွေ တစ်ခါတလေ လာကြည့်ကြပါတယ်"

http://www.cherrythitsar.org



ဧည့်သည်ယောကျ်ားကြီးသည် အရပ်မြင့်၍ ကိုယ်လုံးကိုယ်ထည် အတော်အသင့် ထွားကျိုင်း၏။ အသက်မှာ ငါးဆယ်ကျော်ခြောက်ဆယ် နီးပါးခန့်ဟု ခန့်မှန်းရသော်လည်း အတော်ပင် ဖျတ်လတ်သွက်လက်ဟန် လက္ခဏာရှိ၏။ မီးခိုးရောင် ကုတ်အင်္ကျီနှင့် ဖလန်နယ် အပြာကွက် လုံချည်ကို ဝတ်ထားပြီးလျှင် သက္ကလတ် ဦးထုပ်တစ်လုံးကို ဆောင်းကာ နီညိုရောင် ရှူးဖိနပ်စသည်တို့ဖြင့် အတော်အတန် သားနား သပ်ရပ်စွာ ရှိနေလေသည်။

ဒေါ်လှညိုသည် ဧည့်သည်အား အားနာသည့်ဟန်ဖြင့် –

"အိမ်မှာလည်း ဓာတ်မီးက မရှိတော့ ကြည့်ချင်တယ်ဆိုရင် ဖယောင်းတိုင်နဲ့ပဲ လိုက်ပြရမှာပဲ"

"ကိစ္စမရှိပါဘူး ခင်ဗျာ၊ ဖယောင်းတိုင်နဲ့ပဲ မြင်ရပါတယ်။ ကျွန်တော်လာတာကလည်း မှောင်နေမှကိုး ခင်ဗျ"

"အိမ်ကြီးကတော့ ရှေးအိမ်ကြီးတစ်ဆောင်ပဲရှင်၊ ဆောက်ထားပုံကလည်း ကျယ်ကျယ်ခံ့ခံ့ကြီး"

ဒေါ်လှညိုမှာ အသက်ငါးဆယ်ရှိပြီဖြစ်၍ ကိုယ်လုံးကိုယ်ထည် အတန်ငယ်ကြုံလှီဟန်ရှိသော်လည်း သွက်လက်ဖျတ်လတ်သော ရုပ်လက္ခဏာရှိလေသည်။

ငယ်စဉ်က ကျောင်းဆရာမ လုပ်ခဲ့ဖူး၏။ အသက်လေးဆယ်ခန့်အရွယ်တွင် လင်ယောကျ်ားသေဆုံး၍ မုဆိုးမဖြစ်ခဲ့ပြီးနောက် အတော်ပင် ဆင်းရဲ၍နေခဲ့ရာ အိမ်ရှင်နှင့် ဆွေစမျိုးစ တော်သည့်အတိုင်း ဤအိမ်ကြီးကို ကြည့်ရှုရန် အိမ်ရှင်က အိမ်ငှားထားခဲ့ခြင်းဖြစ်လေသည်။ ဧည့်သည်ကြီးသည် ဖယောင်းတိုင် မီးရောင်ဖြင့် မြင်ရသည့် အိမ်ရှေ့ခန်းနှင့် ကြမ်းပြင်မှ ဖုန်များကိုလည်းကောင်း၊ မျက်နှာကြက်နှင့် ထရံထောင့်မှ ပင့်ကူအိမ်များကိုလည်းကောင်း ကြည့်ရှုပြီးနောက် –

"ဒါဖြင့် ဒီအိမ်ကြီးမှာ လူမနေတာ အတော် ကြာပြီလား"

"ဟိုကိစ္စ၊ အဲလေယောင်လို့၊ ဟိုတုန်းကတည်းက"

ဒေါ်လှညိုသည် စကားလွန်သွားမည်ကို စိုးသည့်ဟန်ဖြင့် ရုတ်တရက် စကားဖြတ်လိုက်ပြီးနောက် ဆက်လက်၍ –

"ကျွန်မစိတ်အထင်ကတော့ ဒီအိမ်ကြီးမှာ လူမနေတာ အနှစ် ၂၀ ကျော်လောက် ရှိပြီထင်တယ်"

စကားဆက်ပြောရင်း ဖယောင်းတိုင်မီးကို မြှောက်ကာ –

"ကြည့်စမ်းပါရှင် ... ဟောဒါက ဧည့်ခန်း၊ အိမ်ထောင် ပရိဘောဂတွေလည်း ရှေးရိုးအတိုင်းဆိုပေမဲ့ အတော်ကောင်းပါတယ်။ အုတ်နံရံတွေမှာ

http://www.cherrythitsar.org



ကပ်ထားတာတွေကလည်း အားလုံး ကျွန်းသားချည်းပဲ။ အပေါ်ထပ်ကိုတက်တဲ့ လှေကားကြီးမှာလည်း ပန်းပြောက်ပန်းနွယ်တွေနဲ့၊ ရှေးဟန်အတိုင်း ဆောက်ထားလေတော့ အတော်ခန့်ညားပါတယ်"

ဒေါ်လှညိုသည် စကားပြောရင်း လျှောက်သွားလျက်ရှိရာမှ ဧည့်သည်အား ရုတ်တရက်ပြန်ကြည့်လိုက်ရာ ဧည့်သည်မှာ တခိုက်ခိုက် တုန်နေသဖြင့် လက်နှစ်ဖက်ကို ပူးယှက်ကာ ပွတ်သပ်နေသည်ကို တွေ့မြင်ရ၏။

"အမှန်ကတော့ ကျွန်တော် ကားစီးလာတာ အအေးမိပြီး ကတုန်ကယင် ဖြစ်နေတာပါ ခင်ဗျာ။ အင်း ... ရေနွေးကလေး တစ်ခွက်လောက်များ ရနိုင်ရင်တော့"

"သြော် ... ရနိုင်ပါတယ်။ ကော်ဖီပူပူကလေး တစ်ခွက်လောက်သောက်လိုက်ရင် နွေးသွားပါလိမ့်မယ်။ ရေနွေးအိုး တည်ထားတာလည်း ဆူလုပါပြီ"

"ကျေးဇူးပါပဲခင်ဗျာ"

ဒေါ်လှညိုသည် မီးဖိုဆောင်ဘက်သို့ မဝင်မီဧည့်သည်ယောကျ်ားကြီးအား ပြန်၍အကြည့်တွင် ဧည့်သည်ကြီးမှာ လက်ယာဘက် ခြေထောက်မသန်သဖြင့် ခြေထော့ကျိုးလျှောက်၍ လာသည်ကို တွေ့ရ၏။ အခန်းကလေးအတွင်းသို့ ရောက်သောအခါ ဒေါ်လှညိုက ကြိမ်ကုလားထိုင်တစ်လုံးကို ညွှန်ပြလျက် နေရာထိုင်ခင်းပေးလေရာ ဧည့်သည်လည်း ကုလားထိုင်ပေါ်တွင် ထိုင်လိုက်လေ၏။ ဒေါ်လှညိုသည် အခန်းနံရံတစ်ဘက်ကို ခါးပန်းပေါ်တွင် တင်၍ထားသော အပြာနုရောင် ဖန်ပြောင်းတပ်ထားသည့် ရေနံဆီမီးအိမ်ကလေးတစ်လုံးကို ထွန်းညှိလိုက်သဖြင့် အခန်းကလေးမှာ အတော်အတန် လင်းချင်း၍သွားလေသည်။ ထို့နောက် ကော်ဖီဖျော်ရန် မီးဖိုထဲသို့ဝင်သွားလေ၏။

တစ်ခဏမျှကြာသောအခါ ဒေါ်လှညိုသည် ကော်ဖီပန်းကန်ကို ကိုင်၍ ဝင်လာပြီးလျှင် ပန်းကန်ကို စားပွဲကလေးပေါ်သို့ ချပြီးနောက် –

"သုံးဆောင်ပါရှင်"

"နို့ ... ခင်ဗျားကော"

"ကျွန်မတော့ မီးဖိုထဲမှာပဲ သောက်တော့မယ်"

"ဟာ ... မဟုတ်တာခင်ဗျာ၊ ဒီစားပွဲမှာပဲ လာသောက်ပါ။ ကြုံကြိုက်တဲ့အခိုက် စကားစမြည်လည်း ပြောရင်းပေါ့။ ကျွန်တော့်နာမည်က မောင်ငြိမ်းမောင်လို့ ခေါ်ပါတယ်။ ခင်ဗျားနာမည်ကကော"

"မလှညိုတဲ့"

http://www.cherrythitsar.org


ဦးငြိမ်းမောင်သည် ကော်ဖီကို နှစ်ခြိုက်စွာ သောက်လျက်ရှိလေ၏။ ဒေါ်လှညိုသည်လည်း ကော်ဖီပန်းကန်ကို ယူခဲ့ပြီးလျှင် စားပွဲကလေး၌ပင် သောက်လျက်ရှိလေသည်။

"အင်း … အခုမှပဲ နေသာထိုင်သာ ရှိသွားတော့သဗျာ၊ ကော်ဖီလေး ပူပူသောက်လိုက်ရတာ ကျေးဇူးတင်လိုက်တာ ဒေါ်လှညိုရေ့၊ ဒီအခန်းကလေး က တယ်နွေးတာပဲ"

"လေလုံတော့ နွေးတာပေါ့ရှင်"

"ဒေါ်လှညို ဒီအိမ်ကြီးမှာ တစ်ယောက်တည်း နေတယ်နော်"

"ဟုတ်ပါတယ်"

"မကြောက်ဖူးလား"

ဒေါ်လှညိုသည် ဦးငြိမ်းမောင်၏မျက်နှာကို ရုတ်တရက် မော်၍ ကြည့်လိုက်မိ၏။

"ကြောက်စရာ မရှိပါဘူး ဦးငြိမ်းမောင်ရဲ့"

"ကျွန်တော်တော့ မသိဘူး။ တချို့လူတွေဟာ အဖော်မရှိရင် မနေ တတ်ကြဘူး။ ဒါထက် တစ်ခုမေးပါရစေဦး၊ အနှစ်နှစ်ဆယ်အတွင်းမှာ ဒီအိမ် ကြီးကို ငှားတဲ့လူလည်း မရှိဘူး၊ ဝယ်မယ့်လူလည်း မရှိဘူးဆိုပါတော့"

"ဟုတ်ကဲ့ . . လာကြည့်တဲ့လူတွေတော့ မကြာမကြာလာပါတယ်"

"အံ့ဩစရာပဲဗျာ၊ အင်မတန်ကောင်းတဲ့အိမ်ကြီးပဲ။ အခု အိမ်ရှင်က ဘယ်သူလဲ"

"ရန်ကုန်က ဒေါက်တာကျော်မင်းတဲ့ရှင့်၊ ရန်ကုန်မှာ အလုပ် လုပ် တော့ သူကိုယ်တိုင် ဒီလာမနေနိုင်ဘူးဆိုပါတော့"

"မူလက ဘယ်သူပိုင်သလဲ ဒေါ်လှညို"

ဒေါ်လှညိုသည် စဉ်းစားနေသည့်ဟန်ဖြင့် အတန်ကြာ ငြိမ်သက် လျက် ရှိနေပြီးနောက် –

"သစ်ကုန်သည် ဦးတင်သိန်း ဆိုလားပဲ"

"ဩော် . .ဦးတင်သိန်းတဲ့လား၊ ဒီမယ် ဒေါ်လှညို . . ခင်ဗျား ဒီမှာ နေတာကြာပြီ။ ဒီအိမ်ကြီးအကြောင်း ဘာမှမကြားမိဘူးလား"

"မကြားမိပါဘူးလားရှင်"

"တစ်ခါတစ်ခါ ညညမှာ ဒီအိမ်ကြီးထဲက ထူးထူးဆန်းဆန်း အသံ တွေ ကြားရတယ်လို့ကော မထင်မိဘူးလား"

"ဟင့်အင် . . မထင်မိပါဘူး၊ ကျွန်မ အတွေးမခေါင်ပါဘူးရှင်"

ဒေါ်လှညိုသည် ဦးငြိမ်းမောင်၏ မေးခွန်းများကို "ဘူးခါ" လျက်ရှိသော်လည်း စိတ်ထဲ၌မူ အတော်အတန် ထိတ်လန့်တုန်လှုပ်၍ လာခဲ့လေပြီ။ သူ၏ကြောက်စိတ်ကို အချိန်ကြာမြင့်စွာ ဖုံးကွယ်ထားနိုင်ပါမည်လား။

"ကျွန်တော်မေးတာ စိတ်မရှိပါနဲ့ ဒေါ်လှညို၊ အခုလို လူသူမရှိတဲ့ အိမ်ကြီးတွေနဲ့ ပတ်သက်ပြီး လူတွေက အမျိုးမျိုး ပြောကြလွန်းလို့ပါ၊ ဒါထက် ဦးတင်သိန်းဆိုတဲ့လူဟာ အခုရှိသေးသလား"

"ဒီဟာ ကျွန်မ မပြောတတ်ဘူးရှင်၊ လူတွေကတော့ အမျိုးမျိုး ပြောကြတာပေါ့၊ ဒီဟာတွေ ရှင် နားထောင်လို့ အကျိုးမရှိပါဘူး"

"မဟုတ်ဘူး ဒေါ်လှညို၊ ကျွန်တော် နားထောင်ချင်တယ်။ ကျွန်တော် စိတ်ဝင်စားတယ်"

ဦးငြိမ်းမောင်သည် အကယ်ပင် စိတ်ဝင်စားသည့်ဟန်ဖြင့် ဒေါ်လှညို၏ မျက်နှာကိုကြည့်၍ စိတ်အားထက်သန်စွာ ပြောလိုက်လေသည်။

"သိရင်တောင် ပြောလို့ မဖြစ်သေးဘူးရှင်။ အိမ်ကြည့်လာတဲ့ လူတွေကို ကျွန်မက ဒီအိမ်ကြီးအကြောင်းတွေ လျှောက်ပြောနေတယ်လို့ အိမ်ရှင်က ကျွန်မအပေါ် အထင်လွဲသွားရင် ကျွန်မ ထမင်းအိုးကွဲသွားမယ် မဟုတ်လား။ ဒီအိမ်ကြီးကို မဝယ်ဖြစ်အောင် မငှားဖြစ်အောင် ကျွန်မက ကြားထဲက နှောင့်ယှက်နေတယ် ထင်မှာပေါ့"

"ကျွန်တော်လိုလူမျိုး ပြောလို့ အရေးမကြီးပါဘူးဗျာ။ ဪ ဒါထက် ဒီအိမ်ကြီးရဲ့ မူလပိုင်ရှင် ဦးတင်သိန်းဟာ လူတစ်ယောက်ကို သေနတ်နဲ့"

"အလို" ဟု ဒေါ်လှညိုက အသံထွက်ကာ လန့်၍အော်လိုက်၏။ သောက်နေသော ကော်ဖီပန်းကန်က စားပွဲပေါ်သို့ ရုတ်တရက် လန့်၍ချလိုက်သဖြင့် ပန်းကန်လုံးနှင့် ပန်းကန်ပြား တိုက်မိသည့်အသံပင် ပေါ်ထွက်လာလေသည်။ ဒေါ်လှညိုက ရုတ်တရက် လန့်ဖျပ်သွားသည့်ဟန်ဖြင့် –

"လက်စသတ်တော့ ဦးငြိမ်းမောင်က ဒီအိမ်အကြောင်းကို သိနေနှင့်မှကို"

"ကျွန်တော် သိတာ နည်းနည်းပါခင်ဗျာ။ ဒေါ်လှညိုသိတာ ပြောစမ်းပါဦး"

"မပြောပါရစေနဲ့ရှင်၊ မိန်းမသားတစ်ယောက်တည်း နေရတာပါ"

"ဒါထက် ည ညမှာ အိမ်ထဲက ထူးထူးဆန်းဆန်း အသံတွေ ကြားရတယ်လို့ ပြောကြတယ်။ အဲဒါ ဘာသံတွေလဲဗျ"

"အို . .ဒါတွေက စိတ်အထင် ပြောတာပါရှင်၊ လေတိုက်တာ ဖြစ်ချင်ဖြစ်မယ်။ တစ်ခါတလေ လေတိုက်တဲ့အသံတွေဟာ ခြေသံတွေလိုလို၊ လူ

http://www.cherrythitsar.org



စကားပြောသံတွေလိုလို ထင်ရတယ်။ တစ်နေရာရာမှာ ပတ္တာချောင်နေတဲ့ တံခါးတစ်ချပ်ဟာ လေပြင်းတိုးလို့ နံရံနဲ့ဆောင့်ပြီး ဒိုင်းခနဲ မြည်သွားချင်သွားမယ်"

ဦးငြိမ်းမောင်သည် ကိုယ်ကိုရှေ့သို့ အနည်းငယ်ကိုင်းကာ ဒေါ်လှညို၏စကားများကို စိတ်ဝင်စားစွာ နားထောင်လျက်ရှိလေ၏။ သူ၏ မျက်လုံးများမှာ အစွဲအလမ်းတစ်ခုခု၌ အာရုံဝင်စားကာ ပြူးကြောင်ကြောင် ဖြစ်နေသကဲ့သို့ ရှိလေသည်။ ထို့နောက် ဒေါ်လှညိုအား –

"တစ်ခါတစ်လေ ဒိုင်းခနဲ သေနတ်ပစ်သံနဲ့တူတဲ့ အသံမျိုးကိုကော မကြားမိဘူးလား"

"သေနတ်ပစ်သံနဲ့တော့ တူပါတယ်။ နို့ပေမဲ့ ကျွန်မ မယုံပါဘူး ရှင်"

"တချို့လူတွေက ဒီအိမ်ကြီးဟာ ကြမ်းတယ်လို့ ပြောကြတယ်။ ဘာကြမ်းတယ်ဆိုတာလည်း မသိဘူးလား ဒေါ်လှညို"

"အိမ်တစ်အိမ်မှာ ဝမ်းနည်းကြေကွဲစရာ အဖြစ်အပျက်တစ်ခုပြီးတဲ့အခါ လူတွေဟာ အမျိုးမျိုး ပြောတတ်ကြတယ်။ အဲဒါ ဓမ္မတာပဲ။ နို့ပေမဲ့ ဒီလိုပြောကြတာတွေဟာ အလကား စကားတွေပဲလို့ ကျွန်မ အောက်မေ့တယ်"

"ခင်ဗျားကိုယ်တိုင်တော့ ဒီအိမ်ကြီးမှာ ဘာမှ မတွေ့ရဘူးလား"

"မတွေ့ရပါဘူးရှင်၊ မှောင်လာရင်လည်း စာကြည့်ခန်းနားကို ဘယ်တော့မှ မသွားဘူး"

ဒေါ်လှညို၏အသံသည် တုန်လှုပ်၍နေလေ၏။

"စာကြည့်ခန်း ဟုတ်လား၊ အဲဒီလို အသံတွေဟာ အဲဒီအခန်းထဲက ထွက်လာတဲ့ အသံတွေ ဖြစ်ရမယ် မဟုတ်လား ဒေါ်လှညို။ ဟို အတိတ်က ဖြစ်ပျက်ခဲ့တဲ့ ..."

"အနှစ်နှစ်ဆယ်လောက်ပဲရှိမှ ဖြစ်နိုင်ပါဦးမလားရှင်၊ မဟုတ်နိုင်တာ"

"အဲဒီအနှစ်နှစ်ဆယ်လောက်က ဖြစ်တာလေး တဆိတ်ပြောစမ်းပါဦး ဒေါ်လှညို"

"ဒီလိုပါရှင်၊ အဲဒီ အချိန်တုန်းက ဒီအိမ်ကြီးကို ပိုင်တဲ့ ဦးတင်သိန်းဆိုတဲ့လူဟာ အဲဒီအိမ်မှာ နေတယ်။ ပစ္စည်းဥစ္စာနဲ့လည်း ပြည့်စုံပြီး လူချစ်လူခင်လည်း ပေါတယ်။ နို့ပေမဲ့ တချို့ကပြောတော့ ဦးတင်သိန်းဟာ တစ်ခါတစ်ခါ နည်းနည်းစိတ်မနှံ့သလို ဖြစ်တတ်တယ် ပြောတယ်။ ပြီးတော့ သူတင်မကဘူး။ သူတို့မျိုးရိုးဟာလည်း မျိုးနဲ့ရိုးနဲ့ လိုက်ပြီး အနည်းနဲ့အများ ရူးသွပ်တဲ့ဝေဒနာ စွဲကပ်တာချည်းပဲလို့ ပြောကြတယ်။ ဒီအခါတုန်းက ဦးတင်သိန်းဟာ အသက်

၃၀ လောက်ပဲ ရှိလိမ့်ဦးမယ် ထင်တယ်။ ပြီးတော့ သူဟာ အမဲလိုက်အင်မတန် ဝါသနာပါပြီး မြင်း လည်း အင်မတန် အစီးကောင်းသတဲ့ရှင်”

ဤနေရာတွင် ဦးငြိမ်းမောင်က ကြားဖြတ်၍ –

“သြော် ဦးတင်သိန်းဟာ မြင်းစီးကောင်းပြီး အမဲလိုက်လည်း ဝါသနာပါသကိုး၊ ဟုတ်ကဲ့ ပြောပါဦး ဒေါ်လှညို”

“ဦးတင်သိန်းဟာ ပုသိမ်က မြေပိုင်ရှင်တစ်ယောက်ရဲ့ သမီး မခင်ကျော့ဆိုတဲ့ မိန်းမတစ်ယောက်နဲ့ လက်ထပ်ခဲ့တယ်။ မိန်းကလေးက အသက် ၁၈ နှစ် ၁၉ နှစ်အရွယ် ခေတ်ပညာတတ် အချောအလှလေးဆိုတော့ ဦးတင်သိန်းဟာ သူ့ဇနီးကလေးကို အင်မတန် ချစ်မြတ်နိုးရှာတယ်။ မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခင်ယုယရှာတယ်”

“ဦးတင်သိန်းမှာ ကိုဖေသန်းဆိုတဲ့ကျောင်းနေဖက် သူငယ်ချင်း တစ်ယောက်ရှိတယ်။ သူကဦးတင်သိန်းထက် သုံးနှစ်လောက် ငယ်တယ်။ အဲဒီလူက သစ်စက်ပိုင်ရှင် လူပျိုကြီးတစ်ယောက်တဲ့ရှင်။ ကိုဖေသန်းဟာ ရုပ်ရည်က လည်း သန့်ပြန့်၊ နေဂုဏ်ကလေးကလည်း ရှိလေတော့ မိန်းမတွေက သူ့ကို ကြိုက်ကြတယ်။ နို့ပေမဲ့ သူက ဘယ်မိန်းမမှ မယူဘူး။ ဝီစကီကလေး တမြမြနဲ့ နေရရင် ပျော်နေတာပဲတဲ့။ ဦးတင်သိန်းက သစ်ကုန်သည်၊ ကိုဖေသန်းကလည်း သစ်စက်ပိုင်ရှင်ဆိုတော့ သူတို့နှစ်ယောက်ဟာ သစ်တောဘက်က အရာရှိတွေနဲ့ အကြောင်းအပေါင်းသင့်ပြီး သစ်တောအရာရှိတွေ သစ်တောကြိုးဝိုင်းထဲ ဆင်းတဲ့အခါ သူတို့ နှစ်ယောက်လည်း တောထဲမှာ အမဲလိုက်လေ့ရှိကြတယ်။ သူတို့ နှစ်ယောက်ဟာ ဝါသနာချင်းတူကြတော့ ကိုဖေသန်းဟာ ဦးတင်သိန်းတို့ အိမ်ကို အမြဲဝင်ထွက် သွားလာနေရာက ဦးတင်သိန်းရဲ့မိန်းမ မခင်ကျော့နဲ့လည်း ခင်မင်ရင်းနှီးသွားတယ်ဆိုပါတော့ရှင်။ ကိုဖေသန်းနဲ့ မခင်ကျော့တို့ဟာ မိတ်ဆွေရင်းချာ အနေမျိုးထက် တစ်စတစ်စ ပိုလာတဲ့အခြေမျိုးကို ရောက်လာကြပါလေရော။ တချို့ကလည်း ရိုးရိုးတန်းတန်း မောင်လိုနှမလို ခင်မင်ကြတယ်။ တချို့ကလည်း ဦးတင်သိန်းရဲ့ မိန်းမဟာ သစ္စာဖောက်တယ် ဆိုပြီး အမျိုးမျိုး ပြောကြသတဲ့ ရှင့်၊ အို . .ဘာပဲဖြစ်ဖြစ် သေတဲ့လူတွေရဲ့အကြောင်းကို ပြောဖို့ မကောင်းပါဘူးရှင်”

ဦးငြိမ်းမောင်သည် ဒေါ်လှညိုပြောသော စကားများကို စိုက်၍ နားထောင်ရင်း စိတ်ထဲတွင် တစ်စုံတစ်ရာကို စဉ်းစားလျက်ရှိလေသည်။

ဒေါ်လှညိုက ဆက်လက်၍ –

“ဒီလိုနဲ့ နေလာကြရာက အခုလိုဆောင်းဥတု နေ့တစ်နေ့မှာ ဦးတင်သိန်းဟာ သူ့သူငယ်ချင်း ကိုဖေသန်းနဲ့အတူ တောထဲမှာ အမဲလိုက်ရင်းက

http://www.cherrythitsar.org



မြင်းပေါ်က လိမ့်ကျပြီး ခြေထောက်တစ်ဖက်ကျိုးသွားတယ်။ သူဟာ ခြေကျိုးသွားတဲ့အချိန်ကစပြီး သူ့စိတ်ဟာ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတယ်။ သူဟာ အရင်ကလို ပျော်ပျော်ရွှင်ရွှင်မရှိတော့ဘူး။ စာကြည့်ခန်းထဲမှာ စာကြည့်ရင်း ဝီစကီသောက်ရင်းနဲ့ အချိန်ကုန်နေတော့တာပဲ။ သူ့ခြေထောက်ဟာ တဖြည်းဖြည်း ပြန်ကောင်းလာပေမယ့် အရင်ကလိုမသန်တော့ဘဲ အိမ်ထဲမှာ လမ်းလျှောက်တာတောင် တုတ်ကောက်ကို အားပြုပြီး လျှောက်ရတယ်။ အဲဒီအချိန်မှာ ဦးတင်သိန်းရဲ့စိတ်ဟာ ဂနာမငြိမ်ဘဲ မျက်လုံးတွေက ကြောင်တောင်တောင်နဲ့ ဘာလုပ်လို့ လုပ်မှန်းမသိ၊ ဘာကိုင်လို့ ကိုင်မှန်းမသိ ဖြစ်နေတယ်။ တစ်ယောက်တည်း ရယ်ချင်ရယ်နေတယ်။ တစ်ယောက်တည်း စကားပြောချင်ပြောနေတယ်။ သူ့ခြေမသန်လို့ အိမ်ပြင်မထွက်နိုင်တဲ့ အချိန်ကစပြီး သူ့မယား မခင်ကျော့ဟာ သူ့ယောကျ်ားအနားကို တယ်မကပ်တော့ဘူး။ လင်သားအပေါ် ဝတ်ကြီးဝတ်ငယ် ပြုရမယ့် ကိစ္စတွေကို အစေခံတွေနဲ့ လွှဲထားပြီး သူကတော့ ကိုဖေသန်းနဲ့ တွဲပြီး ညကလပ်တွေတက်၊ ဖဲရိုက်၊ ပွတ်သဘင်ကနဲ့ အပျော်ကျူးနေတယ်။ ညကလပ်တွေမှာ ခေတ်ဆန်တဲ့မိန်းမတွေနဲ့ တွေ့တော့ အတုမြင် အတတ်သင်ဆိုသလို အရက်တောင် သောက်တတ်လာတယ်လို့ ပြောကြတယ်။ မိန်းမတစ်ယောက်ဟာ အရက်သောက်တတ်တဲ့ အထိအကျင့်စာရိတ္တ ပျက်ပြားလာရင် ဖောက်ပြန်တဲ့အခြေမျိုး ရောက်သွားနိုင်တာပေါ့ရှင်။ ဒီအကြောင်းကို သိတဲ့ ဦးတင်သိန်းဟာ ကိုဖေသန်းအပေါ်မှာ မနာလိုဝန်တိုဖြစ်နေလေသလား မဖြစ်ဘူးလားဆိုတာတော့ ဘယ်သူမှ တပ်အပ်မပြောနိုင်ကြဘူး”

ဦးငြိမ်းမောင်သည် ဒေါ်လှညို၏မျက်နှာကို စေ့စေ့ကြည့်ရင်း ယခင်ကထက် စိတ်ဝင်စားစွာ နားထောင်လျက်ရှိလေ၏။

“အဲဒီအချိန်တုန်းက ဒေါ်လှညိုက ဒီအိမ်မှာ ရှိသလား”

“မရှိပါဘူး၊ ကျွန်မက နောက်မှ ရောက်လာပါတယ်။ အရင်က ဒီအိမ်မှာ အလုပ်လုပ်သွားတဲ့ အစေခံတစ်ယောက်ဆီက ကျွန်မကြားရတဲ့အတိုင်း ပြောတာပါ”

“အင်း . . ဆက်စမ်းပါဦး ဒေါ်လှညို”

“အဲဒါနဲ့ အခုလိုပြာသိုလ နေ့တစ်နေ့မှာ မခင်ကျော့ဟာ ရန်ကုန်မှာ ဝယ်စရာကလေးတွေ ရှိလို့သွားဝယ်ဦးမယ်ဆိုပြီး ကိုဖေသန်းနဲ့ အတူထွက်သွားတယ်။ ကိုဖေသန်းက သူ့ကားကို သူမောင်းပြီး မခင်ကျော့က သူ့ဘေးမှ ယှဉ်ထိုင်သွားတယ်။ သွားနေလိုက်တာ တစ်နေ့လုံး ပေါ်မလာကြဘူးဆိုပဲ၊ အဲဒီနေ့မှာ ဦးတင်သိန်းဟာ စာကြည့်ခန်းထဲက ထွက်မလာဘဲ တစ်ခုခုကို အာရုံစိုက်

http://www.cherrythitsar.org



ပြီး တွေးနေတယ်။ ညနေစောင်းကျတော့ ဦးတင်သိန်းဟာ ခြောက်လုံးပြူး သေနတ်ကို အဝတ်နဲ့ပွတ်တိုက်ပြီး သူထိုင်နေတဲ့ ကုလားထိုင်ဘေးက စာအုပ်စင်တစ်ခုပေါ်မှာ တင်ထားလိုက်တယ်။ မခင်ကျော့ဟာ ည ၇ နာရီလောက်မှ အိမ်ပြန်ရောက်လာတယ်။ ကိုဖေသန်းလည်းပါလာတယ်။ အိမ်ရောက်တော့ မခင်ကျော့ဟာ အစေခံတစ်ယောက်ကို လက်ဖက်ရည် အဖျော်ခိုင်းလိုက်ပြီး ဦးတင်သိန်းဆီကို မလာတော့ဘဲ အိမ်အပေါ်ထပ်ကို တစ်ခါတည်း တန်းတက်သွားတယ်။ ကိုဖေသန်းဟာ ဦးတင်သိန်းရှိတဲ့ စာကြည့်ခန်းတံခါးကို အသာဆွဲဖွင့်လိုက်ပြီး "ကိုတင်သိန်း ကျွန်တော်တော့ လမ်းတစ်လျှောက်လုံး အအေးမိသလို တစ်ကိုယ်လုံးရေခဲတုံးကျနေတာပဲဗျာ။ ဝီစကီတစ်ခွက်လောက် သောက်ရရင်" လို့ ပြောတော့ ဦးတင်သိန်းက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ ကြောင်တက်တက် မျက်နှာနဲ့ ကိုဖေသန်းကို စိုက်ကြည့်ပြီး ဝီစကီပုလင်းနဲ့ ဖန်ခွက်များထားတဲ့ ဗီရိုကို လက်ညှိုးထိုးပြလိုက်တယ်။ ဒီတော့ ကိုဖေသန်းက ဖန်ခွက်နှစ်လုံးမှာ ဝီစကီနဲ့ ဆိုဒါထည့်ပြီး ဦးတင်သိန်းကို တစ်ခွက်ပေး၊ သူကိုယ်တိုင် တစ်ခွက်သောက်တယ်။ ဝီစကီ သောက်ကြပြီး ၂ မိနစ် ၃ မိနစ်အတွင်းမှာ နှစ်ယောက်သား စကားပြောနေကြရာက ဒေါသနဲ့ အော်ကျယ်ဟစ်ကျယ် အချီအချပြောနေတဲ့ အသံတွေကြားရသတဲ့ရှင့်။ အဲဒီနောက် သေနတ်သံကြားရတော့ အိမ်အစေခံလည်း စာကြည့်ခန်းအဝကို ပြေးသွားပြီး အခန်းထဲကြည့်လိုက်တဲ့အခါ ကိုဖေသန်းဟာ ကြမ်းပေါ်မှာ စောင်းစောင်းကလေးခွေလဲပြီး သေနေတာ တွေ့ရတယ်။ ဦးတင်သိန်းကတော့ သူ့လက်မှာ ခြောက်လုံးပြူးသေနတ် ကိုင်ရက်သား ကုလားထိုင်ပေါ်မှာ မတုန်မလှုပ်ထိုင်ပြီး ကိုဖေသန်း အလောင်းကို စိန်းစိန်းကြည့်နေတာတွေ့ရသတဲ့ရှင်"

ဒေါ်လှညိုသည် စက္ကန့်အနည်းငယ်ခန့် ရပ်နားနေလိုက်လေ၏။ ဤသို့တိတ်ဆိတ် နေခိုက်တွင် ဦးငြိမ်းမောင်၏ အသက်ပြင်းပြင်း ရှူရှိုက်သံကို ကြားနေရလေသည်။ ဦးငြိမ်းမောင်သည် ခေါင်းကိုငိုက်စိုက်ချကာ ငုံ့၍နေသဖြင့် ဒေါ်လှညိုက သူ့မျက်နှာကို ကောင်းစွာ မမြင်ရပေ။

"ဒါပဲလား ဒေါ်လှညို၊ ဒီနောက် ဘယ်လိုဘယ်လို ဖြစ်တယ်ဆိုတာ ဆက်ပြောစမ်းပါဦး"

"ဒီအမှုကို ရုံးတင်စစ်ဆေးတဲ့အခါ ဦးတင်သိန်း သူ့မှာ အပြစ်မရှိကြောင်း လျှောက်ထားတယ်။ သူပြောပုံက ဒီလိုဖြစ်တဲ့အချိန်မှာ သူ့စိတ်ဟာ သတိကင်းလွတ်နေပြီး ဘာလုပ်မိမှန်း မသိဘူးတဲ့၊ စာကြည့်ခန်းထဲကို ကိုဖေသန်း ဝင်လာတဲ့အချိန်နဲ့ အစေခံဝင်လာပြီး အလောင်းကို ငုံ့ကြည့်နေတဲ့အချိန် စပ်ကြားမှာ ဘာတွေဖြစ်တယ်ဆိုတာ လုံးဝမမှတ်မိဘူးလို့ ပြောတယ်။ သူ့

http://www.cherrythitsar.org



ရှေ့နေက တရားခံဟာ စိတ်နောက်နေတဲ့အတွက် ဒီပြစ်မှုကို မရည်ရွယ်ဘဲ ကျူးလွန်မိတာသာ ဖြစ်ပါတယ်ဆိုတဲ့အကြောင်း လျှောက်ထားတယ်။ နို့ပေမဲ့ နောက်ဆုံးမှာ တရားသူကြီးက တရားခံဟာ အပြစ်ရှိတယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမယ့် တရားခံရဲ့ ဂုဏ်သိက္ခာနဲ့ အကျင့်စာရိတ္တကို သက်ညှာတဲ့အနေနဲ့ ပြစ်ဒဏ်လျှော့ပေါ့ပေးသင့်တယ် ဆိုပြီး ဦးတင်သိန်းကို သေဒဏ်အစား ထောင်တစ်သက် အပြစ်ပေးလိုက်တယ်"

ဦးငြိမ်းမောင်သည် သက်ပြင်းတစ်ချက်ချလိုက်၏။ ဒေါ်လှညိုက ဆက်လက်၍ –

"ထောင်တစ်သက်ဆိုပေမဲ့ အနှစ်နှစ်ဆယ်ပဲ ခံရတယ်ပြောတယ်။ ပြီးတော့ အကျင့်စာရိတ္တကောင်း ကောင်းသလို လျှော့ရက်တွေ ဘာတွေရှိသေးသတဲ့၊ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်လောက်ကဆိုတော့ လွတ်လောက်ရောပေါ့။ ဒါမှမဟုတ်လည်း စိတ်ဖောက်ပြန်လို့ စိတ္တဇဆေးရုံပဲ ပို့ထားရသလား မပြောတတ်ဘူး"

"ဒီအမှုကို ဦးတင်သိန်း ကျူးလွန်တယ်လို့ ခင်ဗျားထင်သလား"

"မထင်လို့ ဘယ်နှယ့်လုပ်မလဲရှင်၊ ဒီစာကြည့်ခန်းထဲမှာ သူတို့ နှစ်ယောက်ကလွဲလို့ ဘယ်သူမှ မရှိဘဲ"

ဦးငြိမ်းမောင်သည် သူ၏ တုတ်ကောက်ကို ကြမ်းပေါ်သို့ ထောက်လျက် ထိုင်ရာမှ ထလိုက်၏။ ဖြူရော်သော သူ၏မျက်နှာမှာ ချွေးကလေးများပင် စို့၍နေတော့၏။ မျက်လုံးများမှာလည်း တစ်စုံတစ်ခုသော စိတ်တက်ကြွမှုကြောင့် မီးထွက်လုမတတ် တောက်ပြောင်လျက် ရှိလေသည်။

"ကျွန်တော် ပြောဝံ့တယ်။ ဦးတင်သိန်းဟာ ဘယ်နည်းနဲ့မှ ဒီပြစ်မှုကို ကျူးလွန်တယ်လို့ ကျွန်တော် မယုံကြည်ဘူး။ ဒီလူ့အကြောင်း ကျွန်တော် ကောင်းကောင်း သိတယ်။ ကလေးဘဝ၊ ကျောင်းသားဘဝတည်းက လူကြီးဘဝအထိ ကျွန်တော်သိတယ်။ လူသတ်မှုတစ်ခုကို ဘယ်နည်းနဲ့မှ ကျူးလွန်နိုင်အောင် ဆိုးသွမ်းတဲ့လူ မဟုတ်ဘူး။ ပြီးတော့ ခင်ဗျားပြောသလို လူတွေဟာ ဦးတင်သိန်းဟာ အရူးရောဂါရှိတယ်ဆိုတာလည်း မဟုတ်ဘူး။ ရူးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ ဒီအမှုကို သူကျူးလွန်နိုင်စရာအကြောင်းလည်း မရှိဘူး။ သူ့မယားကို သူ အင်မတန် ချစ်တယ်။ သူ့ သူငယ်ချင်း ကိုဖေသန်းကိုလည်း အင်မတန် ချစ် တယ်"

ဦးငြိမ်းမောင်သည် ခေတ္တမျှ ရပ်နားလိုက်ပြီးနောက် အသံကို ယခင်ကထက် နိမ့်လျက် –

"ဒီမယ် ဒေါ်လှည်၊ ကျွန်တော်ပြောဦးမယ်။ ဦးတင်သိန်းဟာ အနှစ် နှစ်ဆယ်လုံးလုံး ထောင်ထဲမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲနဲ့ ဒုက္ခခံနေရတဲ့အချိန် အတွင်းမှာ သူအရင်ကတွေ့ကြုံခဲ့တဲ့ အဖြစ်အပျက်တွေကို ဘာတစ်ခုမှ မမှတ်မိ တော့ဘူး။ လုံးလုံးသတိမရတော့ဘူး။ ဒီတော့ သူ့မှာ အပြစ်ရှိတယ် မရှိဘူး ဆိုတာလည်း မသိတော့ဘူးပေါ့"

ဒေါ်လှည်သည် ဦးငြိမ်းမောင် ပြောသော စကားများကို မဝေခွဲနိုင် သကဲ့သို့ရှိလေ၏။

"ဒါထက် ရှင်က ဒီလို ဘာ့ကြောင့် လာရတာလဲ ဦးငြိမ်းမောင်၊ တကယ်တော့ ရှင်ဒီအိမ်ကြီးကို ငှားလည်း မငှားချင်ဘူး။ ဝယ်လည်း မဝယ် ချင်ဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ နို့ပေမဲ့ ကျွန်တော် စုံစမ်းစရာ ရှိလို့လာတာပေါ့"

"ဘာစုံစမ်းမှာလဲ"

"ဒီအိမ်ကြီးက စာကြည့်ခန်းထဲမှာ လူသတ်မှုဖြစ်တယ်။ အဲဒီ အချိန် ကစပြီး ဒီအခန်းထဲက ညညမှာ ထူးထူးဆန်းဆန်း အသံတွေကြားရတယ်၊ ဘာတယ်လို့ လူတွေက ပြောနေကြတယ်။ ဒီအခန်းထဲမှာ ဘယ်လိုဖြစ်ပျက်ခဲ့ တယ်ဆိုတာ ဘုရားပဲ သိမယ်။ အသက်ရှင်နေတဲ့ လူမှန်သမျှတော့ ဘယ်သူမှ မသိဘူး။ ပြီးတော့ အဲဒီ အသတ်ခံရတဲ့ ကိုဖေသန်းဟာ ညမှောင်လာရင် ဒီစာ ကြည့်ခန်းထဲကို ပြန်လာတတ်တယ်ဆိုတဲ့ သတင်းလည်း ကြားရတယ်။ အဲဒါ မှန်မမှန်ကို ကျွန်တော် အခုစုံစမ်းဖို့ လာတာပဲ။ အဲဒီလို စုံစမ်းဖို့က တစ်နည်းပဲ ရှိတယ်၊ စာကြည့်ခန်းထဲကို ကျွန်တော် ကိုယ်တိုင်ဝင် . . ."

ဒေါ်လှည်သည် ဦးငြိမ်းမောင် စကားမဆုံးမီ ရုတ်တရက် မတ်တတ် ရပ်လိုက်ပြီးနောက် ဦးငြိမ်းမောင်နှင့် စာကြည့်ခန်း တံခါးဝစပ်ကြားတွင် ကာ ဆီး၍ နေလိုက်လေသည်။

"ကျွန်မ ရှင့်ကို စာကြည့်ခန်းထဲဝင်ဖို့ ခွင့်မပြုနိုင်ဘူး"

"ကျွန်တော် မနေနိုင်ဘူး သွားရမယ်။ ကိုဖေသန်း မလာမချင်း အဲဒီမှာ ကျွန်တော် စောင့်နေမယ်"

"ရှင် ရူးနေသလား"

"ရူးတယ်ပဲ ပြောပြော၊ ကောင်းတယ်ပဲ ပြောပြော ကျုပ်တော့ ဝင်ပြီး စုံစမ်းရမှာပဲ"

ဒေါ်လှည်က လေသံပျော့ပျော့ဖြင့် "မလုပ်ပါနဲ့ရှင်၊ အိမ်ရှင် သိသွား ရင် ကျွန်မ ဒုက္ခရောက်သွားပါလိမ့်မယ်။ ကျွန်မကို သနားလို့ ပေးထားတဲ့ အလုပ်ကလေး တစ်ခါတည်း ပြုတ်သွားပါလိမ့်မယ်"

http://www.cherrythitsar.org



"အို . .အိမ်ရှင် မသိနိုင်ပါဘူး။ ခင်ဗျားအလုပ်ပြုတ်ရင် ခင်ဗျားကို ကျုပ်လျော်ကြေးပေးမယ်။ အလုပ်လည်း ရှာပေးဦးမယ် . . ပြီးတော့၊ အခုလော လောဆယ် ကျွန်တော့်ကို စာကြည့်ခန်းထဲ ဝင်ဖို့ အခွင့်ပေးရင် ခင်ဗျားကို ကျွန်တော်က ကျေးဇူးဆပ်တဲ့အနေနဲ့ ငွေပေးဦးမယ်" ဟု ဦးငြိမ်းမောင်သည် ပြောပြောဆိုဆို သူ၏ဘလေဇာ ကုတ်အင်္ကျီ အတွင်းအိတ်မှ ငွေစက္ကူထုပ်ကြီး တစ်ထုပ်ကို ဆွဲထုတ်လိုက်ပြီးလျှင် စားပွဲပေါ်သို့ ပစ်တင်လိုက်လေ၏။

"ခင်ဗျား ဘယ်လောက်လိုချင်သလဲ ပြောစမ်း . . တစ်ရာ ယူမလား၊ နှစ်ရာ ယူမလား၊ သုံးရာ ယူမလား"

ဒေါ်လှည်ဳသည် ရုတ်တရက် တစ်စုံတစ်ရာ ပြန်မပြောနိုင်ဘဲ ၎င်း၏ မျက်လုံးများသည် စားပွဲပေါ်ရှိ ငွေစက္ကူထုပ်ပေါ်သို့ ကျရောက် လျက်ရှိလေ၏။

ဦးငြိမ်းမောင်သည် ငွေစက္ကူထုပ်ကို ဖြန့်လျက်နှစ်ဆယ်တန် ၁၀ ရွက်ကို ထုတ်ယူလိုက်ပြီးနောက် . . .

"ရော့ . . ဒေါ်လှည်ဳ ဟောဒီမှာ ငွေနှစ်ရာ၊ ခင်ဗျားကို ပေးပါတယ်။ ယူပါ . . ကျွန်တော် စာကြည့်ခန်းကို သွားမယ်" ဟုပြောရင်း ငွေစက္ကူများကို ကမ်းပေးလိုက်ရာ၊ ဒေါ်လှည်ဳ၏ လက်ချောင်းများသည် ငွေစက္ကူများကို ဆုပ်ကိုင်မိလျက်သား ရှိနေလေ၏။

"စာကြည့်ခန်းထဲမှာ စားပွဲကုလားထိုင်ရှိရဲ့လား"

"စားပွဲတစ်လုံးနဲ့ ကုလားထိုင် တစ်လုံးပဲ ရှိတယ်။ စားပွဲတင် မီးအိမ်တော့ မရှိဘူး။ ဟိုအရင်တုန်းကတော့ အိမ်ထောင်ပရိဘောဂ စုံစုံလင်လင် ပါပဲ"

"ဒါဖြင့် အခန်းထဲမှာ မီးအိမ်မရှိရင်လည်း ကျွန်တော့်ကို ဖယောင်းတိုင် နှစ်ထုပ်နဲ့ မီးခြစ်တစ်လုံးပေးပါ။ ဩော် . . ဒါထက် ဝီစကီကလေးများ ရနိုင်ရင်တော့ ..."

ဒေါ်လှည်ဳမှာ ငွေ၏တန်ခိုးဖြင့် ဦးငြိမ်းမောင်အပေါ်တွင် စေတနာ ထက်သန်၍လာရာ တစ်ခဏမျှ တွေနေပြီး တစ်စုံတစ်ခုကို သတိရသည့်အနေ ဖြင့် –

"ဝီစကီဆိုလို့ ဟိုတလောတုန်းက အိမ်ပိုင်ရှင် ဒေါက်တာ ကျော်မင်းနဲ့ သူ့သူငယ်ချင်း သုံးလေးယောက် ဒီအိမ်ကို လာကြတယ်။ ပျော်ပွဲစား ထွက်ရင်း ဆိုသလို ရောက်လာကြတယ်။ သူတို့မှာ ဝီစကီသုံးပုလင်းနဲ့ ဘီယာ တစ် သေတ္တာပါလာတယ်။ စားစရာတွေလည်း စုံလို့ပါပဲ။ သူတို့ သောက်စားလိုက် ကြတာ ဘီယာသေတ္တာတစ်လုံး ကုန်တာပဲ၊ ဝီစကီ သုံးလုံးမှာ နှစ်လုံးကုန် သွားပြီး တစ်လုံးတော့ကျန်ရစ်ခဲ့တယ်"

http://www.cherrythitsar.org



"အဆင်သင့်လိုက်လေ ဒေါ်လှညို့ရယ် . . ကျေးဇူးပါပဲ။ အဲဒီ ဝီစကီ တစ်လုံး ကျွန်တော့်ကို ရောင်းပါ။ အခုတစ်ခါတည်း ယူခဲ့စမ်းပါနော် . . ရော့ငွေ"

ဦးငြိမ်းမောင်သည် ပိုက်ဆံကို တွက်မနေတော့ဘဲ ဒေါ်လှညို့လက်သို့ နှစ်ဆယ်တန်တစ်ရွက် ထည့်လိုက်ပြန်လေ၏။ ဒေါ်လှညို့သည် ခေတ္တမျှ ငိုင်၍ နေပြီးနောက် သက်ပြင်းတစ်ချက် ချလိုက်သံကိုကြားလိုက်ရ၏။ ဒေါ်လှညို့ သည် တစ်စုံတစ်ရာ ပြန်၍ မပြောဘဲ စိတ်စက်လေးလန်သည့် ဟန်ဖြင့် လှည့်၍ ထွက်သွားပြီးလျှင် ကြောင်အိမ်အတွင်းမှ ဝီစကီပုလင်းနှင့် ဖန်ခွက်၊ ဖယောင်း တိုင် နှစ်ထုပ်နှင့် မီးခြစ်တစ်လုံးကို ထုတ်ယူပြီးလျှင် ဦးငြိမ်းမောင်လက်သို့ ကမ်းပေးလိုက်လေ၏။

"ဝီစကီပုလင်းကို တစ်ခါတည်း ဖောက်လိုက်စမ်းပါ ဒေါ်လှညို့"

"ဩော် . .ဟုတ်သားပဲ"

ဒေါ်လှညို့သည် ကြောင်အိမ်ပေါ်ရှိ ပုလင်းဖောက်ကိရိယာကို လှမ်း ယူကာ ဝီစကီပုလင်းကို ဖွင့်ပေးလိုက်ပြီးနောက် ပုလင်းဘူးဆို့ကို အသာအယာ ပြန်၍ ပိတ်ကာ ဦးငြိမ်းမောင်လက်သို့ ပုလင်းကို ပေးလိုက်လေသည်။

ပုလင်းရရှိသည်နှင့် တစ်ပြိုင်နက် ဦးငြိမ်းမောင်သည် ဒေါ်လှညို့ကို ကျောခိုင်းပြီးနောက် ဖန်ခွက်ထဲသို့ ဝီစကီလက်နှစ်လုံးခန့်ကို လောင်းထည့်ကာ တစ်ခါတည်း မော့ချလိုက်လေ၏။

"ဒေါ်လှညို့ကို အားနာပါတယ် ခင်ဗျာ။ ကျွန်တော်ဟာ အမျိုး သမီး တစ်ယောက်ရှေ့မှာ အရက်မသောက်တတ်ပါဘူး။ အခုတော့ မောလာပြီး အား အင် ကုန်ခန်းနွမ်းနယ်လွန်းလို့ပါ"

"အားနာစရာ မရှိပါဘူးရှင့် . . သောက်ပါ၊ ကဲ အခန်းထဲသွားကြစို့"

ဒေါ်လှညို့သည် မီးထွန်းညှိထားသော ဖယောင်းတိုင်တစ်တိုင်ကို ကိုင်ကာ ရှေ့မှ လျှောက်သွားလေရာ ဦးငြိမ်းမောင်လည်း ၎င်း၏ တုတ်ကောက် ကြီးကို ကြမ်းပေါ်သို့ ထောက်ရင်း ခြေထော့နင်း နင်းကာ ခပ်ဖြည်းဖြည်း လိုက်သွားလေ၏။

အိမ်ကြီးမှာ မည်းမှောင်တိတ်ဆိတ်လျက်ရှိ၏။ ပတ်ဝန်းကျင်၌ ဆောင်းလေသည် တသုန်သုန် တိုက်ခတ်လျက်ရှိရာ၊ သစ်ပင်များမှ သစ်ရွက် များမှာ တရှဲရှဲ မြည်လျက်ရှိ၏။ ဒေါ်လှညို့နှင့် ဦးငြိမ်းမောင်တို့သည် မီးဖိုခန်းမှ ဖြတ်လျက် အခြားအခန်းများ၏ စပ်ကြား စင်္ကြံလမ်းများမှ လျှောက်သွားလျက် ရှိကြရာ၊ ၎င်းတို့၏ ခြေသံများသည် တရှပ်ရှပ်အသံများ ဖြစ်စေလျက်ရှိ၏။ လှုပ်ရှားလျက်ရှိသော ဖယောင်းတိုင် မီးရောင်တွင် ပုံသဏ္ဌာန်ကင်းမဲ့သော အရိပ် ကြီးများသည် အိမ်ကြီး၏ နံရံ၌ ပြေးလွှားနေဘိသကဲ့သို့ ရှိနေလေသည်။ တစ်

http://www.cherrythitsar.org



ချက်တစ်ချက် ပေါ်ထွက်လာသော အိမ်မြှောင် စုတ်ထိုးသံများသည်လည်းကောင်း၊ အိမ်ကြီး၏အပြင်ဘက်ရှိ သစ်ပင်ကြီးတစ်ပင်မှ ဇီးကွက်တစ်ကောင်၏ အော်မြည်သံသည်လည်းကောင်း၊ အဝေးရှိ ယာတဲတစ်ခုမှ ကလေးငယ် တစ်ယောက်၏ ငိုသံသည်လည်းကောင်း ညဥ့်၏သဘာဝကို ပိုမိုလေးနက်စေ၏။

စာကြည့်ခန်း၏တံခါးအနီးသို့ အရောက်တွင် ဦးငြိမ်းမောင်၏ ခြေလှမ်းများသည် ပို၍လျင်မြန်လာပြီးနောက် မကြာမီရှေ့သို့ သွားနေသော ဒေါ်လှညိုအား ကျော်တက်ကာ ရှေ့သို့ရောက်သွားလေ၏။ ဦးငြိမ်းမောင်သည် စာကြည့်ခန်းသို့ ယခင်က ရောက်ဖူးသည့် လက္ခဏာဖြင့် အခန်းတွင်းသို့ တန်းဝင်သွားပြီးလျှင် တံခါးအနီး၌ ရပ်ကာ မီးရောင်ကို စောင့်နေလေသည်။ အနီးသို့ ဒေါ်လှညို ရောက်လာသောအခါ ဦးငြိမ်းမောင်သည် တံခါးလက်ကိုင်ဘုကို ကိုင်ကာ တံခါးကို တွန်းဖွင့်လိုက်လေသည်။

အခန်းမှာ ရှင်းလျက်ရှိ၏။ စာအုပ်စင်များတွင်ကား စာအုပ်များ မရှိတော့ပေ။ စာကြည့်ခန်းတံခါးနှင့် မျက်နှာချင်းဆိုင် နံရံဘေးတွင် စားပွဲတစ်လုံးနှင့် လက်တင်ကုလားထိုင်တစ်လုံးရှိ၍ ကုလားထိုင်မှာ စာကြည့်ခန်းတံခါးကို မျက်နှာမူလျက် ရှိလေသည်။

ဦးငြိမ်းမောင်သည် အခန်းတွင်းသို့ ဝင်မိသောအခါ အခန်းတံခါးနှင့် ပိတ်ထားသော ပြတင်းပေါက်တစ်ခု စပ်ကြားရှိ နံရံ၌ ကပ်ထားသော ကျွန်းပျဉ်ပေါ်တွင် တစ်စုံတစ်ရာ တွေ့လိုတွေ့ငြား ရှာဖွေသည့်ဟန်ဖြင့် ရှာဖွေလျက် ရှိလေ၏။

"ဟော ဒီပျဉ်ပြားပေါ်မှာ အပေါက်တစ်ပေါက်တွေ့ရတယ်"

ဦးငြိမ်းမောင်က နံရံပေါ်ရှိ အပေါက်ငယ်ကို ဖယောင်းတိုင်မီးဖြင့် မြှောက်ကြည့်ရင်း ဒေါ်လှညိုအား ခပ်ကျယ်ကျယ် လှမ်းပြောလိုက်၏။ ဒေါ်လှညိုမှာ ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားလျက် –

"ဟုတ်ကဲ့ . . ကျည်ဆံထိသွားတဲ့ အပေါက်ပဲ။ ကျည်ဆံဟာ ကိုဖေသန်းရဲ့ လည်မျိုကို ဖောက်သွားပြီး အဲဒီနံရံ . . "

"ဟုတ်တယ်၊ ကျွန်တော်သိပါတယ်"

ဦးငြိမ်းမောင်သည် စားပွဲဆီသို့ လျှောက်သွားပြီးလျှင် ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်၏။ ထို့နောက် လက်ထဲတွင် ကိုင်ထားသော ဝီစကီပုလင်းနှင့် ဖန်ခွက်ကို စားပွဲပေါ်သို့တင်ထားလိုက်လေသည်။ ဦးငြိမ်းမောင်က ကတုန်ကယင် အသံကြီးဖြင့် "ဟို . . လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်တုန်းက အခုလို အင်မတန် ချမ်းတဲ့ ညနေချမ်း ညဥ့်ဦးယံ ကျွန် . . ကျွန်တော်ဟာ အခုထိုင်နေတဲ့ ကုလားထိုင်မှာ ထိုင်နေခဲ့တယ်"

http://www.cherrythitsar.org



ဒေါ်လှညိုသည် မျက်လုံးများပြူးလျက် . . .

"ရှင် ဟုတ်လား၊ လူသတ်သမား ဦးတင်သိန်းဆိုတာ ရှင်လား"

"ကျွန်တော်ဟာ ဦးတင်သိန်းပဲဖြစ်ဖြစ်၊ ဦးငြိမ်းမောင်ပဲဖြစ်ဖြစ် အခုမှတော့ မထူးတော့ပါဘူး ဒေါ်လှညို၊ ကျွန်တော်ဟာ လူသတ်သမား ဟုတ်မဟုတ်ဆိုတာ ဘုရားသိပါတယ်။ အခုလည်း ကျုပ်တို့ သိရတော့မှာပဲ။ ကျွန်တော်ကိုယ်တိုင် အဲဟိုညက ဖြစ်ပျက်ခဲ့တာ အမှန်ကို သိချင်နေတာ ကြာပြီ။ ဒီညတော့ ဒိဋ္ဌသိရတော့မှာပဲ။ ကဲ . . ဒေါ်လှညို ခင်ဗျား အလုပ် ပြီးပါပြီ၊ ခင်ဗျား သွားနိုင်ပါပြီ"

ဒေါ်လှညိုသည် မီးဖိုခန်းနောက်ဘက်ရှိ သူ၏အခန်းကျဉ်းကလေးရှိရာသို့ ခပ်သုတ်သုတ် ပြန်လာခဲ့လေ၏။ သို့သော် သိချင်ဇောနှင့် စိတ်၏ပြင်းထန်စွာ လှုပ်ရှားမှုတို့ကြောင့် စာကြည့်ခန်းပြင်ဘက်သို့ တစ်ဖန် ပြန်လာခဲ့ပြီးလျှင် အခန်းတွင်းမှ ဦးငြိမ်းမောင်အသံကို နားစွင့်လျက်ရှိလေ၏။

တစ်ယောက်တည်း အခန်းတွင်း၌ ကျန်ရစ်ခဲ့သော ဦးငြိမ်းမောင်သည် ဝီစကီကို ဖန်ခွက်ထဲသို့ လက်လေးသစ်ခန့်ထည့်ကာ တဖြည်းဖြည်း အရသာခံလျက်သောက်နေလေ၏။ သို့နှင့် ဝီစကီ၏အရှိန်ကြောင့် သွေးများတက်ကြွလာပြီးလျှင် မျက်နှာသည် နီမြန်းလျက် မျက်လုံးများသည်လည်း စူးရှတောက်ပြောင်၍လာတော့၏။ သူသည် ကုတ်အင်္ကျီ၏ အတွင်းအိတ်တွင် ဝှက်ယူလာခဲ့သော ခြောက်လုံးပြူးသေနတ်ကို ထုတ်ယူကာ စားပွဲပေါ်တွင် တင်ထားလိုက်၏။ ထို့နောက် ပါးစပ်မှ တစ်စုံတစ်ရာ ရေရွတ်လျက်ရှိရာ ဒေါ်လှညိုသည် အောက်ပါအသံများကို ကြားရ၏။

"သူငယ်ချင်းရေ၊ ဟော့ကောင် ငါဒီမှာလေ၊ မင်းကို လာစောင့်နေတယ်။ မင်းဝိညာဉ် ဘယ်ရောက်နေတယ်ဆိုတာတော့ ငါမသိဘူး။ မင်းကို ငါသေနတ်နဲ့ ပစ်မိသလား မပစ်မိဘူးလားဆိုတာ ငါမသိဘူး။ သတိလည်း မရဘူး။ အဲဒီတုန်းက ငါစိတ်ဟာ ဘယ်လိုဖြစ်နေတယ် မသိဘူး။ မှောင်ထဲမှာ ဘာမှမမြင်ရသလို ငါ့အသိဟာလည်း ဘာမှမမြင်ရဘူး။ ထောင်ထဲကို ငါရောက်ပြီးတဲ့နောက် အနှစ် ၂၀ လုံးလုံး ငါ့စိတ်ဟာ ခဏကလေးမှ ငြိမ်းချမ်းမှုကို မရခဲ့ဘူး။ ကဲ . . ဒီတော့ မင်းခဏ ပြန်လာစမ်းပါကွာ။ ငါအမှားမှား အယွင်းယွင်း လုပ်ခဲ့မိရင်လည်း ငါ့ကိုရှင်းပြစမ်းပါ။ ဖေသန်း၊ မင်းကို ငါခေါ်နေတယ်လေ။ လာပြီးရှင်းပြစမ်းပါကွ"

ဦးငြိမ်းမောင်၏အသံမှာ တစ်ခါတစ်ရံ နိမ့်၍သွားပြီးလျှင် ခေတ္တမျှငြိမ်သက်သွားလေ၏။ မိနစ်အနည်းငယ်မျှ ကြာသောအခါ တစ်ဖန် ထွက်ပေါ်

http://www.cherrythitsar.org



လာပြန်၏။ ထိုအချိန်၌ကား ဦးငြိမ်းမောင်အသံမှာ တုန်တုန်ယင်ယင် ရှိနေရုံမျှ မက ငိုသံပါလျက်ပင် ရှိနေလေသည်။

"ဟော့ ဖေသန်း၊ မင်းနဲ့ ငါဟာ အင်မတန်ချစ်တဲ့ သူငယ်ချင်းပါကွာ၊ ငါသာ အဲဒီတုန်းက အသိအမြင်ရှိရင် မင်းကို ဒီလိုပစ်သတ်ရက်ပါ့မလား သူငယ်ချင်းရယ်။ ဩော် . . နည်းနည်းတော့ သတိရလာပြီဟေ့၊ ဒီအခန်းထဲ မင်းပြန်ဝင်လာတဲ့ညက မင်းဟာ ပန်းနုရောင် ဘန်ကောက်လုံချည်နဲ့ စပို့တင်းကုတ် ဝတ်ထားတယ်။ မင်းတို့ကား ရောက်လာပြီး မခင်ကျော့နဲ့ ဆင်ဝင်အောက်မှာ ခဏစကားပြောနေကြသေးတယ် မဟုတ်လား။ မင်းတို့နှစ်ယောက်သား ခဏရယ်မောနေကြသေးတယ်လေ။ အင်း . .အင်း . . နည်းနည်းတော့ ပြန်သတိရလာပြီဟေ့။ ငါဟာ မြင်းပေါ်ကကျလို့ ခြေကျိုးသွားတဲ့နေ့ကစပြီး လူဖြစ်ရှုံးပါပြီ သူငယ်ချင်းရယ်။ လူကောင်းဘဝက ဒုက္ခိတတစ်ယောက် ဖြစ်သွားပါပြီကွယ်။ ငါ့မယားချောကလေးအတွက် ငါဟာ အသက်မရှိတဲ့ အရုပ်ဖြစ်သွားပါပြီကွယ်။ ငါလူဖြစ်ရှုံးပြီသူငယ်ချင်း၊ လူဖြစ်ရှုံးပြီ ဟုတ်တယ် . . ဟုတ်တယ်။ ဟော . .ဟော . .မင်းဖေသန်း"

ဦးငြိမ်းမောင်၏အသံမှာ ထိုနေရာ၌ အလွန် ကျယ်လောင်၍လာပြီးလျှင် 'ဒိုင်း' ခနဲ သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီးနောက် ချက်ချင်းလိုပင် နောက်ထပ် သေနတ်သံတစ်ချက် ထပ်မံကြားလိုက်ရပြန်၏။ ထို့နောက် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ကုလားထိုင်တစ်လုံး လဲကျသွားသံကိုပါ ကြားလိုက်ရလေသည်။

၎င်းနှင့် တစ်ချိန်တည်းပင် ဦးငြိမ်းမောင်၏ ငယ်သံပါအောင် အော်ဟစ်လိုက်သောအသံမှာ သေနတ်သံများ၊ ကုလားထိုင်လဲပြိုသံများနှင့်အတူ ရောနှော၍သွားကာ ဆိတ်ငြိမ်သော အိမ်ကြီးအတွင်းတွင် ပဲ့တင်ထပ်၍ သွားလေတော့၏။ ထို့နောက် အိမ်ကြီးတစ်ခုလုံးနှင့်တကွ ပတ်ဝန်းကျင်သည် ယခင်ကထက်ပင် ဆိတ်ငြိမ်လျက်ရှိလေသည်။ ဦးငြိမ်းမောင်မှာ သူ၏အတိတ်မှာ အစွဲအလမ်းကြောင့် စိတ်ချောက်ချားကာ ရူး သွပ်၍သွားလေပြီလော။

ဒေါ်လှညိုသည် အိမ်အပေါ်ထပ်သို့ တက်သောလှေကား ခြေရင်းသို့ ပြေးသွားကာ လှေကားတိုင်ကို ဖက်လျက် ပဲ့တင်သံများကို နားစိုက်၍ ထောင်နေမိ၏။ ယင်းအသံများကား ဤအိမ်အတွင်းတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က အကယ်ဖြစ်ပျက်ခဲ့သည့် အတိတ်၏ ပဲ့တင်သံများပေလောဟု တွေးတောနေမိ၏။ သူသည် အခန်းတွင်းသို့ ရုတ်တရက် မဝင်ဝံ့သေးဘဲ ၁၅ မိနစ်ခန့်ကြာ၍ အတန်ငယ် စိတ်အေးသွား သောအခါမှ အရဲစွန့်ကာ အခန်းတံခါးကို ဖွင့်၍ ဝင်သွားလေသည်။

http://www.cherrythitsar.org



စားပွဲပေါ်၌ ဦးငြိမ်းမောင် ထွန်းထားသော ဖယောင်းတိုင် ကလေးမှာ မီးငြိမ်းလုမတတ်ရှိပြီ ဖြစ်၍ ဒေါ်လှညိုသည် ဖယောင်းတိုင်ထုပ်မှ ဖယောင်းတိုင် တစ်တိုင်ကို ဆွဲယူကာ အသစ်တစ်တိုင်ထွန်းညှိလိုက်၏။ ထို့နောက် ဦးငြိမ်း မောင်ဘက်သို့ လှမ်း၍ကြည့်လိုက်ရာ သူ ထိုင်သော ကုလားထိုင်မှာ ကြမ်းပေါ် တွင်လဲလျက် ဦးငြိမ်းမောင်မှာလည်း အခန်းတံခါးဘက်သို့ ခေါင်းဆိုက်ကာ ကြမ်းပြင်ပေါ်တွင် မှောက်လျက်သား ရှိနေသည်ကို တွေ့ရလေသည်။ သူ၏ လက်ယာဘက် နားထင်တွင် ရှိသော ဒဏ်ရာမှ သွေးများယိုစီးလျက် ကြမ်းပြင် တစ်ခုလုံးသည်လည်း ရဲရဲနီ၍နေတော့၏။ ခပ်စန့်စန့် ရှိနေသော သူ၏လက် ယာဘက် လက်၌မူ သေနတ်ကို ဆုပ်ကိုင်လျက်ပင် ရှိနေသေး၏။ သို့သော် ဦးငြိမ်းမောင်မှာကား အသက်မရှိရှာတော့ချေ။

*

ဒေါ်လှညိုသည် အိမ်ထဲမှ ပြေးထွက်သွားပြီးနောက် ခြံတံခါးဝမှ ထွက်ခဲ့၍ လမ်းပေါ်သို့ ရောက်သောအခါ မြင်းလှည်းတစ်စီးကို ကံအားလျော် စွာ တွေ့ရသည်နှင့် မြင်းလှည်းပေါ်သို့ တက်ကာ ရဲဌာနသို့ မြင်းလှည်းကို မောင်းစေ၏။

မိနစ် ၅၀ ခန့် အကြာတွင် ရဲမှူးတစ်ယောက်ခေါင်းဆောင်ကာ ရဲသား သုံးယောက်တို့ရောက်လာကြပြီးလျှင် ဒေါ်လှညိုအား ရဲဌာနတွင် အစစ်ခံခဲ့သည် မှတစ်ပါး အခြားမေးခွန်းများကို မေးမြန်းလျက်ရှိရာ ဒေါ်လှညိုကလည်း ဦးငြိမ်းမောင်က မိမိအား စာကြည့်ခန်းထဲသို့ ကြည့်ရှုခွင့်ပေးရန် လာဘ်ငွေရ သည်မှတစ်ပါး အမှန်ဖြစ်ပျက်သည့်အတိုင်း အစစ်ခံလေသည်။

ရဲအရာရှိများသည် သေနတ်ကျည်ဆန်များ ထိမည်ထင်ရသော နံရံ ဘက်သို့ လက်နှိပ်ဓာတ်မီးများဖြင့် အသေးစိတ်ရှာဖွေကြည့်ရှုကြရာ စာကြည့် ခန်း တံခါးမကြီးနှင့် ပြတင်းပေါက်စပ်ကြားရှိ နံရံကပ်ကျွန်းပျဉ်ပေါ်တွင် ကျည် ဆန်ထိမှန်ထားသော အပေါက်ကလေး ၂ ပေါက်တွေ့ကြရ၏။ အပေါ်မှပေါက် ကလေးမှာ ပင့်ကူမြွေးများပင်ဖုံးနေသဖြင့် အပေါက်ဟောင်းဖြစ်ပြီးလျှင် ၎င်းနှင့် တစ်လက်မသာ ခြားသောနေရာ၌ ယခုလောလောဆယ် ပစ်ခတ်လိုက်ဟန်တူ သော ကျည်ဆံပေါက် အသစ်ကလေး တစ်ပေါက်ကို ထူးဆန်းစွာ တွေ့ရှိကြရ လေသည်။

ထိုအခါ ရဲမှူးက အပေါက်ဟောင်းကလေးကို ညွှန်ပြလျက် –

“ဒီမယ် အဒေါ်ကြီး၊ ဟောဒါက အရင်ကတည်းက ရှိတဲ့ အပေါက် ကလေးထင်တယ် ဟုတ်လား”

“ဟုတ်ပါတယ်ရှင်”

http://www.cherrythitsar.org



"ဒီအပေါက်ကလေးကို အရင်ကတည်းက ခင်ဗျားတွေ့ရသလား"

"ဟုတ်ကဲ့ တွေ့ပါတယ်၊ ဒါက အပေါက်ဟောင်းကလေးပါ။ ကျွန်မ သိပါတယ်"

"ဒါဖြင့် ဟောဒီအောက်ကရှိတဲ့ဟာက အခုပစ်လိုက်လို့ မှန်တဲ့ အပေါက်ဖြစ်မှာပေါ့"

"ဒီလိုပဲ ကျွန်မ ထင်ပါတယ်ရှင် ... ဟုတ်ပါလိမ့်မယ်"

"ဒါဖြင့် နံရံကို ပထမ ပစ်လိုက်ပြီးမှ သူ့ကိုယ်သူ ပစ်လိုက်တဲ့ လက္ခဏာပဲ"

"ကျွန်မလည်း ဒီအတိုင်း ထင်မိပါတယ် ရဲမှူးရှင်၊ ဘာဖြစ်လို့လဲ ဆိုတာ ဝုန်းခနဲ ကုလားထိုင်လဲကျတဲ့အသံက နောက်သေနတ်သံ တစ်ချက် ပြီးမှ ကြားရတယ်လို့ ကျွန်မ ထင်ပါတယ်"

"ဒီအတိုင်းမှန်ရဲ့နော်"

"မှန်ပါတယ်"

ရဲမှူးသည် ဒေါ်လှညိုက ဌာနာတွင် ထွက်ဆိုခဲ့သည့် ထွက်ချက်ကို ဖတ်ရှုပြီးဖြစ်သဖြင့် ပျဉ်ချပ်ပေါ်တွင် ရှိသော သေနတ်ပေါက်လေး နှစ်ပေါက်ကို ကြည့်ကာ အတော်ပင် အံ့အားသင့်လျက်ရှိလေ၏။ ထို့ပြင် သေနတ်ပေါက် ကလေး နှစ်ပေါက်မှာလည်း တစ်ပေါက်နှင့်တစ်ပေါက် တစ်လက်မခန့်သာ ကွာပြီးလျှင် ကြမ်းပြင်မှ ၅ ပေခန့် အမြင့်လောက်တွင် ရှိနေကြသဖြင့် ပို၍ပင် အံ့ဩမိလေ၏။

ရဲအရာရှိများသည် အလောင်းကို နေရာမပျက်စေဘဲ ဦးငြိမ်း မောင်၏ အင်္ကျီအိတ်များထဲသို့ ရှာဖွေကြရာ ငွေကျပ် ၆၀၀ ကျော်နှင့် ချက်လက်မှတ် စာအုပ်တစ်အုပ်ကို တွေ့ရှိရ၏။ ချက်စာအုပ်မှာ (. . .) ဘဏ်မှ စာရင်းရှင် ငွေထုတ်ချက်လက်မှတ် စာအုပ်ဖြစ်၍ အမည်မှာ ဦးတင်သိန်း ဟု ထည့်သွင်း ထားသည်ကို တွေ့ရှိရလေသည်။

ရဲဌာနာသို့ ပြန်ရောက်သောအခါ ရဲမှူးသည် သူ၏ဒိုင်ယာရီတွင် နေ့ စဉ်မှတ်တမ်း ရေးလျက်ရှိရာမှ ရဲဌာနာမှူးအား . . .

"ဘယ့်နှယ်လဲ ဦးသိန်းမောင် . . ခင်ဗျား ဘယ်လိုထင်သလဲ"

"ဘာကိုလဲဗျ"

"ဦးတင်သိန်းက သေနတ်နဲ့ လှမ်းပစ်တာလေ"

"ဒေါ်လှညို အစစ်ခံချက်ရော ဦးတင်သိန်းရဲ့ ရာဇဝင်ကိုရော ကြည့် ရင် အရှင်းချည်းပဲဗျ၊ ဒီလူကြီးဟာ သူတို့မျိုးရိုးနဲ့လိုက်ပြီး ရူးသွပ်တဲ့ရောဂါ ရှိတယ် မဟုတ်လား။ ပြီးတော့ စိတ္တဇဆေးရုံမှာ သုံးနှစ်ကျော်ကျော် နေခဲ့ရတယ်

http://www.cherrythitsar.org



ဆိုတဲ့ အချက်လည်းရှိတယ်။ ပြီးတော့ အင်မတန် စိတ်ပင်ပန်းလူပင်ပန်း ဖြစ်နေတဲ့အချိန်မှာ သူအရင်က ပြစ်မှုကျူးလွန်ခဲ့ဖူးတဲ့ နေရာရောက်လာတော့ သူ့စိတ်ဟာသိပ်ပြီး တုန်လှုပ်ချောက်ချားနေတယ်။ သူ့စိတ်ထဲမှာ တစ်ခုခု မြင်ရလို့ ပစ်တယ်ဆိုတာလည်း ဟုတ်ချင်ဟုတ်မှာ၊ ဒါတွေကို 'ဟောလူစီနေရှင်း' (Hallucination) လို့ ခေါ်တယ်ဗျ။ အဓိပ္ပာယ်ကတော့ တကယ်မရှိတဲ့ အရာဝတ္ထုကို စိတ်ထဲက မြင်ခြင်းပဲ။ ဒါမျိုးဟာ အထူးသဖြင့် စိတ်ဓာတ်ကျဆင်းပြီး စိတ်ငယ်နေတဲ့အခါမျိုးမှာ ဖြစ်တတ်တယ်။ ဥပမာ ကျုပ်တို့ ညခရီးသွားတဲ့အခါ ခပ်ဝေးဝေးက သစ်ငုတ်တိုတစ်ခုကို လူမည်းမည်းကြီးတစ်ယောက် ထိုင်နေတယ်လို့ ထင်ရတယ်။ အထူးသဖြင့် တစ်ယောက်တည်းသွားနေတဲ့အခါ ပိုဖြစ်တတ်တယ်။ အနီးရောက်အောင် သေသေချာချာ သွားကြည့်တော့မှ သစ်ငုတ်တိုကြီး ဖြစ်နေမှန်းသိတယ်။ ဒါမျိုးပေါ့ဗျ၊ ဦးတင်သိန်းမှာ နဂိုကလည်း စိတ္တဇရောဂါရှိပြန်၊ သူပြစ်မှု ကျူးလွန်ခဲ့ဖူးတဲ့နေရာလည်း ရောက်လာပြန်၊ အချိန်ကလည်း ညကြီးမင်းကြီးမှာ၊ အခန်းထဲမှာ တစ်ယောက်တည်းရှိနေပြန်တော့ စိတ်အားငယ်ပြီး သူတွေးချင်ရာတွေး ထင်ချင်ရာထင် ဖြစ်တော့တာပေါ့ဗျာ"

"အင်း ခင်ဗျားပြောမှ ရှင်းတော့တာပဲဗျို့။ ခင်ဗျားကိုယ်တိုင်က စိတ်ပညာ လိုက်စားတော့ ကျုပ်မတွေးမိတဲ့အချက်တွေ ခင်ဗျားတွေးမိတာပေါ့။ ကျေးဇူးတင်ပါတယ် ဦးသိန်းမောင်"

❖

**ဒဂုန်ရွှေမျှား**

http://www.cherrythitsar.org

